
www.burmeseclassic.com

# လူထုစိန်ဝင်း

# ပထမတန်းစားစိတ်ဓာတ်




www.burmeseclassic.com

www.burmeseclassic.com

# လူထုစိန်ဝင်း
# ပထမတန်းစားစိတ်ဓာတ်

BURMESE CLASSIC

ဆရာလူထုစိန်ဝင်းရေးသမျှစာ အားလုံးလိုလိုမှာ လူငယ်များအတွက် ရည်ရွယ်ရေးသားပါတယ်။
လူငယ်တွေကို စိတ်ဓာတ်မြှင့်တင်ပေးတဲ့၊ အားပေး တိုက်တွန်းတဲ့၊
သွန်သင်ညွှန်ပြပေးတဲ့စာမျိုးတွေ အများအပြားပါဝင်ပါတယ်။
ဆရာ့စာတွေမှာ လူငယ်တွေရဲ့အားမာန်၊ သတ္တိ၊ ဇွဲနဲ့ ဖြူစင်မှု၊ ကြိုး စားအားထုတ်မှု၊
တီထွင်ဖန်တီးမှုတွေကို အသိအမှတ်ပြုထားတာတွေ တွေ့ရ သလို ဖြစ်စေလိုတဲ့စေတနာ၊
ဆန္ဒနဲ့ အားမလိုအားမရဖြစ်နေတာတွေကိုလည်း တွေ့ရပါလိမ့်မယ်။
"ပထမတန်းစားစိတ်ဓာတ်" မှာပါတဲ့ ဆောင်းပါးအများစုဟာလည်း အဲဒီ လိုစာမျိုးတွေ ဖြစ်ပါတယ်။
လူငယ် စာနယ်ဇင်းသမားတွေအတွက် အထူး ရည်ရွယ်ရေးသားထားတဲ့
သတင်းစာပညာဆောင်းပါးအချို့လည်း ပါပါတယ်။
ဆောင်းပါးအားလုံးနီးပါးက **Weekly Eleven** ဂျာနယ်မှာဖော်ပြခဲ့တဲ့ ဆောင်းပါးတွေ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ပထမတန်းစားစိတ်ဓာတ်

(WEEKLY ELEVEN ဆောင်းပါးများ)

လူထုစိန်ဝင်း

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ ဘာကြောင့် နားရွက်နှစ်ဖက်ရှိပြီး ပါးစပ်တစ်ပေါက်ပဲရှိတာလဲ ၁၁
၂။ စာနယ်ဇင်းလုပ်ငန်းနဲ့ ပီအာလုပ်ငန်း ကွဲပြားစေချင် ၁၅
၃။ ကဗျာဆရာ၊ ကာတွန်းဆရာတွေဆီက သင်ယူရဦးမယ် ၂၀
၄။ ဒုစရိုက်စက်ဝိုင်းကြီး လှည့်လိုက်ပြီ ၂၃
၅။ ကိုယ့်အိုးကိုယ့်အိမ် ၂၈
၆။ ဆရာကန်တော့ပွဲတစ်ခုက ဆက်ပြီးတွေးမိသမျှ ၃၁
၇။ 'မိခင်ကျောင်းတော်'ဆိုတဲ့စိတ် ၃၄
၈။ ဘာကြောင့်မဖြစ်နိုင်ရမှာလဲ ၃၇
၉။ စံပြပန်းမြို့တော်ဖန်တီးရေး ၄၀
၁၀။ လွမ်းနေမိတဲ့ ကျောင်းကလေး ၄၃
၁၁။ ရယ်စရာထင်က ရယ်ကြပါလေ ၄၆
၁၂။ သင်စိုက်ပျိုးသောအရာကို သင်ရိတ်သိမ်းရလိမ့်မည် ၄၉
၁၃။ ပန်းတိုင်နဲ့ ကျွမ်းကျင်မှု ၅၄
၁၄။ ကြောင်ဖြူကြောင်မည်း အဘိဓမ္မာရဲ့ အန္တရာယ် ၅၇
၁၅။ မြန်မာ့ရိုးရာကစားနည်းများ မကွယ်ပျောက်စေသင့် ၆၁
၁၆။ ပျောက်ဆုံးလုပ်အားတွေဖော်ထုတ်ပါ ၆၄
၁၇။ မာန်နှင့်ဖွဲ ၆၈
၁၈။ ပိတောက်ဦး ၇၂
၁၉။ သိက္ခာကို ရိက္ခာနဲ့မလဲပါနဲ့ ၇၆
၂၀။ စာနယ်ဇင်းသမားဆိုတာ ၈၀
၂၁။ စိတ်ခလုတ်နဲ့ ဖန်လုံအိမ်အာနိသင် ၈၄
၂၂။ မရှက်တတ်ကြဘူးလား ၈၈
၂၃။ ရှာနိုင်စွမ်း သုံးမြှောင့်တုံးနဲ့ လူ့တန်ဖိုး ၉၂
၂၄။ အောင်မြင်မှုနဲ့ စွမ်းဆောင်မှု ၉၆
၂၅။ မြန်မြန်ပြေး၊ ဝေးဝေးကန်၊ နာနာချ ၉၉
၂၆။ တိုးတက်မှုနဲ့ တန်ဖိုး ၁၀၃
၂၇။ 'တစ်တကာ့တစ်' ဖြစ်ချင်တယ်ဆိုရင် ၁၀၇
၂၈။ ဘာ့ကြောင့်လူဖြစ်နေတာလဲ ၁၁၂
၂၉။ ဗီဒန်းသည် စန်တာကလော့စ်မဟုတ်ပါ ၁၁၆


www.burmeseclassic.com

www.burmeseclassic.com


၃၀။ လက်ဆောင်ဆိုတာ လာဘ်ပေးခြင်းတစ်မျိုးပဲ ၁၂၀
၃၁။ ပညာနဲ့ အောင်လက်မှတ် ၁၂၃
၃၂။ ကိုယ့်အလုပ်ကိုယ်လုပ်ဖို့သာ ဂရုစိုက်ပါ ၁၂၉
၃၃။ စာနယ်ဇင်းသမားနဲ့ မွန်းစာ ၁၃၃
၃၄။ ဆုတ်ကပ်ယဉ်ကျေးမှု ၁၃၆
၃၅။ ပထမတန်းစားစိတ်ဓာတ် ၁၃၉
၃၆။ စာဖတ်သူမှာ ကြိုက်သလိုဝေဖန်ခွင့်ရှိတယ် ၁၄၃
၃၇။ ကြိုးစားဖို့ပဲလိုတယ် ၁၄၆
၃၈။ ဘောင်းဘီတို၊ စကတ်တိုနဲ့ ဂျာနယ်လစ်တဲ့လား ၁၄၉
၃၉။ မှားတာနဲ့ မှန်တာ နှစ်မျိုးတည်းရှိတာမဟုတ် ၁၅၃
၄၀။ သတင်းဘာသာပြန်အလုပ် ၁၅၇
၄၁။ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ ကုလသမဂ္ဂကြီး ၁၆၀
၄၂။ လူကြမ်းနဲ့ လူယဉ်ကျေး စကား ၁၆၅
၄၃။ သတင်းသမားရဲ့ တာဝန် ၁၆၈
၄၄။ ကျွန်တော် အသက်ကြီးလေ၊ အတွေ့ကြီးလေ ဖြစ်လာတယ် ၁၇၁
၄၅။ လူငယ်တွေ သန့်သန့်ရှင်းရှင်းကြီးပြင်းစေချင်တယ် ၁၇၄
၄၆။ ကမ္ဘာကြီးလှပါစေ ၁၇၈
၄၇။ စာဖတ်ပရိသတ်ဟာ နလပိန်းတုံးတွေ မဟုတ်ပါ ၁၈၂
၄၈။ စာနယ်ဇင်းဆိုတာ ပြည်စောင့်နတ် ၁၈၆
၄၉။ စာနယ်ဇင်းဆိုတာ ပြည်စောင့်နတ် ၂ ၁၉၁
၅၀။ စာနယ်ဇင်းဆိုတာ ပြည်စောင့်နတ် ၃ ၁၉၅
၅၁။ လူငယ်တွေ တွေးဆကြည့်စေချင်လို့ ၁၉၉
၅၂။ သွားနှင့်သူနှင့် ကျန်ရစ်သူ ၂၀၂
၅၃။ လောကဓံကို ရယ်သွမ်းသွေးလိုက်ပါ ၂၀၇
၅၄။ အယ်ဒီတာဆိုတာ ၂၁၀
၅၅။ ယသောဓရာအား ပူဇော်ခြင်း ၂၁၅
၅၆။ ကိုယ်ကြိုက်တာ ကိုယ်လုပ်ပါ၊ အများကို မစော်ကားပါနဲ့ ၂၁၉
၅၇။ ဆရာမနိုင် နှစ်ဆောင်ပြိုင် ၂၂၂
၅၈။ ဘာတွေကို လွမ်းနေတာလဲ ၂၂၆
၅၉။ ဂလိုဘယ် မလို၊ ဂလိုကယ်သာလိုတယ် ၂၃၀
၆၀။ အာရှခေတ် ဖြစ်အောင်လုပ် ၂၃၄
၆၁။ ရဲရဲကြီး စိတ်ကူးယဉ်လိုက်စမ်းပါ ၂၃၇


www.burmeseclassic.com

www.burmeseclassic.com


၆၂။ သဘာဝတရားရဲ့ ဟန်ချက်ညီမှု မပျက်စီးပါစေနဲ့ ၂၄၀
၆၃။ လူနဲ့ ကျင့်ဝတ် ၂၄၄
၆၄။ အဆင့်မြင့်လူဖြစ်ဖို့ ၂၄၇
၆၅။ သူများဖိနပ်စွပ်ပြီး စဉ်းစားပါ ၂၅၀
၆၆။ မန်နေဂျာဆိုတာ ဘာလုပ်ဖို့လဲ ၂၅၄
၆၇။ ဗီဇနဲ့ စရိုက်ဆိုတာ ပျောက်ခဲ့တယ် ၂၅၈
၆၈။ လူနပ်၊ လူမိုက်နဲ့ လူကောင်း ၂၆၂
၆၉။ မာရာဒိုနာရဲ့ ဘုရားပေးသောလက်နဲ့
ငမ်းငမ်းတက်သူများအကြောင်း ၂၆၆
၇၀။ ကိုယ့်အလုပ်ကိုယ်လုပ် ဇာတ်မရှုတ်ဘူး ၂၇၀
၇၁။ တိကျပြတ်သားတဲ့ ရည်မှန်းချက်ရှိဖို့လိုတယ် ၂၇၃
၇၂။ ကောက်ရိုးမီးစိတ်ဓာတ် ၂၇၈
၇၃။ ရှေ့ကဦးဆောင်လမ်းပြသူလိုတယဘ် ၂၈၂
၇၄။ ခေတ်သစ်စီးပွားရေး အမြင်သဘောတရား ၂၈၇
၇၅။ ကြောက်စိတ်ဘယ်ကလာသလဲ ၂၉၀
၇၆။ 'ငါဗဟိုပြုစိတ်' ဖျောက်ပစ်ပါ ၂၉၃
၇၇။ သင့်ကိုယ်သင် ရှိသေရဲ့လား ၂၉၇
၇၈။ လူငယ်တွေ သိမ်ငယ်စိတ်ပျောက်ဖို့လိုတယ် ၃၀၁
၇၉။ စိတ်ယဉ်ကျေးမှု ချွတ်ခြုံကျခြင်း ၃၀၅
၈၀။ ကိုယ်ညံ့နေတာရက်တတ်ကြစမ်းပါ ၃၀၉
၈၁။ ကိုယ်ရောစိတ်ပါဖွံ့ဖြိုးတဲ့လူငယ်ဖြစ်ဖို့ ၃၁၃
၈၂။ ငရဲပန်းကို ရွှေပန်းထင်သူ ၃၁၇
၈၃။ သိမေ့၊ သိမေ့ လူ့ဂုဏ်သိက္ခာ ၃၂၀
၈၄။ ငှက်ပျောသီးကိုဘောင်းဘီချွတ်၍ စားပွဲပေါ်မှာထိုင်ထားပါ ၃၂၄
၈၅။ စာပေလောက ဦးနှောက်ယိုစီးမှု ၃၂၈
၈၆။ ကိုယ်ခံအားကောင်းဖို့ပဲ လိုပါတယ် ၃၃၂


www.burmeseclassic.com

www.burmeseclassic.com

## ဘာကြောင့် နားရွက်နှစ်ဖက်ရှိပြီး ပါးစပ်တစ်ပေါက်ပဲရှိတာလဲ

ဒုက္ခိတရောဂါသည်မို့ သွားသွားလာလာမလုပ်နိုင်ပေမယ့် လူငယ်တွေနဲ့တော့ အထိအတွေ့များပါတယ်။ ထိတွေ့တဲ့လူငယ်တွေမှာ တစ်မျိုးက စာသင်ပေးခဲ့ရတဲ့ ကျောင်းသူ၊ ကျောင်းသားဟောင်းများ ဖြစ်ကြတယ်။ နောက်တစ်မျိုးကတော့ စာနယ်ဇင်းလောကသားလူငယ်တွေ ဖြစ်ကြတယ်။ လူငယ်နှစ်မျိုးနဲ့ ထိတွေ့ဆက်ဆံခဲ့ရပုံချင်း ခြားနားပေမယ့် သူတို့ လာကြတဲ့အကြောင်းကတော့ အတူတူလိုပဲ ဖြစ်တတ်ကြပါတယ်။

လူငယ်လေးတွေ ရောက်လာတတ်ကြတာက အများအားဖြင့် ရင်ထဲမှာ မွန်းကြပ်နေတာတွေကို ဖွင့်အန်ထုတ်ဖို့ဖြစ်တယ်။ သတင်းစာသမားအဖြစ် အသက်မွေးဝမ်းကျောင်းခဲ့သူများရဲ့ အခြေခံသင်ခန်းစာအဖြစ် သင်ကြားခဲ့ရတာက ကိုယ်ကနည်းနည်းပြောပြီး သူများပြောတာကို များများနားထောင်၊ မှတ်သားဖို့ဆိုတာဖြစ်တယ်။ နှစ်ပေါင်း ၂၀ ကျော်ကျော် ကျောင်းဆရာလုပ်ခဲ့ရတော့လည်း သတင်းသမားရဲ့အကျင့်က ပျောက်မသွားအောင် စွဲမြဲနေလေတော့ လူငယ်တွေပြောတာကိုသာ နားထောင်နေခဲ့တတ်တယ်။ စကားပြောသင်တန်းဆရာဆိုတော့ ဒီအကျင့်နဲ့ တော်တော်လေး အံဝင်ခွင်ကျဖြစ်သွားခဲ့တယ်။ ဆရာက များများမပြောလေတော့ ကျောင်းသားတွေကချည်း ပြောနေရတယ်လေ။

ကျောင်းဆရာမလုပ်နိုင်တော့ပေမယ့်လည်း ကျောင်းသူ၊ ကျောင်းသားဟောင်းတွေက စီးပွားရေး၊ လူမှုရေးနဲ့ဖြစ်စေ၊ ကိုယ်ရေးကိုယ်တာနဲ့ဖြစ်စေ တိုင်ပင်နှီးနှောချင်ကြတဲ့အခါတိုင်း ရောက်ရှိလာကြမြဲဖြစ်တယ်။ ဒီခေတ်စာနယ်ဇင်းသမား လူငယ်တွေကလည်း သူတို့ တိုင်ပင်နှီးနှောချင်လို့ဖြစ်ဖြစ်၊ မေးမြန်းဆွေးနွေးချင်လို့ဖြစ်ဖြစ် ရောက်လာလေ့ရှိပါတယ်။ တချို့က လာသာလာရတယ်၊ ကျန်းမာရေးမကောင်းမှန်း သိထားကြလေတော့ အားတုံ့အားနာဖြစ်ကြတယ်။ သူတို့ကိုတော့ အားမနာဖို့ ပြောရတယ်။ သူတို့လာကြတဲ့အတွက် မပင်ပန်းရုံမျှမဟုတ်ပါဘူး။ အထောက်အကူတောင် ဖြစ်စေပါတယ်။ ခေတ်အကြောင်း၊ လူငယ်တွေအကြောင်း မျက်ခြည်မပြတ်နိုင်တော့ဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ကိုယ်က ဒုက္ခိတဖြစ်ရုံမက အိုကလည်း အိုမင်းလာပြီလေ။ မနက်ဖြန်လား၊ သဘက်လား ဘယ်သူသိနိုင်မှာလဲ။ သတင်းထောက်၊ အယ်ဒီတာဆိုတဲ့ သတင်းသမားမျိုးဆက် ပြတ်မသွားအောင် လူငယ်တွေကသာ ဆက်ပြီးလုပ်ဆောင်ကြရမှာ မဟုတ်လား။ သူတို့ကိုသာ အားထားရမယ်။ အနာဂတ်ကို သူတို့ကသာ တည်ဆောက်နိုင်ကြမှာဖြစ်တယ်။ အဲဒါကြောင့် လူငယ်တွေကို တတ်စွမ်းသမျှလေး အားပေးကူညီရတယ်။ အထူးသဖြင့် သူတို့ တိုင်တည်ချင်တာတွေ၊ အန်ထုတ်ချင်တာတွေကို နားထောင်ပေးရတယ်။

လူငယ်တွေ ရင်ဖွင့်ကြတဲ့အထဲမှာ အမြဲတမ်း အဓိကအကျဆုံးအရာကတော့ လူကြီးတွေနဲ့ လူငယ်တွေရဲ့ကြား မျိုးဆက်ကွာဟမှုကြောင့် အမြင်ချင်း၊ အတွေးချင်း၊ လုပ်နည်းလုပ်ဟန်ချင်း ကွဲပြားခြားနားမှုပြဿနာ ဖြစ်ပါတယ်။ မိဘတွေနဲ့ သဘောထားမတိုက်ဆိုင်လို့ စိတ်ညစ်ရတဲ့ လူငယ်တွေရှိသလို အလုပ်ခွင်ထဲမှာ လူကြီးပိုင်းနဲ့အမြင်မတူလို့ စိတ်ရှုပ်ရတဲ့လူငယ်တွေလည်း ရှိပါတယ်။

လူငယ်တွေ လာရင်ဖွင့်လေ့ရှိတာက ပြဿနာကို ဖြေရှင်းပေးနိုင်လို့ မဟုတ်ပါဘူး။ ဖြေလည်း မဖြေရှင်းနိုင်ပါဘူး။ အဓိကလုပ်ပေးခဲ့တဲ့ တစ်ခုတည်းသောအရာက ကောင်းကောင်းနားထောင်ပေးတာပဲ ဖြစ်ပါတယ်။ လူငယ်တွေ ကိုယ်တိုင်ကလည်း သူတို့ပြဿနာတွေ ဖြေရှင်းပေးနိုင်မယ်ထင်ပြီး လာရင်ဖွင့်ကြတာထက် သူတို့ရင်ထဲမှာ ပြောချင်လျက်နဲ့ မပြောနိုင်တာတွေ များသထက်များလာပြီး မွန်းကြပ်နေတာကြောင့်သာ ရောက်လာကြတာပါ။ ဘာပဲပြောပြော နားထောင်ပေးမယ့် နားတစ်စုံရှိနေကြောင်းစိတ်ချရလို့ လာပြီးရင်ဖွင့်ကြတာပါ။ ရင်ထဲမှာရှိသမျှတွေ အန်ထုတ်ပြီးတဲ့အခါမှာ အလိုလိုပေါ့ပါးလန်းဆန်းသွားလေ့ရှိကြပါတယ်။ အများအားဖြင့် နှစ်သိမ့်အားပေးစကား တစ်ခွန်းမှ ဝင်မပြောခဲ့ပါဘူး။ သူတို့ဟာသူတို့ ရင်ဖွင့်လိုက်ရလို့ ပေါ့ပါးလန်းဆန်းသွားကြတာပါ။

လူငယ်တွေအတွက် အဓိကလိုအပ်နေတာ အဲဒါပါပဲ။ စိတ်ညစ်နေတာဖြစ်ဖြစ်၊ စိတ်ဆိုးနေတာဖြစ်ဖြစ်၊ ငိုနေတာဖြစ်ဖြစ်၊ ဘာဖြစ်တာလဲ၊ ဘာကြောင့်လဲလို့ မေးမြန်းခြင်းမပြုဘဲ ငိုချင်ရင် အားရပါးရငိုချလိုက်စမ်းဆိုပြီး ပခုံးထိုးပေးမယ့်သူကိုသာ လိုအပ်နေတာဖြစ်တယ်။ အများအားဖြင့် လူငယ်တွေရဲ့ သဘာဝက နားထောင်တာထက် ပြောရတာကို ပိုပြီးနှစ်သက်လေ့ရှိပါတယ်။ လူကြီးတွေကတော့ ကိုယ့်ဆီရောက်လာတဲ့လူကို ဘာ့ကြောင့်လဲ၊ ဘာဖြစ်တာလဲလို့ အရင်ဆုံးမေးပြီး အားပေးစကားတွေ၊ ဆုံးမစကားတွေ တတွတ်တွတ်နဲ့ ပြောချင်တတ်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လူငယ်တွေရဲ့သဘာဝကလည်း ဆိုးမတာကို တယ်ပြီးကြိုက်ကြတာ မဟုတ်ပါဘူး။ တတွတ်တွတ်နဲ့ပြောနေလေ နားမထောင်ချင်လေပါပဲ။ တချို့ဆို ပိုပြီးတောင် အရွဲ့တိုက်တတ်ကြပါတယ်။ လူငယ်တွေကို အတွေ့အကြုံမရှိလို့ ဆိုပြီး လျှော့မတွက်သင့်ဘူး။ အတွေ့အကြုံမရှိတဲ့အတွက် ကောင်းတဲ့အချက် တွေလည်း ရှိပါတယ်။ အတွေ့အကြုံမရှိတော့ မကြောက်တတ်ဘူး။ စွန့်စွန့် စားစား လုပ်ရဲကိုင်ရဲ ရှိပါတယ်။ အတွေ့အကြုံများသူက အန္တရာယ်တွေ ကြုံခဲ့ဖူး၊ ဆင်းရဲဒုက္ခတွေ ကြုံခဲ့ဖူးလေတော့ စွန့်လွှတ်စွန့်စားလုပ်ချင်စိတ် မရှိပါဘူး။ လမ်းသစ်ကိုဖောက်မယ့်အစား သေချာရေရာပြီးသား လမ်းဟောင်း အတိုင်းသာ လိုက်ချင်တတ်ပါတယ်။ ဘယ်ကိစ္စမဆို တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်တတ် ပါတယ်။ ဒါကြောင့် အနစ်နာခံ စွန့်လွှတ်ရမယ့်၊ ဆင်းရဲဒုက္ခခံရမယ့် ကိစ္စမျိုး တွေဆို လူငယ်တွေကို ပိုပြီးအားထားရပါတယ်။

လူကြီးများအနေနဲ့က ကိုယ်မလုပ်ချင်ရင်နေပါ။ လူငယ်များကိုသာ မဟန့်ပါနဲ့။ လူကြီးများကဟန့်ရင် လူငယ်တွေမှာတန့်ပြီး တွန့်ဆုတ်တွန့်ဆုတ် ဖြစ်သွားတတ်ပါတယ်။ ဟန့်ရာကတန့်၊ တန့်ရာကတွန့်၊ တွန့်ရာကတုံးသွားရင် မကောင်းတော့ပါဘူး။ လူငယ်တွေအတွက်မကောင်းရင် နိုင်ငံရဲ့အနာဂတ် အတွက်လည်းမကောင်းပါဘူး။ အဲဒါကြောင့် လူငယ်တွေကို ဟန့်မယ့် ဟောက် မယ့်အစား သူတို့ပြောချင်တာတွေ၊ ရင်ဖွင့်ချင်တာတွေ၊ စိတ်ကူးယဉ်တာတွေ ကိုသာ စိတ်လိုလက်ရ နားထောင်ပေးပါလို့ တိုက်တွန်းချင်ပါတယ်။

တစ်ဆက်တည်းပဲ ကဗျာလေးတစ်ပုဒ် လက်ဆောင်ပါးလိုက်ချင်ပါတယ်။ လူငယ်တွေရော၊ လူကြီးတွေအတွက်ပါ ဖြစ်ပါတယ်။ အာဖရိကတိုက်၊ တန်ဇန်နီးယားနိုင်ငံက 'ချက်ဂို'တိုင်းရင်းသားတို့ရဲ့ ရိုးရာကျေးလက်တေးကဗျာ တစ်ပုဒ်ပါ။

**You have only one mouth**

You have got only one mouth,
But two ears.
So you talk once
And listen twice.
You observe a lot, but talk very little.
You have got only one mouth,
But two hands.
Therefore two for working and one for eating food.



www.burmeseclassic.com

www.burmeseclassic.com



## ပါးစပ်တစ်ပေါက်ပဲရှိတယ်

မင်းမှာ ပါးစပ်တစ်ပေါက်ပဲ ရှိတယ်
ဒါပေမယ့် နားရွက်နှစ်ဖက်ရှိတယ်။
ဒါကြောင့် တစ်ခါပြောပြီး နှစ်ခါနားထောင်ရတယ်။
အများကြီး မြင်နေရပေမယ့် နည်းနည်းပဲပြောရတယ်။
မင်းမှာ ပါးစပ်တစ်ပေါက်ပဲ ရှိတယ်
ဒါပေမဲ့ လက်နှစ်ဖက်ရှိတယ်။
ဒါကြောင့် နှစ်ခုနဲ့လုပ်ပြီး တစ်ခုနဲ့ပဲ အစာစားရတယ်။

၂၉၊ ၁၀၊ ၂၀၀၅။



www.burmeseclassic.com

www.burmeseclassic.com

# စာနယ်ဇင်းလုပ်ငန်းနဲ့ ပီအာလုပ်ငန်း ကွဲပြားစေချင်

မကြာမီရက်ပိုင်းကလေးက မိတ်ဆွေဟောင်း အမေရိကန်သတင်းစာဆရာ တစ်ဦး ရောက်ရှိလာပါတယ်။ သူက အသက်ကလေးရလာတော့ ကွင်းထဲဆင်းတဲ့သတင်းထောက် မလုပ်တော့ပါဘူး။ သတင်းစာတချို့မှာ နိုင်ငံရေး၊ လူမှုရေး ဝေဖန်သုံးသပ်တဲ့ဆောင်းပါးတွေ ပုံမှန်ရေးသားနေရင်း တစ်ဖက်ကလည်း တက္ကသိုလ်တစ်ခုမှာ သတင်းစာပညာသင်ကြားတဲ့ဆရာ လုပ်နေပါတယ်။ သူ သတင်းထောက်လုပ်နေစဉ် ဟိုလွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်၊ အစိတ်လောက် ကတည်းက သိကျွမ်းခဲ့တာပါ။

သူနဲ့ စကားစမြည်ပြောကြရင်း သူတို့တက္ကသိုလ်ရဲ့ သတင်းစာပညာ သင်ရိုးညွှန်းတမ်းကိစ္စတွေကို သူကရှင်းပြတော့ သွားရည်ယိုလိုက်တာ။ ဒီမှာတော့ ခုထိ သတင်းစာပညာသင်ကြားနိုင်တဲ့ တက္ကသိုလ်၊ ကောလိပ်တွေ မလုပ်နိုင်သေးဘူးလို့ ပြောလိုက်မိပါတယ်။ ဒီတော့ သူက တယ်ပြီးမထူးလှပါဘူး။ သူတို့အမေရိကန်မှာလည်း ခုအခါ သတင်းစာပညာသင်တန်းစစ်စစ် ရှားသထက်ရှားနေပါပြီဗျာလို့ ပြန်ပြီးညည်းတွားလိုက်ပါတယ်။ ဒီနေ့ သတင်းစာပညာသင်တန်းကျောင်းတွေမှာ သတင်းနည်းပညာ(Information Technology)တို့၊ လူထုဆက်သွယ်ရေးပညာ(Mass Communication)တို့၊ ပြည်သူ့ဆက်ဆံရေးပညာ(Public Relations)တို့ဆိုတဲ့ ဘာသာရပ်တွေနဲ့ ရောနှောသင်ကြားလာကြလေတော့ သတင်းစာပညာစစ်စစ်သင်ကြားပေးဖို့ အချိန် သိပ်မရှိတော့ဘူးလို့လည်း ဆက်ပြောပြပါတယ်။

ဒီနေ့ခေတ်လူငယ်တွေက ပင်ပန်းကြမ်းတမ်းပြီး တစ်ခါတလေ အသက်နဲ့ ရင်းပြီးလုပ်ရပေမယ့် လခသိပ်မရတဲ့ သတင်းထောက်အလုပ်ကို ခဏလောက် ဝင်လုပ်ပြီး ထွက်သွားကြတာများတယ်။ ကြာရှည်ကြာမြဲလုပ်သူ သိပ်မရှိဘူး။ သတင်းထောက်အလုပ်လို အသက်နဲ့ရင်းဖို့မလိုပေမယ့် ဝင်ငွေကောင်းတဲ့ ပီအာလုပ်ငန်းလို၊ စီးပွားရေးလုပ်ငန်းကြီးတွေရဲ့ ဆက်သွယ်ရေးအရာရှိလို၊ ကြော်ငြာလုပ်ငန်းလို အလုပ်မျိုးတွေပဲ စိတ်ဝင်စားကြတော့တယ်လို့လည်း ပြောပါတယ်။ စာနယ်ဇင်းလုပ်ငန်းနဲ့ ပီအာလုပ်ငန်း ကွဲပြားခြားနားမှု ရှိတာတောင် လူငယ်ပိုင်းက သိပ်မသိကြတော့ဘူးလို့လည်း ညည်းတွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူပြောတာကြားရတော့ 'စာနယ်ဇင်းတွေဟာ သမီးတို့လို အနုပညာသမားတွေနဲ့ ပြည်သူတွေကို ပေါင်းကူးဆက်သွယ်ပေးနေတာပါ'လို့ မော်ဒယ်ငယ်လေးတွေ၊ မင်းသမီးပေါက်စလေးတွေ ပြောလေ့ရှိတာများကို ပြေးပြီး သတိရလိုက်မိပါတယ်။ တချို့သော စာနယ်ဇင်းအလုပ် လုပ်ကိုင်နေသူများက ဒီလို ပေါင်းကူးဆက်သွယ်ပေးတဲ့အလုပ်ဟာ စာနယ်ဇင်းသမားများရဲ့တာဝန်ဖြစ်တယ်လို့ မှတ်ယူ၊ ပြောဆို၊ ရေးသားနေကြတာများ ရှိနေတာကိုလည်း သတိရမိပါတယ်။

မိတ်ဆွေသတင်းစာဆရာက သူတို့ဆီက သတင်းစာတိုက်ကြီးတွေမှာ ခုအခါ သတင်းထောက်အလုပ်ကို သေတစ်ပန်သက်တစ်ဆုံး လုပ်ချင်ပါတယ်။ သတင်းထောက်အလုပ်ကလွဲပြီး တခြားဘာအလုပ်မှ မလုပ်ချင်ပါဘူးဆိုတဲ့ လူငယ်မျိုးတွေ ရှာတွေ့ဖို့ ခက်သထက်ခက်လာနေပြီ။ ဒါပေမဲ့ တစ်ဖက်မှာတော့ ဆက်သွယ်ရေးတို့၊ ပီအာတို့နဲ့ ဘွဲ့ရတဲ့ လူငယ်တွေဟာ ပြီးခဲ့တဲ့ ၂၅ နှစ်အတွင်း ၁၅၀၀ ရာခိုင်နှုန်းထိတိုးလာတယ်လို့ ဆိုပါတယ်။ ၁၉၆၆ ခုနှစ်က ဒီပညာတွေနဲ့ ဘွဲ့ရသူ ၃၁၃၁ သာရှိရာကနေပြီး ၁၉၉၁ ခုနှစ်ကျတော့ ၅၂၇၉၉ အထိရှိလာကြောင်းလည်း ကိန်းဂဏန်းအရေအတွက်နဲ့ တိတိကျကျပြောသွားခဲ့ပါတယ်။ ဒီလို ကိန်းဂဏန်းတွေမှတ်မိနေတာက ၁၉၉၅ ခုနှစ်ကကောက်ယူခဲ့တဲ့ စစ်တမ်းတစ်ခုကို သူ့သင်တန်းမှာ အမြဲတမ်း ထည့်သွင်းသင်ကြားပေးနေတာကြောင့် ဖြစ်ကြောင်းလည်း သူက ရှင်းပြပါတယ်။

ဆက်သွယ်ရေးလုပ်ငန်း၊ ပီအာလုပ်ငန်း၊ ကြော်ငြာလုပ်ငန်းဆိုတာက စီးပွားရေးလုပ်ငန်းကြီးတွေနဲ့ ဖျော်ဖြေရေးသဘင်လုပ်ငန်းသမားတွေက ငှားရမ်းအသုံးပြုကြတာဖြစ်လေတော့ ဝင်ငွေကောင်းကောင်း ရရှိကြတယ်။ ဒီလုပ်ငန်းတွေဟာလည်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ဖြစ်ကြလေတော့ စနစ်တကျ သင်ယူတတ်မြောက်ဖို့ လိုအပ်ပါတယ်။ ကောလိပ်တွေ၊ တက္ကသိုလ်တွေမှာ အသေအချာသင်ယူဖို့ လိုအပ်ပါတယ်။ ဒါကြောင့် တက္ကသိုလ်၊ ကောလိပ်တွေက ဒီဘာသာရပ်တွေကို သင်ကြားသင့်ပါတယ်။ ဒါပေမဲ့ သဘာဝချင်းမတူတဲ့ သတင်းစာပညာသင်တန်းထဲကိုတော့ ရောနှောထည့်သွင်းတာမျိုး မလုပ်သင့်ပါဘူး။ လုပ်နည်းလုပ်ဟန်တချို့ တူသယောင်ရှိပေမယ့် အခြေခံသဘာဝချင်းက အများကြီးခြားနားပါတယ်။

ဘယ်လိုခြားနားသလဲဆိုတာကို ကိုယ့်အတွေးကိုယ့်အမြင်နဲ့ ပြောတာထက် ပိုပြီးလိုတိုရှင်းဖြစ်တဲ့ အိုင်ယာလန်နိုင်ငံသား၊ သတင်းစာဆရာနဲ့ ဒဗ္ဗလင်တက္ကသိုလ်တစ်ခုမှာ သတင်းစာပညာဆရာလုပ်နေသူ Michael Foley ရဲ့ အဆိုကိုသာ ပြန်ပြီးဖောက်သည်ချလိုက်ချင်ပါတယ်။ သူက–



www.burmeseclassic.com

www.burmeseclassic.com



'One serves the public interest, the other a private interest.'

'တစ်ခုက ပြည်သူလူထုကို အကျိုးပြုတယ်။ တခြားတစ်ခုကတော့ ပုဂ္ဂလိကကို အကျိုးပြုတယ်'လို့ အရှင်းဆုံးပြောခဲ့တယ်။

မိတ်ဆွေ အမေရိကန် သတင်းစာဆရာကတော့ 'သတင်းစာပညာ သင်ရိုးညွှန်းတမ်းထဲက လူထုဆက်သွယ်ရေးတို့၊ ပြည်သူ့ဆက်ဆံရေးတို့၊ ကြော်ငြာအတတ်ပညာတို့ဆိုတာတွေ လုံးဝဖယ်ရှားပစ်သင့်တယ်။ ဒါတွေက သတင်းစာပညာနဲ့ ဘာမှမဆိုင်ဘူး။ စီးပွားရေးပညာရပ်တွေနဲ့သာ ဆိုင်တာ' လို့ ပြောပါတယ်။ ဒါပေမဲ့ ခက်တာက ဒီနေ့ခေတ်မှာ နေရာတကာ အုတ်အရောရောရော၊ ကျောက်အရောရော ဖြစ်နေကြတာမဟုတ်လား။ အဆိုးဆုံးကတော့ 'ကြောင်ဖြူ၊ ကြောင်မည်းက အရေးပါလှတာမဟုတ်ဘူး။ ကြွက်မိဖို့လိုရင်းပဲ' ဆိုတဲ့အယူအဆ လွှမ်းမိုးလာခြင်းပဲ။ ရှူးပတ်မာဒေါ့လို စီးပွားရေးသမားက သူပိုင် ရုပ်ရှင်ကုမ္ပဏီနဲ့ တေးသံသွင်းလုပ်ငန်းလုပ်သလိုမျိုး သတင်းစာတွေကို လုပ်ကိုင်လာခြင်းဖြစ်တယ်။ သူလိုလူစားမျိုးတွေအတွက်တော့ သတင်းစာဟာ ကြော်ငြာလုပ်ငန်း၊ ပီအာလုပ်ငန်းအဖြစ် ရောက်ရှိသွားရတာ ဘာမှအရေးထားစရာမလိုပါဘူး။ စောင်ရေများများထုတ်ရပြီး ပိုက်ဆံများများရရင် ပြီးတာပဲပေါ့။

သတင်းစာဆိုတာ ကြော်ငြာလုပ်ငန်းမဟုတ်ပါဘူး။ ပီအာလုပ်ငန်းလည်း မဟုတ်ပါဘူး။ ဒါကြောင့် ဘယ်သူ့ကိုမှ ကြော်ငြာပေးဖို့၊ ပေါင်းကူးဆက်သွယ်ပေးဖို့ တာဝန်မရှိပါဘူး။ ဘယ်အကြောင်းကိစ္စမျိုးကိုမှ မြှင့်တင်ပေးစရာ မလိုပါဘူး။ သတင်းစာဆိုတာ စာဖတ်သူပြည်သူလူထုကို သတင်းပေးဖို့ဆိုတဲ့ တာဝန်တစ်ခုတည်း ရှိပါတယ်။ သတင်းပေးတဲ့အလုပ်ကလွဲပြီး တခြားဘာတာဝန်မှ မရှိပါဘူး။ ပေးတဲ့သတင်း မှန်ဖို့၊ တိကျဖို့၊ ခိုင်မာဖို့ဆိုတာ သတင်းစာဆရာ၊ စာနယ်ဇင်းသမားတို့အတွက် အရေးအကြီးဆုံး တစ်ခုတည်းသောဝတ္တရား ဖြစ်ပါတယ်။ ဆက်သွယ်ရေးလုပ်ငန်း၊ လူထုဆက်ဆံရေး(ပီအာ) လုပ်ငန်း၊ ကြော်ငြာလုပ်ငန်းဆိုတာမျိုးတွေကျတော့ သဘာဝကိုက ပုဂ္ဂလိက အကျိုးစီးပွား လုပ်ဆောင်ပေးဖို့ တာဝန်ယူရတာဖြစ်လေတော့ မှားတာ၊ မှန်တာထက် ကိုယ့်ကို ပိုက်ဆံပေးငှားရမ်းတဲ့ လုပ်ငန်းရှင်ရဲ့ဆန္ဒအတိုင်း လုပ်ပေးရမှာဖြစ်ပါတယ်။ လိမ်နိုင်းရင်လည်း လိမ်ပေးရတာပါပဲ။ ဒါနဲ့ ပတ်သက်ပြီး ပီအာလုပ်ငန်း လုပ်ကိုင်နေသူ ဂျူလီယာဟော့စဘောင်းဆိုသူ အမျိုးသမီး ပီအာပညာရှင်က 'ပီအာကုမ္ပဏီတွေဟာ သူတို့ဖောက်သည် လုပ်ငန်းရှင်တွေအတွက် လိမ်ပေးနေကြရတာပဲ။ ကမ္ဘာပေါ်က အအောင် မြင်ဆုံး ပီအာလုပ်ငန်းကြီးတွေထဲက တစ်ခုဖြစ်တဲ့ Hill and Knowlton



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီကြီးက ကူဝိတ်ကိုဝင်သိမ်းပိုက်တဲ့ အီရတ်စစ်တပ်တွေဟာ ဆေးရုံပေါ်က ဖန်ပေါင်းချောင်(incubators)တွေထဲထားရတဲ့ မွေးကင်းစကလေးတွေကိုဆွဲထုတ်ပြီး လမ်းမပေါ်လွှင့်ပစ်တယ်ဆိုတဲ့ သတင်းလိမ်တွေ လွှင့်ထုတ်ဖြန့်ဝေပေးခဲ့ရတာပဲ။ ဒါတွေဟာ မမှန်ဘူးဆိုတာ ကျွန်မတို့အားလုံး သိနေကြတာပဲ'လို့ ရေးခဲ့ဖူးပါတယ်။ အထူးသဖြင့် ဆေးဝါးထုတ်လုပ်တဲ့လုပ်ငန်းတွေက ပီအာသမားတွေဟာ အလိမ်ညာရဆုံးသူတွေ ဖြစ်ကြတယ်လို့လည်း သူက ဆက်ရေးပါသေးတယ်။

အဲဒီလိုသဘာဝရှိတဲ့ ကြော်ငြာလုပ်ငန်း၊ လူထုဆက်သွယ်ရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း စတဲ့လုပ်ငန်းမျိုးတွေကို သတင်းစာပညာလို 'အမှန်သတင်းကို ဖော်ထုတ်ရေးသားဖို့ကလွဲပြီး တခြားဘာတာဝန်မှမရှိ'ဆိုတဲ့ ဘာသာရပ်မျိုးထဲ ထည့်သွင်းသင်ကြားပေးခြင်း ပြုသင့် မသင့်ဆိုတာ အလေးအနက် ဆင်ခြင်စဉ်းစားကြရမှာပဲ ဖြစ်ပါတယ်။

သတင်းစာဆရာမှာ သတင်းရှာဖွေဖော်ထုတ်ရေးသားဖို့ဆိုတဲ့ တာဝန်ကလွဲပြီး တခြားဘာတာဝန်မှမရှိလို့ ဆိုခဲ့တာကို အကောက်အယူမလွဲစေချင်ပါဘူး။ သတင်းစာဆရာဆိုတာ 'မိုးကျရွှေကိုယ်'မဟုတ်ပါဘူး။ လူထဲကလူသာဖြစ်တယ်။ နိုင်ငံတစ်ခုခုရဲ့ နိုင်ငံသားဖြစ်တယ်။ အဲဒီတော့ လူ့အဖွဲ့အစည်းထဲက လူသားတစ်ယောက်လိုက်နာကျင့်သုံးရတဲ့ 'လူ့ကျင့်ဝတ်'တွေကို လိုက်နာစောင့်ထိန်းရမှာပဲဖြစ်တယ်။ ကိုယ်နေထိုင်ရာနိုင်ငံက နိုင်ငံသူ၊ နိုင်ငံသားတစ်ယောက် လိုက်နာကျင့်သုံးရတဲ့ နိုင်ငံသားကျင့်ဝတ်တွေကို လိုက်နာစောင့်ထိန်းရမှာပဲဖြစ်တယ်။ သတင်းစာဆရာ၊ စာနယ်ဇင်းသမားဖြစ်လို့ဆိုပြီး ချွင်းချက်ပေးထားတာ မရှိဘူး။ တရားဥပဒေဆိုတာ ချွင်းချက်လုံးဝမရှိဘူး။ တရားဥပဒေရဲ့အပြင်ဘက် ကင်းလွတ်ထားသူရယ်လို့ ဘယ်သူမှမရှိဘူး။

သတင်းစာသမား၊ စာနယ်ဇင်းသမားဟာ လူထဲကလူသားတစ်ယောက်ဖြစ်လို့ သူ့မှာ ကိုယ်ပိုင်ခံစားချက်၊ ကိုယ်ပိုင်ယုံကြည်ချက် ရှိမှာပဲဖြစ်တယ်။ ဒီလိုရှိတာ အပြစ်မဟုတ်ဘူး။ သူ့မှာလည်း ချစ်တဲ့စိတ်၊ မုန်းတဲ့စိတ် ရှိမှာပဲဖြစ်တယ်။ ဒါလည်း သဘာဝပဲ။ အပြစ်တင်လို့မရဘူး။ ဒါပေမဲ့ သူ့ကိုယ်ပိုင်ခံစားချက်၊ ယုံကြည်ချက်နဲ့ သူချစ်တာ၊ မုန်းတာတွေနဲ့ သတင်းတစ်ပုဒ်ကို လိုရင်တစ်မျိုး၊ မလိုရင်တစ်မျိုး ရေးချင်သလို ဆွဲရေးလို့မရဘူး။ သတင်းဆိုတာ အဖြစ်ကိုအဖြစ်အတိုင်း၊ အရှိကိုအရှိအတိုင်းပဲ တိတိကျကျ၊ မှန်မှန်ကန်ကန် ရေးရတယ်။ သတင်းကို မချဲ့ရဘူး၊ မမွှန်းရဘူး၊ မကွန့်ရဘူး။

ချဲ့ချင်၊ မွှန်းချင်၊ ကွန့်ချင်ရင်၊ ဒါမှမဟုတ် ကိုယ်ပိုင်ခံစားချက်၊ ကိုယ်ပိုင်ယုံကြည်ချက်၊ ကိုယ်ပိုင်အမြင်တွေကို ရေးချင်ရင်လည်း ရေးခွင့်ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သတင်းရေးရာမှာတော့ မဟုတ်ဘူး။ သတင်းကိုအခြေခံပြီးရေးတဲ့ သတင်းဆောင်းပါး(feature story) ဆိုတာမျိုး၊ ဝေဖန်သုံးသပ်ချက် ဆောင်းပါး (commentary article)၊ ထင်မြင်ချက်ပေးတဲ့ဆောင်းပါး(opinion column) ဆိုတာမျိုးတွေမှာ ကိုယ့်နာမည်တပ်ပြီး ရေးနိုင်ပါတယ်။ ကိုယ့်နာမည်တပ်ပြီး ရေးတာဖြစ်တဲ့အတွက် ဖြစ်လာတဲ့အကျိုးဆက်မှန်သမျှ ကိုယ့်ဟာကိုယ် တာဝန်ယူရမှာဖြစ်တယ်။ သတင်းတွေနဲ့ သတင်းစာခေါင်းကြီး ဆိုတာကတော့ သတင်းစာတစ်စောင်လုံးရဲ့ မူဝါဒနဲ့ ပေါ်လစီကို ကိုယ်စားပြုထားတာဖြစ်လို့ အယ်ဒီတာတစ်ယောက်၊ သတင်းထောက်တစ်ယောက်ရဲ့ အတ္တနောမတိ လုံးဝ ရာနှုန်းပြည့်ကင်းစင်ရပေလိမ့်မယ်။

ဂျာနယ်တွေတစ်ခေတ်ဆန်းလာတဲ့ ဒီကာလမှာ ပြည်ပသွားပြီး သတင်းစာ ပညာသင်တန်း တက်ချင်ကြတဲ့ လူငယ်တွေများလာတာ သတိထားမိပါတယ်။ ဒါပေမဲ့ ကိုယ်တက်မယ့်သင်တန်းဟာ ဘယ်လိုသင်တန်းမျိုးဖြစ်ပြီး ဘယ်လို ဆရာတွေက သင်ကြားပေးကြမှာလဲဆိုတာကို အရင်ဆုံး လေ့လာစုံစမ်းမှု ပြုသင့်ကြတယ်လို့ အကြံပြုလိုက်ချင်ပါတယ်။

၃၊ ၈၊ ၂၀၀၄။



www.burmeseclassic.com

www.burmeseclassic.com

# ကဗျာဆရာ၊ ကာတွန်းဆရာတွေဆီက သင်ယူရဦးမယ်

'တစ်သက်လုံး သတင်းသမားလုပ်ပြီး သူများအကြောင်းတွေချည့် ရေးလာခဲ့တာ အခုအသက် ၆၀ ကျော်ပြီဆိုတော့ ကိုယ့်အကြောင်းကိုယ်ရေးထားဖို့ အချိန်သင့်ပြီလို့ မယူဆသေးဘူးလား'

လူငယ်စာနယ်ဇင်းသမားတချို့က စကားစပ်မိတဲ့အခါတိုင်း တိုက်တွန်းလေ့ရှိတဲ့စကား ဖြစ်ပါတယ်။ နှစ်ပေါင်း ၄၀ ကျော် စာနယ်ဇင်းအလုပ်တစ်ခုတည်းကို စွဲမြဲလုပ်ကိုင်ခဲ့လေတော့ ရေးစရာတွေ၊ ရေးချင်တာတွေကတော့ အများကြီးပါပဲ။ ဒါပေမဲ့ ကိုယ့်အကြောင်းကိုယ်ရေးဖို့တော့ တစ်ခါမှ စိတ်မကူးမိပါဘူး။ ဘာကြောင့်စိတ်မကူးတာလဲဆိုတော့ တစ်အချက်က ကိုယ့်အကြောင်းက သတင်းဖြစ်စရာဘာမှမရှိလို့ ဖြစ်တယ်။ နှစ်အချက်က သတင်းမဖြစ်ပေမယ့် စိတ်ဝင်စားစရာဖြစ်အောင်၊ ဖတ်လို့ကောင်းအောင်မရေးတတ်လို့ ဖြစ်တယ်။

ဘာမဟုတ်တဲ့ သာမန်အသေးအဖွဲလေးမျိုးဖြစ်စေတော့ ရေးတတ်ရင် ဖတ်လို့ကောင်းပါတယ်။ ဒါမျိုးက ရသဝတ္ထုရေးတဲ့ စာရေးဆရာများကသာ ရေးတတ်တာမျိုးဖြစ်တယ်။ စာရေးဆရာထက်တောင် နေ့စဉ် စာတွေပိုရေးနေရပေမယ့် သတင်းစာဆရာနဲ့ စာရေးဆရာဆိုတာ သဘာဝချင်း လုံးဝမတူပါဘူး။ သတင်းစာဆရာက 'လိုတိုရှင်း'နဲ့ ဒိုးခနဲဒေါက်ခနဲ၊ ကွင်းကွင်းကွက်ကွက် မြင်အောင်ရေးရတာဖြစ်တယ်။ သတင်းတစ်ပုဒ်၊ ဒါမှမဟုတ် ဆောင်းပါးတစ်ပုဒ်ဖတ်ပြီး အဓိပ္ပာယ်ကို ခေါင်းခြောက်အောင်စဉ်းစားနေရရင် အဲဒီသတင်းထောက်၊ အယ်ဒီတာကို လူတော်လို့မခေါ်နိုင်တော့ဘူး။ သတင်းနဲ့ သတင်းဆောင်းပါးဆိုတာ ဖတ်လိုက်တာနဲ့ စဉ်းစားစရာမလိုဘဲ သိသွားရမယ်။ ဝတ္ထု၊ ဒါမှမဟုတ် အက်ဆေးဆိုတာမျိုးကျတော့ ဖတ်ပြီးတာနဲ့ ခေါင်းထဲတင်မက ရင်ထဲမှာပါ စွဲကျန်နေရစ်စေရပါမယ်။ ခေါင်းထဲမှာ ခေါင်းပူအောင်စဉ်းစားပြီး အဖြေရှာယူရသလို ရင်ထဲမှာလည်း ကြည်နူးဆွတ်ပျံ့၊ ရယ်ရွှင်သနား၊ ဒေါမနဿ၊ သောမနဿတွေ စွဲမြဲကျန်ရစ်နေစေရပါမယ်။ ဒါမှ လူတော်၊ စာရေးကောင်းလို့ သတ်မှတ်ပါတယ်။

သတင်းစာသမားက ဖြစ်စဉ်အများကြီးကိုခြုံ့ပစ်ပြီး ကျဉ်းအောင်၊ ရှင်းအောင်၊ တိုအောင်၊ လွယ်အောင် လုပ်ပေးရတာဖြစ်တယ်။ စာရေးဆရာက



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စဉ်သေးသေးလေးကို အကျယ်ချဲ့ပြီး ရှည်အောင်၊ ရှုပ်ထွေးအောင်၊ တွေးရခက်အောင် လုပ်ပေးရတာဖြစ်တယ်။ နောက်ပြီးတော့ စကားလုံးတွေ သုံးနှုန်းတာကအစ ဆန့်ကျင်ဖက်ဖြစ်တယ်။ သတင်းစာသမားက မပါလည်းဖြစ်တဲ့ လုံးပိုလုံးထပ်တွေကို တတ်နိုင်သမျှဖယ်ရှားပစ်ရတယ်။ သွားတယ်၊ လာတယ်လို့ အဓိပ္ပာယ်ပေါ်နေတာကို သွားရောက်၊ လာရောက်လို့ မရေးပါဘူး။ သွားလည်တယ်လို့ ရေးရင်ဖြစ်တာကို ဘာကြောင့်သွားရောက်လည်ပတ်လို့ ရေးမှာလဲ။ သတင်းစာဆိုတာက စာတစ်မျက်နှာတည်းမှာ သတင်းပုဒ်ရေများများပါနိုင်လေ စာဖတ်သူအကျိုးရှိလေမဟုတ်လား။ အယ်ဒီတာကောင်းတစ်ယောက်က စာဖတ်သူကို တန်အောင်ပေးဖို့ အမြဲဂရုစိုက်တယ်။ စာမျက်နှာမှာ ကွက်လပ်တွေကျန်မနေအောင် ဂရုစိုက်တယ်။ စာလုံးကြီးကြီးနဲ့ ခေါင်းတပ်ရင် နေရာကျယ်ကျယ်ကုန်သွားတတ်တာကြောင့် မလိုအပ်ဘဲနဲ့ စာလုံးမည်းကြီးတွေနဲ့ ခေါင်းတပ်လေ့မရှိဘူး။ အဲဒီနေရာကျယ်ကျယ်ကုန်မယ့်နေရာမှာ သတင်းတိုတစ်ပုဒ် ထည့်နိုင်သလားဆိုတဲ့အမြင်နဲ့ ကြည့်လေ့ရှိတယ်။

စာရေးဆရာကတော့ အဲဒီလိုမဟုတ်ဘူး။ စကားလုံးတွေကို လိုသလိုကစားပြီး အရသာပေါ်လာအောင် ရေးရတာဖြစ်တယ်။ 'ခေါင်းထဲမှာ စွဲမှတ်ထားပါ'လို့ ရေးလိုက်တာထက် 'ခေါင်းထဲမှာ စွဲစွဲမြဲမြဲကြီးကို မှတ်သားထားပါ' လို့ရေးတာက ပိုပြီးလေးနက်၊ ပိုပြီးခွန်အားရှိစေတာဖြစ်တယ်။ 'သိမ်မွေ့နူးညံ့' လို့ရေးတာထက် 'သိမ်သိမ်မွေ့မွေ့၊ နူးနူးညံ့ညံ့ကလေး'လို့ရေးတာက ပိုပြီး သုတိသာယာဖြစ်စေနိုင်တယ် မဟုတ်လား။ စာရေးဆရာက စကားလုံးတွေနဲ့ စာကိုလှသထက်လှအောင် ရေးရတာမျိုးဖြစ်တယ်။ ပြီးတော့ စာဖတ်သူကို ရသတစ်ခုခုပေးဖို့ ရေးတာဖြစ်တဲ့အတွက် ကိုယ်တိုင် ရသတစ်ခုခုကိုခံစားပြီး ရေးရပါတယ်။ ဒီအချက်က သတင်းစာဆရာနဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်တာဖြစ်ပါတယ်။

သတင်းစာဆရာက ကိုယ့်ခံစားမှုကို ကင်းနိုင်သမျှကင်းအောင် ဖယ်ရှားပြီး ဖြစ်တာကိုဖြစ်တဲ့အတိုင်း၊ မြင်တာကိုမြင်တဲ့အတိုင်း ရေးရတာဖြစ်တယ်။ 'ချစ်ကြင်သနား၊ ထောက်ထားစာနာ၊ ရွံ့ရှာမုန်းတီး၊ ခါးသည်းစက်ဆုပ်၊ တုန်လှုပ်ရန်စောင်'ဆိုတဲ့စိတ်တွေ လုံးဝမရှိစေရပါဘူး။ ဒီစိတ်အခံနဲ့မရေးရင် ဖတ်တဲ့သူမှာလည်း ဒီစိတ်မျိုးတွေပေါ်မလာနိုင်ပါဘူး။

အဲဒါကြောင့် ကိုယ့်အကြောင်းပဲဖြစ်ဖြစ်၊ သူများအကြောင်းပဲဖြစ်ဖြစ် ဖတ်ကောင်းအောင် မရေးတတ်ပါဘူး။ ဒါကြောင့်လည်း ကိုယ့်အကြောင်းကိုယ် ရေးဖို့ စိတ်ကူးမရှိခဲ့တာပါ။ နောင်လည်း ရေးဖြစ်လိမ့်မယ်မထင်ပါဘူး။

ကျောင်းပြီးပြီဆိုတာနဲ့ သတင်းစာလုပ်ငန်းထဲ တန်းရောက်သွားတာဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ သတင်းရေးနည်းနဲ့ လေ့ကျင့်သင်ကြားခံခဲ့ရတာဖြစ်တယ်။ တစ်သက်လုံးလည်း ဒီအလုပ်ကိုသာလုပ်ခဲ့လေတော့ ဒီရေးနည်းကလွဲပြီး တခြားနည်းမရေးတတ်ခဲ့ဘူး။ အသက်ကြီးလာတော့ သူများရေးတဲ့ဝတ္ထုတွေ၊ အက်ဆေးတွေ ဖတ်တဲ့အခါ၊ သူများဆွဲတဲ့ ကာတွန်းတွေကြည့်တဲ့အခါ၊ ရေးတတ်လိုက်ကြတာ၊ တွေးတတ်လိုက်ကြတာ၊ တော်လိုက်ကြတာနဲ့ ရင်သပ်ရှုမောဖြစ်ရပါတယ်။ ခုခေတ် ကဗျာဆရာလေးတွေလည်း သိပ်တော်ကြတာပဲ။ အတွေးလုလုလေးတွေကို စကားလုံးလုလုလေးတွေနဲ့ရေးပြီး စာဖတ်ပရိသတ်ဆီရောက်အောင်ပို့နိုင်ကြတယ်။ သူတို့ကိုကြည့်ပြီး အားကျလိုက်တာ။ သူတို့လို ရေးတတ်ဖွဲ့တတ်၊ ဆွဲတတ်ချင်လိုက်တာဆိုတဲ့ အာသီသ ခဏခဏဖြစ်ရတယ်။ စာဖတ်သူဆီရောက်အောင် မပို့နိုင်ရင် ဒီစာရေးသူကို လူတော်လို့ဘယ်ခေါ်နိုင်မှာလဲ။ စာဖတ်သူဆီရောက်အောင်ပို့ဖို့အတွက် အတတ်ပညာ အထူးလိုအပ်ပါတယ်။ ဒီအတတ်ပညာကို ကဗျာဆရာတွေနဲ့ ကာတွန်းဆရာတွေက ကျွမ်းကျင်လိမ္မာကြတယ်။ သူတို့ကိုအတုယူပြီး သူတို့ဆီက သင်ယူရဦးမယ်။

၁၅၊ ၁၀၊ ၂၀၀၅။



www.burmeseclassic.com

www.burmeseclassic.com

# ဒုစရိုက်စက်ဝိုင်းကြီး လှည့်လိုက်ပြီ

"To answer brutality with brutality is to admit one's moral and intellectual bankruptcy and it can only start a vicious circle."

'အကြမ်းဖက်မှုကို အကြမ်းဖက်မှုနဲ့တုံ့ပြန်ခြင်းဟာ မိမိရဲ့စိတ်ပိုင်း၊ အသိဉာဏ်ပိုင်း ချွတ်ခြုံကျမှုကို ဝန်ခံရာရောက်တယ်။ ပြီးတော့ ဒါဟာ မဆုံးနိုင်တော့တဲ့ ဒုစရိုက်စက်ဝိုင်းကြီးကို စလိုက်သလိုသာ ဖြစ်စေနိုင်တယ်'

စက်တင်ဘာ ၁၁ ရက်၊ 'အင်္ဂါနက်'အဖြစ်ဆိုးကြီးနဲ့ နောက်ဆက်တွဲဖြစ်ရပ်တွေကို စိတ်မကောင်းခြင်းကြီးစွာနဲ့ မျက်ခြည်မပြတ် လိုက်ကြည့်နေရင်းက အကြမ်းဖက်ဝါဒဆန့်ကျင်ရေးသမားကြီး မဟတ္တမဂန္ဒီပြောတဲ့ စကားတစ်ခွန်းကို သွားပြီးအမှတ်ရလိုက်မိပါတယ်။ ဒီစကားကို ဂန္ဒီကြီးကပြောခဲ့တာ ၁၉၄၇ ခုနှစ်၊ ဇွန် ၁ ရက်နေ့ကဆိုတော့ ၅၄ နှစ်ကြာခဲ့ပြီဖြစ်ပါတယ်။

'ဒုစရိုက်စက်ဝိုင်းကြီး'လို့ ဂန္ဒီဆိုခဲ့တာ ဘယ်လောက်မှန်လိုက်သလဲ။ လူ့သမိုင်းအစကတည်းက ဖြစ်တည်လာခဲ့တဲ့ အကြမ်းဖက်မှုတွေဟာ ဒီနေ့ထိ ဘယ်မှာဆုံးတော့လို့လဲ။ ပုလဲဆိပ်ကမ်း အကြမ်းဖက်တိုက်ခိုက်မှုကြီးက စလိုက်တဲ့ လူသတ်ပွဲကြီးဟာ ဟီရိုရှီးမား အကြမ်းဖက်မှုကြီးမှာ ဆုံးခန်းတိုင်လိမ့်မယ်လို့ ယူဆခဲ့ကြပေမယ့် ဘယ်မှာဆုံးလို့လဲ။

ဟီရိုရှီးမားနဲ့ နာဂါဆာကီက အနုမြူခေတ်ရောင်ခြည်တွေမှ အစွမ်းမပြယ်ခင်မှာ အာရှတိုက်က ကိုရီးယားနဲ့ ဗီယက်နမ် အကြမ်းဖက်တိုက်ခိုက်မှုကြီးတွေ၊ အာဖရိကတိုက်က ကွန်ဂိုစစ်ပွဲကြီးနဲ့ နိုင်ဂျီးယား ဘီယာဖရာအကြမ်းဖက်တိုက်ခိုက်မှုကြီးတွေ၊ တောင်အာဖရိကနဲ့ ရိုဒေးရှားက အသားရောင်ခွဲခြားမှုအကြမ်းဖက်မှုကြီးတွေ၊ အီသီယိုပီးယားနဲ့ အီရစ်ထရီးယားက လူမျိုးရေးအကြမ်းဖက်မှုကြီးတွေ၊ အရှေ့အလယ်ပိုင်းက ပါလက်စတိုင်း–အစ္စရေး အကြမ်းဖက်မှုကြီးတွေ၊ ဆားဘီးယားဒေသ အကြမ်းဖက်မှုကြီးတွေ၊ ခုနောက်ဆုံးဝါရှင်တန်နဲ့ နယူးယောက်၊ အာဖဂန်နစ္စတန် အကြမ်းဖက်မှုကြီးတွေ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာခဲ့ကြတယ် မဟုတ်လား။

ဒီအကြမ်းဖက်မှုကြီးတွေကို ဘယ်သူကစလို့ ဘယ်လိုဖြစ်ကြရတယ်ဆိုဆို၊ သေကြေကြရတဲ့သူတွေကတော့ လူသားတွေချည်းပါပဲ။ ကမ္ဘာစစ်ကြီးနှစ်ခုနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒေသစစ်ပွဲကြီးပေါင်းများစွာမှာ လူ့အသက်တွေ ကုဋေနဲ့ချီပြီးသေဆုံးခဲ့ရပါတယ်။ ဒီကိစ္စတွေကို ဝမ်းနည်းကြေကွဲစွာသုံးသပ်ရင်းနဲ့ လူ့အဖွဲ့အစည်းမှာ အသိဉာဏ်ပညာ အထွတ်အထိပ်ရောက်တဲ့ခေတ်ဖြစ်လို့ 'ပညာခေတ်'လို့ ကင်ပွန်းတပ်ပြောဆိုနေကြတဲ့ခေတ်ကြီးထဲက လူသားတွေရဲ့အသိဉာဏ်ပညာ ကင်းမဲ့စွာ လုပ်ဆောင်နေကြတဲ့ 'အမှားကြီးတွေ'ကို ဆင်ခြင်နေမိပါတယ်။

ရှေးဦးစွာ စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုကြီးကို ဆင်ခြင်ကြည့်မိပါတယ်။ ကမ္ဘာကြီးတစ်ခုလုံး တုန်လှုပ်ခြောက်ခြားသွားစေလိုတဲ့ လတ်တလော ရည်မှန်းချက်အောင်မြင်တယ်လို့ ဆိုနိုင်ပေမယ့် ရေရှည်မှာတော့ တိုက်ခိုက်သူတွေက ကိုယ်စားပြုပါတယ်လို့ဆိုတဲ့ လူမျိုးများနဲ့ အဖွဲ့အစည်းများ၊ ရည်မှန်းချက်ပန်းတိုင်များ လုံးဝဥဿုံကြေမွပျက်စီးပြီး နိဂုံးချုပ်သွားရတော့မှာ မလွဲကေန်ဖြစ်ပါတယ်။ သူတို့ရဲ့လုပ်ရပ်ကြောင့် လွတ်မြောက်ရေးအတွက် တိုက်ပွဲဆင်နွှဲနေမှုနဲ့ အကြမ်းဖက်တိုက်ခိုက် လူသတ်မှုကို ကမ္ဘာတစ်ဝှမ်းလုံးက ရောထွေးရှုမြင်လိုက်ကြပြီ ဖြစ်ပါတယ်။ တော်လှန်ရေးလုပ်ခြင်းနဲ့ အကြမ်းဖက်တိုက်ခိုက်ခြင်းတို့ကြားမှာရှိနေတဲ့ စည်းခြားမျဉ်းကို ဖျက်ဆီးပစ်လိုက်တာ ဖြစ်ပါတယ်။ စက်တင်ဘာလ ၁၁ ရက် တိုက်ခိုက်ရေးသမားများက မဟာအင်အားကြီးဝါဒကျင့်သုံးမှုနဲ့ ဗိုလ်ကျစိုးမိုးလိုမှုကို တိုက်ခိုက်တာလို့ဆိုပေမယ့် သူတို့ရဲ့လုပ်ရပ်ကြောင့် ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်များနဲ့ အင်အားနဲ့အနိုင်ကျင့်ခြင်းလုပ်ရပ်များကို တရားတဲ့လုပ်ရပ်များအဖြစ်ကမ္ဘာက သဘောထားလာစေခဲ့ပါတယ်။ ရှေ့လာမယ့် မဝေးတော့တဲ့အနာဂတ်ကာလမှာ အင်အားနဲ့ အနိုင်ကျင့်တဲ့ လုပ်ရပ်မျိုးတွေ ကမ္ဘာ့ဒေသအသီးသီးမှာ မလွှဲမသွေကြုံတွေ့လာရတော့မှာ မြေကြီးလက်ခတ်မလွဲနိုင်တော့ဘူးလို့ သုံးသပ်မိပါတယ်။

အဲဒါပြီးတော့ 'အင်္ဂါနက်'နောက်ပိုင်းဖြစ်စဉ်တွေကို ရင်တမမနဲ့ စောင့်ကြည့်နေခဲ့ပါတယ်။ နေ့စဉ်မြင်တွေ့ကြပြီး သိနေရတာတွေက တစ်ခုမှ စိတ်ချမ်းသာစရာ မရှိပါဘူး။ အသိပညာအရာမှာ၊ အတတ်ပညာအရာမှာ ထိပ်တန်းနေရာရောက်နေပြီလို့ဆိုကြတဲ့ နိုင်ငံကြီးတွေအားလုံးရဲ့ တုံ့ပြန်ပြောဆို ဆောင်ရွက်မှုများဟာ ကြောက်ခမန်းလိလိကို အဆင်ခြင်တရားကင်းမဲ့နေတာကို တွေ့ရပါတယ်။ ခံလိုက်ရတဲ့အမေရိကန်နိုင်ငံက အကြမ်းဖက်မှုကို ပိုပြီးကြီးမားတဲ့ အကြမ်းဖက်မှုမျိုးနဲ့လက်တုံ့ပြန်ဖို့ 'သူခိုးသေဖော်ညှိ'လုပ်တာကို အားလုံးက ဝိုင်းပြီးလက်ခုပ်တီးပေးနေကြပါတယ်။ လူတွေထောင်နဲ့ချီပြီးသေခဲ့ရတဲ့ အကြမ်းဖက်မှုတစ်ခုကို လူတွေအသောင်းအသိန်းချီပြီး သေကြရမယ့် အကြမ်းဖက်မှုကြီးတစ်ခုနဲ့ တုံ့ပြန်ခြင်းဟာ တရားတယ်ဆိုတဲ့ အစဉ်အလာတစ်ရပ် ထူထောင်ပေးလိုက်ရာ ရောက်နေပါတယ်။ ကိုယ့်အုပ်စုကို လုပ်ကြံသတ်ဖြတ်လို့ သူ့အုပ်စုကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီး လုပ်ကြံသတ်ဖြတ်တယ်ဆိုတဲ့ လုပ်ရပ်မျိုးဟာ မာဖီးယားဂိုဏ်းတွေရဲ့ လုပ်ရပ်သာလျှင် ဖြစ်ပါတယ်။ နိုင်ငံတော်တစ်ခုရဲ့လုပ်ရပ်မျိုး မဖြစ်သင့်ပါဘူး။ လူတစ်စုရဲ့ အကြမ်းဖက်မှုကြောင့် နိုင်ငံတော်အကြမ်းဖက်မှုဟာ တရားတဲ့လုပ်ရပ်ဖြစ်တယ်ဆိုတဲ့ သဘောတရားတစ်ရပ် ထွန်းကားမလာစေသင့်ပါဘူး။ အဲဒီသဘောတရားရဲ့ အကျိုးဆက်တွေဟာ အင်မတန် အန္တရာယ်ကြီးမားလှပါတယ်။

ဒီလိုအခြေအနေမှာ ကမ္ဘာ့ဝေယျာဝစ္စအဖွဲ့ဖြစ်တဲ့ ကုလသမဂ္ဂအဖွဲ့အတွင်းမှာ ဆောင်ရွက်နေကြတာတွေကလည်း အားရစရာမရှိရုံမျှမက စိတ်ပျက်စရာတောင် ကောင်းလှပါတယ်။ စက်တင်ဘာ ၁၁ ရက်ကိစ္စကြီး ဖြစ်ပြီးနောက် စက်တင်ဘာ ၂၈ ရက်နေ့ကချမှတ်လိုက်တဲ့ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ဆုံးဖြတ်ချက်သတင်းကိုပဲ ကြည့်ပါ။

"အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂဆုံးဖြတ်ချက်"

စက်တင်ဘာ ၂၈ ရက်နေ့မှာကျင်းပတဲ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအစည်းအဝေးက အကြမ်းဖက်မှုဆန့်ကျင်ရေးဆိုင်ရာဆုံးဖြတ်ချက်ကို အဖွဲ့ဝင် ၁၅ နိုင်ငံစလုံးရဲ့ တညီတညွတ်တည်း ထောက်ခံချက်နဲ့ ချမှတ်လိုက်ပါတယ်။

အဲဒီဆုံးဖြတ်ချက်မှာ စက်တင်ဘာ ၁၁ ရက်၊ အမေရိကန်တိုက်ခိုက်မှုကြီးကို နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးအား ခြိမ်းခြောက်မှုကြီးအဖြစ် သတ်မှတ်ရှုတ်ချပြီး အရေးယူရန်သတ်မှတ်ချက်များကိုလည်း ချမှတ်ခဲ့ပါတယ်။

ဆုံးဖြတ်ချက်စာဆိုမူကြမ်းကို အမေရိကန်နိုင်ငံက တင်သွင်းခဲ့တာဖြစ်ပြီး အကြမ်းဖက်သမားများနဲ့ ကူညီအားပေးတဲ့နိုင်ငံများကို အရေးယူဖို့ကိစ္စများအပြင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံး လိုက်နာကြရမယ့်ကိစ္စများလည်း ပါဝင်တာကြောင့် နိုင်ငံတကာဥပဒေတစ်ခုသဖွယ် ဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံအားလုံးဟာ ချမှတ်လိုက်တဲ့ဆုံးဖြတ်ချက်များကို ဘယ်ရွေ့ဘယ်မျှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တယ်ဆိုတာကိုလည်း ရက်ပေါင်း ၉၀ အတွင်း အစီရင်ခံစာတင်သွင်းကြရမှာ ဖြစ်ပါတယ်။

ဆုံးဖြတ်ချက်အရ အဖွဲ့ဝင်နိုင်ငံအစိုးရများဟာ

- အကြမ်းဖက်လုပ်ငန်း ဆောင်ရွက်ရန်အတွက် ရန်ပုံငွေ စုဆောင်းကောက်ခံခြင်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သည့်နည်းနှင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းကို ရာဇဝတ်ပြစ်မှုအဖြစ် သတ်မှတ်ရန်။
- အကြမ်းဖက်လုပ်ရပ်ကျူးလွန်သူ၊ ကျူးလွန်ရန် ကြိုးစားအားထုတ်သူများ၏ ပိုင်ဆိုင်မှုများနှင့် စီးပွားလုပ်ငန်းများအား ချက်ချင်းထိန်းချုပ်ရန်။



www.burmeseclassic.com

www.burmeseclassic.com



– မိမိတို့၏ နိုင်ငံသားများအား အကြမ်းဖက်သမားများကို ငွေကြေးနှင့် အခြားကူညီထောက်ပံ့မှုများ ပေးနေခြင်းကို တားဆီးပိတ်ပင်ရန်။
– အကြမ်းဖက်သမားများအား နိုင်ငံရေးနှင့် သံတမန်ရေးအပါအဝင် မည်သည့်ထောက်ပံ့ကူညီမျိုးကိုမဆို သိသိသာသာဖြစ်စေ၊ မသိမသာ ဖြစ်စေပေးခြင်းမှ ရှောင်ကြဉ်ရန်။
– အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ခြင်း၊ အားပေးကူညီခြင်း၊ ငွေကြေး ထောက်ပံ့ခြင်း စသည်တို့ကို ပြုလုပ်သူများအား ခိုလှုံခွင့်ပေးအပ်ခြင်း မပြုရန်။
– အကြမ်းဖက်သမားများအား တရားဥပဒေရှေ့မှောက်သို့ အရောက်ပို့ ဆောင်ပြီး ထိုက်တန်သောပြစ်ဒဏ်ချမှတ်ရန်။
– အကြမ်းဖက်လုပ်ရပ်နှင့်ပတ်သက်၍ စုံစမ်းထောက်လှမ်းမှုများ ပြုလုပ် ရာတွင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အစွမ်းကုန်ကူညီရန်။
– မိမိတို့၏နယ်စပ်ဒေသများကို ထိထိရောက်ရောက် ထိန်းချုပ်ရန်။

စတဲ့အချက်ပေါင်းများစွာ ပါရှိပါတယ်။ ဒါပေမယ့် အမေရိကန်ကို တိုက်ခိုက်တဲ့ အကြမ်းဖက်သမား မည်သူမည်ဝါဖြစ်တယ်ဆိုတာ သတ်မှတ် ပြောဆိုထားခြင်း မရှိသလို အကြမ်းဖက်သမားဆိုတာ ဘာလဲဆိုတာကိုလည်း အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိပါဘူး။

အထက်ပါဆုံးဖြတ်ချက်ကို နိုင်ငံတကာဥပဒေအဖြစ် သဘောထားရ မယ်လို့ ဆိုထားပါတယ်။ ဒါပေမယ့် ဒီ'သွေးပူဆုံးဖြတ်ချက်ကြီး'ကြောင့် နောင် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ ဘယ်လောက်ရှုပ်ထွေးပြီး ဘယ်လောက် အငြင်းပွားစရာတွေ ပေါ်ထွက်လာမယ်ဆိုတဲ့အချက်ကိုတော့ ဘယ်နိုင်ငံကြီး တွေကမှ ထောက်ပြဆွေးနွေးမလုပ်ခဲ့ကြပါဘူး။ ခံခဲ့ရတဲ့နိုင်ငံက စိတ်လှုပ်ရှားမှု၊ နာကြည်းမှုနဲ့ တင်ပြလာတာကို ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံကြီးတွေက ရှေ့ နောက်ဆင်ခြင်တိုင်းထွာမှုနဲ့ သုံးသပ်စဉ်းစားရမှာ ဖြစ်ပါတယ်။ စိတ်လှုပ်ရှားမှု ကိုအခြေခံပြီး ဥပဒေတစ်ရပ်ချမှတ်ပြဋ္ဌာန်းလို့ မရပါဘူး။

ဒီဆုံးဖြတ်ချက်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ဆောင်ရွက်ရ မယ့်အချက်တွေ အသေးစိတ်ဖော်ပြထားပေမယ့် ဥပဒေတစ်ရပ်မှာ မပါမဖြစ် ပါရှိရမယ့် စကားလုံး အဓိပ္ပာယ်ဖွင့်ဆိုချက်ဆိုတာတော့ ပါမလာခဲ့ပါဘူး။ ဒီတော့ 'အကြမ်းဖက်သမား'ဆိုတာ ဘယ်သူ့ကိုပြောတာလဲလို့ အငြင်းပွားမဆုံး ဖြစ်ကြရတော့မှာပေါ့။ အမေရိကန်နိုင်ငံလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ ကြတဲ့ ဘော့စတွန်က သူရဲကောင်းတွေကို တစ်ဖက်ကိုလိုနီစစ်တပ်တွေက လူဆိုးဓားပြတွေလို့ ဆိုခဲ့ကြတယ်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ မဖွယ်မရာလုပ်ရပ်ကြီးတစ်ခုကို ထောက်ပြချင်ပါသေးတယ်။ အဲဒါကတော့ အာဖဂန်နစ္စတန်နိုင်ငံကို ဝင်တိုက်တော့မယ် တကဲကဲ လုပ်နေချိန်မှာ စစ်တားဆီးရေးနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်ဖို့ ဖွဲ့စည်းတည်ထောင်ထားတဲ့ ကမ္ဘာ့အဖွဲ့အစည်းကြီးက စစ်မဖြစ်အောင် တားဆီးကာကွယ်ဖို့ကိစ္စကိုတော့ မလုပ်ပါဘဲနဲ့ စစ်ဖြစ်လာခဲ့ရင် ထွက်ပြေးလာကြမယ့် ဒုက္ခသည်တွေအတွက်ဆိုပြီး စားနပ်ရိက္ခာတွေ ဆေးဝါးနဲ့ အဝတ်အထည်တွေ ကြိုပြီးပို့ပေးနေတဲ့လုပ်ရပ် ဖြစ်ပါတယ်။ ဒီလုပ်ရပ်က တိုက်ချင်သလိုသာတိုက်ပေရောလို့ ကုလသမဂ္ဂအဖွဲ့ကြီးက စစ်တိုက်ခွင့်ပါမစ်ပေးလိုက်တဲ့သဘောများ သက်ရောက်မနေပေဘူးလား။ ကုလသမဂ္ဂအဖွဲ့ကြီးကို ကမ္ဘာ့ငြိမ်းချမ်းရေး ကာကွယ်စောင့်ရှောက်ဖို့ စစ်တားဆီးဖို့ ရည်ရွယ်ချက်များနဲ့ ဖွဲ့စည်းခဲ့တာပါ။ ဒီအဖွဲ့ကြီးဟာ ကယ်ဆယ်ရေးအဖွဲ့မဟုတ်ဘူးဆိုတဲ့အချက်ကို သတိပြုကြဖို့ လိုပါတယ်။

နိဂုံးချုပ်အနေနဲ့ မဟာတ္တမဂန္ဒီကြီး ၁၉၂၈ ခုနှစ်ကပြောခဲ့တဲ့ စကားလေးကိုပဲ ပြန်လည်ဖောက်သည်ချလိုက်ပါတော့မယ်။

"It is my conviction that nothing enduring can be built upon violence."

'အကြမ်းဖက်မှုနဲ့ ဘယ်လိုတည်တံ့ခိုင်မြဲတဲ့အရာကိုမှ တည်ဆောက်လို့မရနိုင်ဘူးဆိုတာ ကျွန်ုပ်ရဲ့ယုံချက်ချက်ဖြစ်တယ်'။



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်အိုးကိုယ့်အိမ်

တစ်နေ့က တပည့်ကျောင်းသားဟောင်းတစ်ယောက် လာရောက်နှုတ်ဆက်ပါတယ်။ မတွေ့တာ ဆယ့်လေးငါးနှစ်လောက်ရှိပြီ ထင်ပါတယ်။ သူ နိုင်ငံခြားထွက်ကာနီး လာနှုတ်ဆက်ပြီးကတည်းကဆိုတော့ ဆယ့်လေးငါးနှစ်မကတောင်ကြာချင်ကြာပါလိမ့်မယ်။ ထုံးစံအတိုင်း မာကြောင်းသာကြောင်းတွေ ပြောပြီးတဲ့အခါကျတော့မှ သူထွက်သွားတာ အနှစ် ၂၀ တောင်ရှိပြီဆိုတာ သိရပါတယ်။

အခု အလည်ပြန်လာတာလားဆိုတော့ မဟုတ်ပါဘူး။ အပြီးပြန်လာခဲ့တာလို့ ဆိုပါတယ်။ ပြန်ရောက်တာ ၂ ရက်ပဲ ရှိပါသေးသတဲ့။

'ဟိုမှာနေရင်း စိတ်ညစ်စရာတွေတွေ့တိုင်း ဆရာ့ကို အမြဲသတိရတယ်။ သွားတုန်းက ဆရာလက်ဆောင်ပေးလိုက်တဲ့ Home Sweet Home ဆိုတဲ့ကောက်ရိုးပန်းချီကားလေးကို မြင်တိုင်းလည်း ဆရာ့ကိုသတိရတယ်။ ဆရာပြောပြောနေတဲ့ 'ဘယ်လောက်ပဲ စုတ်ပြတ်နုံချာနေပါစေ ကိုယ့်အိမ်ထက်ကောင်းတာ ဘယ်မှာမှမရှိ'ဆိုတဲ့စကားလည်း အမြဲသတိရပါတယ်။ အခုတော့ အဲဒီပန်းချီကားလေးကို နှမတစ်ယောက်ကိုပေးထားခဲ့တယ်'လို့ ပြောပြပါတယ်။

နိုင်ငံခြားသွားဖို့ပြင်ဆင်နေတဲ့ လူငယ်တွေကို အင်္ဂလိပ်စကားပြောသင်တဲ့အလုပ်ကို နှစ်ပေါင်း ၂၀ ကျော်လုပ်လာခဲ့လေတော့ လူငယ်တွေရဲ့စိတ်ထဲမှာရေကြည်ရာမြက်နုရာ ရှာချင်စိတ်တွေ အလွန်အမင်းပြင်းထန်နေတဲ့အကြောင်းကို ကောင်းကောင်းသိပါတယ်။ သူတို့အတွက် အခက်အခဲမရှိအောင် ကူညီရင်းနဲ့ ကြုံတွေ့ရဖွယ်ရှိတဲ့ အခက်အခဲတွေ၊ ပြဿနာတွေကို ရင်ဆိုင်နိုင်အောင်လည်း စိတ်ဓာတ်ရေးအရ ပြင်ဆင်ပေးရပါတယ်။ အထူးသဖြင့် အရှေ့နဲ့ အနောက် ယဉ်ကျေးမှုချင်းမတူကြရာက ပေါ်ထွက်လာတဲ့ ပြဿနာတွေအကြောင်းလည်း ပြောပြရပါတယ်။ ဘာပဲပြောပြော အရှေ့က အရှေ့၊ အနောက်က အနောက်ပါပဲ။ ရေမြေအနေအထားနဲ့ ဥတုရာသီ မတူကြတာတွေကြောင့် ခန္ဓာကိုယ်ဖွဲ့စည်းပုံတွေ၊ အသားရောင်တွေ ကွဲပြားခြားနားရုံတင်မက စိတ်ဓာတ်နဲ့ ယဉ်ကျေးမှုတွေလည်း ခြားနားကြပါတယ်။ ဒါတွေကို သဘောပေါက်ပြီး သဟဇာတဖြစ်အောင်နေတတ်ဖို့ ညွှန်ပြပေးရပါတယ်။

အများအားဖြင့် လူတွေက 'ရောမကိုရောက်ရင် ရောမသားလိုကျင့်ရမယ်'ဆိုတဲ့စကားကို တစ်လွဲအဓိပ္ပာယ်ကောက်ပြီး ကိုယ့်ကိုယ်ကိုယ် ရောမသား

www.burmeseclassic.com



ဖြစ်အောင် လုပ်တတ်ကြတယ်။ အဲဒါ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ အမူအကျင့်ကိုသာ ပြုပြင်ပြောင်းလဲလို့ရမှာပေါ့။ ဗီဇနဲ့စိတ်ဓာတ်ကို ဘယ်ပြောင်းလို့ရမှာလဲ။ ကိုယ်က ဘယ်လောက်ပဲရအောင်ပြောင်းပြောင်း၊ ရောမသားတွေက ကိုယ့်ကို နိုင်ငံခြားသားအဖြစ် သဘောထားတာက ပြောင်းနိုင်ပါ့မလား။ လောလောဆယ် ပြင်သစ်နိုင်ငံမှာဖြစ်နေတဲ့ လူမျိုးရေးအုံကြွမှုတွေက သာဓကပဲလေ။ ဂျာမနီမှာလည်း ဒီပြဿနာတွေ ရှိနေတာပဲ။ အမေရိကန်မှာတော့ ပြောမနေနဲ့။ ၁၉၆၀ ခုနှစ်တွေအတွင်းကတည်းက ဒီလူမျိုးရေးပြဿနာတွေ ကြုံခဲ့ရတာ။

တကယ်က လူတွေ အယူအဆတိမ်းပါးနေတာပါ။ ဂလိုဘယ်လိုက်ဇေးရှင်းဆိုတဲ့ ကမ္ဘာပြုမှုဆိုတာ လူသားအားလုံးကို ရောမသားတစ်မျိုးတည်း ဖြစ်အောင်လုပ်ဖို့ မဟုတ်ပါဘူး။ အသွေးအရောင်မတူကြတဲ့ လူတွေမှာလည်း ကိုယ်နဲ့အသွေးအရောင်မတူကြတဲ့ ယဉ်ကျေးမှုတွေ၊ ဓလေ့စရိုက်တွေ ရှိကြတယ်။ သူ့ယဉ်ကျေးမှုနဲ့ သူ့လူမျိုးနဲ့တော့ ကိုက်နေတာပဲလို့ သဘောပေါက်ဖို့သာ ဖြစ်ပါတယ်။ တစ်ခုတည်းသောကမ္ဘာမှာ တစ်မျိုးတည်းသောပန်းသာ ပွင့်စေရမယ်လုပ်လို့ ဘယ်ရမှာလဲ။ အေးတဲ့အရပ်မှာ အအေးနဲ့ကိုက်တဲ့ပန်း ပွင့်ပြီး နွေးတဲ့အရပ်မှာ နွေးတဲ့ရာသီဥတုနဲ့ကိုက်တဲ့ပန်း ပွင့်မှာပေါ့။ ဒါကို နားလည်သဘောပေါက်ဖို့ လိုပါတယ်။ ရာသီအလိုက် ပန်းတိုင်းပွင့်စေခြင်းဟာ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်တယ်။ မတူကွဲပြားခြားမှုတွေရဲ့ ပေါင်းစည်းခြင်းဟာ ဂလိုဘယ်လိုက်ဇေးရှင်း၊ ကမ္ဘာပြုမှုဖြစ်တယ်။ အရှေ့ကိုအနောက်ဖြစ်အောင် လုပ်တာ ကမ္ဘာပြုမှုမဟုတ်သလို အနောက်ကိုအရှေ့ဖြစ်အောင်လုပ်တာလည်း ကမ္ဘာပြုမှုမဟုတ်ပါဘူး။ အရှေ့ကအရှေ့ဖြစ်ပြီး အနောက်ကအနောက်ဖြစ်နေမှာပါပဲ။ ဒါကိုသဘောမပေါက်ရင်တော့ ဒုက္ခကြုံရမှာသေချာတယ်။

ဒီအချက်တွေကို အမြဲပဲ လူငယ်တွေကို ပြောပြရပါတယ်။ သူတို့သွားတဲ့ အခါတိုင်းလည်း Home Sweet Home ဆိုတဲ့ ကောက်ရိုးပန်းချီလေး လက်ဆောင်ပေးပါတယ်။ အခုသွားတဲ့တပည့်က အဲဒီပန်းချီကားလေးကို သူ့နှမတွေကို ပေးထားခဲ့ပါတယ်တဲ့။ သူ့မှာ နှမ ၃ ယောက်ရှိပါတယ်။ ဒီကသွားကြစဉ်က လေးငါးခြောက်နှစ်အရွယ်တွေပါ။ ဟိုရောက်မှ လူလားမြောက်ကြရတာပေါ့။ ဒီတော့ကာ ဖြစ်မြဲအတိုင်း ဟိုမရောက်ဒီမရောက် ဖြစ်ကြရပါတယ်။ အိမ်မှာ မိဘတွေက အရှေ့တိုင်းရိုးရာအတိုင်း အုပ်ချုပ်ထိန်းသိမ်းတယ်။ ကျောင်းရောက်တော့ အနောက်တိုင်းထုံးစံအတိုင်း အုပ်ချုပ်ထိန်းသိမ်းတယ်။ ဒီမှာတင် ကလေးမလေးတွေ ကြားညှပ်ခံရတော့တာပဲ။ အရှေ့လည်းမဟုတ်၊ အနောက်လည်းမဟုတ်နဲ့။ အိမ်မှာလည်း အံမဝင်၊ ကျောင်းမှာလည်း ခွင်မကျနဲ့ဖြစ်ပြီး နောက်ဆုံးကျတော့ လမ်းပေါ်ထွက်ပြီး ပေတေနေကြတော့တယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဒီကလေးမတွေတောင် ၂၀ ကျော် ၃၀ ရွယ်တွေ ဖြစ်ကုန်ကြပြီတဲ့။ ပညာတွေ သင်ချင်တာ ကြိုက်သလိုသင်ခွင့်ရှိတဲ့နိုင်ငံမှာ ဘာပညာမှ ထူးထူးချွန်ချွန်တတ်မလာဘဲ သူလိုငါလို ကာယအလုပ်တွေပဲ လုပ်နေကြရရှာသတဲ့။ တပည့်ဖြစ်သူကတော့ ရန်ကုန်မှာကတည်းက ဆရာဝန်ဖြစ်သွားတာဆိုတော့ ဟိုမှာ အခြေအနေမဆိုးပါဘူး။

'ကျွန်တော့်သားသမီးတွေ ရိုင်းစိုင်းကုန်မှာစိုးလို့ ပြန်လာခဲ့တာခင်ဗျ'

တပည့်ဖြစ်သူက ဟိုမှာရှိတဲ့ မြန်မာတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး သား ၂ ယောက်၊ သမီး ၂ ယောက်ရပါတယ်။ အကြီးမှ ၇ နှစ်သမီးပဲ ရှိပါသေးတယ်။ အငယ်ဆုံးသား ၂ ယောက်က အမွှာပါ။ ဇနီးဖြစ်သူကလည်း သူ့လိုပဲ အရွယ်ရောက်မှသွားတဲ့ မြန်မာမိန်းကလေးဆိုတော့ ဘယ်လိုမှ မြန်မာစိတ်က ပျောက်မသွားတာကြောင့် ဇနီးမောင်နှံနှစ်ယောက် စိတ်တူကိုယ်တူ ပြန်ချလာကြတာလို့ ပြောပါတယ်။ သူတို့ ရန်ကုန်မှာမနေဘူး။ ရန်ကုန်က သိပ်ပြီး မြို့ပြဆန်လွန်းတယ်။ ဇနီးသည်ရဲ့ဇာတိ တောင်ကြီးမှာ သွားနေကြမယ်လို့ ပြောပါတယ်။

သူနှုတ်ဆက်ပြန်သွားမှ Home Sweet Home ဆိုတဲ့ ကဗျာလေးကို ပြန်ရှာပါတယ်။ အမြဲတမ်း လက်တစ်ကမ်းမှာထားလို့ ခက်ခက်ခဲခဲ မရှာလိုက်ရပါဘူး။ ကဗျာလေးကို ဖတ်ကြည့်ကြပါဦး။

## Home, Sweet Home

Mid pleasures and palaces, though we may roam,
Be it ever so humble, there's no place like home!
A charm from the skies seems to hallow us there,
Which, seek through the world, is ne'er met with elsewhere.
  Home, sweet home!
  There's no place like home.
An exile from home, splendour dazzles in vain,
O give me my lowly thatch'd cottage again,
The birds singing gaily that came at my call.
But give me the peace of mind dearer than all.
  Home, sweet home !
  There's no place like home.

၂၁၊ ၁၁၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# ဆရာကန်တော့ပွဲတစ်ခုကဆက်ပြီး တွေးမိသမျှ

ဒီအကြောင်းကို တစ်ခါရေးခဲ့ဖူးပါပြီ။ 'ကမ္ဘာမှာ မြန်မာတစ်ခုသာရှိတဲ့ပွဲ' ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆရာကန်တော့ပွဲတွေအကြောင်း ရေးခဲ့တာပါ။ လူငယ်၊ လူလတ်တွေက သူတို့ရဲ့ဆရာဟောင်း၊ ဆရာမဟောင်းကြီးတွေကိုရှာဖွေပြီး ကန်တော့ကြတဲ့ အလေ့အထအကြောင်း ဖြစ်ပါတယ်။

ဒီကျောင်းသားဟောင်းများရဲ့ ဆရာကန်တော့ပွဲတွေဟာ ဘယ်သူကမှ မလုပ်မနေရရှိုင်းတာ မဟုတ်ပါဘူး။ လူလတ်ပိုင်းအရွယ်၊ တချို့ဆို လူကြီးပိုင်းထဲရောက်နေကြပြီဖြစ်တဲ့ ကျောင်းသားဟောင်းကြီးများက သူတို့ကို ငယ်စဉ်အခါက ဆူခဲ့ပူခဲ့၊ ထိပ်ခေါက်ခဲ့၊ ကြိမ်နဲ့ဆော်ခဲ့တဲ့ ဆရာ ဆရာမဟောင်းကြီးများကို ရှာဖွေစုစည်းပြီး ကန်တော့ကြတာဖြစ်တယ်။ အတော်များများကတော့ ဘယ်ရှိကြတော့မှာလဲ။ ကျန်နေသေးသမျှကိုလိုက်ရှာပြီး တွေ့ကြရတာပါ။ တချို့ဆို အိုမင်းတော့လည်း မစွမ်းတော့ဘူးဆိုတဲ့အတိုင်း မသန်စွမ်းရှာကြတော့ပါဘူး။ ဒီလို ဆရာ ဆရာမကြီးများကို ထိုင်သာထိုင်နိုင်လို့ကတော့ တပည့်တွေက ချီပွေ့ပြီး မရအရခေါ်ပင့်လာကြတာပါ။

တနင်္ဂနွေနေ့တစ်နေ့မှာ အ ထ က (၂)၊ ပုဇွန်တောင် ကျောင်းသူ၊ ကျောင်းသားဟောင်းများရဲ့ ဆရာကန်တော့ပွဲလုပ်ပါတယ်။ ဇနီးသည်က ၁၉၈၀ ခုနှစ်ထဲ တောင်ကြီးကိုမပြောင်းရခင်က ပုဇွန်တောင် (၂)မှာ လုပ်ခဲ့ဖူးရုံမက သားကြီး ရဲဝင်းဇော်လည်း အဲဒီမှာပဲနေခဲ့ရပါတယ်။ တစ်နေ့မှာတော့ အိမ်ချင်းအလှမ်းမဝေးရုံမက အင်မတန်ရင်းနှီးတဲ့ ဆရာမဒေါ်တင်နွယ် ရောက်လာပြီး ကျောင်းသူ၊ ကျောင်းသားဟောင်းတွေက ကန်တော့ပွဲလုပ်ချင်လို့ ဆရာ ဆရာမတွေ လိုက်လံရှာဖွေဆက်သွယ်နေကြောင်း သတင်းလာပေးပြီး တက်ဖြစ်အောင်တက်ဖို့ တိုက်တွန်းပါတယ်။

ကန်တော့ပွဲနေ့ရောက်တော့ ဇနီးသည်ရဲ့တူမလည်းတော်တဲ့ ကျောင်းသူဟောင်း တင်မျိုးကျော်နဲ့ ကျောင်းသူ၊ ကျောင်းသားဟောင်း ၃ ဦးရောက်လာပြီး ဇနီးကို ခေါ်ပါတယ်။ ဇနီးသည်က တစ်နှစ်တစ်ခါ အောင်ဆန်းသူရိယလုသောင်း ဘော်ဒါကျောင်းသားဟောင်းများရဲ့ ကန်တော့ပွဲသွားတာကလွဲပြီး ဘယ်မှ မသွားနိုင်ပါဘူး။ ခါးကျောညှပ်ပြီး အောက်ပိုင်းမလှုပ်နိုင်သလောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာကြောင့် အိပ်ရာထဲမှာပဲအနေများပါတယ်။ ပုဇွန်တောင် (၂) ကျောင်းသားဟောင်းများက ပထမဆုံးအကြိမ်လုပ်တာလည်းဖြစ် နှစ်ပေါင်း ၂၀ ကျော် မတွေ့ကြရတဲ့ လုပ်ဖော်ကိုင်ဘက်ဟောင်းများကိုလည်း တွေ့ချင်တာကြောင့် သိပ်မတိုက်တွန်းရဘဲ စိတ်လိုလက်ရလိုက်သွားပါတယ်။

ပြန်လာတော့လည်း မိတ်ဟောင်းမိတ်ဆွေတွေအကြောင်း ပြောလို့မပြီးတော့ပါဘူး။ သားနဲ့အတန်းတူတက်ဖူးတဲ့ ကျောင်းသူ၊ ကျောင်းသားဟောင်းတွေ လာနှုတ်ဆက်ကြတဲ့အကြောင်း ပြန်ပြောပြရင်း မျက်ရည်စို့လာပါတယ်။ သားနဲ့ သူငယ်တန်းကတည်းက အတူတက်ခဲ့လို့ ဆရာ၊ ဆရာမတွေက နောက်ပြောင်ကြည်စယ်လေ့ရှိတဲ့ ကျောင်းသူလေးတစ်ယောက် လာနှုတ်ဆက်တဲ့အကြောင်းပြန်ပြောပြတော့ စို့လာတဲ့မျက်ရည်ကိုမထိန်းနိုင်ဘဲ ငိုပါတော့တယ်။ အဲဒီကန်တော့ပွဲအပြီးနောက် ၂ ပတ်၊ ၃ ပတ်အကြာ တနင်္ဂနွေတစ်နေ့မှာတော့ ကျောင်းသူ၊ ကျောင်းသားများက မရောက်လာနိုင်တဲ့ ဆရာမတစ်ယောက်ရှိရာ ခနောင်ပြုမြို့နားက ရွာကလေးတစ်ရွာကို သွားတွေ့ကြဖို့စီစဉ်နေကြောင်း၊ နေ့ချင်းပြန်ခရီးမို့ လိုက်သွားမယ့်အကြောင်း ဆရာမဒေါ်တင်နွယ်က ပြောတာကြောင့် လက်ဆောင်ကလေး ထည့်ပေးလိုက်ပါသေးတယ်။ ကျောင်းသားတွေသွားတာ ဒုတိယအကြိမ်ပါ။ ကန်တော့ပွဲမတိုင်ခင်က ပထမအကြိမ် စုံစမ်းမေးမြန်းပြီး သွားဖိတ်ကြပါသေးတယ်။ ဆရာမက ခနောင်ပြုမြို့အလွန် ကားလမ်းဘေးက ရွာလေးတစ်ရွာမှာ တစ်ယောက်တည်းနေပါတယ်တဲ့။ ကျောင်းသားတွေက မရမကခေါ်တော့လည်း အခြေအနေအရ မလိုက်နိုင်ဘူးဆိုတာကြောင့် အသင့်ယူသွားတဲ့ ကန်တော့ပစ္စည်းနဲ့ ပိုက်ဆံကို ကန်တော့ထားခဲ့ကြောင်း ပြောပြကြပါတယ်။

ကန်တော့ပွဲပြီးလို့ အေးအေးဆေးဆေးရှိသွားချိန်ကျတော့ ကျောင်းသားတွေက သူတို့ဆရာမအတွက် လိုအပ်မယ်ထင်တဲ့ စိတ်ဓာတ်ခွန်အားတွေပေးဖို့ နောက်တစ်ခေါက်ပြန်သွားကြတာ ဖြစ်ပါတယ်။ ပြန်ရောက်လာတော့ ဆရာမရဲ့ အထီးကျန်ဘဝအကြောင်းတွေကို ပြောပြကြပါတယ်။ အဲဒီဆရာမက ဇနီးနဲ့ တော်တော်ခင်တာကြောင့် အိမ်ကိုမကြာခဏလာဖူးပါတယ်။ ဒါကြောင့် ရင်းနှီးနေပါတယ်။ သူက ရုပ်ချောသလို စိတ်ဓာတ်လည်း ထက်ထက်မြက်မြက်ရှိပါတယ်။ ၁၉၈၀ ပြည့်နှစ်ဝန်းကျင်လောက်က ဘောက်စ်ဝက်ဂွန်း လိပ်ခုံးကားကလေးကို ကိုယ်တိုင်မောင်းပြီး ကျောင်းတက်နိုင်တဲ့ ကျောင်းဆရာ၊ ဆရာမဆိုတာ မရှိသလောက်မဟုတ်လား။ ကားမောင်းရုံသာ မဟုတ်သေးပါဘူး။ ဆရာမက စီးကရက်လည်း တော်တော်သောက်ပါတယ်။ ဟန်သောက်၊ အလှသောက်မဟုတ်ဘဲ စွဲစွဲမက်မက်သောက်တဲ့ ကြိုက်သောက်မျိုးဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ပြောလိုက်ရင်တော့ ဆရာမက မြို့သူပညာတတ်ရုပ်ချောလို့ပဲ ဆိုပါတော့။ လောကကြီးများ တော်တော်ဆန်းပါတယ်။ မြန်းခနဲ၊ မြန်းခနဲ တစ်ခုကတစ်ခုကို ပြောင်းလဲသွားတတ်ပါတယ်။ ပျော်နေရာက ငိုရတဲ့အဖြစ် တစ်မုဟုတ်ချင်း ကူးပြောင်းသွားသလို အနိုင်ကနေအရှုံးကို၊ အရှုံးကနေအနိုင်ကိုလည်း ရုတ်ချည်း ရောက်သွားတတ်ပါတယ်။ ဒါကြောင့် လောကမှာ ဘာတစ်ခုမှ သေချာရေရာတယ်ဆိုတာ မရှိပါဘူး။ နိုင်နေပြီဆိုပြီး မာန်တွေတက်နေရာက ချက်ချင်းကြီး ရှုံးတဲ့ဘက်ရောက်ချင်လည်း ရောက်သွားတတ်ပါတယ်။ ရှုံးနေလို့လည်း စိတ်ဓာတ်ကျနေစရာ မလိုပါဘူး။ ဒီနေ့ရှုံးနေပေမယ့် မနက်ဖြန်မှာ ကိုယ်က နိုင်တဲ့ဘက် ရောက်ချင်ရောက်သွားနိုင်ပါတယ်။

ဘောလုံးဝါသနာကြီးသူမို့ ဘောလုံးကိုပဲ ဥပမာပေးချင်ပါတယ်။ မနှစ်တစ်နှစ်ကဆိုရင် မန်ယူတို့၊ အာစင်နယ်တို့ဆိုတာ ဒိတ်ဒိတ်ကြဲတွေလေ။ မန်ယူရဲ့ဆရာကြီး ဖာဂူဆန်ဆိုရင် "untouchable" ဘယ်သူမှ မထိရဲ၊ မတို့ရဲ၊ မဝေဖန်ရဲသူအဖြစ် သရဖူဆောင်းနေသူပေါ့။ အာစင်နယ်ရဲ့ ပြင်သစ်လူမျိုးဆရာကြီးဆိုလည်း အလားတူပါပဲ။ ဟော ... ဒီနှစ်တော့ သူတို့ကုလားထိုင်တွေ လှုပ်တုတ်တုတ်ဖြစ်နေပြီ မဟုတ်လား။ ဘယ်နေ့အထုတ်ခံရမလဲလို့တောင် ရင်တမမဖြစ်နေကြရပါပြီ။

စောစောကပြောခဲ့တဲ့ ဆရာမဆိုလည်း ဟိုရှေးရှေးက လိပ်ခုံးကားလေး ကိုယ်တိုင်မောင်းပြီး ကျောင်းတက်နေတုန်းက တစ်နေ့နေ့မှာ တောရွာလေးတစ်ခုက အိမ်ငယ်လေးတစ်လုံးမှာ တစ်ယောက်တည်း အထီးကျန်ဘဝနဲ့ နေရလိမ့်မယ်လို့ ဘယ်သူတွေးတောမိမှာလဲ။ ခုတော့လည်း သူ့ခမျာ သနားစရာပါ။ ဒီလို ဆရာမဆီကို မရောက်ရောက်အောင် ရှာဖွေသွားရောက်ပြီး လိုအပ်တဲ့စိတ်ခွန်အားတွေ ဖြည့်ဆည်းပေးကြတဲ့ လူငယ်တွေကိုလည်း အထူးတလည် ချီးကျူးရုံမက လေးလည်းလေးစားမိပါတယ်။ ဒီလို ဆရာကန်တော့ပွဲမျိုး ဒီနိုင်ငံတစ်ခုတည်းမှာသာ ရှိရုံမက ဒီလိုလူငယ်မျိုးတွေလည်း ဒီကမ္ဘာမှာ ရှာမှရှားလို့တောင်ဆိုလိုက်ချင်ပါတယ်။

၁၃၊ ၁၂၊ ၂၀၀၅။



www.burmeseclassic.com

www.burmeseclassic.com

# "မိခင်ကျောင်းတော်" ဆိုတဲ့စိတ်

ပြီးခဲ့တဲ့အပတ်က ဆရာကန်တော့ပွဲအကြောင်းနဲ့ပတ်သက်ပြီး ရေးခဲ့ပါတယ်။ ဒီအပတ်လည်း ဒီအကြောင်းနဲ့ဆက်နွှယ်ပြီး အတွေးမျှင်တန်းမိတာလေးတွေကို ရေးချင်ပါသေးတယ်။ ရေးခဲ့သမျှ ဆရာကန်တော့ပွဲတွေက ကိုယ်နဲ့မသက်ဆိုင်တဲ့ ဇနီးရဲ့ အောင်ဆန်းသူရိယလှသောင်းကျောင်းပွဲ၊ ပုဇွန်တောင် (၂) ပွဲတို့ ဖြစ်ပါတယ်။ ကိုယ်နဲ့ဆိုင်ခဲ့တဲ့ မန္တလေးတက္ကသိုလ် ဆရာကန်တော့ပွဲဆိုတာတောင် တကယ်တမ်းကျတော့ ကိုယ်ကကန်တော့ရမယ့်ဆရာရယ်လို့ မရှိကြတော့သလောက် ဖြစ်နေပါပြီ။ ဒါကြောင့် သိပ်ပြီးစာဖွဲ့စရာလည်း မရှိတော့ဘူးလို့ ဆိုရတော့မှာပါပဲ။

သူများတွေ ငယ်ဆရာတွေကို ကန်တော့ကြတာ မြင်ရ၊ ကြားရတိုင်း ရင်ထဲမှာကြိတ်ပြီး စိတ်မကောင်းဖြစ်ရလေ့ရှိပါတယ်။ ကိုယ့်မှာတော့ ကန်တော့စရာ ငယ်ဆရာရယ်လို့မရှိပါလားဆိုပြီး တွေးမိလို့ပါ။ သူငယ်တန်းလေး(LKG) ကစပြီး မက်ထရစ်(၁၀ တန်း)အောင်တဲ့အထိ မန္တလေးက ဖားသားလဖုန်းကျောင်းလို့ခေါ်ကြတဲ့ ရိုမန်ကက်သလစ်ဘုန်းကြီးကျောင်းမှာ နေခဲ့ရတာပါ။ ကျောင်းမှာ ဖာသာတို့၊ ဘရာသာတို့ခေါ်ကြရတဲ့ ဝတ်ရုံဖြူကြီးတွေ ဝတ်ဆင်ကြတဲ့ ဘုန်းကြီးတွေက အများအားဖြင့် အိုင်ယာလန်၊ အင်္ဂလန်၊ အီတလီနဲ့ စစ္စလီကျွန်းက လာကြတာတွေဖြစ်ပါတယ်။ ကက်သလစ်ဂိုဏ်းတွေထဲမှာ တော်တော်ကြီး စည်းကမ်းတင်းကြပ်တဲ့ဂိုဏ်းကဖြစ်တာကြောင့် ဘုန်းကြီးတွေဟာ သူတို့ကိုယ်တိုင်လည်း တင်းကြပ်တဲ့စည်းကမ်းတွေ လိုက်နာကြပါတယ်။ ဆေးလိပ်တို့၊ အရက်တို့ မသောက်ပါဘူး။ ပိုက်ဆံတောင် မကိုင်ကြပါဘူး။

သူတို့ အနေအထိုင်စည်းကမ်းရှိသလို ကျောင်းသားတွေကိုလည်း စည်းကမ်း တင်းတင်းကြပ်ကြပ် လိုက်နာစေပါတယ်။ အဝတ်အစားကအစ ဝတ်ချင်တာ မဝတ်ရပါဘူး။ ဘောင်းဘီဖြူ၊ အင်္ကျီဖြူ၊ လည်စည်း၊ ကုတ်အင်္ကျီ နက်ပြာရောင်တွေပဲ ဝတ်ဆင်ရပါတယ်။ အတန်းထဲမှာ ဗမာစကားလည်း လုံးဝမပြောရပါဘူး။ ငယ်စဉ်ကတော့ စည်းကမ်းတင်းကြပ်မှုကို တော်တော်စိတ်ပျက်ရပါတယ်။ အဖြူရောင်ဝတ်စုံဝတ်ထားရတော့ ဆော့ချင်သလို ဆော့လို့ မရဘူးမဟုတ်လား။ ပြီးတော့မှ စည်းနဲ့ကမ်းနဲ့ ဝတ်တတ်စားတတ်၊ နေတတ်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်တတ်အောင် လေ့ကျင့်ပေးတာပါလားလို့ သဘောထားမိလာတာပါ။

ဘုန်းကြီးတွေက စာသင်ခန်းစာထဲမှာသာ မျက်နှာထားတည်တည်ကြီးတွေနဲ့ တင်းကြပ်တာပါ။ ကျောင်းဆင်းပြီဆိုရင်တော့ ဘောလုံးကွင်းထဲမှာ ဝတ်ရုံကြီးတွေကို ခါးအထိပင့်ချည်ထားပြီး ကျောင်းသားတွေနဲ့အတူ ဘောလုံးကန်ရင်း နည်းပြလုပ်ကြတာပါ။ တချို့က ဘတ်စကက်ဘော၊ ဘော်လီဘော သင်ပါတယ်။ တချို့ဘရာသာတွေ၊ ဖာသာတွေကျတော့ တူရိယာဂီတသင်ကြပါတယ်။ ညနေကျောင်းဆင်းချိန်ဆိုရင် ဘောလုံးကွင်းထဲက အသံတွေဆူညံနေသလို တူရိယာဝိုင်းဘက်က ဆက်ဖိုဖုန်းမှုတ်သံ၊ ကလဲရီနက်မှုတ်သံတွေလည်း ညံနေတတ်ပါတယ်။ ဒီကြားထဲမှာ ဗုံသံတို့၊ ဘင်သံတို့က တဒုံးဒုံး၊ တဒိုင်းဒိုင်း တစ်ချက်တစ်ချက် ထွက်လာတတ်ပါသေးတယ်။ ပြန်စဉ်းစားမိတဲ့ အခါတိုင်း ဆွတ်ပျံ့လွမ်းမောစရာ ငယ်ဘဝကလေးကို တမ်းတမိရပါတယ်။ ငယ်ဘဝက ငယ်ဆရာတွေကို ဘယ်သူ အသက်ရှိထင်ရှားရှိနေသေးပြီး ဘယ်သူတွေတော့ ကောင်းကင်ဘုံက ယေရှုခရစ်တော်ထံပါး အိပ်စက်လဲလျောင်းနေကြပြီလဲဆိုတာ ဘာမှမသိရတော့ပါဘူး။ ၁၉၆၀ လယ်ပိုင်းလောက်ကပဲ ဘုန်းကြီးတွေအားလုံး ပြန်သွားခဲ့ကြပါတယ်။ အဲဒီကတည်းက အဆက်ပြတ်သွားခဲ့ကြရပါတော့တယ်။ ခုခေတ်လို အီးမေးတွေ ဘာတွေသာ အဲဒီတုန်းက ရှိခဲ့ရင် ခုလို လုံးလုံးအဆက်ပြတ်သွားတာမျိုး ဖြစ်မှာမဟုတ်ပါဘူး။ ဘယ်ရောက်ပြီး ဘာလုပ်နေကြတယ်ဆိုတာလေးလောက်တော့ သိနိုင်ကြသေးတာပေါ့။

သူများတွေ ဆရာကန်တော့ပွဲလုပ်တာမြင်ရတိုင်း ကန်တော့စရာ ငယ်ဆရာတွေ မရှိတဲ့အဖြစ်ကိုတွေးပြီး စိတ်မကောင်းဖြစ်ရပါတယ်။ ဆရာတွေမရှိတော့ပေမယ့် ကျောင်းကြီးကိုတော့ မန္တလေးရောက်တိုင်း သွားကြည့်ဖြစ်ပါတယ်။ မြန်မာပြည်မှာအလှဆုံး ဘုရားရှိခိုးကျောင်းကြီးကတော့ ဘာမှ မပြောင်းလဲပါဘူး။ တစ်နှစ်ကတော့ ကျောင်းထဲထိဝင်ပြီး ငယ်စဉ်ကစာသင်ခဲ့ရတဲ့ အဆောက်အဦတွေ၊ ဆော့ကစားခဲ့ရတဲ့ ဘောလုံးကွင်းတွေကို ကြည့်မိပါသေးတယ်။ အဆောက်အဦသစ်တွေတိုးနေပေမယ့် ငယ်စဉ်ကနေရာလေးတွေ ရှိမြဲရှိနေသေးတာတွေ့ရပါတယ်။ တစ်ခါကတော့ ည ၁၀ နာရီလောက်မှာ ကျောင်းရှေ့က လက်ဖက်ရည်ဆိုင်လေးမှာထိုင်ပြီး ကြယ်ရောင်တွေအောက်မှာ မားမားမတ်မတ်ကြီးထိုးထွက်နေတဲ့ ဘုရားရှိခိုးကျောင်းကြီးကို သေသေချာချာ ကြည့်နေမိပါတယ်။

'ကျောင်းကြီးကို တော်တော်သံယောဇဉ်ကြီးပုံရတယ်နော်' အတူထိုင်နေတဲ့ ခေတ်လူငယ်လေးက အံ့သြတကြီးနဲ့ ပြောလိုက်တဲ့စကား ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



(Alma Mater) မိခင်ကျောင်းတော်ဆိုတဲ့ စိတ်ကို ခုခေတ်လူငယ်က ဘယ်နားလည်နိုင်မှာလဲ။ ဒီစိတ်မျိုး အင်မတန်အရေးကြီးတယ်ဆိုတာလည်း သူဘယ်သိတော့မှာလဲ။ မိခင်ကျောင်းတော်၊ မိခင်နိုင်ငံဆိုတဲ့ ချစ်စိတ်၊ တွယ်တာစိတ် လူတိုင်းမှာရှိဖို့ လိုအပ်ပါတယ်။ ဒီလိုချစ်စိတ်၊ တွယ်တာစိတ်တွေကနေပြီးမှ မျိုးချစ်စိတ်ဆိုတာ ပေါ်ထွက်လာနိုင်တာဖြစ်ပါတယ်။ လူငယ်တွေ ကိုယ့်ကျောင်းကိုယ်ချစ်အောင်၊ တွယ်တာအောင် လုပ်ပေးဖို့လိုပါတယ်။ အဲဒီကနေပြီးတော့မှ ကိုယ့်နိုင်ငံကိုယ်ချစ်တတ်လာအောင် လုပ်ရပါတယ်။

ကိုယ့်ကျောင်းကိုချစ်တဲ့ 'မိခင်ကျောင်းတော်'စိတ် ကျောင်းသားတိုင်းမှာရှိနေအောင် ဖန်တီးပေးဖို့လိုပါတယ်။ ဖာသာလဖုန်းတည်ထောင်ခဲ့တဲ့ ကျောင်းကြီးကထွက်လာခဲ့ရတာ နှစ် ၅၀ ပြည့်ကာနီးပါပြီ။ ဒါပေမယ့် ဒီကျောင်းကြီးကို အမြဲတသသနဲ့ လွမ်းဆွတ်နေဆဲပါပဲ။ ၁၀ တန်းကို နှစ်စဉ် ကျသူမရှိ တန်းလုံးကျွတ်အောင်အောင်သင်ခဲ့ကြတဲ့ စည်းကမ်းတင်းကြပ်လှတဲ့ ဘရင်ဂျီဘုန်းကြီးတွေကို သတိရသလို ၁၀ နှစ်လောက် နေ့စဉ်ဆော့ကစားခဲ့ရတဲ့ ဘောလုံးကွင်းကြီး ၃ ကွင်းနဲ့ ဘတ်စကက်ဘောကွင်း၊ ဘော်လီဘောကွင်းတွေ common room လို့ခေါ်တဲ့ အခန်းကျယ်ကြီးထဲမှာ လက်တောက်ခုံတောက်ခဲ့၊ ပင်ပေါင်ကစားခဲ့တာတွေ၊ ကျားနဲ့ မြွေနဲ့ လေ့ခါးကစားခဲ့ရတာတွေ၊ LKG, MKG, HKG ဆိုတဲ့ သူငယ်တန်းကျောင်းသားဘဝက ဒါန်းတို့၊ လျှောတို့၊ ဆီးဆောတို့ ဆော့ကစားခဲ့ရတာတွေကိုလည်း မျက်စိထဲမှာ တရေးရေးနဲ့ အမြဲပြန်လည်မြင်ယောင်နေမိပါတယ်။

ကိုယ်ငယ်ငယ်ကနေခဲ့ရတဲ့ မိခင်ကျောင်းတော်စိတ်မျိုး ဒီခေတ်ကလေးတွေမှာ ရှိလာအောင်လုပ်ဖို့လိုတယ်လို့လည်း စဉ်းစားမိပါတယ်။ မိခင်ကျောင်းတော်စိတ်ဆိုတာမျိုးရှိမှ မိခင်နိုင်ငံဆိုတဲ့စိတ်မျိုးလည်း ရှိလာနိုင်မှာ ဖြစ်တယ်လေ။

၂၀၊ ၁၂၊ ၂၀၀၅။



www.burmeseclassic.com

www.burmeseclassic.com

# ဘာကြောင့်မဖြစ်နိုင်ရမှာလဲ

ဒီဇင်ဘာ ၃၀ ရက်နေ့ကစပြီး အဆုတ်အအေးပတ်ပြီး အသက်ရှူကြပ်၊ ဖျားလိုက်တာ ဒီနေ့ ဇန်နဝါရီ ၃ ရက်နေ့ကျမှပဲ အိပ်ရာကထနိုင်၊ ထိုင်နိုင်ဖြစ်ပါတော့တယ်။ ထနိုင်ပြီဆိုတာနဲ့ စာရေးစားပွဲမှာ ဝင်ထိုင်ရပါတယ်။ တစ်ယောက်ပြီးတစ်ယောက် လာတောင်းတဲ့ ဂျာနယ်၊ မဂ္ဂဇင်းတွေကို အားနာလို့သာ ဝင်ထိုင်ရတာ လူကတော့ ကောင်းလှသေးတာမဟုတ်ဘူး။ အိပ်ရာက ထထိုင်ရုံလေးနဲ့တောင် ဟောဟဲလိုက်အောင်မောနေတာ။ တစ်နေ့ကို ၁၅ နာရီလောက် အောက်ဆီဂျင်ရှူနေပါဆိုတဲ့ ဆရာဝန်ရဲ့ညွှန်ကြားချက်အတိုင်း လိုက်နာပေမယ့်လည်း မောတာနဲ့ ကြပ်တာကတော့ ထူးမခြားနားပါပဲ။

စာရေးတာကတော့ စားပွဲမှာထိုင်ပြီး မလှုပ်မယှက်ရေးတာပဲဆိုပြီး ထိုင်ပေမယ့် ဘယ်ဘက်လက်ချောင်းလေးတွေက ကွေးမရ၊ ဆန့်မရဖြစ်နေလို့ စိတ်တိုရသေးတယ်။ ညာလက်မကောင်းကတည်းက ဘယ်လက်နဲ့ကျင့်ပြီး ရေးလာခဲ့ရတာ။ အခု ဘယ်လက်ပါမကောင်းဖြစ်သွားရင် ဘယ်လိုရေးရပါ့မလဲ။ စိတ်ခတ်ကျစရာတော့ တော်တော်ကောင်းတာပဲ။ စာမရေးလို့ကလည်း မဖြစ်ဘူးလေ။ လွန်ခဲ့တဲ့နှစ် ၂၀၊ ၂၅ နှစ်လောက်ကတည်း သတင်းထောက်တို့၊ အယ်ဒီတာတို့ မျိုးဆက်ပြတ်သွားမှာစိုးလို့ တဖွဖွနဲ့ အဆက်မပြတ်ရေးလာခဲ့တာကလား။ ခုလိုသတင်းဂျာနယ်၊ မဂ္ဂဇင်းတွေ ရာနဲ့ချီပေါ်ထွက်လာကြပြီး စမ်းတဝါးဝါးနဲ့လုပ်နေကြရတဲ့ လူငယ်လေးတွေ လာပြီးအကူအညီတောင်းတဲ့အခါကျမှ ဘေးဖယ်ပြီး ရပ်ကြည့်နေလို့ ဘယ်သင့်တော်မှာလဲ။ စာကတော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ရေးရမှာပဲ။

ကျောင်းသူ၊ ကျောင်းသားတပည့်တွေနဲ့ မိတ်ဆွေစာဝံပသမားတွေ အမြဲအကြံပေးကြသလို ပါးစပ်ကပြော၊ ဒါမှမဟုတ် ကက်ဆက်ခွေနဲ့ အသံသွင်းထားပြီး လိုက်ရေးစေမလား။ ဒါက အပြောသာလွယ်တာ တကယ်တမ်းကျတော့ လူတိုင်း လုပ်နိုင်တာမဟုတ်ဘူး။ မြန်မာစာအရေးအသားသိပ်တော်တဲ့ ဆရာတွေသာ လုပ်နိုင်ကြတာ။ ကိုယ်ကတော့ ချရေးမှ ဝိဘတ်တွေထပ်မထပ်၊ သမ္ဗန္ဓတွေမှန်မမှန် သိနိုင်တာ။ ယုတ်စွအဆုံး သတ်ပုံမှန်မမှန်ဆိုတာတောင် ချရေးပြီး မျက်စိနဲ့ကြည့်မှသိတာ။ ဒီလိုလူမျိုးက ပါးစပ်ပြောနဲ့ရေးလို့ ဘယ်ရမလဲ။ ဒါက ဉာဏ်ကြီးသူတွေရဲ့အလုပ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က သတင်းစာသုံး 'လိုတိုရှင်း'မြန်မာစာသာ ရေးနိုင်တာ၊ ရေးတတ်တာ။ စာရေးဆရာတွေလို စာကိုဖတ်ကောင်းအောင်၊ ချောညက်နေအောင် ရေးတတ်တာမဟုတ်ဘူး။ အဲဒါကြောင့် တခြားနည်းလမ်းစဉ်းစားရတယ်။ ကွန်ပျူတာလေးတစ်လုံး ဆောင်ထားပေမယ့် အင်တာနက်သတင်းကြည့်ဖို့ နိုင်ငံခြားရောက်တပည့်တွေနဲ့ အီးမေးတိုလေးတွေ ပို့ဖို့လောက်သာသုံးတာ။ တစ်ခါတလေ အင်္ဂလိပ်လို စာလေးဘာလေးရေးဖို့လိုတဲ့အခါ ရေးလေ့ရှိပေမယ့် မြန်မာလိုတော့ မရိုက်တတ်ခဲ့ဘူး။ အီလက်ထရောနစ်လက်နှိပ်စက်ခေတ်ကလည်း အင်္ဂလိပ်စာလောက်သာရိုက်တတ်ခဲ့တာ။ မြန်မာစာက အင်္ဂလိပ်လို စာလုံးတွေ တန်းစီရိုက်သွားလို့ရတာမျိုး မဟုတ်ဘူး။ တော်တော်လက်ဝင်တာ။ အသေအချာအလေ့အကျင့်လုပ်မှ ရိုက်တတ်တာမျိုး။ အသက် ၆၀ ကျော် ၇၀ နီးမှ ကလေးတွေလို စာစီစာရိုက်လည်း သင်မနေချင်တော့ဘူးလေ။ ကိုယ့်မှာက တစ်လကို ဆောင်းပါးပုဒ်ရေ ၇၀ ကျော်ရေးနေရတာဆိုတော့ စာရိုက်လေ့ကျင့်ဖို့ အချိန်လည်းမပေးနိုင်ဘူး။

ဒါပေမဲ့ ခုတော့ တစ်ခုခုလုပ်မှဖြစ်တော့မှာ။ ဘယ်လက်ချောင်းကလေးတွေက ဘယ်လောက်ကြာမှ ပုံမှန်ပြန်ဖြစ်မယ်ဆိုတာ မသိနိုင်ဘူး။ ဖြစ်ချင်မှလည်း ဖြစ်တော့မှာ။ ကိုယ်ကလည်း လူမမာကြီးတစ်ယောက်လို အိပ်ရာထဲလှဲပြီး လူ့ဘဝကို အချည်းနှီးနေချင်တဲ့လူစားမျိုး မဟုတ်ဘူး။ လူ့ဘဝနဲ့ပတ်သက်ပြီး ခံယူထားတာက လူဆိုတာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ရမယ်။ လူ့လောကကို အကျိုးမပြုနိုင်တော့ဘူးဆိုရင်တောင် အနည်းဆုံး ကိုယ့်နဲ့အနီးဆုံး ပတ်ဝန်းကျင်ကိုတော့ အကျိုးပြုနိုင်ရမယ်။ ဒီလိုမှ အကျိုးမပြုနိုင်ရင် အသက်ရှင်နေရတာ ဘာအဓိပ္ပာယ်ရှိမှာလဲ။

ကျောင်းသားတွေကိုသင်ပေးလေ့ရှိတဲ့ အင်္ဂလိပ်ဘန်းစကားတစ်ခု ရှိပါတယ်။ Manimal ဆိုတဲ့စကား။ Man နဲ့ animal ဆိုတဲ့ စကားနှစ်ခွန်းကို ပေါင်းစပ်ပြီး အမေရိကန်တွေ တီထွင်ခဲ့တာ။ လူ့လောကကို အကျိုးမပြုဘဲ စားခြင်း၊ အိပ်ခြင်းနဲ့ မျိုးဆက်ပြန့်ပွားရေးတာဝန်လောက်သာ ထမ်းဆောင်ခဲ့သူဟာ တိရစ္ဆာန်နဲ့မထူးတော့ဘူးလို့ ဆိုလိုတာပဲ။ တိရစ္ဆာန်တိုင်းလည်း ဒီတာဝန်သုံးမျိုးကို ဆောင်ရွက်ကြတာပဲလေ။ အဲဒါကြောင့် Manimal လို့ ခေါ်တာ။ တိရစ္ဆာန်နဲ့လူကြားမှာ ခြားနားချက်က အများအကျိုးဆောင်ရွက်ခြင်း ရှိ၊ မရှိဆိုတာ တစ်ချက်ပဲ ရှိတာပါ။

ကိုယ်က အချည်းနှီးလူသားတစ်ယောက် မဖြစ်ချင်ရင် တစ်ခုခုတော့ လုပ်နေရမှာပဲ။ မဖြစ်မနေကို ကြိုးစားပြီး လုပ်ကိုလုပ်ရမှာဖြစ်တယ်။ ကိုယ် လုပ်တတ်တာကလည်း သတင်းစာအလုပ်တစ်ခုတည်းရှိတာ။ ဒီတော့ စာတွေ



www.burmeseclassic.com

www.burmeseclassic.com



ရေးရမှာပေါ့။ ပါးစပ်ပြောနဲ့ရေးမလား။ ဒါလည်း ကိုယ့်စရိုက်နဲ့ မအပ်စပ်ဘူး။ ကိုယ်က ဘာကိစ္စမဆို သူများအပေါ်မှီခိုနေချင်တာမဟုတ်ဘူး။ ကိုယ့်အား ကိုယ်သာ ကိုးချင်တာ။ ဆေးရုံပေါ် ပက်လက်နေရတဲ့ဘဝတုန်းကတောင် ကိုယ့်ရေကိုယ် ဖိတ်တစ်ဝက်၊ စင်တစ်ဝက် ထည့်သောက်တာ။ သူများ ရေတိုက်တာ၊ အစာခွံ့ကျွေးတာ ခံခဲ့တာမဟုတ်ဘူး။ မရှိသေ့စကား အပေါ့အလေးစွန့်တာတောင် အိပ်ရာထဲမှာ အိုးနဲ့မစွန့်ခဲ့ဖူးဘူး။ ရေအိမ်ရှိရာကို ဖင်တရွတ်တွန်းပြီး ရောက်အောင်သွားတာ။

အဲဒီတော့ စာရေးနိုင်အောင်လုပ်ဖို့ တစ်ခုတည်းသောနည်းလမ်းက ကွန်ပျူတာနဲ့ မြန်မာစာရိုက်နိုင်အောင် လေ့ကျင့်ရုံပဲရှိတော့တာပေါ့။ ဘယ်လက်တစ်ဖက်ပဲကောင်းတဲ့လူဆိုတော့ ကျင့်ယူရတာ အချိန်တော့ကြာမှာပဲ။ ကလေးတွေ တစ်လနဲ့ရိုက်နိုင်တာ ကိုယ်က ၃ လရိုက်သင်ရရုံပဲ ရှိမှာပါ။ မဖြစ်ဘဲ၊ မတတ်ဘဲတော့ မနေပါဘူး။ Nothing is impossible under the sun. ဆိုတဲ့ ဆောင်ပုဒ်ကို တစ်သက်လုံးလက်ကိုင်ပြုထားသူပဲ။ ကျောင်းသားတွေကိုလည်း အမြဲတမ်းသင်ပေးခဲ့တာပဲ။ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် အိုင်တီခေတ်လူသား ဖြစ်လာရတော့မှာပါ။ ဘာကြောင့် မဖြစ်နိုင်ရမှာလဲ။

၃၊ ၁၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# စံပြပန်းမြို့တော်ဖန်တီးရေး

ဒီနှစ်ဆောင်းက ဆောင်းပီသတယ်။ ရန်ကုန်မှာတောင် တော်တော်အေးတယ်။ မန္တလေးမှာဆို ချမ်းလိုက်တာတဲ့။ ပြင်ဦးလွင်မှာ ၄ ဒီဂရီရှိပြီး ချင်းတောင်တချို့ဒေသတွေမှာ အနုတ်လက္ခဏာအောက်တောင်ရောက်နေပြီလို့ သိရတယ်။ အအေးကြိုက်တဲ့လူဆိုတော့ အေးတယ်၊ ချမ်းတယ်ဆို သဘောကျတာပါပဲ။

ဒါပေမဲ့ အအေးဆုံးအချိန်တွေဖြစ်တဲ့ ခရစ္စမတ်နဲ့ နှစ်သစ်ကူးဝန်းကျင် အချိန်တွေက အိပ်ရာကမထနိုင်လောက်အောင် ဖြစ်နေတာကြောင့် ချမ်းတဲ့အရသာကို ကောင်းကောင်းမခံစားလိုက်ရဘူး။ စာရေးစားပွဲ ပြန်ထိုင်နိုင်တဲ့ ဇန်နဝါရီ ၈ ရက်၊ ၉ ရက်အချိန်တွေကျတော့ ဆောင်းက ရန်ကုန်ရဲ့ပုံမှန်ဆောင်း ဖြစ်သွားပြီ။ မနက်ပိုင်းလေးလောက်အေးပြီး နေ့ခင်းဘက်ကျတော့ ပူနေပြီ။ ပြင်ဦးလွင်ကဖုန်းလာတော့ အေးလိုက်တာ မကြုံဖူးအောင်ကိုပဲတဲ့လေ။ ဒီနှစ် ချယ်ရီတွေတော်တော်ပွင့်လား မေးတော့ သိပ်မပွင့်ဖူးတဲ့။ ချယ်ရီတွေကို လွမ်းလိုက်တာ။ မိသားစု ကလောက ရန်ကုန်ပြန်ရောက်ကတည်းက ချယ်ရီနဲ့ အဆက်ပြတ်သွားလိုက်တာ ၁၀ နှစ်ကောင်းကောင်းကျော်ရောပေါ့။

ဟိုအရင်ကတော့ ချယ်ရီတွေကိုတွေ့ချင်လွန်းလို့ ဒီဇင်ဘာ ခရစ္စမတ် ရာသီရောက်တိုင်း မိသားစုရှိတဲ့ တောင်ကြီး၊ နောက်တော့ ကလောကို အမြဲသွားခဲ့တာ။ တောင်ကြီးအိမ်ရှေ့တည့်တည့်မှာရှိနေတဲ့ မြစိမ်းတောင်ကြောမှာ ချယ်ရီပန်းတွေ ဝေနေအောင်ပွင့်ရင် ကြည့်လို့ကိုမဝနိုင်ဘူး။ အိမ်ဝိုင်းထဲမှာလည်း ချယ်ရီတွေညွှတ်နေအောင်ပွင့်ကြတာ။ နောက် လေးငါးနှစ်ကြာတော့ မြစိမ်းတောင်ကြောမှာ ချယ်ရီတွေမတွေ့ရတော့ဘူး။ တိုက်တာအိမ်ခြေတွေ ဖြစ်ကုန်ကြပြီ။ မြို့ရွာဖွံ့ဖြိုးမှုရဲ့လက္ခဏာပဲလေ။ ဘယ်တတ်နိုင်မှာလဲ။

မိသားစု ကလောမှာနေတော့လည်း အိမ်ကတောင်ကုန်းလေးထိပ်မှာဆိုတော့ တစ်မြို့လုံးမှာပွင့်နေတဲ့ ချယ်ရီတွေကို အပေါ်စီးကမြင်ရတာ သိပ်လှတာပါပဲ။ တောင်ကြီးအိမ်ရှေ့မှာ မြစိမ်းတောင်ရှိနေသလို ကလောအိမ်ရှေ့တည့်တည့်မှာလည်း မှိုင်းလုံးတောင်ကြီးကို မြင်တွေ့နေရတာကြောင့် ကလောကို သံယောဇဉ်ဖြစ်မိတယ်။ ကလောမှာအခြေချဖို့တောင် စိတ်ကူးခဲ့ကြတယ်။ ကလောမှာအကြိုက်ဆုံးက လေရှူရတာပဲ။ သန့်ရှင်းလတ်ဆတ်တဲ့ လေနုအေး



www.burmeseclassic.com

www.burmeseclassic.com



လေးကိုရှူရတာ ဘာနဲ့မှယှဉ်လို့မရဘူး။ အသက်ရှူကြပ်တဲ့ရောဂါရှိသူဆိုတော့ ကလောလေကိုရှူရတာက ရှူရမှန်းသိသိကြီးကို အဆုတ်ထဲမှာ အားပြည့်သွား တာ။

ရထားနဲ့သွားသွား၊ ကားနဲ့သွားသွား သာစည်နယ်စပ်ကိုကျော်ပြီဆို ကတည်းက ယူကလစ်နံ့သင်းတဲ့ လေနုအေးကလေးက အရင်ဆုံး နှုတ်ဆက် တော့တာပဲ။ သာမန်လူတွေအဖို့ သိသာကောင်းမှ သိသာမှာဖြစ်ပေမယ့် အသက်ရှူမဝတဲ့ ရောဂါသမားအဖို့တော့ တအားကို သိသာတယ်။ တစ်ရှူကို တစ်ရှူမှန်း သိတယ်။ အဆုတ်နှစ်ဖက်စလုံး ပြည့်ဖောင်းသွားသလား ထင်ရ တယ်။ ယူကလစ်နံ့သင်းသင်းလေးလည်းပါလေတော့ လည်ချောင်းတစ် လျှောက် အေးပြီး နေလို့ကောင်းလိုက်တာ။

ပြင်ဦးလွင်သွားတော့လည်း ၂၁ မိုင်အဝင်တုန်းကရှူရတဲ့လေနဲ့ ၂၁ မိုင်အထွက်ရှူရတဲ့လေ နည်းနည်းမှကိုမတူတော့ဘူး။ ၂၁ မိုင်ကျော်လာပြီ ဆိုတာနဲ့ လေကလေးက အေးစိမ့်စိမ့်ပြောင်းသွားတော့တယ်။ ပြင်စာတို့၊ ဘာတို့ကျော်ပြီဆိုရင်တော့ ယူကလစ်နံ့သင်းသင်းထုံထုံကလေးပါ ရှူရှိုက်ရပြီ။ ယူကလစ်နံ့က လူကိုအမောပြေစေတယ်။ လည်ချောင်းထဲမှာ အေးအေးကလေး နေလို့သိပ်ကောင်းတယ်။ တက္ကသိုလ်ကျောင်းသားဘဝတုန်းကတော့ ပျော်ပွဲ စားထွက်တဲ့ရာသီဆို ခရိုင်အသင်း၊ မြို့နယ်အသင်းတွေ၊ ဘာသာရပ်ဆိုင်ရာ အသင်းတွေအားလုံး ပြင်ဦးလွင်ပဲတက်ကြတာ။ ကန်တော်ကြီးထဲမှာ စတည်းချ စားသောက်ပြီးတော့ ဝိုင်းထိုင်ဆော့ကစားကြ၊ အချိန်ကုန်တော့ ပြန်ကြပေါ့။ တစ်ခါတလေ အဖွဲ့သုံးလေးဖွဲ့တောင် ဆုံချင်ဆုံနေတတ်တယ်။ တက္ကသိုလ် ထုံးစံ ပျော်ပွဲစားထွက်တဲ့လ၊ အဆောင်ညစာစားပွဲတွေ ကျင်းပတဲ့လဆိုပြီး သတ်မှတ်ထားလေတော့ မဆုံဘဲကိုမနေပါဘူး။

အပြန်ခရီးမှာတော့ မြို့အထွက်ကပန်းခြံတွေမှာ ကျောင်းသူတွေ ဒေလီယာပန်းရောင်စုံတွေ ဝယ်လေ့ရှိတယ်။ ဒါကြောင့် အပြန်ခရီးမှာတော့ ပန်းကားကြီးဆင်းလာသလိုပါပဲ။ အဲဒီခေတ်က ပြင်ဦးလွင်တစ်မြို့လုံး ချယ်ရီ ပင်တွေချည်း မြင်တွေ့ရပါတယ်။ ဒီဇင်ဘာဆို တစ်မြို့လုံး ချယ်ရီတွေဝေနေပါ တော့တယ်။ ချယ်ရီပင်တွေများသလို ယူကလစ်ပင်တွေလည်းများပါတယ်။ လေအသင့်မှာ လွင့်လွင့်ပါလာတဲ့ ယူကလစ်နံ့ကလေးဟာ ရင်ကိုအေးမြကြည် လင်စေပါတယ်။

ဒီဘက်ခေတ်ရောက်တော့ ပြင်ဦးလွင်မှာရော၊ တောင်ကြီး၊ ကလော ဘက်မှာပါ ချယ်ရီတွေနဲ့ ယူကလစ်ပင်တွေ လျော့နည်းလာတာတွေ့ရပါတယ်။ ကမ္ဘာဇနဲ့ချယ်ရီ၊ ချယ်ရီနဲ့ကမ္ဘာဇဆိုတာ အမြဲတွဲပြီး ပြောလေ့ရှိတဲ့စကားပါ။



www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်ဒေသနဲ့ ထင်းရှူး၊ ယူကလစ်ဆိုတာလည်း သင်္ကေတတစ်ခုပါပဲ။ အဲဒါကြောင့် တောင်ပေါ်မှာ ချယ်ရီတွေဝေစေချင်ပါတယ်။ ပြင်ဦးလွင်၊ တောင်ကြီး၊ ကလောတို့ကို ချယ်ရီမြေပြန့်ဖြစ်အောင် စနစ်တကျ စီမံကိန်းချပြီး ဆောင်ရွက်သင့်ကြပါတယ်။ ချင်းတောင်ရဲ့အလှဟာ တောင်ဇလပ်ဖြစ်သလို ရှမ်းတောင်တန်းရဲ့အလှဟာလည်း ချယ်ရီဖြစ်ပါတယ်။

ပြင်ဦးလွင်တို့၊ ကလောတို့ဆိုတာက စီးပွားရေးမြို့တော်ကြီးတွေမဟုတ်ပါဘူး။ ကလောအနီး အောင်ပန်းက စီးပွားရေးအချက်အချာမြို့ ဖြစ်ပါတယ်။ ပြင်ဦးလွင်ကလည်း မန္တလေးနဲ့ ကျောက်မဲဆိုတဲ့ စီးပွားရေးအချက်အချာမြို့ကြီး နှစ်မြို့ကြားက ညပ်နေတာကြောင့် စီးပွားရေးမဖွံ့ဖြိုးလှပါဘူး။ ဒီမြို့နှစ်မြို့ရဲ့ သဘာဝအလှအပတွေကို မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ပြီး ‘စံပြပန်းမြို့တော်’အဖြစ်သတ်မှတ်ရင် သိပ်ကောင်းမှာပါ။ ရေခံမြေခံတွေ အားလုံးအဆင်သင့်ရှိပြီးသားမို့ သိပ်ပြီး ခက်ခက်ခဲခဲလုပ်ဆောင်ရမယ် မထင်ပါဘူး။ ပန်းမြို့တော်အဖြစ် နိုင်ငံအနှံ့ကပန်းတွေ စိုက်ပျိုးပြသထားရင်း ‘ပန်းပြတိုက်’ကြီးလည်း ဖြစ်လာနိုင်ပါတယ်။ ပထမအဆင့်အနေနဲ့ ချယ်ရီတွေနဲ့ ယူကလစ်နဲ့ သင်းတဲ့ လေနုအေးလေး ပြန်ပြီးဖန်တီးပေးကြပါ။

၁၀၊ ၁၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# လွမ်းနေမိတဲ့ကျောင်းကလေး

ဖိုင်တွဲတွေထဲမှာ လိုချင်တဲ့စာတစ်စောင်ရှာရင်းနဲ့ အင်္ဂလိပ်လက်နှိပ်စက်နဲ့ ရိုက်ထားတဲ့ စာရွက်ကလေးနှစ်ရွက်ကိုတွေ့တာနဲ့ ထုတ်ယူပြီးကြည့်လိုက်မိပါတယ်။ ကျောင်းသားတွေကို စာသင်နေစဉ်တုန်းက သင်ပေးခဲ့တဲ့စာလေး တစ်ပုဒ်ဖြစ်နေတာ တွေ့ရပါတယ်။

အဲဒီစာရွက်ကလေးကို ပြန်ဖတ်ရင်းနဲ့ စာသင်ခန်းလေးကို မျက်စိထဲ ပြန်ပြီး မြင်ယောင်လာပါတယ်။ စာသင်ခန်းထဲမှာ စာပွဲရှည်ကြီး ၃ လုံးနဲ့ ကုလားထိုင်တွေမှာ ကျောင်းသူ၊ ကျောင်းသား အရွယ်စုံတွေထိုင်နေကြပါတယ်။ ၁၀ တန်းအောင်ပြီးစ ကလေးတွေပါသလို ဆရာဝန်အင်ဂျင်နီယာဖြစ်ကာစ လူငယ်တွေလည်း ပါပါတယ်။ တစ်ခါတလေ ကိုယ့်ထက်အသက်အရွယ်ကြီးတဲ့ ပင်စင်စားကြီးတွေတောင် ပါတတ်ပါတယ်။ ဂျပန်၊ ဗီယက်နမ်၊ တရုတ်၊ ထိုင်းဘုန်းကြီး၊ လာဘုန်းကြီး၊ မြန်မာဦးပဉ္ဇင်းနဲ့ ကိုရင်လေးတွေလည်း ပါလေ့ ရှိပါတယ်။ ခင်ပွန်းသည်တွေရဲ့ကုမ္ပဏီအလုပ်နဲ့ မြန်မာပြည်လိုက်လာကြပြီး မပြန်မချင်း သုံးလေးနှစ်တက်သွားတဲ့ ဂျပန်အိမ်ရှင်မတွေလည်း ဒါဇင်ဝက် လောက် ရှိပါတယ်။ အံမယ် ဂျပန်ပြန်တော့ သူတို့က အင်္ဂလိပ်စာသင်တဲ့ ဆရာမတွေ၊ ဘာတွေတောင် ဖြစ်သွားကြပါသေးတယ်။

နှစ်ပေါင်း ၂၀ ကျော် မနက် ၉ နာရီက ည ၉ နာရီ တစ်ပတ်ကို ၇ ရက် မရပ်မနားသင်လာခဲ့တဲ့ ကျောင်းကလေးကို လွမ်းမိသေးတော့တယ်။ စကားပြောသင်တန်းဆိုတော့ ကျောင်းစာသင်တာလို ဘောင်မရှိ၊ စည်းမရှိ ဆိုတော့ လွတ်လပ်ပြီး ပျော်စရာကောင်းပါတယ်။ ကိုယ်ပျော်သလို ကျောင်းသား တွေလည်း ပျော်ကြပါတယ်။ ကျောင်းမှာ ပြဋ္ဌာန်းစာအုပ်မရှိ၊ အချိန်ဇယားမရှိ၊ ဘာသတ်မှတ်ချက်မှ မရှိပါဘူး။ မနက် ၉ နာရီက ည ၉ နာရီအတွင်း လာ ချင်တဲ့အချိန်လာ၊ ပြန်ချင်တဲ့အချိန်ပြန်၊ မပြန်ချင်လို့ တစ်နေ့လုံးနေလည်း ရတယ်။ အချိန်ပေးနိုင်လို့ ၁၀ နှစ်တက်နေလည်း ရတယ်။ တစ်ခါ ကျောင်း အပ်ပြီးရင် တစ်သက်လုံးကျောင်းသားပဲ။

အဲဒီတော့ ကောလိပ်ကျောင်းသားတွေက သဘောကျကြတယ်။ ပထမ နှစ် စရောက်တုန်းကလာတက်၊ ကျောင်းပိတ်တော့အိမ်ပြန်၊ နောက်တစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြန်ဖွင့်တော့ ပြန်တက်၊ အသစ်အပ်စရာမလို၊ ကျောင်းလခပေးစရာ မလိုတော့ဘူး။ ကျောင်းရဲ့ဆောင်ပုဒ်ကိုက တစ်ခါကျောင်းသားဖြစ်ရင် တစ်သက်လုံး ကျောင်းသားပဲ။

အတန်းထဲမှာ ပြောချင်တာပြော၊ ဖတ်ချင်တာဖတ်၊ ငြင်းခုံဆွေးနွေး လုပ်ချင်တာလုပ်လို့ရတယ်။ အင်္ဂလိပ်လိုပြောနေရင် ကြိုက်တာပြောပဲ။ ဆရာလုပ်တဲ့သူက သင်ချင်စိတ်ပေါ်တဲ့အချိန် ထသင်လိုက်တာပဲ။ ကဗျာတစ်ပုဒ်သင်ချင်လည်း သင်မယ်။ ဝတ္ထုတိုတစ်ပုဒ်သင်ချင်လည်း သင်မယ်။ တိုင်းမဂ္ဂဇင်းက ဆောင်းပါးတစ်ပုဒ်သင်ချင်လည်း သင်မယ်။ တစ်ခါတလေ တစ်နေ့လုံး သီချင်းတွေဖွင့်ပြီး သင်ချင်သင်တာ။ တစ်ခါတလေကျတော့ ဗီဒီယိုကြည့်ပြီး ပြောစကားတွေနားလည်အောင် ရှင်းပြတာလုပ်ချင်လုပ်တယ်။ တစ်ခါတလေကျတော့ ဆရာကဖြူတယ်လို့ အကျိုးအကြောင်းနဲ့ပြောတာကို ကျောင်းသားတွေကို မည်းတယ်လို့ အငြင်းခိုင်းချင်ခိုင်းတယ်။ ဆရာကို ပြန်ငြင်းရဲတဲ့သတ္တိရှိအောင်လုပ်တာ။ ပြီးတော့ ငြင်းခုံဆွေးနွေးခြင်းဆိုတဲ့ ယဉ်ကျေးမှုတစ်ရပ်ထွန်းကားအောင် လေ့ကျင့်ပေးတာ။ သင်ကြားမှုအစီအစဉ်တွေ အမျိုးမျိုးအနက်မှာ ဒီငြင်းခုံဆွေးနွေးတဲ့အစီအစဉ်ကို ကျောင်းသားတွေက တော်တော်ပွဲတောင်းကြတယ်။ စိတ်ဝင်စားစရာအကြောင်းအရာကို ဆရာက ရွေးချယ်သလို တစ်ခါတလေ ကျောင်းသူ၊ ကျောင်းသားတွေကိုယ်တိုင် ရွေးချယ်တာလည်းရှိတယ်။ တော်တော်စိတ်ဝင်စားစရာခေါင်းစဉ်တွေ ပါတတ်တယ်။ ဥပမာ ဆေးပညာအခေါ် euthanasia ၊ အရပ်ခေါ် mercy killing ဆိုတဲ့ ဝေဒနာမခံစားရအောင် အသက်ကိုအဆုံးသတ်ပေးတာ လုပ်သင့် မလုပ်သင့်၊ သေစား သေစေပြစ်ဒဏ်ပေးတာ လူ့လောကမှာ ရှိသင့် မရှိသင့်၊ surrogate motherhood ဆိုတဲ့ အငှားကိုယ်ဝန်ဆောင်မှု လုပ်သင့် မလုပ်သင့်၊ gay တွေကို တရားဝင်လက်ထပ်ခွင့် ပြုသင့် မပြုသင့်၊ ကော်ပီသီချင်းတွေ ရှုတ်ချသင့် မသင့်၊ ကလေးတွေကို ကြိမ်လုံးကိုင်ပြီးသင်ဖို့ သင့် မသင့်၊ လက်ဖက်ရည်ဆိုင်ထိုင်တာ အပြစ်ဖြစ် မဖြစ်၊ ကျောင်းနေရင်းရည်းစားထားတာ ကောင်း မကောင်း စတဲ့အကြောင်းအရာတွေ အများကြီးဆွေးနွေးဖြစ်ကြတယ်။ အဲဒီအချိန်က ကလုံးခေါ်တဲ့ ပုံတူမျိုးပွားလုပ်တာမပေါ်သေးလို့ ပေါ်နေရင် ကလုံးလူသား လုပ်သင့် မလုပ်သင့် သိပ်ဆွေးနွေးစေချင်တာ။

လူငယ်တွေနဲ့ လူကြီးပေါက်စတွေဆိုတော့ ငြင်းခုံဆွေးနွေးရတာ ပျော်ကြတယ်။ ဗဟုသုတလည်းရတယ်လို့ သဘောထားကြတယ်။ မြန်မာ့လူမှုအစဉ်အလာက ငြင်းခုံတာကို သိပ်အားပေးလေ့ရှိတာ မဟုတ်ဘူးမို့လား။ အထူးသဖြင့် ကိုယ့်ထက်ကြီးသူကို ပြန်ပြီးငြင်းခုံတာကို မရှိမသေပြုတာ

www.burmeseclassic.com



အာခံတာလို့ သဘောထားတတ်သူက များတာ။ ဒါကြောင့် ခေတ်လူငယ်တွေကို ငြင်းခုံဆွေးနွေးတဲ့ယဉ်ကျေးမှု နားလည်အောင် မိတ်ဆက်ပေးတာ။ တကယ်က ငြင်းခုံတာဟာ အာခံတာမဟုတ်ပါဘူး။ အဖြေရှာနည်း တစ်မျိုးပါ။ မှန်ကန်တဲ့ အတွေးအခေါ်၊ အယူအဆဆိုတာ မိုးပေါ်ကကျလာတာမျိုးမှ မဟုတ်တာ။ ရှေးလူတွေ ငြင်းခုံဆွေးနွေးရာက ပေါ်ထွက်လာကြရတာမဟုတ်လား။ ငြင်းခုံရတာ ပျော်စရာကောင်းကြောင်း လူငယ်တွေသိအောင် လုပ်ပေးတာပါ။ တော်တော်အောင်မြင်ပါတယ်။ လူငယ်တွေ သဘောကျကြတယ်။ ဒီစာအစက ပြောခဲ့တဲ့ အင်္ဂလိပ်လိုရေးထားတဲ့ စာရွက်ကလေးနှစ်ရွက်က အဲဒီလို ငြင်းခုံထားတဲ့ ချေပချက်နမူနာလေးတစ်ခုပါ။ နောင်ကြုံမှ အဲဒီစာထဲကအကြောင်းလေး ပြောပြပါဦးမယ်။ ဒီတစ်ပတ်တော့ (ကိုယ့်ခရာကိုယ်မှုတ်) ကိုယ့်ငါးချဉ် ကိုယ်ချဉ်ဆိုသလို ကိုယ့်ကျောင်းကြော်ငြာဖြစ်သွားပြီ။ မရှိတော့တဲ့ ကျောင်းကလေးကိုလွမ်းမိလို့ ရေးလိုက်တာပါ။ ကျောင်းရှိနေတုန်းက ကြော်ငြာဖို့ နေနေသာသာ ဆိုင်းဘုတ်တောင်တပ်မထားပါဘူး။ နှစ်ပေါင်း ၂၀ ကျော်သင်လာခဲ့တဲ့ လက်ချာမျိုးစုံ၊ စာမျိုးစုံတွေ နည်းတာမှတ်လို့။ ဒါပေမယ့် ကျောင်းဖွင့်ထားတုန်းကလည်း ဘာစာအုပ်မှထုတ်ပြီး မရောင်းခဲ့ပါဘူး။ ပညာရေးဗန်းပြပြီး ပိုက်ဆံရှာစားတဲ့ ပညာရေးပွဲစားဖြစ်သွားမှာစိုးလွန်းလို့ပါ။ အခုလည်း တချို့က စာအုပ်ထုတ်ချင်လို့ လာတောင်းတဲ့တပည့်ဟောင်းတွေ ရှိပါတယ်။ အခုထိ ဘယ်သူ့မှ ပေးမထုတ်ခဲ့ပါဘူး။

စာမသင်နိုင်တော့ပေမယ့် ကျောင်းသူ၊ ကျောင်းသားဟောင်းတွေကတော့ အဝင်အထွက် ပြတ်လှတယ်မရှိပါဘူး။ အဲဒါကြောင့် စာသင်ခန်းလေးကို အမြဲပဲ သတိရရနေတတ်ပါတယ်။ ကျောင်းကလေးမရှိတော့ပေမယ့် စားပွဲပေါ်က ပန်းအိုးကလေးကတော့ ရှေးကအတိုင်း ရှိမြဲရှိဆဲပါပဲ။ အခုလည်း ရှေ့မှာ ကာနေးရှင်းပန်းရောင်လေးတွေဝေလို့ ရှိနေပါသေးတယ်။ အနှစ် ၂၀ လောက် ပြန်ပြီးငယ်ပစ်လိုက်ချင်တယ်။ ကျောင်းကလေးပြန်ဖွင့်ပြီး ငြင်းခုံခြင်းယဉ်ကျေးမှုလေးထွန်းကားအောင် လူငယ်လေးတွေကို လေ့ကျင့်ပေးချင်ပါသေးတယ်။

၁၆၊ ၁၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# ရယ်စရာထင်က ရယ်ကြပါလေ

အချိန်တွေများ အကုန်မြန်လိုက်တာ။ စာရေးပြီး ရက်စွဲတပ်တဲ့အခါ ၂၀၀၅ လို့ လက်က ရေးကျင့်တောင်မပျောက်ချင်သေးဘူး။ ၂၀၀၆ ရဲ့ ပထမလတောင် ကုန်သွားပြီ။ မြန်တာမှ တော်ရုံမြန်တာမဟုတ်ဘူး။ ငှက်ပျံသလို မြန်တာ။ ဒါကြောင့် အင်္ဂလိပ်တွေက 'time flies'လို့ ပြောကြတာနေမှာ။

တစ်နှစ်ကုန်လို့ တစ်နှစ်ပြောင်းသလို အသက်လည်း တစ်နှစ်ပိုကြီးလာတာပေါ့လေ။ ကိုယ်တစ်ခြမ်းသေတဲ့ လေဖြတ်ရောဂါသည်အဖြစ်နဲ့ သေမင်းကို ရင်ဆိုင်အန်တုလာခဲ့တာတောင် ဘာလိုလိုနဲ့ ၂၅ နှစ်ပြည့်ခဲ့ပြီ။ ဖြစ်စတုန်းကတော့ ကိုယ့်ဟာကိုယ်လည်း နေရမယ်မထင်ခဲ့ဘူး။ ဘယ်သူကမှလည်း မထင်ကြဘူး။ ဒီလိုနဲ့ပဲ လဲလိုက်၊ ရုန်းထလိုက်၊ ထပ်လဲလိုက်၊ ထပ်ရုန်းထလိုက်နဲ့ ရှင်သန်နေခဲ့တာ ငွေရတုတောင်ဆင်နွှဲလို့ရပြီ။ အခြေအနေဆိုးသထက် ဆိုးလာတဲ့ အဆုတ်ကြောင့် နှာခေါင်းပိုက်တပ်ပြီး အောက်ဆီဂျင်ရအောင် ယူနေခဲ့ရတာတောင် ဘာလိုလိုနဲ့ ၃ နှစ်တိုင်ခဲ့ပြီလေ။ လူတိုင်း အလကားရနေတဲ့လေကိုတောင် ပိုက်ဆံပေးပြီးရှူနေရတာ ရယ်စရာတော့အကောင်းသား။

ရယ်တော့ မရယ်နိုင်ပါဘူး။ ရယ်တယ်ဆိုတာလည်း ခွန်အားစိုက်ထုတ်မှု လုပ်ရသေးတာဆိုတော့ မောပါတယ်။ ထိုင်နေရင်သာကောင်းတာ၊ အလှုပ်ကို မခံဘူး။ အိပ်နေရာက ထထိုင်လိုက်လည်း မောတယ်။ ထိုင်နေရာက ထလိုက်တာလည်း မောတယ်။ စာအုပ်ကလေး ထယူလိုက်လည်း မောတာပဲ။ လှုပ်ရှားလိုက်တာနဲ့ ခွန်အားကထုတ်လိုက်ရတာကိုး။ အဲဒီထုတ်လိုက်ရတဲ့ခွန်အားပြည့်အောင် အောက်ဆီဂျင်က ပံ့ပိုးပေးရတယ်လေ။ အဆုတ်နှစ်ဖက်စလုံးက သိပ်ပြီး ကောင်းတော့တာမဟုတ်တော့ ခန္ဓာကိုယ်အတွက် လုံလောက်တဲ့ အောက်ဆီဂျင်ကို ရှူသွင်းမပေးနိုင်တော့ဘူး။ ဒီတော့ ဟောဟဲ၊ ဟောဟဲနဲ့ မောတော့တာပေါ့။ ဆေးလိပ်သောက်တဲ့လူငယ်တွေကို တစ်နေ့တာပဲ လာထိုင်ကြည့်စေချင်တယ်။ ကုန်းပေါ်ပစ်တင်ထားတဲ့ ရေထဲကငါးလို ပါးစပ်ကြီးဟဟပြီး အမောတကောနဲ့ အသက်ရှူနေရတာကို တွေ့စေချင်တယ်။ နှစ် ၄၀ လောက် ဆေးလိပ်ကို စွဲစွဲမက်မက်ကြီးသောက်လာခဲ့တဲ့ ရလဒ်တွေကို လူငယ်တွေ မြင်စေ၊ တွေ့စေချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'အခုမှ နှမျောကြသလား ရှင်တို့ရဲ့ သုမနကျောမလေ ဒဏ်ရာတွေနဲ့' ဆိုတဲ့သီချင်းလို ခုမှ နောင်တရ၊ ဝမ်းနည်းပြီး ငိုပြနေတာမဟုတ်ပါဘူး။ ဆေးလိပ်ရဲ့ဒဏ် ဘယ်လောက်ပြင်းတယ်ဆိုတာကို မြင်တွေ့စေချင်ရုံ သက်သက်ပါ။ ဆေးလိပ်ဖြတ်တာ၊ မဖြတ်တာကတော့ သူတို့သဘောပါ။ ဖြတ်ပါဆိုတိုင်း ရတာမှမဟုတ်တာ။ ကိုယ့်တုန်းကလည်း ဆေးလိပ်သောက်တာ ကောင်းတယ်ထင်လို့ သောက်တာမှမဟုတ်ဘဲ။ မကောင်းမှန်းသိသိကြီးနဲ့ မိုက်မဲခဲ့တာပဲ။ ကိုယ့်မိုက်ပြစ် ကိုယ်ခံရတာမို့ ဝမ်းမနည်းပါဘူး။ ဆရာဝန်တွေ ဘယ်လောက်ပြောပြော ကိုယ်တိုင်ဖြတ်ချင်စိတ်မရှိသရွေ့ ဘယ်တော့မှ မပြတ်ပါဘူး။ ကိုယ်တိုင်ဖြတ်ချင်စိတ် တကယ်ရှိရင်လည်း ဖြတ်ရတာလွယ်ပါတယ်။ တိခနဲကို ဖြတ်ပစ်လိုက်တာပါပဲ။ ကွမ်းယာတို့၊ ဗလရှင်ဆေးပြားတို့နဲ့ အစားထိုးစရာ မလိုပါဘူး။ အဓိကကျတာက 'စိတ်'ပါပဲ။ စိတ်ကပြတ်ရင် လွယ်ပါတယ်။ စိတ်ကိုကမပြတ်ရင်တော့ ပြန်သောက်ဖြစ်တာပါပဲ။

အစကတည်းက မသောက်တာအကောင်းဆုံးပါပဲ။ စမိရင် စွဲမှာကတော့ သေချာတယ်။ စွဲတဲ့လူကို ဖြတ်ဖို့ပြောလို့ မရပါဘူး။ မစသေးတဲ့သူတွေကိုသာ မစမိအောင် ပညာပေးဖို့၊ လှုံ့ဆော်ဖို့လိုပါတယ်။ လှုံ့ဆော်ပညာပေးမှု အားကောင်းရင် ကောင်းသလောက် အောင်မြင်ပါတယ်။ အနောက်နိုင်ငံတွေမှာတော့ ဆေးလိပ်သောက်ခြင်းဟာ 'မယဉ်ကျေးမှု'လို့ သဘောထားနေကြပါပြီ။ ပညာတတ်လူယဉ်ကျေးတွေ ဆေးလိပ်မသောက်ကြတော့ပါဘူး။ မြန်မာနိုင်ငံမှာလည်း ပညာတတ်လူငယ်လေးတွေ စီးကရက်လက်ကြားညှပ်တာ တော်တော်နည်းလာတာ သတိထားမိပါတယ်။ ဝမ်းသာစရာဖြစ်ပါတယ်။ ဒါပေမဲ့ ဆေးလိပ်ယဉ်ကျေးမှုပျောက်ပြီး 'ဘီယာယဉ်ကျေးမှု' ထွန်းကားမလာအောင်လည်း ပညာပေးလှုံ့ဆော်မှုတွေ များများလုပ်ဖို့လိုပါတယ်။

အသက်တစ်နှစ်ပိုကြီးလာတာနဲ့အမျှ ကိုယ့်အကြောင်းကိုယ် ရေးထားခဲ့ဖို့ တိုက်တွန်းကြတာတွေလည်း များသထက်များလာပါတယ်။ ခုခေတ်လူငယ်လေးတွေက ရှေးဟောင်းနှောင်းဖြစ်တွေကို တယ်ပြီးမသိကြလေတော့ သိချင်ကြပါတယ်။ ဒါပေမယ့် ကိုယ်တိုင်ကတော့ ကိုယ့်အကြောင်းကိုယ်ရေးဖို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ကိုယ့်အကြောင်းဆိုတာက မြန်မာနိုင်ငံက ရှိရှိသမျှလူတွေနဲ့ အတူတူပါပဲ။ ဘာမှထူးပြီးစိတ်ဝင်စားစရာ ကောင်းလှတာ မဟုတ်ပါဘူး။ ကိုယ်ဖြတ်သန်းကြုံတွေ့ခဲ့ရသမျှကို လူတိုင်းဖြတ်သန်းကြုံတွေ့ခဲ့ကြရတာပဲ မဟုတ်လား။

နောက်ပြီးတော့ ၂၀ ရာစုနှောင်းပိုင်း မြန်မာစာပေလောကမှာ နေတစ်ဆူလတစ်ဆူလို ထင်လင်းတဲ့ ဇော်ဂျီ၊ မင်းသုဝဏ်ဆိုတဲ့ ဆရာနှစ်ဆူကို အထူးကို



www.burmeseclassic.com

www.burmeseclassic.com



ကြည်ညိုလေးစားခဲ့တာဖြစ်လေတော့ ဆရာတို့ညွှန်ပြသွားခဲ့တဲ့ အဆုံးအမတွေကိုလည်း ဦးထိပ်ထားခဲ့ပေတာကိုး။ ဆရာဇော်ဂျီရော ဆရာမင်းသုဝဏ်ပါ ကဗျာတွေ၊ စာတွေ ရေးသားပြုစုခဲ့ကြ၊ ဘာသာပြန်ဆိုပေးခဲ့ကြတာ နည်းတာမှတ်လို့။ ဒါပေမဲ့ ဆရာတို့ရဲ့စာတွေထဲမှာ ဆရာတို့ရဲ့အတ္တ၊ ဆရာတို့ရဲ့ ပုဂ္ဂလိကကိစ္စတွေ တစ်လုံးတစ်ပါဒမှ မပါရှိခဲ့ဘူး။ ဆရာတို့စာတွေထဲကနေပြီး ကိုယ်ရည်သွေးမှုတွေဆိုတာလည်း မတွေ့နိုင်ဘူး။ ယုတ်စွအဆုံး ဆရာတို့ မိသားစုအကြောင်းလေးတောင်မှ မသိနိုင်ကြဘူး။

ဆရာတို့ရေးခဲ့သမျှ စာတွေ၊ ကဗျာတွေ၊ ဘာသာပြန်ဆိုခဲ့သမျှတွေဟာ ဆရာတို့ လေ့လာမှတ်သားမိသမျှတွေကို နောင်းလူတွေအတွက် မျှဝေခဲ့တာတွေပဲ ဖြစ်တယ်။ အဲဒီစံနမူနာကောင်းကို လေးစားအတုယူပြီး ကိုယ်ရေးခဲ့သမျှ စာနယ်ဇင်းအကြောင်း သောင်းပြောင်းထွေလာ ဆောင်းပါးမှန်သမျှမှာ ကိုယ်ဘယ်တုန်းက ဘာလုပ်ခဲ့တယ်ဆိုတာတွေ ကင်းစင်နိုင်သမျှ ကင်းစင်အောင် သတိထားပြီး ပညာရှင်တွေက ဘာပြောတယ်၊ လူကြီးသူမတွေက ဘယ်လိုဆိုဆုံးမတယ်ဆိုတာမျိုးတွေသာ ရွေးပြီးရေးခဲ့တာဖြစ်တယ်။

ပုဂ္ဂလိကကိစ္စအနေနဲ့ ဒုက္ခိတဘဝမှာ ဘယ်လက်နဲ့ စာကို ဘယ်လိုအရေးကျင့်ပြီး ရေးခဲ့တယ်ဆိုတာကိုသာ မကြာခဏရေးခဲ့ပါတယ်။ ဒီလိုရေးခဲ့တာလည်း ကိုယ့်ကို လူသနားအောင် ရေးတာမဟုတ်ပါဘူး။ သနားပါတယ်လို့ အပြောခံရတာ မကြိုက်ဆုံးပါပဲ။ ရေးရတာက လူငယ်တွေကို အားတက်စေချင်လို့ပါ။ စိတ်ဓာတ်တွေ မကျစေချင်လို့ပါ။ ဒုက္ခိတလူအိုကြီးတစ်ယောက်က လူငယ်တွေကို အားပေးနေရတယ်ဆိုတာ ရယ်စရာကြီးလို့ထင်ချင်လည်း ထင်ပါ။ တကယ်ကို စိတ်ဓာတ်တွေမကျအောင် အားပေးနေရတာပါ။

၂၂၊ ၁၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# သင်စိုက်ပျိုးသောအရာကို သင်ရိတ်သိမ်းရလိမ့်မည်

တရုတ်နှစ်သစ်ကူးနေ့က တပည့်ဟောင်းတစ်ယောက် ရောက်လာပြီး လက်ဆောင်လေးနဲ့ နှုတ်ဆက်ပါတယ်။ ရောက်တတ်ရာရာပြောကြရင်း သူ့အလုပ်အကိုင်အကြောင်းရောက်တော့ သူ အလုပ်အကိုင် တော်တော် အဆင်ပြေတဲ့အကြောင်း၊ အလုပ်ကိစ္စနဲ့ နိုင်ငံခြားကို နှစ်လတစ်ခေါက်၊ သုံးလ တစ်ခေါက်လောက် သွားနေရကြောင်းပြောပြလို့ ဝမ်းသာရပါတယ်။ ဒါ့အပြင် လုပ်ငန်းစတည်ထောင်စက သူနဲ့အတူတွဲလုပ်တဲ့ မိတ်ဆွေနှစ်ယောက်တော့ ကုမ္ပဏီပိတ်လိုက်ရပြီး ရှမ်းပြည်နယ်ပြန် ကုန်ကားထောင်နေကြကြောင်း ဆက်ပြောပြပါတယ်။

သူက အစဖော်ပြောတော့မှ တစ်ချိန်က သူ လုပ်ငန်းထဲမှာအဆင်မပြေလို့ တော်တော်စိတ်သောကရောက်ခဲ့ရတာတွေကို ပြန်အမှတ်ရမိပါတယ်။ သူက သူငယ်ချင်းနှစ်ယောက်နဲ့အတူ ကုမ္ပဏီတစ်ခုထောင်ပြီး ဂျပန်က အလှကုန် ပစ္စည်းတွေ တင်သွင်းရောင်းချပါတယ်။ အသွားအပြန်အဖြစ် မြန်မာပြည်က ပဲတွေကို ဂျပန်ပြန်ပို့ပါတယ်။ လူငယ်လူရွယ်တွေဆိုတော့ တက်တက်ကြွကြွနဲ့ လုပ်ကြကိုင်ကြလေတော့ လုပ်ငန်းက အတော်အတန်အောင်မြင်ပါတယ်။ အောင်မြင်လာတဲ့အခါမှာ လူတွေဟာ အောင်မြင်မှုရဲ့အရသာကို ကောင်းကောင်းကြီး သိသွားတဲ့အတွက် ပိုပိုပြီးအောင်မြင်ချင်လာလေ့ရှိပါတယ်။ အဲဒီအခါ အောင်မြင်မှုပိုရဖို့အတွက် ဘယ်နည်းနဲ့ပဲရရ အောင်မြင်ဖို့အဓိကဆိုတဲ့ စိတ်မျိုး ပေါ်ပေါက်လာပါတော့တယ်။ အဲဒီစိတ်ကြောင့် မသမာတဲ့နည်းလမ်းတွေလည်း သုံးလာကြပါတယ်။

အဲဒီမှာတင် ပြဿနာစဖြစ်ပါတယ်။ တပည့်ဖြစ်သူက ရိုးရိုးသားသားပဲ လုပ်ချင်ပါတယ်။ မသမာတဲ့နည်းလမ်းတွေနဲ့လုပ်တာ ကုမ္ပဏီရဲ့ ရေရှည်အကျိုးစီးပွားကို ထိခိုက်စေနိုင်ကြောင်း ထောက်ပြကန့်ကွက်ပါတယ်။ ဒါပေမဲ့ နှစ်ယောက်နဲ့တစ်ယောက်ဆိုတော့ သူ့စကားက အရာအရောက်ပါဘူး။ နောက်ဆုံးကျတော့ သူ ကုမ္ပဏီကထွက်လိုက်ပါတယ်။ ရသင့်ရထိုက်တဲ့ သူ့ဝေစုကိုပဲ ယူပြီး အေးအေးဆေးဆေးပဲ ထွက်ခဲ့တာပါ။ ကုမ္ပဏီကိုတော့ ကျန်နှစ်ဦးကပဲ ဆက်လုပ်ကြပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တပည့်ဖြစ်သူက အေးအေးဆေးဆေးထွက်ခဲ့ပေမယ့် ကျန်နှစ်ယောက်က အေးအေးဆေးဆေးမနေကြပါဘူး။ ကုမ္ပဏီနဲ့ သူနဲ့ ဘာမှမသက်ဆိုင်တော့ကြောင်း၊ သူနဲ့ ဆက်သွယ်လုပ်ဆောင်တဲ့ ငွေရေးကြေးရေးကိစ္စများအတွက် ကုမ္ပဏီကတာဝန်မယူကြောင်း သတင်းစာမှာ ထည့်သွင်းကြော်ငြာလိုက်ပါတယ်။ ဒီကြော်ငြာက သူ့အပေါ် ယုံထင်ကြောင်ထင်ဖြစ်စေနိုင်တာကြောင့် တပည့်ဖြစ်သူက မခံမရပ်နိုင်ဖြစ်ပြီး တုံ့ပြန်ကြော်ငြာဖို့ လာပြီးတိုင်ပင်ပါတယ်။ သူတို့ရဲ့ မသမာတဲ့လုပ်ရပ်တွေအကြောင်းပါ ထည့်သွင်းကြော်ငြာမယ်လို့လည်း ပြောပါတယ်။

အဲဒီအခါ သူ့ကို ဥပမာလေးတစ်ခုပြောပြီး မလုပ်ဖို့တားခဲ့ပါတယ်။ ကိုယ်ကုန်းပေါ်ကလမ်းလျှောက်လာချိန်မှာ အောက်ကရေအိုင်ထဲမှာ ရွှံ့ဗွက်တွေနဲ့ လူးလိမ့်ဆော့ကစားနေတဲ့ လူတစ်စုက ရွှံ့တွေနဲ့လှမ်းပေါက်ကြတယ်။ ကိုယ်က စိတ်ဆိုးပြီး လက်တုံ့ပြန်ဖို့ ရွှံ့ဗွက်ထဲဆင်းပြီးရွှံ့ခူးရင် ကိုယ်ပါရွှံ့ပေမှာဖြစ်တယ်ဆိုတဲ့ ဥပမာလေးပြောလိုက်တာပါ။

'ရွှံ့နွံထဲ မဆင်းပါနဲ့။ သူတို့ကို အရေးမစိုက်ဘဲ ကိုယ့်လမ်းကိုယ် ဆက်လျှောက်ပါ'လို့ သူ့ကို အကြံပေးလိုက်ပါတယ်။ သူက တော်တော်နဲ့ ဒေါသမပြေပါဘူး။ ရှူးရှူးရှားရှားဖြစ်နေပါတယ်။ သူတို့ရဲ့ မသမာမှုတွေကို ထုတ်ဖော်ကြေညာလိုက်ရင် ဒုက္ခလှလှကြီးတွေ့မယ်လို့ ကြိမ်းဝါးပါတယ်။

ဟောဒီစကားကို ပြောလိုက်မှ သူကြိမ်းဝါးတာ ရပ်သွားပါတယ်။ 'You will reap what you sow.' 'သင်စိုက်ပျိုးသောအရာကို သင်ရိတ်သိမ်းရလိမ့်မည်' ဆိုတဲ့ သမ္မာကျမ်းစာလာစကားလေး ရှိတယ်ကွဲ့။ မြန်မာမှာလည်း 'မည်သူမပြု မိမိမှု'ဆိုတဲ့စကား ရှိပါတယ်။ ကိုယ်ပြုတဲ့ကောင်းမှု၊ မကောင်းမှုရဲ့ အကျိုးတရားကိုပဲ ကိုယ်ပြန်ခံစားရမယ်ဆိုတဲ့ သဘောပေါ့။ ကိုယ်က ကောင်းတာလုပ်ရင် ကောင်းတဲ့အကျိုးခံစားရမယ်။ ကိုယ်ကမကောင်းတာလုပ်ရင် မကောင်းတဲ့အကျိုးကို ပြန်ရမှာပဲ။ သူတို့ လုပ်ချင်တာလုပ်ပါစေ။ ရန်ကုန်က စီးပွားရေးလောကဆိုတာ သေးသေးကျဉ်းကျဉ်းလေးပါ။ ဘယ်သူတွေ ဘာလုပ်နေတယ်ဆိုတာ လူတိုင်းသိပါတယ်။ မင်း ဘာမှပြန်ပြီး ချေပတာ၊ လက်တုံ့ပြန်တာ မလုပ်ပါနဲ့။ ကိုယ့်လမ်းကိုယ်သာ တည့်တည့်လျှောက်ပါ။'

အကျိုးသင့်အကြောင်းသင့်ပြောပြီး နားချလိုက်တာကို သူ လက်ခံသွားပါတယ်။ ဘာမှ ပြန်မကြေညာတော့ပါဘူး။

အဲဒီနောက်တော့ တပည့်ဖြစ်သူလည်း ဘယ်သူနဲ့မှ စပ်တူမလုပ်တော့ဘဲ သူတစ်ယောက်တည်းပဲ တစ်ပိုင်တစ်နိုင် အလှကုန်ပစ္စည်းတွေ ရောင်းပါတယ်။ ကုမ္ပဏီတစ်ခုလည်း ထောင်ပါတယ်။ ရိုးသားကြိုးစားသူဖြစ်တော့ သုံးလေးနှစ်

www.burmeseclassic.com



အတွင်းမှာပဲ ထွန်းထွန်းပေါက်ပေါက်ဖြစ်လာပါတယ်။ ဖောက်သည်များများနဲ့ တွင်တွင်ကျယ်ကျယ်ရောင်းနိုင်တာကြောင့် ဂျပန်နဲ့ စင်ကာပူကုမ္ပဏီသုံးလေးခုက လိုက်လာပြီး သူတို့ကုမ္ပဏီရဲ့ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ဖို့ကမ်းလှမ်းကြပါတယ်။ အခုတော့ သူ့ကုမ္ပဏီဟာ ဈေးကွက်ထဲမှာ တော်တော်နာမည်ရတဲ့ ကုမ္ပဏီဖြစ်နေပါပြီ။

သူနဲ့လမ်းခွဲခဲ့တဲ့ မိတ်ဆွေများအကြောင်း ဆက်ပြီးမေးကြည့်လိုက်တော့တစ်ယောက်က သူထွက်သွားပြီးနောက် တစ်နှစ်အကြာမှာ ထပ်ပြီးခွဲထွက်သွားတဲ့အကြောင်း၊ တစ်ယောက်တည်းကျန်တဲ့သူက ဆက်လုပ်နေရင်း မရိုးမသား ဆောင်ရွက်မှုများကြောင့် ကုမ္ပဏီမှတ်ပုံတင် ရုတ်သိမ်းခံရပြီး နာမည်ပျက်စာရင်း အသွင်းခံရတဲ့အကြောင်း၊ အခုတော့ နှစ်ယောက်စလုံး လားရှိုးပြန်ပြီး ကုန်တင်ကားကြီးတွေ ထောင်ထားကြကြောင်း ပြောပြပါတယ်။

'ဆရာပြောခဲ့တဲ့ သင်စိုက်ပျိုးသောအရာကို သင်ရိတ်သိမ်းရလိမ့်မည်ဆိုတဲ့ စကားလေးကို ကျွန်တော့်နားထဲမှာ အမြဲစွဲထားပါတယ်ဆရာ။ ဘယ်တော့မှ မဟုတ်တာမလုပ်ပါဘူး'

သူက သမ္မာကျမ်းစာလာစာပိုဒ်လေးကို ပြန်ရွတ်ပြတာကြားရတော့ဝမ်းသာပီတိဖြစ်ရပါတယ်။ ဘယ်ဆရာမဆို ဒီလိုပဲ ဝမ်းသာမိကြမှာပါပဲ။ သဘောပေါက်လွယ်သလို လက်ခံလိုက်နာဖို့လည်းလွယ်ကူတဲ့ တပည့်မျိုးကိုဘယ်ကျောင်းဆရာမဆို နှစ်သက်သဘောကျပါတယ်။ လူတော်တော်များများက သဘောပေါက်ဖို့လွယ်ပေမယ့် လိုက်နာလက်ခံဖို့တော့ ခက်လေ့ရှိပါတယ်။ တချို့ကျတော့ သဘောပေါက်ဖို့ကို ခက်ပါတယ်။ အသိဉာဏ်က တော်တော်ချို့တဲ့ပါတယ်။ တမာပင်စိုက်ထားပြီး ပန်းသီးမသီးရကောင်းလားလို့ တမာပင်ကိုအပြစ်တင်တဲ့ လူစားမျိုးတောင် ရှိတတ်ပါတယ်။ တမာပင်စိုက်ရင် တမာသီးပဲသီးလိမ့်မယ်။ ပန်းသီးလိုချင်ရင် ပန်းသီးပင်စိုက်မှဖြစ်မယ်လို့ ပြောပြလည်းနားလည်သဘောပေါက်ခြင်း မရှိကြပါဘူး။ ခက်တာက လောကမှာ ဒီလိုလူစားမျိုးက တော်တော်များနေတာပဲ ဖြစ်တယ်။ ပြဿနာတစ်ခုခုဖြစ်ရင် သူများကိုပဲလက်ညှိုးထိုးအပြစ်တင်လေ့ရှိကြတယ်။ ကိုယ့်ကိုယ်ကိုယ် ဘယ်တော့မှ ပြန်သုံးသပ်လေ့မရှိကြဘူး။ ငါ ဘာများမှားခဲ့မိသလဲလို့ အရင်ဆုံးတွေးတတ်သူတော်တော်ရှားပါတယ်။

တချို့ကျတော့ စိတ်ဓာတ်က တော်တော်ကိုအောက်တန်းကျပါတယ်။ ဘယ်နည်းနဲ့ရရ ကိုယ်ရဖို့ကအဓိကဆိုတဲ့ စိတ်မျိုးနဲ့ လူတစ်ဖက်သားအပေါ်ကောက်ကျစ်စဉ်းလဲစွာ လုပ်ဆောင်တတ်ပါတယ်။

ဒီနေရာမှာ ကြုံကြိုက်လို့ အင်မတန် စိတ်ဓာတ်အထက်တန်းကျတဲ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရပ်တစ်ခုကို ပြောပြချင်ပါတယ်။ ဇန်နဝါရီ ၁ ရက်နေ့က ကျောင်းပိတ်ရက်မှာ ထိုင်းနိုင်ငံကို အလည်အပတ်ရောက်လာတဲ့ အင်္ဂလန်နိုင်ငံက တက္ကသိုလ်ကျောင်းသူလေး ကက်သရင်းဟော်တန် ရက်စက်စွာ အသတ်ခံရတဲ့ သတင်းကို သတိထားမိကြလိမ့်မယ်ထင်ပါတယ်။ ကျောင်းသူလေးဟာ ပင်လယ်ကမ်းခြေမှာ လမ်းလျှောက်နေခိုက် ငါးဖမ်းလှေသမား လူငယ်နှစ်ယောက်က ဖမ်းပြီး မတော်မတရားပြုကာ သတ်ပစ်လိုက်ကြတာဖြစ်ပါတယ်။ ကက်သရင်းရဲ့ အလောင်းကိုတွေ့ရပြီး တစ်ပတ်အကြာမှာ ထိုင်းတံငါနှစ်ယောက်ကို ရဲက မသင်္ကာဖြစ်ပြီး ဖမ်းဆီးစစ်ဆေးပါတယ်။ ဒီအဲန်အေတိုက်ဆိုင်စစ်ဆေးချက်များ တူညီနေရုံမက လူငယ်နှစ်ယောက်ကလည်း ဖြောင့်ချက်ပေးကြတယ်လို့ ရဲက ဆိုပါတယ်။

သူတို့နှစ်ယောက်ကို ရုံးတင်စစ်ဆေးတော့ ထိုင်းဝန်ကြီးချုပ် သက်ဆင်ကိုယ်တိုင်က ပြစ်မှုထင်ရှားရင် ရက်စက်ကြမ်းကြုတ်တဲ့ လူသတ်သမား နှစ်ယောက်ကို အကြီးလေးဆုံး ပြစ်ဒဏ်ပေးရမယ်လို့တောင် ပြောခဲ့ပါတယ်။ တရားရုံးက အမှုကို အမြန်စစ်ဆေးပြီး သေဒဏ်စီရင်ချက်ချလိုက်ပါတယ်။ ဒီအမှုဟာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ထိခိုက်စေနိုင်တာကြောင့် တရားရုံးက မြန်မြန်စစ်ဆေးပြီး စီရင်ချက်ချလိုက်တာပါ။ ဝန်ကြီးချုပ်ကိုယ်တိုင်ကလည်း ခရီးသွားလုပ်ငန်းကို ထိခိုက်မှာစိုးရိမ်တာကြောင့် အမြင့်ဆုံး ပြစ်ဒဏ်ပေးသင့်တယ်လို့ စကားဦးသန်းပြောခဲ့တာပါ။ ဒါကြောင့် သေဒဏ်ကလွဲပြီး တခြားမရှိတော့ဘူးလို့ လူတိုင်းက တွက်ဆထားပြီးဖြစ်ပါတယ်။

အဲဒီအချိန်မှာ ကက်သရင်းဟော်တန်ရဲ့မိခင် အယ်လိဇဘက်ဟော်တန်က တံငါသည်နှစ်ဦးကို သေဒဏ်မပေးစေချင်ကြောင်း၊ ထောင်တစ်သက်တစ်ကျွန်းဆိုရင် တော်လောက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ လူအားလုံးပဲ တအံ့တဩဖြစ်သွားကြပါတယ်။

အယ်လိဇဘက်ဟော်တန်က 'သေဒဏ်စီရင်ချက်ချတာကို ဘယ်တုန်းကမှ မယုံကြည်ခဲ့ဘူး။ အသက်တစ်ချောင်းဆိုတာ အသက်တစ်ချောင်းပဲဖြစ်တယ်လို့ ယုံတယ်။ တစ်သက်တစ်ကျွန်းဆို သင့်မြတ်လှပါပြီ။ ဒီသဘောထားကို ကက်သရင်းရှိရင်လည်း သဘောတူမှာပါ'လို့ ပြောလိုက်ပါတယ်။ အယ်လိဇဘက်ရဲ့သဘောထားကြီးမှု၊ စိတ်ဓာတ်မြင့်မြတ်မှုကို ကြားရသူတိုင်းက သာဓုခေါ်ကြပါတယ်။ သတင်းစာတွေကလည်း အသားပေးဖော်ပြကြပါတယ်။

ဒါပေမဲ့ တရားရုံးက စီရင်ချက်ချရာမှာတော့ မိခင်ဖြစ်သူရဲ့ သဘောထားကြီးမှု၊ ခွင့်လွှတ်နိုင်မှုကို ရုံးတော်က အသိအမှတ်ပြုပေမယ့် ဥပဒေက



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ထားတဲ့အတိုင်းသာ စီရင်ရမှာဖြစ်ကြောင်း နိဒါန်းချီပြီး သေဒဏ် စီရင်ချက်ချလိုက်ပါတယ်။

နိုင်ငံတကာမှာရှိတဲ့ လူမှုရေးအဖွဲ့အစည်းများက သေဒဏ်က ကင်းလွတ်ခွင့်ပေးဖို့ ပိုင်းဝန်းတောင်းဆိုနေကြပါတယ်။ ထိုင်းမှာရှိတဲ့ အေအိုင်လို့ခေါ်တဲ့ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကလည်း အယ်လိဇဘက်ဟော်တန်ရဲ့ စိတ်သဘောထားကြီးမှု၊ စိတ်ဓာတ်မြင့်မြတ်မှုကို ဖော်ထုတ်ချီးကျူးပြီး သူ့အဆိုပြုချက်ကို ထောက်ခံကြောင်း ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။ သေဒဏ်ကျ တံငါသည်နှစ်ယောက်ကတော့ အဆင့်ဆင့်တရားရုံးများမှာ အယူခံဝင်နိုင်ခွင့် ရှိပါတယ်။ နောက်ဆုံးအဆင့် ထိုင်းဘုရင်မင်းမြတ်ထံ အသနားခံလွှာတင်သွင်းခွင့်လည်း ရှိပါသေးတယ်။ အဲဒီတော့ သူတို့ရဲ့ကံကြမ္မာကို ဘယ်သူမှ မခန့်မှန်းနိုင်ကြသေးပါဘူး။

သေဆုံးသူ ကျောင်းသူလေးရဲ့မိခင်ထားရှိတဲ့ စိတ်ထားမျိုးကို အထက်တန်းကျတဲ့စိတ်ဓာတ်လို့ ခေါ်ပါတယ်။ ဝမ်းနည်းကြေကွဲစိတ်၊ ဒေါသစိတ်၊ အာဃာတစိတ်တွေကို ချုပ်တည်းပယ်ဖျောက်ပြီး လူ့အသက်တစ်ချောင်းကို လူ့အသက်တစ်ချောင်းလို ရှုမြင်နိုင်တဲ့စိတ်ဓာတ်မျိုးဟာ အင်မတန်ရှားပါးတဲ့ စိတ်ဓာတ်မျိုးပါ။

ကမ္ဘာကြီးတစ်ခုလုံးမှာ လူသားတွေရဲ့စိတ်ဓာတ်တွေ အင်မတန်ကြမ်းတမ်းခက်ထန်ပြီး အရိုင်းစိတ်တွေ တစ်နေ့တခြား လွှမ်းမိုးလာနေချိန်မှာ ဒီလို အထက်တန်းကျတဲ့ လူသားစိတ်ကိုမြင်တွေ့ရတာ အဖိုးမဖြတ်နိုင်တဲ့ မင်္ဂလာတစ်ပါးဖြစ်တယ်လို့ဆိုရင်း သာဓုခေါ်လိုက်ရပါတော့တယ်။

၃၀၊ ၁၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# ပန်းတိုင်နဲ့ ကျွမ်းကျင်မှု

'အလုပ်တစ်ခုကို အောင်မြင်အောင်ဘယ်လိုလုပ်ရမလဲ' လူငယ်တွေနဲ့ စကားဝိုင်းဖွဲ့မိတဲ့အခါတိုင်း မေးတတ်ကြတဲ့မေးခွန်း ဖြစ်ပါတယ်။ ကျောင်းဆရာဘဝနဲ့ စာသင်နေစဉ်ကလည်း ဒီမေးခွန်းကို အမြဲပဲဖြေခဲ့ရပါတယ်။

ဘာအလုပ်ပဲလုပ်လုပ် အောင်မြင်ဖို့ဆိုရာမှာ လူနဲ့ပတ်ဝန်းကျင်ဆိုတဲ့ အချက်နှစ်ချက်ပေါ်မှာ မူတည်ပါတယ်။ လူက ဘယ်လောက်ပဲကြိုးစားကြိုးစား ပတ်ဝန်းကျင်အခြေအနေက လိုက်လျောညီထွေမဖြစ်ရင် အောင်မြင်ဖို့ခက်ပါတယ်။ ပတ်ဝန်းကျင်အခြေအနေကပေးပေမယ့် လူက ကြိုးစားအားထုတ်မလုပ်ရင်၊ ကြိုးစားအားထုတ်လုပ်ပါသော်လည်း လုပ်နည်းလုပ်ဟန် မှားယွင်းနေရင် အောင်မြင်မှုမရနိုင်ပါဘူး။ အနီးစပ်ဆုံး စာနယ်ဇင်းလောကကိုပဲ နမူနာထား ပြောပါမယ်။ ပညာအရည်အချင်းလည်း ရှိကြပါတယ်။ ဒါပေမဲ့ လူဦးရေသန်း ၅၀ ရှိတယ်ဆိုတဲ့နိုင်ငံမှာ ထုတ်ဝေရောင်းချရတဲ့စောင်ရေကို ကြည့်ပြီး ပြောမယ်ဆိုရင် အောင်မြင်တယ်လို့ပြောဖို့ တော်တော်ခက်ပါတယ်။

ဒီနေ့ စာနယ်ဇင်းလောကမှာ အောင်မြင်မှုရနေတယ်ဆိုတဲ့ ဂျာနယ်၊ မဂ္ဂဇင်းတွေကို ဘာကြောင့်၊ ဘယ်လိုအောင်မြင်တယ်လို့ ပြောတာလဲလို့ ဆန်းစစ်ကြည့်လိုက်တော့ အတူတူထုတ်ဝေနေတဲ့ စာနယ်ဇင်းအချင်းချင်း နှိုင်းယှဉ်ပြီး ပိုရောင်းရတဲ့စာစောင်ကို အောင်မြင်တယ်လို့ သတ်မှတ်နေကြတာဖြစ်တယ်။ နိုင်ငံ့လူဦးရေနဲ့ယှဉ်ပြီး ကြည့်လေ့၊ ပြောလေ့မရှိကြပါဘူး။ နိုင်ငံတကာမှာ စာနယ်ဇင်းရဲ့အဆင့်၊ နိုင်ငံရဲ့လူနေမှုအဆင့်အတန်း နိမ့်မြင့်ကို တိုင်းတာတဲ့ အခါမှာ လူ ၁၀၀၀ မှာ သတင်းစာဘယ်နှစောင်ရှိတယ်၊ လူ ၁၀၀၀၀ မှာ သတင်းစာ ဘယ်နှစောင်ရှိတယ်ဆိုတာနဲ့တိုင်းပြီး ပြောလေ့ရှိပါတယ်။

ဒါကိုပြောတာ ကျွန်တော်တို့စာနယ်ဇင်းတွေ ညံ့တယ်၊ နိုင်ငံတကာအဆင့်မမီဘူးလို့ ပြောတာမဟုတ်ကြောင်း သိစေချင်ပါတယ်။ ဒီနေ့ထွက်နေတဲ့ သတင်းဂျာနယ်တွေကိုကြည့်ပြီး ပြောမယ်ဆိုရင် ကျွန်တော်တို့မညံ့ဘူးဆိုတာတွေ့နိုင်ပါတယ်။ စက္ကူတို့၊ ပုံနှိပ်မှုတို့မှာသာ သူတို့ကို မယှဉ်နိုင်ရင်ရှိမယ်။ စာအရည်အသွေးမှာတော့ ကောင်းကောင်းယှဉ်နိုင်ပါတယ်။ အာရှမှာသာမက



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ အနောက်နိုင်ငံက တော်ပေ့တတ်ပေ့ဆိုတဲ့ စာနယ်ဇင်းသမားတွေထက် အရည်အချင်းသာလွန်တဲ့ စာနယ်ဇင်းသမားတွေ ကျွန်တော်တို့ဆီမှာ ရှိနေပါတယ်။

ပတ်ဝန်းကျင်အခြေအနေက မပေးတဲ့အတွက် ကျွန်တော်တို့ စောင်ရေတွေ တိုးသထက်တိုးအောင် မတတ်နိုင်ကြပါဘူး။ ကျွန်တော်တို့လူမျိုးရဲ့ စီးပွားရေးနဲ့ လူနေမှုအဆင့်အတန်းတက်လာမှ ကျွန်တော်တို့စာနယ်ဇင်းတွေ စောင်ရေတိုးမှာ ဖြစ်ပါတယ်။

ပတ်ဝန်းကျင်ကိစ္စပြီးတော့ လူအကြောင်း ပြောပါဦးမယ်။ လူတစ်ယောက်အနေနဲ့ အောင်မြင်မှုရဖို့ဆိုတာ အချက်နှစ်ချက်ပေါ် မူတည်ပါတယ်။ ရည်မှန်းချက်ရှိဖို့နဲ့ ကျွမ်းကျင်မှုရှိဖို့ ဖြစ်တယ်။ ဘာပဲလုပ်လုပ် နောက်ဆုံးဦးတည်ရာ ရည်မှန်းချက်ပန်းတိုင်တစ်ခု ခိုင်မာပြတ်သားစွာရှိဖို့ မရှိမဖြစ်လိုအပ်ပါတယ်။ ပန်းတိုင်ရှိမှ ပန်းတိုင်ကိုကြည့်ပြီး ချီတက်နိုင်မှာဖြစ်တယ်။ ပန်းတိုင်မရှိရင် ဟိုရောက်ဒီရောက်နဲ့ ချာလည်ချာလည်ဖြစ်ပြီး ဘယ်ခရီးမှ မရောက်နိုင်ပါဘူး။ ပန်းတိုင်အခိုင်အမာရှိတဲ့သူဟာ ဘယ်တော့မှ လမ်းမပျောက်ပါဘူး။ နေရောင်၊ လရောင်မရှိ မှောင်မိုက်နေရင်တောင် ကြယ်ရောင်နဲ့ ပန်းတိုင်ကိုကြည့်ပြီး ရောက်အောင်သွားနိုင်ပါတယ်။ အဲဒါကြောင့် ဘာအလုပ်ပဲလုပ်လုပ် ဘာကြောင့်လုပ်တာလဲဆိုတဲ့ ရည်ရွယ်ချက်ပန်းတိုင် ခိုင်မာပြတ်သားစွာရှိဖို့ လိုအပ်ပါတယ်။

ပန်းတိုင်ရှိရုံနဲ့ ရောက်ပြီလားဆိုတော့ မရောက်ပါဘူး။ ကိုယ်က ဖွဲ့သတ္တိနဲ့ သွားဖို့ လိုပါတယ်။ သွားရာလမ်းကြောင်းဟာ ဖြောင့်ဖြူးချင်မှဖြောင့်ဖြူးပါလိမ့်မယ်။ အကွေ့အကောက်၊ အဆင်းအတက်တွေ၊ ဘေးအန္တရာယ်တွေ ထူပြောကောင်းထူပြောပါလိမ့်မယ်။ ဒီနေရာမှာ ခရီးလမ်းကျွမ်းကျင်ဖို့ဆိုတဲ့ အချက်က စကားပြောပါတယ်။ ဘေးအန္တရာယ်တွေကို ဘယ်လိုရင်ဆိုင် ကျော်ဖြတ်ရမလဲဆိုတဲ့ ကျွမ်းကျင်မှုရှိဖို့နဲ့ ချောက်ထဲဆင်းနည်း၊ ကမ်းပါးယံကို တွယ်တက်နည်း စတဲ့နည်းလမ်းတွေလည်း ပိုင်ပိုင်နိုင်နိုင်တတ်ကျွမ်းထားဖို့ လိုပါတယ်။ လှေလှော်တဲ့အတတ် မကျွမ်းကျင်ဘဲနဲ့ ပင်လယ်ထဲခရီးသွားချင်လို့ မဖြစ်ပါဘူး။ မြင်းမစီးတတ်ဘဲနဲ့လည်း ခရီးဝေးသွားချင်လို့ မဖြစ်ပါဘူး။ ကိုယ်သွားမယ့်ပန်းတိုင်နဲ့ညီညွတ်တဲ့ လှေလှော်၊ မြင်းစီးအတတ်များကို ကျွမ်းကျင်ပိုင်နိုင်စွာတတ်ထားဖို့ လိုပါတယ်။

ပန်းတိုင်လည်း ခိုင်မာပြတ်သားစွာ ရှိမယ်၊ ကျွမ်းကျင်မှုလည်း ရှိမယ်ဆိုရင် မအောင်မြင်မှာပူမနေပါနဲ့။ တစ်နေ့မဟုတ် တစ်နေ့မှာ ကိုယ်ရောက်ချင်တဲ့ပန်းတိုင်ကိုရောက်မှာ သေချာပါတယ်လို့ လူငယ်များကို အားပေးစကားပြောလိုက်ချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် လူငယ်တွေကို အားပေးစကားပြောရတာလဲဆိုတော့ လူငယ်သဘာဝအလျောက် စိတ်ခါတ်တက်လွယ်၊ ကျလွယ်ဖြစ်တတ်လို့ပါ။ အသက်အရွယ်ငယ်သေးတော့ လက်တွေ့သိပ်မလုပ်ဖူးပါဘူး။ အဲဒီတော့ ရှုံးနိမ့်ခြင်းကို မကြုံဖူးပါဘူး။ မကြုံဖူးသေးတဲ့ ရှုံးနိမ့်မှုကို တွေ့လိုက်ရတဲ့အခါမျိုးမှာ တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်နိုင်စွမ်းမရှိပါဘူး။ ရုတ်တရက် စိတ်ခါတ်ကျသွားတတ်ပါတယ်။ လက်တွေ့အလုပ်တွေ များများလုပ်တဲ့အခါကျတော့ အမှားတွေ များများလုပ်မိမှာပဲ။ အဲဒီလို များများလုပ်မိမှ သင်ခန်းစာတွေရပြီး အမှားကို ကြောက်စိတ် ပျောက်သွားမှာဖြစ်တယ်။

အမှားကိုမကြောက်မှ ရှုံးနိမ့်ခြင်းကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်တတ်လာတယ်။ ဒါကြောင့် မှားမှာမကြောက်ပါနဲ့။ ရှုံးမှာမကြောက်ပါနဲ့။ အမှားတွေ၊ အရှုံးတွေထဲက ကျွမ်းကျင်မှုကိုရလာကြရတာ ဖြစ်တယ်။ ကျွမ်းကျင်မှုရှိပြီး ရည်မှန်းချက်ပန်းတိုင် ခိုင်ခိုင်မာမာ၊ ပြတ်ပြတ်သားသားရှိရင် နောက်ဆုံးမှာ အောင်မြင်မှုကို မလွဲမသွေရမှာ သေချာပါတယ်ဆိုတဲ့အကြောင်း ပြောလိုက်ချင်ပါတယ်။

၆၊ ၂၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# ကြောင်ဖြူ၊ ကြောင်မည်းအဘိဓမ္မာရဲ့ အန္တရာယ်

ဘောလုံးဝါသနာကြီးသူမို့ ဘောလုံးပွဲတွေ မပြတ်ကြည့်တတ်ပါတယ်။ ဒါပေမဲ့ ဒီနှစ်တွေအတွင်း ဘောလုံးပွဲကြည့်ရတာ တယ်ပြီး အရသာမတွေ့လှတော့ပါဘူး။ ဘောလုံးပွဲတွေက ဘောလုံးကစားတာနဲ့မတူကြတော့ဘဲ ယိုးဒယား လက်ဝှေ့ပွဲကြည့်ရသလို အောက်မေ့နေရပါတော့တယ်။

ဒီနေ့ ကမ္ဘာပေါ်က အကောင်းဆုံးဘောလုံးသမားတွေ ပါဝင်ကစားနေကြတဲ့ ကမ္ဘာ့အကောင်းဆုံးဆိုတဲ့ ဘောလုံးအသင်းတွေကစားတာ ကြည့်ရတဲ့အခါ တစ်ယောက်နဲ့တစ်ယောက် နင်းလိုက်၊ ကန်လိုက်၊ တွန်းလိုက်၊ ထိုးလိုက်၊ တွက်လိုက်နဲ့ လစ်ရင်လစ်သလို လုပ်နေကြရုံမက ဆွဲလိုက်၊ ရမ်းလိုက်၊ ဖက်လိုက်နဲ့ ဖြစ်ချင်တိုင်းဖြစ်နေကြပါတော့တယ်။ နာမည်ကြီးဘောလုံးသမားတွေ ဖြစ်ပါလျက်နဲ့ ကိုယ့်သိက္ခာ၊ ကိုယ့်အရှက်ကလေးကိုမှ မငဲ့ကွက်ကြတော့ဘဲ ယှဉ်ပြိုင်အနိုင်ရမယ်ဆို ဘာမဆိုလုပ်မယ်ဆိုတဲ့သဘော ဖြစ်နေကြတာ စိတ်ပျက်ဖွယ်ကောင်းလှပါတော့တယ်။

ဒါတင်မက ဘောလုံးသမားအပြောင်းအရွှေ့ကာလတွေဆို ဘောလုံးအသင်းတွေနဲ့ ဘောလုံးသမားတွေဟာ ဈေးကောင်းရဖို့အတွက် အမျိုးမျိုးပရိယာယ်တွေလုပ်ပြီး လှည့်စားနေကြတာတွေလည်း စက်ဆုပ်ဖို့ကောင်းလှပါတယ်။ ဘောလုံးသမားတစ်ယောက်က သူလက်ရှိကစားနေတဲ့အသင်းမှာ လစာပိုတောင်းချင်ပြီဆိုတဲ့အခါ သူ့ကိုယ်စားလှယ်အေးဂျင့်က သူ့ကစားသမားဘယ်သူဘယ်ဝါကို ဘယ်နိုင်ငံဘယ်အသင်းက ဆက်သွယ်ကမ်းလှမ်းနေတယ်ဆိုပြီး လေသံလွှင့်လိုက်တယ်။ အဲဒီအခါ အသင်းပေါင်းစုံကပါ ရောယောင်ပြီးဝင်ပါလာကြတယ်။ ကစားသမားရဲ့လက်ရှိအသင်းက သူ့ကို လက်မလွှတ်နိုင်ဘူးဆိုရင် လစာတိုးပေးပြီး စာချုပ်သက်တမ်းတိုးဖို့ ကမ်းလှမ်းရတယ်။ တကယ်လို့ လက်လွှတ်နိုင်လောက်တဲ့ကစားသမား ဖြစ်နေရင်တော့ ဈေးကောင်းနဲ့ရောင်းထုတ်နိုင်ဖို့ ဈေးခေါ်တဲ့လုပ်ငန်းတွေ ဆက်တိုက်လုပ်ကြတော့တယ်။ တစ်ခါတလေကျတော့ ဘောလုံးသမားကိုယ်တိုင်တောင် မသိရသေးခင်မှာ သူ့ကို ရောင်းထုတ်ပြီးသားဖြစ်နေတတ်တယ်။ ဘောလုံးသတင်းတွေ မျက်ခြည်မပြတ် စောင့်ဖတ်နေသူတစ်ဦးဆိုရင် ဘောလုံးလောကတစ်ခုလုံး လုပ်ကိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြပုံတွေဟာ တော်တော်စိတ်ပျက်စရာကောင်းတာ တွေ့နိုင်ပါတယ်။ ဘောလုံးသမားတွေကို လက်ဆင့်ကမ်း ရောင်းဝယ်နေကြတာကလည်း 'တရားဝင်လူကုန်ကူး'နေကြတာပဲလို့တောင် ဆိုလိုက်ချင်ပါတယ်။

ဘောလုံးနဲ့ အားကစားလောကတစ်ခုတည်း ဒီလိုဖြစ်နေတာလားဆိုတော့ မဟုတ်ပါဘူး။ လူ့အဖွဲ့အစည်းအတွင်း ဘောလုံးနဲ့ အားကစားလိုပဲ မရှိမဖြစ်လုပ်ငန်းနယ်ပယ်တွေဖြစ်တဲ့ စာပေ၊ ဂီတ၊ ရုပ်ရှင်စတဲ့ အနုပညာ နယ်ပယ်တွေမှာ ပိုလို့တောင်ဆိုးပါသေးတယ်။ စာနယ်ဇင်းမျိုးစုံ ကြည့်လိုက်မယ်ဆိုရင် စာနယ်ဇင်းကျင့်ဝတ်သိက္ခာ လျော့တိလျော့လျည်းဖြစ်ပြီး ဈေးကွက်ကို ဖမ်းစားနိုင်ဖို့ ဈေးကွက်အကြိုက် သည်းခြေခိုက်(sensational) ဖြစ်တာမျိုးတွေ လိုက်လုပ်နေကြတာ များနေပါတယ်။ show biz လို့ခေါ်လေ့ရှိတဲ့ 'သဘင်'လုပ်ငန်းတွေမှာလည်း အနုပညာစွမ်းနဲ့ ပရိသတ်ကိုဖမ်းစားတာမျိုးထက် သည်းခြေခိုက်ဖြစ်တာတွေ၊ လျှို့ဝှက်သည်းဖိုဖြစ်တာတွေနဲ့ ဖိုမကိစ္စအသားပေးတာမျိုးတွေချည်းလိုလို ဖြစ်နေတာတွေ့ရပါတယ်။

ဒီနေ့ အနောက်တိုင်းရုပ်ရှင်တွေကို ကြည့်ပါ။ ၁၉၄၀၊ ၅၀၊ ၆၀ ခုနှစ်တွေအတွင်းကလို ဇာတ်လမ်းခိုင်ခိုင်မာမာနဲ့ သရုပ်ဆောင်မှုအတတ်ပညာတွေနဲ့ ပရိသတ်ကိုဖမ်းစားညှို့ယူတဲ့ ရုပ်ရှင်ကားမျိုးတွေ မမြင်မတွေ့ရတော့ပါဘူး။ စတားဝါး၊ ဂျူရားဆစ်ပတ်၊ ဘက်တ်မင်း၊ စပိုက်ဒါမင်း၊ ကင်းကောင်စတဲ့ သည်းထိတ်ရင်ဖို၊ သည်းခြေခိုက်၊ စက်မှုအတတ်ပညာစွမ်းပြ ရုပ်ရှင်ကားမျိုးတွေသာ များနေပါတယ်။ အနုပညာစွမ်းခြောက်ခန်းသလားတော့ မဆိုနိုင်ပါဘူး။ ဒီခေတ်မှာ တစ်နှစ်လုံးနေလို့ ရုပ်ရှင်ကားကောင်း ၁၀ ကားကြည့်ရဖို့ မလွယ်လှပါဘူး။

ဒီနေ့မြန်မာနိုင်ငံမှာ လက်လှမ်းမီတဲ့ တိုင်း၊ နယူးစ်ဝိခ်တို့လို သတင်းမဂ္ဂဇင်းတွေ ကြည့်ဦးမလား။ မဂ္ဂဇင်းရဲ့ လေးပုံသုံးပုံက စီးပွားရေးလုပ်ငန်းကြီးတွေအကြောင်း ပုံကြီးချဲ့ရေးသားနေကြတာ တွေချည်းပါပဲ။ လူများစုအတွက် အကျိုးရှိစေတာက လေးပုံတစ်ပုံလောက်သာ အနိုင်နိုင်ပါရှိနေပါတယ်။

အားလုံးကို ခြုံကြည့်လိုက်တဲ့အခါ ကမ္ဘာကြီးတစ်ခုလုံးဟာ (hyper commercialization)လို့ခေါ်ကြတဲ့ 'အရာရာကို ဈေးကွက်ဖန်တီးမှု' အတွေးအခေါ်က လွှမ်းမိုးနေတယ်ဆိုတာ တွေ့ရပါတယ်။ နိုင်ငံခြားရုပ်မြင်သံကြားလိုင်းတွေမှာ တရားဟောတဲ့ ဘာသာရေးဆရာများရဲ့ ကဏ္ဍတွေကို တွေ့ဖူးကြပါလိမ့်မယ်။ အဲဒီမှာ တရားဟောဆရာက တရားဟောနေပုံများဟာ ဇာတ်သမား သဘင်သည်တစ်ယောက် ဇာတ်ခုံပေါ်မှာ သရုပ်ဆောင်ကပြနေတာလားလို့တောင် ထင်ရအောင်ကို အမူအရာကောင်းကောင်းနဲ့ သရုပ်ဆောင်

www.burmeseclassic.com



ပြနေတာတွေလည်း တွေ့မြင်ကြရမှာပါ။ ဘာသာရေးကိုတောင် 'မားကက်တင်း' ပုံသဏ္ဍာန်တွေနဲ့ လုပ်ဆောင်နေကြမှတော့ အရာရာကို မားကက်တင်းလုပ်နေကြတာ အံ့သြစရာမဟုတ်တော့ဘူးလို့ ဆိုချင်လည်း ဆိုနိုင်ပါတယ်။

ဈေးရောင်းတယ်၊ စီးပွားရေးလုပ်တယ်ဆိုတာက ထင်ရှားကျော်ကြားဖို့၊ လူအများကြိုက်ဖို့၊ ရောင်းအားကောင်းဖို့၊ အမြတ်များများရဖို့ အဓိကထားလုပ်ဆောင်ကြရတာမျိုး ဖြစ်တယ်။ အဲဒီရည်မှန်းချက်ကိုရဖို့အတွက် လူတွေသည်းခြေခိုက်ဖြစ်အောင် နည်းမျိုးစုံသုံးပြီး ဆွဲဆောင်ကြရတယ်။ ဈေးကွက်စီးပွားရေးခေတ်ရဲ့ဆောင်ပုဒ်က 'ကြောင်ဖြူတာ၊ မည်းတာက အရေးမကြီးဘူး။ ကြွက်မိဖို့သာလိုရင်းပဲ'ဆိုတာ ဖြစ်တယ်။ အောင်မြင်ဖို့၊ အမြတ်ရဖို့ ဘယ်နည်းလမ်းကိုပဲသုံးသုံး ကောင်းတယ်၊ မှန်တယ်လို့ ယူဆတယ်။ ယဉ်ကျေးမှုတို့၊ လူ့ကျင့်ဝတ်သိက္ခာတို့၊ ဟီရိသြတ္တပ္ပတို့ဆိုတာတွေက စီးပွားရေးလောကမှာ အရေးမပါတော့ဘူး။

အဲဒီ 'ကြောင်ဖြူ၊ ကြောင်မည်း'အဘိဓမ္မာအောက်မှာ လူသားတွေရဲ့ စိတ်ဓာတ်တွေ ရိုင်းစိုင်းကြမ်းတမ်းလာတာ၊ ယဉ်ကျေးမှုအနုပညာတွေ ဘရုတ်သုက္ခဖြစ်လာကြတာ နေ့စဉ်မြင်တွေ့နေကြတာပဲ။ လူသားတို့ရဲ့ စိတ်ဓာတ်တွေ အဆင့်ပြန်လည်မြင့်မားလာစေဖို့၊ ယဉ်ကျေးမှုတွေ လမ်းကြောင်းမှန်ပေါ် ပြန်ရောက်ဖို့ အချိန်မီမဆောင်ရွက်နိုင်ကြရင် စိတ်ကြမ်း၊ လူကြမ်းများနဲ့ အကြမ်းဖက်လုပ်ရပ်များအောက်မှာ ကမ္ဘာကြီးတစ်ခုလုံး နစ်မွန်းသွားလိမ့်မယ်လို့ သတိပေးလိုက်ချင်ပါတယ်။

ငယ်စဉ်ကလေးဘဝက သင်ခဲ့ရတဲ့ 'Morals and Manners'ဆိုတဲ့ စာအုပ်ကလေးကို သတိရမိပါတယ်။ အဲဒီစာအုပ်က မြန်မာကျောင်းတွေမှာ တစ်ခေတ်ကသင်ကြားခဲ့ရတဲ့ 'ပြည်သူ့နီတိ'ဆိုတာမျိုးပါ။ လူတစ်ယောက်အနေနဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ ဘယ်လိုနေထိုင်ရမယ်၊ ဘယ်လိုပြုမူကျင့်ကြံရမယ်၊ ဘာတွေဆောင်ရမယ်၊ ဘာတွေရှောင်ရမယ်ဆိုတဲ့ စာရိတ္တမြှင့်တင်ရေးနဲ့ လူ့ပီသရေး လမ်းညွှန်စာအုပ်မျိုး ဖြစ်ပါတယ်။ ဒီခေတ်ကျောင်းတွေမှာ ဒီဘာသာရပ်မျိုး မသင်ကြတော့ပါဘူး။

ဒီနေ့ ကမ္ဘာတစ်ခုလုံးက တက္ကသိုလ်ကျောင်းတွေအားလုံးဟာ စီးပွားရေးလောကအတွက်လိုအပ်တဲ့ အလုပ်သမားကောင်းတွေ မွေးထုတ်ပေးတဲ့အဆင့်ကို လျှောကျသွားပြီလို့ ပညာရှင်ကြီးများ ဝမ်းနည်းစကား ပြောကြားနေကြတာတွေ မကြာမကြာ ဖတ်နေရ၊ ကြားနေရပါတယ်။ အင်ဂျင်နီယာတွေက ဘလူးပရင့်မရှိရင် အိမ်မဆောက်တတ်ကြတော့ဘူး။ ဆရာဝန်တွေက သူများဖော်စပ်ပေးတဲ့ ဆေးမရှိရင် ဆေးမကုတတ်ကြတော့ဘူး။ ကျောင်းဆရာတွေက



www.burmeseclassic.com

www.burmeseclassic.com



လည်း သူများတွေရေးထားတဲ့ စာအုပ်ကြီးတွေမရှိရင် စာမသင်တတ်တော့ဘူးလို့ဆိုတဲ့ ညည်းတွားသံတွေလည်း ညံနေအောင်ကြားနေရပါတယ်။

ဒါတွေဟာ အမှန်တွေချည်းပါပဲ။ ဒီနေ့ ပညာသင်ကြားခြင်းရဲ့ ရည်ရွယ်ချက်က အလုပ်ကောင်းကောင်းရဖို့ဆိုတာထက် မပိုတော့ပါဘူး။ အသင့်ရှိပြီးသား ဖော်မြူလာတွေ၊ အသင့်ရေးပြီးသား ပြဋ္ဌာန်းစာအုပ်ထဲက စာတွေကို ပြန်ရေးတတ်၊ ပြောတတ်ရင် စာမေးပွဲအောင်ပြီး ဘွဲ့ရသွားတာပါပဲ။ ကိုယ့်ဟာကိုယ် လေ့လာစူးစမ်းရှာဖွေမှု မလုပ်ကြရပါဘူး။ ဘွဲ့ရပြီး လုပ်ငန်းခွင်ထဲရောက်သွားတော့လည်း စက်ကိရိယာတွေ၊ ကွန်ပျူတာတွေ၊ ဂဏန်းတွက်စက်တွေ၊ ငွေရေစက်တွေ၊ ကော်ဖီဖျော်စက်တွေ စတဲ့စတဲ့စက်မျိုးစုံနဲ့ပဲ လုပ်ကိုင်နေကြရလေတော့ ကိုယ့်ဦးနှောက်နဲ့ကိုယ် အသုံးချရတယ်ဆိုတာ မရှိတော့ပါဘူး။ ဒီလိုနဲ့ပဲ လူဟာ တဖြည်းဖြည်းနဲ့ ရိုဘော့စက်ရုပ်နဲ့တူလာပါတော့တယ်။ စက်ရုပ်တွေဆိုတာက ဘာခံစားမှုမှမရှိကြဘူး မဟုတ်လား။

စက်ယန္တရားခေတ်လူသားများမှာ မေတ္တာ၊ ကရုဏာ၊ စေတနာဆိုတာတွေ ပါးလျားလာရာက စရိုက်ကြမ်းတွေ ကြီးထွားများပြားလာလေ့ရှိပါတယ်။ 'ဘယ်သူသေသေ ငတေမာပြီးရော'ဆိုတဲ့ စိတ်ဓာတ်တွေ လွှမ်းမိုးသထက်လွှမ်းမိုးလာပါတယ်။ 'ဘယ်နည်းနဲ့နိုင်နိုင်၊ အနိုင်ရဖို့အဓိက'ဆိုတဲ့ ကြောင်ဖြူကြောင်မည်းအဘိဓမ္မာဟာ ကမ္ဘာ့အနိဋ္ဌာရုံမှန်သမျှရဲ့ အရင်းအမြစ်သာ ဖြစ်တယ်လို့ သတိပေးစကား ပြောကြားလိုက်ချင်ပါတယ်။

၁၃၊ ၂၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့ရိုးရာကစားနည်းများ မကွယ်ပျောက်စေသင့်

ဆောင်းပါးတစ်ပုဒ်ရေးရင်းနဲ့ စီးပွားရေးအတူတွဲလုပ်တဲ့ တပည့်ကျောင်းသား တွေအကြား အငြင်းပွားမှု၊ စကားများမှုတွေကို 'ပုဏ္ဏားတိုင်' လုပ်ပြီး ဖြေရှင်း ရပေါင်းများလွန်းလို့ လူငယ်တွေကိုစိတ်ပျက်တဲ့အကြောင်း ရေးမိတယ်။

ရေးပြီးလို့ ပြန်စစ်ဆေးတဲ့အခါကျတော့ 'ပုဏ္ဏားတိုင်'လုပ်ရတယ်ဆိုတဲ့ စကား၊ ဒီခေတ်လူငယ်တွေ နားမလည်ပါ့မလားလို့ အတွေးရောက်သွားရပါ တယ်။ ဒီခေတ်မှာ ဒီစကားပြောတာလည်း တယ်ပြီးမကြားရတော့ပါဘူး။ စာထဲမှာရေးတာလည်း မတွေ့ရသလောက်ပါပဲ။ ရေးနေတဲ့စာတွေ အများစုက လူငယ်တွေအတွက်ရည်စူးပြီး ရေးနေတာပါ။ ရေးလိုက်တဲ့ စကားလုံး အသုံး အနှုန်းတွေကို လူငယ်တွေနားမလည်ဘူးဆိုရင် သူတို့အတွက် အကျိုး ရှိပါ့မလား၊ ဖတ်ကော ဖတ်ချင်ပါ့မလားလို့ ဆက်ပြီးတွေးလိုက်မိပြန်ပါတယ်။

'ပုဏ္ဏားတိုင်'လုပ်တယ်ဆိုတာက မြန်မာ့ရိုးရာကစားနည်းတစ်ခု ဖြစ်ပါ တယ်။ ကလေးတွေ အုပ်စုနှစ်စုခွဲပြီး ကစားရတာပါ။ တစ်ယောက်က ကွင်း လယ်မှာ ခုံတစ်လုံးချပြီး ထိုင်နေရပါတယ်။ အုပ်စုတစ်စုက ကလေးတစ် ယောက်က ခြေတစ်ပေါင်ကျိုး ခုန်ခုန်ပြီး ဒိုင်လူကြီးဆီသွားရပါတယ်။ ပြီးတော့ ဒိုင်လူကြီးနားထဲကို တစ်ဖက်အုပ်စုက နာမည်တစ်ခုကို တိုးတိုးလေးပြောလိုက် ရပါတယ်။ ပြောပြီးတော့ ခြေစုံရပ်ပြီး ခုန်ဆွခုန်ဆွနဲ့ ကိုယ့်နေရာ ပြန်ရောက် အောင် နောက်ပြန်သွားရပါတယ်။ သူ့နေရာသူပြန်ရောက်သွားတော့ တစ်ဖက် အုပ်စုက ကလေးတစ်ယောက်က ခြေတစ်ပေါင်ကျိုးခုန်ပြီး ဒိုင်လူကြီးဆီ သွား ရပါတယ်။ ပထမအုပ်စုထဲကတစ်ယောက် ဒိုင်လူကြီးကိုပြောခဲ့တဲ့အမည်နဲ့ နောက်လာတဲ့အုပ်စုကလူ ကိုက်ညီနေရင် ပထမအုပ်စုက အနိုင်ရပါတယ်။ အဲဒီအခါ ရှုံးတဲ့ကလေးက နိုင်တဲ့ကလေးကို ကစားဝိုင်းတစ်ပတ် ကုန်းပိုးပြီး ပြေးရပါတယ်။ နောက်လာတဲ့ကလေးက ပထမကလေးပြောတဲ့အမည်နဲ့ မတူ ရင်တော့ နောက်လာတဲ့ကလေးက နိုင်ပါတယ်။ ဒီတော့ သူက စီးတဲ့နေရာက၊ ဒါမှမဟုတ် နားရွက်ဆွဲတဲ့နေရာက နေရပါတယ်။ အဖွဲ့ထဲမှာပါတဲ့ ကလေးတွေ မကုန်မချင်း တစ်လှည့်စီလုပ်ရတဲ့ကစားနည်း ဖြစ်ပါတယ်။ အဲဒီပွဲမှာ ဒိုင် လူကြီးလုပ်သူကို 'ပုဏ္ဏားတိုင်'လို့ ခေါ်ပါတယ်။ ကစားနည်းကို 'ပုဏ္ဏားတိုင် မေးတယ်'လို့ ခေါ်တတ်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားတိုင်ဆိုတဲ့စကား၊ ပုဏ္ဏားတိုင်ဆိုတဲ့ကစားနည်းကို ဒီခေတ်ကလေးတွေ မသိကြတော့သလို တခြား မြန်မာ့ရိုးရာကစားနည်းတွေလည်း လက်ကျန်မရှိတော့လောက်အောင်ကို တိမ်ကောကွယ်ပျောက်သွားကြပါပြီ။ လူမျိုးတစ်မျိုးရဲ့ သမိုင်းကြောင်းနဲ့ ဓလေ့ထုံးစံယဉ်ကျေးမှုတွေကို လေ့လာကြတဲ့အခါမှာ ရိုးရာကစားနည်းတွေ၊ ရိုးရာတေးသီချင်းတွေ၊ ရိုးရာအဆောင်နဲ့ အရောင်တွေ၊ ရိုးရာပွဲလမ်းသဘင်တွေကိုလည်း ဂရုစိုက်လေ့လာရတယ်လို့ သမိုင်းပညာရှင်များနဲ့ မနုဿဗေဒပညာရှင်များက ပြောလေ့ရှိပါတယ်။

ကျွန်တော်တို့ငယ်ငယ်က ကိုလိုနီလက်အောက်ခံအဖြစ် နေခဲ့ရပါသေးတယ်။ ကျောင်းနေတော့လည်း ဘုရင်ကျီသာသနာပြုကျောင်းမှာ နေခဲ့ရပါတယ်။ အဲဒီတော့ ကျောင်းမှာ ကြက်တောင်ရိုက်၊ ဘောလီဘော၊ ဘတ်စကက်ဘောကစားတာ၊ ဘောလုံးကန်တာ စတဲ့ အနောက်တိုင်းကသွင်းလာတဲ့ ကစားနည်းတွေလည်း ကစားကြပါတယ်။ အဲဒီကစားနည်း မကစားတဲ့အချိန်တွေမှာ ကိုယ့်အချင်းချင်းစုဝေးပြီး ရိုးရာကစားနည်းတွေလည်း ကစားကြပါတယ်။ ကျည်းသားရိုက်တာ၊ ပေသီးပစ်တာ စတာမျိုးတွေပေါ့။ ပေသီးပစ်ကစားနည်းကို ကြီးလာတော့ လူငယ်တွေကိုပြန်ပြောပြချင်လို့ စဉ်းစားတာ စဉ်းစားလို့ကို မရတော့ပါဘူး။ ပေသီးပစ်တာက နှစ်ကျင်းပစ်တာနဲ့ သုံးကျင်းပစ်တာဆိုပြီး ရှိပါတယ်။ ကျင်းလေးတွေ တစ်ကျင်းပြီးတစ်ကျင်း ဝင်သွားရတာပါ။ မဝင်ခင်မှာ တစ်ဖက်လူက ကိုယ့်ပေသီးကိုပစ်လိုက်တာ ထိသွားလို့ အဝေးကြီးလွင့်သွားတာရှိသလို ကိုယ်ကလည်း သူ့ပေသီးကိုထိအောင်ပစ်ပြီး ကျင်းနဲ့ဝေးအောင် လုပ်ရတာပါပဲ။ ပစ်ပုံပစ်နည်းက လက်မက မြေကြီးပေါ်ထောက်ထားပြီး လက်ခလယ်ထိပ်မှာ ပေသီးထားပြီး လက်ခလယ်ကို နောက်ဖက် အားကုန်ဆွဲယူပြီးတော့မှ ပစ်လွှတ်လိုက်ရတာမျိုးပါ။ နှစ်ကျင်းက ဘယ်လိုစနစ်၊ သုံးကျင်းက ဘယ်လိုစနစ်ဆိုတာတော့ မမှတ်မိတော့ပါဘူး။

ငယ်ငယ်က ဆော့ခဲ့၊ ကစားခဲ့ရတဲ့ ကစားနည်းတွေထဲမှာ တင်းနစ်ဘောလုံးကို တုတ်နဲ့ရိုက်ပြီးပတ်ပြေးရတဲ့ ကစားနည်းကတော့ အနောက်တိုင်း ဘော့စ်ဘောကစားနည်းကယူတာနဲ့ တူပါတယ်။ ကျပ်ထုတ်ပစ်ကစားနည်း၊ ဂုံညင်းထိုးကစားနည်း၊ ဖန်တို့ကစားနည်း၊ ရွှေစွန်ညိုကစားနည်း၊ ကြက်ဥဖက်တမ်းကစားနည်း၊ ဘုတ်တလုတ်တောက်တဲ့ကစားနည်း စတဲ့ကစားနည်းတွေကတော့ မိန်းကလေးတွေပါရောပြီး ကစားကြတဲ့အခါ ကစားလေ့ရှိကြတာပါ။ ကျေးလက်တောရွာတွေမှာတော့ လသာညတွေမှာ အိမ်ရှေ့က တလင်းပြောင်ပြောင်မှာ ရွာထဲရှိကလေးတွေစုဝေးပြီး ကစားတတ်ကြပါတယ်။ ဒီလိုစုဝေးကစားခြင်းက အစုအဖွဲ့နဲ့နေတတ်၊ ပေါင်းသင်းဆက်ဆံတတ်တဲ့ အကျင့်



www.burmeseclassic.com

www.burmeseclassic.com



ကို ရစေပါတယ်။ ချစ်ခင်ရင်းနှီးစေ၊ စည်းလုံးညီညွတ်မှုရစေပါတယ်။

ကျေးလက်ဒေသမှာ မွေးဖွားကြီးပြင်းခဲ့သူမှန်သမျှ ကြီးလာလို့ ဘယ်အရပ်၊ ဘယ်ဒေသကိုပဲရောက်နေရောက်နေ ကိုယ့်ရွာနဲ့ ကိုယ့်ကစားဖော်တွေကို အမြဲတမ်း သတိရနေတတ်ကြပါတယ်။ ဒီလိုသတိရတာဟာ ရွာဆိုတာသက်သက်၊ သူငယ်ချင်းဆိုတဲ့လူတွေသက်သက်ကို လွမ်းဆွတ်တာထက် ရွာမှာနေခဲ့ရတဲ့ အစုအဖွဲ့၊ အသင်းအပင်းစိတ်ဓာတ်(communal spirit)နဲ့ ရိုးသားဖြူစင်စွာ ချစ်ခင်ပေါင်းသင်းဆက်ဆံခဲ့ကြရတဲ့ ကျေးလက်ဓလေ့စရိုက်(atmosphere)ကို လွမ်းဆွတ်တသကြတာ ဖြစ်ပါတယ်။ မြို့ကြီးပြကြီးကလူတွေမှာတော့ မြို့ပြစရိုက်တွေဖြစ်ကြတဲ့ အပေါ်ယံဆန်တာ၊ ဟန်ဆောင်ပြုံးတတ်တာ၊ တစ်ပတ်ရိုက်လူညွန့်ခူးတတ်တာ၊ ကိုယ်ကအသာရဖို့သာ ကြည့်တတ်တာ၊ ပရဟိတစိတ်ခေါင်းပါးတာ စတဲ့စိတ်မျိုးတွေသာ များတတ်ကြလေတော့ လွမ်းစရာရယ်လို့ ဘာမှရှိတတ်တာမဟုတ်ဘူးလေ။

ဒါတင်မက မြို့ပေါ်နေကလေးတွေအဖို့မှာလည်း ကလေးပီပီ မြေပြင်ကျယ်ကျယ်မှာ လွတ်လွတ်လပ်လပ် ကစားမြူးထူးမနေကြရဘဲ အိမ်ခန်းကျဉ်းကလေးတွေထဲမှာအောင်းပြီး တီဗီနဲ့ ဗီဒီယိုဂိမ်းနဲ့ပဲ အချိန်ကုန်နေကြရတော့တယ်လေ။ ဗီဒီယိုဂိမ်းတော်တော်များများကလည်း တိုက်ကြခိုက်ကြတာတွေ၊ ပစ်ကြခတ်ကြတာတွေချည်းဆိုတော့ နုနယ်ငယ်ရွယ်တဲ့ ကလေးတွေရဲ့ စိတ်ဓာတ်မှာ သေတာ၊ သတ်တာ ဘာမှမဆန်းပါဘူးဆိုတဲ့စိတ်တွေ ကိန်းအောင်းလာစေတာပေါ့။ နောက်ပြီးတော့ ကျေးလက်မှာလို ကလေးဖော်တွေနဲ့ စုဝေးဆော့ကစားရတာမျိုးတွေလည်း မရှိလေတော့ အသင်းအပင်း အစုအဖွဲ့စိတ်ဓာတ်ဆိုတာ ဘယ်နားလည်နိုင်မှာလဲ။ မြို့ပြနေကလေးတွေမှာ အတ္တစိတ်(individualism)လွှမ်းကဲတာ မြို့ပြလူနေမှုစနစ်က မွေးဖွားပေးလိုက်တာဖြစ်တယ်။

မြန်မာ့ရိုးရာကစားနည်းအများစုဟာ ဘောလုံးကစားတာလို ကွင်းပြင်ကျယ်ကြီးတွေ မလိုပါဘူး။ ခြင်းတစ်ဝိုင်းစာလောက် မြေကွက်လပ်ရှိရင်ပဲကစားလို့ရပါတယ်။ ဒီနေ့ခေတ်မြို့ကြီးပြကြီးက ကျောင်းတွေမှာ မြေနေရာရှားပါးလေတော့ မြန်မာ့ရိုးရာကစားနည်းတွေနဲ့ ပိုပြီးသင့်တော်ပါတယ်။ အဲဒါကြောင့် မြန်မာ့ရိုးရာကစားနည်းတွေ ပြန်လည်ဖော်ထုတ်ပေးသင့်ကြပါတယ်။ စာရေးဆရာများကလည်း မိမိတို့ဒေသအလိုက် ရိုးရာကျေးလက်ကစားနည်းတွေကို ရှာဖွေစုဆောင်းပြီး ရေးသားမှတ်တမ်းတင်သင့်ကြပါကြောင်း အကျိုးမျှော်လို့ နှိုးဆော်လိုက်ပါရစေ။

၂၁၊ ၂၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# ပျောက်ဆုံးလုပ်အားတွေ ဖော်ထုတ်ပါ

မကြာမီက စာဖတ်ပရိသတ် မိန်းကလေးတစ်ယောက် လာရောက်နှုတ်ဆက်စကား ပြောပါတယ်။ မိန်းကလေးတွေကို ပညာတွေသင်ထားပြီးမှ ကလေးထိန်း၊ ထမင်းချက်လုပ်မနေနဲ့၊ ဆရာဝန်ကတော်၊ သူဌေးကတော်လုပ်မနေနဲ့၊ ဂုဏ်ထူးဆောင်အိမ်စေမကြီး အဖြစ်မခံပါနဲ့ စတဲ့ စာတွေတော်တော်များများ ရေးခဲ့တာကြောင့် သိကျွမ်းချင်လို့ လာရောက်နှုတ်ဆက်တာပါတဲ့။

အဲဒီစာတွေ ဘာ့ကြောင့်ရေးဖြစ်တာလဲလို့လည်း မေးပါတယ်။ သူကိုယ်တိုင်က ကျောင်းဆရာမဟောင်းတစ်ဦး ဖြစ်ပါတယ်။ အခုတော့ ဆရာရေးတဲ့အတိုင်း ကတော်တစ်ဦးအဖြစ်ပဲ နေပါတယ်လို့လည်း သူ့ကိုယ်သူ မိတ်ဆက်ပါတယ်။ အပြင်ပန်းကကြည့်ရင်တော့ သူဟာ ပျော်ရွှင်ချမ်းမြေ့ပုံရပါတယ်။ ကိုယ့်ကားကိုယ်မောင်းပြီး ရောက်လာတာဆိုတော့ ပြည့်ပြည့်စုံစုံလည်း ရှိပုံရပါတယ်။ ဒါပေမယ့် နှစ်ပေါင်း ၄၀ ကျော် သတင်းစာသမားရဲ့ မျက်စိက လူကဲခတ်မှုအရပြောရရင်တော့ သူဟာ သူစွန့်လွှတ်ခဲ့ရတဲ့ ကျောင်းဆရာမဘဝကို လွမ်းဆွတ်နေဆဲဖြစ်တယ်လို့ ယူဆရပါတယ်။ နှုတ်ကတော့ သူဖွင့်မပြောပါဘူး။

နှစ်ပေါင်း ၂၀ ကျော် ကျောင်းဆရာလုပ်ခဲ့သူလည်း ဖြစ်လေတော့ ဗေဒင်ဆရာလောက်နီးပါး လူကဲခတ်တတ်နေပါပြီ။ လူကဲခတ်ရုံသာမက မကြာမကြာလည်း လက်တွေ့ဝင်ရောက်ကူညီနေရလေတော့ ၁၀ မိနစ်၊ ၁၅ မိနစ်လောက် စကားပြောလိုက်ရုံနဲ့ လူတစ်ယောက်အကြောင်းကို ထက်ဝက်ကျော်လောက်တော့ မှန်အောင်ခန့်မှန်းပြောဆိုနိုင်နေပါပြီ။ အဲဒါကြောင့် ရောက်လာတဲ့ မိန်းကလေးရဲ့အတွင်းစိတ်ကို ခန့်မှန်းပြောဆိုလိုက်တာပါ။

လာရောက်တွေ့ဆုံ နှုတ်ဆက်ရုံသက်သက်ဖြစ်တာကြောင့် ခန့်မှန်းချက်မှန်မမှန်တော့ မပြောနိုင်ပါဘူး။ ဒီမိန်းကလေးထောက်ပြပြောဆိုမှပဲ woman advocate လို့ခေါ်တဲ့ အမျိုးသမီးအခွင့်အရေး လှုံ့ဆော်သူတစ်ယောက်လောက်နီးပါး မိန်းကလေးတွေအကြောင်း တော်တော်ရေးဖြစ်ခဲ့တာကို သတိပြုမိပါတယ်။ ကိုယ်တိုင်ကတော့ တကယ်မှာ ဖိုဝါဒသမား(Machonist)တစ်ယောက် မဟုတ်သလို မဝါဒသမား(Feminist)တစ်ယောက်လည်း မဟုတ်ပါဘူး။ လူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က တစ်ယောက်ကို၊ လူမျိုးတစ်မျိုးက အခြားတစ်မျိုးကို၊ နိုင်ငံကြီးတစ်ခုက နိုင်ငံငယ်တစ်ခုကို အနိုင်ကျင့်တဲ့(Hegemony)စနစ်ကြီးကို စက်ဆုပ်သူသာ ဖြစ်ပါတယ်။

ကျောင်းဆရာဘဝမှာ အင်မတန်တော်ရုံမက အင်မတန်လည်း ထက်ထက်မြက်မြက်၊ ချက်ချက်ချာချာရှိတဲ့ တပည့်မလေးတွေ အများကြီးတွေ့ခဲ့ဖူးပါတယ်။ ကိုယ့်ကျောင်းခန်းကျဉ်းကလေးထဲက သိခဲ့ရသလောက်ပြောရရင်တော့ တော်တာ၊ ထက်မြက်တာမှာ ယောကျ်ားလေးဦးရေထက် မိန်းကလေးဦးရေကတောင် ပိုတယ်လို့ဆိုနိုင်ပါတယ်။ အဲဒီမိန်းကလေးတွေ ပညာစုံတဲ့အခါ အများအားဖြင့် မိဘတွေက အိမ်ထောင်ချပေးတာခံကြရပြီး အိမ်ရှင်မဖြစ်သွားကြတာ များပါတယ်။ တချို့ကျတော့လည်း ကိုယ့်အလုပ်ကိုယ် ဆက်လုပ်လေ့ရှိပါတယ်။

အဲဒီလို အလုပ်ဆက်လုပ်တဲ့ မိန်းကလေးတွေကို ပြန်တွေ့ရတဲ့အခါများမှာ စိတ်မကောင်းဖြစ်ရတာက များပါတယ်။ ကျောင်းလာတက်နေတုန်းကလို ကြော့ကြော့မော့မော့လေး မာန်တဝင့်ဝင့်နဲ့ပုံစံမျိုး မရှိတော့ပါဘူး။ ဖြစ်သလိုဝတ်စားဆင်ယင်ပြီး ချက်ချင်းဆိုသလို အဖွားအိုလေးသဖွယ် ဖြစ်သွားပါတော့တယ်။ မေးကြည့်လိုက်တဲ့အခါမှာ အလုပ်တစ်ဖက်၊ အိမ်ထောင်တာဝန် တစ်ဖက်နဲ့ဆိုတော့ အင်္ဂလိပ်စာတွေဖတ်ဖို့ဆိုတာထား၊ သတင်းစာတောင် မှန်မှန်ကောက်မကိုင်ဖြစ်ဘူးဆိုပြီး ညည်းညူပြကြပါတယ်။

'နှစ်ယောက်တည်းနေချင်တယ်'ဆိုတဲ့ သီချင်းထဲကအတိုင်း နှစ်ယောက်တည်းနေကြတာ ဘာများ မအားရလောက်အောင် ဖြစ်နေကြသလဲလို့ မေးကြည့်တော့ ပြောပြလိုက်တာတွေ မဆုံးတော့ပါဘူး။ မောင်တော်က မနက်တိုင်း မုန့်ဟင်းခါးစားတတ်တာကြောင့် မောင်တော်အိပ်ရာမနိုးခင် အိမ်နားကဈေးကိုပြေးပြီး မုန့်ဟင်းခါးနဲ့ ဟင်းချက်စရာဝယ်ရတယ်။ ဈေးကပြန်လာတော့ ကမန်းကတမ်းနဲ့ ကော်ဖီဖျော်၊ မုန့်ဟင်းခါးထည့်ပေးလုပ်ရတယ်။ ကိုယ်တိုင်ကတော့ ချက်ချင်းမစားဖြစ်သေးဘူး။ ဆန်ကလေး ကပျာကသီဆေး၊ ထမင်းပေါင်းအိုးထဲထည့်ပြီးမှ ဝင်ထိုင်စားဖြစ်တယ်။ မောင်တော်က မနက်ပိုင်း ရုပ်မြင်သံကြားလိုင်းပေါင်းစုံက သတင်းတွေရှာကြည့်ရင်း စားတော်မူတယ်။

စားသောက်ပြီးတာနဲ့ မီးဖိုထဲကမန်းကတမ်းဝင်ပြီး ဈေးက ဝယ်ခြမ်းလာတာတွေ ချက်ဖို့ပြုတ်ဖို့ ပြင်ဆင်ရတယ်။ ရုံးချိန်မီအောင် မနက်တိုင်းအမောတကောလုပ်ရတာ စိတ်အပျက်ဆုံးပဲလို့ ပြောပြတယ်။ မီးမလာတဲ့နေ့တွေဆိုရင် မီးသွေးမီးဖိုမီးမွှေးရတာ တစ်ခါတလေ ငိုတောင်ငိုချင်တယ်လို့လည်း ပြောရှာတယ်။ အဲဒီလိုအချိန် ဧည့်သည်တစ်ယောက်ဝင်လာမှာ သိပ်စိုး



www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ ဆံပင်ကစုတ်ဖွားနဲ့ မျက်နှာမှာအိုးမည်းတွေ ပေရေနေတတ်တော့ ထွက်မတွေ့ချင်ဘူး။ ထမင်းချိုင့်နှစ်ချိုင့်ပြင်ပြီးမှပဲ ဟင်းချနိုင်တော့တယ် ဆရာ ရယ်လို့လည်း ပြောတတ်ကြပါတယ်။

ညနေရုံးဆင်းတော့လည်း ရုံးနဲ့မလှမ်းမကမ်းမှာ လမ်းဘေးချရောင်းတဲ့ ဈေးကလေးက ဝယ်စရာခြမ်းစရာဝယ်ပြီး အိမ်ကို ကမန်းကတမ်းပြေးရတယ်။ ရုံးချင်းကအလှမ်းဝေးတော့ တစ်ယောက်စီပြန်ကြပဲ။ သမီးရည်းစားဘဝတုန်းကတော့ ဘယ်ဒီလိုဟုတ်မှာလဲ။ ကိုယ်ရုံးဆင်းချိန်မီ သူက စောစောလစ်ထွက်လာပြီး အိမ်အရောက် နေ့တိုင်းလိုက်ပို့တာပေါ့။ ခုတော့လည်း ဘဝက လက်တွေ့ကျအောင် သင်ပေးခဲ့ပြီကိုး။ အိမ်ရောက်တော့ ခြင်းကလေးချပြီး အဝတ်အစားအမြန်လဲ၊ ရေအေးကလေးတစ်ခွက်သောက်ပြီး ချက်ရပြုတ်ရ နှစ်ယောက်စာ အဝတ်အစားတွေပြေးပြီး လျှော်ရသေးတယ်။ ချက်ပြုတ်ပြီး ရေမိုးချိုးပြီးချိန်မှ မောင်တော်က ပြန်ရောက်လေ့ရှိတယ်။ ရုံးဆင်းချိန်မှာ သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်တဲ့အကျင့်က အိမ်ထောင်ကျတဲ့ထိ ပျောက်သေးတာမဟုတ်ဘူး။ အိမ်ပြန်ရောက်၊ ရေမိုးချိုးပြီးတာနဲ့ သူက ဆာတတ်ပြီ။ အသင့်ခူးခပ်ပေးတာ စားပြီးတာနဲ့ တီဗီရှေ့ရောက်သွားရော။ သိမ်းဆည်း၊ ဆေးကြောစရာတွေ တစ်ယောက်တည်းလုပ်ပြီးတော့ ကိုရီးယားကားတောင် နှစ်ပိုင်းပြီးနေတတ်ပြီ။ အိမ်ထောင်ကျကတည်းက ကိုရီးယားကားကို သေသေချာချာကြည့်ရတယ်လို့ မရှိတော့ပါဘူး။

ကိုရီးယားကားပြီးသွားတာနဲ့ မီးပူတန်းတိုက်ရတယ်။ မောင်တော်က လက်သုတ်ပဝါတောင် မီးပူတိုက်ပြီးသားမှ ထမင်းစားပွဲပေါ်တင်စေတာ။ သိပ်အသန့်ကြိုက်တဲ့သူ။ တစ်ခါတလေကျတော့လည်း ဘာဖြစ်လို့ မိန်းမဖြစ်လာရတာလဲလို့တောင် ကိုယ့်ဟာကိုယ် ဒေါသဖြစ်မိတယ်ဆရာရဲ့ လို့ ပြောသွားလိုက်တာတွေ အလျှင်မပြတ်တော့ပါဘူး။

ဒီလိုညည်းသံညျုသံတွေ ကြားရပေါင်းများလှပါပြီ။ ဒါကြောင့် ရေးပေါင်းလည်း များလှပါပြီ။ ဒါပေမဲ့ ပြောင်းလဲမှုတော့ မရှိလှပါဘူး။ အိမ်ထောင်ပြုတယ်ဆိုတာ ဘာမှ ဆွေမျိုးမတော်စပ်တဲ့ သူစိမ်းနှစ်ယောက် ပေါင်းသင်းကြတာပဲ။ မြန်မာလူမျိုးဟာ သိပ်အားနာတတ်တယ်လို့ နာမည်ကျော်ခဲ့တာ ခုလိုကိစ္စမျိုးကျတော့ အားမနာဘူးလား။ ကိုယ်နဲ့ သွေးသား ဘာမှမတော်စပ်တဲ့ အမျိုးသမီးတစ်ယောက်က ကိုယ့်ကို ဝတ်ကြီးဝတ်ငယ်မှန်သမျှ ပြုစုလုပ်ကိုင်ပေးနေတာကို ယောကျ်ားရင့်မကြီးတစ်ယောက်က အငြိမ့်သားထိုင်ပြီး ခံစားနေသင့်ပါသလား။

ခေတ်ပညာတွေသိပ်တတ်ပြီး 'အခွင့်အရေး'တွေအကြောင်း သိပ်ပြော



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ ယောက်ျားတွေဟာ မိန်းမတွေရဲ့တာဝန်ကို ခွဲဝေထမ်းဖို့ကျတော့ ဘာ့ကြောင့်များ စိတ်ကူးထဲတောင်မထည့်ကြတာလဲ။ မိန်းမဈေးသွားချိန်မှာ ထမင်းအိုးတည်ပေးတာ၊ ကြက်သွန်နွှာပေးတာ၊ ငရုတ်သီးထောင်းပေးတာ လုပ်တတ်တဲ့ယောက်ျား ဘယ်နှယောက်များရှိပါသလဲ။ မိန်းမဖြစ်သူ မအီမသာ ဖြစ်နေချိန်မျိုးမှာ ကိုယ့်အဝတ်၊ သူ့အဝတ် အားလုံးလျှော်ပေးတဲ့ယောက်ျား မျိုးကော ဘယ်နှစ်ယောက်များ ရှိပါသလဲ။

အိမ်ထောင်မှုလုပ်တာ မိန်းမတွေရဲ့အလုပ်၊ ယောက်ျားတွေရဲ့အလုပ် မဟုတ်ဘူးဆိုတဲ့ ရှေးဟောင်းပဒေသရာဇ်ခေတ်က အတွေးအခေါ်တွေကို ဂလို ဘယ် ကျယ်ကျယ်အော်နေတဲ့ဒီခေတ်မှာ စွန့်ပစ်လိုက်ကြဖို့ကောင်းပါပြီ။ အိမ်ထောင်တစ်ခုအတွက် ကိုယ်က အလုပ်လုပ်ငွေရှာသလို သူလည်းအလုပ် လုပ် ငွေရှာနေတာပဲ။ အိမ်ထောင်တာဝန်တွေကို ခွဲဝေယူကြရမှာပေါ့။ ငွေရှာ ကောင်းတဲ့ယောက်ျားမို့ မိန်းမကို အလုပ်မလုပ်စေဘူးဆိုတာလည်း နိုင်ငံ အတွက် မကောင်းပါဘူး။ မြန်မာနိုင်ငံမှာ မိန်းမဦးရေက ယောက်ျားဦးရေထက် နည်းနည်းပိုသလို ကမ္ဘာမှာလည်း မိန်းမဦးရေကပိုများပါတယ်။ မိန်းမတွေရဲ့ လုပ်အားက ပိုများနေတဲ့သဘော ဖြစ်ပါတယ်။ အလုပ်မလုပ်ဘဲ အိမ်တွင်းမှာပဲ ထမင်းချက်၊ ကလေးထိန်းလုပ်နေခြင်းဟာ လုပ်အားဆုံးရှုံးခြင်း ဖြစ်ပါတယ်။ အထူးသဖြင့် တိုင်းပြည်ပြန်လည်ထူထောင်နေရဆဲ နိုင်ငံတွေမှာ ရှိသမျှလုပ် အားတွေ ဆွဲထုတ်အသုံးချနိုင်ဖို့ လိုအပ်ပါတယ်။ အနောက်နိုင်ငံကြီးတွေမှာ ဆိုရင် လူအိုလူမင်းဦးရေက တစ်နေ့တခြား တိုးပွားနေတဲ့အတွက် ပင်စင်သက် ကိုတိုးမြှင့်ဖို့ စဉ်းစားနေကြပါတယ်။ ဒါ့အပြင် လောလောဆယ် လုပ်အားချို့တဲ့မှု ပြဿနာကို ဖြေရှင်းတဲ့အနေနဲ့ ပင်စင်ယူပြီး လူအိုလူမင်းများကို အလုပ်တွေ ပြန်လုပ်ကြဖို့ လှုံ့ဆော်မှုတွေပြုလုပ်နေရတာများ စာနယ်ဇင်းတွေမှာ ဖတ်ရှု နေရပါတယ်။

အဲဒါကြောင့် အမျိုးသမီးတွေကို 'ဂုဏ်ထူးဆောင်အိမ်ဖော်မကြီးတွေ' အဖြစ် သဘောမထားကြဘဲ တိုင်းပြည်ရဲ့လုပ်အားတွေအဖြစ် သဘောထား ကြဖို့လိုပါတယ်ဆိုတဲ့အကြောင်း ထပ်လောင်းနှိုးဆော်လိုက်ရပြန်ပါတယ်။

၂၈၊ ၂၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# မာန်နှင့် ဇွဲ

ခုခေတ်မှာ လူငယ်လေးတွေ တော်တော်များများဟာ ကြီးမားချမ်းသာချင်စိတ် တော်တော်ပြင်းပြတာ တွေ့ရတယ်။ ချမ်းသာချင်စိတ်ရှိတာ ကောင်းပါတယ်။ ဒါပေမဲ့ ဘယ်နည်းနဲ့ရရ ချမ်းသာရင်ပြီးတာပဲဆိုတဲ့စိတ်မျိုး ထားရှိတာတော့ မကောင်းပါဘူး။

ချဲထိုးတာတို့၊ နှစ်လုံးတိုက်၊ သုံးလုံးတိုက်လုပ်တာတို့ဆိုတာ ဖြတ်လမ်းက ချမ်းသာချင်တဲ့လူတွေ လုပ်တာပဲ။ တစ်နည်းပြောရရင် အချောင်လိုချင်သူတွေ လုပ်လေ့ရှိတာ ဖြစ်တယ်။ အားမာန်ပြည့်ဝတဲ့လူငယ်တွေ လုပ်ရမယ့်အလုပ်မျိုး မဟုတ်ဘူး။ လူငယ်မာနဆိုတာ ရှိတယ်။ ကိုယ်စွမ်းကိုယ်စနဲ့ လုပ်လို့ရတဲ့ အရာကိုမှ တန်ဖိုးထားတယ်။ အလကား အချောင်ရတာ မလိုချင်ဘူးဆိုတဲ့ စိတ်မျိုးဖြစ်တယ်။

ဒီခေတ်မှာ အဲဒီစိတ်မျိုးတွေ ခေါင်းပါးသလိုထင်မိတယ်။ ဈေးသည်တွေက ကံစမ်းမဲတို့၊ ဘာတို့ပေးတယ်ဆိုတာ ဈေးဝယ်သူတွေကို စော်ကားနည်း တစ်မျိုး ဖြစ်တယ်။ ဈေးဝယ်တိုင်းဟာ အလကား အချောင်လိုချင်တဲ့စိတ်ရှိသူ မဟုတ်ပါဘူး။ ကိုယ့်ပိုက်ဆံနဲ့ ထိုက်တန်တဲ့အရည်အသွေးရှိ ပစ္စည်းကိုသာ လိုချင်တဲ့ဈေးဝယ်သူမျိုးတွေလည်း ရှိပါတယ်။

ကံစမ်းမဲပေးခြင်းဟာ ကလေးသူငယ်တွေကို အချောင်လိုစိတ်မွေးပေး သလို ဖြစ်စေတယ်။ မိဘတွေက ဒီလိုပစ္စည်းမျိုးကို မဝယ်သင့်ဘူး။ မဝယ် သင့်ကြောင်း သားသမီးတွေကို အကျိုးအကြောင်းနဲ့ ရှင်းပြသင့်တယ်။ ကိုယ် စွမ်းကိုယ်စနဲ့ ဇွဲ၊ လုံ့လဝီရိယနဲ့ လုပ်ပြီးရတဲ့အရာမှ တန်ဖိုးရှိတယ်ဆိုတာ ပြောပြရမယ်။ ကံစမ်းမဲသာမက သနားလို့ပေးတယ်ဆိုတာမျိုးလည်း မယူသင့် ကြောင်း ပြောပြသင့်တယ်။ သနားလို့ပေးတာ တစ်ခါယူမိရင် အမြဲတမ်း သူ များသနားအောင် လုပ်နေတတ်တယ်။ ဒါလည်း အချောင်ရလိုစိတ် ဖြစ်တယ်။ လူစွမ်းလူစ တုံးသွားစေတယ်။

လူမှန်ရင် မာနဆိုတာ ရှိသင့်တဲ့နေရာမှာ ရှိသင့်ထားသင့်တယ်။ မာန တိုင်း မကောင်းတာမဟုတ်ဘူး။ လျှာမြက်ပေါက်ပါစေ လိမ်မစားဘူး၊ တောင်း မစားဘူး၊ ခိုးမစားဘူးဆိုတဲ့စကားတစ်ခွန်း ရှိတယ်။ ဆင်းရဲခြင်းက မာနကြီး



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတဲ့သဘော ဖြစ်တယ်။ လူမှန်ရင် မာနရှိရမယ်။ ဒုက္ခိတတောင်မှ ဒုက္ခိတမာနဆိုတာ ရှိတယ်။ မျက်စိမမြင်သူက ဝေရတ်တောင်ထိပ်ရောက်အောင် တက်တယ်ဆိုတာက ဒီမာနပဲ။ စပ်မိလို့ နိုင်ငံခြားကစားတပုဒ်ကို လက်ဆောင်ပေးလိုက်ချင်တယ်။

**မအောင်မြင်သေးရင်ဆက်လုပ်**

လောကမှာ ကြီးပွားချမ်းသာနေသူ သုံးမျိုးသုံးစားရှိတယ်။

(၁) အမွေရသူ။

(၂) ကံကောင်းထောက်မပြီး နေရာကောင်းကို အချိန်ကောင်းမှာ ရောက်သွားတဲ့သူ။

(၃) စိတ်ကူးဉာဏ်ရှိပြီး ကိုယ့်စိတ်ကူး အကောင်အထည်ပေါ်တဲ့အထိ ဇွဲလုံ့လဝီရိယနဲ့ လုပ်ဆောင်တဲ့သူ။

အမွေနဲ့ကံဆိုတာက ကိုယ်လုပ်ယူလို့ရတာမဟုတ်ဘူး။ ဒါကြောင့် ဘာမှပြောစရာမလိုဘူး။ နံပါတ် ၃ အချက်ကသာ လူတိုင်းနဲ့ဆိုင်တာကြောင့် ဆက်ပြောဖို့လိုတယ်။

Sam Walton ဟာ ကမ္ဘာကျော် Wal-Mart ကုမ္ပဏီကြီးရဲ့ သူဌေးအဖြစ်ကို ကံကောင်းထောက်မလို့ ရရှိခဲ့တာမဟုတ်ဘူး။ နှစ်ပေါင်းများစွာ ဇွဲ လုံ့လနဲ့ ကြိုးစားအားထုတ်လို့ ရခဲ့တာဖြစ်တယ်။ Wal-Mart ကို အာကင်ဆောပြည်နယ်၊ Beutouville မြို့ကလေးမှာစဖွင့်စဉ်က ဈေးတာရေး လက်လီဆိုင် သေးသေးလေးသာ ဖြစ်တယ်။ သက်သာတဲ့ဈေးနှုန်း၊ စိတ်ချရတဲ့ပစ္စည်း၊ ဖော်ရွေတဲ့အရောင်းဈေးသည် စသည်တို့က ဈေးဝယ်တွေကို ဆွဲဆောင်နိုင်ခဲ့တယ်။ တစ်ဆိုင်အောင်မြင်ပြီးတာနဲ့ သူက တစ်ဆိုင်ပြီးတစ်ဆိုင် တိုးဖွင့်တယ်။ နောက်ဆုံးကျတော့ အမေရိကန်နိုင်ငံရဲ့ အကြီးဆုံးဈေးတာရေး လက်လီဆိုင်အုပ်စုကြီးအဖြစ် ရောက်ရှိသွားခဲ့ရတယ်။

Wal-Mart ကော်ပိုရေးရှင်းကြီးဟာ စီးပွားရေးလောကမှာ "Growth from Wilkin" လို့ခေါ်ကြတဲ့ အတွင်းကြီးထွားမှုစနစ်ကိုကျင့်သုံးပြီး အောင်မြင်ခဲ့တာဖြစ်တယ်။ တံမြက်စည်းလှဲတဲ့သူက ကြိုးစားရင် တစ်နေ့မှာ ကုမ္ပဏီဥက္ကဋ္ဌ ဖြစ်လာနိုင်တဲ့စနစ်မျိုး ဖြစ်တယ်။ ကြိုးစားရင် ကြိုးစားသလောက် အသိအမှတ်ပြုခံရတယ်ဆိုရင် ဝန်ထမ်းတိုင်း ကြိုးစားချင်စိတ်ရှိလာမှာ ဖြစ်တယ်။

အင်ဒီရာဂန္ဒီ တစ်ခါက ပြောခဲ့ဖူးတာရှိတယ်။ 'ကျွန်မအဘိုး တစ်ခါက ပြောဖူးတယ်။ လောကမှာ လူနှစ်မျိုးနှစ်စားရှိတယ်တဲ့။ တစ်မျိုးက အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး တစ်မျိုးက နာမည်ကောင်းယူတတ်တယ်တဲ့။ အဘိုးက ကျွန်မကို ပထမအမျိုးအစားမှာ ပါနိုင်အောင်ကြိုးစားဖို့ အမြဲပြောတယ်။ အဲဒီမှာ ပြိုင်ဖက် သိပ်မများဘူးတဲ့။

ဘဝမှာ ကုမ္ပဏီကြီးတွေရဲ့ဝန်ထမ်းပဲလုပ်လုပ်၊ ကိုယ်ပိုင်လုပ်ငန်းပဲ လုပ်လုပ်၊ မျှော်မှန်းချက်မရောက်မချင်း လက်မလျှော့ဘူးဆိုတဲ့ ဇွဲမျိုးရှိဖို့လို တယ်။ အရာရာတိုင်းဟာ မျှော်မှန်းသလို ဖြစ်ခဲတယ်။ Webster ဟာ ၃၆ နှစ်ကြာအောင် မဆုတ်မနစ်ကြိုးစားပြီးမှ အဘိဓာန်စာအုပ်ကြီး ထွက်ရှိ အောင်မြင်ခဲ့တာ ဖြစ်တယ်။ ကမ္ဘာကျော်စာအုပ်ကြီးဖြစ်တဲ့ 'ရောမအင်ပါယာ ကြီး ကျဆုံးခန်းနဲ့ ပြိုလဲခန်း'ကို ထုတ်ဝေနိုင်ဖို့ Gibbon ဟာလည်း ၂၆ နှစ်တိတိ ကြိုးစားခဲ့ရတာဖြစ်တယ်။

ကြိုးစားပေမယ့် အောင်မြင်မှုမရရင် ဘာဆက်လုပ်ရမလဲလို့ မေးတတ် ကြတယ်။

ဆက်လုပ်။

ဒါဟာ တစ်ခုတည်းသောအဖြေ ဖြစ်တယ်။ နယူးယောက်မြို့တော်က အဝတ်ဘေးကိုတိုက်ဖျက်ဖို့ နှစ်ပေါင်းများစွာကြိုးစားခဲ့တဲ့ သတင်းစာဆရာ၊ ပြုပြင်ရေးဝါဒီ Jacob Riis ဟာ လုပ်ငန်းမအောင်မြင်လို့ စိတ်ဓာတ်ကျတဲ့အခါ များမှာ ကျောက်ဆစ်သမားရဲ့အလုပ်ခွင်ကို သွားကြည့်လေ့ရှိတယ်လို့ ပြောတတ် တယ်။

'ဘာလုပ်လို့မှ အဆင်မပြေတဲ့အခါမျိုးမှာ ကျုပ်ကတော့ ကျောက်ဆစ် သမား အလုပ်လုပ်နေတာ သွားထိုင်ကြည့်တယ်။ သူဟာ ကျောက်တုံးကြီးကို စို့နဲ့ အကြိမ်တစ်ရာတိတိ ထုနက်နေတာပဲ။ ဘာအရာမှ ထင်မလာခဲ့ဘူး။ ဒါပေမယ့် တစ်ရာ့တစ်ချက်မြောက် တူချက်မှာတော့ ကျောက်တုံးကြီး နှစ်ခြမ်း ကွဲသွားတော့တယ်။ နောက်ဆုံးတူချက်မှာ ကွဲသွားတာမှန်တယ်။ ဒါပေမဲ့ အဲဒီတူချက်ကြောင့်တော့ မဟုတ်ဘူး။ အချက်ပေါင်းတစ်ရာတိတိ စိတ်ရှည် လက်ရှည်ထုခဲ့တာကြောင့် အောင်မြင်ခဲ့တာဖြစ်တယ်။

၁၉၅၇ ခုနှစ်မှာ တိုယိုတာက အမေရိကန်ဈေးကွက်ထဲကို 'တိုယိုပက်' ဆိုတဲ့ ကားငယ်လေးနဲ့ စတင်ဝင်ရောက်ခဲ့တယ်။ ဒါပေမဲ့ လုံးဝမအောင်မြင်ခဲ့ ဘူး။ တိုယိုတာက နောက်ဆုတ်မသွားဘဲ ၁၉၆၅ ခုနှစ်မှာ 'ကိုရိုနာ'ကားနဲ့ ပြန်ပြီးဝင်ပြန်တယ်။ အဲဒါလည်း တစ်နှစ်လုံးမှာ စင်းရေ ၅၄၀၀ ပဲ ရောင်းရ တယ်။ ဒါပေမယ့် နှစ်ပေါင်းများစွာ ကြာတဲ့အခါရောက်တော့ တိုယိုတာဟာ အမေရိကန်ပြည်ထောင်စုကို ကားအများဆုံးတင်ပို့ရောင်းချတဲ့ ကုမ္ပဏီကြီး အဖြစ် ရောက်ရှိလာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဂျော့ဘားနတ်ရှောကလည်း ဖွဲလုံ့လအကြောင်း ဒီလိုပြောခဲ့ဖူးတယ်။

'ကျုပ်ငယ်ငယ်က ဘာလုပ်လုပ် ဆယ်ခုလုပ်ရင် ကိုးခုကရှုံးနိမ့်တာချည်း တွေ့ရတယ်။ ကျုပ်က အရှုံးသမားမဖြစ်ချင်ဘူး။ ဒါကြောင့် ဆယ်ဆ ပိုအလုပ် လုပ်တယ်'

ဖွဲ၊ လုံ့လဝီရိယနဲ့ ကြိုးစားအားထုတ်မှုပြုရင် မအောင်မြင်ဘူးဆိုတာ မရှိနိုင်ဘူး။ တစ်ကြိမ်မှာ မအောင်မြင်သေးရင် နောက်တစ်ကြိမ်၊ နောက် တစ်ကြိမ်မှာတော့ အောင်မြင်မှုကို မလွဲမသွေရရှိမှာသာဖြစ်တယ်။

*Ref: Tim Hartness and Neil Eskelin* တို့ရေးတဲ့ *The 24 Hour Turn-Around* စာအုပ်ထဲက စာတစ်ပုဒ်ကို ပြန်လည်ဖောက်သည်ချထား တာပါ။

၁၄၊ ၃၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# ပိတောက်ဦး

မနက်က ပိတောက်တွေပွင့်တယ်။

ထူးထူးဆန်းဆန်း မိုးမရွာဘာမရွာနဲ့ပွင့်တဲ့ ပိတောက်ဦးမို့ တန်ဖိုးထားကြတယ်။ မနက်အိပ်ရာကထတော့ နာခေါင်းထဲမှာယဉ်ပါးနေတဲ့ ရနံ့သင်းသင်းကလေးတစ်ချက်ရလိုက်တာကြောင့် မျက်စိက အလိုအလျောက် ပြတင်းပေါက်ဆီ ရောက်သွားတယ်။ အိမ်ရှေ့က ပိတောက်ပင်ထိပ်ဖျားမှာ ပိတောက်ခက်ဝါဝါကလေးတွေ ယိမ်းထိုးကခုန်နေတာ တွေ့လိုက်ရတယ်။

မိုးမရွာဘဲ နှင်းနဲ့ပွင့်ရတာကြောင့် တစ်ပင်လုံး ရွှေရည်လူးအောင်တော့ မပွင့်သေးဘူး။ ဟိုနားနည်းနည်း၊ ဒီနားနည်းနည်းပဲ ပွင့်နေတယ်။ သတင်းပေးလိုက်တာနဲ့ အိမ်သားအားလုံး ပြတင်းပေါက်ဆီ ရောက်သွားကြတော့တယ်။ နည်းနည်းပဲပွင့်ပြီး ထိပ်ဖျားမှာပဲပွင့်နေတာကြောင့် ကိုင်းတက်ခုတ်တဲ့လူတွေရဲ့ရန်က လွတ်သွားတယ်။ 'ဈေးထဲမှာလည်း ရောင်းနေတယ်။ ငါးဆယ်ဖိုးဝယ်တာတောင် မရောင်းဘူး။ အနည်းဆုံး တစ်ရာဖိုးရောင်းတယ်တဲ့' ဈေးက ပြန်လာတဲ့ ကလေးတစ်ယောက်က သတင်းပေးပါတယ်။

ခဏနေတော့ ကလေးမတွေအားလုံး ပြတင်းပေါက်ဆီ ပြန်စုသွားကြပြီး အဝတ်လှန်းတဲ့ဝါးလုံးတံချူနဲ့ ပိတောက်တွေချူကြတယ်။ အပေါ်ထပ်နဲ့ဆိုတော့ အတော်ပဲဖြစ်သွားတယ်။ မိုးသာရွာလို့ကတော့ ညွတ်ကျလာတဲ့ ပိတောက်ကိုင်းတွေက အပေါ်ထပ်ပြတင်းပေါက်ထိ ရောက်လာလေ့ရှိတယ်။ လက်တံရှည်ရှည်နဲ့ လှမ်းဆွဲယူပြီး ပိတောက်ပန်းတွေ ချိုးယူလိုက်ရုံပဲ။ ၁၉၈၁ ခုနှစ်ကစိုက်ခဲ့တဲ့ ၂၅ နှစ်သား ပိတောက်သုံးပင်ဟာ ပွင့်ပြီဆိုရင် ဝါထိန်နေအောင်ပွင့်တာ။ အမူးသမား ကော်ရင်ဂျီကုလားတောင် မော့မကြည့်ဘဲမနေနိုင်အောင် လှနေတာဖြစ်တယ်။

ပိတောက်များ ပွင့်ရာကကြွေရင်တော့ အံ့မခန်းအောင်လှတာ။ လမ်းပေါ်မှာ ရွှေဝါရောင်ကမ္ဗလာကြီး ဖြန့်ခင်းထားသလို ရွှေရောင်တဝင်းဝင်းနဲ့ ရှုလို့မငြီးနိုင်အောင်ကို ဖြစ်လို့နေတော့တယ်။ ဒါ့ကြောင့်လည်း တစ်နှစ်မှာ တစ်ခါသာပွင့်ပြီး တစ်ရက်သာခံတဲ့ ပန်းပိတောက်ကို မြန်မာတို့ရဲ့အမျိုးသားပန်းရယ်လို့ စာတွေဆိုခဲ့ကြတာ ဖြစ်ဟန်တူပါရဲ့။ တန်ဖိုးဆိုတာရှားလို့ ရှိတာမဟုတ်လား။

www.burmeseclassic.com



မနှစ်ကဒီအချိန် ပြင်ဦးလွင်ရောက်နေပြီဆိုတော့ ကိုယ့်အိမ်ရှေ့ ပိတောက်တွေပွင့်တာ မမြင်လိုက်ရဘူး။ ပြင်ဦးလွင်မှာ ပိတောက်တွေပွင့်တာကိုသာ တွေ့ရတယ်။ ပြင်ဦးလွင်မှာလည်း ပိတောက်တွေ ဝါထိန်ညွှတ်ကိုင်းနေအောင် ပွင့်ပါတယ်။ ဒါပေမယ့် ထူးဆန်းတာက ရန်ကုန်မှာလို ခုတ်မယ့်၊ ချိုင်မယ့်သူ မရှိဘူး။ တစ်နေ့ခင်းလုံး ပိတောက်ပွင့်တာဟာ ယိမ်းထိုးကခုန်မြူးထူး ရွှေရည်လူးနေကြတယ်။ အလှကိုမဖျက်ဆီးတတ်တဲ့ ပြင်ဦးလွင်သားတွေကို ချီးကျူးအံ့ဩမိတယ်။ အလှတွေကြားမှာ နေထိုင်ကြီးပြင်းခဲ့ရလို့ အလှကို ချစ်တတ်ကြတယ်ထင်ရဲ့။ လမ်းဘေးတစ်လျှောက် လွတ်လွတ်လပ်လပ် ပေါက်ချင်တိုင်းပေါက်နေတဲ့ ရောင်စုံပန်းတွေလည်း ဘေးမသီရန်မခ လန်းလို့ စွင့်လို့ ယိမ်းထိုးကခုန်မြူးထူးလို့။

အလှနဲ့ယဉ်ပါးမှ အလှကိုချစ်တတ်တယ်။ အလှကိုချစ်တတ်မှ လူယဉ်ကျေးဖြစ်တယ်။ လူတိုင်းမှာ မွေးရာပါစိတ်ကြမ်း၊ စိတ်ရိုင်းရှိမြဲဖြစ်တယ်။ Animal instint တိရစ္ဆာန်စိတ်လို့ ခေါ်လေ့ရှိတယ်။ အဲဒီစိတ်ကြမ်း၊ စိတ်ရိုင်းတွေ ညွှတ်နူးပျော့ပျောင်းသွားအောင် အလှက ဖန်တီးနိုင်စွမ်းရှိတယ်။ အဲဒါကြောင့် လူ့လောကပတ်ဝန်းကျင်မှာ အလှအပတွေနဲ့ တန်ဆာဆင်ထားပေးကြဖို့ လိုအပ်တယ်။ သစ်ပင်ပန်းမန်တွေဟာ ပိုက်ဆံကုန်ဖို့မလိုတဲ့ သဘာဝလက်ဆောင်တွေဖြစ်တယ်။ ရေမြေရာသီဥတုအလိုက် သင့်ရာသင့်ရာ မြေကထွက်လာတာဖြစ်တယ်။ လူက ဘာမှထွေထွေထူးထူး ဝါယမစိုက်ထုတ်နေစရာမလိုဘူး။ အသာလေး ကြည့်နေလိုက်ရုံပါပဲ။

ခက်တာက လူတွေဟာ အသိဉာဏ်အမြင့်မားဆုံး သတ္တဝါအဖြစ် ဟိတ်ဟန်ထုတ် ဝင့်ဝါနေကြပေမယ့် တကယ်တော့ သူတို့လောက်မိုက်မဲတာ မရှိတော့ဘူးလို့ ဆိုချင်ပါတယ်။ ကမ္ဘာပေါ်မှာ ဘယ်တိရစ္ဆာန်မှ သူတို့ မှီတင်းနေထိုင်တဲ့ နေရာဌာန၊ အသိုက်အမြုံကို ဖျက်ဆီးပစ်တယ်ရယ်လို့ မရှိပါဘူး။ တောတွေပြုန်းအောင်လုပ်တာလည်း လူပဲ။ တောင်တွေပျောက်အောင် လုပ်တာလည်း လူပဲ။ မြစ်၊ ချောင်း၊ အင်းအိုင်တွေ ကောအောင်လုပ်တာလည်း လူပဲ။ မြေကြီးအောက်က စမ်းချောင်းတွေ အဆိပ်သင့်အောင်လုပ်တာလည်း လူပဲ။ ဖောခြင်းသောခြင်း ပေါချင်တိုင်းပေါနေတဲ့လေကိုတောင် ပိုက်ဆံပေးပြီး ရှူရတဲ့အဖြစ်ရောက်အောင် လုပ်တာလည်း လူပဲ။

စဉ်းစားကြည့်။ ကျားဘိန်းစားနဲ့ ဆင်အရက်သမားဆိုတာ မရှိဘူး။ တိရစ္ဆာန်လောကမှာ AIDS မရှိဘူး။ ခေါင်းပုံဖြတ် သွေးစုတ်တာ မရှိဘူး။ တိရစ္ဆာန်လောကမှာ ပြည့်တန်ဆာမရှိဘူး။ ဟစ်တလာမရှိဘူး။ ဂျော့ဘုရှ်မရှိဘူး။ ဒါတွေအားလုံး လူ့လောကမှာသာ ရှိနေတာဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဝင်ရိုးစွန်းက နှစ်သိန်းပေါင်းများစွာ တည်ရှိလာခဲ့တဲ့ ရေခဲပြင်ကြီးတွေ အရည်ပျော်ကျမှုနှုန်း ရုတ်တရက်ကြီးမြန်ဆန်လာတာ ဘာကြောင့်လဲ။ အယ်လ်နီညိုတို့၊ လာနီညာတို့လို ရေပူစီးကြောင်း၊ ရေအေးစီးကြောင်းတွေ ဖြစ်လာကြတာ ဘာကြောင့်လဲ။ စဉ်းစားကြဖို့ကောင်းတယ်။ ဆူနာမီတို့၊ ကက်ထရီနာတို့ ဖြစ်ပေါ်လာကြတာလည်း မြေကြီးအောက်က ပင်လယ်ကြမ်းပြင်အောက်က သဘာဝသယံဇာတတွေကို ဒလေဟောထုတ်ယူနေကြတာနဲ့ ဆက်စပ်မှုဘယ်လောက်ထိရှိသလဲ။ စူးစမ်းလေ့လာကြဖို့ ကောင်းတာပဲ မဟုတ်ဘူးလား။ နွေဦးပေါက်ပြီဆိုတာနဲ့ ရန်ကုန်မှာနေရတာ ပေါင်းအိုးကြီးထဲ ဝင်ထိုင်နေရတာနဲ့ တူလာတာကတော့ အမှန်ပဲ။

မန္တလေးသားတွေ ရန်ကုန်ကိုသဘောကျတဲ့အချက် နှစ်ချက်ရှိတယ်။ မန္တလေးလို မပူလွန်း၊ မအေးလွန်းတာနဲ့ မန္တလေးလို ခြင်မကိုက်တာဖြစ်တယ်။ အခုတော့ မထူးတော့ဘူး။ နွေပေါက်ပြီဆိုတာနဲ့ ၁၀၄ လောက် တန်းရောက်တော့တာပဲ။ ခြင်ကလည်း နွေခင်းနွေ့လယ်တောင် ကိုက်လိုက်တာ ကုတ်လို့မနိုင်နိုင်ဘူး။ စကတ်ဝတ်ညှေ့သည်တွေလာရင် သိပ်အားနာစရာကောင်းတယ်။ ခြေနှစ်ချောင်းကို တစ်လှည့်စီမြှောက်လိုက်၊ ချလိုက်နဲ့ ဣန္ဒြေကိုမဆည်နိုင်ကြရှာဘူး။ မျက်နှာပူပူနဲ့ပဲ ကြည့်နေလိုက်ရတော့တယ်။

ရန်ကုန်မှာနေတာ ၄၆ နှစ်ရှိပြီ။ ဒီ ၄၆ နှစ်ကြား မယုံနိုင်အောင် ပြောင်းလဲသွားတာတွေ အများကြီးပါပဲ။ အဲဒီခေတ်က အညာက ဘုရားဖူး ညှေ့သည် ၂၆ ယောက်လာဖူးတာ အမှတ်ရပါတယ်။ ခြင်ထောင်တွေ၊ ဘာတွေ ဘယ်ပေးနိုင်မှာလဲ။ အိမ်ရှေ့မှာ သင်ဖြူးခင်းပြီး တန်းစီအိပ်လိုက်ကြတာပါပဲ။ ခြင်တွေဘာတွေ မကိုက်ပါဘူး။ ပြီးတော့ အဲဒီခေတ်က အိမ်တွေမှာ ရေစုပ်စက်မော်တာ မရှိကြပါဘူး။ ရေကူးက ရေတွန်းစက်ကြီးရဲ့တွန်းပို့အားနဲ့ အပေါ်ထပ်ထိ ရေတက်ပါတယ်။ ရေတိုင်ကီတွေမှာ ပလပ်စတစ်ဘောလုံးကြီးတွေ တပ်ထားကြရတယ်။ တိုင်ကီထဲရေပြည့်တာနဲ့ ဘောလုံးက ရေဝင်ပိုက်ခေါင်းနဲ့ တစ်တန်းတည်းဖြစ်သွားပြီး ပိုက်ခေါင်းမှာ အလိုအလျောက်ပိတ်သွားစေတာပါ။ ခုခေတ်လူငယ်တွေ အဲဒီပလပ်စတစ်ဘောလုံးကြီးမျိုး ဘယ်မှာမြင်ဖူး၊ ကြားဖူးတော့မှာလဲ။

အဲဒီခေတ်က ကျောင်းတွေ၊ အသင်းအဖွဲ့တွေ ပျော်ပွဲစားထွက်တဲ့အခါ၊ ဝါဆိုပန်းခူးထွက်တဲ့အခါ ဂျိုးဖြူတို့၊ လှော်ကားတို့ဘက် ထွက်လေ့ရှိတယ်။ အဲဒီတစ်ဝိုက်မှာ တောအုပ်ကောင်းပြီး တောပန်းတွေပေါတယ်။ ယုန်လေးတွေ၊ ဒရယ်လေးတွေလည်း တွေ့ရတတ်တယ်။

ခုတော့လည်း လူသားတွေရဲ့မိုက်လုံးကြီးမှုကြောင့် ရန်ကုန်ရဲ့ဂေဟာစနစ်



www.burmeseclassic.com

www.burmeseclassic.com



တွေအားလုံး ပျက်စီးပြောင်းလဲကုန်ကြပြီ။ အကျိုးဆက်က ရန်ကုန်ဟာ မန္တလေး လိုပူပြီး မန္တလေးလို ခြင်တွေပေါလာတာပဲ ဖြစ်တယ်။

ကျန်းမာရေးကောင်းစဉ်ကတော့ ရာသီဥတုဒဏ်တွေ၊ ဂေဟာစနစ် ပျက်စီးမှု အန္တရာယ်တွေ၊ လေထဲမှာ ကာဗွန်ဓာတ်များနေတာတွေ တယ်ပြီး သတိမထားမိပါဘူး။ ကျန်းမာရေးသိပ်ဆိုးလာမှ ဒါတွေက သိသာလာတယ်။ လေထုထဲမှာ သန့်ရှင်းတဲ့အောက်ဆီဂျင် လုံလောက်အောင်မရနိုင်တော့ စက်က ထုတ်ပေးတဲ့အောက်ဆီဂျင်ကို ပိုက်တပ်ပြီးရှူရတယ်။ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့် ပတ်ဝန်းကျင်မှာ သစ်ရိပ်ဝါးရိပ်၊ တောရိပ်တောင်ရိပ်မရနိုင်တော့ ပိုက်ဆံပေးပြီး သဘာဝကြိုးဝိုင်းတောတွေဆီသွား အရိပ်ခိုရတယ်။ လူတွေများ အဲဒီလောက် ရူးကြတာ။ ကိုယ့်ပတ်ဝန်းကျင်က သစ်ပင်ကြီးတွေကို ကိုယ်ပဲ ခုတ်ပစ်ကြပြီးမှ အဝေးကသစ်ပင်တွေဆီ ပိုက်ဆံပေးပြီး အရိပ်သွားခိုကြတယ်တဲ့လေ။

ဘာပဲဖြစ်ဖြစ် အိမ်ရှေ့ကပိတောက်ပင် ၃ ပင်ကတော့ ၂၅ နှစ်တာ ကာလအတွင်းမှာ လေဒဏ် မိုးဒဏ်၊ မုန်တိုင်းဒဏ်တွေ ကြံ့ကြံ့ခံရင်း အရိပ် အာဝါသကို ပေးတယ်။ စိမ်းလန်းမှုကို ပေးတယ်။ ရွှေဝါရောင်အလှကို ပေးတယ်။ သင်းပျံ့တဲ့မွှေးရနံ့ကို ပေးတယ်။ ဒီအတွက် ကျေးဇူးတင်ရသေးတယ်။

ဒီနှစ်လည်း မနက်ဖြန်ကျရောက်မယ့် ဖက်ဆစ်တော်လှန်ရေးကို ကြိုဖို့ ထင်ရဲ့။ မနက်က ပိတောက်တွေပွင့်တယ်။

၂၆၊ ၃၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# သိက္ခာကို ရိက္ခာနဲ့မလဲပါနဲ့

ဂျာနယ်အယ်ဒီတာ လူငယ်တစ်ယောက် ရောက်လာပြီး နှုတ်ဆက်ပါတယ်။ မာကြောင်းသာကြောင်း မေးမြန်းပြောဆိုပြီးတဲ့အခါ 'ဆရာ နေထိုင်ကောင်းနေရင် တိုင်ပင်ချင်တာလေးတစ်ခု ရှိလို့ပါ'ဆိုပြီး ခွင့်တောင်းပါတယ်။ ပူလွန်းလို့ စကားများများမပြောနိုင်ပေမယ့် နားထောင်လို့တော့ ဖြစ်ပါတယ်လို့ ပြောလိုက်ရပါတယ်။

ဒီလိုပဲ လူငယ်တွေရောက်ရောက်လာပြီး ရင်ဖွင့်တတ်ကြပါတယ်။ တချို့က ကျောင်းသူ၊ ကျောင်းသား တပည့်ဟောင်းတွေပါ။ တချို့ကျတော့ ခုလိုပဲ လူငယ်စာနယ်ဇင်းသမားလေးတွေ ဖြစ်ကြပါတယ်။ လူတိုင်းဟာ အလိုမကျတာတွေ သိပ်များလာတဲ့အခါမျိုး၊ မွန်းကြပ်မှုတွေ သိပ်လွန်ကဲလာတဲ့အခါမျိုးမှာ ရင်ဖွင့်စရာတစ်ယောက်ယောက်ကို ရှာလေ့ရှိပါတယ်။ လက်တစ်ကမ်းမှာ စိတ်ရှိလက်ရှိ ရင်ဖွင့်ပြောကြားနိုင်တဲ့သူမျိုး မတွေ့တဲ့အခါမှာ မလှမ်းမကမ်းရှိ ယုံကြည်ကိုးစားနိုင်တဲ့သူ တစ်ဦးဦးကို သတိရတတ်ကြပါတယ်။

ဒီနေ့လူငယ်တွေ လုပ်ကိုင်နေကြရတဲ့ ပတ်ဝန်းကျင်အနေအထားကို သိထားတာကြောင့် လူငယ်တွေရောက်လာတိုင်း တတ်အားသမျှ ကူညီပေးပါတယ်။ ဒီခေတ်လူငယ်တွေမှာက သွန်သင်ထိန်းမတ်ပေးမယ့် လူကြီးသူမတွေနဲ့ အတူလုပ်နေကြရတာ မဟုတ်လေတော့ ကိုယ့်ဟာကိုယ် စမ်းတဝါးဝါးနဲ့ မှားစရာရှိလည်း အကြီးအကျယ် မှားကြရပါတော့တယ်။ ရှေးကတော့ စာနယ်ဇင်းတိုက်ကြီးတိုင်းမှာ ဝါရင့် ပညာရင့် လူကြီးသူမ အယ်ဒီတာကြီးတွေ ရှိနေကြလေတော့ လူငယ်တွေကို ဒီလိုဟာမျိုးကို ဒီလိုရေး၊ ဒါမျိုးက မရေးအပ်ဘူး၊ ဒီစကားလုံးအသုံးအနှုန်းက ရင့်သီးတယ်၊ ဒါမျိုးက ရိုင်းပျတယ်၊ သတင်းခေါင်းကို သရော်သလို၊ လှောင်ပြောင်သလို မတပ်ရဘူး၊ ဒီစာလုံးမျိုးကို ဒီလိုဘာသာပြန်ရတယ်၊ ဒါမျိုးက စာနယ်ဇင်းရဲ့ဂုဏ်သိက္ခာကို ထိပါးစေတယ်၊ စာနယ်ဇင်းသမားရဲ့ကျင့်ဝတ်ကို ချိုးဖောက်ရာရောက်တယ် စသဖြင့် စသဖြင့် အခါမလပ် သွန်သင်ဆုံးမပေးနေကြပါတယ်။

ဒီခေတ်မှာတော့ သတင်းထောက်တွေနဲ့ အယ်ဒီတာတွေအားလုံးဟာ မိုးဦးကျလို့ပေါက်လာတဲ့မှိုတွေလို တစ်ပြိုင်နက်တည်း အပြိုင်းအရိုင်းပေါ်ထွက်

www.burmeseclassic.com



လာကြတာဖြစ်လေတော့ အရွယ်အားဖြင့် မတိမ်းမယိမ်းတွေဖြစ်ကြသလို အတွေ့အကြုံ ဗဟုသုတအားဖြင့်လည်း သိပ်ပြီး ကွာခြားမှုရှိကြတာ မဟုတ်ပါဘူး။ ဒီတော့ တစ်ယောက်ကိုတစ်ယောက် သွန်သင်ညွှန်ပြတာမျိုး ဘယ်လုပ်နိုင်ကြမှာလဲ။ သူမှားတာ ကိုယ်မသိ၊ ကိုယ်မှားတာ သူမသိ ဆိုသလိုသာ ဖြစ်နေကြတော့တာပေါ့။

အဲဒါကြောင့် လူငယ်တွေရောက်လာ ရင်ဖွင့်တဲ့အခါဖြစ်ဖြစ်၊ အကြံဉာဏ်တောင်းတဲ့အခါဖြစ်ဖြစ်၊ တိုင်ပင်နှီးနှောတဲ့အခါဖြစ်ဖြစ် စိတ်ရှည်လက်ရှည်နဲ့ နားထောင်ပေးလေ့ရှိပါတယ်။ အခုရောက်လာရင်ဖွင့်တဲ့ လူငယ်အယ်ဒီတာရဲ့ ပြဿနာကလည်း ဂျာနယ်မဂ္ဂဇင်းတိုက်တွေမှာ အများဆုံးဖြစ်လေ့ဖြစ်ထရှိတဲ့ အယ်ဒီတာအဖွဲ့နဲ့ ထုတ်ဝေသူပြဿနာပဲ ဖြစ်ပါတယ်။

ဒီခေတ်ဂျာနယ်မဂ္ဂဇင်းအများစုဟာ ကြော်ငြာအပေါ် အားကိုးအားထားပြုပြီး ထုတ်ဝေနေကြရတာဖြစ်လေတော့ ထုတ်ဝေသူသာမက ကြော်ငြာအဖွဲ့တို့၊ အရောင်းမြှင့်တင်ရေးအဖွဲ့တို့ကပါ အယ်ဒီတာအဖွဲ့အပေါ် သြဇာပေးချင်တတ်ကြပါတယ်။ ဒီအပတ်အဖုံးကို ဘယ်မင်းသား၊ ဘယ်မင်းသမီး၊ ဘယ်မော်ဒယ်ပုံတင်ပါ၊ အထဲမှာ ဘယ်သူ့အကြောင်းရေးပါ ဆိုတာမျိုးတွေ ပြောလေ့ရှိပါတယ်။ အယ်ဒီတာအဖွဲ့ဝင် တော်တော်များများကလည်း မနှစ်သက်ပေမယ့် သည်းခံပြီး လိုက်လျောပေးတတ်ကြပါတယ်။ ဒါပေမဲ့ တစ်ခါတစ်ရံကျတော့ သည်းမခံနိုင်လောက်တဲ့အထိ သြဇာလွှမ်းမိုးမှု လွန်ကဲလာတတ်ကြပါတယ်။

အခုရောက်လာတဲ့ အယ်ဒီတာလူငယ်ရဲ့ဖြစ်ပုံက ဒီလိုပါ။ ဂျာနယ်ဖောင်ပိတ်ပြီးလို့ ဖလင်တွေရတဲ့အခါကျတော့မှ အယ်ဒီတာအဖွဲ့ ထည့်မထားတဲ့ စာမူတစ်ပုဒ်ပါနေတာ တွေ့လိုက်ရပါတယ်။ သေသေချာချာ ဖတ်ကြည့်လိုက်တော့ ကုမ္ပဏီတစ်ခုရဲ့ ကုန်ပစ္စည်းကြော်ငြာကို ဆောင်းပါးသဖွယ်ရေးပြီး ဝါဒဖြန့်ပေးထားတာ ဖြစ်နေပါတယ်။ အဲဒီတော့ အယ်ဒီတာက သူ့တာဝန်အရ သူမသိဘဲနဲ့ ဒီစာမူကိုဘယ်သူထည့်တာလဲ၊ ဒီစာမူကလည်း ရေးသူအမည်မပါ၊ ဘာမပါနဲ့ သတင်းလိုလို၊ အယ်ဒီတာ့အာဘော်လိုလို ရေးထားတာကြောင့် ဘယ်သူရေးတာလဲလို့ မေးမြန်းပါတယ်။ အဲဒီလို မေးလိုက်တော့မှ ဒီစာမူကို ထုတ်ဝေသူကိုယ်တိုင်ရေး၊ ထုတ်ဝေသူကိုယ်တိုင် ဖလင်အပ်ပြီး လေးအောက်ဒီဇိုင်းသမားလက်ထဲ ထည့်ခဲ့တာဆိုတာ သိရပါတယ်။

လူငယ်အယ်ဒီတာက ဒီလိုစည်းဘောင်ကျော်ပြီး မလုပ်သင့်တဲ့အကြောင်း၊ ဒီကြော်ငြာကို သတင်းလိုလို၊ ဆောင်းပါးလိုလိုလုပ်ထည့်ရင် စာဖတ်ပရိသတ်ဒဏ်ခတ်တာ ခံရနိုင်ကြောင်းပြောပြီး ကြော်ငြာဆောင်းပါးကို ဖြုတ်ပစ်လိုက်ပါတယ်။ ပြီးတော့ မူလက အဲဒီနေရာမှာထည့်ထားတဲ့ သတင်းကို ပြန်ထည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နဂိုမူလအတိုင်းရိုက်ဖို့ ထုတ်လုပ်ရေးမန်နေဂျာလက်ထဲ အပ်လိုက်ပါတယ်။

ဒါပေမယ့် နောက်တစ်နေ့မနက် ဂျာနယ်ထွက်လာတော့ သူဖြုတ်ပစ်ခဲ့တဲ့ ကြော်ငြာဆောင်းပါးက မူလနေရာမှာပဲပြန်ပါလာတာ တွေ့လိုက်ရပါတယ်။ သူထည့်ခဲ့တဲ့သတင်းကိုတော့ ဖြုတ်ပစ်ထားခဲ့ပါတယ်။ လူငယ်အယ်ဒီတာလည်း ဒေါသအကြီးအကျယ်ထွက်ပြီး သူ့ပစ္စည်းလေးတွေကို သိမ်းပါတယ်။ ပြီးတော့ ထုတ်ဝေသူမရောက်သေးတဲ့အတွက် ရောက်နေတဲ့ကြော်ငြာမန်နေဂျာကိုပဲ အလုပ်ထွက်လိုက်ပြီလို့ပြောပြီး ထွက်လာခဲ့ပါတယ်။

အဲဒီနောက် လူငယ်ဟာ ဒေါသအရှိန်မပြေနိုင်သေးတာကြောင့် လက်ဖက်ရည်ဆိုင်မှာ တစ်နာရီလောက်သွားထိုင်နေပြီးမှ ရောက်လာခဲ့တာလို့ ပြောပါတယ်။ သူက သူ့လုပ်ရပ် မှန်သလား၊ မှားသလားဆိုတာ လူကြီးတစ်ယောက်ရဲ့ အမြင်ကို သိချင်လို့ပါလို့ ပြောပါတယ်။ သူရှင်းပြသမျှကို နားထောင်ပြီးတော့ သူ့အနေနဲ့ တခြားဘာလုပ်နိုင်သလဲဆိုတာ စဉ်းစားကြည့်ပါတယ်။ သူ အလုပ်ဝင်စဉ်က သူများနိုင်ငံတွေမှာလို အလုပ်ရှင်၊ အလုပ်သမား လုပ်ပိုင်ခွင့်တွေ၊ ရပိုင်ခွင့်တွေ၊ စည်းကမ်းနည်းလမ်းတွေ အသေးစိတ်ရေးထားတဲ့ သဘောတူညီချက် ကန်ထရိုက်စာချုပ်မျိုးနဲ့ ဝင်လုပ်ခဲ့တာမဟုတ်ပါဘူး။ သူသာမဟုတ်ပါဘူး။ မြန်မာပြည်က ဘယ်စာနယ်ဇင်းမှ ဒီလိုကန်ထရိုက်စာချုပ်မျိုး လက်မှတ်ရေးထိုးရတယ်လို့ မကြားမိပါဘူး။ ပါးစပ်နဲ့ ခန့်လိုက်ပြီလို့ပြောတာနဲ့ ဝင်လုပ်လိုက်ကြတာပါပဲ။

အဲဒီတော့ ဒီလိုစည်းကမ်းဖောက်ဖျက်မှုမျိုး၊ ဘောင်ကျော်တဲ့ကိစ္စမျိုး ပေါ်ပေါက်လာတဲ့အခါ ဘာလုပ်နိုင်ကြမှာလဲ။ ဘယ်လိုလုပ်ပြီး တရားစွဲ၊ လျော်ကြေးတောင်းလို့ ရနိုင်မှာလဲ။ စကတည်းက ဘာစာချုပ်စာတမ်းမှ မရှိခဲ့တာပဲ။ အဲဒါကြောင့် လူငယ်အယ်ဒီတာအနေနဲ့ ခုလိုအလုပ်ထွက်လာခဲ့တာ မှန်ပါတယ်။ စာနယ်ဇင်းသမားဆိုတာ စီးပွားရေးသမားမဟုတ်လို့ ပိုက်ဆံမရှိပါဘူး။ သူ့မှာရှိတဲ့ တစ်ခုတည်းသောအရာက 'သိက္ခာ'သာဖြစ်တယ်။ ဒီ'သိက္ခာ'ဆိုတာ ပယ်နုတ်လိုက်ရင် စာနယ်ဇင်းသမားဆိုတာ ဘာမှမဟုတ်တော့ပါဘူး။ အဲဒါကြောင့် ဒီ'သိက္ခာ'ဆိုတာလေးတစ်ခုတော့ အထိပါးမခံပါနဲ့။ အသက်နဲ့ထပ်တူ တန်ဖိုးထားပါလို့ ပြောလိုက်ရပါတယ်။

တချို့လူငယ်တွေက နောက်တီးနောက်တောက်နဲ့ 'သိက္ခာနဲ့ ရိက္ခာဝယ်လို့မရဘူး'လို့ ပြောတတ်ကြတယ်။ ရိက္ခာဝယ်လို့မရပေမယ့် 'သိက္ခာ'နဲ့ ပြည့်စုံသူဟာ ဘယ်တော့မှထမင်းမငတ်ဘူးလို့တော့ ပြောရဲပါတယ်။ မြန်မာပြည်လို သယံဇာတတွေကြွယ်ဝတဲ့နိုင်ငံမှာ 'ထမင်းတစ်လုပ်တော့ ထင်းခုတ်စားရင်တောင် ရပါတယ်'လို့ သတင်းစာဆရာတို့ရဲ့ဘိုးအေကြီး သခင်ကိုယ်တော်မှိုင်း

www.burmeseclassic.com



က ပြောခဲ့ဖူးသားပဲ။ 'သိက္ခာ' ရှိသူကို လူတိုင်းလေးစားပါတယ်။ ဒီနေ့လို ဂျာနယ် မဂ္ဂဇင်းတွေ အလျှံပယ်ပေါများနေတဲ့ခေတ်ကြီးမှာ 'လူကောင်း' ကို လူတိုင်းလိုချင်နေပါတယ်။ အဲဒါကြောင့် 'သိက္ခာ'ကိုသာ ရောင်းမစားပါနဲ့။ အလုပ်က ကိုယ့်နောက်ကိုလိုက်နေပါလိမ့်မယ်လို့ လူငယ်တွေကို ပြောပြချင်ပါတယ်။

၇၊ ၄၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# စာနယ်ဇင်းသမားဆိုတာ

'ဒီနေ့ခေတ်စာနယ်ဇင်းသမားတွေနဲ့ ရှေးခေတ်စာနယ်ဇင်းသမားတွေ ဘာများကွာခြားပါသလဲ'

လူငယ်စာနယ်ဇင်းသမားလေးတွေနဲ့တွေ့တိုင်း မေးလေ့မေးထရှိတဲ့ မေးခွန်းတစ်ခု ဖြစ်ပါတယ်။ ဒီမေးခွန်းကို အမြဲလိုလို အမေးခံရတာကိုကြည့်ရုံနဲ့တင် မေးတဲ့သူတွေရဲ့စိတ်ထဲမှာ ဒီခေတ်စာနယ်ဇင်းသမားနဲ့ ရှေးခေတ်စာနယ်ဇင်းသမား ကွဲပြားခြားနားတယ်လို့ ယူဆထားကြတယ်ဆိုတာ သိသာထင်ရှားနေပါတယ်။

အဲဒီလိုမေးလာတဲ့သူတွေကို တန်ပြန်မေးခွန်းတစ်ခု ပြန်မေးရင်းနဲ့ သူတို့လိုချင်တဲ့အဖြေကို သူတို့ကိုယ်တိုင်ရှာယူကြပါလို့ ပြန်ဖြေရပါတယ်။

တန်ပြန်မေးခွန်းကတော့ 'ဆရာဝန်ဆိုတာ ရှေးခေတ်၊ ယခုခေတ်၊ နောက်ခေတ် ခြားနားမှုရှိသလား'ဆိုတာ ဖြစ်ပါတယ်။

ဆရာဝန်ဆိုတာ နာဖျားမကျန်းဖြစ်သူကို ဆေးကုပါတယ်။ အမေရိကန်က ဆရာဝန်လည်း ဆေးကုပါတယ်။ ဘိလပ်ကဆရာဝန်လည်း ဆေးကုပါတယ်။ ဂျပန်၊ တရုတ်၊ အိန္ဒိယကဆရာဝန်တွေလည်း ဆေးကုပါတယ်။ မြန်မာနိုင်ငံက ဆရာဝန်လည်း ဆေးကုပါတယ်။ ဗိန္ဓောဆရာလည်း ဆေးကုပါတယ်။ ဆေးမကုဘဲ စာသင်တဲ့ဆရာဝန်၊ သုတေသနလုပ်နေတဲ့ ဆရာဝန်ဆိုတာတွေ ရှိပါတယ်။ သူတို့ဟာ ဆေးမကုပေမယ့် ရောဂါတွေကို ပျောက်ကင်းအောင်လုပ်ဖို့ နည်းလမ်းတွေကို သင်ကြားပေးနေတာ၊ စမ်းသပ်ရှာဖွေနေကြတာ ဖြစ်ပါတယ်။

ဆရာဝန်ဆိုတာကိုက လူနာရဲ့ရောဂါဝေဒနာကို ကုသပေးဖို့ဖြစ်ပါတယ်။ ဟိုရှေးပဝေသဏီတုန်းကလည်း ဆရာဝန်ဟာဆေးကုပါတယ်။ အခုခေတ်မှာလည်း ဆေးကုပါတယ်။ နောက်ခေတ်တွေမှာလည်း ဆေးကုနေဦးမှာပါပဲ။ ကုပုံကုနည်းတွေ၊ ကုထုံးနည်းစနစ်တွေဆိုတာတော့ ဘယ်တူတော့မှာလဲ။ နေ့စဉ်နဲ့အမျှ ပြောင်းလဲနေမှာပေါ့။ ရှေးက ကြက်ရိုးထိုး၊ နတ်မေးပြီး ယဇ်ပူဇော်မှာပေါ့။ အခုခေတ်တော့ ကွန်ပျူတာတွေ၊ လေဆာရောင်ခြည်တွေနဲ့ စမ်းသပ်စစ်ဆေး ကုသကြတာပေါ့လေ။ ပုံပန်းသဏ္ဍာန်တွေ၊ ကုထုံးတွေ ဘယ်လိုပဲ ခြားနားခြားနား သမားရဲ့အခြေခံတာဝန်က ဆေးကုဖို့ပဲမဟုတ်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



စာနယ်ဇင်းသမားဆိုတာလည်း အဲဒီလိုပါပဲ။ ပုံပန်းသဏ္ဍာန်တွေ၊ လုပ်နည်းလုပ်ဟန်တွေတော့ ခြားနားမှာပေါ့။ ရှေးရှေးတုန်းက ရွာရိုးလျှောက် 'ဗျိုးဟစ်'ပြီး ကြေညာအသိပေးတယ်။ ခုခေတ်တော့ ရေဒီယိုက၊ ရုပ်မြင်သံကြားက၊ အင်တာနက်ကနေပြီး အသိပေးတယ်။ ရှေးက ကျောက်ဂူနံရံတွေမှာ ရုပ်ပုံတွေရေးဆွဲပြီး အသိပေးစရာ၊ ဘေးအန္တရာယ်သတိပေးစရာ၊ လမ်းညွှန်စရာ စတာတွေကို သိစေအပ်တယ်။ ခုခေတ်တော့ ပုံနှိပ်စာနယ်ဇင်းတွေကနေပြီး လုပ်ဆောင်တယ်။

ခေတ်တွေပြောင်းတော့ ပုံစံတွေပြောင်းမှာပေါ့။ ဒါပေမယ့် အသိပေးဖို့၊ သတိပေးဖို့၊ လမ်းညွှန်ဖို့ဆိုတဲ့ ပြန်ကြားရေးနဲ့ ဆက်သွယ်ရေး(ပြန်/ဆက်)လုပ်ငန်းရဲ့ အခြေခံတာဝန်ကတော့ အတူတူပါပဲ။ အခုတော့ မီဒီယာဆိုတဲ့ သိုးဆောင်းစကားကို အသုံးများပါတယ်။ စာနယ်ဇင်းဆိုတာက ပုံနှိပ်ထားတဲ့ (သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း)တို့သာ ပါဝင်နေတာကြောင့် ပိုပြီးပြည့်စုံအောင် မီဒီယာလို့ ခေါ်ဝေါ်သုံးစွဲနေကြတာ ဖြစ်ပါတယ်။ ခုခေတ် သတင်းဖြန့်ဝေရေးစနစ်မှာ ရေဒီယိုတို့၊ ရုပ်မြင်သံကြားတို့၊ ဖက်စ်တို့၊ အီးမေးတို့၊ အင်တာနက်တို့ စတဲ့ ကြားခံပစ္စည်းတွေပါ ပါဝင်နေကြပြီလေ။ အဲဒါကြောင့် စာနယ်ဇင်းဆိုတဲ့ အသုံးအစား မီဒီယာလို့သုံးကြတာပါ။ ပြန်/ဆက်ဆိုတဲ့အသုံးက မြန်မာစကားဖြစ်ပြီး ပြန်ကြားရေးနဲ့ဆက်သွယ်ရေးဆိုတာ ပေါ်လွင်တာကြောင့် ကျွန်တော်ကတော့ မီဒီယာဆိုတဲ့စကားနေရာမှာ ပြန်ဆက်လုပ်ငန်း၊ ပြန်ဆက်စသဖြင့်ပဲ သုံးလေ့ရှိပါတယ်။ ရွာရိုးလျှောက် ဗျိုးဟစ်တဲ့ခေတ်ကနေ အင်တာနက်ခေတ်အထိ နှစ်တွေထောင်ချီကြာခဲ့ပြီဖြစ်ပေမယ့် ပြန်ဆက်လုပ်ငန်းရဲ့ အခြေခံတာဝန်ကတော့ အသိပေးဖို့ သတိပေးဖို့နဲ့ လမ်းညွှန်ဖို့အဓိကပါပဲ။ လူသားတွေ ယဉ်ကျေးလာတဲ့အခါမှာ သီချင်းဆိုရမှန်း၊ တီးရမှုတ်ရမှန်း၊ ကရခုန်ရမှန်း သိလာလို့ 'ဖျော်ဖြေဖို့'ဆိုတဲ့ အချက်တစ်ချက်သာ နှစ်ရာပေါင်းများစွာအတွင်း တိုးလာတာပဲ ရှိပါတယ်။ မူလအခြေခံတာဝန် ၃ ရပ်ကတော့ လုံးဝပြောင်းလဲမသွားခဲ့ဘူး။

၁၉၆၃ ခုနှစ်၊ တော်လှန်ရေးကောင်စီတက်ပြီးစ အချိန်လောက်မှာ မြန်မာနိုင်ငံသတင်းစာဆရာအသင်း(BJA)ကကြီးမှူးတဲ့ ပြည်လုံးကျွတ် သတင်းထောက်များ ရက်တိုသင်တန်းကို ကမ္ဘာအေးကုန်းမြေမှာ ပြုလုပ်ခဲ့ပါတယ်။ မြို့နယ်အသီးသီးက တိုက်ပေါင်းစုံသတင်းထောက်တွေ တက်ရောက်ကြပြီး သတင်းစာဆရာကြီးများက ဟောပြောပို့ချပေးကြပါတယ်။ အဲဒီထဲမှာ ဟံသာဝတီသတင်းစာ အယ်ဒီတာချုပ် ဦးဘဖေက သတင်းထောက်တာဝန်ဝတ္တရားဆိုတဲ့ခေါင်းစဉ်နဲ့ ဟောပြောပို့ချပေးပါတယ်။ ဟံသာဝတီ ဦးဘဖေဟာ သူရိယ



www.burmeseclassic.com

www.burmeseclassic.com



ထွက်တစ်ဦးပါ။ သူရိယမှာရှိစဉ်က သူရိယရဲ့ ဘကြီးဘဖေနဲ့ကွဲအောင် ကိုဘဖေလေးလို့ ခေါ်ကြပါတယ်။ ကျွန်တော်တို့ခေတ်ရောက်တော့ လူငယ်များက ဘကြီးလို့ ခေါ်တတ်ကြပါတယ်။

ဆရာကြီးဦးဘဖေရဲ့ ဟောပြောချက်ထဲမှာ သတင်းစာရဲ့ရည်မှန်းချက် တာဝန်ဝတ္တရား ၄ ရပ်ရှိတယ်လို့ ဖော်ပြထားပါတယ်။ အဲဒီတာဝန် ၄ ရပ်ကတော့–

၁။ သတင်းဖြန့်ချိခြင်း

၂။ သဘောအဓိပ္ပာယ်ရှင်းပြခြင်း

၃။ လမ်းညွှန်ပြသခြင်း

၄။ ဖျော်ဖြေခြင်းတို့ ဖြစ်ကြပါတယ်။

အဲဒီအချိန်က ဘီပီစီလို့ခေါ်တဲ့ 'မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ'ရဲ့ ဥက္ကဋ္ဌဖြစ်တဲ့ ဆရာကြီးဦးထွန်းဖေကတော့ သတင်းစာဆရာဆိုတာ 'ပြည်ကြီးပခုံး'၊ 'ပြည်ကြီးမျက်လုံး'တွေဖြစ်တယ်လို့ ဝန်ဇင်းဘိုးရာဇာတို့၊ မဏိရတနာပုံကျမ်းတို့ကိုကိုးကားပြီး ပြောဆိုပို့ချသွားပါတယ်။

ဆရာကြီးဦးထွန်းဖေဆိုတာက ဖဆပလအစိုးရရဲ့ ဝန်ကြီးရာထူးက နှုတ်ထွက်ပြီး သတင်းစာဆရာပြန်လုပ်တဲ့ 'ထွန်းနေ့စဉ်'သတင်းစာ အယ်ဒီတာချုပ် ဖြစ်ပါတယ်။

စာနယ်ဇင်းသမား၊ ရေဒီယို၊ ရုပ်မြင်သံကြား သတင်းသမား စတဲ့ 'ပြန်ဆက်သမား'ဆိုတာ အခြေခံအားဖြင့်အတူတူပါပဲ။ ရှေးခေတ်၊ ယခုခေတ် ကွဲပြားခြားနားမှုမရှိပါဘူး။ 'သိက္ခာရှိ ပြန်ဆက်သမား'နဲ့ 'သိက္ခာမဲ့ ပြန်ဆက်သမား'လို့သာ ခွဲခြားပြောဆိုသင့်ပါတယ်။ သိက္ခာရှိ၊ သိက္ခာမဲ့ဆိုတာကတော့ ရှေးကလည်း ရှိပါတယ်။ အခုခေတ်လည်း ရှိတာပဲဖြစ်ပါတယ်။ နောင်ခေတ်တွေမှာလည်း ရှိနေကြဦးမှာပါပဲ။

လူငယ်စာနယ်ဇင်းသမားလေးတွေက စကားစမြည်ပြောဆိုပြီးကြတဲ့အခါတိုင်း သူတို့လိုအပ်နေတာလေးတွေကို ထောက်ပြပါ၊ အကြံပေးပါလို့ အမြဲပြောလေ့ရှိပါတယ်။ အဲဒီအခါမှာ ဒီနေ့ခေတ်လူငယ်လေးတွေ အင်မတန် အပင်ပန်းခံကြတာ၊ အံ့သြစရာကောင်းလောက်အောင်ကို ကြိုးစားပမ်းစား လေ့လာဆည်းပူးနေကြတာတွေကို အားရစဖွယ် တွေ့မြင်နေရကြောင်း ပြန်ပြောမိပါတယ်။

ဟုတ်ပါတယ်။ ဒီနေ့ခေတ်လူငယ်တွေဟာ ဘာသာစကားသင်တန်းတွေ တက်လိုက်ကြ၊ ကွန်ပျူတာသင်တန်းတွေတက်လိုက်ကြနဲ့ ပညာကို အငမ်းမရ ရှာဖွေနေကြတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါလောက် ပင်ပန်းကြီးစွာ ကြိုးစားအားထုတ်နေကြပေမယ့် သူတို့ ကိုယ်သူတို့ အားရကျေနပ်မှုတော့ ရှိပုံမရကြပါဘူး။ ပင်ပန်းသလောက် အရာမရောက်ဘူးလို့ ယူဆနေကြပါတယ်။ ယူဆကြောင်းကိုလည်း တွေ့တိုင်းပြောတတ်ကြပါတယ်။

မြန်မာလူမျိုးဟာ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်စွမ်းဉာဏ်စ နုံ့နဲ့တဲ့လူမျိုး မဟုတ်ပါဘူး။ ဉာဏ်ရည်လည်းထက်မြက်၊ ကြိုးစားအားထုတ်မှုလည်း ကြီးမားပါလျက်နဲ့ ထူးထူးချွန်ချွန်၊ ပေါက်ပေါက်မြောက်မြောက်နဲ့ ကျေနပ်အားရစဖွယ် ဖြစ်မလာတာ ဘာကြောင့်လဲဆိုတာကို ကိုယ့်ဟာကိုယ် ပြန်လည်သုံးသပ်ကြည့်ဖို့ လိုပါတယ်။ ဒါမှသာ ကြိုးစားသမျှ၊ ပင်ပန်းသမျှတွေ အချည်းနှီး၊ အလဟဿဖြစ်မသွားမှာပါ။

၁၅၊ ၆၊ ၂၀၀၀။



www.burmeseclassic.com

www.burmeseclassic.com

# စိတ်ဆလုတ်နဲ့ ဖန်လုံအိမ်အာနိသင်

တစ်မနက်ခင်း ပူလွန်းလို့ အသက်ရှူကြပ်လာတာကြောင့် အိမ်နောက်က ဝရန်တာမှာ ထွက်ထိုင်နေမိပါတယ်။ မနက် ၁၀ နာရီ မထိုးသေးပေမယ့် ရန်ကုန်နွေက တော်တော်ကြီးကိုပူနေပါပြီ။ အဆုတ်ရော နှလုံးပါ မကောင်းတော့တာကြောင့် နည်းနည်းလေးပူတာနဲ့ ပူမှန်းသိသာလာပါတယ်။ လူက ဖုတ်လှိုက်ဖုတ်လှိုက်နဲ့ကို ဖြစ်လာပါတယ်။ စက်ကထုတ်ပေးတဲ့ အောက်ဆီဂျင်ကိုရှူပြီး အသက်ဆက်နေရတာဖြစ်လေတော့ စက်မလည်နိုင်တဲ့အခါ တော်တော်ကြီးကို အနေရခက်ပါတယ်။

အိမ်နောက်ဝရန်တာမှာတော့ ရန်ကုန်မြစ်ဘက်ကတိုက်ခတ်လာတဲ့ လေရတတ်တာကြောင့် ငါးများလို ပါးစပ်ဟပြီး လေရှူလို့ရပါတယ်။ ဝရန်တာမှာ ထိုင်ရင်းနဲ့ ပြင်ဦးလွင်ကို သတိရနေမိတယ်။ ခါတိုင်းနှစ်တွေဆို ဒီလိုပြေမှာ ဒေါ်ဒေါ်နဲ့အတူ စိမ်းလန်းအေးကိုရောက်နေပြီ။ မနက်စောစောနဲ့ ညနေခင်းတွေမှာ နှင်းဆီပင်တွေကြားထိုင်ရင်း သဘာဝလေကို ဝအောင်ရှူကြတယ်။ ဒေါ်ဒေါ့်သမီးကြီး ဒေါက်တာမြမဋ္ဌကိုယ်တိုင် အရိပ်တကြည့်ကြည့်နဲ့ စိုက်ပျိုးခဲ့တဲ့ နှင်းဆီပင်သုံးလေးရာက သင်းပျံ့မွှေးကြိုင်လို့နေတယ်။ ခတ္တာ အဖြူ၊ အနီ၊ အကြားမျိုးစုံကလည်း လှလိုက်တာ ကြည့်လို့မဝဘူး။

ပြင်ဦးလွင်ရောက်တာနဲ့ မနက်နှစ်နာရီလောက်၊ ညနေနှစ်နာရီလောက် ခြံထဲဆင်းပြီး အသက်ရှူလေ့ကျင့်ခန်း မှန်မှန်လုပ်တယ်။ ယူကလစ်ပင်၊ ချယ်ရီပင်၊ ထင်းရှူးပင်တွေကြား ဖြတ်သန်းတိုက်ခတ်လာတဲ့လေက သန့်တယ်။ ဒီဇယ်နံ့၊ ဓာတ်ဆီနံ့တွေ မပါဘူး။ ပြင်ဦးလွင်ရောက်နေမှ သစ်ပင်တွေရဲ့တန်ဖိုးကို ပိုသိလာတယ်။ ရောက်ပြီး ဆယ့်လေးငါးရက်ကြာတာနဲ့ အောက်ဆီဂျင်ပိုက် ဖြုတ်ထားလို့ရတယ်။ စာတိုက်သွား အမြန်ချောပို့၊ စာအုပ်ဆိုင်တွေဝင်၊ လက်ဖက်ရည်ဆိုင်ထိုင်နဲ့ အလှုပ်အရှားများတဲ့အခါကျမှပဲ အောက်ဆီဂျင်ရှူရတော့တယ်။ မန္တလေးနဲ့ ၄၂ မိုင်သာဝေးပေမယ့် ပြင်ဦးလွင်က နတ်ပြည်ပါပဲ။

မန္တလေးတို့၊ ရန်ကုန်တို့ကတော့ မြို့ပြဖြစ်ထွန်းမှုအရှိန်အဟုန် ကြီးမားလေတော့ ရှေးကလို မန်ကျည်းပင်ကြီးတွေ၊ ကုက္ကိုပင်ကြီးတွေ၊ ခရေပင်ကြီးတွေ မရှိကြတော့ဘူး။ မဟာဗန္ဓုလလမ်းပေါ်၊ ကြေးနန်းရုံးကြီးရှေ့နဲ့ ပန်းဆိုး

www.burmeseclassic.com



တန်းလမ်းဘေးဝဲယာက ရောမခရေပင်ကြီးတွေကို သတိရနေမိတယ်။ ည ၉ နာရီခွဲပွဲ ရုပ်ရှင်ပြီးလို့အပြန်မှာ ကလေးတွေနဲ့ ခရေပွင့်ကောက်ကြတာတွေကို လွမ်းမိတယ်။ သစ်ပင်တွေဟာ လူ့စိတ်ကို သာယာချမ်းမြေ့စေရုံသာ မဟုတ်ပါလား။ ဒါထက်ပိုပြီး တန်ဖိုးကြီးမားပါလားဆိုတာ ခုမှသိလာရတယ်။

ရှေးရှေးတုန်းက အညာဒေသ မော်တော်ကားလမ်းဘေး တစ်ဖက်တစ်ချက်မှာ မန်ကျည်းပင်ကြီးတွေနဲ့ ကုက္ကိုပင်ကြီးတွေစိုက်ခဲ့ကြတာ အရိပ်ရရုံသက်သက် မဟုတ်ဘူး။ တခြားရည်ရွယ်ချက်တွေလည်း ရှိသေးတယ်လို့ လူကြီးတွေပြောပြတာ ပြန်ပြီးအမှတ်ရမိတယ်။ အညာနွေခေါင်ခေါင်ဟာ ပူပြင်းလွန်းတော့ မော်တော်ကားလမ်းပေါ်က ကတ္တရာတွေ အရည်ပျော်လေ့ရှိတယ်။ မော်တော်ကားတွေ မကြာခဏ'စလစ်'ဖြစ်တတ်တယ်။ မန်ကျည်းပင်က အရွက်တွေနဲ့ ကုက္ကိုသီးတွေ ကားလမ်းပေါ်ကြွေကျတော့ ကားဘီးကြိတ်လိုက်တာနဲ့ ကတ္တရာထဲနစ်ဝင်သွားပြီး သမသွားတယ်။ ဒီတော့ ကားဘီးမချော်တော့ဘူးလို့ လူကြီးတွေက ပြောပြပါတယ်။

ဒါတင်မက မန်ကျည်းပင်၊ ကုက္ကိုပင်အမြစ်တွေက ဘေးကိုဖြာထွက်လေ့ရှိတာကြောင့် မိုးတွင်းမှာ လမ်းပခုံးသားတွေပြိုကျမယ့် အန္တရာယ်ကိုလည်း ကာကွယ်ပေးတယ်လို့ ပြောကြပါတယ်။ ရှေးလူကြီးတွေ အမြော်အမြင်ကြီးမားပုံကို အံ့သြရတယ်။ သဘာဝကို သဘာဝနဲ့ပြန်ပြီး ထိန်းကျောင်းပေးတဲ့ အသိဉာဏ်ပညာကိုလည်း ဦးချမိပါတယ်။

ဒီခေတ်လူတွေကတော့ သဘာဝကို ထိန်းကျောင်းကာကွယ် စောင့်ရှောက်ဖို့နေနေသာသာ ကိုယ်နေထိုင်တဲ့ကမ္ဘာမြေကြီးကို ကိုယ်တိုင်ဖျက်ဆီးပစ်နေကြသလို ခံစားမိတယ်။ မြေကြီးပေါ်က တောတွေ၊ တောင်တွေ ပြောင်သလင်းခါသွားအောင် လုပ်လားလုပ်ရဲ့။ မြေကြီးအောက်က ကမ္ဘာမြေကြီးကို ထမ်းပိုးထားတဲ့ မြေအောက်က တောင်တွေ၊ ချိုင့်ဝှမ်းတွေ၊ မြေအောက်ရေစီးကြောင်းတွေ၊ ဓာတ်သတ္တုတွေကို ထိုးဖောက်စုပ်ယူလား ယူရဲ့။ အာကာသထဲကို ကာဘွန်ဓာတ်ငွေ့တွေ၊ အနုမြူဓာတ်ရောင်ခြည်တွေ မတန်တဆထုတ်လွှတ်ပြီး အာကာသသဘာဝကို ဖျက်ဆီးလား ဖျက်ဆီးရဲ့။

တစ်နေ့ကပဲ ရုပ်မြင်သံကြားလိုင်းတစ်ခုမှာ မြောက်ဝင်ရိုးစွန်းက ဝက်ဝံဖြူတွေ အတုံးအရုံးသေဆုံးပြီး ကနေဒါကမ်းခြေတစ်ခုမှာ လာတင်နေတာ မြင်တွေ့လိုက်ရတယ်။ မြောက်ဝင်ရိုးစွန်းမှာ ရေခဲပြင်တွေ အရည်ပျော်ကျမှုနှုန်း ကြောက်ခမန်းလိလိ ကြီးမားနေတာကြောင့် ဝက်ဝံဖြူတွေ နေရာဒေသသစ်ရှာရင်း၊ အစာရှာရင်း ပင်လယ်ပြင်ထဲမှာပဲ ဝဲလည်လှည့်နေရာက နောက်ဆုံး ခြေကုန်လက်ပန်းကျ၊ အမောဆို့ပြီး သေကုန်ကြရတာလို့ သိရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဝင်ရိုးစွန်းဒေသမှာ နှစ်စဉ် အပူချိန်မှန်မှန်ကြီး တိုးလာနေတာကြောင့် ရေခဲတောင်ကြီးတချို့ ကွယ်ပျောက်သွားကြပြီး ရေခဲပြင်ကျယ်ကြီးဟာ မိုင် ၁၅၀ လောက်ထိ မြောက်ဖက်ကိုဆုတ်သွားတယ်လို့လည်း ဆိုပါတယ်။ အဲဒီနှုန်းအတိုင်းသာ ဆက်သွားနေရင် လာမယ့် ၁၀ နှစ်၊ ၁၅ နှစ်အတွင်းမှာ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် ပင်လယ်ထဲက ကျွန်းငယ်လေးတွေ ရေအောက်ရောက်သွားလိမ့်မယ်လို့ ပညာရှင်များက ခန့်မှန်းကြပါတယ်။

အိုဇုန်းလွှာအပေါက်ကြီး ကြီးသထက်ကြီးလာတာကို လူသာမန် တစ်ယောက်အနေနဲ့ မသိပေမယ့် ဖန်လုံအိမ်အာနိသင် ပြင်းသထက်ပြင်းထန်လာတာကိုတော့ ကောင်းကောင်းခံစားမိပါတယ်။ ရန်ကုန်နွေရက်တွေဟာ ပေါင်းအိုးကြီးထဲ ဝင်နေရသလိုကို ဖြစ်နေတော့တယ်။ ကမ္ဘာကြီးတစ်ခုလုံးကို မကယ်တင်နိုင်ပေမယ့် ကိုယ့်တိုင်းပြည်ကိုကယ်တင်ဖို့တော့ အချိန်မနှောင်းသေးဘူးထင်ပါတယ်။ မိုးလေဝသ ရာသီဥတုမျှတတဲ့ ဒီနယ်မြေကို မုတ်သုန်သစ်တောကြီးတွေ စိမ်းညို့ညို့ဖြစ်လာအောင်ပြန်လုပ်ဖို့ မခက်လှဘူးထင်ပါတယ်။ လူသားတွေရဲ့ မိုက်လုံးကြီးမှုနဲ့ လောဘရမက်ကြီးမားမှုကို တားဆီးဖို့ပဲလိုပါတယ်။

ဒီနေရာမှာ မီဒီယာတွေကယူနိုင်တဲ့ တာဝန်တွေ အများကြီးရှိပါတယ်။ သစ်တော၊ သစ်ပင်တွေပြုန်းတီးမှုကြောင့် ပေါ်ပေါက်လာတဲ့အန္တရာယ်တွေကို မီးမောင်းထိုးပြနိုင်တယ်။ လေထုထဲကို ကာဘွန်ဓာတ်ငွေ့တွေ ထုတ်လွှင့်မှုလျော့နည်းအောင် လှုံ့ဆော်နိုင်တယ်။ လောဘရမ္မက်ကြီးစွာနဲ့ မသမာမှုပြုလုပ်ပြီး တောတွေ၊ တောင်တွေ ပြုန်းအောင်လုပ်နေတာတွေကို ဖော်ထုတ်နိုင်တယ်။ အများကြီးပါပဲ။ လုပ်မယ်ဆိုရင် လုပ်စရာတွေမကုန်နိုင်ပါဘူး။

တစ်နေ့က စာအုပ်တစ်အုပ်လှန်လှောကြည့်ရင်း 'conscience trigger' ဆိုတဲ့စကားလုံးတစ်လုံးကို တွေ့လိုက်ရပါတယ်။ မီဒီယာသမားများရဲ့ တာဝန်အကြောင်း ရေးထားတဲ့စကားလုံးပါ။ မီဒီယာဆိုတာ လူတွေရဲ့ အသိစိတ်ကို နိုးကြားလာအောင် နှိုးဆော်ပေးတဲ့ မောင်းတံခလုတ်နဲ့တူတယ်လို့ ဆိုလိုတာ ဖြစ်တယ်။ 'စိတ်ခလုတ်'လို့ အတိုဆုံး၊ အလွယ်ဆုံး ဘာသာပြန်လို့ ရမယ်ထင်ပါတယ်။ ကျွန်တော်တို့နေထိုင်တဲ့ ကမ္ဘာကြီးတစ်ခုလုံး ကြီးမားတဲ့ အန္တရာယ်ကြီး ရင်ဆိုင်နေရပြီဆိုတာကို လူတွေသတိထားမိအောင် အမြဲမပြတ် ခလုတ်မောင်းနှိပ်ပြီး သတိပေးနှိုးဆော်နေကြဖို့ လိုပါတယ်။ ရှေးက လူကြီးသူမများက သတင်းစာဆိုတာ ပြည်ကြီးပခုံး၊ ပြည်ကြီးလက်ရုံးဖြစ်တယ်လို့ ဆိုခဲ့ကြပါတယ်။ တိုင်းပြည်ကိုကာကွယ်ဖို့၊ နိုင်ငံသူ၊ နိုင်ငံသားများကို စောင့်ရှောက်ဖို့ တာဝန်ရှိတယ်လို့ ဆိုခဲ့ကြတာပါ။

သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အဖွဲ့အစည်းတွေ ကမ္ဘာပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အများကြီးရှိပါတယ်။ သူတို့တစ်တွေ ထုတ်ဝေလိုက်တဲ့ တစ်လက်မ၊ တစ်လက်မခွဲလောက်ထူတဲ့ စာအုပ်ကြီးတွေလည်း မနည်းလှပါဘူး။ ဒါပေမယ့် ဇယားကွက်တွေ၊ ကိန်းဂဏန်းတွေနဲ့ရေးထားတဲ့ အဲဒီစာအုပ်ကြီးတွေကို ဆိုင်ရာပညာရှင်တစ်စုကလွဲပြီး ဘယ်သူမှမဖတ်ချင်ပါဘူး။ ပျင်းစရာကောင်းလှတယ်။ ဒီနေရာမှာ မီဒီယာတွေကဝင်ယူကြရမှာပါ။ လူတိုင်းနားလည်တဲ့ မီဒီယာအရေးအသား၊ မီဒီယာဘာသာစကားနဲ့ လူတွေဆီ အရောက်ပို့ပေးကြရပါမယ်။ ဒါမှ လူများစုနားလည်သဘောပေါက်ပြီး စိတ်လိုလက်ရ ပါဝင်ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ လူများစုကိုယ်တိုင် သဘောပေါက်နားလည်ပြီး လူများစုကိုယ်တိုင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခြင်းမပြုသမျှ ဘာလုပ်ငန်းမှ မအောင်မြင်နိုင်ပါဘူး။ ဒါကို သဘောပေါက်ကြဖို့ လိုပါတယ်။

၁၊ ၅၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# မရှက်တတ်ကြဘူးလား

မျက်စိမမြင်သူတစ်ယောက်က ဝေရက်တောင်ထိပ်ကို အောင်မြင်စွာတက်ရောက်နိုင်ခဲ့တဲ့သတင်းကို စာနယ်ဇင်းတွေမှာဖတ်ခဲ့ရတဲ့ မိန်းကလေး တစ်ယောက်က မေးခွန်းတစ်ခုကိုမေးလာပါတယ်။

မျက်စိမြင်သူတွေ ဝေရက်တောင်ထိပ်ရောက်ဖို့ ကြိုးစားကြတာကတော့ ကမ္ဘာပေါ်မှာ အမြင့်ဆုံးနေရာကနေပြီး ကမ္ဘာကြီးကို အပေါ်စီးကကြည့်ချင်လို့၊ ရေခဲတောင်တွေ၊ ရေခဲချောက်ကြီးတွေ၊ ရေခဲမြစ်ကြီးတွေရဲ့အလှအပကို ခံစားချင်လို့၊ ကိုယ့်ကိုယ်ကိုယ် ငါတယ်စွမ်းပါလား၊ မတစ်ထောင် တစ်ကောင်ဘွားပါလားဆိုတဲ့ အားရကျေနပ်မှုကိုရယူချင်လို့ စတဲ့ စတဲ့ အကြောင်းပြချက်တွေ အများကြီးရှိနေတာကြောင့် နားလည်လို့ရပါတယ်။

မျက်စိမမြင်ရသူတစ်ယောက်အနေနဲ့ သဘာဝရဲ့အလှအပတွေကိုလည်း မမြင်နိုင်၊ ဟိမဝန္တာရဲ့ အံ့ဘနန်းဖြစ်စရာတွေကိုလည်း ရင်သပ်ရှုမောမလုပ်နိုင်၊ နောက်ပြီး မျက်စိမမြင်ရဘဲနဲ့ တောင်တက်တယ်ဆိုတာ သေဘေးနဲ့ရင်ဆိုင်ရဖို့ သေချာသလောက်ကိစ္စမျိုးဆိုတာ သိသိကြီးနဲ့လုပ်ခဲ့တာ စတဲ့ စတဲ့ အချက်တွေကြောင့် ဝေရက်တောင်ကိုတက်တာ နားမလည်နိုင်ပါဘူးတဲ့။ အောင်နိုင်သူ လူစွမ်းကောင်းဆိုတဲ့ နာမည်လေးတစ်ခုရဖို့အတွက် အသက်နဲ့ရင်းရတာ တန်ပါရဲ့လားတဲ့။ ပြီးခဲ့တဲ့ မေ ၂၄ ရက်နေ့က ဝေရက်တောင်ထိပ်ကို အောင်မြင်စွာတက်နိုင်ခဲ့ပြီး ဝေရက်တောင်ထိပ်ရောက် ပထမဆုံး မျက်မမြင်လူသားအဖြစ် မော်ကွန်းထိုးခံရသူက အမေရိကန်နိုင်ငံ၊ ကိုလိုရာဒိုပြည်နယ်၊ ဂိုးလ်ဒင်းမြို့ကလေးက အသက် ၃၃ နှစ်အရွယ် အဲရစ်ဝေဟင်မေယာ ဖြစ်ပါတယ်။ အဖွဲ့ဝင် ၁၈ ဦးနဲ့အတူ အမြင့် မီတာ ၈၈၅၀(ပေ ၂၉၀၃၅)ရှိတဲ့ ဝေရက်တောင်ထိပ်ကို အောင်မြင်စွာရောက်ရှိခဲ့တာပါ။ သူက ကလေးတစ်ယောက်အဖေပါ။ ဇနီးဖြစ်သူကလည်း တောင်တက်သမားပါ။ မျက်စိမြင်ပါတယ်။

သူတို့အဖွဲ့က သမိုင်းမော်ကွန်းမှာ 'ပထမ ၄ ခု' မှတ်တမ်းတင်ခဲ့တာပါ။

၁။ ပထမဆုံး မျက်မမြင်၊

၂။ ပထမဆုံး လူအများဆုံး ရောက်ခဲ့တာ၊

၃။ ပထမဆုံး အသက်ကြီးဆုံးလူသား(၆၄နှစ်အရွယ် ရှားမင်းဘူးလ်)၊



www.burmeseclassic.com

www.burmeseclassic.com



၄။ ပထမဆုံးသားအဖအတွဲ(ရှားမင်းဘူးလ်နဲ့ သူ့သား ဘရဒ်)တို့ ဖြစ်ကြပါတယ်။ တောင်တက်ခရီးစဆုံး နှစ်လလောက်ကြာပါတယ်။ အမေရိကန်နိုင်ငံ မျက်မမြင်အဖွဲ့ချုပ်ကြီးက ဒေါ်လာ ၂၅၀၀၀၀ မတည်ပြီး စပွန်ဆာလုပ်ခဲ့တာပါ။ အားကစားပစ္စည်းထုတ်လုပ်ရောင်းချတဲ့ ကုမ္ပဏီတွေကလည်း မှတ်တမ်းတင် ဗီဒီယိုရိုက်ကူးဖို့ ထောက်ပံ့ကူညီမှုပြုကြပါတယ်။

မျက်မမြင် အဲရစ်က နာမည်ကျော်ချင်လို့၊ တစ်ကိုယ်တော်လူစွမ်းကောင်းလုပ်ပြချင်လို့ ဝေရက်ကိုတက်ခဲ့တာ မဟုတ်ပါဘူး။ 'မျက်စိမမြင်ခြင်းဟာ လူဖြစ်ရှုံးတာမဟုတ်ဘူး။ 'မသန်ပေမယ့် စွမ်းတဲ့သူ'တွေ လောကမှာ အများကြီးရှိနေတယ်။ မျက်စိမြင်တဲ့လူတွေ လုပ်နိုင်တာမှန်သမျှ စိတ်ဓာတ်ကြံ့ခိုင်တဲ့ မျက်မမြင်တွေလည်း လုပ်နိုင်စွမ်းတယ်။ မျက်စိမမြင်ပေမယ့် လူ့လောကရဲ့အကျိုးကို သည်ပိုးနိုင်သေးတယ်'ဆိုတာကို လူသားတွေ၊ အထူးသဖြင့် မျက်မမြင်တွေသိစေချင်လို့ ဖြစ်ပါတယ်။

အဲရစ်ရင်းခဲ့ရတာက သူ့အသက်တစ်ချောင်းတင် မကပါဘူး။ မျက်မမြင်အားလုံးရဲ့ဘဝကိုပါ ရင်းခဲ့ရတာ။ သူသာ ဝေရက်တောင်ထိပ်မရောက်ဘဲ လှည့်ပြန်ခဲ့ရရင်၊ ဒါမှမဟုတ် တောင်တက်ရင်း အသက်ဆုံးရှုံးသွားခဲ့ရရင် မျက်မမြင်လူသားအားလုံးရဲ့ 'ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုစိတ်ဓာတ်' အစိတ်စိတ်အမွှာမွှာ ပြိုကွဲကျဆင်းသွားရမှာ ဖြစ်ပါတယ်။ 'ကျိုးဆော့၊ ကန်းမော့'လို့ စာနာစိတ်မရှိတဲ့လူတွေရဲ့ ပြောစကားအောက်မှာ မျက်မမြင်တွေရဲ့ မျှော်လင့်ချက်တွေ နစ်မျောသွားရတော့မှာ ဖြစ်ပါတယ်။ အဲဒါကြောင့် အဲရစ်ဟာ မဆုတ်မနစ်တဲ့ဇွဲလုံ့လနဲ့ ကြိုးစားခဲ့တာဖြစ်ပါတယ်။ ကြိုးစားရင် ဘုရားတောင်ဖြစ်နိုင်တယ်လို့ ဆိုကြမဟုတ်လား။ ဝေရက်ဆိုတာလောက်တော့ အပျော့ပေါ့။ ဇွဲ လုံ့လနဲ့ သတ္တိရှိခဲ့ရင် လူသားတို့မလုပ်နိုင်တာ လောကမှာ ဘာမှမရှိပါဘူးဆိုတဲ့အချက်ကို အဲရစ်က သက်သေထူခဲ့တာပါ။

မသန်ပေမယ့် စွမ်းတယ်နော်။

သေဘေးကိုရင်ဆိုင်ရဖို့ ရာခိုင်နှုန်းအားဖြင့် တော်တော်များများရှိနေတာကို သိသိကြီးနဲ့လုပ်ခဲ့တာကို ရှုးလို့ မိုက်လို့မထင်လိုက်ပါနဲ့။ လူ့ဘဝဆိုတာကကော တောင်တက်ခြင်းနဲ့ ဘာများခြားနားလို့လဲ။ မွေးဖွားလာချိန်ကစပြီး သေခြင်းတရားရှိရာကို ဖြည်းဖြည်းချင်းသွားနေကြတာပဲ မဟုတ်လား။

အဆုံးတစ်နေ့ကျရင် သေကြရမှာပဲဆိုတာကို လူတိုင်းသိနေကြတာပဲ။ သေတဲ့အခါကျရင် စည်းစိမ်ချမ်းသာတွေ၊ ရာထူးဂုဏ်သိန်တွေ ဘာတစ်ခုမှ ယူမသွားနိုင်ဘူးဆိုတာလည်း လူတိုင်းသိနေကြတာပဲ။ အဲဒီထဲက လူ့ဘဝသက်တမ်းတစ်လျှောက်လုံး တစ်နေ့မပြတ် နီစွရူဝ လူတွေဟာ ရာထူး၊ ဂုဏ်ထူး

www.burmeseclassic.com



တွေ့ရဖို့၊ စည်းစိမ်ချမ်းသာတွေရဖို့ ပင်ပန်းကြီးစွာ ကျားကုပ်ကျားခဲ ကြိုးပမ်းနေကြတာပဲ မဟုတ်လား။ အဲဒီတော့ လူတွေကို ရှုးလိုက်ကြတာ၊ မိုက်လိုက်ကြတာလို့ ဆိုမလား။ လူ့ဘဝကို ခင်တွယ်မက်မောတာ အပြစ်လား။ ရာထူးဂုဏ်သိန်တွေ၊ စည်းစိမ်ချမ်းသာတွေကို မက်မောတာလည်း အပြစ်လား။

တကယ်တော့ ဒီအရာတွေကို မမက်မောပါဘူးဆိုတဲ့ လူများဟာ စပျစ်သီးချဉ်တယ်ဆိုတဲ့ လူစားမျိုးတွေသာ ဖြစ်ပါတယ်။ ရာထူးဂုဏ်သိန်၊ စည်းစိမ်ချမ်းသာ၊ အသိဉာဏ်ပညာဆိုတဲ့အရာတွေဟာ လူ့လောကရဲ့ 'အဆင့်အတန်းပြယုဂ်' (status symbol) တွေ ဖြစ်ကြပါတယ်။ လူတိုင်းဟာ အဆင့်အတန်းတစ်ခုခုတော့ ရှိချင်ကြပါတယ်။ မရနိုင်ရင်သာ လက်လျှော့လိုက်ကြတာပါ။ မလိုချင်တဲ့သူ မရှိပါဘူး။

ဒီအဆင့်အတန်းပြယုဂ်တွေကိုရဖို့ ရိုးရိုးသားသား၊ မှန်မှန်ကန်ကန်ကြိုးစားခဲ့တာလား၊ မမှန်မကန်၊ မသမာတဲ့နည်းတွေနဲ့ ရယူခဲ့တာလားဆိုတာကိုသာ ကြည့်ရမှာဖြစ်ပါတယ်။ တစ်နေ့သေမယ်ဆိုတာ အသေအချာသိပါလျက်နဲ့ လူ့ဘဝကြီးကို ခင်တွယ်မက်မောနေတာ၊ ပျော်ရွှင်မြူးထူးနေတာ၊ အဆင့်အတန်းပြယုဂ်တွေရဖို့ ကျားကုပ်ကျားခဲကြိုးပမ်းနေကြတာ အပြစ်မဟုတ်၊ လူမိုက်အလုပ်၊ အရူးအလုပ်မဟုတ်သလိုပါပဲ၊ မျက်မမြင်အဲရစ် ဝေရက်တောင်ကို တက်တာလည်း သက်သက်မဲ့မိုက်မဲခြင်း မဟုတ်ပါဘူး။

တောင်တက်ခြင်းမှာ တောင်ထိပ်ရောက်တာ၊ မရောက်တာက အရေးကြီးလှတာ မဟုတ်ပါဘူး။ ရောက်ရင်တော့ အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကားဆိုသလိုပေါ့။ ဘာပြောစရာရှိမှာလဲ။ တောင်ထိပ်မရောက်ခဲ့ရင်လည်း ရှုံးနိမ့်တယ်လို့ မဆိုနိုင်ပါဘူး။ ရောက်သလောက်ခရီးလေးဟာ အမြတ်ပါပဲ။ ကျောင်းနေတဲ့သူတိုင်း ကျောင်းပြီးချင်မှပြီးမှာပေါ့။ ဒါပေမယ့် ပြီးသလောက်ကလေးကတော့ အချည်းနှီးမဖြစ်ပါဘူး။ ၄ တန်းအောင်ရင်လည်း ၄ တန်းလောက်တော့ အကျိုးရှိတာပါပဲ။ ၇ တန်းအောင်တော့လည်း ၇ တန်းလောက်တော့ အကျိုးခံစားရတာပါပဲ။ ၁၀ တန်းအောင်ရင်၊ ဘွဲ့ရရင်၊ ဘွဲ့တစ်ခုကနှစ်ခု၊ သုံးခုရရင် ရသလောက် အကျိုးရှိသွားတာပါပဲ။

တောင်တက်တယ်ဆိုတာ အားကစားပါ။ လောင်းကစားမဟုတ်ပါဘူး။ လောင်းကစားမှာသာ ရှုံးတာ၊ နိုင်တာ အရေးကြီးတာပါ။ အားကစားမှာ အရှုံး၊ အနိုင်က အဓိကမကျပါဘူး။ လုပ်နေသလောက် အကျိုးခံစားရရှိနေမှာဖြစ်ပါတယ်။

မျက်မမြင်အဲရစ်က အားကစားသမား ဖြစ်ပါတယ်။ သူ ဝေရက်တောင်တက်တာဟာ အားကစားလုပ်တာပါ။ လောင်းကစားလုပ်တာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဝေရက်တောင်ထိပ်ကို သူမရောက်ခဲ့ရင်လည်း အချည်းနှီး၊ အလဟဿ ဖြစ်မသွားပါဘူး။ အဲရစ်ကိစ္စမှာ အဓိကအကျဆုံး၊ အရေးကြီးဆုံးအချက်က ဘာလဲဆိုတော့ မျက်မမြင်လူသားအားလုံးကို စိတ်ဓာတ်ရေးရာအရ အကြီးမားဆုံး စွမ်းဆောင်ပေးလိုက်နိုင်တယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။ မသန်ပေမယ့် စွမ်းနိုင်တယ်ဆိုတာ ပြောပြလိုက်တဲ့အချက် ဖြစ်ပါတယ်။ ဇွဲ လုံ့လနဲ့ သတ္တိရှိသူတွေအဖို့ လောကကြီးမှာ မဖြစ်နိုင်တာ ဘာမှမရှိပါဘူးဆိုတာ အဲရစ်က သက်သေပြလိုက်တာပါ။

ကျွန်ုပ်ကို ပြလိုက်တာဖြစ်တယ်။

သင့်ကို ပြလိုက်တာဖြစ်တယ်။

လူသားအားလုံးကို ပြလိုက်တာဖြစ်တယ်။

အခက်အခဲလေး တွေ့ရုံ၊ အတားအဆီး အနှောင့်အရှက်ကလေး တွေ့ရုံနဲ့ နောက်ပြန်ဆုတ်သွားတတ်ကြတဲ့၊ ထိုင်ပြီး ခိုလှိုညည်းပြနေတတ်ကြတဲ့ သန်သန်မာမာ လူသားတွေကို အဲရစ်က ပြောပြလိုက်တာဖြစ်တယ်။

မျက်မမြင်တစ်ယောက်ကတောင် ဝေရက်တောင်ထိပ်ကိုရောက်အောင် တက်နိုင်ပါလျက်နဲ့ မျက်စိမြင်တဲ့၊ ခြေလက်သန်မာတဲ့၊ လူယောကျာ်း၊ လူမိန်းမတွေ မရှက်တတ်ကြဘူးလားတဲ့လေ။

၃၊ ၇၊ ၂၀၀၁။



www.burmeseclassic.com

www.burmeseclassic.com

## ရှာနိုင်စွမ်း၊ သုံးမြောင့်တုံးနဲ့ လူ့တန်ဖိုး

ကမ္ဘာကြီးဟာ ပင်ကိုသဘာဝအရ အလွန်သာယာပြီး နေချင့်စဖွယ်ဖြစ်တယ်။ ကမ္ဘာပေါ်မှာ မှီတင်းနေထိုင်ကြတဲ့ သက်ရှိသတ္တဝါအားလုံးထဲမှာလည်း လူသတ္တဝါဟာ ချစ်စရာအကောင်းဆုံးဖြစ်တယ်။

ဒါပေမယ့် အခုတော့ ကမ္ဘာကြီးဟာ နေချင့်စဖွယ် သိပ်မကောင်းတော့ပါဘူး။ လုပသာယာမှုတွေဆိတ်သုဉ်းပြီး ကမ္ဘာကြီးရဲ့ထောင့်တိုင်း၊ နေရာတိုင်းမှာ အနိဋ္ဌာရုံတွေချည်း နေ့စဉ်မြင်တွေ့ ကြားသိနေရပါတော့တယ်။ နိုင်ငံတိုင်းလိုလိုမှာ သတ်ဖြတ်မှုတွေ၊ နိုင်လိုမင်းထက်ပြုကျင့်မှုတွေနဲ့ အဓမ္မမှုတွေ လွှမ်းမိုးနေပါတယ်။

လူသားတွေဟာလည်း ချစ်စရာမကောင်းကြတော့ဘူး။ လူအချင်းချင်း ကြီးနိုင်ငယ်ညှင်းပြုကာ သားရဲတိရစ္ဆာန်တို့ရဲ့ တောတွင်းဥပဒေသများအတိုင်း ပြုမူကျင့်ကြံနေကြတာများတယ်။ လူ့သမိုင်းမှာ မကြုံဖူး မကြားဖူးခဲ့တဲ့ ရက်စက်ကြမ်းကြုတ်မှုအားလုံးဟာ နည်းပညာရပ်တွေ အတိုးတက် အထွန်းကားဆုံးဆိုတဲ့ ၂၀ ရာစုကြီးအတွင်းမှာ ဖြစ်ပွားပေါ်ပေါက်ခဲ့တာချည်းဖြစ်တယ်။ ဟစ်တလာရဲ့လုပ်ရပ်မျိုး ဘယ်ခေတ်မှာကြုံခဲ့ဖူးကြသလဲ။ ဟီရိုရှီးမားနဲ့ နာဂါဆာကီဖြစ်ရပ်မျိုး ဘယ်လိုလူစားတွေက လုပ်ခဲ့ကြသလဲ၊ ဗီယက်နမ်စစ်ပွဲမှာ လောင်မီး(နပမ်း)ဗုံးတွေ၊ အဆိပ်ဓာတ်ငွေ့ဗုံးတွေ၊ ရွက်ကြွေဗုံးတွေ ကြဲချတာမျိုး ဘယ်ကာလမှာ ကြားခဲ့ဖူးကြသလဲ။

ကမ္ဘာကြီးဟာ ဘယ်အချိန်ဘယ်အခါကစပြီး ဘာကြောင့်အကျည်းတန်အရုပ်ဆိုးသွားခဲ့ရတာလဲ။

လူသားတွေလည်း ဘယ်အချိန်ဘယ်အခါကစပြီး ဘာကြောင့် ရိုင်းစိုင်းကြမ်းကြုတ်ကုန်ကြရတာလဲ။

တောတွေ တောင်တွေထဲမှာ တောပန်းတောင်ပန်းတွေ ပွင့်လန်းဝေဆာကြပါဦးမလား။ ငှက်ကလေးတွေ သီချင်းဆိုနေကြပါဦးမလား။

မြို့တွေ ရွာတွေထဲမှာ ကလေးသူငယ်တွေရဲ့ ညံညံစီစီ မြူးထူးဆော့ကစားသံတွေ ပြန်လည်ကြားရပါဦးမလား။

ခုတလော နိုင်ငံတကာ စာနယ်ဇင်းတွေဖတ်ဖတ်၊ ရုပ်မြင်သံကြား

www.burmeseclassic.com



ဖန်သားပြင်ကြည့်ကြည့်၊ အင်တာနက်ဝက်ဘ်ဆိုက် စာမျက်နှာတွေလှန်လှန် စိတ်မချမ်းမြေ့စရာ 'သတင်းပူ'တွေချည်း တွေ့နေရတယ်။

အီရတ်မှာ အသေခံဗုံးခွဲတိုက်ခိုက်လို့ လူအများအပြား သေဆုံးရတဲ့ သတင်း။

အာဖဂန်နစ္စတန်မှာ မှားယွင်းဗုံးကြဲလို့ မူလတန်းကျောင်းမှာ ကလေးတွေ သေဆုံးရတဲ့သတင်း။

သီရိလင်္ကာမှာ ကျားသူပုန်တွေနဲ့ အစိုးရတပ်တွေ အပစ်အခတ်ရပ်စဲရေး ပျက်ပြီး ပြန်တိုက်ကြတဲ့သတင်း။

ဖိလစ်ပိုင်မှာ တောင်ပြိုလို့ တစ်ရွာလုံး ရွှံ့နွံတွေအောက်ရောက်သွားတဲ့ သတင်း။

အင်ဒိုနီးရှားမှာ မီးတောင်ပေါက်ကွဲလို့ ရွာတွေရွှေ့ပြောင်းပေးရတဲ့သတင်း။

မြောက်ဝင်ရိုးစွန်းက ရေခဲပြင်ကြီးတွေ အရည်ပျော်မှုနှုန်း မြန်ဆန်ကြီးမား လာလို့ ဝင်ရိုးစွန်းဝက်ဝံတွေ မျိုးတုံးပျောက်ကွယ်မှာ စိုးရိမ်ရတဲ့သတင်း။

လှိုင်သာယာက လေဆင်နှာမောင်း အပျက်အစီး၊ မာလာမုန်တိုင်းကြောင့် ကြံခင်းမြို့နယ်က အသေအပျောက်။

အစွရေးကို ကမ္ဘာ့မြေပုံပေါ်က ကွယ်ပျောက်သွားစေရမယ်ဆိုတဲ့ အီရန် ခေါင်းဆောင်တစ်ဦးရဲ့ ကြုံးဝါးသံ။

အီရန်ရဲ့ ဗျူကလီယားကိစ္စ စွန့်လွှတ်ခြင်းမပြုပါက လိုအပ်တဲ့တားဆီး အရေးယူမှုမှန်သမျှ ဘာမဆိုလုပ်နိုင်တယ်ဆိုတဲ့ အမေရိကန်သမ္မတရဲ့ ခြိမ်း ခြောက်သံ။

အမေရိကန်သမိုင်းတစ်လျှောက်လုံးမှာ ဂျော့ဘုရှ်ရဲ့လက်ထက် လွှတ်တော် နှစ်ရပ်စလုံးဟာ အကျင့်ပျက်မှုအများဆုံးလို့ဆိုလိုက်တဲ့ အမျိုးသမီးအမတ် တစ်ဦးရဲ့ စွပ်စွဲသံ။

တောင်ကိုရီးယား ဟွန်ဒိုင်းကော်ပိုရေးရှင်းကြီးရဲ့ သူဌေးကြီးကို အကျင့် ပျက်မှု၊ လာဘ်ပေးမှုတွေနဲ့ ဖမ်းဆီးလိုက်တဲ့သတင်း။

'ဒီလိုကိစ္စမျိုးတွေ ရှိတယ်လား'လို့ ပေါင်ချိန်လိုမေးဖို့တောင် မလိုပါဘူး။ မကြားချင်အဆုံး၊ မမြင်ချင်အဆုံးဖြစ်နေတာမဟုတ်လား။

အဲဒါကြောင့် ဒီကိစ္စမျိုးတွေကင်းစင်အောင်လုပ်ဖို့ မဖြစ်မနေ ရုန်းကြံ ကြိုးစားကြရမှာက လူသားတိုင်းရဲ့တာဝန်ဖြစ်တယ်။ ကိုယ့်အိမ်ခေါင်မိုး မီး မလောင်သေးသမျှ ကိုယ်နဲ့မဆိုင်ဘူးလို့ယူဆနေလို့ မဖြစ်ပါဘူး။

ပြဿနာတစ်ရပ်ကို အဖြေရှာတဲ့အခါမှာ အဲဒီပြဿနာဖြစ်ရတဲ့ အကြောင်းရင်း ဇာတ်မြစ်ကိုသိအောင် အရင်ဆုံးလုပ်ရပါတယ်။ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တရားကိုမသိဘဲနဲ့ အကျိုးတရားကိုပယ်သတ်လို့ မရနိုင်ပါဘူး။ မီးကိုမသတ်ဘဲနဲ့ မီးခိုးမထွက်အောင် လုပ်လို့မရဘူးဆိုတာ သတိချပ်ရပါမယ်။

ကိုယ့်စိတ်အခံကပေါ်ထွက်လာတဲ့ ကိုယ့်အတွေး၊ ကိုယ့်အမြင်ကို ပြောကြည့်ပါမယ်။ စဉ်းစားကြည့်ပါ။ သဘောတူရင်ယူပါ။ သဘောမတူရင် နောက်တစ်မျိုး စဉ်းစားကြည့်ပါ။

ကမ္ဘာကြီးနဲ့ လူသားတို့ရဲ့ တိုးတက်ဖြစ်ထွန်းလာမှု ဖြစ်စဉ်များကို ပြန်လည်ငဲ့စောင်းကြည့်လိုက်တဲ့အခါမှာ လူသားတစ်ယောက်ရဲ့ 'တန်ဖိုး'ကို သူ့ရဲ့ 'ငွေရှာနိုင်မှု'အပေါ်၊ ဒါမှမဟုတ် သူ့ရဲ့'ဖြစ်တည်မှု'အပေါ်မှာ ကြည့်ပြီး ပိုင်းဖြတ်ရာက ပြဿနာစတယ်လို့ ယူဆပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့၊ လူမျိုးတစ်မျိုးရဲ့ ယဉ်ကျေးမှုအဆင့်ကို ပိုင်းဖြတ်ရာမှာလည်း ကုန်ပစ္စည်းထုတ်လုပ်ရောင်းချရာကရတဲ့ 'ငွေပမာဏ'နဲ့ တိုင်းတာလာကြတယ်။ အဲဒီအချိန်ကစပြီး လူ့ကမ္ဘာကြီး အကျည်းတန်လာတယ်။ လူသားတွေ ရက်စက်ကြမ်းကြုတ်လာတယ်လို့ ယူဆပါတယ်။

ဒီနေ့ ကမ္ဘာတစ်ခုလုံးကို ကြည့်။ နိုင်ငံတိုင်း၊ လူမျိုးတိုင်း စီးပွားရေးအသားကုန်ဖွံ့ဖြိုးတိုးတက်မှုကိုသာ အဓိက ဦးစားပေးလုပ်ငန်းကြီးအဖြစ် ဆောင်ရွက်နေကြတယ်။ ပိုက်ဆံရပြီးရော သဘောထားနေကြတယ်။ လူသတ်လက်နက်တွေကို ဝယ်ယူသူမကြိုက်ကြိုက်အောင် ဆန်းသစ်တီထွင် ထုတ်လုပ်နေကြတယ်။ အဆိပ်ဓာတ်ငွေ့ဗုံး၊ ရောဂါပိုးမွှားဗုံး၊ အနုမြူဗုံးတွေ၊ ဗုံးလုပ်နည်းဖော်မြူလာတွေကို မှောင်ခိုရောင်းဝယ်မှုပြုနေကြတယ်။ မျက်နှာပြောင်ပြောင်နဲ့ 'ဘယ်နည်းနဲ့ရရ၊ ပိုက်ဆံရဖို့အဓိက'လို့ပြောပြီး 'ကြောင်ဖြူ၊ ကြောင်မည်းကအဓိကမဟုတ်ဘူး။ ကြွက်မိတာသာလိုရင်းပဲ'လို့ ဩဝါဒချွေတတ်ကြတယ်။

လူ့တန်ဖိုးကို သူရှာနိုင်တဲ့ငွေကြေးနဲ့တိုင်းတာ သင့်မြတ်ပါရဲ့လား။

လူ့အရည်အချင်းကို သူ့စားပွဲပေါ်က သုံးမြှောင့်တုံးနဲ့ သတ်မှတ်တာကော မှန်ကန်ပါရဲ့လား။

ကိုယ့်စိတ်အခံနဲ့ ကိုယ့်အတွေးအမြင်အရတော့ နိုင်ငံတစ်နိုင်ငံရဲ့ ယဉ်ကျေးမှုအဆင့်ကို ဈေးရောင်းလို့ရတဲ့ ငွေပမာဏနဲ့ပိုင်းဖြတ်တာကို မှန်တယ်လို့ မယူဆဘူး။

လူတစ်ယောက်ရဲ့ 'တန်ဖိုး'နဲ့ 'အရည်အချင်း'ကိုလည်း ငွေနဲ့ သုံးမြှောင့်တုံးကိုကြည့်ပြီး အကဲဖြတ်တာ လုံးဝမှန်ကန်သင့်မြတ်တယ်လို့ မယူဆဘူး။ လူ့တန်ဖိုးဟူသည် ကြုံတောင့်ကြုံခဲရရှိလာတဲ့ လူ့ဘဝအခိုက်အတန့်ကလေးအတွင်းမှာ သဘာဝတရားက လူသားများအတွက် ဖန်တီးပေးထားတဲ့ အရာတွေကို ပြည့်ပြည့်ဝဝ၊ လွတ်လွတ်လပ်လပ် ဘယ်အထိ ခံစားရရှိနိုင်သလဲ

www.burmeseclassic.com



ဆိုတာနဲ့ အကဲဖြတ်သင့်တယ်လို့ ယူဆတယ်။

ဥပမာ သဘာဝက လူတွေအသက်ရှင်နိုင်ဖို့ ဖန်တီးပေးထားတဲ့ လေကောင်းလေသန့်ကို ပြည့်ပြည့်ဝဝ ရှူရှိုက်နိုင်ရဲ့လား၊ ရေကောင်းရေသန့်ကို သောက်သုံးနိုင်ရဲ့လား၊ ဖြူနီဝါပြာ ရောင်စုံဖြာတဲ့ သဘာဝပန်းချီကားချပ်ကြီးကိုကော အားရပါးရ ကြည့်ရှုခံစားနိုင်ရဲ့လား၊ ပန်းစုံတောမှာ လိပ်ပြာလေးတွေ ပျံဝဲနေတာ၊ ငှက်ကလေးတွေ တေးဆိုနေတာတွေကော မြင်တွေ့နိုင်ရဲ့လား၊ လူသားကိုယ်တိုင်ကော သီချင်းတွေသီဆိုချင်တိုင်း အော်ဟစ်သီဆိုနိုင်ရဲ့လား စတဲ့ စတဲ့ သဘာဝစံနှုန်းများနဲ့ တိုင်းတာအကဲဖြတ်သင့်တယ်လို့ ယူဆတယ်။

တိုင်းပြည်နိုင်ငံတစ်ခုရဲ့ ယဉ်ကျေးမှုအဆင့်ကို သတ်မှတ်ရာမှာလည်း အဲဒီနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ လူသားများရဲ့ 'ရုပ်ဝတ္ထုပစ္စည်းကြွယ်ဝမှု' ထက် 'စိတ်ဓာတ်ကြွယ်ဝမှု' ဘယ်အဆင့်ထိ မြင့်မားရောက်ရှိနေသလဲဆိုတဲ့ စံနဲ့ အကဲဖြတ်သင့်ကြတယ်လို့ ယူဆပါတယ်။ ရုပ်ဝတ္ထုပစ္စည်းတွေ ပြည့်စုံကြွယ်ဝတိုင်း လူ့ဘဝကို ပြည့်စုံပြီလို့သတ်မှတ်လို့ မဖြစ်တာကြောင့် ဒီလိုဆိုခဲ့ခြင်းဖြစ်တယ်။

ဥစ္စာပစ္စည်းကြွယ်ဝမှုကြောင့် စိတ်ဓာတ်ကြွယ်ဝမှု အလိုအလျောက်ရရှိမလာနိုင်ဘူးဆိုတာ သိသင့်ကြတယ်။ စိတ်ဓာတ်ကြွယ်ဝမှုမရရုံသာ မဟုတ်သေး၊ ပစ္စည်းကြွယ်ဝမှုကို အလေးထားလွန်းတာကြောင့် 'စိတ်ဓာတ်ချွတ်ခြုံကျမှု'မျိုးအထိ လျှောကျသွားနိုင်တယ်ဆိုတာလည်း သတိပြုသင့်ကြတယ်။

လူသားတို့ဟာ ဟီရိနဲ့ ဩတ္တပ္ပလို့ခေါ်ကြတဲ့ အရှက်တရားနဲ့ အကြောက်တရား နှစ်ပါးကိုပင် ငဲ့ကွက်ရကောင်းမှန်းမသိကြတော့ဘဲ 'ဘယ်နည်းနဲ့ရရ ငွေရဖို့အဓိက'ဆိုတဲ့ စိတ်ဓာတ်မျိုးကို ထိန်းချုပ်သိမ်းဆည်းရကောင်းမှန်း မသိလျှင် 'လူ' ဟုခေါ်ရဖို့ပင် ခက်ခဲလာပါလိမ့်မယ်။ 'ငွေရဲ့ ကျေးကျွန်'အဖြစ် ယုတ်လျော့ကျဆင်းသွားမှာ ဖြစ်ပါတယ်။

အဲဒီလို ယုတ်လျော့ကျဆင်းမသွားဘဲ စိတ်ဓာတ်အဆင့်အတန်းမြင့်ပြီး စိတ်ဓာတ်ကြွယ်ဝမှုရှိတဲ့ 'လူယဉ်ကျေး'အဖြစ် ဆက်လက်ရပ်တည်နိုင်ဖို့အတွက် ဟီရိနဲ့ ဩတ္တပ္ပဆိုတဲ့ တရားနှစ်ပါးကို ခိုင်မြဲလုံခြုံအောင် စောင့်ထိန်းကြဖို့ လိုအပ်ကြောင်း သတိပေးနိုးဆော်လိုက်ရပါတယ်။

၁၂၊ ၅၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# အောင်မြင်မှုနဲ့ စွမ်းဆောင်မှု

နိုင်ငံခြားသွားချင်ကြတဲ့ လူငယ်လုံမငယ်လေးတွေကို အင်္ဂလိပ်စကားပြော သင်တဲ့ ဆရာလုပ်နေစဉ်က ဘာကြောင့် နိုင်ငံခြားသွားချင်ကြတာလဲဆိုတဲ့ စကား အမြဲမေးဖြစ်ပါတယ်။ အမေးခံရသူတွေဟာ ဆရာဝန်၊ အင်ဂျင်နီယာ၊ တက္ကသိုလ်ဆရာ ဆရာမ၊ သင်္ဘောသား၊ ဘွဲ့ရဝန်ထမ်း၊ ဘွဲ့ရအလုပ်လက်မဲ့၊ စီးပွားရေးသမား၊ ကုမ္ပဏီပိုင်ရှင်၊ ကျောင်းသူကျောင်းသား အလွှာပေါင်းစုံက ဖြစ်ကြပါတယ်။ တက္ကစီမောင်းသူနဲ့ ဆိုက်ကားနင်းရင်း မဟာတန်းတက်နေသူ မျိုးတောင် ပါပါတယ်။

လူတွေ ဘယ်လောက်များများမေးမေး အဖြေက တစ်ခုတည်းပဲ ကြားရ လေ့ရှိတယ်။ အဲဒါကတော့ 'အောင်မြင်ချင်လို့'ဆိုတဲ့ အဖြေဖြစ်တယ်။ ၁၀ တန်းအောင်ပြီးစ တက္ကသိုလ်တက်ဖို့စောင့်နေကြတဲ့ သူလေးတွေ အားလုံးမှာ လည်း အဆုံးမှာ နိုင်ငံခြားသွားဖို့ဆိုတဲ့ရည်ရွယ်ချက် ရှိကြတယ်။

ဘယ်လိုအောင်မြင်ချင်တာလဲ၊ ဘာ့ကြောင့်အောင်မြင်ချင်တာလဲလို့ မေးလိုက်တဲ့အခါမှာလည်း ဆင်တူကြောင်းကွဲအဖြေပဲ ထွက်လာပါတယ်။ အားလုံးလိုလိုက နိုင်ငံခြားသွားပိုက်ဆံရှာမယ်၊ စုမိဆောင်းမိအောင်လုပ်မယ် ဆိုတဲ့ ရည်ရွယ်ချက်ရှိကြပါတယ်။ တချို့တလေက ပြန်လာဖို့ စိတ်ကူးမရှိဘူး။ ရောက်ရာနိုင်ငံမှာ ဒုတိယတန်းစား၊ တတိယတန်းစားလူများအဖြစ်တောင် နေမယ်လို့ ဆုံးဖြတ်ထားကြတယ်။ တချို့တလေက ပိုက်ဆံရှာပြီးပြန်လာမယ်၊ ဒီမှာရင်းနှီးမြှုပ်နှံပြီး အလုပ်လုပ်မယ်လို့ စိတ်ကူးရှိကြတယ်။ ဒီလိုလူမျိုးတွေက အများစုဖြစ်တာကို တွေ့ရတဲ့အတွက် စိတ်သက်သာရသေးတယ်။

ဒီနေ့ လူငယ်အများစုခေါင်းထဲမှာ ပိုက်ဆံအများကြီးရအောင် ရှာနိုင်တာ၊ ချမ်းသာအောင်လုပ်နိုင်တာကို 'အောင်မြင်မှု'လို့ သတ်မှတ်ယုံကြည်နေကြတာ တွေ့ရတယ်။ ပိုက်ဆံမရှိရင် ဘာမှဖြစ်မလာနိုင်ဘူးလို့လည်း မှတ်ယူကြတယ်။ ပေါပေါသုံးချင်တယ်၊ ကောင်းကောင်းစားချင်တယ်၊ လှလှဝတ်ချင်တယ်ဆိုတာ လူငယ်သဘာဝမို့ ချမ်းသာချင်တာကို အပြစ်မတင်ပါဘူး။ လောကမှာ မချမ်းသာချင်တဲ့သူ ဘယ်သူမှမရှိပါဘူး။ မချမ်းသာချင်ပါဘူးပြောရင် အရူးပဲ ဖြစ်လိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံချမ်းသာတိုင်း စိတ်ချမ်းသာတာမဟုတ်ဘူး။ လောကမှာ စိတ်ချမ်းသာဖို့က အရေးကြီးဆုံးဖြစ်တယ်။ ပိုက်ဆံဆိုတာ မကောင်းမှုမှန်သမျှရဲ့ ရေသောက်မြစ်ဖြစ်တယ်ဆိုတဲ့ ဓမ္မကထိကလေသံမျိုးနဲ့ လူငယ်တွေကို တရားမပြချင်ပါဘူး။ တရားဆိုတာ ပြတိုင်းရတာမျိုး မဟုတ်ပါဘူး။ ကိုယ်တိုင်ဒုက္ခကိုတွေ့မှ နောင်တရပြီး ကိုယ်တိုင်က လိုလိုလားလားလိုက်ရှာမှ တွေ့နိုင်၊ ရနိုင်တာမျိုး ဖြစ်ပါတယ်။

လူငယ်တွေကိုပြောချင်တာက သူတို့အမြင်မှားနေတဲ့ 'အောင်မြင်မှု' အကြောင်း ဖြစ်ပါတယ်။ 'အောင်မြင်မှု'ဆိုတာကို ဘဝရဲ့ရည်မှန်းချက်ကြီးတစ်ခုအဖြစ် သဘောထားနေကြတာက အမြင်မှားနေလို့ပါ။ လောကမှာ အောင်မြင်မှုရဖို့ မခက်ပါဘူး။ နာမည်ကြီးဖို့ မခက်ပါဘူး။ အိုစမာဘင်လာဒင်လည်း နာမည်ကြီးပါတယ်။ ဂျော့ဘုရှ်လည်း နာမည်ကြီးပါတယ်။ အီမယ်လ်ဒါမားကို့စ်လည်း နာမည်ကြီးပါတယ်။ မော်နီကာလူဝင်စကီးလည်း နာမည်ကြီးပါတယ်။

နာမည်ကျော်တိုင်း အောင်မြင်မှုရတယ်လို့ မဆိုနိုင်ဘူး။ ဘယ်လိုနေရာမှာ နာမည်ကြီးတာလဲ၊ ဘယ်လိုနည်းနဲ့ နာမည်ကြီးတာလဲဆိုတာက အရေးကြီးတာဖြစ်တယ်။ အိုစမာဘင်လာဒင်ကို ၉/၁၁ ဆိုတဲ့ ရက်စက်ကြမ်းကြုတ်တဲ့ လုပ်ရပ်ကြီးကြောင့် ကမ္ဘာကသိလာရတာဖြစ်တယ်။ အမေရိကန်သမ္မတ ဂျော့ဘုရှ်လည်း အာဖဂန်နစ္စတန်ကိုဝင်တိုက်တဲ့ကိစ္စနဲ့ အီရတ်ကို ဝင်တိုက်တဲ့ကိစ္စကြောင့် နာမည်ကြီးလာတာဖြစ်တယ်။ သူ့ရဲ့ သမ္မတသက်တမ်း ဒုတိယအကြိမ်ရောက်တဲ့အထိ အမေရိကန်ပြည်တွင်းရေးမှာ ပြည်သူပြည်သားများရဲ့ လုံခြုံမှုတိုးတက်အောင်၊ ပညာရေး၊ ကျန်းမာရေး အဆင့်မြင့်လာအောင်၊ အခွန်အတုပ်တွေ လျော့ပါးသွားအောင် အလုပ်လက်မဲ့နှုန်းတွေ ကျဆင်းသွားအောင် ဆောင်ရွက်နိုင်ခဲ့တာ၊ အကောင်အထည်နဲ့ လက်ဆုပ်လက်ကိုင်ပြနိုင်တာ တစ်ခုမှမရှိခဲ့ဘူး။

နာမည်ကြီးဖို့၊ အောင်မြင်ဖို့လုပ်ရတာ မခက်ပါဘူးလို့ ဒါကြောင့်ဆိုခဲ့တာပါ။ ဒီခေတ်ကြီးမှာ ပေါ်ပြူလာဖြစ်အောင်လုပ်ဖို့ အင်မတန်လွယ်ပါတယ်။ အင်တာနက်ခေတ်မဟုတ်လား။

အောင်မြင်မှု(success)ဆိုတဲ့စကားနဲ့ စွမ်းဆောင်မှု(achievement) ဆိုတဲ့ စကားနှစ်ခု ခြားနားတာကို လူငယ်တွေ သတိပြုမိစေချင်တယ်။

success ဆိုတာကို Oxford American Dictionary က–
success (n) – 1. a favorable outcome, doing what was desired or attempted, the attainment of wealth, or fame



www.burmeseclassic.com

www.burmeseclassic.com



or position
2. a person or thing that is successful
လို့ အဓိပ္ပာယ်ဖွင့်ဆိုပြပါတယ်။ မြန်မာလိုဆိုတော့-
အောင်မြင်မှု ၁။ နှစ်လိုဖွယ်ရာရလဒ်၊ လုပ်ချင်တာကို ကြိုးပမ်းချင်တာကို လုပ်ကိုင်ကြိုးပမ်းနေရခြင်း။ ဥစ္စာစည်းစိမ်၊ ကျော်ကြားမှု၊ ရာထူးဌာနန္တရ တစ်ခုမဟုတ်တစ်ခု ရရှိခြင်း
၂။ အောင်မြင်သူ၊ ဒါမှမဟုတ် အောင်မြင်တဲ့အရာလို့ ဖြစ်ပါတယ်။

achieve ကိုတော့--
achieve (v)- to accomplish, to gain
achievement (n)- reach by effort
စွမ်းဆောင်နိုင်ခြင်း၊ ကြိုးပမ်းအားထုတ်မှုဖြင့် အနိုင်ရခြင်း၊ ရောက်ရှိရခြင်းလို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။

ခြားနားချက်ကတော့ အောင်မြင်မှုဆိုတာက ကိုယ့်လိုဘပြည့်ဝသွားခြင်း ဖြစ်တယ်။ ကောင်းတာဖြစ်ဖြစ်၊ ဆိုးတာဖြစ်ဖြစ် ပါဝင်တယ်။ ၉/၁၁ ဟာ အိုစမာဘင်လာဒင်အဖို့တော့ အောင်မြင်မှု ဖြစ်ကောင်းဖြစ်လိမ့်မယ်။ လူသားများအတွက်တော့ စက်ဆုပ်စရာကောင်းလှတဲ့ လူမဆန်မှုကြီးဖြစ်တယ်။ အဲဒါကြောင့် အောင်မြင်မှုဆိုတာသက်သက် မမက်မောသင့်ဘူး။ ဘယ်နေရာမှာ၊ ဘယ်လိုနည်းနဲ့ ဘယ်သူ့အတွက် အောင်မြင်မှုလဲဆိုတာကြည့်ပြီးမှ အကဲဖြတ်သင့်တယ်။

achievement စွမ်းဆောင်နိုင်မှုဆိုတာကျတော့ ကိုယ်တိုင် ကျားကုတ်ကျားခဲ ကြိုးပမ်းအားထုတ်ပြီးမှ ရတဲ့အရာဖြစ်ပြီး ယေဘုယျအားဖြင့် ကောင်းမွန်မြင့်မြတ်တဲ့အလုပ်မျိုးကို စွမ်းဆောင်နိုင်မှုလို့ မှတ်ယူကြတယ်။ မကောင်းတဲ့ အဓိပ္ပာယ်မပါဘူး။ အဲဒါကြောင့် လိုလားအပ်တယ်။

လူငယ်တိုင်း လူငယ်တိုင်းကို တဒင်္ဂအောင်မြင်မှုတွေနောက် အမောတကော လိုက်နေကြမယ့်အစား ရာသက်ပန်တည်ရှိနေမယ့် စွမ်းဆောင်နိုင်မှု တစ်ခုခုလုပ်နိုင်အောင်သာ ကြိုးပမ်းအားထုတ်လုပ်ကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ချင်ပါတယ်။

၁၉၊ ၅၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# မြန်မြန်ပြေး၊ ဝေးဝေးကန်၊ နာနာချ

'တစ်ခါက ဥရောပဖလားဗိုလ်လုပွဲမှာ ဂရိဗိုလ်စွဲမယ်လို့ ဟောကိန်းထုတ်ခဲ့သလို ဒီကမ္ဘာ့ဖလားပွဲမှာကော ဆရာ့အမြင်ကို ကြားပါရစေဦးဆရာ'

ဥရောပဖလားပွဲမှာ ဂရိဗိုလ်စွဲသွားတဲ့နှစ်က ဆီမီးဖိုင်နယ်အဆင့် အရောက်မှာ ဂရိဗိုလ်စွဲနိုင်တယ်လို့ ပြောခဲ့ဖူးတာကို သတိရနေတဲ့ ဘောလုံးဝါသနာအိုး လူငယ်တစ်ယောက်က ပြောလိုက်တာဖြစ်ပါတယ်။ အဲဒီအခါက ဂရိအသင်းဟာ ကမ္ဘာကျော်စူပါစတားတွေမရှိတဲ့အတွက် team spirit နဲ့ တစ်သင်းလုံးဆင်း/တက် ညီညီညွတ်ညွတ်ကစားရမှာဖြစ်တယ်။ အသင်းလိုက် ညီညွတ်မှုစိတ်ဓာတ်ရှိတဲ့အသင်းက အနိုင်ရလိမ့်မယ်လို့ ပြောခဲ့တာပါ။ ပြောခဲ့တဲ့ အတိုင်း ဂရိအသင်းဗိုလ်စွဲသွားခဲ့ပါတယ်။

ကမ္ဘာ့ဖလားပွဲကတော့ စတောင်မစရသေးဘူးဆိုတော့ ဘယ်လိုလုပ် ပြောလို့ရမှာလဲ။ ဗေဒင်ဆရာမှ မဟုတ်တာပဲ။ ပထမအဆင့်ပွဲစဉ်တွေလောက် ကြည့်ပြီးရင်တော့ အသင်းတွေရဲ့ခြေစွမ်းခြေစကို မြင်ရပြီဖြစ်လို့ ခန့်မှန်းခြေ လောက်တော့ ပြောနိုင်လောက်ပါရဲ့။

လူငယ်လေးက တစ်နှစ်ပတ်လုံး ဘောလုံးပွဲမှန်သမျှ မလွတ်တမ်းနီးပါး ကြည့်နေတာပဲ၊ ဘောလုံးသမားတွေကို သိနေတာပဲ။ ခြေစွမ်းခြေစ မှန်းနိုင် လောက်ပါတယ်လို့ ဆက်ပြောပြန်ပါတယ်။ မှန်ပါတယ်။ နေထိုင်ကောင်းတဲ့ ရက်တွေမှာ ဘောလုံးပွဲတွေ မလွတ်တမ်းကြည့်ပါတယ်။ ဘောလုံးဂျာနယ် တွေလည်း မှန်မှန်ဖတ်ပါတယ်။ ဒီနှစ် အင်္ဂလန်အလယ်တန်းမှာ ရွေးထားတဲ့ အိုဝင်ဟားဂရေ့ကို တော်တော်များများက မသိကြပါဘူး။ သူက ဂျာမနီ ဘေယန်မြူးနစ်မှာ သွားကစားနေတာကိုး။ ဒီတော့ သူ့ကို အင်္ဂလန်ပရိသတ်က ဘယ်သိကြမှာလဲ။ သူဟာ တည်တည်ငြိမ်ငြိမ်နဲ့ကစားတတ်တဲ့ ဘောလုံးသမား တစ်ယောက်ဖြစ်ပါတယ်။ ခံစစ်၊ တိုက်စစ် နှစ်မျိုးစလုံး အားထားရပါတယ်။ အထူးသဖြင့် တိုက်စစ်မှာ အကွက်ဆင်ပေးတာ တော်ပါတယ်။ တစ်ချိန်က အင်္ဂလန်အလယ်တန်းသမားဖြစ်ခဲ့တဲ့ မက္ကနာမာနန်လို ကစားသမားမျိုးပါ။ ဒါကြောင့် သူ့ကိုရွေးခဲ့တာ နည်းပြမှန်ပါတယ်။

လူငယ်လေးက ထပ်ခါထပ်ခါ တိုက်တွန်းနေတာကြောင့် သူ့ဆန္ဒ ပြည့်အောင် ဒီလိုပြောလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဘောလုံးပွဲဆိုရင် ဘရာဇီးနိုင်မယ်'

'ယိုးဒယားလက်ဝှေ့ပွဲဆိုရင် အင်္ဂလန်နိုင်မယ်'

'ဒိုင်နဲ့ ပရိသတ်ရဲ့ပွဲဆိုရင် အိမ်ရှင်ဂျာမနီနိုင်မယ်'

ဘာ့ကြောင့် ဒီလိုပြောတာလဲဆိုတာလည်း ရှင်းပြလိုက်ပါတယ်။

ဘောလုံးကို အနုပညာမြောက်အောင် ကစားတတ်တဲ့နေရာမှာ ဘရာဇီးကို ဘယ်အသင်းမှမမီဘူး။ တကယ်လု တကယ်တော်တယ်။ တစ်ဦးချင်းကြည့်ရင်လည်း နေရာအလိုက် ရော်နယ်လ်ဒို၊ ရော်နယ်ဒင်ညို၊ ရောဘာတ်တိုကားလို့စ်၊ ဒီဒါ၊ ကာကာ၊ ကာဖူးတို့ကိုမီတဲ့ ဘောလုံးသမားမျိုး ဘယ်အသင်းမှာမှ မရှိဘူး။ တစ်ဦးချင်းလည်းကောင်း၊ ကစားကွက်လည်းကောင်းတယ်။ နောက် ဒီနှစ်ကောင်းတာတစ်ခုက ရော်နယ်လ်ဒိုဟာ အရင်ကလောက်မကစားနိုင်တော့ဘူး။ ဒီတော့ သူ့ကို အဓိကထားကစားတဲ့ နည်းဗျူဟာချမှာမဟုတ်ဘူး။ အသင်းလိုက်ကစားတဲ့ ဗျူဟာချဖို့များတယ်။ ဒီလို အသင်းလိုက်ကစားရင် နိုင်ဖို့များတယ်။

အင်္ဂလန်အသင်းကျတော့ ခနောက်ပိုင်း အဲရစ်ဆင်ရဲ့ကစားနည်းက မြန်မြန်ပြေး၊ ဝေးဝေးကန်၊ နာနာချဆိုတဲ့နည်း ဖြစ်တယ်။ ပွဲဦးထွက်မှာ တစ်ဖက်သင်းကို နာနာချထားပြီး ကစားကွက်တည်မရအောင် လုပ်တတ်တယ်။ အင်္ဂလိပ်ဘောသမားတွေက နင်းတာ၊ ကန်တာ၊ တွက်တာ၊ တိုက်တာ၊ ထိုးတာ၊ ရိုက်တာ၊ ဆောင့်တာ အကုန်လုပ်တတ်တယ်။ မိုက်ကယ်အိုဝင်ကလွဲရင်ပေါ့လေ။ ဒါပေမဲ့ သူတို့မှာ ကစားကွက်မရှိဘူး။ တစ်ဖက်က ခပ်မာမာအသင်းမျိုးနဲ့တွေ့ရင် သူတို့ခံရမှာ သေချာတယ်။ ဘောလုံးပညာချင်းပြိုင်ရင် သူတို့ဟာ ဘရာဇီးတို့၊ အီတလီတို့ကို နိုင်ခြေမရှိဘူး။ လက်ဝှေ့ပြိုင်မှ နိုင်မှာ။

ဂျာမနီကျတော့ ကမ္ဘာကျော် စူပါစတားအဆင့် မရှိသလောက်ပဲ။ ဒီတော့ သူတို့က အသင်းလိုက်ကစားနည်းဗျူဟာနဲ့ ကစားလေ့ရှိတယ်။ ဘေယန်မြူးနစ်ကြည့်။ အသင်းလိုက်ညီညွတ်မှုနဲ့ကစားတော့ ထိပ်ဆုံးကကို ကျမသွားဘူး။ တခြားဂျာမန်အသင်းတွေလည်း ဒီလိုပဲ။ ကမ္ဘာကျော်တွေ သိပ်ခေါ်တာမဟုတ်ဘူး။ team work ကိုသာ ဦးစားပေးကစားတယ်။ တကယ်တမ်းအကြိတ်အနယ်ပြိုင်ရတဲ့အခါမှာ team work ဦးစားပေးအသင်းတွေ နိုင်တာများတယ်။ ဟိုတစ်ခါ ဂရိဖိုလ်စွဲသွားတာ အဲဒီ team work ကြောင့်ပဲ။ တစ်သင်းလုံး ညီညီညွတ်ညွတ်နဲ့ ကစားသွားကြတာ။ ဂျာမနီနဲ့သာ ဗိုင်နယ်မှာတွေ့ရင် အင်္ဂလန်လည်း မလွယ်ဘူး။ ဘရာဇီးလည်း မလွယ်ဘူး။

နောက်ပြီး ဂျာမနီရဲ့အားသာချက်က တစ်ဦးချင်းကစားသမားတွေရဲ့မာကျောမှုပဲ။ သူတို့က အကန်အကျောက်၊ အထိုးအကြိတ်တွေ ခံနိုင်ရည်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ ဘရာဇီးအသင်းထက်ပိုပြီး အသက်အရွယ်ငယ်ကြတယ်။ ဘရာဇီးက တကယ်တော့ 'အဘိုးကြီးသင်း'ဖြစ်နေပြီ။ ဘောလုံးပညာရည် ပြည့်ဝလွန်းလို့သာ ထိပ်တန်းရောက်နေတာ။

အင်္ဂလန်အသင်းဆိုရင်လည်း ဂိုးနဲ့နောက်တန်းက အသက်အရွယ်အရအကျပိုင်းရောက်နေကြပြီ။ အလယ်တန်းနဲ့ ရှေ့တန်းမှာ လူငယ်လေးတွေရှိနေလို့ 'စွာ'နေနိုင်တာ။ ကျဉ်းထဲကြပ်ထဲ တကယ်အဖိခံရပြီဆိုရင် အင်္ဂလန်နောက်တန်းက 'ပြို'သွားတာချည်းပဲ။

အီတလီ၊ စပိန်တို့ ကောင်းကြပါတယ်။ ဒါပေမဲ့ စတားတွေက အသက်ကြီးကုန်ကြပြီ။ ဘောလုံးပညာမှာ ကောင်းပါတယ်။ ဒါပေမဲ့ သူတို့ ကလပ်အသင်းတွေက ပြည်ပဘောလုံးသမားတွေ သိပ်သုံးကြတော့ ပြည်တွင်းကလူငယ်တွေ သိပ်ထွက်မလာနိုင်ကြဘူး။ ထွက်သမျှလူတော်တွေကလည်းပြည်ပထွက်ကစားကြလေတော့ စုစည်းမှုအား နည်းပါးပါတယ်။ ဒါကြောင့်အီတလီ၊ စပိန်ကလပ်သင်းတွေ ကောင်းသလောက်၊ စွာသလောက် နိုင်ငံအသင်းကျတော့ အားကောင်းမလာခဲ့ဘူး။

အင်္ဂလန်အသင်းကျတော့ သူတို့နဲ့ဆန့်ကျင်ဖက်၊ အင်္ဂလိပ်ဘောလုံးသမားပြည်ပထွက်ကစားတာ နည်းတယ်။ ဒီတော့ အင်္ဂလိပ်ကစားနည်း၊ ကစားဟန်ကလွဲပြီး မကစားတတ်တော့ဘူး။ အီတလီတို့၊ စပိန်တို့ ကစားနည်းကအင်္ဂလိပ်နဲ့မတူဘူး။ အလားတူပဲ ဂျာမန်ကစားနည်းကလည်း အင်္ဂလိပ်နဲ့မတူပါဘူး။ အင်္ဂလိပ်က လေးငါးခြောက်နှစ်အတွင်းမှာ မြန်မြန်ပေး၊ ဝေးဝေးကန်တဲ့ ကန်တင်ပြေးပုံစံမျိုး ကစားတတ်တယ်။ စပိန်၊ အီတလီတို့က အနီးပေးကွက်စိပ်ကစားတယ်။ ဘရာဇီး၊ အာဂျင်တီးနားတို့နဲ့ တူတယ်။ ဂျာမန်ကအကွက်စိပ်တယ်။ ဒါပေမဲ့ မြန်တယ်။ တစ်ချက်တို့ပဲ။ အင်္ဂလိပ်အသင်းတွေကအဲဒီဥရောပကစားနည်းတွေနဲ့ အသားမကျသလို တောင်အမေရိက ကစားဟန်တွေနဲ့လည်း မကစားတတ်ဘူး။ ဒါကြောင့် အင်္ဂလိပ်သင်းဗိုလ်စွဲဖို့ သိပ်မမျှော်လင့်ဘူး။

ဒါပေမဲ့ အထက်ကပြောခဲ့သလို ယိုးဒယားလက်ဝှေ့ပွဲ ဆိုရင်တော့ အင်္ဂလန်ကို ဘယ်သူမှမမီပါဘူး။ ဗိုလ်စွဲနိုင်တယ်။ ဒိုင်ပွဲဆိုရင်တော့ အိမ်ရှင်ဂျာမနီကို ဘယ်သူမှ ယှဉ်နိုင်မှာမဟုတ်ဘူး။ ခုတလော ဂျာမန်ဒိုင်တွေ၊ အီတလီဒိုင်တွေ လာဘ်စားမှုသတင်းတွေကလည်း ဆက်တိုက်ကြားနေရတယ် မဟုတ်လား။ ဖီဖာကရွေးထားတဲ့ စင်ကာပူဒိုင်လူကြီးတစ်ယောက်ဆို အထက်တန်းကျောင်းပွဲတွေမှာသာ ဒိုင်လူကြီးလုပ်ဖူးတာဆိုပဲ။ ဟိုတလောကလည်း အင်္ဂလန်ဘောလုံးသင်းတွေမှာ တရုတ်၊ ကိုရီးယားဘောလုံးသမားတွေ ခေါ်ကစားနေတာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ခြေစွမ်းကြောင့်ဆိုတာက နည်းနည်း၊ ကြီးမားလှတဲ့ တရုတ်၊ ကိုရီးယား ဈေးကွက်ကြီးကို ဆွဲဆောင်ဖို့ဖြစ်တယ်ဆိုတဲ့ လေသံတွေထွက်လာတာ ကြား လိုက်ရသေးတယ်။

ခက်တာက ဒီခေတ်အားကစားလောကဆိုတာ ရောမစီးပွားရေးလုပ်ငန်း ကြီးတွေအဖြစ် ရောက်ရှိနေပြီဆိုတော့ အရာရာ ငွေနဲ့ခြယ်လှယ်နေကြတာပဲ ဖြစ်တယ်။ တော်တိုင်း၊ ကောင်းတိုင်း နိုင်တာမဟုတ်တော့ဘူး။ 'ငွေများ ပွဲနိုင်'ဆိုတဲ့စကားတောင် ပြောရမလိုဖြစ်နေပြီ။ ဒါကြောင့် ကမ္ဘာ့ဖလားပွဲ ဗိုလ်စွဲတိုင်း အကောင်းဆုံးအသင်းလို့သတ်မှတ်ဖို့ ခပ်ခက်ခက်ပါပဲဗျာ။

၂၉၊ ၅၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# တိုးတက်မှုနဲ့ တန်ဖိုး

'မြန်မာတွေမှာ အဖေနေ့တို့၊ အမေနေ့တို့၊ ဆရာများနေ့တို့ဆိုတာမျိုးတွေ ဘာကြောင့်ရှိမနေတာလဲ'

ကျောင်းသူ၊ ကျောင်းသားတွေက ဒီမေးခွန်းမျိုး မကြာမကြာ မေးတတ်ကြပါတယ်။ ဒီဘက်ခေတ် လေးငါးခြောက်နှစ်အတွင်းမှာမှ အမေးများလာတာပါ။ ဟိုအရင်ခေတ်က သိပ်အမေးမရှိလှပါဘူး။ ဒီလိုနေ့မျိုးတွေ လုပ်လေ့လုပ်ထလည်း မရှိခဲ့ပါဘူး။

လူငယ်တွေကမေးလာမှ ဒီကိစ္စကို ပြန်စဉ်းစားကြည့်မိပါတယ်။ ဟုတ်ပါတယ်။ မြန်မာ့ဓလေ့မှာ ဝါဆိုလပြည့်နေ့တို့၊ သီတင်းကျွတ်လပြည့်နေ့တို့၊ တန်ဆောင်မုန်းလပြည့်နေ့တို့ စတဲ့ ဘာသာရေးနဲ့နှီးနွှယ်တဲ့ နေ့မျိုး၊ ပွဲလမ်းသဘင်မျိုးကလွဲပြီး တခြားနေ့မျိုးဆိုတာ မရှိပါဘူး။

ဘာကြောင့် အဲဒီလိုမရှိသလဲဆိုတော့ မြန်မာလူမျိုးတို့ရဲ့ စရိုက်ကိုက အပရိကဟန်လုပ်တဲ့(form)ထက် အနှစ်သာရ(content)ကို ပိုပြီးအလေးထားတတ်တဲ့သဘောမျိုး ရှိလို့လားလို့ တွေးကြည့်မိပါတယ်။ ကြည့်လေ။ မြန်မာတွေက ကျေးဇူးတင်ပါတယ်(Thank you.)ဆိုတဲ့စကားမျိုး၊ ဝမ်းနည်းပါတယ်(Sorry.)ဆိုတဲ့စကားမျိုး ပြောတဲ့အလေ့မှ မရှိတာ။ ကျေးဇူးတင်ရမယ့်ကိစ္စမျိုးရှိရင် ကိုယ်ထိလက်ရောက်ကိုသွားပြီး ရှိခိုးကန်တော့တတ်ကြတာမျိုး မဟုတ်လား။ လူတစ်ဖက်သားကို မတော်တဆ ထိမိတိုက်မိတဲ့ကိစ္စမျိုး ကြုံရင်လည်း ပါးစပ်က ပေါ့ပေါ့လေး 'ဆောရီး'လို့ပြောလိုက်တာ မဟုတ်ဘူးလေ။ တကယ်ကို အားတုံ့အားနာဖြစ်ရတဲ့ ရိုရိုကျိုးကျိုးပုံစံနဲ့ 'ကန်တော့၊ ကန်တော့' ဆိုပြီး လိုက်လိုက်လဲ့လဲ့ကို တောင်းပန်တိုးလျှိုးပြုလေ့ရှိတာပါ။

နောက်တစ်ကြောင်းကတော့ မြန်မာ့လူ့အဖွဲ့အစည်းမှာ သားသမီးများ အိမ်ထောင်မကျမချင်း မိဘနဲ့ အိမ်ခွဲပြီးနေလေ့မရှိကြပါဘူး။ နယ်တွေမှာဆိုရင် အိမ်ထောင်ကျသွားတာတောင် မိဘနဲ့ မခွဲမခွာနေလေ့ရှိပါသေးတယ်။ အဲဒီလို အတူနေကြတော့ နေ့စဉ်ထမင်းဝိုင်းတွေမှာ မိဦးဖဦး အရင်ခူးပြီးစားလေ့မရှိပါဘူး။ မိဘကိုဦးချပြီးမှ စားလေ့ရှိပါတယ်။ နေ့စဉ် မိဘကို ခြေဆုပ်လက်နယ်ပြုတာ၊ အိပ်ရာဝင်ရှိခိုးကန်တော့တာ စတာမျိုးတွေလည်း ဝတ်မပျက်

www.burmeseclassic.com



လုပ်လေ့ရှိပါတယ်။ ပြီးတော့ အခါကြီးရက်ကြီးများမှာ မိဘဘိုးဘွားတွေကို ကန်တော့ရုံမျှမက ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေးတွေ၊ ဆရာသမားတွေပါ မကျန်ရအောင် ကန်တော့တဲ့အလေ့လည်း ရှိပါတယ်။ အဲဒီအလေ့တွေကြောင့် အဖေနေ့၊ အမေနေ့ဆိုတာမျိုး၊ ဆရာများနေ့ဆိုတာမျိုးလုပ်ဖို့ မလိုအပ်တာများလားလို့လည်း အတွေးရောက်မိပါတယ်။

ဘယ်လိုပဲဖြစ်စေ၊ ရှေးကမရှိခဲ့ပေမယ့် ခုတော့ အဖေနေ့တို့၊ အမေနေ့တို့ ဆိုတာတွေတင်မက ဗလင်တိုင်းနေ့တို့၊ ဟဲလိုးဝင်းနေ့တို့ ဆိုတာမျိုးတွေပါ မြန်မာ့လူ့ဘောင်ထဲ ရောက်ရှိလာပါပြီ။ ဒီအလေ့အထတွေဟာ မြန်မာ့ဓလေ့ မဟုတ်ဘူး၊ အနောက်တိုင်းဓလေ့တွေဖြစ်တယ်ဆိုပြီး ပိတ်ပင်တားဆီးလို့လည်း မရနိုင်တော့ပါဘူး။ ဈေးကွက်စီးပွားရေးစနစ်နဲ့ မြို့ပြယဉ်ကျေးမှုခေတ်ရဲ့ ဆင့်ပွားရလဒ်အဖြစ် သဘောထားကြရတော့မှာ ဖြစ်ပါတယ်။

ဒီကိစ္စတွေစဉ်းစားရင်းနဲ့ လွန်ခဲ့တဲ့လေးငါးလက သတင်းစာဖြတ်ပိုင်းလေး တစ်ခုကိုပြန်ရှာပြီး ဖတ်ကြည့်မိပါတယ်။ ဖြတ်ပိုင်းလေးထဲမှာပါတဲ့ အိန္ဒိယ နိုင်ငံက သတင်းလေးတစ်ပုဒ်က ဒီလိုဆိုပါတယ်။

'ဗလင်တိုင်းနေ့၊ အဖေနေ့၊ အမေနေ့ဆိုတာတွေဟာ နိုင်ငံစုံကုမ္ပဏီ ကြီးတွေက သူတို့ပစ္စည်းတွေ ရောင်းကောင်းအောင်လုပ်နေကြတဲ့ ကိစ္စတွေ ဖြစ်တယ်။ ဗလင်တိုင်းနေ့ဆိုတာ အိန္ဒိယလူ့ဘောင်ရဲ့ ကျင့်ဝတ်တွေ၊ ယဉ်ကျေးမှု တွေနဲ့ ဆန့်ကျင်နေတယ်'

ဗီနေးတိဝါရီဆိုတဲ့ ဟိန္ဒူဘာသာဝင်၊ အိန္ဒိယနိုင်ငံသားတစ်ယောက်ရဲ့ အပြောဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁၄ ရက်နေ့မှာကျရောက်တဲ့ အနောက်တိုင်း ပွဲတော်နေ့ကို အိန္ဒိယနိုင်ငံမှာရှိတဲ့ ဟိန္ဒူဘာသာရေးအဖွဲ့အစည်းများက ဆန့်ကျင်ကန့်ကွက်နေကြတဲ့အတွက် မြောက်ပိုင်းက ဥတ္တရာပရာဒက်ရှ်ပြည်နယ် ရဲ့မြို့တော် လပ်ကနောင်မြို့မှာ ဈေးဆိုင်တွေမဖွင့်ရဲဘဲ ပိတ်ထားကြပါတယ်။ ဟိန္ဒူဂျာဂရမ်မန့်ချ်(ဟိန္ဒူနိုးကြားရေးစင်မြင့်)လို့ခေါ်တဲ့ ဘာသာရေးအဖွဲ့အစည်း တစ်ရပ်က ဗလင်တိုင်းနေ့ဟာ အိန္ဒိယရိုးရာယဉ်ကျေးမှုများနဲ့ ဆန့်ကျင်တဲ့ အတွက် အထိမ်းအမှတ်ပွဲတော်များမကျင်းပဖို့ သတိပေးခဲ့ပါတယ်။

ဗလင်တိုင်းနေ့ကျင်းပလိုတဲ့ လူငယ်တွေနဲ့ ဘာသာရေးအဖွဲ့အစည်းတွေ ကြား ပဋိပက္ခတွေဖြစ်လာမှာ စိုးရိမ်ရတဲ့အတွက် လပ်ကနောင်မြို့ဈေးကြီးကို ရဲက စောင့်ကြပ်ပေးထားကြပါတယ်။

'ဘယ်သူမှ ယဉ်ကျေးမှုပုလိပ်လုပ်လို့မရပါဘူး။ ကျွန်တော်တို့ရဲ့ ပုဂ္ဂလိက လွတ်လပ်ခွင့်ကို ဝင်ရောက်နှောင့်ယှက်ဖို့ ဘယ်အဖွဲ့အစည်းတွေမှာမှ အခွင့် အရေး မရှိပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



လပ်ကနောင်တက္ကသိုလ်ကျောင်းသားဖြစ်တဲ့ အာလုပ်ဆင်းက ပြောကြားခဲ့တဲ့စကား ဖြစ်ပါတယ်။

လပ်ကနောင်မြို့ရဲ့ အနောက်တောင်ဘက် ကီလိုမီတာ ၆၀ လောက်ဝေးတဲ့ ကန်ပူမြို့မှာ ဟိန္ဒူဘာသာရေးအဖွဲ့အစည်းဝင်များက ဗလင်တိုင်းကတ်ရောင်းတဲ့ဆိုင်တွေကို ဝင်ရောက်ဖျက်ဆီးခဲ့ကြတဲ့အတွက် လပ်ကနောင်ဆိုင်ရှင်တွေက ပိတ်ထားခဲ့ကြတာဖြစ်ပါတယ်။

ဘုံဘေမြို့ကြီးမှာလည်း လက်ယာအဖွဲ့အစည်းတစ်ရပ်ဖြစ်တဲ့ သျှီဝသေနပါတီအကြီးအကဲ သက္ကရေးကိုယ်တိုင်က ဗလင်တိုင်းနေ့ပါတီတွေပြုလုပ်ဖို့စီစဉ်ထားတဲ့ဆိုင်တွေ၊ ကလပ်တွေရဲ့ရှေ့မှာ ဆန္ဒပြကြဖို့ လှုံ့ဆော်ခဲ့ပါတယ်။

ဘာသာရေးအဖွဲ့အစည်းတွေက အဲဒီလို လှုံ့ဆော်မှုတွေပြုနေကြတဲ့အတွက် ဆိုင်ရှင်တွေက ဆိုင်ဖျက်ခံရမှာစိုးပြီး ဆိုင်တွေကိုပိတ်ထားခဲ့ကြတာဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံက ဗလင်တိုင်းနေ့ကို ဆန့်ကျင်ကြတဲ့ ဘာသာရေးအဖွဲ့အစည်းများရဲ့လုပ်ရပ်ဟာ အရှေ့တိုင်းနိုင်ငံအားလုံးရဲ့ ပြယုဂ်ဖြစ်ပါတယ်။ နိုင်ငံတွေ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ မီဒီယာတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ တင်သွင်းလာကြတဲ့ အနောက်တိုင်းယဉ်ကျေးမှုတွေ အလုံးအရင်းနဲ့ ဝင်ရောက်လာမြဲဖြစ်ပါတယ်။ စီးပွားရေးသမားတွေက သူတို့ ကုန်ပစ္စည်းတွေ ရောင်းရဖို့အတွက် ဘာသာရေး၊ လူမှုရေးနေ့များကို ခုတုံးလုပ်လေ့ရှိပါတယ်။ အဲဒါကြောင့် ဒီဘက်ခေတ်မှာ ဗလင်တိုင်းနေ့တို့၊ ဟဲလိုဝင်းနေ့တို့ဆိုတာတွေ အရှေ့တိုင်းနိုင်ငံတွေမှာ ခေတ်စားလာခဲ့ပါတယ်။ ပညာတတ်လူငယ်လူရွယ်၊ ကလေးတွေက အတုမြင် အတတ်သင် လုပ်ခဲ့ကြပါတယ်။ အဲဒါကိုဘာသာရေးအဖွဲ့အစည်းတွေနဲ့ ရှေးဟောင်းဓလေ့ထုံးစံတွေကို ထိန်းသိမ်းထားလိုတဲ့ ကွန်ဆားဗေးတစ်တွေက မနှစ်မြို့နိုင်ကြပါဘူး။ အနောက်တိုင်းယဉ်ကျေးမှုတွေက အရှေ့တိုင်းရဲ့ရိုးရာယဉ်ကျေးမှုတွေကို ဖျက်ဆီးပစ်လိမ့်မယ်လို့ စိုးရိမ်ကြောင့်ကြ ဖြစ်နေကြပါတယ်။

ရှေးရိုးသမားတွေက ဘယ်လောက်တားတား၊ ပညာတတ်လူငယ်တွေကတော့ အနောက်တိုင်းယဉ်ကျေးမှုတွေကို ကြိုဆိုလက်ခံလိုကြပါတယ်။ ရှေးရိုးသမားတွေနဲ့ ပညာတတ်ခေတ်လူငယ်တွေအကြားရှိနေတဲ့ ဒီပဋိပက္ခဟာ အိန္ဒိယနိုင်ငံတစ်ခုတည်းမှာသာ မဟုတ်ပါဘူး။ စင်ကာပူ၊ တရုတ်၊ ဂျပန်စတဲ့ တခြားအာရှနိုင်ငံတွေမှာလည်း ရှိနေပါတယ်။

ဗလင်တိုင်းနေ့ဆိုတာမျိုးကျရင် စီးပွားရေးသမားတွေက ပို့စကတ်တွေအမျိုးမျိုးလုပ်ရောင်းပြီး စီးပွားရှာစမြဲဖြစ်ပါတယ်။ ဟိုတယ်တွေ၊ ကလပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ဗလင်တိုင်းနေ့ ပွဲတော်အမျိုးမျိုးပြုလုပ်ပြီး လူဝင်များအောင်လုပ်လေ့ ရှိပါတယ်။ အဲဒါကြောင့် ဗလင်တိုင်းနေ့တို့၊ အဖေနေ့၊ အမေနေ့တို့ဆိုတာတွေ ဟာ စီးပွားရေးသမားတွေက စီးပွားရှာဖို့ တမင်သက်သက် လှုံ့ဆော်နေတာ ဖြစ်တယ်လို့ ကန့်ကွက်ပြောဆိုနေကြတာ ဖြစ်ပါတယ်။ အဲဒီပြောဆိုချက်ဟာ မှန်သင့်သလောက်လည်း မှန်နေပါတယ်။ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းဟာ တိုးတက် ဖွံ့ဖြိုးချင်ကြတာချည်းပါ။ တိုးတက်ဖွံ့ဖြိုးဖို့ဆိုရင် နိုင်ငံပေါင်းစုံနဲ့ ဆက်သွယ် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အဲဒီအခါ အနောက်တိုင်းဓလေ့ထုံးစံ ယဉ် ကျေးမှုတွေကို ပိတ်ပင်တားဆီးလို့မရနိုင်ပါဘူး။ ဘယ်လိုပဲတားဆီးပိတ်ပင်မှု တွေလုပ်လုပ်၊ ရရာဝင်ပေါက်ကနေ တိုးဝင်လာနေကြမှာပါ။ ဒါဟာ ဖွံ့ဖြိုးတိုး တက်မှုအတွက် ပေးရတဲ့တန်ဖိုး ဖြစ်ပါတယ်။

အရာရာမှာ 'ကမ္ဘာပြုမှု' ကြွေးကြော်သံတွေကြီးစိုးနေတဲ့ ခေတ်ကြီးထဲမှာ ကိုယ့်ဘက်က တန်ဖိုးဘယ်လောက်အထိ၊ ဘယ်အတိုင်းအတာထိပေးမလဲ ဆိုတာကို နိုင်ငံငယ်ကလေးများ ကြိုတင်စဉ်းစား ပြင်ဆင်ထားသင့်ကြပါတယ်။ လုံးဝကို တန်ဖိုးမပေးနိုင်ဘူး၊ မပေးချင်ဘူးဆိုလို့ မရနိုင်ပါဘူး။ တိုးတက်မှုကို ယူချင်ရင် တန်ဖိုးပေးပြီးယူမှ ရပါမယ်။ တန်ဖိုးမပေးချင်ရင် တိုးတက်မှုမရနိုင် ပါဘူး။ ဒီနှစ်ခုစလုံးကို ရယူထားနိုင်ဖို့ဆိုတာ လက်တွေ့မဖြစ်နိုင်ပါဘူး။

နိုင်ငံငယ်လေးများအဖို့ ဒီအချက်ကို ပီပီပြင်ပြင် သိမြင်သဘောပေါက် ထားဖို့ လိုပါတယ်။ အဲဒီလို သိမြင်သဘောပေါက်ထားပါမှ ကိုယ်ထိန်းသိမ်း ထားချင်တဲ့ ရိုးရာအစဉ်အလာ ယဉ်ကျေးမှုတွေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ထားနိုင်မှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

၂၀၊ ၂၊ ၂၀၀၁။



www.burmeseclassic.com

www.burmeseclassic.com

# "တစ်တကာ့တစ်" ဖြစ်ချင်တယ်ဆိုရင်

အားကစားနည်းတစ်ခုမှာ ကမ္ဘာ့နံပါတ်တစ်ဖြစ်ဖို့ဆိုတာ မလွယ်ပါဘူး။ အဲဒီနံပါတ်တစ်တွေထဲမှာ အကြီးကျယ်ဆုံး 'တစ်တကာ့တစ်'ဖြစ်ဖို့ရာ ပိုပြီးမလွယ်ပါဘူး။ ဘောလုံးမှာ ဘောဘုရင် ပီလီ၊ ဘတ်စကက်ဘောမှာ မိုက်ကယ်ဂျော်ဒန်၊ တင်းနစ်မှာ ဂျွန်ဘော့ဂ်နဲ့ အမျိုးသမီးထဲက မာတီနာနာဗရာတီလိုဗာ၊ ပြေးခုန်ပစ်မှာ ဂျက်ကီဂျွိုင်နားကာဆီးနဲ့ ဟော်ကီမှာ ဝန်းဂရက်ဇကီးတို့တတွေကို ကမ္ဘာ့အားကစားသမိုင်းစာအုပ်တွေထဲမှာ 'တစ်တကာ့တစ်'တွေအဖြစ် မှတ်တမ်းတင်ခဲ့ကြရပါတယ်။ သူတို့ရဲ့အောင်မြင်မှုတွေကို ကြည့်လေ။

**ပီလီ**

၁၉၅၆ ခုနှစ်က ၁၉၇၈ ခုနှစ်အထိ ဘောလုံးလောကသရဖူကို ဆောင်းထားနိုင်ခဲ့တယ်။ ဘရာဇီးအသင်းကို ကမ္ဘာ့ဖလားသရဖူ ၃ ကြိမ်ရအောင် စွမ်းဆောင်ပေးခဲ့တယ်။ ဘောလုံးသက်တမ်းတစ်လျှောက်မှာ ဂိုးပေါင်း ၁၂၀၀ တိတိ သွင်းပေးနိုင်ခဲ့တယ်။

**ဂျွန်ဘော့**

ကမ္ဘာ့ကျော် ဝင်ဘယ်ဒန်တင်းနစ်သရဖူကို ၅ နှစ်ဆက်တိုက် ရယူနိုင်ခဲ့ပြီး ပြင်သစ်တံခွန်စိုက်ဆုဖလား ၆ ကြိမ်ရယူခဲ့တယ်။ ၁၉၇၂ ခုနှစ်က ၁၉၈၃ ခုနှစ်အတွင်း အအောင်မြင်ဆုံးအားကစားသမား ဖြစ်ခဲ့တယ်။

**မာတီနာ နာဗရာတီလိုဗာ**

ဝင်ဘယ်ဒန်ဖလားကို ၉ ကြိမ်ရသူအဖြစ် သမိုင်းတင်ခံရတယ်။ အမျိုးသမီးတစ်ဦးချင်းဆုဖလား ၁၆၇ ခု ရခဲ့တယ်။ သူ့စံချိန်ကို ခုထိ ဘယ်သူမှမချိုးနိုင်သေးဘူး။ ၁၉၇၃–၁၉၉၄ ခုနှစ်အတွင်းမှာ ကမ္ဘာ့နံပါတ်တစ်နေရာမှာ ၇ နှစ်နေခဲ့ရတယ်။

**မိုက်ကယ် ဂျော်ဒန်**

ဘတ်စကက်ဘောရဲ့ အကြီးကျယ်ဆုံးအဖြစ် ၁၉၈၄–၁၉၉၃ ခုနှစ်များ အတွင်းနဲ့ ၁၉၉၅–၁၉၉၉ ခုနှစ်များအတွင်း သတ်မှတ်ခံခဲ့ရတယ်။ အမျိုးသားတံခွန်စိုက်ဆုဖလား ၆ ကြိမ်ရခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဂျက်ကီ ဂျွိုင်းနားကာသီး
ပြေးခုန်ပစ်လောကကို ၈၀ ခုနှစ်များနဲ့ ၉၀ ခုနှစ်များအတွင်း စိုးမိုးထားနိုင်ခဲ့သူဖြစ်ပါတယ်။ ၈၈ နဲ့ ၉၂ အိုလံပစ်ပွဲတော်နှစ်ခုမှာ အမျိုးသမီး ၇ မျိုးတွဲပြိုင်ပွဲ ဗိုလ်စွဲခဲ့သူဖြစ်ပါတယ်။ သူ့ရဲ့ ၇ မျိုးတွဲကမ္ဘာ့စံချိန်ကို ခုထိချိုးနိုင်သူ မရှိသေးပါဘူး။

ဝိန်းဂရက်ဇကီး
၁၉၇၈ နဲ့ ၉၉ ခုနှစ်ကာလများအတွင်း ဟော်ကီကစားနည်းမှာ ပြိုင်ဘက်ကင်းခဲ့သူ ဖြစ်တယ်။ ဟော်ကီအဖွဲ့ချုပ်ရဲ့ အမှတ်အများဆုံးစံချိန်၊ ဂိုးသွင်းစံချိန်ကို ဒီနေ့ထိ တင်ထားနိုင်သူဖြစ်တယ်။

ခုပြောခဲ့တဲ့ လူအားလုံးဟာ အားကစားလောကရဲ့ 'တစ်တကာ့တစ်' တွေချည်း ဖြစ်ကြတယ်။ အဲဒီလူတွေအားလုံးကတောင် ချီးကျူးရတဲ့ 'တစ်တကာ့ထိပ်ခေါင်'ဖြစ်ပါပေတယ်လို့ အသိအမှတ်ပြုခဲ့ရတဲ့သူတစ်ယောက် ၁၉၉၇ ခုနှစ်နောက်ပိုင်းမှာ ပေါ်ထွက်လာပါတယ်။ သူကတော့ ဂေါက်သီးလောကရဲ့ အချစ်တော်ကလေး တိုက်ဂါးဝုဒ်ဖြစ်ပါတယ်။

တိုက်ဂါးဟာ အသက် ၂၁ နှစ်သားအရွယ်၊ ၁၉၉၇ ခုနှစ်မှာ အဓိကပြိုင်ပွဲကြီးတစ်ခုဖြစ်တဲ့ master championship ပြိုင်ပွဲရဲ့သရဖူကို ရယူနိုင်ခဲ့တယ်။ အနီးဆုံးပြိုင်ဘက်ကို ၁၂ ချက်လျော့အသာနဲ့ အနိုင်ရခဲ့တာကြောင့် နေ့ချင်းညချင်း နာမည်ကြီးသွားခဲ့ရတယ်။ ဒီလိုပြိုင်ပွဲကြီးမျိုးမှာ ဒီလောက်ပြတ်ပြီးနိုင်ဖို့ဆိုတာ လွယ်တာမဟုတ်ပါဘူး။ ထိပ်သီးအကျော်အမော်တွေချည်း ပြိုင်ကြတဲ့ပွဲ မဟုတ်လား။ ပွတ်ကာသီကာလေးနိုင်ရဖို့ကို မနည်းကြိုးကြိုးစားကြရတာ ဖြစ်ပါတယ်။

၄ နှစ်အတွင်းမှာ တိုက်ဂါးရဲ့နာမည် တစ်ရှိန်ထိုး တက်လာခဲ့တယ်။ ဝင်ပြိုင်တဲ့ပွဲကြီးပေါင်း ၅၀ မှာ ၂၀ အနိုင်ရခဲ့တယ်။ ဒီနှစ်အတွင်း ပီဂျေအေ ပြိုင်ပွဲကြီး ၆ ခုမှာ ၅ ခုအနိုင်ရထားခဲ့ပါတယ်။ ဂေါက်လောကရဲ့ဘုရင်အဖြစ် တစ်ကမ္ဘာလုံးက အသိအမှတ်ပြုထားခြင်းခံရတဲ့ ဂျက်နစ်ကလော့စ် ကိုယ်တိုင်က တအံ့တသြနဲ့ ချီးကျူးခဲ့ရသူဖြစ်ပါတယ်။

အမေရိကန်လူမည်းစစ်သားတစ်ယောက်နဲ့ ယိုးဒယားအမေတို့က မွေးဖွားခဲ့တဲ့ တိုက်ဂါးဟာ အခုမှ ၂၅ နှစ်သားပဲရှိသေးတယ်။ အနေအထိုင်မှန်တဲ့အတွက် ရှေ့နှစ်ပေါင်းများစွာ အောင်မြင်မှုတွေရနေဦးမယ်လို့ သုံးသပ်ကြပါတယ်။

တိုက်ဂါးရဲ့အောင်မြင်မှုတွေကို သုံးသပ်ဖို့အတွက် နယူးစ်ဝိခ်မဂ္ဂဇင်းက အားကစားလောကရဲ့ 'တစ်ကကာ့တစ်'တွေဖြစ်ကြတဲ့ ပီလီတို့၊ မိုက်ကယ်



www.burmeseclassic.com

www.burmeseclassic.com



ဂျော်ဒန်တို့၊ ဂွန်ဘော့ဂ်တို့၊ နာဗရာတီလိုဗာတို့အပါအဝင် အကျော်အမော် တစ်ဒါဇင်လောက်ကိုတွေ့ဆုံပြီး 'တစ်တကာ့တစ်'ဖြစ်ဖို့ ဘယ်လိုလုပ်ခဲ့ကြရသလဲ ဆိုတာ မေးမြန်းခဲ့ပါတယ်။

ဒီမေးခွန်းမျိုးကို ဖြေခွင့်ဖြေထိုက်ရှိသူ 'တစ်တကာ့တစ်'တို့ရဲ့အဖြေများ ကတော့ ...

(၁) ပါရမီဆိုတာ ချွေး ၉၉ ရာနှုန်းရှိတယ်

အောင်မြင်ဖို့ အပြင်းအထန်ကြိုးစားခြင်းသာ ရှိတယ်။ ကံကောင်းလို့ဆိုတာ မရှိဘူး။ ဘိုးတော်ရဲ့အဆောင်ဆိုတာ မရှိဘူး။

'တိုက်ဂါးက သူများထက်ပိုကြိုးစားတယ်။ ဒါကြောင့် ပိုအောင်မြင်တယ်။ ဘောလုံးတစ်ချက်ကောင်း ရိုက်နိုင်ဖို့အတွက် အချက်ပေါင်းရာထောင် လေ့ကျင့်ခဲ့ရတယ်'

တင်းနစ်ရဲ့ 'တစ်တကာ့တစ်' မာတီနာကပြောခဲ့တဲ့စကား ဖြစ်ပါတယ်။

'ဘယ်သူဖြစ်ဖြစ်၊ ဘယ်လောက်တော်တော် 'လေ့ကျင့်ခြင်းသတ္တဝါ' တွေချည်းဖြစ်တယ်။ အလေ့အကျင့်ကောင်းသလောက် အကြပ်အတည်း တွေထဲမှာ အရည်အသွေးကောင်းလာမှာပဲ'

ဟော်ကီရဲ့'တစ်တကာ့တစ်' ဝိန်းဂရက်စကီးရဲ့ သုံးသပ်ချက်ပါ။

(၂) တစ်ဖက်လူ စိတ်လှုပ်ရှားနေပါစေ

ဂရက်ဇကီးနဲ့ တိုက်ဂါးတို့နှစ်ယောက်မှာ တူညီချက်တစ်ခုရှိတယ်။ အဲဒါကတော့ ခေါင်းအေးအေးထားနိုင်ခြင်းဖြစ်တယ်။ 'နင်လားငါလား' အခြေအနေမျိုး ဘယ်လောက်ပဲဖြစ်နေနေ လက်မတုန်၊ ခေါင်းမပူဖို့ စိတ်တည်ငြိမ်မှု ရှိစေဖို့ ဆိုတာ အားကစားသမားတိုင်းမှာ အရေးကြီးဆုံးဖြစ်တယ်။ လူတွေ ဘယ် လောက်အများကြီး ဝိုင်းကြည့်ဝိုင်းကြည့် တိုက်ဂါးက စိတ်လှုပ်လှုပ်ရှားရှား မဖြစ်ဘူး။ ဖြည်းဖြည်းမှန်မှန် သူ့ဂေါက်သီးကိုသာ သူအာရုံစိုက်ပြီးရိုက်တယ်။ သူတစ်ချက်ရိုက်ပြီးတိုင်း ပရိသတ်ကြီးဆီကထွက်လာတဲ့ 'ဟယ်၊ ဟာ'သံတွေ ဟာ သူ့ကို လှုပ်လှုပ်ရှားရှားဖြစ်စေမယ့်အစား သူ့ပြိုင်ဖက်တွေကိုသာ စိတ် ဂဏာမငြိမ်ဖြစ်စေတယ်။ ပြိုင်ဖက်တွေရဲ့ စိတ်ဂဏာမငြိမ်ဖြစ်မှုဟာ တိုက်ဂါး အောင်မြင်စေတဲ့ အချက်တစ်ချက်ဖြစ်တယ်။

(၃) ဩဇာလွှမ်းရုံမက ဩဇာနဲ့ခြောက်ပါ

အနေအထိုင် လိမ္မာပါရိတော့ တိုက်ဂါးအကြောင်းကို လူတွေ သိပ်မသိကြဘူး။ ဒါဟာ တိုက်ဂါးအတွက် အားသာချက်ဖြစ်တယ်။ သူ့ရဲ့ အဆိုးအကောင်း၊ သူ့ဝါသီ၊ သူ့စရိုက်၊ သူ့အားကောင်းချက်၊ အားနည်းချက်တွေကို တစ်ဖက်သား ကမသိတော့ ဘယ်အခြေအနေမျိုးမှာ သူဘယ်လိုလုပ်လိုက်မယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ရင်တထိတ်ထိတ်နဲ့ စောင့်ကြည့်လေ့လာနေကြရတယ်။

ရင်တထိတ်ထိတ်ဖြစ်နေခြင်းဆိုတာ အားကစားသမားတို့ရဲ့ ရန်သူဖြစ်တယ်။ စိတ်လှုပ်ရှားနေတော့ အမှားများတယ်။ တိုက်ဂါးလည်း အမှားမကင်းပါဘူး။ ဒါပေမဲ့ ပြိုင်ဖက်တွေက ပိုစိတ်လှုပ်ရှားပြီး ပိုအမှားများတော့ သူ့ကို မနိုင်ကြဘူးပေါ့။ တစ်ဖက်သားက အလိုလိုနေရင်း လန့်နေအောင် 'ဟန်ကိုယ့်ဖို့' လုပ်နိုင်ခြင်းဟာ တိုက်ဂါးအောင်မြင်ရခြင်းရဲ့ သော့ချက်ဖြစ်တယ်။

(၄) သမိုင်းဝင်ဖို့ သမိုင်းတင်နိုင်ရမယ်

တစ်ခုခုမှာ သမိုင်းဝင်နိုင်ဖို့အတွက် သမိုင်းတင်နိုင်တဲ့ အောင်ပွဲတွေကို လိုအပ်ပါတယ်။ တိုက်ဂါးဟာ ကစားပြီးတဲ့ ပွဲ ၆ ပွဲမှာ ၅ ပွဲနိုင်လို့ နာမည်ကြီးတာ မဟုတ်ပါဘူး။ အဓိကပွဲကြီး ၆ ပွဲမှာ ၅ ပွဲနိုင်လို့ နာမည်ကြီးတာပါ။ ဖု(တ်)ဘောကစားခြင်းမှာ ကိန်းဂဏန်းတွေအရပြောရရင် ဒန်မာရီနိုက ဂျိုးမွန်တာနားထက် ဘက်ပေါင်းစုံမှာသာပါတယ်။ ဒါပေမယ့် ဒန်ဟာ အဓိကပွဲကြီးဖြစ်တဲ့ Super Bowl ချန်ပီယံ တစ်ခါမှမဖြစ်ခဲ့ပါဘူး။ အဲဒါကြောင့် အတော်ဆုံး ကွာတားဘက်အဖြစ် ဂျိုးရဲ့နာမည်သာ သမိုင်းဝင်ဖြစ်ခဲ့ရတာပါ။

(၅) ဘယ်တော့ဘယ်အခါမှ ရောင့်ရဲနစ်သိမ့်မနေပါနဲ့

အားကစားသမားအများစုဟာ နံပါတ်တစ်ဖြစ်ဖို့အတွက် အစွမ်းကုန်ကြိုးစားခဲ့ကြတယ်။ နံပါတ်တစ်နေရာလည်းရောက်ရော ကြိုးစားမှုလျှော့ချပစ်လိုက်လေ့ရှိတယ်။ အဲဒါကြောင့် နံပါတ်တစ်ကနေပြီး 'တစ်တကာ့တစ်' ဖြစ်မလာကြတော့ဘူး။

တိုက်ဂါးကတော့ အဲဒီလိုမဟုတ်ဘူး။ ၂၁ နှစ်အရွယ်မှာ အပြတ်အသတ်နိုင်ပြီး ဗိုလ်စွဲခဲ့ပေမယ့် သူဟာ သူ့ရှေ့က ဂျက်နစ်ကလော့စ်ကို မမီသေးဘူးလို့ ခံယူထားတယ်။ အဲဒါကြောင့် ပိုကြိုးစားတယ်။ ပိုလေ့ကျင့်တယ်။

အားကစားသမားအများစုဟာ နံပါတ်တစ်နေရာရောက်သွားရင် 'ငါမှတစ်ပါး အခြားမရှိ'ဆိုတဲ့စိတ်မျိုး ဝင်သွားလေ့ရှိတယ်။ ကိုယ့်ကိုယ်ကိုကလွဲပြီး အခြားဘယ်သူ့ကိုမှ အထင်မကြီးတော့ဘူး။ တိုက်ဂါးကတော့ အဲဒီလို မဟုတ်ဘူး။

ပထမဆုံး ချန်ပီယံသရဖူရယူပြီး နောက်တစ်နေ့မှာပဲ အားကျခဲ့တဲ့ ဘတ်စကက်ဘောဘုရင် မိုက်ကယ်ဂျော်ဒန်ကို သွားတွေ့တယ်။ မိုက်ကယ်ရေချိုးနေတာကို အပေါက်ဝကရပ်စောင့်ပြီး တွေ့တယ်။ ချန်ပီယံချင်း ချန်ပီယံစကားတွေပြောကြတယ်။ ချက်ချင်း သူငယ်ချင်းဖြစ်သွားကြတယ်။

နောက်တော့ ဘတ်စကက်ဘောသမားဟောင်း ချားလ်ဘာကလေနဲ့ ဖု(တ်)ဘောကစားသမားဟောင်း အာမက်ရာရှုတ်တို့နဲ့ပါ တွဲမိပြီး 'ညီအစ်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့' ဖြစ်သွားကြတယ်။

သူတို့လေးဦးသားဟာ အမြဲတမ်း ထိတွေ့ဆက်ဆံနေကြတယ်။ လူချင်း မတွေ့ရရင် နေ့တိုင်းဖုန်းဆက်ပြောဖြစ်ကြတယ်။

ဒီ'ညီအစ်ကိုတွေ'ရဲ့ အကြံကောင်းဉာဏ်ကောင်းတွေ၊ သွန်သင်ဆုံးမမှုတွေကို တိုက်ဂါးက တန်ဖိုးထားလေးစားတယ်။ ဒီလို ဘဝင်မမြင့်ခြင်းဟာ တိုက်ဂါးကို 'တစ်တကာ့တစ်တို့ရဲ့ထိပ်ခေါင်'နေရာကို ရောက်ရှိစေခဲ့တာဖြစ်တယ်။

*Ref: Newsweek. June 18, 2001.*



www.burmeseclassic.com

www.burmeseclassic.com

# ဘာကြောင့် လူဖြစ်နေတာလဲ

'ဘဝရဲ့ ရည်မှန်းချက်ပန်းတိုင်က ဘာလဲ'

တွေ့သမျှလူတိုင်းကို ဒီမေးခွန်း မေးကြည့်ပါ။ တိတိကျကျ၊ ပြတ်ပြတ်သားသားဖြေနိုင်သူ ဆယ်ရာခိုင်နှုန်းတောင် ရှိပါ့မလားမသိဘူး။ ဘဝရဲ့ ရည်မှန်းချက် ပန်းတိုင်ဆိုတာက မြင့်ပါသေးတယ်။ ကြီးကျယ်လွန်းပါတယ်။ အဲဒီလောက်မကြီးကျယ်တဲ့ 'ဘာဝါသနာပါသလဲ'ဆိုတာလောက်ပဲ မေးကြည့်စမ်းပါ။

နှစ်ပေါင်း ၂၀ ကျော် အင်္ဂလိပ်စကားပြောသင်တဲ့ ဆရာလုပ်ခဲ့လေတော့ လူငယ်တွေနဲ့ အထူးလက်ပွန်းတတီးရှိပါတယ်။ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားအရွယ်တွေနဲ့ ဘွဲ့ရပြီးစလူငယ်တွေ များပါတယ်။ ဆရာဝန်ဖြစ်စနဲ့ အင်ဂျင်နီယာပေါက်စတွေလည်း ပါပါတယ်။ အဲဒီလို ပညာတတ်လူငယ်လေးတွေကို အင်မတန်ရိုးစင်းတဲ့ 'ဘာဝါသနာပါသလဲ'ဆိုတဲ့မေးခွန်း အမြဲတမ်းမေးပါတယ်။ စကားပြောရဲအောင်၊ မကြောက်မရွံ့အောင် ဆိုတဲ့သဘောနဲ့ အတန်းထဲမှာ ကိုယ့်အကြောင်းကိုယ် ထထပြီးပြောရတဲ့ အစီအစဉ်လေးတစ်ခု ရှိပါတယ်။

စစချင်းတော့ ကိုယ့်အကြောင်းကိုယ်ပြောရတာတောင် သူတို့အဖို့ တော်တော်ခက်နေတတ်ပါတယ်။ ကျွန်တော့်နာမည် ဘယ်သူပါ၊ မိဘက ဘယ်သူပါ၊ ဘာလုပ်ပါတယ်၊ ဘယ်မှာနေပါတယ်ဆိုတာလောက် ပြောပြီးရင် ဘာဆက်ပြောရမှန်း မသိတော့ပါဘူး။ ဆရာက၊ ဒါမှမဟုတ် တခြားကျောင်းသားတွေက ဝင်ဝင်မေးမှပဲ မေးတာကိုဖြေတတ်ပါတယ်။ ဒါတောင် စောစောကပြောခဲ့တဲ့ 'ဘာဝါသနာပါသလဲ'ဆိုတဲ့ မေးခွန်းမျိုး၊ 'ဘဝရည်မှန်းချက်က ဘာလဲ' ဆိုတဲ့ မေးခွန်းမျိုးကျရင် နှုတ်ဆွံ့သွားတော့တာပါပဲ။ တိတိကျကျ၊ ပြတ်ပြတ်သားသားဖြေနိုင်သူ ဆယ်ယောက်မှာ တစ်ယောက်မှမရှိပါဘူး။

'အင်္ဂလိပ်စကားပြောလာသင်တာ ဘာလုပ်ဖို့လဲ' ဆိုတဲ့မေးခွန်းမျိုး မေးကြည့်။ အားလုံးလိုလိုက နိုင်ငံခြားသွားချင်လို့ပါလို့ ခပ်သွက်သွက်ဖြေကြပါလိမ့်မယ်။ ဘာကြောင့် နိုင်ငံခြားသွားချင်တာလဲ ဆက်မေးကြည့်။ အားလုံးလောက်နီးပါးက 'ပိုက်ဆံရှာဖို့'လို့ဖြေတာပဲ ကြားရပါလိမ့်မယ်။ ဘာကြောင့် ပိုက်ဆံရှာချင်တာလဲဆိုတဲ့ မေးခွန်းကျတော့ သူတို့ အဖြေရခက်သွားပါပြီ။

www.burmeseclassic.com



တော်တော်ကြီး စဉ်းစားနေတတ်ကြပါတယ်။ တိကျပြတ်သား ရေရာတဲ့ ရည်မှန်းချက်ပန်းတိုင်မရှိသူများ ဒီမေးခွန်းကို ဖြေရခက်ပါတယ်။

လူငယ်တွေနဲ့အနေနီးတော့ ဒီခေတ်လူငယ်တွေ တအားကြိုးစားကြတာ သိပါတယ်။ ကိုယ့်ခေတ်၊ သူတို့အဖေအမေများခေတ်ကထက် လေးငါးဆပိုပြီး ကြိုးစားနေကြတာ မြင်တွေ့နေရပါတယ်။ ဘယ်သူမှ မငြင်းကွယ်နိုင်ပါဘူး။ တစ်ချိန်တည်းမှာပဲ အပင်ပန်းခံသလောက် ခရီးမရောက်တာလည်း တွေ့မြင်နေရပါတယ်။ လူငယ်တွေကိုယ်တိုင် သူတို့ကိုယ်သူတို့ အားမလိုအားမရဖြစ်နေကြပါတယ်။ မိဘများလည်း ပင်ပန်းရှာကြပါတယ်။

'ဆန်စင်ရာ ကျည်ပွေ့လိုက်'ဆိုတဲ့ မြန်မာဆိုရိုးစကားတစ်ခွန်းရှိပါတယ်။ ဆုံထဲကို တည့်တည့်မတ်မတ်ထောင်းမှ ဆန်ဖွပ်နိုင်တယ်။ စင်ထွက်သမျှ ဆန်စေ့တွေနောက်ကို ကျည်ပွေ့က လျှောက်လိုက်မနေရဘူးလို့ ဆိုလိုတာပါ။ လူမှာလည်း ဝါသနာတစ်မျိုးမျိုး၊ ရည်မှန်းချက်တစ်ခုခုကို စူးစူးစိုက်စိုက် လိုက်ပြီးလုပ်နေမှ ပေါက်ပေါက်မြောက်မြောက်ဖြစ်နိုင်မှာပါ။ ခေတ်ရေစီးအတိုင်းချည်းလိုက်ပါစီးမျောနေလို့ကတော့ ဘယ်သောင်ဘယ်ကမ်းမှ ဆိုက်မှာမဟုတ်ပါဘူး။

ခေတ်လူငယ်တွေ နိုင်ငံခြားထိခရီးပေါက်နေကြတာ ကောင်းပါတယ်။ မျက်စိပွင့်၊ နားပွင့် ဖြစ်ပါတယ်။ တစ်ချိန်မှာ တိုင်းပြည်အတွက် အကျိုးရှိစေပါလိမ့်မယ်။ နိုင်ငံခြားထွက်တာပိုက်ဆံရှာဖို့ သက်သက်သာမဖြစ်ပါစေနဲ့လို့ပဲ ပြောချင်ပါတယ်။ ရနိုင်သမျှ ပညာဗဟုသုတတွေ ရှာဖွေဆည်းပူးစေချင်ပါတယ်။ ပိုက်ဆံရှာတာမကောင်းဘူးလို့ဆိုတာ မဟုတ်ပါဘူး။ ပိုက်ဆံချမ်းသာတာကောင်းတာပေါ့။ ဒါပေမဲ့ ပိုက်ဆံချမ်းသာတာနဲ့ အရာရာပြီးပြည့်စုံသွားပြီလို့တော့ မထင်မှတ်စေချင်ဘူး။ ပိုက်ဆံကြောင့်ဖြစ်ပေါ်လာတဲ့ ဒုက္ခတွေ မနည်းပါလားဆိုတာ ဆင်ခြင်ကြည့်စေချင်တယ်။ လူချမ်းသာတွေနေတဲ့ တိုက်ကြီး၊ ခြံကြီးတွေကို အုတ်တံတိုင်းမြင့်မြင့်ကြီးတွေ ကာပြီးနေကြတာ တွေ့ဖူးကြမှာပါ။ သူတို့အိမ်ထဲကို အပြင်လူတွေမဝင်နိုင်အောင် ကာရံတားဆီးတဲ့အနေနဲ့ လုပ်ထားကြတာပဲ။ တကယ်ကျတော့ သူတို့ကိုယ်သူတို့ ထောင်ချထားတာနဲ့လည်း တူနေတာပဲမဟုတ်လား။ တံခါးအထပ်ထပ်ပိတ်၊ သော့အထပ်ထပ်ခတ်ပြီး အိမ်ထဲမှာနေတာတောင် စိတ်မချနိုင်လို့ အိပ်ကောင်းခြင်း မအိပ်နိုင်ရှာကြပါဘူး။ ပိုက်ဆံကြောင့် လူတော့ချမ်းသာရဲ့၊ စိတ်ချမ်းသာမှုကိုတော့ မရနိုင်ရှာကြဘူး။ သနားစရာကောင်းလိုက်တာ။

ငရဲပန်းကို ရွှေပန်းထင်ပြီး မရမကပူဆာတဲ့ လူမိုက်ကြီးမိတ္တဝိန္ဒကဆိုတဲ့ ဇာတ်ကို ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုတွေမှာဖတ်ဖူးတာ ပြန်အမှတ်ရမိတယ်။ ငရဲပြည်မှာ ငရဲသားတွေက မီးအိုးကင်းကြီးတွေ ခေါင်းပေါ်ရွက်ပြီး ငရဲခံနေရ



www.burmeseclassic.com

www.burmeseclassic.com



တာကိုမြင်တဲ့ မိတ္တဝန္တကဟာ အရှိန်တညီးညီးတောက်လောင်နေတဲ့ မီးအိုးကင်းတွေကို ရွှေပန်းကုံးတွေလို့အထင်ရောက်ပြီး မရမက တောင်းယူခဲ့တယ်တဲ့။ မီးအိုးကင်း သူ့ခေါင်းပေါ် တကယ်ရောက်လာတော့မှ အရှိန်တညီးညီးနဲ့ လောင်မြိုက်နေတာ သိရတော့တယ်တဲ့လေ။ အဲဒီအချိန်ကျတော့ အားလုံးနောက်ကျသွားပြီ။ မီးအိုးကင်းကြီးကိုသာရွက်ပြီး နေပေတော့ပဲပေါ့။

ဒီနေ့ တပင်တပန်းကြိုးစားနေကြတဲ့လူငယ်တွေကို ငရဲပန်းကို ရွှေပန်းထင်မနေကြဖို့ ပြောချင်တာပါ။

ကိုယ့်ရဲ့ ကြိုးစားအားထုတ်မှုမှန်သမျှဟာ ပြတ်သားခိုင်မာတဲ့ ရည်မှန်းချက်ပန်းတိုင်တစ်ခုအတွက် ကြိုးစားအားထုတ်နေတာမျိုး ဖြစ်စေချင်ပါတယ်။ ဟိုလိုလို ဒီလိုလိုနဲ့ အချိန်တွေကုန်မနေစေသင့်ပါဘူး။ တစ်လောက တပည့်ဆရာဝန်လေးတစ်ယောက်က နိုင်ငံခြားတက္ကသိုလ်တစ်ခုမှာ ဘွဲ့လွန်ဒီဂရီတစ်ခုအတွက် ကျောင်းတက်ဖို့လျှောက်ပါတယ်။ ထောက်ခံစာရေးပေးပါဆိုပြီး သူ့လျှောက်လွှာတွေ လာပို့ပါတယ်။ ဖတ်ကြည့်လိုက်တော့ 'အလိုလေး' တမိပါတော့တယ်။ ဆရာဝန်ဘွဲ့အပြင် သူတက်ခဲ့တဲ့ သင်တန်းအောင်လက်မှတ်ပေါင်းတစ်ဒါဇင်လောက်ရှိနေတာ တွေ့ရလို့ပါ။ ကွန်ပျူတာနဲ့ပတ်သက်တဲ့ သင်တန်းအောင်လက်မှတ်ကတင် ၄ မျိုး ရှိပါတယ်။ အင်္ဂလိပ်စကားပြောနဲ့ ဂျပန်စကားပြောသင်တန်းဆင်းလက်မှတ်၊ LCCI ခေါ်တဲ့ စာရင်းကိုင်သင်တန်းအောင်လက်မှတ်က ၃ မျိုး၊ ခရီးသွားလမ်းညွှန်သင်တန်း အောင်လက်မှတ်၊ အဘိဓမ္မာသင်တန်း အောင်လက်မှတ်ဆိုတာတွေလည်း ပါလိုက်ပါသေးတယ်။ အောင်လက်မှတ်တွေကြည့်ပြီး သူ့ကိုသနားမိတယ်။ ကုန်ခဲ့တဲ့အချိန်တွေလည်း နှမြောမိတယ်။ ငွေတွေလည်း သောက်သောက်လဲကုန်ခဲ့မှာ။ ဒီအောင်လက်မှတ်တွေကြည့်ပြီး ဒီလူငယ်လေးမှာ ဆရာဝန်သာဖြစ်လာတယ်။ ခိုင်မာပြတ်သားတဲ့ ရည်မှန်းချက်ပန်းတိုင် မရှိခဲ့ဘူးလို့ခန့်မှန်းနိုင်တယ်။ ဆရာဝန်လုပ်မယ့်သူပဲ လမ်းညွှန်သင်တန်းနဲ့ ဘာဆိုင်လို့လဲ။ ကလေးသူငယ် ကျန်းမာရေးတို့၊ ကျေးလက်ကျန်းမာရေးတို့၊ လုပ်ငန်းခွင်ကျန်းမာရေးတို့၊ လုပ်ငန်းခွင်စိတ်ဖိစီးမှုအကြောင်းတို့ ဆိုတာမျိုးတွေကိုသာ ဖိဖိစီးစီး လေ့လာသုတေသနပြုတာမျိုးတွေ လုပ်နေခဲ့ရင် ဘယ်လောက်အကျိုးရှိလိုက်မလဲ။ အခု ဆေးပညာဆိုင်ရာမဟာဘွဲ့သင်တန်းအတွက်လည်း ဘယ်လောက်အထောက်အကူပြုလိုက်မလဲ။ ကျောင်းဝင်ခွင့်အတွက် ပူနေစရာမလိုဘဲ ရှောရှောရှူရှူ ဝင်ခွင့်ရဖို့ နီးစပ်ပါတယ်။

ပညာသင်တာ ခိုင်မာတဲ့ရည်မှန်းချက်ပန်းတိုင်ရှိဖို့ လိုအပ်သလို အလုပ်လုပ်တာ၊ ပိုက်ဆံရှာတာလည်း ရည်မှန်းချက်ပန်းတိုင်ရှိဖို့ လိုအပ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံတွေအရမ်းချမ်းသာပြီး စိတ်မချမ်းမသာဖြစ်နေရတဲ့လူတွေ ဒုနဲ့ဒေး ဖြစ်နေတာ မြင်တယ်မဟုတ်လား။ အဲဒါ မူလကတည်းက ဘဝရဲ့ရည်မှန်းချက် ပန်းတိုင်တစ်ခု အခိုင်အမာမရှိလို့ ဖြစ်ရတာပါ။ လူ့ဘဝဆိုတာ အိပ်ခြင်း၊ စားခြင်း၊ မျိုးဆက်ပြန့်ပွားရေးတာဝန် ဆောင်ရွက်ခြင်းဆိုတာထက် အများကြီး ပိုလေးနက်ပါတယ်။ ဒါကိုသဘောပေါက်ထားမှ လူ့ဘဝရောက်လာရကျိုး နပ်ပါလိမ့်မယ်။ သဘောမပေါက်သူများအဖို့တော့ လူ့ဘဝရောက်လာရတာ အချည်းနှီးသာဖြစ်ပါလိမ့်မယ်လို့ သတိပေးနှိုးဆော်လိုက်ချင်ပါတယ်။

၂၅၊ ၆၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# စီးပွားရေးသည် ဆန့်တာကလေးလိုမဟုတ်ပါ

လေးနှစ်တစ်ကြိမ်ကျင်းပတဲ့ ကမ္ဘာ့ဖလားဘောလုံးဗိုလ်လုပွဲကြီး ပြီးဆုံးသွားခဲ့ပြန်ပြီ။ ကမ္ဘာပေါ်မှာ လူသားအများဆုံး စိတ်ဝင်စားကြတဲ့ အားကစားနည်းဖြစ်တာကြောင့် တစ်ကမ္ဘာလုံး လှည်းနေလှေအောင်း မြင်းစောင်းမကျန် ထောက်ခံအားပေးကြတယ်လို့တောင် ဆိုနိုင်လောက်ပါတယ်။

နိုင်ငံပေါင်းတစ်ဒါဇင်လောက်က သမ္မတတွေ၊ ဝန်ကြီးချုပ်တွေ၊ ဝန်ကြီး၊ ဝန်ကလေးတွေ ဂျာမနီနိုင်ငံကိုအရောက်လာပြီး ဘောလုံးပွဲကြည့်ရှုကြသလို ကမ္ဘာကျော် ရုပ်ရှင်မင်းသား၊ မင်းသမီး၊ အဆိုတော် စတဲ့ 'ပွဲတန်ဆာ' (celebrities)တွေလည်း အတော်များများ ရောက်လာကြပါတယ်။

ပွဲမကျင်းပမီ တစ်နှစ်လောက်ကတည်းက အုတ်အော်သောင်းနင်းဖြစ်နေတဲ့ပွဲကြီးဟာ ထူးခြားချက်ပေါင်းများစွာနဲ့ ပြီးဆုံးသွားခဲ့ပါတယ်။ ပထမဆုံး ထူးခြားချက်ကတော့ အိမ်ရှင်ဂျာမနီနိုင်ငံကို အထူးခေါင်းကိုက်စေခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်မှုကြီးမျိုး ပေါ်ပေါက်မလာခြင်းဖြစ်ပါတယ်။ အမေရိကန်၊ အင်္ဂလန်၊ ဂျာမန်နဲ့ အစ္စရေးနိုင်ငံတွေမှာရှိတဲ့ ထောက်လှမ်းရေး အဖွဲ့အစည်းအားလုံးက ကြီးမားတဲ့အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်လာနိုင်စရာရှိတယ်လို့ ခန့်မှန်းခဲ့ကြတယ်။ ဂျာမနီနိုင်ငံကို ဝိုင်းပြီးကူညီပံ့ပိုးမှုတွေ ပေးခဲ့ကြတယ်။ အထူးအံ့သြစရာကောင်းတာက ကြီးမားတဲ့ အကြမ်းဖက်မှုမျိုးမဆိုထားနဲ့။ ဒီလိုဘောလုံးပွဲကြီးတွေမှာ ဖြစ်နေကျ၊ ဘောလုံးလူရမ်းကားများရဲ့ အကြမ်းဖက်ရမ်းကားမှုမျိုးတောင် ကြီးကြီးကျယ်ကျယ် ဖြစ်ပွားခြင်းမရှိခဲ့ပါဘူး။

ဒုတိယထူးခြားချက်ကတော့ ပွဲတော်မကျင်းပမီ ၂ နှစ်၊ ၃ နှစ်လောက်ကတည်းက ပရိသတ်အကြိုက်ရေပန်းစားခဲ့တဲ့ နိုင်ငံအသင်းကြီးတွေ တစ်သင်းမှ ဗိုလ်လုပွဲအဆင့်ကိုမရောက်ခဲ့ဘဲ ဒုတိယတန်းစားအဆင့်လောက်သာ သတ်မှတ်ခံခဲ့ကြရတဲ့ အသင်းနှစ်သင်း ဗိုလ်လုပွဲတက်လာခဲ့ပြီး တစ်သင်းက ဗိုလ်စွဲသွားခြင်းဖြစ်တယ်။ လွန်ခဲ့တဲ့ ၂ နှစ်လောက်ကတည်းက ကမ္ဘာ့ဘောလုံးပရိသတ်က ဘရာဇီး၊ အာဂျင်တီးနား၊ ဂျာမနီ၊ အင်္ဂလန် စတဲ့အသင်းကြီးလေးသင်းထဲက တစ်သင်းသင်းဗိုလ်စွဲလိမ့်မယ်လို့ 'တစ်'ပေးခဲ့ကြတယ်။ အဲဒီထဲက ဂျာမနီတစ်သင်းသာ တတိယအဆင့်ရခဲ့ပြီး ကျန်အသင်းကြီးတွေ ကွာတား



www.burmeseclassic.com

www.burmeseclassic.com



အဆင့်မှာ ပြုတ်သွားခဲ့ကြရတယ်။

နောက်ဆုံးထူးခြားချက်ကတော့ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာဘက်မှာ အတင်းကျပ်ဆုံးဖြစ်တဲ့ပွဲကြီးမှာ ထူးထူးခြားခြား၊ သိသိသာသာကြီး စည်းကမ်းဖောက်ဖျက်ခဲ့တဲ့ ဘောလုံးသမားတစ်ဦးကို အကောင်းဆုံးဘောလုံးသမားဆု ချီးမြှင့်ခဲ့ခြင်း ဖြစ်ပါတယ်။ ကမ္ဘာ့လောလုံးအဖွဲ့ချုပ်(ဖီဖာ)က ဘောလုံးလူရမ်းကားများရဲ့ အကြမ်းဖက်မှုတားဆီးရေးအတွက် သူတို့ရဲ့ 'ခြင်းထဲကကြက်' ဖြစ်တဲ့ ဘောလုံးသမားများကို တင်းတင်းကြပ်ကြပ် ကိုင်တွယ်ခဲ့ပါတယ်။ ထစ်ခနဲဆို အဝါကတ်ပြ၊ အနီကတ်ပြနဲ့ ဘောလုံးပွဲရသ ပျက်စီးလောက်အောင်ကို ဒိုင်လူကြီးများက ဆောင်ရွက်စေခဲ့ပါတယ်။

အဲဒီအခြေအနေမှာ နောက်ဆုံးဗိုလ်လုပွဲ အချိန်ပိုကစားနေရချိန်မှာ ပြင်သစ်အသင်းခေါင်းဆောင် ဇီဒန်းကို အနီကဒ်ပြ ထုတ်ပယ်ပစ်လိုက်ပါတယ်။ တစ်ဖက် အီတလီအသင်းကစားသမားက ကာယကံမြောက် ဘာမှမလုပ်ဘဲနဲ့ ဇီဒန်းက လွန်သွားပြီးမှ နောက်ပြန်လှည့်ပြီး ခေါင်းနဲ့ပြေးဆောင့်ပစ်လိုက်တာပါ။ အီတလီကစားသမား ပက်လက်လန် လဲကျသွားပါတယ်။ ပွဲပြီးသွားမှ ထွက်လာတဲ့အသံတွေက အီတလီကစားသမားက ဇီဒန်းရဲ့မျိုးရိုးဇာတိကို ထိပါးစော်ကားတယ်၊ အမေနဲ့နှမကို စော်ကားတယ်၊ ဇီဒန်းကို အကြမ်းဖက်သမားလို့ခေါ်တယ်လို့ ဆိုကြပါတယ်။ ဇီဒန်းဟာ အယ်လ်ဂျီးရီးယားနိုင်ငံသားမျိုးနွယ်၊ အာရပ်သွေး ဖြစ်ပါတယ်။ ၁၉၅၀ ခုနှစ်များအတွင်း အယ်လ်ဂျီးရီးယားလွတ်လပ်ရေးတိုက်ပွဲ ပြင်းထန်ချိန်မှာ အယ်လ်ဂျီးရီးယားမျိုးချစ်တွေကို ပြင်သစ်စစ်တပ်တွင်းရှိ လက်ယာစွန်းသမားတွေက အကြမ်းဖက်သမားလို့ 'သမုတ်' ပြီး အစုလိုက်၊ အပြုံလိုက်သတ်ဖြတ်မှုတွေ လုပ်ခဲ့ကြပါတယ်။ ၁၉၉၀ ပြည့်အလယ်ပိုင်းကာလကစပြီး ပြင်သစ်၊ အီတလီ၊ ဂျာမနီ စတဲ့နိုင်ငံတွေမှာ ပြည်ပကဝင်ရောက်နေထိုင်ကြတဲ့ အာဖရိကနဲ့ အာရပ်နွယ်ဖွားတွေ၊ တူရကီနဲ့ ကာ့ဒ်တွေကို မုန်းတီးရေးလှုံ့ဆော်တဲ့ 'နီယိုနာဇီ'ဝါဒတစ်မျိုး ခေါင်းထောင်ထလာနေတာ တွေ့ရပါတယ်။ ဇီဒန်းကို အီတလီဘောလုံးသမား မာတာရာဇီက ပြောလိုက်တဲ့စကားဟာ ဒီလိုစော်ကားတဲ့စကား ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ သူ့လုပ်ရပ်က အင်္ဂလန်က ဝိန်းရူနီရဲ့လုပ်ရပ်နဲ့ မတူပါဘူး။ ရူနီဖြစ်ရတာက တွန်းရင်းတိုက်ရင်း၊ လဲကျရင်း နင်းမိခဲ့တာပါ။ အရှိန်လွန်ပြီး မတော်တဆဖြစ်ရတာပါလို့ ပြောရင်ရသလို တမင်တကာ ပေါင်ခြံကိုဆောင့်နင်းလိုက်တာလို့ ပြောလည်း ရပါတယ်။ ရူနီလည်း အနီကဒ်နဲ့ အထုတ်ခံရပါတယ်။ မာတာရာဇီရဲ့လုပ်ရပ်ကတော့ ရုတ်တရက် ဒေါသပေါက်ကွဲမှုကြောင့် ဖြစ်ရတာမျိုး မဟုတ်ပါဘူး။ ပေါက်ကွဲချင်းပေါက်ကွဲရင် နောက်ကနေဖက်ပြီး တွန်းဖယ်



www.burmeseclassic.com

www.burmeseclassic.com



ပစ်ခံလိုက်ရတဲ့ ဇီးဒန်းကသာပေါက်ကွဲရမှာပါ။ အဲဒီအချိန်မတိုင်မီလေးကပဲ ဇီးဒန်းရဲ့လက်မောင်း ပြင်းပြင်းထန်ထန် ဒဏ်ရာရထားခဲ့ပါတယ်။ မာတာရာဇီက အဲဒီလက်မောင်းကိုပါဆွဲဖက်ပြီး ဆောင့်တွန်းလိုက်တာပါ။

မာတာရာဇီရဲ့လုပ်ရပ်က ရည်ရွယ်ချက်ရှိရှိနဲ့လုပ်ခဲ့တဲ့ လုပ်ရပ်မျိုး ဖြစ်ပါတယ်။ ဒါကို ဖီဖာကစစ်ဆေးနေတယ်လို့ ဆိုပါတယ်။ ဇီဒန်းကို အနီကဒ်ပြထုတ်ပစ်လိုက်တာကို ဘယ်သူမှ စောဒကမတက်ကြပါဘူး။ မှန်ကန်တယ်လို့ပဲ သဘောတူခဲ့ကြပါတယ်။

ဒါပေမယ်လို့ ဇီဒန်းကို ရွှေဘောလုံးဆုပေးတာကိုတော့ ဘဝင်မကျနိုင်သူများ တွေ့ရပါတယ်။ ဒီရက်ပိုင်းအတွင်း ကျောင်းသားဟောင်းတပည့် ၃ ဦးနဲ့ စာနယ်ဇင်းသမားလူငယ် ၅ ယောက်နဲ့ စကားပြောဖြစ်တော့ စာနယ်ဇင်းသမားလူငယ် တစ်ယောက်ကလွဲပြီး ကျန် ၇ ယောက်က ဇီဒန်းကို အကောင်းဆုံး ဘောလုံးသမားဆု မပေးသင့်ဘူးလို့ ယူဆကြပါတယ်။ အားကစားသမား စိတ်ဓာတ် ဆိတ်သုဉ်းနေတဲ့ကာလမှာ ဒီလိုလုပ်ရပ်မျိုးကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က အားပေးထောက်ခံမလုပ်သင့်ဘူးလို့ အကြောင်းပြကြပါတယ်။

တစ်ဦးတည်းသောထောက်ခံသူကတော့ ဘောလုံးပွဲမှာ ဘောလုံးကစားတာကိုသာကြည့်သင့်တယ်။ ပွဲစဉ်တွေအားလုံးမှာ ဇီဒန်းဟာ အကောင်းဆုံး ကစားပြသွားနိုင်ခဲ့တယ်။ ဂျာမနီရဲ့ ဘားလက်ထက်လည်း သာတယ်။ ပေါ်တူဂီက ဖီဂိုထက်လည်း သာတယ်။ အင်္ဂလန်က ဘက်ခမ်းထက်လည်း သာတယ်။ ဘရာဇီးက ရော်နယ်လ်ဒိုထက်လည်း သာတယ်။ သူ့ပညာနဲ့ သူ့ရဲ့ရင့်ကျက်တည်ငြိမ်မှုဟာ ပြင်သစ်အသင်းရဲ့ဝိညာဉ်ဖြစ်တယ်လို့ ထောက်ပြပါတယ်။ သူဟာ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အသင်းအားလုံးရဲ့ ကပ္ပတိန်တွေထက် အများကြီးသာတဲ့ကပ္ပတိန်ဖြစ်တယ်လို့လည်း သူက ဆက်ပြောပါသေးတယ်။

ဒီလူငယ်တွေရဲ့စကားကို နားထောင်ပြီးတော့ ဆက်အတွေးနယ်ချဲ့နေမိပါတယ်။ ဖီဖာရဲ့ဆုံးဖြတ်ချက်ကို ထောက်ခံသူ ၁ ဦးသာရှိပြီး ဆန့်ကျင်သူ ၇ ဦးရှိပါတယ်။ ဒီအချက်ကနေပြီး ဒီနေ့မြန်မာလူငယ်တွေရဲ့ စိတ်ဓာတ်နဲ့ အတွေးအခေါ်ကို ခန့်မှန်းလို့ရနိုင်မယ် ထင်ပါတယ်။ ဖီဖာဆုံးဖြတ်ချက် မနှစ်သက်သူ ၇ ဦးစလုံးဟာ ဇီဒန်ရဲ့ဘောလုံးပညာကိုတော့ အငြင်းမပွားကြပါဘူး။ ဇီဒန်း သိပ်တော်တယ်လို့ လက်ခံကြပါတယ်။ သူတို့လက်မခံနိုင်တာက ဇီဒန်းရဲ့စိတ်ဓာတ်(morality) ဖြစ်ပါတယ်။ ဘောလုံးပညာ ဘယ်လောက်တော်တော်၊ စိတ်ဓာတ်နဲ့ အကျင့်သီလမကောင်းရင် မရွေးသင့်ဘူးလို့ ယူဆကြပုံရပါတယ်။

ဒီနေရာမှာ ရွှေဘောလုံးဆုဆိုတာ အကောင်းဆုံးဘောလုံးသမား ရွေး



www.burmeseclassic.com

www.burmeseclassic.com



ချယ်တာလား၊ အသန့်ရှင်းဆုံး၊ အဖြူစင်ဆုံးဘောလုံးသမား ရွေးချယ်တာလားဆိုတာ ကွဲပြားအောင်လုပ်ဖို့လိုတယ်လို့ ယူဆမိပါတယ်။ ဘောလုံးပွဲဆိုတာ ဝတ်ကျောင်းမဟုတ်သလို ဘောလုံးကစားတယ်ဆိုတာလည်း ခရစ္စမတ်ပွဲတော် ကျင်းပနေတာမဟုတ်ဘူးဆိုတာ သတိပြုသင့်တယ် ထင်ပါတယ်။ ဘောလုံးသမားတိုင်းကို ခရစ္စမတ်ဘိုးဘိုးကြီးလိုပြုကျင့်ဖို့ မျှော်လင့်မထားသင့်ပါဘူး။ အနိုင်အရှုံးဆုံးဖြတ်တဲ့ ပြိုင်ပွဲမှန်သမျှ စိတ်လိုက်မာန်ပါပြုမူမှုတွေ၊ ပေါက်ကွဲမှုတွေ ရှိစမြဲဖြစ်ပါတယ်။ ဒါကို နားလည်ခွင့်လွှတ်နိုင်ဖို့ လိုပါတယ်။ ဘောလုံးသမားတိုင်း ခရစ္စမတ်ဘိုးဘိုးကြီးလို ကျင့်ကြံရမယ်လို့ မတောင်းဆိုသင့်ဘူးလို့ ယူဆမိကြောင်းပါ။

၁၈၊ ၇၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# လက်ဆောင်ဆိုတာ လာဘ်ပေးခြင်းတစ်မျိုးပဲ

'စာနယ်ဇင်းသမားနဲ့ လက်ဆောင်ကိစ္စ ရေးပါဦး'

တစ်နေ့က လူငယ်စာနယ်ဇင်းသမားတစ်ယောက် ဝင်လာပြီး စကားပြောရင်း တိုက်တွန်းလိုက်တာ ဖြစ်ပါတယ်။

'ရေးပေါင်းများလို့ အပ်ကြောင်းထပ်နေပါပြီကွယ်။ ဘယ်လောက်ပဲရေးရေး ဘာမှထူးခြားမလာလို့ 'ဟောရင်းသာ ပျံတော်မူရမယ်'ဆိုတဲ့ ခေါင်းစဉ်နဲ့တောင် ညည်းချင်းတစ်ပုဒ် ရေးခဲ့ဖူးပါသေးတယ်'

ဟုတ်ပါတယ်။ နှစ်ပေါင်း ၂၀ ကျော် စာတွေ အဆက်မပြတ်ရေးလာခဲ့ရာမှာ ၅၀ ရာနှုန်းကျော်ဟာ စာနယ်ဇင်း၊ အထူးသဖြင့် သိက္ခာတွေအကြောင်း အများဆုံး ဖြစ်ပါတယ်။ 'လက်ဆောင်'ဆိုရင် ဘာလက်ဆောင်မှ၊ ဘယ်သူ့ဆီကမှ မယူသင့်ဘူးဆိုတဲ့အကြောင်းလည်း တစ်ဒါဇင်မက ရေးခဲ့ဖူးပါတယ်။ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းက ထုတ်ပြန်တဲ့ သတင်းစာကျင့်ဝတ်တွေအကြောင်း ရေးဖူးသလို နိုင်ငံတကာက စာနယ်ဇင်းကျင့်ဝတ်တွေအကြောင်းလည်း ရေးဖူးပါတယ်။

လူငယ်စာနယ်ဇင်းသမားကတော့ ဒီလေးငါးနှစ်အတွင်းမှ စာနယ်ဇင်းလောကထဲ ရောက်လာကြတဲ့ အသက် ၂၀ ဝန်းကျင် လူငယ်လေးတွေဟာ လွန်ခဲ့တဲ့ဆယ့်လေးငါးနှစ်က ရေးခဲ့တာတွေကို မဖတ်ဖူးခဲ့ကြဘူး။ အဲဒါကြောင့် သူတို့အတွက်ထပ်ရေးပါဦးလို့ တိုက်တွန်းပါတယ်။ နောက်ပြီးတော့ 'လက်ဆောင်'ကိစ္စနဲ့ စာနယ်ဇင်းသမားချင်း ငြူစူစောင်းမြောင်းကြ၊ ကလိကြ၊ ရိကြတာမျိုးတွေလည်း စာမျက်နှာပေါ်ထိရောက်နေကြတော့ စာဖတ်ပရိသတ်ရဲ့ ကဲ့ရဲ့စရာဖြစ်နေပါတယ်လို့ ဆိုပါတယ်။ တိတိကျကျပြတ်ပြတ်၊ သားသားမှတ်သားထားချင်လို့ မေးပါရစေလို့လည်း ပြောပါတယ်။ 'လိုတိုရှင်း'ဖြစ်အောင် သူမေးတာနဲ့ ဖြေတာကိုပဲ တိုက်ရိုက်တင်ပြလိုက်ပါတယ်။

မေး။ စာနယ်ဇင်းသမားဟာ ကုမ္ပဏီဖွင့်ပွဲ၊ ဆိုင်ဖွင့်ပွဲ၊ စက်ရုံဖွင့်ပွဲစတဲ့ ဖွင့်ပွဲတွေတက်ပြီး ပေးတဲ့လက်ဆောင်တွေ ယူသင့်ပါသလား။

ဖြေ။ လက်ဆောင်ယူဖို့ မဆိုထားနဲ့ ဒီလိုဖွင့်ပွဲတွေတက်ဖို့ စာနယ်ဇင်းမှာ လုံးဝ တာဝန်မရှိပါဘူး။ စာနယ်ဇင်းသမားဆိုတာ sales promoter



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ အရောင်းမြှင့်တင်ရေးသမား မဟုတ်ပါဘူး။

မေး။ အဲဒီလိုဖွင့်ပွဲတွေကို သတင်းအဖြစ် ရေးသားဖော်ပြတာမျိုးကော လုပ်သင့်ပါသလား။

ဖြေ။ ဒါက ကြော်ငြာကို သတင်းလို့ လိမ်ပြီးဖော်ပြတာပဲ။ လုံးဝမလုပ်ရပါဘူး။

မေး။ ဒီလိုဖွင့်ပွဲမျိုးတွေကော တက်သင့်သလား။

ဖြေ။ စာဖတ်ပရိသတ် ပြည်သူလူထုကို သတင်းပေးသင့်တဲ့၊ ပေးဖို့လိုအပ်တဲ့ အခမ်းအနားမျိုးတွေကိုသာ တက်သင့်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ရဲ့ ဆိုင်ဖွင့်ပွဲဆိုတာ စာဖတ်ပရိသတ်နဲ့ ဘာမှမပတ်သက်ပါဘူး။ တကယ်က အဲဒီဆိုင်ဖွင့်ပွဲကို လုပ်ငန်းရှင်က ကြော်ငြာအဖြစ်နဲ့ စာနယ်ဇင်းမှာ ထည့်ရမှာပါ။ စာနယ်ဇင်းသမားဆိုတာ စီးပွားရေးလုပ်ငန်းရှင်ရဲ့ အသုံးချခံ လုံးဝမဖြစ်စေရပါဘူး။ ဘယ်သူ့အသုံးချခံမှုကို မဖြစ်ရပါဘူး။ စာဖတ်ပရိသတ် ပြည်သူလူထုရဲ့ မျက်နှာတစ်ခုတည်းကိုသာ ကြည့်ရပါမယ်။ ပြည်သူလူထုရဲ့ အကျိုးစီးပွားကိုသာ သယ်ပိုးထမ်းဆောင်ရပါမယ်။

မေး။ ပွဲတစ်ပွဲတက်ပြီး လက်ဆောင်ပေးတဲ့အခါကျတော့ ကိုယ်တစ်ယောက်တည်းက မယူဘူးလို့ပြောရင် တခြားသူတွေကို စော်ကားသလို ဖြစ်မနေဘူးလား။

ဖြေ။ အဲဒီလုပ်ရပ်ကတော့ စော်ကားသလို ဖြစ်စေပါတယ်။ မလုပ်သင့်ဘူး။ စကတည်းက ပွဲမတက်ရင် ဒီကိစ္စမပေါ်လာပါဘူး။ သတင်းမဟုတ်တဲ့ ဒီလိုပွဲမျိုးတွေကို မတက်ဘူးဆိုတာ မူချထားသင့်ပါတယ်။ မလွှဲမရှောင်သာလို့ တက်ရယူရရင်လည်း ရလာတဲ့လက်ဆောင်ကို တိုက်ကိုအပ်သင့်ပါတယ်။ ကိုယ်မယူသင့်ပါဘူး။ ဒါမျိုးတွေစုထားပြီး များလာတော့ တိုက်က မဲဖောက်ပြီး ခွဲဝေပေးလိုက်တာ အကောင်းဆုံးပါပဲ။

မေး။ တိုက်တချို့က အဲဒီလိုလုပ်တာ ရှိပါတယ်။ ဒါပေမဲ့ အများစုကမလုပ်ကြပါဘူး။

ဖြေ။ ဂျာနယ်၊ မဂ္ဂဇင်းတွေထဲရေးကြတာတွေ ဖတ်ဖူးပါတယ်။ လက်ဆောင်ကောင်းကောင်းရမယ်ထင်တဲ့ ပွဲမျိုးဆို အယ်ဒီတာချုပ်လုပ်သူကိုယ်တိုင်တက်ပြီး တော်ရုံဟာမျိုးဆိုရင်တော့ သတင်းထောက်တွေကို လွှတ်တယ်ဆိုတာမျိုးတွေလေ။

'လက်ဆောင်'ဆိုတဲ့ကိစ္စဟာ စာနယ်ဇင်းလောကမှာသာ မဟုတ်ပါဘူး။ စီးပွားရေးလောက၊ နိုင်ငံရေးလောက၊ အုပ်ချုပ်ရေးလောကတွေမှာလည်း ပြဿနာကြီးကြီးမားမားအဖြစ် ရှိနေပါတယ်။ ကမ္ဘာ့ဘယ်နိုင်ငံမှ မလွတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အချမ်းသာဆုံးဆိုတဲ့ အမေရိကန်၊ ဂျပန်တို့လို နိုင်ငံတွေမှာလည်း အုပ်ချုပ်ရေးပိုင်းက ထိပ်တန်းအရာရှိကြီးတွေ၊ ဝန်ကြီး၊ ဝန်ကလေးတွေ 'လက်ဆောင်' သေးသေး၊ ကြီးကြီးတွေယူမှုမျိုး နေ့စဉ် မြင်တွေ့နေရ၊ သတင်းစာတွေမှာ ဖတ်ရှုနေရတာပါပဲ။

'လက်ဆောင်'ဆိုတာ 'လာဘ်ပေး'ခြင်းကို လူကြားကောင်းအောင် ခေါ်တဲ့ စကားဖြစ်ပါတယ်။ စတုတ္ထမဏ္ဍိုင်အဖြစ် တာဝန်ယူထားရတယ်ဆိုတဲ့ စာနယ်ဇင်းသမားဟာ မဖြစ်စလောက် 'လက်ဆောင်'ဆိုတာလေးကိုတောင် မက်မောနေရင် ဒီထက်မကကြီးမားတဲ့ အခွင့်အရေးတွေနဲ့ မြူဆွယ်ရင် ပါသွားမှာ အသေအချာပါပဲ။ ကမ္ဘာ့ခေါင်းဆောင်တွေကို ဝေဖန်၊ ကမ္ဘာ့အရေးအခင်းတွေကို သုံးသပ်လုပ်နေတဲ့ ကမ္ဘာကျော် သတင်းစာဆရာကြီးတွေတောင်မှ သမ္မတရဲ့ရွေးကောက်ပွဲ မဲဆွယ်မိန့်ခွန်းရေးပေးဖို့ ကြေးကြီးပေးပြီး တာဝန်ပေးရင် ဝမ်းမြောက်ဝမ်းသာ လက်ခံလုပ်ကိုင်တတ်ကြပါတယ်။ တကယ်ကတော့ ဒီသတင်းစာဆရာဟာ 'လာဘ်ယူ'လိုက်တာပါပဲ။ လူငယ်လေးတွေ အဝယ်မခံကြစေချင်ဘူး။ ဒါကြောင့် 'လက်ဆောင်'ဆိုတာ 'လာဘ်ယူ'ခြင်းတစ်မျိုးသာ ဖြစ်တယ်ဆိုတာ သတိပြုကြစေချင်ပါတယ်။

၃၀၊ ၇၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# ပညာနဲ့ အောင်လက်မှတ်

'အဖေ၊ ဖိုးသဲလက်ကို ကြည့်ပါဦး။ နည်းတဲ့အဖုကြီး မဟုတ်ဘူး' သမီးဖြစ်သူက အလန့်တကြားပြောလိုက်သံကြောင့် တူကလေးမောင်ဖိုးသဲကိုခေါ်ပြီး သူ့လက်ကလေးကို ဆွဲယူကြည့်ရှုလိုက်ပါတယ်။ ကလေးရဲ့ ညာဘက်လက်ခလယ်မှာ တော်တော်ကြီးတဲ့ဘုလုံးတစ်လုံး တွေ့ရပါတယ်။ ခဲတံညှပ်ပြီး စာရေးရလွန်းလို့ ပေါ်လာတဲ့ဘုလုံး ဖြစ်ပါတယ်။

ကလေးက ဒီနှစ်မှ ၅ နှစ်ပြည့်လို့ မူလတန်းကျောင်း စတက်ရတာပါ။ ဒါပေမဲ့ ၃ နှစ်သားကတည်းက မူကြိုကျောင်းတက်ခဲ့ရပါတယ်။ မိဘနှစ်ဦးစလုံးက ဝန်ထမ်းတွေဖြစ်ကြလေတော့ သူတို့ရုံးသွားချိန်များမှာ ကလေးကို မူကြိုပို့ထားရပါတယ်။ ဒီခေတ်မူကြိုကျောင်းများက မူကြိုကျောင်းတွေ ခေတ်စားစအချိန်ကလို ကလေးတွေကို ကဗျာလေးတွေ၊ သီချင်းလေးတွေသင်ပေးပြီး ကစားခိုင်း၊ အိပ်ခိုင်းရုံသက်သက် မဟုတ်တော့ပါဘူး။ အင်္ဂလိပ်စာ၊ မြန်မာစာနဲ့ ဂဏန်းသင်္ချာတွေပါ သင်ပေးနေကြပါပြီ။ ဒီတော့ တူကလေးမောင်ဖိုးသဲမှာ ၃ နှစ်သားကတည်းက ခဲတံကိုင် စာရေးနေရပါပြီ။ ၂ နှစ်ကျော်လောက်နေ့စဉ် အဆက်မပြတ်ရေးခဲ့ရလေတော့ ကလေးရဲ့လက်နုနုလေးမှာ အသားမာစွဲပြီး တော်တော်ကြီးတဲ့ဘုကြီး ဖြစ်နေပါပြီ။ ဒီကလေးဟာ နောင်နှစ်ပေါင်း ၂၀ နီးပါး ကျောင်းနေ၊ ပညာသင်ရဦးမှာဆိုတော့ သူ့လက်ကဘုလုံးဟာ မာသထက်မာလာဖို့သာ ရှိပါတော့တယ်။ ပျောက်ဖို့ကိန်း မရှိတော့ပါဘူး။

အခု မူလတန်းကျောင်း စတက်ရတော့လည်း တစ်နေ့လုံး ကျောင်းမှာစာရေး၊ ကျောင်းဆင်းပြန်တော့ ကျူရှင်မှာဆက်ပြီးရေး၊ အိမ်ရောက်တော့လည်း တစ်နေ့တာပေးလိုက်တဲ့ အင်္ဂလိပ်စာ၊ မြန်မာစာ၊ ဂဏန်းသင်္ချာ အိမ်စာတွေရေးရတာနဲ့ ကလေးတို့ရဲ့ဘာသာဘာဝ ခုန်ပေါက်ပြေးလွှား ဆော့ကစားရတယ်လို့ကို မရှိရှာတော့ပါဘူး။ ဒီကလေးကိုကြည့်ပြီးတော့မှ ဗုဒ္ဓဘုရားရှင်က သူ့သားတော်လေး ရာဟုလာကို သာမဏေဝတ်ပေးလိုက်တဲ့အဖြစ်ကို ဘဝင်ကျကျ လက်ခံနိုင်သွားရပါတော့တယ်။ ရှေးကတော့ ရာဟုလာလိုကလေးလေးတစ်ယောက်ကို ရဟန်းဘောင်ထဲ သွတ်သွင်းပေးလိုက်တာကို တရားရဲ့လားဆိုတဲ့သဘော စဉ်းစားမိတတ်ပါတယ်။ အခုမှပဲ ဗုဒ္ဓဘုရားရှင်က လူ့



www.burmeseclassic.com

www.burmeseclassic.com



လောကရဲ့ ဆင်းရဲဒုက္ခမျိုးစုံကို သူ့သားတော်လေး မခံရစေချင်လို့ပါလားလို့ အမြင်မှန်ရသွားခဲ့ရပါတော့တယ်။

ကြည့်လေ။ ဒီကလေးဟာ ၃ နှစ်သားကတည်းက ကျောင်းတက်၊ စာသင်ခဲ့ရတာ သူ အသက်နှစ်ဆယ်ကျော်အစိတ်ထိ သင်နေရဦးမှာ။ သင်ပြီးဘွဲ့တွေ ဘာတွေရပြီးတော့ကော ...။

ဖိုးသဲလေးအကြောင်း ဆက်ပြီးစဉ်းစားနေဆဲမှာ လွန်ခဲ့တဲ့ဆယ့်ငါးနှစ်၊ အနှစ် ၂၀ က တပည့်ဖြစ်ဖူးတဲ့ မိန်းကလေးတစ်ယောက် သီတင်းကျွတ်မို့ဆိုပြီး အကန်တော့ရောက်လာပါတယ်။ အင်မတန်သွက်လက်ပြီး ထက်လည်းထက်တဲ့ အင်ဂျင်နီယာမလေးတစ်ယောက်ပါ။ ခုတော့ ကလေး ၃ ယောက်လက်ဆွဲလို့ တကယ့်မိန်းမကြီး ဖြစ်နေပါပြီ။ ဘယ်မှာလုပ်နေလဲလို့ မေးလိုက်တော့မှ ဘာမှမလုပ်တော့ပါဘူး။ အိမ်မှာပဲ ကလေးထိန်းရင်း ဆန်ဆိုင်ဖွင့်ထားတယ်လို့ ပြောပြပါတယ်။ စီးပွားရေးပြေလည်ပုံတော့ ရှိပါတယ်။ သူ့ကားသူမောင်းပြီးလာတာဖြစ်ပါတယ်။ သူနဲ့စကားပြောနေတုန်း နောက်တပည့်မတစ်ယောက် ကန်တော့ဖို့ရောက်လာပြန်ပါတယ်။ သူကတော့ ၁၀ တန်းကျောင်းသူဘဝကတည်းက ဆရာဝန်ဖြစ်ပြီးတဲ့အထိ ဆယ်နှစ်ဆယ်မိုးလာတက်နေတာဆိုတော့ သမီးတစ်ယောက်လို လက်ပွန်းတတီးရှိပါတယ်။ သူနဲ့ သူ့ခင်ပွန်းတို့က အင်မတန်ကြီးမားတဲ့ ဆောက်လုပ်ရေးကုမ္ပဏီကြီးတစ်ခုတည်ထောင်ထားပါတယ်။ မြိတ်၊ ထားဝယ်ဘက်မှာလည်း ဆီအုန်းတွေ ဧကသိန်းချီပြီး စိုက်ပျိုးနေပါတယ်။ တပည့်မနှစ်ယောက်စလုံး တင့်တောင်းတင့်တယ် ဖြစ်နေကြတာတွေ့ရလို့ ဝမ်းသာပီတိဖြစ်ရပါတယ်။ သူတို့ကလေးတွေရဲ့ မူကြိုကျောင်းတွေအကြောင်း၊ ကျူရှင်ကျောင်းတွေအကြောင်း ရောက်တတ်ရာရာတွေပြောပြီး ပြန်သွားကြပါတယ်။

သူတို့နှစ်ယောက် ပြန်အသွားတော့မှာ ကလေးတွေနဲ့ ပညာရေးအကြောင်း ဆက်ပြီးစဉ်းစားနေမိပါတယ်။ ဒီမိန်းကလေးနှစ်ယောက်စလုံးဟာ ပညာကို အပတ်တကုတ် ကြိုးစားခဲ့ကြတဲ့သူတွေ ဖြစ်ပါတယ်။ ပင်ကိုစရိုက်ကလည်း အင်မတန်သွက်လက်ချက်ချာပြီး ထက်မြက်တဲ့၊ ဘဝရည်မှန်းချက်ကြီးတွေ မြင့်မြင့်မားမားထားခဲ့ကြတဲ့ မိန်းကလေးတွေ ဖြစ်ပါတယ်။ ကျောင်းစာတစ်ဖက်သင်ရင်း အင်္ဂလိပ်စကားပြောသင်တန်းတက်လိုက်ကြ၊ ပြင်သစ်စကားပြောသင်တန်းတက်လိုက်ကြနဲ့ အအားကိုမနေခဲ့ကြတဲ့ မိန်းကလေးတွေပါ။ ခုတော့လည်း အိမ်ရှင်မကြီးတွေ၊ စီးပွားရေးသမားကြီးတွေ ဖြစ်လို့နေပါတော့တယ်။ ငယ်စဉ်က မရပ်မနား အအားမနေ စာကြိုးစားခဲ့ကြတာတွေကို နှမြောလိုက်တာ။ သူတို့ကိုလည်း သနားလိုက်တာ။ ခမြာများမှာ ရွှယ်တူတန်းဘတ်တွ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ပေါ့ပါးပါးနဲ့ ပျော်ရွှင်မြူးထူးနေကြချိန်မှာ ခေတ်ခွဲခန်းထဲ၊ ခွဲစိပ်ခန်းထဲမှာ အားကြိုးသန်ခွဲ ကြိုးစားနေလိုက်ကြတာ။ ခုတော့လည်း အင်ဂျင်နီယာတို့၊ ဆရာဝန်တို့ဆိုတာတွေ အိမ်နံရံမှာချိတ်ဆွဲထားတဲ့ ဘွဲ့ယူဓာတ်ပုံထဲမှာပဲ ရှိတော့တယ်လေ။

ကလေးတွေ ပင်ပန်းလိုက်ကြတာများ သနားစရာကောင်းလှပါတယ်။ ဒီကကလေးတွေတင်လားဆိုတော့ မဟုတ်ပါဘူး။ တစ်ခါကဖတ်ဖူးတဲ့ စာတစ်ပုဒ်မှာ ဂျပန်နိုင်ငံက ကလေးများဆိုရင် သန္ဓေသားဘဝကတည်းက ပညာရေး စခဲ့ရပါတယ်တဲ့။ အကောင်းစားမူကြိုကျောင်းတွေ တက်ခွင့်ရဖို့အတွက် ကလေး ပဋိသန္ဓေရှိစဉ်ကတည်းက အမေကဗိုက်ပြပြီး ကျောင်းအပ်ဖို့ စာရင်းသွားသွင်း ထားရတယ်တဲ့လေ။ ဒါတင်မကသေးပါဘူး။ ကလေးကျောင်းနေတဲ့အချိန်မှာ ထူးချွန်တဲ့ကလေးဖြစ်လာအောင် ဘယ်လိုပြုစုပျိုးထောင်ရမယ်ဆိုတဲ့ သင်တန်း မျိုးတွေကို အမေဖြစ်သူက ကိုယ်ဝန်ကြီးတကားကားနဲ့ သွားတက်ထားရပါ သေးတယ်။ ဂျပန်နိုင်ငံမှာ တက္ကသိုလ်ကောင်းကောင်းတွေတက်ခွင့် အမှတ် မမီလို့ သတ်သေတဲ့ကလေးတွေတောင် နှစ်စဉ် ရာဂဏန်းရှိတယ်လို့ ဆိုကြပါ တယ်။

'ပညာ'ကို ဒီခေတ်မှာ တန်ဖိုးသိပ်ထားကြလို့ 'ပညာခေတ်'လို့တောင် သတ်မှတ်ထားကြပါတယ်။ နိုင်ငံတကာမှ ပညာရေးကို အထူးကို အလေး ထားနေကြပါတယ်။

'ကလေးတွေ အိပ်ပြီ<br>
မီးတွေကို မှိန်ထားပါ။<br>
ဟောင်ကောင်ရဲ့ သန်းခေါင်ချိန် ရောက်ပြီ။<br>
လူကြီးကလေးများ ကျောင်းတက်ကြတော့မည်။'

၁၉၉၆ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်လုတ် 'အရှေ့ဖျား စီးပွားရေး သုံးသပ်ချက်' စာစောင်မှာ ဆောင်းပါးရှင် 'ဂယ်ရီဆီးလ်ဗားမင်း' ရေးခဲ့တဲ့ ဆောင်းပါးက စာကြောင်းလေးများဖြစ်ပါတယ်။ ဟောင်ကောင်က အလုပ် သမားလူငယ် အိမ်ထောင်ရှင် ထောင်ပေါင်းများစွာတို့အတွက် သန်းခေါင် အချိန်ဆိုတာ ကျောင်းစတက်ချိန်ဖြစ်တယ်လို့ အစချီပြီး အင်တာနက်က တစ်ဆင့် အဝေးသင်တက္ကသိုလ်'များမှာ စာသင်ကြားနေကြပုံကို ဆောင်းပါးရှင် က ရေးသားထားတာဖြစ်ပါတယ်။

'ပညာရေးကို လူတွေက ဥပေက္ခာပြုထားကြတယ်။ ဟောင်ကောင်က ဈေးသည်မြို့ပဲ'

'ဟောင်ကောင် သိပ္ပံနှင့်စက်မှုတက္ကသိုလ်'ရဲ့ဥက္ကဋ္ဌ ကျားဝေရူး တစ်ချိန်



www.burmeseclassic.com

www.burmeseclassic.com



တုန်းက စိတ်ပျက်လက်ပျက်ပြောခဲ့ဖူးတဲ့အတိုင်း ဟိုတစ်ချိန်က ဟောင်ကောင်ရှိ တက္ကသိုလ်ကျောင်းသားအရွယ် လူငယ်ကလေးများရဲ့ နှစ်ရာခိုင်နှုန်းသာ တက္ကသိုလ်ပညာတွေ ဆည်းပူးနေကြတယ်လို့ သိရပါတယ်။ အခုတော့ ပြောင်းလဲသွားပါပြီ။ အစိုးရကဖွင့်ထားတဲ့ 'အဝေးသင်တက္ကသိုလ်'တက်ပြီး ပညာသင်ကြားနေသူဦးရေဟာ ၁၉၉၆ ခုနှစ်စာရင်းအရ ၂၀,၀၀၀ ခန့်ရှိပါတယ်။ ဟောင်ကောင်တင်လားဆိုတော့ မဟုတ်ပါဘူး။ အာရှနိုင်ငံတစ်ဝှမ်းလုံးမှာ ၁၉၉၀ ပြည့်နှစ်က တက္ကသိုလ်ပညာသင်ကြားနေသူဦးရေ ၁၇ သန်းလောက်သာရှိရာက ၂၀၁၀ ခုနှစ်ဆိုရင် ၄၅ သန်းလောက်အထိ ရှိလာလိမ့်မယ်လို့ ခန့်မှန်းထားကြပါတယ်။ ပြည်ပနိုင်ငံပေါင်း ၅၀ မှာ သွားရောက်ပညာသင်ကြားနေတဲ့ ကျောင်းသားဦးရေဟာ ၁၉၉၀ ပြည့်နှစ်က ၄၀၁,၀၀၀ ရှိရာက ၁၉၉၄ ခုနှစ်မှာ ၆၆၄,၀၀၀ အထိရှိလာတယ်လို့ ယူနက်စကိုစာရင်းအရ သိရပါတယ်။

ပညာကိုတန်ဖိုးထားမှု မြင့်မားလာတာ ကောင်းတဲ့လက္ခဏာလို့ ဆိုရမှာဖြစ်ပေမယ့် ဒီကနေ့ကမ္ဘာတစ်ဝှမ်းမှာ ပညာသင်ကြားပေးနေတဲ့စနစ်တွေနဲ့ ပညာရေးဆိုတဲ့အပေါ်မှာ အဓိပ္ပာယ်ဖွင့်ဆိုမှုတွေဟာ အမှန်တကယ် 'မှန်ကန်မှု' ရှိရဲ့လားဆိုတာကိုတော့ ပညာရေးပါရဂူကြီးများကိုယ်တိုင် ပြန်လည်ဆင်ခြင်သုံးသပ်မှုတွေလည်း ရှိနေပါတယ်။

မလေးရှားနိုင်ငံ တက္ကသိုလ်တစ်ခုက ပါမောက္ခ မစ္စတာခူးကေးကင်ရဲ့ အများနဲ့မတူတဲ့ ညည်းချင်းလေးတစ်ခုအကြောင်း ဓနမဂ္ဂဇင်းမှာဖတ်ခဲ့ဖူးတာလေးကို ပြန်ပြောပြချင်ပါတယ်။ ဆရာခူးက သူ့တပည့်တွေဟာ သူ့ကို သိပ်ရိုသေလွန်းလို့ စိတ်ပျက်နေရပါတယ်တဲ့လေ။ တပည့်တွေဟာ သူပြောသမျှဘာမှ ပြန်မေးခွန်းမထုတ်ဘူး။ ခေါင်းတညိတ်ညိတ်နဲ့ နားထောင်ပဲနေကြတယ်။ ပြီးရင် သူပြောခဲ့သမျှတွေကို တစ်လုံးမကျန် လုံးစေ့ပတ်စေ့ ပြန်ရေးပြနေကြတာပဲလို့ ဆိုခဲ့ပါတယ်။

'ကျွန်တော်တို့က တောက်မယ့်မီးခဲ တရဲရဲဆိုတာမျိုး လိုချင်တယ်။ သူတို့က ရေလိုက်ငါးလိုက်လုပ်တာကလွဲပြီး တခြားဘာမှမတတ်ဘူး။ ဒီလိုလူမျိုးတွေနဲ့ ဘယ်လိုလုပ်ပြီး နိုင်ငံတစ်ခုတိုးတက်အောင်လုပ်လို့ရမှာလဲ'လို့လည်း ပါမောက္ခခူးက ပြောခဲ့ပါတယ်။

'တက္ကသိုလ်ဘွဲ့ရတွေရဲ့ ပညာရေးအရည်အချင်း ညံ့ဖျင်းလှတယ်လို့ အလုပ်ရှင်တိုင်းက ပြောနေကြတယ်။ ကျောင်းသားတွေက မှတ်စုလောက်ပဲ အားကိုးနေကြတယ်။' မလေးယားတက္ကသိုလ် ပညာရေးဆိုင်ရာ လက်ထောက်အဓိပတိ အော့စမန်ဘကာရဲ့ ပြောစကားကလည်း ပါမောက္ခခူးနဲ့ တူညီနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မလေးယားတက္ကသိုလ်မှာ ဒုတိယအဓိပတိတာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ ပါမောက္ခ အနဲကူအဇစ်ကလည်း 'ပိုက်လုံးတွေ ဘယ်လိုဒီဇိုင်းဆွဲရမယ်ဆိုတာ သင်ယူလို့ ရနိုင်တယ်။ ဒါပေမဲ့ ဘယ်လိုစဉ်းစားတွေးခေါ်ရမယ်ဆိုတာလည်း သိနေဖို့လိုတယ်။ ပညာရေးရဲ့တကယ့်တန်ဖိုး ပျောက်ကွယ်နေပြီ။ အားလုံးက အောင်လက်မှတ်စက္ကူတွေနောက်ပဲ အရူးအမူးလိုက်နေကြတယ်'လို့ ပြောခဲ့ဖူးပါတယ်။

စင်ကာပူဝန်ကြီးချုပ် မစ္စတာ ဂိုချောက်တောင်ကတော့ 'ကျောင်းသားတွေဟာ လက်ဆွဲခေါ်တာပဲခံချင်ကြတယ်။ ကိုယ့်လမ်းကိုယ်ထွင်ပြီး မလျှောက်တတ်ကြဘူး။ သူတို့ခေါင်းထဲမှာ စာမေးပွဲအောင်မှတ်ကောင်းကောင်းရဖို့ ဆိုတာ တစ်ခုတည်းပဲသိတယ်'လို့ ပြောခဲ့ပါတယ်။

အိန္ဒိယနိုင်ငံမှာကျတော့ ပြဿနာကတစ်မျိုးပါ။ အိန္ဒိယနိုင်ငံဆိုတာ အာရှတိုက်တစ်ခုလုံးမှာ ပညာရေးအဆင့်အတန်း အမြင့်မားဆုံးနိုင်ငံဖြစ်တယ် ဆိုတဲ့အစဉ်အလာ ရှိပါတယ်။ တက္ကသိုလ်ကျောင်းကြီးပေါင်း ၃၀၀ နီးပါး ရှိပါတယ်။ ဒါပေမဲ့ တက္ကသိုလ်ဘွဲ့ရတွေရဲ့ ၁၀ ရာခိုင်နှုန်းလောက်ဟာ နိုင်ငံရပ်ခြားမှာသွားပြီး အလုပ်လုပ်ကြပါတယ်။ အကြောင်းရင်းကတော့ နှစ်စဉ် သိန်းနဲ့ချီထွက်ရှိလာတဲ့ တက္ကသိုလ်ဘွဲ့ရတွေကို အလုပ်အကိုင်မပေးနိုင်တဲ့ အတွက် ဖြစ်ပါတယ်။ ကေရာလာပြည်နယ်လို ပညာတတ်ပေါလှတဲ့ဒေသမှာဆိုရင် ဘတ်စ်ကားလက်မှတ်ရောင်းအလုပ်မျိုးတောင် ဘွဲ့ရတွေ ဝင်လုပ်နေကြရပါတယ်။ 'အတန်းတွေထဲကကျောင်းသားတွေ ဘယ်ရောက်နေကြတာလဲ' ဒီမေးခွန်းကို တက္ကသိုလ်ဆရာများက မေးလေ့ရှိပါတယ်။ တက္ကသိုလ်ကျောင်းက စာသင်ခန်းတွေထဲမှာ ကျောင်းသားတွေ တစ်နေ့တခြား လျော့နည်းနေပါတယ်။ ကျောင်းသားအများစုက တက္ကသိုလ်ကစာသင်ခန်းထက် ပြင်ပအသက်မွေးဝမ်းကျောင်းသင်တန်းမျိုးစုံကိုသာ လိုက်တက်နေကြရပါတယ်။ ဒါမှ သူတို့အတွက်အလုပ်ရဖို့ လွယ်ကူတာကိုး။

အာရှတိုက်တင်လားဆိုတော့ မဟုတ်ပါဘူး။ ကမ္ဘာတစ်ဝှမ်းလုံးက တက္ကသိုလ်ကြီးတွေမှာလည်း 'ပညာရေး'ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေအပေါ် ဝေဖန်ဆန်းစစ်မှုတွေ လုပ်နေကြရပါတယ်။ ကျောင်းသားအများစုရဲ့ ပညာရေးရည်မှန်းချက်က ကုမ္ပဏီကြီးကြီးတွေမှာ အလုပ်ကောင်းကောင်းရဖို့လောက်သာ ဖြစ်နေကြပါတယ်။ တက္ကသိုလ်ကြီးများရဲ့ ရည်မှန်းချက်ကလည်း လုပ်ငန်းခွင်တွေအတွက် ကျွမ်းကျင်လုပ်သားတွေ များများမွေးထုတ်ပေးနိုင်ဖို့ အဆင့်လောက်မှာသာ ရပ်နေကြပါတယ်။ ပညာဟာ ပညာအဆင့်မှာသာ ရပ်တန့်နေပါတယ်။ အသိဉာဏ်အဆင့်ထိ ရောက်ရှိမလာပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်လို နိုင်ငံမှာဆိုရင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများဟာ အစဉ်အလာအားဖြင့် တက္ကသိုလ်ပါမောက္ခတွေက အတော်များများဖြစ်ကြပါတယ်။ ဒါပေမဲ့ အဲဒီပါမောက္ခကြီးများဟာ သူတို့တပည့်ဟောင်းဖြစ်ခဲ့တဲ့ သမ္မတကို ဦးဆောင်လမ်းပြလုပ်ရမယ့်အစား တပည့်သမ္မတလုပ်ချင်တာတွေကို နောက်က လိုက်ပြီး အကောင်အထည်ဖော်ပေးရတဲ့ ရုပ်သေးရုပ်သာသာအဖြစ်သာ ရှိနေတတ်ကြပါတယ်။ ပညာခေတ် ပညာခေတ်နဲ့ ဘယ်လိုပဲကြွေးကြော်နေနေ၊ အမှန်တကယ်ကတော့ 'ပညာ'ဟာ အာဏာနဲ့ငွေရဲ့ လက်အောက်ခံ အသုံးချ ပစ္စည်းသာလျှင် ဖြစ်နေပါသေးတယ်။ ကမ္ဘာကျော်နိုဘဲလ်ဆုရ စီးပွားရေး ပညာရှင်တွေ၊ သိပ္ပံပညာရှင်တွေ၊ ဆေးပညာရှင်တွေဟာလည်း စီးပွားရေး လုပ်ငန်းကြီးတွေ၊ စက်ရုံကြီးတွေနဲ့ ဆေးကုမ္ပဏီကြီးတွေခိုင်းသမျှ အဏုမြူ ဗုံးကအစ ခါတုနဲ့ ပိုးမွှားလက်နက်တွေအဆုံး ထုတ်ပေးနေရတဲ့ 'ပညာ လုပ်သား'တွေအဆင့်မှာသာ ရှိနေကြပါတယ်။

ပညာရေးပါရဂူအချို့ကတော့ တက္ကသိုလ်ကြီးတွေမှာ ဘွဲ့ရကျွမ်းကျင် လုပ်သားတွေ အလုံးအရင်းထုတ်လုပ်ပေးတဲ့ 'mass production' စနစ် တွေကို ထောက်ပြပြီး တက္ကသိုလ်တွေဟာ ပညာရှင်တွေထုတ်လုပ်မယ့်အစား 'အလုပ်သမားသင်တန်းကျောင်း'တွေသာ ဖြစ်နေကြတယ်လို့ ပညာရေးစနစ် တစ်ခုလုံးကို ဝေဖန်ဆန်းစစ်နေကြတာများ ကြားသိနေရပါတယ်။ 'အလုပ်သမား'တွေ မွေးထုတ်တာများ ဒီလောက်နှစ်တွေအများကြီး၊ ငွေတွေအများကြီး အကုန်ခံနေရသလားလို့လည်း မေးခွန်းထုတ်နေကြပါတယ်။ ကိုယ်ကတော့ ပညာရေးပါရဂူမဟုတ်တာကြောင့် ဆရာဝန်ဖြစ်ပြီး ဆောက်လုပ်ရေးကန်ထရိုက် လုပ်နေသူ၊ အင်ဂျင်နီယာဖြစ်ပြီး ဆန်ရောင်းနေသူတပည့်မတွေကို ကြည့်ပြီး တူကလေး မောင်ဖိုးသဲအတွက်ကိုသာတွေးပြီး ရတက်မအေးဖြစ်နေမိပါ တော့တယ်။

၈၊ ၈၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်အလုပ်ကိုယ်လုပ်ဖို့သာ ဂရုစိုက်ပါ

တစ်နေ့က ကျောင်းသားဟောင်း တပည့်တစ်ယောက်လာပြီး 'ပခုံးငှား'ပါတယ်။ ထုံးစံအတိုင်း သူငယ်ချင်းတွေနဲ့ အစုစပ်ကုမ္ပဏီလုပ်ငန်းလုပ်နေတာ အဆင်မပြေလို့ လာပြီးရင်ဖွင့်တာပါ။ 'ပခုံးငှား'တယ်ဆိုတဲ့စကား မဖတ်ဖူးသူများရှိကောင်းရှိနိုင်တာမို့ နည်းနည်းရှင်းပါရစေ။

သင်တန်းလေးဖွင့် စာသင်နေစဉ် သင်ကြားရေးအစီအစဉ်တစ်ခုက သီချင်းဖွင့်ပြီး စာသင်တဲ့နည်းပါ။ အဆိုသင်တာတော့ မဟုတ်ပါဘူး။ စကားလုံးတွေ၊ အသံတွေကို နားရည်ဝသွားအောင်နားထောင်ပြီး ကိုယ့်ဟာကိုယ် ခပ်တိုးတိုးလိုက်ဆိုစေပါတယ်။ လိုက်ဆိုတော့ အသံထွက်လေယူလေသိမ်း ဌာန်ကရိုဏ်းကျအောင် လေ့ကျင့်ပြီးသားဖြစ်သွားတာပေါ့။

အဲဒီသီချင်းတွေထဲမှာ နှစ်ခြိုက်လို့ ခဏခဏဖွင့်ဖြစ်တာတစ်ခုက 'Put your head on my shoulder' 'ပခုံးပါးဝယ် မှီလှည့်ပါ'ဆိုတဲ့သီချင်းပါ။ ဒီသီချင်းနာမည်လေးက ဆရာတစ်ယောက်ရဲ့ဘဝနဲ့ ဟပ်မိနေပါတယ်။ ဆရာဆိုတာ တပည့်တွေကို စာသင်ပေးရုံတင်မက တပည့်တွေရဲ့အပူတွေကို လျော့ပါးသက်သာအောင်လည်း လုပ်ပေးရပါတယ်။ သူတို့ရင်ဖွင့်ချင်သမျှကို စိတ်ရှည်လက်ရှည် နားထောင်ပေးရပါတယ်။

လူ့ဘဝမှာ အချိန်အခါမရွေး၊ မရှက်မကြောက်၊ စိတ်ချလက်ချ ရင်ထဲရှိသမျှ ဖွင့်ထုတ်ပြောကြားလို့ရတဲ့ အဆွေခင်ပွန်းကောင်းတစ်ယောက်ရှိဖို့ အထူးလိုအပ်ပါတယ်။ ဘာကြောင့်လဲ၊ ဘာဖြစ်တာလဲဆိုတဲ့ မေးခွန်းမျိုးတွေနဲ့ အနှောင့်ဆားပက်ထပ်မလုပ်ဘဲ ကိုယ်ပြောသမျှတွေကို စိတ်ရှည်ရှည်နဲ့ နားထောင်ပေးမယ့် နားရွက်တစ်စုံကို လူတိုင်းတောင့်တကြမြဲ ဖြစ်ပါတယ်။ အဲဒီလို အဆွေခင်ပွန်းကောင်းမျိုးကို ဆရာကြီးရွှေဥဒေါင်းက bosom friend (ရင်ဘတ်မိတ်ဆွေ)လို့ ခေါ်ခဲ့ပါတယ်။

အဲဒီလို အဆွေခင်ပွန်းမျိုးရဖို့ အင်မတန်ခက်ပါတယ်။ တချို့(ဆရာကြီးရွှေဥဒေါင်းလို) ကံကောင်းထောက်မစွာ နှစ်ဦး၊ သုံးဦးရှိတတ်ပေမယ့် လူအတော်များများမှာတော့ အဲဒီလို ရင်ဘတ်မိတ်ဆွေမျိုး တစ်သက်လုံး တစ်ယောက်မှ တွေ့မသွားခဲ့နိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာသမားဖြစ်စဉ်က သတင်းစာသမားကောင်းတစ်ယောက် ဖြစ်ဖို့သာ အဓိကဆိုပြီး ကြိုးစားအားထုတ်ခဲ့သလို အခြေအနေက ကျောင်းဆရာတစ်ယောက် ဖြစ်လာပြန်တော့လည်း ဆရာပီသတဲ့ ဆရာကောင်းတစ်ယောက်ဖြစ်ဖို့ ကြိုးစားအားထုတ်ခဲ့ပါတယ်။ အင်္ဂလိပ်စကားပြောသင်တန်းဆိုတာမျိုးတစ်ခုမှမရှိသေးတဲ့အချိန်မျိုးမှာ ဖွင့်ခဲ့ပြီး နှစ်ပေါင်း ၂၀ လုံးလုံး ဆရာလုပ်ခဲ့ပါတယ်။ သတင်းစာသမားလုပ်စဉ်က မြေတစ်ကွက်၊ အိမ်တစ်ခန်း မယူခဲ့ဖူးသလို ကျောင်းဆရာလုပ်ပြန်တော့လည်း 'ဒီနှစ်အတွက် ကျောင်းသားသစ်လက်မခံနိုင်တော့ပါ'ဆိုတဲ့ဆိုင်းဘုတ် တံခါးဝမှာ အမြဲချိတ်ဆွဲထားရလောက်အောင် ကျောင်းသားတွေစည်ကားနေပေမယ့် သူဌေးမဖြစ်ခဲ့ပါဘူး။

သူဌေးမဖြစ်ပေမယ့် သူဌေးသူကြွယ်တွေ မခံစားနိုင်တဲ့၊ မရနိုင်တဲ့ 'မေတ္တာ'မျိုးကိုတော့ သင်တန်းရပ်လိုက်တာ လေးငါးနှစ်ကြာပြီဖြစ်တဲ့တိုင် အလျှံပယ် ကြွယ်ဝစွာ ရရှိခံစားနေရဆဲဖြစ်ပါတယ်။ ဗုဒ္ဓဘာသာ မိဘနှစ်ပါးက မွေးတဲ့ မြန်မာလူမျိုးတစ်ယောက်ပီပီ မေတ္တာတရားကို အထူးယုံကြည်ပါတယ်။ မေတ္တာပေးမှ မေတ္တာရတယ်ဆိုတဲ့ သဘောတရားကိုလည်း သဘောပေါက်ပါတယ်။ ဒါကြောင့်လည်း မေတ္တာလွှမ်းတဲ့ ဒီမြေဒီဒေသကခွာပြီး အခြားတစ်ပါးမှာ မနေနိုင်ခဲ့တာပါ။ ကိုယ့်အိမ်ခြံစည်းရိုးရဲ့တစ်ဖက်မှာ ရေကြည်ကောင်းကြည်ပါလိမ့်မယ်။ မြက်နုကောင်း နုပါလိမ့်မယ်။ ဒါပေမဲ့ မေတ္တာတော့ ရနိုင်လိမ့်မယ်မထင်ပါဘူး။

တပည့်ဟောင်းလာပြီး 'ပခုံးငှား'တာကို သူ့ရင်ထဲပေါ့ပါးသွားတဲ့အထိ စိတ်ရှည်ရှည်ထား နားထောင်ပေးလိုက်ပါတယ်။ လိုအပ်တာက ဒါပါပဲ။ တခြားဖြေဆေးတွေ ဘာတွေ မလိုပါဘူး။ လူတစ်ယောက်ကို အကောင်းဆုံးနှစ်သိမ့်ပေးနိုင်တာက စိတ်ရှည်လက်ရှည်နဲ့ သူပြောချင်တာတွေကုန်တဲ့အထိ နားထောင်ပေးခြင်းပဲ ဖြစ်ပါတယ်။ ဒီအသိကို နှစ်ပေါင်း ၂၀ ကျော် ကျောင်းဆရာလုပ်ရာက ရလာခဲ့တာဖြစ်ပါတယ်။

တပည့်ဖြစ်သူပြန်သွားတော့ သူ့ကိစ္စက ကိုယ့်ကိစ္စဖြစ် ကျန်ရစ်ပါတယ်။ ခေါင်းထဲက တော်တော်နဲ့ထွက်မသွားဘဲ ဆက်တွေးနေမိပါတယ်။ ဒီလိုပြဿနာမျိုးနဲ့ ရောက်ရောက်လာတဲ့ တပည့်တွေပဲ မနည်းလှတော့ပါဘူး။ ကြာတော့ လူလည်း ရှေ့နေလိုလို၊ အတိုင်ပင်ခံပုဂ္ဂိုလ်လိုလို၊ ပီတာဒရပ်ကားလို စီမံခန့်ခွဲရေး ဂုရုကြီးလိုလို ဖြစ်လာပါတော့တယ်။

တပည့်တွေရဲ့ ပြဿနာများကတစ်ဆင့် သိလာရတဲ့အချက်ကတော့ မြန်မာလူငယ်တွေ အတော်များများဟာ အလုပ်ကို အလုပ်နဲ့တူအောင် စည်းနဲ့စနစ်နဲ့ လုပ်တဲ့နေရာမှာ အင်မတန်အားနည်းနေကြသေးတယ်ဆိုတာဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာ့ကြောင့်အားနည်းနေရတာလဲဆိုတာကို ဆန်းစစ်ကြည့်တော့ အလုပ်တစ်ခုစီရဲ့ သဘာဝအလျောက်သတ်မှတ်ထားတဲ့ ပရော်ဖက်ရှင်နယ်စိတ်ဓာတ် (Professionalism)အကြောင်း သိပ်သဘောမပေါက်ကြသေးလို့ ဆိုတာတွေ့ရပါတယ်။ ပရော်ဖက်ရှင်နယ်ကို ပညာသည်၊ ပရော်ဖက်ရှင်နယ်လစ်ဇင်ကို ပညာသည်စိတ်ဓာတ်၊ amateur ကို အပျော်တမ်းဝါသနာရှင်၊ amateurism ကို အပျော်တမ်းစိတ်ဓာတ်လို့ခေါ်ရင် သင့်မယ်ထင်ပါတယ်။ ကခြေသည်တို့၊ သဘင်သည်တို့၊ သီချင်းသည်တို့ဆိုတဲ့ စကားတွေ အရှိသားမဟုတ်လား။

အကပညာ၊ သဘင်ပညာမှာ ဆရာတစ်ဆူဖြစ်အောင် ထူးချွန်တတ်မြောက်သူများကို အကပညာရှင်၊ သဘင်ပညာရှင်၊ ဂီတပညာရှင် စသဖြင့် အခေါ်အဝေါ်တွေလည်း သီးခြားစီရှိနေကြပါတယ်။ အဲဒါကြောင့် amateur ကို ဝါသနာရှင်၊ professional ကို ပညာသည်လို့မြန်မာပြန်ရင် သင့်မလားလို့ ထင်မိတာပါ။

အလုပ်အကိုင် ပရော်ဖက်ရှင်တိုင်းမှာ သူ့သဘာဝအလျောက် သတ်မှတ်ထားတဲ့ အလုပ်တာဝန်တွေ ကိုယ်စီရှိပါတယ်။ ကျောင်းဆရာက စာသင်တယ်၊ ဆရာဝန်က ဆေးကုတယ်၊ သတင်းစာဆရာက သတင်းလိုက်တယ်၊ ရေးတယ်၊ ဝေဖန်သုံးသပ်မှုပြုတယ်၊ ဝတ္ထုရေးဆရာက ဝတ္ထုရေးတယ်၊ ကဗျာဆရာက ကဗျာရေးတယ်၊ ပန်းချီဆရာက ပန်းချီဆွဲတယ်၊ ဆိုက်ကားဆရာက ဆိုက်ကားနင်းတယ်၊ ကားဆရာက ကားမောင်းတယ်၊ ဈေးသည်က ဈေးရောင်းတယ် စသဖြင့်ပေါ့။

ဘယ်သူမဆို ကျွမ်းကျင်ရာမှာ လိမ္မာကြတာချည်းပါပဲ။ ဆိုက်ကားဆရာက ကားတက်မောင်းလို့မဖြစ်သလို ကားဆရာကလည်း မောင်းတာချင်း အတူတူပဲဆိုပြီး လေယာဉ်ပျံတက်မောင်းလို့ မရပါဘူး။ အလားတူပဲ လေယာဉ်ပျံမောင်းတဲ့လူကလည်း ငါ လေယာဉ်ပျံတောင် မောင်းတတ်တာပဲဆိုပြီး ဆိုက်ကားတက်နင်းလို့ ဖြစ်မယ်မထင်ပါနဲ့။ မရပါဘူး။

ကားမောင်းတဲ့အလုပ်၊ ဆိုက်ကားနင်းတဲ့အလုပ်၊ လေယာဉ်ပျံမောင်းတဲ့အလုပ်၊ ကျောင်းဆရာအလုပ်၊ ဆရာဝန်အလုပ်တွေမှာ ဘယ်ဟာက ပိုအရေးကြီးတယ်၊ ပိုမြင့်တယ်ဆိုတာမျိုး မရှိပါဘူး။ ကျောင်းဆရာက နေမကောင်းရင် ဆရာဝန်ဆီသွားရသလို ဆရာဝန့်သားသမီး စာသင်ဖို့အတွက်လည်း ကျောင်းဆရာကို မရှိမဖြစ်လိုအပ်ပါတယ်။ လေယာဉ်မောင်းတဲ့ ပိုင်းလော့ လေယာဉ်ကွင်းသွားဖို့၊ ဒါမှမဟုတ် တခြားအရေးပေါ်ကိစ္စသွားဖို့ ဆိုက်ကားစီးရတဲ့ အခါမျိုးလည်း ရှိပါတယ်။ အလုပ်တိုင်း အလုပ်တိုင်းဟာ သူ့နေရာနဲ့သူ အရေးပါကြတာချည်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီသဘောတရားကို နားလည်ခြင်းဟာ ပညာသည်စိတ်ပဲဖြစ်တယ်။ လူတိုင်းဟာ ကိုယ့်အလုပ်ကိုယ်တန်ဖိုးထားသလို သူ့အလုပ်ကိုလည်း ရိုသေလေးစားဖို့ လိုပါတယ်။ ကိုယ့်အလုပ်ကို သူများဝင်ရောက်စွက်ဖက်တာ မလိုလားသလို သူ့အလုပ်ကိုလည်း ကိုယ်ကဝင်မစွက်ဖို့ သိတတ်ရပါမယ်။ အရေးကြီးတာက လူတိုင်းလူတိုင်း ကိုယ့်အလုပ်ကိုယ်လုပ်ပြီး ကိုယ့်အလုပ်မဟုတ်တာကို ဝင်မရှုပ်ဖို့ပဲဖြစ်တယ်။ ဆရာဝန်က ဆေးကုပြီး ကျောင်းဆရာက စာသင်၊ စာနယ်ဇင်းသမားက သတင်းရေးလုပ်ကြပြီး ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင်လုပ်ရင် လောကကြီးမှာ ဘာပြဿနာမှမရှိနိုင်တော့ပါဘူး။ ဒီနေ့ကမ္ဘာကြီးတစ်ခုလုံး ဝရုန်းသုန်းကားဖြစ်နေရတာဟာ လူတိုင်း၊ နိုင်ငံတိုင်းက ကိုယ့်နေရာကိုယ်နေပြီး ကိုယ့်အလုပ်ကိုယ် လုပ်မနေကြလို့သာဖြစ်ကြောင်း ဆင်ခြင်သုံးသပ်ကြစေချင်ပါတယ်။

၁၄၊ ၈၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# စာနယ်ဇင်းသမားနဲ့ မွန်းစာ

တစ်နေ့က ကျောင်းသားတပည့်ဟောင်း၊ ဂျာနယ်လစ်လူငယ်တစ်ယောက် ရောက်လာပြီး ကိစ္စတစ်ခု တိုင်ပင်ပါတယ်။ ကိစ္စက နိုင်ငံခြားကုမ္ပဏီတစ်ခုက သူတို့နိုင်ငံရှိ သူတို့ရဲ့စက်ရုံတွေကိုလေ့လာရေးအတွက် တစ်ပတ်ခရီးဖိတ်ကြား တာကို လက်ခံသင့်၊ မသင့်ဆိုတာ ဖြစ်ပါတယ်။

တပည့်လုပ်ကိုင်နေတဲ့ဂျာနယ်က အတော်အတန် အောင်မြင်မှုရနေတဲ့ ဂျာနယ်တစ်စောင် ဖြစ်ပါတယ်။ တပည့်ဟောင်းကတော့ ဂျာနယ်မှာ ဘာသာ ပြန်အယ်ဒီတာဆိုတော့ အပြင်မှာ သိပ်ပြီးလူသိများထင်ရှားသူ မဟုတ်ပါဘူး။ ဒါပေမဲ့ ရိုးသားတည်ကြည်မှုရှိတဲ့အတွက် လုပ်ဖော်ကိုင်ဖက်များကြားမှာတော့ လေးစားခံရသူ ဖြစ်ပါတယ်။

ဒီလူငယ်ဟာ သတင်းစာဂျာနယ်အလုပ်ကို ရာသက်ပန်လုပ်သွားဖို့ ဆုံးဖြတ်ထားသူ ဖြစ်ပါတယ်။ ဒီအလုပ်ကို သူ အင်မတန်နှစ်သက်ပါတယ်။ လက်လှမ်းမီသမျှ စာအုပ်တွေဖတ်ပြီး လေ့လာဆည်းပူးနေသူလည်း ဖြစ်ပါ တယ်။ ရှေးသတင်းစာဆရာကြီးများဆီလည်း ဝင်ထွက်သွားလာ၊ မေးမြန်း မှတ်သားနေလေ့ရှိပါတယ်။ အဲဒါကြောင့် အနာဂတ်စာနယ်ဇင်းလောကအတွက် မျှော်လင့်အားထားစရာ လူငယ်တစ်ယောက်လို့ မှတ်ယူထားပါတယ်။

သူ့မေးခွန်းကိုမဖြေမီ ပထမဆုံး အသိပေးတာလား၊ တိုင်ပင်တာလား ဆိုတာ ရှင်းအောင်မေးရပါတယ်။ တချို့က သူတို့ရွေးချယ်ဆုံးဖြတ်ပြီးသား ကိစ္စတစ်ခုကို လူကြီးတွေရှေ့မှာ ဂါရဝထားတဲ့အနေနဲ့ တိုင်ပင်တာပါ၊ အကြံ တောင်းတာပါလို့ ပြောတတ်ကြပါတယ်။ နောက်ပြီးမှ သူတို့ ဆုံးဖြတ်ထားတဲ့ အတိုင်း လုပ်သွားကြပါတယ်။

အခုတပည့်ကတော့ 'ကျွန်တော့်ကို မဆီမဆိုင် ဘာကြောင့်ဖိတ်ရတာလဲ ဆိုတာ သံသယဖြစ်နေလို့ ဆရာ့ကိုမေးတာပါ'လို့ ပြောပါတယ်။

'ကိုယ်နဲ့မသိဖူးတဲ့ သူစိမ်းတစ်ယောက်က ပိုက်ဆံအများကြီး အကုန်ခံပြီး အလည်လာဖို့ဖိတ်တယ်ဆိုတာ ရည်ရွယ်ချက်တစ်ခုခုတော့ ရှိလို့သာဖြစ်လိမ့် မယ်လို့ တွေးမိတယ်မဟုတ်လား'

'ဟုတ်ကဲ့၊ တွေးမိပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလိုတွေးတာ မှန်တယ်။ သဘာဝကျတယ်။ ဒီလိုဖိတ်ခေါ်ပြီး အတွဲ့ အလှယ်အဖြစ် သူတို့က ဘာမျှော်လင့်ထားသလဲ'

'သူတို့ကုမ္ပဏီနဲ့ သူတို့ထုတ်လုပ်တဲ့ပစ္စည်းတွေကို ပရိုမိုးရှင်းလုပ်ပေးဖို့ မျှော်လင့်ထားမှာပေါ့'

'ဟုတ်တယ်၊ သိပ်မှန်တယ်။ ကြော်ငြာအနေနဲ့ထည့်ရင် ပရိသတ်က သိပ်ယုံတာမဟုတ်ဘူး။ ပြီးတော့ မျက်နှာပြည့်ကြော်ငြာတစ်ခုက ငွေ သိန်း ဂဏန်းချီ ပေးရတာ။ အောင်မြင်နေတဲ့ ဂျာနယ်တစ်စောင်မှာ ဆောင်းပါးအဖြစ် ပါလာတော့ ပရိသတ်က စိတ်ဝင်တစားဖတ်ကြတယ်။ ပြီးတော့ ကြော်ငြာခ လည်း မကုန်ဘူးလေ။ ကြော်ငြာခအတွက် ကုန်ကျမယ့်ငွေနဲ့ မင်းတို့ကို ဖိတ်တာပဲ'

တပည့်ရင်းတစ်ယောက်မို့ အမှန်အတိုင်း ရှင်းပြလိုက်ပါတယ်။ ဟိုရှေး ခေတ် ပုဂ္ဂလိကသတင်းစာတွေရှိစဉ်ကလည်း သံရုံးတွေနဲ့ ကုမ္ပဏီကြီးတွေ က ဒီလိုပဲ သတင်းစာဆရာတွေကို ဖိတ်ခေါ်လေ့ရှိပါတယ်။ ပြန်လာကြတဲ့အခါ ကျတော့ သူတို့နိုင်ငံအကြောင်း အမွှန်းတင်တဲ့စာမျိုးတွေ ရေးကြတာပလေ။ ဒါအထူးအဆန်းမဟုတ်ပါဘူး။ ဒီခေတ်လူငယ်တွေကသာ မကြုံဖူးသေးလို့ အဆန်းထင်နေကြတာပါ။

မြန်မာလူမျိုးရဲ့စရိုက်က 'အားနာ'တတ်ပါတယ်။ ကိုယ့်ကိုပိုက်ဆံအကုန် အကျခံ ဖိတ်ခေါ်တဲ့သူရဲ့အကြောင်း 'အမနာပ'ဘယ်ရေးမှာလဲ။ ကောင်း ကြောင်း၊ သာယာကြောင်းတွေနဲ့ 'မွှန်းစာ'တွေမရေးရင်တောင် အနုတ် လက္ခဏာဆောင်တဲ့သတင်းမျိုးတွေ မထည့်မိအောင်တော့ ဂရုစိုက်ကြမှာ သေချာပါတယ်။

တပည့်ဖြစ်သူကိုဖိတ်ကြားတဲ့ ကုမ္ပဏီကြီးက မြန်မာနိုင်ငံထဲကို သူတို့ ပစ္စည်းတွေ တင်ပို့ရောင်းချနေတာပါ။ တပည့်ဖြစ်သူက စာနယ်ဇင်းကျင့်ဝတ် ထိန်းသိမ်းပြီး ခရီးကပြန်ရောက်တဲ့အခါ 'မွှန်းစာ'တွေမရေးဘူးပဲ ထားပါတော့။ သူတို့ကုမ္ပဏီထုတ်ပစ္စည်းတွေ အရည်အသွေးညံ့ဖျင်းကြောင်း စာဖတ်ပရိသတ် ဆီက တိုင်တမ်းစာမျိုးတွေရောက်လာရင် သူဘာလုပ်ရမလဲဆိုတာ စဉ်းစား ကြည့်စေချင်ပါတယ်။ စာနယ်ဇင်းဆိုတာ ပရိသတ်ကို ဦးထိပ်ထားရပါတယ်။ စာဖတ်ပရိသတ်ရဲ့ဆန္ဒကို လေးစားရပါတယ်။ စာဖတ်ပရိသတ်ရဲ့ အကျိုး စီးပွားကို ကာကွယ်စောင့်ရှောက်ရပါတယ်။ သာမန်အားဖြင့်ဆိုရင် စာဖတ် ပရိသတ်ဆီက တိုင်တမ်းစာရောက်လာတဲ့အခါမျိုးမှာ အယ်ဒီတာက အဲဒီကိစ္စ ကို မှန်မှန်ကန်ကန်သိရအောင် စုံစမ်းမှုပြုစေရပါတယ်။ အမှန်တကယ်ပဲ စာဖတ်ပရိသတ်အဖို့ နစ်နာစေတဲ့ မမှန်မကန်ကိစ္စမျိုးဆိုရင် သတင်းစာ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဖော်ရေးသားပြီး သက်ဆိုင်ရာများသိအောင် လုပ်ရပါတယ်။ ဒါက သတင်းစာအားလုံးရဲ့ တာဝန်ဖြစ်ပါတယ်။

ဒါပေမယ်လို့ အဲဒီလိုကိစ္စဖြစ်နေတာက ကိုယ့်ကိုဖိတ်ကြားလို့ သွားရောက်လည်ပတ်တဲ့ ကုမ္ပဏီဖြစ်နေတယ်ဆိုရင် ဘယ်လိုလုပ်မလဲ။ ယေဘုယျ ခြုံပြီးပြောရမယ်ဆိုရင်တော့ မြန်မာတို့ရဲ့ 'အားနာ'တတ်တဲ့စိတ်အခြေခံကြောင့် ဒီတိုင်တမ်းစာကို အရေးမယူဘဲ လျစ်လျူရှုထားလိုက်ဖြစ်ဖို့ များပါတယ်။ ဒါဆိုရင် စာနယ်ဇင်းသမားရဲ့ တာဝန်မကျေပွန်ရုံသာမက ကိုယ့်ကိုယုံကြည်ပြီး အားပေးဖတ်ရှုနေတဲ့ စာဖတ်ပရိသတ်အပေါ် သစ္စာဖောက်ရာလည်းကျပါတယ်။

အတော်ကြာကြာ ပြောဆိုဆွေးနွေးပြီးတဲ့အခါကျတော့ တပည့်ဟောင်းက ဖိတ်ခေါ်တာကို သူလက်မခံတော့ဘူးလို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။

'ကျွန်တော် တစ်သက်လုံး စာနယ်ဇင်းသမား လုပ်ချင်တာ။ ဘာမဟုတ်တာလေးနဲ့ နာမည်ပျက်မခံချင်ဘူး'လို့လည်းပြောပါတယ်။ စိတ်ထဲမှာ တော်တော်ဝမ်းသာသွားပါတယ်။ ဒီလိုလူငယ်မျိုးတွေ စာနယ်ဇင်းလောကမှာ ရှိနေပါသေးလားဆိုပြီး အားတက်မိပါတယ်။ နှစ်ပေါင်း ၂၀ ကျော် စာနယ်ဇင်းကျင့်ဝတ်တွေအကြောင်း အဓိကထားရေးလာခဲ့တာတွေ အချည်းနှီးမဖြစ်ပါလားလို့လည်း ဝမ်းသာရပါတယ်။ ဒီလိုလူငယ်မျိုးတွေ များများပေါ်ထွက်လာပါစေလို့လည်း တောင့်တမိပါတယ်။

၂၁၊ ၈၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

## ဆုတ်ကပ်ယဉ်ကျေးမှု

နိုင်ငံခြားသတင်းတွေဖတ်ရင်းက ရက်ပေါင်း ၃၄ ရက်ကြာ လက်ဘနွန်စစ်ပွဲ အတိုက်အခိုက်ရပ်စဲသွားတဲ့သတင်း ဖတ်မိပါတယ်။ သတင်းစာတွေရဲ့ အဆို အရ ဟစ်ဘိုလာတို့ဘက်က တပ်သား ၂၅၀ ကျဆုံးပြီး အရပ်သူအရပ်သား ၄၅၀ သေဆုံးတယ်။ အစ္စရေးဘက်က တပ်သား ၄၅ ယောက်ကျဆုံးပြီး အရပ်သား ၃၃ ယောက်သေဆုံးခဲ့တယ်လို့ သိရပါတယ်။

ဒီသတင်းကိုဖတ်ပြီးတော့ ဆက်လက်တွေးတောနေမိပါတယ်။ ဒီစစ်ပွဲ မှာလည်း ဘယ်စစ်ပွဲမျိုးမဆိုဖြစ်မြဲအတိုင်း အပြစ်မဲ့ အရပ်သူအရပ်သားတွေ သာ အများဆုံး သေကြေဒဏ်ရာရဖြစ်ခဲ့တာပါပဲ။ လက်နက်တွေ ခေတ်မီတိုး တက်လာတာနဲ့အမျှ စစ်ပွဲနဲ့ဘာမှမဆိုင်တဲ့ အပြစ်မဲ့ အရပ်သူအရပ်သားတွေရဲ့ ထိခိုက်သေကျေမှုနှုန်း များသထက်ပိုများလာခဲ့ရပါတယ်။ စက်မှုနည်းပညာတွေ တိုးတက်မှုကြောင့် လူသားတွေ ပိုပြီးထိခိုက်သေကျေရတယ်လို့ ကောက်ချက် ချရမလားတောင် အောက်မေ့မိပါတယ်။

မတိုးတက်သေးတဲ့ ဓားခေတ် လှံခေတ်ကဆို လူတွေ ဒီလောက်ဘယ်သေ ကြမှာလဲ။ ခုတော့ မိုင်ပေါင်းများစွာ ဝေးကွာတဲ့နေရာကနေပြီး ဒုံးကျည်တွေနဲ့ လှမ်းပစ်ကြ၊ အမြင့်ကြီးမှာပျံနေတဲ့ လေယာဉ်ပျံကြီးတွေပေါ်ကနေပြီး ဖျက်ဆီး အားပြင်းထန်ကြီးမားလှတဲ့ဗုံးတွေ ကြဲချကြတာဆိုတော့ စစ်စခန်းလား၊ ဆေးရုံ လား၊ ကျောင်းလား ဘယ်ရွေးနေတော့မှာလဲ။ 'မကောင်းသူထိပ် ကောင်းသူ ထိပ်' ဆိုတဲ့သဘောမျိုး ထားလိုက်ကြတော့တာပါပဲ။

လူသားတွေ တိုးတက်ယဉ်ကျေးလာတယ်လို့ ဘယ်စံချိန်နဲ့များ ပြောနေ ကြတာပါလိမ့်။ မတိုးတက်သေးဘူး၊ ယဉ်ကျေးမှုအဆင့် တယ်ပြီးမမြင့်လှ သေးဘူးလို့ဆိုကြတဲ့ ရှေးခေတ်ဟောင်းကတောင် နိုင်ငံနှစ်နိုင်ငံ စစ်ဖြစ်ကြတဲ့ အခါမှာ လူအသေအပျောက်တွေ မများရအောင်ဆိုပြီး ဘုရင်ချင်း၊ စစ်သူကြီး ချင်း စီးချင်းထိုး တိုက်ခိုက်ကြတာမဟုတ်လား။

ကလေးဘဝကကြည့်ခဲ့ရတဲ့ ရော်ဘင်ဟုဒ်လို၊ သူ့ရဲကောင်းသုံးယောက် လို၊ အိုင်ဗင်ဟိုလို၊ အာသာဘုရင်ကြီးလို ရာဇဝင်ဇာတ်ကားတွေမှာလည်း သူ့ရဲကောင်းတွေချင်း စီးချင်းထိုးကြတာ၊ ဓားချင်းယှဉ်ခုတ်ကြတာ။ ရှင်သူက

www.burmeseclassic.com



ဓားလွတ်ကျသွားတယ်ဆိုရင်တောင် ပြန်ကောက်ခိုင်းပြီးမှ ဆက်တိုက်တာ။ သူ့ရဲကောင်းပီသသူဟာ လက်နက်မဲ့နေတဲ့၊ အားနည်းနေတဲ့ရန်သူကို အနိုင်မယူဘူးလို့ သဘောထားကြတာ။ ခုခေတ်တော့ ကြည့်ပါဦး။ ဘင်လာဒင်ဆိုတဲ့ လူတစ်ယောက်ကို ဖမ်းမိဖို့အတွက် အာဖဂန်နစ္စတန်လို နိုင်ငံတစ်ခုလုံးကို ထောင်းလမောင်းကြေအောင် ဗုံးမိုးရွာပစ်လိုက်တယ်လေ။ ဘယ်နည်းနဲ့ နိုင်ရနိုင်ရ၊ နိုင်ဖို့အဓိကဆိုတဲ့စိတ်ဓာတ်ဟာ ယဉ်ကျေးမှုလား။

'ဖဲပလေး'၊ 'ဖဲဖိုက်'လို့ဆိုတဲ့ တရားမျှတစွာ ယှဉ်ပြိုင်ခြင်း၊ တရားမျှတစွာ တိုက်ခိုက်ခြင်းဆိုတာ လူသားတို့ရဲ့အဘိဓာန်မှာ ရှိမှရှိသေးရဲ့လား။ လူသားတို့ရဲ့ ပါးစပ်ကပြောတာ ကြားဖူးကြသေးရဲ့လား။ အားကစားပါလို့ဆိုကြတဲ့ ဘောလုံးကစားခြင်းဆိုတာကိုပဲ ကြည့်ပါဦး။ ကွင်းထဲရောက်တာနဲ့ တစ်ယောက်နဲ့တစ်ယောက် ဆောင့်ကြ၊ ကန်ကြ၊ နင်းကြ၊ တွက်ကြ၊ ဆွဲကြ၊ ရမ်းကြ၊ တွန်းကြနဲ့ ယိုးဒယားလက်ဝှေ့ပွဲကြည့်နေရသလို ဖြစ်နေတော့တယ်။ 'အရှက်' ဆိုတာ နားမှလည်ကြပါလေစ။ လက်သီးထိုးပွဲရှုံးတာနဲ့ ပြိုင်ဖက်ရဲ့နားရွက်ကို ဆွဲကိုက်တဲ့ လက်ဝှေ့သမားဟာ ဘာနဲ့တူသွားသလဲ။ သူ့မျက်စိထဲမှာ လက်လွှတ်လိုက်ရတဲ့ ဆုကြေးငွေတွေကိုသာ မြင်နေသလား။ ယဉ်ကျေးမှုတို့၊ အရှက်တို့၊ သိက္ခာတို့ဆိုတဲ့ စကားလုံးတွေ အဘိဓာန်ထဲမှာ ထည့်သွင်းနေဖို့ လိုပါသေးရဲ့လား။

ဝါးတားဂိတ်ကိစ္စ၊ အီရန်ဂိတ်ကိစ္စတွေတုန်းက တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက် အော်ဟစ်ဆူညံနေတာတောင်မှ နစ်ဆင်တို့၊ ရေဂန်တို့က သူတို့နဲ့ ဘာမှမဆိုင်သလို အိမ်ဖြူတော်ထဲမှာ မိန့်မိန့်ကြီးနေနိုင်ကြတာကို အံ့သြနေမိတယ်။ ဟော၊ 'နောက်လာတဲ့မောင်ပုလဲ ဒိုင်းဝန်ထက်ကဲ'ဆိုသလို ကလင်တန်ကျတော့ မရှက်တတ်လိုက်ပုံများ ပြောမယုံ ကြုံဖူးမှသိဆိုတဲ့အတိုင်းပါပဲ။ ရေဂန်၊ နစ်ဆင်တို့က နိုင်ငံရေးကိစ္စမို့ တော်သေးရဲ့လို့ ဆိုနိုင်သေးတယ်။ ကလင်တန်ကိစ္စက နိုင်ငံရေးနဲ့ ဘာမှမပတ်သက်ဘူး။ စာရိတ္တကိစ္စ။ လူကြားထဲ ထုတ်ပြောရမှာတောင် အားနာလို့မပြောတော့ပါဘူး။ အပျိုဖြန်းလေးသူ့သမီးနဲ့ ကလင်တန်ဟာ ဘယ်လိုမျက်နှာမျိုးနဲ့ ရင်ဆိုင်လေသလဲဆိုတာ မြင်ချင်လိုက်ပါဘိရဲ့။

သိပ္ပံနဲ့နည်းပညာတွေ ဘယ်လိုပဲ တိုးတက်နေပါတယ်ဆိုဆို၊ လူတွေရဲ့ စိတ်ဓာတ်တွေ သေးသိမ်ယုတ်ညံ့လာတာ၊ ရိုင်းစိုင်းလာတာကတော့ အမှန်ပဲ။ ကြီးနိုင်ငယ်ညှဉ်း တောတွင်းဥပဒေသတွေ လွှမ်းမိုးနေတာလည်း မျက်မြင်ပဲ။ အီရန်၊ အီရတ်၊ ဆီးရီးယား၊ လက်ဘနွန်၊ ပါလက်စတိုင်း၊ အစ္စရေးစတဲ့ အရှေ့အလယ်ပိုင်းကနိုင်ငံတွေ ကြည့်ပါလား။ သေနတ်ကိုင်ပြီး ရမ်းကားချင်



www.burmeseclassic.com

www.burmeseclassic.com



တိုင်း ရမ်းကားနေကြတာပဲလေ။ သေကြကျေကြ၊ ဒုက္ခရောက်ကြရတာက လက်နက်မဲ့ အရပ်သူအရပ်သားတွေချည်းပဲ။ ပါလက်စတိုင်းက အိုးမဲ့အိမ်မဲ့၊ နိုင်ငံမဲ့ဒုက္ခသည်တွေဆိုလည်း နှစ်ပေါင်း ၅၀ ကျော်၊ ၆၀ နီးပါးသာတိုင်ခဲ့ပြီ။ ခုထိ အိုးမဲ့အိမ်မဲ့၊ နိုင်ငံမဲ့ဘဝမှာပဲ ရှိနေကြသေးတယ်။

အီရတ်ပြည်သူတွေကို ကယ်တင်ဖို့ဆိုတဲ့ ကယ်တင်ရှင်ကြီးရဲ့ ကောင်းမှုကြောင့် အီရတ်က ပြည်သူပြည်သားတွေအားလုံး ဘယ်လိုဘဝမျိုး ရောက်နေကြသလဲဆိုတာ မျက်မြင်ပဲ။ စစ်မီးလျှံတွေ၊ အပျက်အစီးနဲ့ ပြာပုံတွေကြားက လူမသိသူမသိ အမြတ်ထွက်နေကြတာကတော့ ဒုတိယသမ္မတကြီး မစ္စတာ ချင်နီရဲ့ အပေါင်းအသင်း ရေနံသူဌေးကြီးတွေပဲ ဖြစ်ကြတယ်။ နောက်ပြီးတော့ လက်နက်ခဲယမ်းမီးကျောက်တွေ ထုတ်လုပ်ရောင်းချနေကြတဲ့ 'မရဏကုန်သည်'ကြီးတွေနဲ့ လက်နက်ပွဲစားတွေဖြစ်တယ်။ ဒီလူတွေကတော့ စစ်ဖြစ်လေ ကြိုက်လေပေါ့။ စစ်မဖြစ်ရင်လည်း ဖြစ်အောင် မီးလောင်ရာလေပင့်လုပ်ကြမှာပဲ။ ဒီလူစားမျိုးတွေက စစ်ကိုမှီပြီး ကြီးပွားချမ်းသာနေကြတာ မဟုတ်လား။

စစ်ကြောင့် မြို့ပြပြည်ရွာတွေ ပြာပုံဘဝရောက်ကြရတယ်။ လူ့အသက်ပေါင်းများစွာ အလဟဿဆုံးရှုံးရတယ်။ ကလေးသူငယ်တွေ မိဘမဲ့ကြရတယ်။ သားသေလင်ဆုံး၊ အပူလုံးကြွ ကျန်ရစ်ကြရတယ်။ အသက်မသေ ကျန်ရစ်သူတွေလည်း စိတ်ဓာတ်တွေ ကြမ်းတမ်းခက်ထန်ပြီး ရိုင်းစိုင်းရက်စက် ဖြစ်ကုန်ကြတယ်။ 'ကြောင်ဖြူတာ မည်းတာ အရေးမကြီးဘူး။ ကြွက်မိဖို့သာလိုရင်းပဲ' ဆိုတဲ့စိတ်ဓာတ် ဒီနေ့ကမ္ဘာတစ်ခုလုံးမှာ လွှမ်းမိုးပြီးတော့ 'ဘယ်သူသေသေ ငတေမာပြီးရော' ကျင့်ကြံနေကြတယ်။ အားကစားစိတ်ဓာတ်တို့၊ လူကြီးလူကောင်းစိတ်ဓာတ်တို့၊ အရှက်တို့၊ သိက္ခာတို့ဆိုတဲ့စကားလုံးတွေ အဘိဓာန်တွေထဲမှာ ပါသေးရဲ့လားလို့ လှန်ကြည့်ကြည့်ပါဦး။

၂၅၊ ၈၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# ပထမတန်းစားစိတ်ဓာတ်

'ကမ္ဘာကြီးတစ်ခုလုံး စိတ်ပျက်စရာချည်းပါပဲ။ ဘယ်နေရာ ကြည့်လိုက်ကြည့်လိုက် သတ်ကြဖြတ်ကြ၊ တိုက်ကြခိုက်ကြနဲ့ ဖြစ်ချင်တိုင်းဖြစ်နေတော့တာပဲ။ ကြီးနိုင်ငယ်ညှဉ်းစနစ်ကြီး ပပျောက်ပြီး ကမ္ဘာကြီးငြိမ်းချမ်းအောင် ဘယ်လိုလုပ်ရမလဲ'

စာဖတ်ရကောင်းမှန်းသိတဲ့ လူငယ်လေးတွေလာတိုင်း ဒီစကားမျိုး ပြောတတ်ကြပါတယ်။ ဟုတ်တော့လည်း ဟုတ်တယ်။ ညည်းမယ်ဆိုလည်း ညည်းထိုက်တယ်။ ကမ္ဘာ့မြေပုံပေါ်ကို ထောက်ချင်တဲ့နေရာ လက်ညှိုးနဲ့ထောက်လိုက်၊ သတ်ဖြတ်မှု၊ တိုက်ခိုက်မှု ကင်းတဲ့နေရာလို့ကို မရှိပါဘူး။

## စစ်ကလေးတွေနဲ့ စစ်ကြီးတွေ

အရှေ့ပိုင်းက အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊ ဖိလစ်ပိုင် စတဲ့နိုင်ငံအားလုံးမှာ နေ့စဉ် ပစ်ခတ်တိုက်ခိုက်သံတွေ၊ အသေခံ ဗုံးခွဲလို့ လူဒါဇင်ပေါင်းများစွာ သေကြရတာတွေ ကြားနေရ၊ မြင်နေရတယ်။ အရှေ့အလယ်ပိုင်းမှာ အမေရိကန်က အီရတ်ကို ဝင်ရောက်သိမ်းပိုက်ထားပြီး အီရန်ကိုလည်းတိုက်မယ်ခိုက်မယ်နဲ့ တစ်ကြိမ်းထဲကြိမ်းနေတယ်။ အဲဒီအချိန်မှာ အစ္စရေးက ဆိုင်းမဆင့် ဗုံမဆင့်နဲ့ လက်ဘနွန်ကို ဝင်တိုက်ပစ်လိုက်လို့ ထိတ်လန့်တကြား ဖြစ်ကုန်ကြရပြန်တယ်။ ဒုက္ခသည်စခန်းတွေမှာ နှစ်ပေါင်း ၅၀ ကျော်နေခဲ့ကြရတဲ့ ပါလက်စတိုင်းတွေကလည်း 'သေသော်မှတည့် ဩော်ကောင်း၏' စိတ်ဓာတ်သွင်းပြီး ကိုယ့်ကိုယ်ကိုယ် အသေခံတိုက်ခိုက်နေကြတယ်။

## ဥရောပမှာလည်း မအေးချမ်း

အာဖရိကမှာလည်း ဆူဒန်၊ ဒါဖောဒေသမှာ လူမျိုးတစ်မျိုးလုံး ကွယ်ပျောက်အောင် လုပ်နေကြသတဲ့။ ဥရောပမှာလည်း ရုရှားနဲ့ ဂျော်ဂျီယာက သေနတ်တပြင်ပြင်၊ ချက်ချန်းမှာလည်း နေ့စဉ် တိုက်ကြခိုက်ကြ၊ စစ်ဖြစ်မနေတဲ့ ဥရောပနိုင်ငံတွေမှာလည်း ငြိမ်းချမ်းနေတယ်မထင်နဲ့။ ဗြိတိန်က မီးရထား၊ ဘတ်စ်ကားဗုံးခွဲတိုက်ခိုက်မှုကြီးတွေလို ဖြစ်ရပ်မျိုးတွေ နိုင်ငံတိုင်းမှာ ဖြစ်လာနိုင်တဲ့ ရေခံမြေခံအကြောင်းတရားတွေ ရှိနေတာကြောင့် ရင်တထိတ်ထိတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



နေကြရတာ။ ခုတလောဆို လေယာဉ်စီးခရီးသည်တွေ ရေမွှေးပုလင်းနဲ့ ခေါင်းလျှော်ရည်ပုလင်းတောင် ယူခွင့်မပြုဘူးတဲ့။

## ရုပ်ဘိုယဉ်ကျေးမှု

အမေရိကန်လိုနိုင်ငံမှာလည်း ရုပ်ဘိုယဉ်ကျေးမှုလွှမ်းမိုးပြီး စိတ်ရူးထနေတဲ့ လူတစ်ယောက်က လမ်းပေါ်ကလူတွေကို သေနတ်နဲ့လျှောက်ပစ်တာ၊ စာသင်ကျောင်းထဲက ကလေးသူငယ်တွေကို အကြောင်းမဲ့ မောင်းပြန်သေနတ်ကျည်ကပ်မကုန်မချင်း လက်သရမ်းတာမျိုးတွေ နေ့စဉ်တွေ့မြင် ကြားသိနေရတယ်။ အဲဒါတွေနဲ့တစ်ချိန်တည်း ဘယ်နိုင်ငံက ဘယ်ဝန်ကြီး အကျင့်ပျက်လာဘ်စားမှုနဲ့ တရားစွဲခံရတယ်ဆိုတဲ့ သတင်းမျိုးတွေလည်း နေ့စဉ် သတင်းစာတွေမှာ မပါတဲ့နေ့ကိုမရှိဘူး။ တခြားမပြောနဲ့။ ဘောလုံးလောကမှာလည်း စိတ်ပျက်စရာပဲ။ ဂျာမနီကဒိုင်လူကြီးတွေ လာဘ်ယူမှုပေါ်ပေါက်ပြီး သိပ်မကြာခင်မှာပဲ အီတလီကဘောလုံးသင်းတွေရဲ့ မသမာမှုတွေ ပေါ်ထွက်လာခဲ့တယ်။ ခုတစ်ခါ အင်္ဂလန်ဘောလုံးလောကရဲ့ အပုပ်နံ့တွေ လှိုင်နေအောင် ထွက်လာပြန်ပြီ။

## စိတ်ဓာတ်ရေးရာ ချွတ်ခြုံကျ

လူ့လောကအနှံ့အပြား ဖြစ်ပျက်နေတာတွေကိုကြည့်ပြီး လူသားတွေဟာ တစ်နေ့တခြား ရက်စက်ကြမ်းကြုတ်လာကြတယ်။ အရိုင်းအစိုင်းဘဝကို ပြန်သွားနေကြတယ်လို့ ကောက်ချက်ချရင် လွန်မယ်မထင်ဘူး။ နည်းပညာတွေ တစ်ဟုန်ထိုး တိုးတက်လာတာနဲ့အမျှ ရုပ်ပိုင်းဆိုင်ရာပိုင်းမှာ အံ့မခန်းကုံလုံကြွယ်ဝပေမယ့် စိတ်ပိုင်းဆိုင်ရာမှာတော့ ကြောက်စရာကောင်းလောက်အောင်ကို ချွတ်ခြုံကျနေတယ်လို့ ယူဆမိတယ်။ နိုင်ငံတိုင်းနိုင်ငံတိုင်းက ကိုယ်ကျိုးစီးပွားတစ်ခုတည်းကိုသာ ရှေ့တန်းတင်လွန်းအားကြီးနေကြတယ်။ နိုင်ငံငယ်ကလေးတွေကို နိုင်ငံကြီးတွေက မျက်နှာပြောင်တိုက်ပြီး အနိုင်ကျင့်ချင်တိုင်း ကျင့်နေကြတယ်။ 'ကြောင်ဖြူ ကြောင်မည်းက အရေးမကြီးဘူး။ အမြတ်ရဖို့ လိုရင်းပဲ'ဆိုတဲ့အဘိဓမ္မာက စီးပွားရေးနယ်ပယ်မှာသာမဟုတ်။ လူမှုရေးနယ်ပယ်၊ ယဉ်ကျေးမှုနယ်ပယ်၊ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွေအထိ လွှမ်းမိုးနေတော့တယ်။

## ရော်ဘင်ဟုဒ်နဲ့ အိုင်ဗင်ဟို

ဒီအဖြစ်မျိုးတွေ ရုပ်မြင်သံကြားမှာ နေ့စဉ်မြင်တွေ့နေရ၊ စာနယ်ဇင်းတွေမှာ အမြဲမပြတ် ဖတ်နေရလေတော့ ငယ်စဉ်ကကြည့်ခဲ့ရတဲ့ ရော်ဘင်ဟုဒ်တို့



www.burmeseclassic.com

www.burmeseclassic.com



အိုင်ဗင်ဟိုတို့လို ရုပ်ရှင်ကားတွေကို ပြန်လွမ်းမိတယ်။ ရော်ဘင်ဟုဒ်ဆိုတာက ရှားဝုဒ်တောထဲက တောပုန်းကြီးဘဝမရောက်ခင်မှာ နယ်စားကြီးတစ်ယောက်ဖြစ်တယ်။ နယ်စားပယ်စားတွေက ဆင်းရဲသူ ဆင်းရဲသားများကို တရားလွန်နှိုင်ထက်စီးနင်းပြုတာတွေကို မနှစ်မြို့လို့ ဆင်းရဲသားတွေကို ကာကွယ်စောင့်ရှောက်ရင်းနဲ့ တောပုန်းကြီးဘဝ ရောက်ရှိသွားတာဖြစ်တယ်။ အိုင်ဗင်ဟိုဆိုတာကလည်း ရော်ဘင်ဟုဒ်လိုပဲ ကိုယ်နဲ့ဘာမှမဆိုင်တဲ့ ဂျူးမလေး သားအဖကို နယ်စားပယ်စားကြီးတွေနဲ့ အဲဒီခေတ်က တန်ခိုးထွားတဲ့ သာသနာ့ဝန်ထမ်းအမည်ခံ ကာဒီနယ်ကြီးတွေရဲ့ မတရားလုပ်ဆောင်မှုတွေကနေ ကာကွယ်စောင့်ရှောက်ပေးခဲ့တဲ့ သူရဲကောင်းဖြစ်တယ်။

## ပထမတန်းစား စိတ်ဓာတ်

ရော်ဘင်ဟုဒ်တို့လိုပဲ ငယ်စဉ်ကဖတ်ခဲ့ရတဲ့ ဆာဝါလ်တာစကော့တို့ အလက်ဇန္ဒားဒူးမားတို့ရဲ့ ဝတ္ထုကြီးတွေထဲက ဇာတ်လိုက်တွေဟာလည်း မတရားမှုကိုဆန့်ကျင်၊ ဆင်းရဲသူ ဆင်းရဲသားနင်းပြားတွေကို ကာကွယ်စောင့်ရှောက်သူတွေ ဖြစ်ခဲ့ကြတယ်။ သူရဲကောင်းများပီပီ စိတ်ဓာတ်ကလည်း ပထမတန်းအဆင့်မြင့်စိတ်ဓာတ်ဖြစ်တယ်။ ရန်သူနဲ့ သူသေငါသေ ယှဉ်ပြိုင်တိုက်ခိုက်နေကြရာမှာတောင် အဆင့်မြင့်စိတ်ဓာတ်ကို တစ်ဆံချည်မျှ အစွန်းအထင်းမခံကြသူတွေဖြစ်တယ်။ တိုက်ရင်းခိုက်ရင်း ရန်သူ့လက်က ဓားလွတ်ကျသွားရင် ဝမ်းသာအားရ ပြေးဝင်ထိုးသတ်လိုက်မယ် မထင်နဲ့။ ဘယ်တော့မှအဲဒီလိုမလုပ်ဘူး။ ရန်သူကို ဓားပြန်ကောက်ခွင့်ပေးပြီးမှ ဆက်တိုက်တာ။ ရန်သူကသာဆိုရင် ကိုယ့်ကို အားရဝမ်းသာ သတ်လိုက်မှာဆိုတာ သိနေတာတောင် ကိုယ့်ဂုဏ်သိက္ခာကို အထိပါးမခံဘူး။ တရားမျှတစွာ အနိုင်ရတာကိုပဲအလေးထားတာ။ စိတ်ဓာတ်က အဲဒီလောက်အဆင့်မြင့်တာ။

## ဂျန်တယ်မဲန်စိတ်ဓာတ်

အဲဒီအဆင့်မြင့်စိတ်ဓာတ်မျိုးကို ဆရာကြီးရွှေဥဒေါင်းကတော့ ဂျန်တယ်မဲန် (Gentleman)စိတ်ဓာတ်လို့ ခေါ်တယ်။ ဆရာကြီးက ဒီစိတ်ဓာတ်ကို သိပ်မွှန်းတာ။ မြန်မာဗုဒ္ဓဘာသာတွေက 'အရိယာ'ဆိုတဲ့ စကားလုံးကို မြတ်နိုးတန်ဖိုးထားကြသလို သူတို့အင်္ဂလိပ်တွေကလည်း ဂျန်တယ်မဲန် စိတ်ဓာတ်ကို မြတ်နိုးတန်ဖိုးထားကြတယ်လို့ ဆရာကြီးကရေးခဲ့ဖူးပါတယ်။ ဆရာကြီးက 'ဂျန်းတယ်မဲန်ဟူသည်မှာ လောကအတွင်း၌ အကောင်းဆုံးသော စာရိတ္တအရည်အချင်းရှိသူတစ်ယောက်ဟူ၍ သူတို့က ဆိုလိုပေသည်။ လောကီလူသား



www.burmeseclassic.com

www.burmeseclassic.com

လူထုစိန်ဝင်း

တစ်ယောက်အနေဖြင့် ဂျန်တလ်မဲန်ထက်ပိုပြီးကောင်းရန် မဖြစ်နိုင်ဟူ၍ သူတို့က ယူဆကြသည်'လို့ တစ်သက်တာမှတ်တမ်းစာအုပ်ကြီးမှာ ရေးခဲ့ပါတယ်။

## ကြက်သီးထခဲ့ရတဲ့စကား

'မင်းသားသူငယ်ဖြစ်သသူကို ငါ ဝမ်းမသာဘူး။ ဆေးဝါးထမင်းကိုသာ စားပါ။ လွတ်အောင်ကုမ၍ လွတ်လျှင် သည့်တွင်နေလိုလည်း ငါ့သမီးတော်နှင့် စုံမက်၍ အိမ်ရှေ့အရာ ငါပေးတော်မူမည်။ အင်းဝသို့ သွားလိုသောစိတ်ရှိလျှင်လည်း ငါက အမှူးအမတ်တို့ကို ပို့စိမ့်မည်။ ကိုယ်ကိုသာ ကျန်းအောင်ပြုပါဟူ၍ ဆေးလည်း ပေးတော်မူ၏'

ဟံသာဝတီပြည့်ရှင် ရာဇာဓိရာဇ်မင်းတရားရဲ့ ဒီစကားကို ရာဇဝင်မှာ ဖတ်ပြီး ကြက်သီးထအောင် ကြည်နူးခဲ့ရတာကို ပြန်အမှတ်ရမိပါတယ်။ အင်းဝနဲ့ ဟံသာဝတီဟာ အကြိမ်ကြိမ် စစ်ပြိုင်ခဲ့ကြပါတယ်။ တစ်ကြိမ်မှာတော့ အင်းဝတပ်ကို မင်းပျိုမင်းလွင်လေးဖြစ်တဲ့ မင်းရဲကျော်စွာက ဦးဆောင်လာပါတယ်။ ရင်ဆိုင်တိုက်ကြရာမှာ မင်းရဲကျော်စွာ ပေါင်မှာလှံချက်မိပြီး ဆင်ပေါ်က ကျပါတယ်။ သုံ့အဖြစ်ရတဲ့ မင်းရဲကျော်စွာကို ရာဇာဓိရာဇ်ကိုယ်တိုင် လာရောက်ကြည့်ရှုပြီး ပြောခဲ့တဲ့စကားဖြစ်တယ်။ ရန်သူပင်ဖြစ်လင့်ကစား သူရဲကောင်းကို လေးစားတန်ဖိုးထားတဲ့ ရာဇာဓိရာဇ်ရဲ့စိတ်ဟာ အင်မတန်မှကို အဆင့်မြင့်တဲ့စိတ်ဓာတ်ပါ။ ဆရာကြီးရွှေဥဒေါင်းပြောတဲ့ ဂျန်တလ်မဲန်စိတ်ဓာတ်၊ လူကြီးလူကောင်းစိတ်ဓာတ်မျိုး ဖြစ်ပါတယ်။

## ဂျော့ဘုရှ်က လူကြီးလူကောင်းလား

အီရတ်လိုနိုင်ငံငယ်လေးကို ဝင်တိုက်သိမ်းပိုက်တဲ့ ဂျော့ဘုရှ်လိုလူမျိုးကို လူကြီးလူကောင်းလို့ ခေါ်နိုင်ပါ့မလား။ လူသန်းပေါင်းများစွာကို စစ်အင်အားနဲ့ တိုက်ခိုက်၊ နှင်ထုတ်ပြီး သူတို့အိမ်တွေပေါ် ခပ်တည်တည်နဲ့ တက်နေ၊ သူတို့ ခြံမြေတွေကို ကိုယ့်ခြံလုပ်ပြီး စိုက်ပျိုးစားသောက်နေတဲ့ စိတ်ဓာတ်မျိုးကိုလည်း လူကြီးလူကောင်းစိတ်ဓာတ်လို့ သတ်မှတ်နိုင်ပါ့မလား။ လူကြီးလူကောင်းစိတ်ဓာတ်မျိုး ဆိတ်သုဉ်းနေသမျှတော့ ကမ္ဘာကြီး ငြိမ်းချမ်းသာယာဖို့ မျှော်လင့်နိုင်ဖွယ် မရှိပါဘူး။ ခုမှ လူ့လောကထဲဝင်ရောက်လာစ ကလေးလေးတွေကိုသာ ရော်ဘင်ဟုဒ်အကြောင်းတို့၊ ရာဇာဓိရာဇ်မင်းတရားရဲ့ စိတ်ဓာတ်အကြောင်းတို့ များများပြောပြပေးကြပါလို့သာ နှိုးဆော်လိုက်ပါရစေတော့။

၃၀၊ ၉၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# စာဖတ်သူမှာ ကြိုက်သလိုဝေဖန်ခွင့်ရှိတယ်

တစ်နေ့က မိတ်ဆွေတစ်ယောက်က ရောက်တတ်ရာရာစကားတွေ ပြောနေကြရင်းက ဒီတစ်ပတ် သူဖတ်ခဲ့ရတဲ့ ဂျာနယ်ဆောင်းပါးတွေထဲက တစ်ပုဒ်ကိုတော့ မကြိုက်ဘူး၊ တစ်ပုဒ်ကိုတော့ တော်တော်ကြီးကိုကြိုက်တယ်လို့ ပြောပါတယ်။

သူ့စကားကို ပြုံးပြီး နားထောင်နေလိုက်ပါတယ်။ ဘာကြောင့် မကြိုက်တာလဲတို့၊ ဘာတို့ မေးမနေတော့ပါဘူး။ အဲဒီဆောင်းပါးကို ရေးကတည်းက မကြိုက်သူလည်းရှိ၊ ကြိုက်သူလည်းရှိ ဖြစ်လိမ့်မယ်ဆိုတာ သိထားပြီးသားကိုး။ စာနယ်ဇင်းဆောင်းပါးရေးသူဆိုတာက သတင်းတစ်ခု၊ ကိစ္စတစ်ခုအပေါ်မှာ ကိုယ်ပိုင်ထင်မြင်ယူဆချက်ကို ရေးကြရတာမဟုတ်လား။ ဒီတော့ ကိုယ်ပိုင်အယူအဆနဲ့ မတူကွဲပြားခြားနားတာတွေရှိတာ သဘာဝပဲဖြစ်တယ်။ ဘာကိုယ်ပိုင်အယူအဆမှမရှိရင် ဘာသဘောကွဲပြားမှုမှလည်း မရှိဘူးပေါ့လေ။ ပြောစရာသဘောထားတစ်ခု၊ အကြောင်းတစ်ခုမှမရှိရင်လည်း ဘယ်လိုလုပ်ပြီး ဆောင်းပါးဖြစ်တော့မှာလဲ။

ဆောင်းပါးရေးတယ်ဆိုတာက စာဖတ်ပရိသတ်ကို တစ်ခုခုပေးချင်လို့၊ ပြောချင်လို့ ရေးကြတာဖြစ်ပါတယ်။ သုတစာရေးဆရာက သုတကိုပေးတယ်။ ရသစာရေးဆရာက ရသကိုပေးပါတယ်။ သုတ၊ ရသစာရေးဆရာမဟုတ်တဲ့ စာနယ်ဇင်းသမား ဆောင်းပါးရေးတာကျတော့ သတင်းနဲ့ပတ်သက်ပြီး ရှင်းလင်းစရာ၊ သုံးသပ်ဝေဖန်ပြစရာများရှိလို့ ရေးကြတာဖြစ်ပါတယ်။ သတင်းစာနဲ့ သတင်းဂျာနယ်များမှာ ရေးလေ့ရှိတဲ့ဆောင်းပါးတွေက ဒီလိုဆောင်းပါးမျိုးတွေ ဖြစ်ပါတယ်။ သတင်းတစ်ခုကို ဆန်းစစ်ဝေဖန်ပြတဲ့အခါမှာ ရေးသားသူရဲ့ ကိုယ်ပိုင်အခံ အတွေးအခေါ်၊ အယူအဆ၊ ဒဿနကနေပြီး ပေါ်ထွက်လာတာဖြစ်တဲ့အတွက် သဘောတူသူရှိသလို သဘောမတူသူလည်း ရှိမြဲဖြစ်တယ်။ စာဖတ်သူဟာ ဒီစာစောင်တစ်ခုတည်းသာ ဖတ်နေတာမဟုတ်ပါဘူး။ တခြားသူသဘောတွေ့ရာ စာစောင်တွေလည်း ဖတ်နေကြမှာပါ။ စာစောင်မျိုးစုံက အမြင်ပေါင်းစုံ၊ အယူအဆပေါင်းစုံ၊ ဒဿနပေါင်းစုံကို ဖတ်ရှုလေ့လာပြီးတဲ့အခါမှာ သူနှစ်သက်ရာအယူအဆကို ယူကြမှာဖြစ်တယ်။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေ များများရှိလေ ပိုကောင်းလေလို့ ဆိုခဲ့ကြတာပေါ့။ စာဖတ်သူကလည်း စာစုံအောင်ဖတ်လေ ကောင်းလေပါပဲ။

ကျွန်တော်တို့ စာနယ်ဇင်းသမားဆိုတာက သုတစာရေးဆရာ မဟုတ်ပါဘူး။ သုတပေးနိုင်လောက်အောင် တစ်စုံတစ်ရာကို ထဲထဲဝင်ဝင်၊ နှံ့နှံ့စပ်စပ်ကြီး လေ့လာခဲ့၊ ဆည်းပူးခဲ့သူ မဟုတ်ပါဘူး။ something of everything ဆိုတဲ့အတိုင်း ဟိုစပ်စပ်၊ ဒီစပ်စပ် နယ်ပယ်အနှံ့ တီးမိခေါက်မိရုံမျှ လေ့လာခဲ့ရတာပါ။

နောက်ပြီးတော့ ရသစာရေးဆရာလည်း မဟုတ်ပါဘူး။ ရသစာမျိုးတွေ ရေးလည်း မရေးတတ်ပါဘူး။ သတင်းရှာသူ၊ သတင်းရေးသူ၊ သတင်းဆန်းစစ်သူသာလျှင် ဖြစ်ပါတယ်။ တချို့ပါရမီရှင်လို့ဆိုလောက်တဲ့ စာနယ်ဇင်းသမားများ ရသစာပေအရေးအဖွဲ့မှာလည်း ထူးချွန်ကြပါတယ်။ ဒါပေမဲ့ အင်မတန်နည်းပါတယ်။ ဒါကြောင့် ပါရမီရှင်များသာ နှစ်ဖက်စလုံးမှာ တော်ကြတယ်လို့ ပြောတာပါ။

စာနယ်ဇင်းသမားရဲ့အလုပ်ဖြစ်တဲ့ သတင်းကိုဆန်းစစ်ပြရာမှာ စောစောက ပြောခဲ့သလို အခံရှိနေတဲ့ဒဿနနဲ့သာ သုံးသပ်ဝေဖန် စောကြောကြမြဲဖြစ်တယ်။ ကိုယ့်အမြင် ကိုယ့်ဒဿနနဲ့ မတူတဲ့သုံးသပ်ချက်၊ မတူတဲ့အမြင် မလွဲမသွေ ရှိမှာဖြစ်တယ်။ အဲဒီလိုမတူတာနဲ့ ရန်သူလို့သတ်မှတ်ရင် တစ်လောကလုံးနဲ့ ရန်ဖြစ်နေရမှာပေါ့။ တစ်အူတုံဆင်း ညီအစ်ကိုရင်းတောင်မှ အကြိုက်တွေ၊ စရိုက်တွေ၊ အမြင်တွေ တူကြတာမှမဟုတ်တာ။

မတူတဲ့ရောင်စဉ် ၇ ပါးရှိနေလို့ လှပတဲ့၊ လူမျိုးတိုင်းစာဖွဲ့ကြရတဲ့ သက်တံဖြစ်နေကြတာ မဟုတ်လား။ အရောင်တစ်ရောင်တည်း၊ နေရောင်ခြည်ရဲ့အရောင်လို တစ်မျိုးတည်းဖြစ်နေရင် မြင်တောင်မြင်ရမှာမဟုတ်ဘူး။ သက်တံလည်း ဖြစ်လာမှာမဟုတ်ဘူး။ လှပဖို့၊ စာဖွဲ့ဖို့ဆိုတာ ဝေလာဝေးပေါ့။ စာဖတ်ပရိသတ်က ကိုယ်ရေးသမျှ အမှန်လို့ လက်ခံလိမ့်မယ်လို့ မှတ်ယူမထားသင့်ဘူး။ မြန်မာစာဖတ်ပရိသတ်က ရှင်ကြီးဝမ်းလည်းဝင်ခဲ့ဖူး၊ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ဖူးလို့ လှစ်ခနဲနေအောင်ကို ပါးပါး နပ်ပါတယ်။ နယ်ချဲ့လက်အောက်နှစ်ပေါင်းတစ်ရာကျော်နဲ့ ဖက်ဆစ်လက်အောက် သုံးနှစ်လောက် ပါးရိုက်နားရိုက်၊ လက်သည်းခြေသည်း အခွာခံပြီး နေခဲ့ရတဲ့ အတွေ့အကြုံမျိုးကို အင်္ဂလိပ်၊ အမေရိကန်လူမျိုးတွေ မခံစားဖူးတာမို့ နိုင်ငံရေးအသိအမြင်၊ အကင်းပါးမှုမှာ သူတို့ဆီက ပါရဂူဆိုသူတွေထက် မြန်မာပြည်က သာမန်လူတစ်ယောက်ကတောင် သာပါတယ်လို့ ပြောဝံ့ပါတယ်။

ဝါးလုံးခေါင်းထဲ လသာနေတာ၊ ပုဆိုးခြုံထဲက လက်သီးပြနေတာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ နှစ်ပေါင်း ၅၀ နီးပါး စာနယ်ဇင်းသမားဘဝနဲ့ ဘုရင်ကေရာဇ်ကအစ၊ ကမ္ဘာ့ခေါင်းဆောင်တွေအလယ်၊ ပညာရှင်တို့၊ ပါရဂူတို့ဆိုတဲ့လူတွေနဲ့ သာမန်တိုင်းသူပြည်သား အသားရောင်မျိုးစုံတွေအထိ တွေ့ထိဆက်ဆံခဲ့ရ၊ ဆက်ဆံနေရဆဲ ကိုယ်တွေ့ဘဝကနေပြီး သိလာခဲ့ရတဲ့ဗဟုသုတကြောင့် ပြောရဲတာပါ။

မြန်မာစာဖတ်ပရိသတ်၊ မြန်မာလူမျိုးတွေကို လိမ်လို့မရပါဘူး။ ကျွန်တော်တို့ရေးလိုက်တဲ့ စာတစ်ပုဒ်ရဲ့ လာရာနဲ့ လားရာကို ကောင်းကောင်းသိပါတယ်။ အတိမ်အနက်ကိုလည်း ဆဝါးနိုင်စွမ်းပါတယ်။ ပြီးလွယ်စီးလွယ် မရေးသင့်ပါဘူး။ စာလုံးတွေစီထားတိုင်း စာမဖြစ်တာကိုလည်း သတိပြုသင့်ပါတယ်။

ကိုယ်ရေးလိုက်တဲ့စာကို သဘောမတူတာ၊ ဝေဖန်သုံးသပ်တာကိုလည်း နားလည်မှု ရှိသင့်ပါတယ်။ ကိုယ့်မှာ ကိုယ့်အယူအဆကို လွတ်လွတ်လပ်လပ်တင်ပြခွင့်ရှိတဲ့အတိုင်း တင်ပြလိုက်သလို ကြိုက်တယ်၊ မကြိုက်ဘူးလို့ လွတ်လွတ်လပ်လပ်ပြောခွင့် တစ်ဖက်သားမှာ၊ စာဖတ်သူမှာ ရှိနေပါလားဆိုတာကိုလည်း အသိအမှတ်ပြု ရှိသေလေးစားရမှာ ဖြစ်ပါတယ်။ ကိုယ့်ကိုဝေဖန်တဲ့သူတိုင်းကို ရန်သူလို့သဘောထားနေလို့ ဘယ်ဖြစ်မှာလဲ။ ပိုက်ဆံပေး ဝယ်ဖတ်ရတဲ့ စာဖတ်သူမှာ ကြိုက်သလို ဝေဖန်ပြောဆိုခွင့်၊ ရေးသားခွင့် ရှိပါတယ်။ ဒါကို ကျွန်တော်တို့အားလုံး နားလည်လက်ခံကြဖို့တော့ အထူးလိုအပ်ကြောင်း ပြောချင်ပါတယ်။

၈၊ ၉၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# ကြီးစားဖို့ပဲ လိုတယ်

'မြေကြီးပေါ်က ကောင်းကင်ဘုံ'

နာမည်ကျော် အင်္ဂလိပ်စာရေးဆရာကြီး ဂျော့အော်ဝဲက မြန်မာနိုင်ငံကို တင်စားခေါ်ခဲ့တာဖြစ်ပါတယ်။ မြန်မာပြည်ဟာ ထူးထူးခြားခြားကို လှပတဲ့ နိုင်ငံတစ်ခုဖြစ်တယ်။ ရာသီဥတုက အပူပိုင်းဒေသသတစ်ခုလုံးမှာ အမျှတဆုံး ဖြစ်တယ်။ ကျယ်ပြန့်တဲ့မြစ်ကြီးတွေ၊ မြင့်မားမတ်စောက်တဲ့ တောင်တန်းကြီး တွေ၊ အမြဲစိမ်းနေတဲ့သစ်တောကြီးတွေ၊ အရောင်အသွေးစုံလှတဲ့ ပန်းပင်တွေ၊ စွဲမက်ဖွယ်ကောင်းတဲ့ သီးနှံတွေနဲ့ မြင်လိုက်ရုံနဲ့ကို စိတ်ထဲမှာ(earthly paradise) မြေကြီးပေါ်က ကောင်းကင်ဘုံလို့ ထင်မှတ်လိုက်ရတယ်လို့လည်း ဂျော့အော်ဝဲက ဖွဲ့နွဲ့ရေးသားခဲ့ပါသေးတယ်။

ဂျော့အော်ဝဲဆိုတာက ၁၉၂၂ ခုနှစ်က ၁၉၂၇ ခုနှစ်အထိ ဗြိတိသျှ အစိုးရရဲ့ မြန်မာနိုင်ငံပုလိပ်အဖွဲ့ကြီးထဲမှာ ကိုလိုနီအရာရှိတစ်ဦးအဖြစ် အမှု ထမ်းခဲ့ဖူးသူ ဖြစ်ပါတယ်။ မြန်မာစကား၊ ဟင်ဒီစကားနဲ့ စကောကရင်စကား များ ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်ပါတယ်။ မြန်မာနိုင်ငံ ကိုလိုနီအစိုးရရဲ့ နှိပ်ကွပ်ရေးယန္တရားတစ်ခုဖြစ်တဲ့ ပုလိပ်အဖွဲ့မှာ ၅ နှစ်ကြာ အမှုထမ်းရင်းနဲ့ သူဟာ ကိုလိုနီနယ်ချဲ့စနစ်ကြီးကို နဖူးတွေ့ဒူးတွေ့ တွေ့ခဲ့ရပြီး အင်မတန် စက်ဆုပ်ရွံရှာသွားခဲ့ပါတယ်။ အဲဒါကြောင့် ၅ နှစ်ပြည့်လို့ အင်္ဂလန်ကို ခွင့်နဲ့ ပြန်လာခိုက်မှာ တစ်ခါတည်း နုတ်ထွက်ပစ်လိုက်ပါတယ်။

သူဟာ ကိုလိုနီနယ်ချဲ့စနစ်ကြီးကို စက်ဆုပ်မုန်းတီးသလို ကွန်မြူနစ်စနစ် ကိုလည်း ခါးခါးသီးသီးမုန်းသူ ဖြစ်ပါတယ်။ Animal Farm, 1984 စတဲ့ နာမည်ကျော် အာဏာရှင်စနစ် ဆန့်ကျင်ရေးစာအုပ်ကြီးတွေ ရေးခဲ့သူလည်း ဖြစ်ပါတယ်။

အဲဒီ မစ္စတာအော်ဝဲက မြန်မာနိုင်ငံကို အပူပိုင်းဒေသရဲ့ အလှဆုံးနိုင်ငံ လို့ စာဖွဲ့ရုံမျှ မကသေးပါဘူး။ 'မြန်မာနိုင်ငံဟာ ကမ္ဘာ့အချမ်းသာဆုံး နိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်တယ်' လို့လည်း ၁၉၂၉ ခုနှစ်၊ မေလ ၄ ရက် နေ့ထုတ် ပြင်သစ်နိုင်ငံက Le Progres Civique ဆိုတဲ့စာစောင်မှာ ရေးခဲ့ပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



'မြန်မာနိုင်ငံဟာ အင်္ဂလန်နဲ့ ဝေလနိုင်ငံနှစ်ခုပေါင်းရဲ့ သုံးဆရှိတယ်။ လူဦးရေထူထပ်မှုကျတော့ အင်္ဂလန်ရဲ့ ၁၀ ပုံ ၁ ပုံလောက်သာ ရှိတယ်။ သူ့မှာ အဖြိုက်နက်၊ ခဲမဖြူ၊ ကျောက်စိမ်းနဲ့ ပတ္တမြားလို ဓာတ်သတ္တုရတနာတွေ တူးမကုန်အောင်ရှိတယ်။ ပထမတန်းစား အဖိုးတန်သစ်တွေလည်း အလျှံပယ် ပေါတယ်။ ဆန်စပါးကို အိန္ဒိယနိုင်ငံသာမက ဥရောပနဲ့ အမေရိကအထိ တင်ပို့ရောင်းချနိုင်တယ်။ ဒါ့အပြင် ကမ္ဘာ့ရေနံထွက်နှုန်းရဲ့ ၅ ရာနှုန်းလောက်လည်း ထွက်ရှိတယ်'

မစ္စတာအော်ဝဲ ရေးခဲ့တဲ့အတိုင်း မြန်မာနိုင်ငံဟာ သယံဇာတတွေ အင်မတန်ကြွယ်ဝချမ်းသာတဲ့နိုင်ငံ ဖြစ်ပါတယ်။ နယ်ချဲ့လက်အောက်မှာ နှစ်ပေါင်းတစ်ရာကျော် ကျွန်ဘဝနဲ့နေခဲ့ရစဉ်ကလည်း မြန်မာတွေ ငတ်မသေခဲ့ကြပါဘူး။ အဲဒီခေတ်အခါက အိမ်နီးချင်း ရောမနိုင်ငံကြီး ၂ ခုမှာဆိုရင် နှစ်စဉ် အငတ်ဘေးကြောင့် လူတွေသန်းနဲ့ချီပြီး သေဆုံးနေကြရတာပါ။ ရွာတွေစွန့်ပြီး ထွက်ပြေးနေကြရတာပါ။ တာတေလန်အောင်ဆိုးလှတယ်လို့ သမိုင်းတွင်တဲ့ ဂျပန်ဖက်ဆစ်လက်အောက် နေခဲ့ရစဉ်ကလည်း မြန်မာတွေ ထမင်းမငတ်ခဲ့ကြဘူး။ အဲဒီလောက်ကို သယံဇာတတွေ ကြွယ်ပိုးကြွယ်ဝ ရှိခဲ့တာပါ။

ချမ်းသာကြွယ်ဝရုံသာမက ဂျော့အော်ဝဲရေးခဲ့သလို အင်မတန်မှလည်း လှပသာယာပါတယ်။ ဥတုသပ္ပါယမျှတတာကလည်း 'ကမ္ဘာ့ရှား'လို့တောင် ဆိုနိုင်လောက်တယ်။ မြန်မာနိုင်ငံမှာ တစ်နှစ်ပတ်လုံးမိုးမရွာဘဲ ခေါင်တဲ့နှစ်ဆိုတာ မကြားဖူးဘူး။ မိုးကြီးလို့ လူတွေ အထောင်အသောင်း သေကြရတယ်ဆိုတာမျိုးလည်း မရှိဖူးဘူး။ ဆိုင်ကလုံးမုန်တိုင်းကြောင့်၊ ငလျင်ကြီးကြောင့် လူတွေ သိန်းချီသေကြရတယ်ဆိုတာမျိုးလည်း မကြုံဖူးပါဘူး။ သဘာဝမိခင်ကြီးက မြန်မာလူမျိုးတွေအပေါ် အဲဒါလောက်ကောင်းတာ။

ဒါလောက်ချမ်းသာတဲ့၊ ဒါလောက်လှပသာယာတဲ့ ရေမြေအနေအထားတွေကို ကျွန်တော်တို့ ဘယ်လောက်များ တန်ဖိုးရှိရှိ အသုံးပြုနိုင်ခဲ့ကြသလဲ။ ရှေးရှေး ဘိုးဘွားဘီဘင်တွေလက်ထက်က သဘာဝမိခင်ကြီးပေးထားတဲ့ လက်ဆောင်တွေကို ထုတ်နှုတ်ယူငင်သုံးစွဲပြီး လူလုပ်ခဲ့ကြသလို အခုခေတ်ထိလည်း သဘာဝမိခင်ကြီးပေးထားတဲ့ လက်ဆောင်တွေကို ထုတ်နုတ်ယူငင်သုံးစွဲပြီး လူလုပ်နေကြဆဲပဲ။ ဘာတွေများ တိုးတက်အောင်လုပ်နိုင်ခဲ့ကြသလဲ။ များများစားစား မပြောချင်ပါဘူး။ နမူနာလေးတစ်ခုပဲ ထုတ်ပြလိုက်ချင်တယ်။ ကျွန်းနိုင်ငံ သေးသေးလေးတစ်ခုသာဖြစ်တဲ့ မော်လဒိုက်နိုင်ငံက သူ့နိုင်ငံရဲ့ ပြည်တွင်း စုစုပေါင်းထုတ်ကုန်(GDP)ရဲ့ ၆၃ ရာနှုန်းကို ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းက ရသတဲ့။ လက်ဘနွန်နိုင်ငံကတော့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းက



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ဝင်ငွေဟာ ဂျီဒီပီရဲ့ ၂၇ ရာနှုန်းရှိပြီး ကမ္ဘောဒီးယားနိုင်ငံက ဂျီဒီပီရဲ့ ၁၅ ရာနှုန်းရှိပါသတဲ့။ ပြီးခဲ့တဲ့ ၂၀၀၅ ခုနှစ်က ကမ္ဘာ့လူသားသန်း ၈၀၀ တို့ဟာ ကမ္ဘာလှည့်ပြီး ခရီးတွေသွားလာကြရာမှာ ၇၅. ၃ သန်းက ပြင်သစ်နိုင်ငံကို သွားလည်ကြပြီး အမေရိကန်ကိုက ၄၉. ၄ သန်း၊ တရုတ်ပြည်ကို ၄၆. ၈ သန်း သွားရောက်လည်ပတ်ခဲ့ကြပါတယ်တဲ့။

ကဲ ကျွန်တော်တို့လုပ်သင့်တာတွေ၊ လုပ်နိုင်တာတွေ ဘယ်လောက်အများကြီး ရှိနေသေးသလဲ။ စဉ်းစားကြဖို့မကောင်းဘူးလား။ ဘယ်ကိစ္စမဆို 'ဝမရှိဘဲ ဝိလုပ်'လို့ မရပါဘူး။ လိုက်ပြီးတုတယ်ဆိုတာက ကိုယ့်မှာလည်း အခြေခံတွေ ပြည့်စုံနေမှဖြစ်တာ။ ခရီးသွားလုပ်ငန်းဆိုတာမျိုးက စက်မှုနည်းပညာတွေ၊ ငွေလုံးငွေရင်းတွေ အဆမတန်လိုအပ်လှတာ မဟုတ်ပါဘူး။ နောက်ပြီး အင်္ဂလိပ်စကားအရာမှာလည်း မြန်မာတွေက တစ်နိုင်ငံလုံး ညှော်လမ်းညွှန်လုပ်လို့ရတယ်လို့ ကြွားချင်ရင်တောင် ကြွားလို့ရတယ်။

'ဟိုသွား ဒီသွား၊ ဟိုဟာရောင်းမလား၊ ဒီဟာဘယ်လောက်' ဆိုတာလောက်တော့ တက္ကစီသမားနဲ့ ဘုရားဈေးက ဈေးသည်တွေတောင် မတော်က်တခေါက် အလုပ်ဖြစ်ရုံတော့ ပြောတတ်နေကြတာ။ ဒီတစ်ခုတော့ ယိုးဒယားတို့၊ ဂျပန်တို့ထက် မြန်မာတွေက အများကြီးသာတယ်။ ကိုင်း ဘာလိုသေးလို့လဲ။

ကျွန်တော်တို့ ကြီးစားဖို့ပဲလိုတယ်။ စစ်အေးတိုက်ပွဲ(Cold War)ဆိုတဲ့ စကားလုံး စတင်သုံးစွဲခဲ့တဲ့ ဂျော့အော်ဝဲပြောတဲ့ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံဆိုတဲ့အတိုင်းဖြစ်လာဖို့ ကျွန်တော်တို့မှာ အရာအားလုံးပြည့်စုံနေပါတယ်။ ကျွန်တော်တို့ ကြိုးစားဖို့ပဲလိုတယ်။

၁၇၊ ၉၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# ဘောင်းဘီတို၊ စကတ်တိုနဲ့ ဂျာနယ်လစ်တဲ့လား

ဂျာနယ်ပေါင်းစုံမှာ လုပ်ကိုင်နေကြတဲ့ လူငယ်လေးတွေ အမြဲမပြတ် ဝင်ထွက်သွားလာနေကျဆိုတော့ 'သတင်းကို တွက်ခြေကိုက်အောင်ရေးတယ်'ဆိုတဲ့ စကားကို မကြာခဏကြားနေရပါတယ်။ ကြားစကတော့ ဘာပြောမှန်းမသိပါဘူး။ သူတို့ကိုမေးကြည့်တော့မှ တစ်ခါတလေ သတင်းသွားမေးတဲ့အခါ ခရီးဝေးလို့ တက္ကစီစီးသွားရကြောင်း၊ တက္ကစီခကာမိအောင် သတင်းကို သုံးလေးပုဒ် ခွဲရေးရတာကိုဆိုလိုခြင်းဖြစ်ကြောင်း ရှင်းပြကြပါတယ်။

အဲဒီတော့မှပဲ ဂျာနယ်တစ်စောင်တည်းမှာပဲ ဌာနတစ်ခုကသတင်းကို ခေါင်းစဉ်သုံးလေးမျိုးခွဲပြီး ရေးထားတာမျိုးတွေ နေ့စဉ်ဖတ်နေရတာ သွားပြီး သတိရမိပါတယ်။ အကြောင်းအရာမျိုးစုံ၊ သတင်းပုဒ်ရေမျိုးစုံ ပါအောင်ထည့်လေ့ရှိတဲ့ ရေးခေတ်သတင်းအတတ်ပညာအရဆိုရင်တော့ အကြောင်းအရာတူနေတဲ့ သတင်းမှုကွဲတွေကို တည်းဖြတ်ပေါင်းစည်းပြီး သတင်းတစ်ပုဒ်တည်းဖြစ်အောင် အယ်ဒီတာတွေက လုပ်လေ့ရှိတာဖြစ်လေတော့ ဒီခေတ်ဂျာနယ်သတင်းတွေ၊ ဆောင်းပါးတွေဟာ ကျစ်လျစ်သိပ်သည်းမှုမရှိဘဲ 'ရှည်လျားပေများ'လွန်းတယ်၊ စာမျက်နှာဖြုန်းလွန်းတယ်လို့ အောက်မေ့နေမိပါတယ်။

## "ခွင်"ပိုကျဉ်းတယ်

လူငယ်တွေကရှင်းပြမှပဲ တွက်ခြေကိုက်အောင် ရေးကြတာပါလားလို့ သဘောပေါက်သွားရတယ်။ လူငယ်လေးတွေ ဒီလိုလုပ်ကြတာ အဆိုးမဆိုပါဘူး။ သူတို့ခမြာများမှာ စမ်းတဝါးဝါးနဲ့လုပ်နေကြရရှာတယ် မဟုတ်လား။ သူတို့လာကြတဲ့အခါတိုင်း 'ဘာသတင်းရေးရမှန်းမသိဘူး'လို့ ညည်းချင်းထုတ်တာများလည်း အမြဲကြားရတတ်ပါတယ်။ ဒီတစ်ခုကတော့ ရေးသတင်းထောက်တွေအတိုင်းပါပဲ။ ရေးသတင်းထောက်တွေလည်း နေ့စဉ် ဒီလိုညည်းညူနေတတ်ကြတာပါပဲ။ ဒီခေတ်လူငယ်တွေကျတော့ ဌာနဆိုင်ရာကသတင်းနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေဆီက သတင်းမျိုးတွေကိုသာ သတင်းလို့ မှတ်ထင်နေကြတာဖြစ်လေတော့ ရေးစရာ'ခွင်'က ပိုကျဉ်းပြီး ပိုခက်ခဲကြမှာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



## လူတွေအကြောင်း ဖတ်ချင်တာ

'ပေးသတင်း'ဆိုတာမျိုးတွေကို စာဖတ်ပရိသတ်က သိပ်စိတ်ဝင်စားကြတာ မဟုတ်ဘူး။ သတင်းထောက်ကိုယ်တိုင် ကြိုးစားပမ်းစား လိုက်ထားရတဲ့ 'လိုက်သတင်း'မျိုးတွေကိုသာ ပရိသတ်ကဖတ်ချင်တာ။ စတော့ရှယ်ယာဈေးနှုန်း စာရင်းဇယားတွေ၊ ကိန်းဂဏန်းတွေအစား လူတွေကြားက လူတွေနဲ့ပတ်သက်တဲ့ community news မျိုးတွေကို ပိုဖတ်ချင်တယ်။ ပိုစိတ်ဝင်စားတာ။ သတင်းစာဖတ်တဲ့အခါ ဘယ်သူမဆို နာရေးကြော်ငြာစာမျက်နှာကို အရင်ဆုံးလှန်ဖတ်ကြတာ ဒီသဘောဖြစ်တယ်။ လူတွေအကြောင်း သိချင်ကြတာကိုး။

## လမ်းညွှန်မှုမပေးနိုင်ဘူး

'ဘာသတင်းရေးရမှန်းမသိဘူး'လို့ ဒီခေတ်လူငယ်တွေ ညည်းချင်းထုတ်နေကြရတာက သတင်းတွေမရှိလို့၊ ရှားပါးလို့ မဟုတ်ဘူး။ သတင်းတွေကို သတင်းမှန်းမသိကြလို့သာဖြစ်တယ်။ တကယ်တော့ ဒီခေတ် ဒီအခါလောက် သတင်းတွေပေါတဲ့ခေတ် ဘယ်ရှိမှာလဲ။ ကြည့်တတ် မြင်တတ်ရင် နေရာတကာမှာ သတင်းတွေချည့်ပါပဲ။ ခက်တာက အယ်ဒီတာတွေကိုယ်တိုင်ကလည်း သတင်းအတွေ့အကြုံ ရှိကြတာမဟုတ်လေတော့ သတင်းထောက်တွေကို နေ့စဉ် ညွှန်ကြားချက်မပေးနိုင်ကြဘူး။ လူငယ်လေးတွေ သူတို့ဟာသူတို့ စမ်းတဝါးဝါးနဲ့ လုပ်နေကြရရှာတာ။

## ခြေတိုအောင်လိုက်ရတယ်

ရှေးခေတ်ကတော့ တစ်ယောက်တည်း သတင်းထောက်မလုပ်မီမှာ understudy သဘောနဲ့ ဝါရင့်သတင်းထောက်ကြီးတွေနောက် တကောက်ကောက်လိုက်ရင်း လေ့လာဆည်းပူးကြရတာ။ ဂတ်တွေကိုလိုက်၊ တရားရုံးတွေလိုက်၊ နိုင်ငံရေးအဖွဲ့အစည်းတွေလိုက်၊ အတွင်းဝန်ရုံးထဲလိုက်၊ လွှတ်တော်ထဲလိုက်နဲ့ ခြေတိုအောင် လိုက်ကြရပြီးမှ ဝါရင့်သတင်းထောက်ကြီးတွေက သူ့ကိုယ်စား ဘယ်ဂတ်တဲ သွားလိုက်စမ်း၊ ဘယ်တရားရုံးသွားလိုက်စမ်းဆိုပြီး လွှတ်တာ။ အဲဒီလို အလုပ်သင်ဘဝနဲ့ တော်တော်လေးဟန်ကျလာမှ 'ခွင်'တစ်ခွင် အပိုင်စားပေး ခံရတာ။ အဲဒီတော့မှ မှုခင်းသတင်းထောက်၊ တရားရုံးသတင်းထောက်၊ အားကစားသတင်းထောက်၊ အထွေထွေသတင်းထောက်ဆိုပြီး ဖြစ်လာကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com



## မသွန်သင်ကြဘူး

သတင်းစရေးရတော့လည်း အယ်ဒီတာက ပြုပြင်တည်းဖြတ်လုပ်ရင်း ဒီသတင်းမျိုးကို ဒီလိုမရေးရဘူး၊ ဒီစကားလုံးမျိုး မသုံးရဘူး၊ ဒီသတင်းမျိုးကျတော့ ဒီလိုရှောင်ကွင်းရေးရတယ်။ ဒီသတင်းက နောက်ဆက်တွဲ follow up story မုချရှိမယ့်သတင်း ဖြစ်တယ်။ မျက်ခြည်မပြတ်စေနဲ့ စသဖြင့် သွန်သင်ပြသပေးကြတယ်။ ဒီခေတ်ကျတော့ အယ်ဒီတာလုပ်သူတွေကိုယ်တိုင်ကလည်း လူငယ်လေးတွေပဲဖြစ်ကြလေတော့ ဘယ်သွန်သင်ကြတော့မှာလဲ။

## ဘောင်းဘီတို၊ စကတ်တိုနဲ့

တလောက မိတ်ဆွေ ပါမောက္ခဟောင်းကြီးတစ်ယောက်ဆီက ဖုန်းဆက်တာ အမှတ်ရမိတယ်။ ဂျာနယ်တိုက်တစ်တိုက်က အဲဒီပါမောက္ခဟောင်းကြီးကို တွေ့ဆုံမေးမြန်း(အင်တာဗျူး)ချင်လို့ မိတ်ဆက်ပေးပါလို့ ပြောတာကြောင့် မိတ်ဆက်ပြီး ချိန်းပေးလိုက်ရပါတယ်။ ချိန်းလိုက်တဲ့ညကျတော့ ပါမောက္ခကြီးက ဖုန်းဆက်ပါတယ်။ အင်တာဗျူးမလုပ်ဖြစ်တဲ့အကြောင်း၊ နောက်တစ်ရက်ရွှေ့ပြီး ချိန်းလိုက်ကြောင်း ပြောပါတယ်။ မလုပ်ဖြစ်တာက ဂျာနယ်တိုက်က လူတွေဟာ ချိန်းထားတဲ့အချိန်ထက် နာရီဝက်နောက်ကျပြီးမှ ရောက်လာတဲ့အကြောင်း၊ သူ့မှာလည်း တခြားအချိန်းအချက်တစ်ခုကို နာရီအတိအကျနဲ့ လုပ်ထားတာဖြစ်လို့ ဂျာနယ်တိုက်ကို အချိန်မပေးနိုင်တော့ဘူးလို့ ပြောပါတယ်။ လူငယ်တွေက တယ်ပေါ့လျော့တာကိုး၊ ဘယ်သူတွေများပါလိမ့်လို့ မေးလိုက်တော့ ပါမောက္ခကြီးက ခပ်ငယ်ငယ်လူငယ်နှစ်ယောက်လာတယ်။ ယောကျ်ားလေးက ခါတ်ပုံဆရာလို့ပြောတာပဲ။ ဘောင်းဘီတိုနဲ့၊ တီရှပ်နဲ့၊ မိန်းကလေးကလည်း အသက် ၂၀ လောက်ပဲ ရှိဦးမယ်။ စကတ်တိုလေးနဲ့လို့ ပြောပြပါတယ်။

## အယ်ဒီတာတွေရဲ့ တာဝန်

ပါမောက္ခကြီးကို ကြားထဲက အားနာလိုက်တာ။ ဆရာကြီးက အသက် ၈၀ ကျော်ပါပြီ။ သူ့ဘာသာရပ်အပေါ်မှာ သိပ်တန်ဖိုးထားပြီး လူငယ်တွေကို မျှဝေပေးနေသူ ဖြစ်တယ်။ လူငယ်တွေကို ဟောပြောသင်ကြားပေးလိုက်၊ စာတမ်းတွေ ရေးလိုက်နဲ့ အားချိန်မရှိအောင်ကို အလုပ်လုပ်တာ။ ဒီထဲက လူငယ်တွေအတွက်ဆိုလို့ သူ့အချိန်ထဲက ဖဲ့ပေးတာ။ ဒါကို အချိန်မှန်ရောက်အောင် မသွားဘူး။ သွားတော့လည်း ဝတ်စားသွားတာကြည့်။ ပညာရှင်ဆရာကြီးကို မလေးမစားပြုရာ မရောက်ပေဘူးလား။ ဒီကိစ္စဟာ ဂျာနယ်တိုက်က အယ်ဒီတာတွေအပေါ်မှာ တာဝန်ရှိပါတယ်။ ကိုယ်အင်တာဗျူးလုပ်မှာက အဆိုတော်၊



www.burmeseclassic.com

www.burmeseclassic.com

လူ့ထုစိန်ဝင်း

မင်းသား၊ မင်းသမီး မဟုတ်ဘူး။ မော်ဒယ်တစ်ယောက် မဟုတ်ဘူး။ အသက် ၈၀ ကျော် ပါမောက္ခကြီးတစ်ယောက်ဖြစ်တယ်ဆိုတာ အယ်ဒီတာတွေ နှလုံးသွင်းသင့်ကြတာပေါ့။

## အလုပ်ကို လေးစားပါ၊ လူတွေကို လေးစားပါ

ဒီအကြောင်းပြောတော့လည်း ရှေးကလုပ်ခဲ့ရတာတွေ ပြန်တွေးမိပြန်ရော။ ရှေးကအယ်ဒီတာအခန်းထဲမှာ တိုက်ပုံအင်္ကျီတစ်ထည် အမြဲချိတ်ထားရပါတယ်။ ရုတ်တရက် ကောက်ခါငင်ခါပေါ်လာတဲ့ သတင်းစာကွန်ဖရင့်တို့၊ အစည်းအဝေးတို့ ရှိတဲ့အခါမျိုးကျရင် တိုက်မှာရှိနေတဲ့ သတင်းထောက်တစ်ယောက်၊ ဒါမှမဟုတ် အယ်ဒီတာတစ်ယောက်က ပြေးတက်ကြရပါတယ်။ အဲဒီအခါ တိုက်ပုံဝတ်မလာမိတဲ့သူများ အဆင်သင့် ဆွဲဝတ်နိုင်အောင် အရံသင့်လုပ်ထားရတာပါ။ အယ်ဒီတာတို့၊ သတင်းထောက်တို့ဟာ နေ့စဉ်စည်းကမ်းကြီးတစ်ခုသဖွယ် တိုက်ပုံမဝတ်ကြပေမယ့် သတင်းစာရှင်းလင်းပွဲတို့၊ အစည်းအဝေးတို့ တက်တဲ့အခါများမှာတော့ တိုက်ပုံဝတ်လေ့ရှိပါတယ်။ အများအားဖြင့်လည်း သတင်းထောက်တွေ၊ အယ်ဒီတာတွေဟာ တိုက်ပုံအင်္ကျီ ဝတ်ကြပါတယ်။

သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်တာ၊ တိုက်ပုံအင်္ကျီဝတ်တာ ဆိုတာမျိုးဟာ ကိုယ့်အလုပ်ရဲ့ဂုဏ်သိက္ခာကို စောင့်ထိန်းခြင်းဖြစ်တယ်။ ကိုယ်သွားရောက် တွေ့ဆုံတဲ့ လူပုဂ္ဂိုလ်များကို လေးစားရာလည်းရောက်ပါတယ်။ ကိုယ်က သူတစ်ပါးကိုလေးစားမှ သူတစ်ပါးက ကိုယ့်ကိုပြန်ပြီး လေးစားသမှုပြုပါတယ်။ ကိုယ့်အလုပ်ရဲ့ဂုဏ်သိက္ခာကို ကိုယ်တိုင်ကလေးစားမှ သူတစ်ပါးကလည်း လေးစားမှာဖြစ်ပါတယ်။ အဲဒါကြောင့် စာနယ်ဇင်းအလုပ်ကို အပျော်တမ်း သဘောမဟုတ်ဘဲ လေးလေးစားစားလုပ်ကြပါလို့ လူငယ်များကို နှိုးဆော်လိုက်ချင်ပါတယ်။

၂၅၊ ၉၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# မှားတာနဲ့ မှန်တာ နှစ်မျိုးတည်းရှိတာမဟုတ်

'မြန်မာကျောင်းသားတွေ မှတ်ဉာဏ်ကောင်းတာကတော့ လက်ဖျားခါလောက်တယ်။ ဒါပေမဲ့ စဉ်းစားဉာဏ်သုံးတဲ့နေရာမှာတော့ အားနည်းကြတယ်'

နိုင်ငံခြားတက္ကသိုလ်တွေ ကျောင်းသွားတက်ဖို့ ရည်ရွယ်ကြတဲ့ ကျောင်းသူကျောင်းသားတွေ ဖြေဆိုကြရတဲ့ TOFEL, IELTS ဆိုတာမျိုးတွေ သင်ကြားပေးနေသူ၊ နိုင်ငံခြားသားဆရာတစ်ယောက်နဲ့ လက်ဆုံကျရင်း ပြောပြလိုက်တဲ့ မှတ်ချက်စကား ဖြစ်ပါတယ်။

## နို့သက်ခံစိုနည်း

သူက မြန်မာကျောင်းသားတွေဟာ စာတွေ ဘယ်လောက်များများ အလွတ်ရအောင် ကျက်နိုင်ကြတယ်။ ဒါပေမဲ့ (Critical thinking) ပိုင်းခြားဝေဖန်စဉ်းစားတာမျိုးကျတော့ လုပ်လေ့မရှိကြတော့ဘူးလို့လည်း ရှင်းပြပါတယ်။ ပြီးတော့ ကျောင်းသားတွေဟာ စာသင်ခန်းထဲမှာ ဆရာကို ပြန်လှန်မေးခွန်းထုတ်တာမျိုး၊ ငြင်းခုံတာမျိုး၊ စောဒကတက်တာမျိုးလည်း မလုပ်ကြဘူး။ သိပ်ငြိမ်လွန်းအားကြီးတယ်။ (Passive Learning) နို့သက်ခံစို့တဲ့ ပညာသင်နည်းဖြစ်နေတယ်လို့လည်း ပြောပါတယ်။

## ဆွေးနွေးငြင်းခုံခဲ့ကြ

သူပြန်သွားတော့လည်း သူ့စကားတွေက နားထဲမှာ ပျောက်ကွယ်မသွားကြသေးဘူး။ အပြန်ပြန်အထပ်ထပ် စဉ်းစားနေမိတယ်။ လွန်ခဲ့တဲ့နှစ်အစိတ်လောက်က လူငယ်တွေအတွက် စကားပြောသင်တန်းလေးဖွင့်တော့ ဒီအားနည်းချက်ကို ပြုပြင်ဖို့အတွက် အတန်းထဲမှာ အလွတ်စကားပိုင်းလေးတွေလုပ်ပြီး ငြင်းခုံဆွေးနွေးတာတွေ လုပ်ခဲ့တယ်။ လူငယ်တွေ လက်ဖက်ရည်ဆိုင်ထိုင်တာ ကောင်း/မကောင်း၊ ကျောင်းနေရင်း ရည်းစားထားတာ အပြစ်ရှိ/မရှိ ဆိုတာမျိုးလေးတွေကအစ အိမ်နီးချင်းနိုင်ငံတချို့မှာ ပြစ်မှုကျူးလွန်သူကို ကြိမ်ဒဏ်ပေးတာ လုပ်သင့်/မသင့်၊ (Surrogate motherhood) အငှားကိုယ်ဝန်ဆောင်လုပ်တာ ကောင်း/မကောင်း။ Mercy Killing လို့လည်းခေါ်ကြတဲ့ နောက်ဆုံးအဆင့်ထိ ရောဂါကျွမ်းနေပြီဖြစ်တဲ့ ဝေဒနာသည်ကို



www.burmeseclassic.com

www.burmeseclassic.com

### လူထုစိန်ဝင်း

သက်သက်သာသာ အသက်ထွက်သွားနိုင်အောင် လုပ်ပေးခြင်း(Euthanasia) ဟာ လူသတ်မှု မြောက်/မမြောက်ဆိုတာလို လေးနက်တဲ့အကြောင်းအရာတွေ အထိ ဆွေးနွေးငြင်းခုံခဲ့ကြတယ်။

### စဉ်းစားတတ်ဖို့

ဒီဆွေးနွေးဝိုင်းတွေမှာ အနိုင်အရှုံးသတ်မှတ်တာ မရှိဘူး။ ဘယ်သူ မှားတယ်၊ ဘယ်သူမှန်တယ် ဆုံးဖြတ်တာမျိုးလည်း မရှိဘူး။ လူငယ်တွေ ယထာဘူတ ကျကျ တွေးခေါ်စဉ်းစားတတ်ဖို့ ငြင်းခုံဆွေးနွေးခြင်းဟာ ရန်ဖြစ်ခြင်း မဟုတ် တာကို သိဖို့၊ အင်္ဂလိပ်စကား သွက်သွက်ပြောနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ လုပ်ခဲ့တာဖြစ်တယ်။ တဝါးဝါး တဟားဟားနဲ့ ရယ်မောရတာတွေလည်းရှိတော့ လူငယ်တွေပျော်ကြတယ်။ စိတ်အားထက်သန်မှုလည်း ရှိကြတယ်။ ခုခေတ် ပညာရေးဝေါဟာရနဲ့ ပြောရရင်တော့ 'ကျောင်းသားဗဟိုပြု သင်ကြားခြင်းစံနစ်' (Student centered Teaching Method) လို့ ခေါ်ရမယ်ထင်တာပဲ။

### နှစ်ဆယ့်ငါးနှစ်ကြာတော့လည်း

အနှစ်နှစ်ဆယ်လောက် သင်ကြားလာတဲ့အထဲက အောင်မြင်ထင်ရှားတဲ့ စာရေး ဆရာ ဖြစ်လာသူတွေ၊ အနုပညာရှင်ဖြစ်လာသူတွေ၊ ပန်းချီဆရာဖြစ်လာသူတွေ အတော်များများရှိသလို ဆရာဝန်၊ အင်ဂျင်နီယာ၊ စစ်ဗိုလ်၊ တက္ကသိုလ်ဆရာ စသဖြင့်ဖြစ်လာသူတွေလည်း ရှိပါတယ်။ နိုင်ငံခြားရောက်သွားပြီး အိုးတိုက် ပန်းကန်ဆေးလုပ်သူတွေလည်း ရှိတာပါပဲ။ အခုဆို စာမသင်နိုင်တော့တာ တောင် လေးငါးနှစ်ရှိပါပြီ။ ဒါပေမဲ့ လူငယ်တွေအကြောင်း၊ ပညာရေးအကြောင်း တွေတော့ စိတ်ဝင်စား နားစွင့်မြဲဖြစ်တယ်။

လွန်ခဲ့တဲ့နှစ်အစိတ် ကိုယ် ဆရာလုပ်စဉ်က လူငယ်တွေဟာ စာသင်ခန်း ထဲမှာ သိုးငယ်ကလေးတွေလို ငြိမ်သက်နေခဲ့ကြသလို အခုမှ ဆရာဝင်လုပ်သူ ကလည်း ကျောင်းသားတွေဟာ ငြင်းခုံဆွေးနွေးမလုပ်ကြဘူး၊ စောဒကမတက် တတ်ဘူး၊ သိုးငယ်လေးတွေလို ငြိမ်သက်နေတာပဲလို့ ညည်းညူနေတုန်းပဲ ရှိတယ်။ နိုင်ငံတစ်ခု တိုးတက် ဖြစ်ထွန်းလာဖို့ဆိုရင် 'မိုင်းကောင်းကျောက်ဖိ' သိုးငယ်လို လူငယ်လေးတွေနဲ့ ဖြစ်မယ်မထင်ဘူး။ ရဲစိတ်ရဲမာန်အပြည့်နဲ့ ကေသရာဇာလို ခြင်္သေ့လေးတွေ ဖြစ်ဖို့တော့လိုလိမ့်မယ်။

### ကြက်တူရွေးလို ရွတ်တတ်ရုံနဲ့ မရ

လူငယ်တွေ ခြင်္သေ့ပေါက်ကလေးတွေ ဖြစ်လာဖို့အတွက် မိရိုးဖလာ ပျိုးထောင် နည်းတွေ၊ သွန်သင်ဆုံးမပုံတွေ၊ memorising and rote learning



www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုတဲ့ စာကိုခေါင်းထဲစွဲနေအောင် ကြက်တူရွေးလို တစာစာနဲ့ အလွတ်ကျက်မှတ်တာမျိုးတွေကို ပြုပြင်ဖို့လိုပါလိမ့်မယ်။ ရှေးကပညာရှင်တွေရေးထားတဲ့ စာတွေကို ပြန်ရွတ်ပြရုံပြတတ်တာမဟုတ်ဘဲ ကိုယ်ပိုင်ဉာဏ်နဲ့ ဆင်ခြင်သုံးသပ်ခြင်း(Critical Thinking)နဲ့ ကိုယ်တိုင်တီထွင်ကြံဆခြင်း (Creating)တို့ လုပ်တတ်အောင် လေ့ကျင့်သင်ကြားပေးဖို့ လိုပါတယ်။

## မိတ်ဆွေမဟုတ်၊ ရန်သူမဟုတ်

ဒါ့အပြင် လူ့လောကမှာ ကုသိုလ်နဲ့ အကုသိုလ်၊ အကောင်းနဲ့ အဆိုး၊ အမှားနဲ့ အမှန်၊ အဖြူနဲ့ အမည်း နှစ်မျိုးတည်းသာရှိနေတာ မဟုတ်ဘူးဆိုတာကိုလည်း လူငယ်တွေသိရှိအောင် လုပ်ပေးဖို့လိုတယ်။ လောကမှာ လူကောင်းနဲ့ လူဆိုးအပြင် လူကောင်းလို့မခေါ်နိုင်ပေမယ့် လူဆိုးလည်းမဟုတ်သူမျိုးတွေ၊ လူဆိုးမဟုတ်ပေမယ့် လူကောင်းလို့သတ်မှတ်လို့လည်း မရနိုင်သူတွေ ရှိကြတယ်။ မိတ်ဆွေမဟုတ်ပေမယ့် ရန်သူလည်းမဟုတ်သူတွေ၊ ရန်သူမဟုတ်ပေမယ့် မိတ်ဆွေလည်းမဟုတ်သူတွေလည်း ရှိကြတယ်။ အဖြူရောင်ဆိုတာတောင်မှ တစ်ခုတည်းရှိတာမဟုတ်ဘူး။ ဆွတ်ဆွတ်ဖြူရှိသလို မီးခိုနုအဖြူ၊ မီးခိုးရင့်အဖြူ၊ အဝါရောင်သန်းတဲ့အဖြူ၊ အပြာရောင်သန်းတဲ့အဖြူ၊ အစိမ်းလေးစွက်နေတဲ့အဖြူ၊ နီသွေးလေးဝင်နေတဲ့အဖြူ၊ ခဲသားကျနေတဲ့ အဖြူစသဖြင့် အမျိုးမျိုးအစားစား အများအပြား ရှိနေကြတယ်ဆိုတာ သိဖို့၊ လက်ခံနိုင်ဖို့လည်း လူငယ်တွေသိအောင် လုပ်ပေးဖို့လိုတယ်။

## ရိုးလွန်းစင်းလွန်း

လောကကိုကြည့်တဲ့အခါ အထက်ကပြောခဲ့သလို နှစ်မျိုးတည်းပဲရှိတယ်လို့ စဉ်းစားခြင်းဟာ အင်မတန် ရိုးစင်းလွန်းတယ်။ အဖြူရောင်ကြိုက်တာချင်း တူတာနဲ့ပဲ အသွင်တူသူလို့ သတ်မှတ်လို့မရဘူး။ သူကြိုက်တဲ့အဖြူက တစ်မျိုးဖြစ်ပြီး ကိုယ်ကြိုက်တဲ့အဖြူကို သူက ခါးခါးသီးသီး မုန်းတီးတာမျိုးလည်း ရှိတတ်တယ်။ ဒါမှမဟုတ် သူကြိုက်တဲ့ခဲသားအဖြူကို ပယင်းသွေးအဖြူကြိုက်တဲ့ကိုယ်က ခါးခါးသီးသီးမုန်းချင်လည်း မုန်းနေတတ်တယ်။ ရိုးစင်းလွန်းတဲ့ စဉ်းစားနည်းအရတော့ အကြိုက်မတူတာနဲ့ ရန်သူလို့မြင်လိုက်တော့တာပဲ။ ဆင်ခြင်သုံးသပ်(Critical Thinking) စဉ်းစားတတ်သူကတော့ သူကြိုက်တဲ့ အဖြူကိုမကြည့်ဘဲ သူ့ကိုပဲကြည့်ပြီး ကောင်းမကောင်း၊ တော်မတော် ဝေဖန်ပိုင်းခြားပြီးကြည့်တယ်။ အကြိုက်ချင်းမတူဘဲ မိတ်ဆွေဖြစ်နေတာမျိုးရှိသလို အကြိုက်ချင်းတူပေမယ့် ရန်သူဖြစ်နေတာမျိုးလည်း ရှိတတ်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဓိကအကျဆုံး အချက်ကတော့ လူငယ်တွေဟာ သူများရေးထားတဲ့ စာတွေ အလွတ်ကျက်ပြီး ပြန်ရေးတတ်ရုံနဲ့ ကျေနပ်မနေကြဖို့နဲ့ ကိုယ့်အတွက် သူများကရွေးပေးတာကို စောင့်မျှော်မနေဘဲ ကိုယ်တိုင်ဆင်ခြင်သုံးသပ် ဝေဖန်ပြီး ကိုယ့်စိတ်ကြိုက် ကိုယ့်ဘဝကို ဖန်တီးဖို့သာဖြစ်တယ်။ အဲဒီအတွက် ပိုင်းခြားစိတ်ဖြာ ဝေဖန်သုံးသပ်တဲ့ Critical Thinking အားကောင်းအောင် လုပ်ပေးဖို့ အထူးလိုအပ်ပါတယ်။

၈၊ ၁၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# သတင်းဘာသာပြန်အလုပ်

သတင်းဘာသာပြန်လေ့ကျင့်နေတဲ့ စာနယ်ဇင်းသမား အမျိုးသမီးလေး တစ်ယောက်လာပြီး သူဘာသာပြန်ထားတာလေးတွေကို ထောက်ပြပြင်ဆင်ပေးဖို့ ပြောတာကြောင့် ဖတ်ပြီး ပြင်ဆင်ပေးလေ့ရှိပါတယ်။ တစ်ခါတစ်ရံ အင်္ဂလိပ်လို ကနေ မြန်မာပြန်ထားတာ ယူလာတတ်ပြီး တစ်ခါတလေကျတော့ မြန်မာ သတင်းကို အင်္ဂလိပ်လိုပြန်ရေးထားတာ ယူလာပြပါတယ်။

## သတင်းဘာသာပြန် သဘောမပေါက်သေး

ကလေးမလေးက တော်တော်ကြိုးစားပါတယ်။ အင်္ဂလိပ်စာနဲ့ ဘွဲ့ရထားတာကြောင့် ဂျာနယ်တစ်စောင်မှာ ဘာသာပြန်အလုပ်ဝင်လုပ်နေတာပါ။ သူရေးလာတာလေးတွေကြည့်တော့ သတင်းဘာသာပြန်ကို ကောင်းကောင်း သဘောမပေါက်သေးတာ တွေ့ရပါတယ်။ အဲဒါကြောင့် သူ့စာတွေကို ပြင်ပေးရင်း သတင်းဘာသာပြန်အကြောင်းကိုလည်း ရှင်းရှင်းပြရပါတယ်။ သူက သတင်းတွေဘာသာပြန်တဲ့အခါ မူရင်းသတင်းဌာနက ရေးထားတာအားလုံးကို လုံးစေ့ပတ်စေ့ပြန်နိုင်အောင် ကြိုးစားပါတယ်။ ဥပမာ Palestinian terrorists စာလုံးတွေ့ရင် ပါလက်စတိုင်း အကြမ်းဖက်သမားများလို့ ဘာသာပြန်လိုက်ပါတယ်။ Zionist occupiers ဆိုတာကို ဇီယွန်ဝါဒီ သိမ်းပိုက်သူများလို့ ဘာသာပြန်လိုက်ပါတယ်။

## အရေးအသားဆင်ခြင်ရတယ်

အဲဒီစာနှစ်လုံးကို ထောက်ပြပြီး ပါလက်စတိုင်း အကြမ်းဖက်သမားများ ဆိုတဲ့ ဘာသာပြန်ချက်ပါတဲ့ သတင်းစာကို ပါလက်စတိုင်းဒေသက လူတွေ ဖတ်မိရင် ဒေါသဖြစ်ပြီး ဆွဲဆုတ်ပစ်လိုက်လိမ့်မယ်။ သတင်းစာဆိုတာ နေရာဒေသမရွေး ရောက်သွားတာဖြစ်တယ်။ အဲဒါကြောင့် အရေးအသားမှာ အများကြီးဆင်ခြင် ရတယ်လို့ ရှင်းပြရပါတယ်။ ပါလက်စတိုင်း အကြမ်းဖက်သမား ဆိုတဲ့ ဝိသေသနပုဒ်က အစ္စရေးနဲ့ အနောက်အုပ်စုသတင်းဌာနတွေက ကင်ပွန်း တပ်ပေးလိုက်တာ ဖြစ်တယ်။ အဲဒီသတင်းကိုပဲ အာရပ်သတင်းဌာနတွေက ရေးရင် Palestinian freedom fighters patriots ပါလက်စတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးတိုက်ပွဲဝင် သူရဲကောင်းများလို့ ရေးချင်ရေးလိမ့်မယ်။ ဒါမှမဟုတ် Palestinian patriots ပါလက်စတိုင်းမျိုးချစ်များလို့ ရေးချင်ရေးလိမ့်မယ်။ ကိုယ်က ပါလက်စတိုင်းသတင်းစာ မဟုတ်သလို အစ္စရေးသတင်းစာလည်း မဟုတ်တော့ အငြင်းပွားစရာမရှိတဲ့ 'ပါလက်စတိုင်း လက်နက်ကိုင်များ'၊ 'အစ္စရေးတပ်ဖွဲ့များ'လို့သာ ရေးသင့်ကြောင်း ရှင်းပြရပါတယ်။

### ဒုတိယအမျိုးသမီး ရှိသေးလို့လား

ဘာသာပြန်တဲ့အခါမှာ အဘိဓာန်ထဲက အဓိပ္ပာယ်ဖွင့်တဲ့အတိုင်း အခါခပ်သိမ်း ပြန်လို့မဖြစ်တဲ့အကြောင်း၊ ကာလ၊ ဒေသ၊ ပယောဂဆိုတဲ့ အချက်များကို ကြည့်ပြီး အဓိပ္ပာယ်ကောက်ရကြောင်းကိုလည်း ပြောပြရပါတယ်။ တစ်ခါ တလေ idiom ကို အီဒီယမ်မှန်းမသိဘဲ တိုက်ရိုက် အဓိပ္ပာယ်ယူလိုက်လို့ မှားရတာများရှိတတ်ကြောင်းကိုလည်း ရှင်းပြရပါတယ်။ ဥပမာ *I can't buy it.* လို့ အီဒီယမ်အဖြစ်သုံးထားတာကို 'ငါမဝယ်နိုင်ဘူး'လို့ ဘာသာပြန် တတ်တာကို ထောက်ပြရပါတယ်။ အီဒီယမ်ရဲ့အဓိပ္ပာယ်က 'လက်မခံနိုင်ဘူး'၊ 'မယုံနိုင်ဘူး'ဆိုတာဖြစ်တယ်လို့ ပြောရပါတယ်။ The First Lady ဆိုတဲ့ စကားကို ဘာသာပြန်ကြရာမှာ 'ပထမအမျိုးသမီး'လို့ ရေးလေ့ရှိကြတယ်။ ပထမအမျိုးသမီးဆိုတော့ သမ္မတမှာ ဒုတိယအမျိုးသမီး၊ တတိယအမျိုးသမီး များ ရှိနေသေးသလို ဖြစ်နေတယ်။ အင်္ဂလိပ်စကားမှာ ဘယ်လို ရေးထုံး ရှိနေပေစေ မြန်မာလိုပြန်ဆိုရာမှာတော့ မြန်မာရေးထုံးအတိုင်းပဲ ပြန်ရပါတယ်။ ပထမအမျိုးသမီးကို သမ္မတကတော်လို့ပဲ ပြန်ရပါမယ်။

### နက္ခတ်ဗေဒင်ဆရာ တွက်တဲ့အတိုင်းတဲ့

တစ်ခါတုန်းက သတင်းစာတစ်စောင်မှာပါလာတဲ့ ဘာသာပြန်ချက်တစ်ခု အကြောင်းလည်း ပြောပြဖြစ်ပါတယ်။ 'ငွေကြေးဖောင်းပွမှုသည် နက္ခဗေဒင် ပညာရှင်များ တွက်ချက်ထားသည့်အဆင့်သို့ ရောက်ရှိနေသည်'လို့ ဖော်ပြ ထားတာတွေ့လို့ တော်တော်ဦးနှောက်ခြောက်သွားရပါတယ်။ စီးပွားရေး အကြောင်း ရေးထားတဲ့သတင်းမှာ ဗေဒင်ဆရာတွေ ဘာကြောင့်ပါနေရတာလဲ လို့ စဉ်းစားမရ ဖြစ်ရပါတယ်။ နောက်ဆုံး မူရင်းစာကိုရှာဖတ်တော့မှ The inflation has reached astronomical level. ဆိုတာ သွားတွေ့ရ ပါတယ်။ ဒီတော့မှ ရှင်းသွားပါတယ်။ ပြောချင်တာက 'ငွေကြေးဖောင်းပွမှု နှုန်းသည် ခေါင်ခိုက်အောင်မြင့်နေသည်'ဆိုတာ ဖြစ်ပါတယ်။ astronomical ဆိုတာမြင်လိုက်တာနဲ့ နက္ခတ်ဗေဒင်လို့ သွားမြင်လိုက်တာကိုး။



www.burmeseclassic.com

www.burmeseclassic.com



### ဝင်းပိုင်ကြီးရဲ့ဆိုင်းဘုတ်

ဘာသာပြန်အကြောင်း လူငယ်တွေကိုပြောပြတဲ့အခါ တစ်ခါတုန်းက နောင်တော်အယ်ဒီတာကြီးတစ်ဦး ပြောလေ့ရှိတဲ့ ဟာသလေးတစ်ခုအကြောင်း ထည့်ပြောဖြစ်တာ များပါတယ်။ အဲဒီဘာသာပြန်ဟာသလေးက ဒီလိုပါ။

ဟိုရှေးခေတ်က ရန်ကုန်တက္ကသိုလ်နယ်မြေမှာ

University Estate

Habitation is strictly prohibited.

ဆိုတဲ့ဆိုင်းဘုတ်တွေ နေရာတော်တော်များများမှာ စိုက်ထူထားပါသတဲ့။ မြန်မာလိုလည်း

'တက္ကသိုလ်နယ်မြေ၊

ကျူးကျော်နေထိုင်ခြင်း လုံးဝမပြုရ'

လို့ ရေးထားပါသတဲ့။ လွတ်လပ်ရေးရစခေတ်ဦးက နယ်က စစ်ပြေးဒုက္ခသည်တွေ ရန်ကုန်ရောက်လာကြပြီး ကျူးကျော်နေထိုင်ကြတာတွေ များလွန်းလို့ တက္ကသိုလ်'ဝင်းပိုင်ကြီး'က ဒီလိုဆိုင်းဘုတ်တွေ စိုက်ထူထားရတာ ဖြစ်ပါတယ်။

### ဘာသာပြန်ပညာရှိ

တစ်ခါတော့ ပျော်တတ်တဲ့ကျောင်းသားတွေက အဲဒီဆိုင်းဘုတ်တစ်ခုကို LCR လို့ခေါ်ကြတဲ့ အမျိုးသမီးနားနေခန်းအနီးမှာ လာပြီးစိုက်ထားပါသတဲ့။ မြန်မာစာတမ်းကိုလည်း

'တက္ကသိုလ်ပိုင်ပစ္စည်း

ထိမ်းမြားလက်ထပ်ယူခွင့်မပြု'

လို့ အသစ်ပြင်ပြီး ရေးထားပါသတဲ့။ နောင်တော် အယ်ဒီတာက ဘာသာပြန်နည်းဆိုတာ အမျိုးမျိုးရှိတယ်။ ဒီဘာသာပြန်လို ပြန်လိုက်လို့လည်းရတာပဲလို့ ဟာသအဖြစ်ပြောပြခဲ့တာပါ။ အဲဒီဥပမာလေးနဲ့ပြောပြတော့ လူငယ်တွေ သဘောပေါက်လွယ်ပါတယ်။ ဘာသာပြန်အလုပ်လုပ်နေကြတဲ့ စာနယ်ဇင်းသမား လူငယ်တွေအနေနဲ့ ဘာသာပြန်စာပေဆိုင်ရာ စာအုပ်တွေနဲ့ ဘာသာပြန်ဝတ္ထုကောင်းတွေ များများဖတ်ကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။

၁၆၊ ၁၀၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# မျက်ဖြူစိုက်လေ ဆရာကြိုက်လေ ကုလသမဂ္ဂကြီး

ကျောင်းသူဟောင်းတစ်ယောက်နဲ့ ကျောင်းသားဟောင်းနှစ်ယောက် တစ်နေ့က ရောက်လာကြပါတယ်။ တိုင်ပင်စရာရှိလို့ပါလို့ ပြောပါတယ်။

'ဟင်နရီခေါင်းကြီးအကြောင်း ဆရာ့ဆီက အကြံဉာဏ်ယူချင်လို့ပါ။ ကျွန်တော်တို့တော့ စဉ်းစားရတာ ခေါင်းခြောက်နေပြီ'

**ယောက်ျား မိန်းမ ခွဲခြားတတ်အောင်**

သူ့ကိုပေးထားတဲ့နာမည်က ဟင်နရီပါ။ အင်္ဂလိပ်စကားပြောသင်ရာမှာ တွေ့လာရတဲ့အချက်က ဆရာဝန်လေးတွေ၊ အင်ဂျင်နီယာလေးတွေသာ ဖြစ်နေကြတယ်၊ စာတွေဖတ်ပြီး လူနာမည်တွေတွေ့တဲ့အခါ ယောက်ျားနာမည်လား၊ မိန်းမနာမည်လားတောင် မခွဲခြားတတ်ကြဘူးဆိုတာ ဖြစ်တယ်။ အဲဒါကြောင့် ကျောင်းသား၊ ကျောင်းသူတိုင်း ဦးပဉ္ဇင်းလေးတွေပါမကျန် ကျောင်းစတက်ကတည်းက အင်္ဂလိပ်နာမည်တွေ ပေးထားလေ့ရှိပါတယ်။ အင်္ဂလိပ်ကို အထင်ကြီးလို့မဟုတ်ဘူး။ ယောက်ျား မိန်းမ ခွဲခြားတတ်အောင်လို့ ဖြစ်ကြောင်း ပြောပြရတယ်။

**ကျောင်းသားကတော့ ကျောင်းသားပဲ**

ဟင်နရီဆိုတဲ့ကျောင်းသားကို သူငယ်ချင်းတွေက ရှေးခေတ်နာမည်ကြီး ကာတွန်းဇာတ်ကောင်ရဲ့ နာမည်ဖြစ်တဲ့ ဟင်နရီခေါင်းကြီးလို့ပဲ ခေါ်ကြတယ်။ မားဂရက်လို့ပေးထားတဲ့ ကျောင်းသူကိုတော့ အင်္ဂလန်ဝန်ကြီးချုပ် မားဂရက် သက်ချာနဲ့ဆင်အောင် မားဂရက်လက်ချားလို့ ခေါ်ကြတယ်။ ကျောင်းသားဆိုတာက ကျောင်းသားပါပဲ။ ကိုယ်ငယ်ငယ်က ဒီလိုပဲ၊ လူတိုင်းကို နာမည်ပြောင်တွေပေးခဲ့ကြသလို သူတို့ခေတ်ကျတော့လည်း ပေးကြမြဲ၊ နောက်ပြောင်ပျော်ရွှင်ကြမြဲပါပဲ။

**ကားပေါ်က ပြုတ်ကျလို့**

သူတို့ပြောတဲ့ ဟင်နရီ့အကြောင်းဆိုတာက ဒီလိုပါ။ အဲဒီ ဟင်နရီဆိုတဲ့ ကျောင်းသားက တက္ကသိုလ်တစ်ခုမှာ ဆရာလုပ်ပါတယ်။ အိမ်ထောင်နဲ့ ကလေး



www.burmeseclassic.com

www.burmeseclassic.com



၃ ယောက်ရှိပါတယ်။ တစ်ရက် ကျောင်းကအပြန်မှာ ဘတ်စ်ကားပေါ်က ပြုတ်ကျပြီး ခါးရိုးနဲ့ ပလက်ဖောင်းစွန်း ဆောင့်မိသွားပါတယ်။ အဲဒီကစပြီး ခါးအောက်ပိုင်း လုံးဝသေသွားတာကြောင့် အိပ်ရာထဲ ပက်လက်နေရပါတော့တယ်။ သူ စဖြစ်ကတည်းက ကျောင်းကသူငယ်ချင်းတွေက အစွမ်းကုန် ကူညီကြတာကြောင့် အကောင်းဆုံးကုသနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အောက်ပိုင်း သေသွားတာကတော့ ပြန်ကောင်းမလာတော့ပါဘူး။

## ပရဟိတလုပ်ငန်းလုပ်ကြ

စကားပြောသင်တန်းလေး ရှိနေစဉ်က ကျောင်းသူကျောင်းသားများရဲ့ ပရဟိတ အဖွဲ့လေး ရှိပါတယ်။ ကျောင်းသူ ကျောင်းသားတွေရဲ့ သာရေးနာရေး ကူညီဖို့ အပြင် ကျောင်းမှာရှိတဲ့ ဦးပဉ္ဇင်းလေးတွေဆီကတစ်ဆင့် သူတို့တစ်တွေရဲ့ ဒေသအသီးသီးက ရှမ်း၊ ပအိုးဝ်၊ ဝ၊ ကရင်၊ မွန် ကလေးသူငယ်တွေကို ကျောင်းထားပေးတာ၊ ရွာတွေမှာ ကျောင်းဆောက်လှူတာ စတဲ့အလုပ်မျိုးတွေ လုပ်နိုင်ခဲ့ကြတယ်။ ရန်ကုန်မှာ ဆေးကျောင်းတက်ရင်း၊ စက်မှုတက္ကသိုလ် တက်ရင်း မိဘဆုံးပါးသွားလို့ ကျောင်းပြီးကာနီး တစ်နှစ်၊ နှစ်နှစ်အလိုမှ ကျောင်းထွက်ရတော့မယ့် ကျောင်းသူ၊ ကျောင်းသားမျိုးကိုလည်း သင်တန်းသား တက္ကသိုလ်ဆရာမလေးတွေဆီကတစ်ဆင့် ကြားသိရရင် ကျောင်းဆက်တက် နိုင်အောင် ကူညီခဲ့ကြပါတယ်။

## လက်မှိုင်ချရမလို

ဟင်နရီခေါင်းကြီးကိုလည်း ဆေးကုစဉ်ကသာမဟုတ်၊ နောက်ပိုင်းမှာပါ ဆက်ပြီး ကူညီကြပါတယ်။ သူ့ဇနီးကိုပါ မူလတန်းဆရာမလေး အလုပ်ရအောင် ဝိုင်းလုပ်ပေးလိုက်ကြပါတယ်။ ရေရှည်ဖြစ်လာတော့ ကူညီသူတွေ လက်မှိုင် ချရမလို ဖြစ်လာရပါတယ်။ သူ့ဇနီး မူလတန်းဆရာမရဲ့လစာနဲ့ မိသားစု ၅ ယောက် စားဝတ်နေရေး၊ သူ့ဆေးဝါးကုသရေး၊ ကလေးတွေရဲ့ပညာရေး ဘယ်လိုလုပ်ပြီး လောက်ငနိုင်မှာလဲ။

'ကလေးတွေ အတန်းရလာလေ စရိတ်တွေကတက်လာလေ ဆရာရဲ့။ နောက်ပြီး သူ့ဆေးဖိုးဝါးခကလည်း တစ်လပြီးတစ်လ တက်နေတာပဲရှိတယ်။ ဒါအပြင် နောက်လဆိုရင် ဟို'ပတ်ဝမ်း'က ကျောင်းသူကလည်း နယ်ဆင်းရ မှာမို့ စရိတ်လိုသေးတယ်'

## ရှင်နည်းရာ အဂ္ဂလူထွက်

သူတို့ပြောတာ နားထောင်ပြီး စိတ်မောမိပါတယ်။ ဟုတ်တော့လည်း ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ခေါင်းကြီးကိုထောက်ပံ့နေရတာက သူ့ဆေးကုသစရိတ်သာ မဟုတ်တော့ဘူး။ မိသားစုစားဝတ်နေရေးနဲ့ ကလေးတွေပညာသင်နိုင်ရေးပါ ဝိုင်းလုပ်ပေးနေရတာ။ ဒီလိုမှမလုပ်ရင်လည်း ခေါင်းကြီးဘဝက မစဉ်းစားရဲတော့ဘူး။ နောက်ပြီး သူတို့ပရဟိတအဖွဲ့လေးကလည်း သင်တန်းဖွင့်ထားစဉ်ကလို နေ့စဉ် လူသစ်တွေတိုးတိုးလာတာ မရှိတော့ဘူးလေ။ မရှိရုံသာဆို တော်သေးတယ်။ ခုဟာက 'ရှင်နည်းရာ အဂ္ဂလူထွက်'ဆိုသလို ရှိနေတဲ့လူတွေထဲက နိုင်ငံခြားထွက်သွားသူက ထွက်သွားသလို ရန်ကုန်မှာ လုပ်ငန်းအဆင်မပြေလို့ ကုမ္ပဏီပိတ်ပြီး နယ်ပြန်သွားသူမျိုးကလည်း ရှိသေးတာဆိုတော့ ပိုဆိုးတာပေါ့။ လုပ်ပေးနိုင်တဲ့ဘက်က အင်အားလျော့လျော့သွားပေမယ့် လုပ်ပေးဖို့လိုအပ်သူတွေဘက်ကျတော့ တစ်နေ့ထက်တစ်နေ့ တိုးတိုးလာတာ။

## ကုလကြီး ဘာလုပ်နိုင်ခဲ့သလဲ

သူတို့လာတိုင်ပင်တာကို စဉ်းစားပါဦးမယ်ကွာ၊ နောက်တစ်ခါထပ်ဆုံမှ အကြံပေးပါမယ်လို့ ပြောလိုက်ရတယ်။ သူတို့ပြန်သွားတော့လည်း ဦးနှောက်ခြောက်အောင် စဉ်းစားနေမိတယ်။ ဒီပြဿနာတွေ ဘယ်လိုရှင်းရပါ့။

ခေါင်းပူအောင်စဉ်းစားနေဆဲမှာပဲ သတင်းစာရောက်လာတာကြောင့် ထုံးစံအတိုင်း နာရေးကစကြည့်လိုက်တယ်။ ပြီးမှ တစ်မျက်နှာချင်း နောက်ကရှေ့ကို လှန်ကြည့်သွားခဲ့တယ်။ တစ်နေရာရောက်တော့ ကုလသမဂ္ဂ နှစ်ပတ်လည်နေ့အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ သဝဏ်လွှာဆိုတာကို သွားတွေ့လိုက်ရတယ်။ ဩော် ... ဒီနေ့ အောက်တိုဘာ ၂၄ ရက်နေ့ကိုး။ ဘာလိုလိုနဲ့ ကုလသမဂ္ဂကြီးတောင် သက်တမ်း ၆၁ နှစ် ကြာမြင့်ခဲ့ပါပြီကော။ ကုလသမဂ္ဂကြီးကော ဘာတွေလုပ်နိုင်ခဲ့ပါလိမ့်။

## ကုလနဲ့ ထူးမခြားနားဇာတ်လမ်း

ကုလသမဂ္ဂကြီး စတင်တည်ထောင်စဉ်က ကမ္ဘာပေါ်မှာ စစ်ပွဲကြီးတွေ ထပ်မဖြစ်ဖို့၊ ငြိမ်းချမ်းသာယာဖို့၊ လူသားအားလုံး စစ်ဘေး၊ ရောဂါဘေး၊ အငတ်ဘေးကြီးတွေက ကင်းဝေးဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ စခဲ့တာပဲ။ ဘယ်ကိစ္စများပြီးမြောက်အောင်မြင်ခဲ့သလဲ ကြည့်ကြရအောင်။

- စစ်ပွဲကြီးတွေ ပျောက်သွားသလား ...၊ ပိုတိုးလာတာပဲ ရှိတယ်။
- ရောဂါဘယတွေ ကင်းဝေးသွားသလား ...၊ ရောဂါ အမျိုးအစားသစ် AIDS လိုဟာတွေ ပိုတိုးလာသေး။
- အငတ်ဘေး ကင်းဝေးကြပြီလား ...၊ ထူးမခြားနားပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စတွေဆောင်ရွက်ဖို့ ကော်မတီတွေ၊ ကော်မရှင်တွေ ရာနဲ့ချီပြီး ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ဆန်စင်ရာ ကျည်ပွေ့လိုက်သလို လျှော့ပြီး သတ်မှတ်ထားတဲ့ ဟိုနေ့ ဒီနေ့ဆိုတာတွေလည်း ပြက္ခဒိန် ဇယားကွက်မဆန့် အောင် များလှပါတယ်။ ဘာတစ်ခုမှတော့ ပြီးဆုံးအောင်မြင်တယ် မရှိပါဘူး။ ကုလသမဂ္ဂအဖွဲ့အစည်းပေါင်း ရာကျော်က ဝန်ထမ်းတွေ ညီလာခံတကာ လည်တက်ဖို့ လေယာဉ်ပထမတန်းစရိတ်၊ ကြယ်ငါးပွင့်ဟိုတယ်တည်းခိုစရိတ်၊ ပထမတန်းစား စားသောက်ဆိုင်ကြီးတွေမှာ ညှော်ခံစားသောက်စရိတ် စတာတွေ က ကုလသမဂ္ဂဘတ်ဂျက်ကို တော်တော်ကြီးနုတ်ယူသွားတာကို။ ကုလသမဂ္ဂ ဝန်ထမ်းတွေ ကောင်းစားတာပဲရှိတယ်။ ကမ္ဘာ့ပြည်သူတွေအတွက်ကတော့ ဘာမှ အကျိုးမရှိလှပါဘူး။ ကုလသမဂ္ဂကြီးက မျက်ဖြူဆိုက်လေ ဆရာကြိုက် လေဆိုတာလို ဖြစ်နေတယ်။ ကမ္ဘာကြီးမှာ ပြဿနာတစ်ခုပေါ်ရင် ကော်မတီ တစ်ခုထပ်ဖွဲ့၊ ဘတ်ဂျက်ထပ်တောင်း၊ ဝန်ထမ်းတွေထပ်ခန့် ဟန်ကျနေတာပဲ။ ဖြစ်တဲ့ပြဿနာကတော့ ဖြစ်မြဲပါပဲ။ ကုလအဖွဲ့ကြီးနဲ့အတူတူလို ပေါ်ပေါက် လာတဲ့ ပါလက်စတိုင်းပြဿနာ ဒီနေ့ထိရှိနေတာပဲလေ။

## ဘာမှ လုပ်ပိုင်ခွင့်မရှိ

ဘာကြောင့်လဲဆိုတော့ ကုလသမဂ္ဂကြီးက ဖြစ်ပေါ်လာတဲ့ ပြဿနာတွေနောက် ကိုလိုက်ပြီး အပေါ်ယံဖြေရှင်းမှုလောက်သာ လုပ်နေတာ ပြဿနာဖြစ်ပေါ် လာရတဲ့ အကြောင်းရင်းကို ဖြေရှင်းနိုင်တာမှ မဟုတ်ဘဲကိုး။ AIDS ရောဂါပဲ ဆိုပါတော့။ ရောဂါဖြစ်လာသူတွေ ဆေးကုပေးဖို့နဲ့ ကွန်ဒုံးတွေ အလကား ဝေဖို့လောက်သာ လုပ်တာ။ နောက်ထပ် ရောဂါရှင်အသစ်အသစ်တွေက နေ့တိုင်း တိုးလာနေတာ။ အဲဒီ တိုးလာစေတဲ့၊ ရောဂါ စပြီးဖြစ်ပွားလာစေတဲ့ အကြောင်းရင်းကို မရှင်းသရွေ့ AIDS ရောဂါ ဘယ်တော့မှ ပျောက်မသွား ပါဘူး။ တိုးလာဖို့ပဲ ရှိပါတယ်။ အနုမြူလက်နက် မပြန့်ပွားရေး၊ ထိန်းချုပ်ရေး အော်ရင်းအော်ရင်းနဲ့ အနုမြူလက်နက်ပိုင်ဆိုင်တဲ့ နိုင်ငံတွေ တစ်ခုပြီးတစ်ခု တိုးလာနေတာပဲ မဟုတ်လား။ အဲဒီလိုမလုပ်နိုင်မှတော့ IAEA လို အဖွဲ့ကြီး တွေ ပိုက်ဆံအများကြီးအကုန်ခံပြီး ထောင်ထားတာ ဘာလုပ်တော့မှာလဲ။

ကုလသမဂ္ဂကို ဦးဆောင်နေကြတဲ့ ပုဂ္ဂိုလ်တွေကို အပြစ်တင်နေတာ မဟုတ်ပါလူး။ ကိုဖီအာနန် မတော်လို့၊ ဘူးထရို့စ်ဂါလီ ညံ့လို့မဟုတ်ပါဘူး။ ကုလသမဂ္ဂကြီးရဲ့ ဖွဲ့စည်းပုံကိုက သူ့မှာ ကမ္ဘာ့တရားရုံးလို စီရင်ချက်ချ အပြစ်ပေးလို့ရတဲ့ အာဏာမျိုးမှ ပေးအပ်မထားတာ၊ အရေးယူနိုင်တဲ့ executive power မှ မရှိတာ။ တပည့်လေးတွေ လာအကြံဉာဏ်တောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com

လူထုစိန်ဝင်း

ကိစ္စကလည်း ကုလသမဂ္ဂကြီးလိုပဲ သိတော့သိတယ်၊ ဘာမှမလုပ်နိုင်ဘူး ဆိုသလိုပဲ ဖြစ်နေပါတော့တယ်။

၂၄၊ ၁၀၊ ၂၀၀၆။

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

# လူကြမ်းနဲ့ လူယဉ်ကျေးစကား

ခုတစ်လော သတင်းစာတွေဖတ်ဖတ်၊ ဂျာနယ်မဂ္ဂဇင်းတွေကြည့်ကြည့်၊ အင်တာနက် စာမျက်နှာတွေထဲရှာရှာ 'ဂျောဘု'အကြောင်းချည်း ထိပ်တန်းသတင်းနေရာကပါလာတာ တွေ့နေရတယ်။ ဂျော့ဘုရှ်နဲ့ မြောက်ကိုရီးယား၊ ဂျော့ဘုရှ်နဲ့ အီရန်၊ ဂျော့ဘုရှ်နဲ့ အီရတ်၊ ဂျော့ဘုရှ်နဲ့ ဗင်နီဇွဲလား ဆိုတာမျိုးတွေချည်းပါပဲ။ 'ဂျောဘု'က တကယ့်စူပါစတားပေပဲ။

## မှတ်မိတာပဲ ပြောတော့မယ်

စဉ်းစားရင်း စဉ်းစားရင်းနဲ့ ငယ်ငယ်ကသင်ခဲ့ရတဲ့ ဖတ်စာအုပ်တစ်အုပ်ထဲက တစ်နေ့တစ်နေ့ ဘယ်သူ့ကို ဘယ်လိုများဒုက္ခပေးရမလဲလို့ စဉ်းစားနေလေ့ရှိတဲ့ 'မှင်စာလေးတာတေ'ကို သွားသတိရမိတယ်။ အဲဒီပုံပြင်လေးအကြောင်း ပြောပြချင်လို့ အိမ်မှာရှိတဲ့ 'ဒေါင်းဖတ်စာ'စာအုပ်တွေထဲ ရှာကြည့်ပါတယ်။ မတွေ့ပါဘူး။ ဆရာကြီးဦးဖေမောင်တင်ပြုစုတဲ့ ခြသေ့်တံဆိပ် ဖတ်စာမှာ ပါတယ်ထင်ပါရဲ့။ မရှာအားတော့ပါဘူး။ မှတ်မိသလောက်ပဲ ပြန်ပြောပါတော့မယ်။ မှတ်မိတာကတော့ တော်တော်မှတ်မိတယ် ထင်ပါတယ်။ ကြက်တောင်လေးတစ်ချောင်းကိုင်ပြီး လမ်းဘေးမှာ ခွက်ထိုးခွက်လန်ရယ်နေတဲ့ မှင်စာလေးတာတေနဲ့ မှောက်နေတဲ့ အားလူးလှည်းကြီးတစ်စင်းပုံကိုတောင် မျက်စေ့ထဲ မြင်ယောင်နေမိပါသေးတယ်။

## လူတကာကို ဒုက္ခပေး

တစ်ခါက တာတေဆိုတဲ့ မှင်စာလေးတစ်ကောင်ရှိပါတယ်။ သူ့မှာ အစွမ်းထက်တဲ့ ကြက်တောင်တစ်ချောင်း ရှိပါတယ်။ အဲဒီကြက်တောင်ကို ဖြတ်ကျော်မိသူတိုင်း မှောက်လျက်လဲကျလေ့ရှိပါတယ်။ တာတေဟာ မိုးလင်းတာနဲ့ ဒီနေ့ ဘယ်သူ့ကိုဒုက္ခပေးရရင် ကောင်းမလဲဆိုတာပဲ စဉ်းစားနေတတ်ပါသတဲ့။ ပြီးတော့ ရွာထိပ်လှည်းလမ်းကြောင်းကိုသွားပြီး လမ်းပေါ်မှာ ကြက်တောင်ကို ချထားပါတယ်။ လမ်းသွားလမ်းလာတွေ ကြက်တောင်ကို ဖြတ်ကျော်မိတာနဲ့ မှောက်လျက်လဲပါတော့တယ်။ အထမ်းကြီးနဲ့ လာတဲ့လူလည်း အထမ်းကြီးနဲ့ လဲကျပါတယ်။ ဈေးဗန်းကြီးရွက်လာတဲ့ ဈေးသည်မကြီးလည်း ဗန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



လွင့်စင်ပြီး လဲကျပါတယ်။ အဲဒီလို လူတွေဒုက္ခရောက်တာကို ကြည့်ပြီး တာတေကတော့ ပျော်လွန်းလို့ တဝါးဝါး တဟားဟားနဲ့ ခွက်ထိုးခွက်လန် ရယ်မောနေလေ့ရှိပါသတဲ့။

## ကြမ္မာငင်တဲ့နေ့

တစ်ရွာလုံးမှာ တာတေရဲ့ဒဏ်ကလွတ်တဲ့လူ ဘယ်သူမှမရှိတော့လောက်အောင် ဖြစ်ပေမယ့် သူ့လက်ထဲက အစွမ်းထက်တဲ့ကြက်တောင်ကြောင့် ဘာမှလည်း မလုပ်နိုင်ကြဘဲ ခေါင်းငုံ့သည်းခံနေကြရပါတယ်။ ဒါပေမဲ့ တာတေ ဘယ်လောက် တန်ခိုးထွားထွား သူ့အတွက် ကြမ္မာငင်တဲ့နေ့ကိုတော့ သူရှောင်လွှဲလို့မရနိုင်ပါဘူး။ တစ်နေ့မှာတော့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကို ရောက်လာပါတော့တယ်။ အဲဒီနေ့မှာ အာလူးသည် မတဆုပ်ဆိုသူဟာ ရိုင်ပတ်ပြီး အာလူးတွေ အပြည့် တင်လာတဲ့ လှည်းကြီးကို မောင်းလာပါတယ်။ တာတေနဲ့တွေ့တော့ ထုံးစံ အတိုင်း သူ့ကြက်တောင်ကို လှည်းလမ်းကြောင်းမှာ ချထားလိုက်ပါတယ်။

## မတဆုပ်လည်း ပက်လက်လန်

ကြက်တောင်ကိုကျော်မိတာနဲ့ နွားနှစ်ကောင်စလုံး ဒူးတုပ်လဲကျသွားပါတယ်။ အာလူးတွေလည်း ဖိတ်စင်ကုန်ပါတယ်။ မတဆုပ်လည်း လှည်းပေါ်မှာ ပက်လက်လန်ပြီး ခြေကားယား၊ လက်ကားယား ဖြစ်နေပါတော့တယ်။ ဒါကို မြင်တော့ တာတေက သဘောကျလွန်းလို့ တဝါးဝါး တဟားဟားနဲ့ ရယ်လို့ မဆုံးနိုင်တော့ပါဘူးတဲ့။ ဒါပေမယ့် မကြာလိုက်ပါဘူး။ လှည်းကြီးစောင်းသွားပြီး ပါသမျှအာလူးတွေအကုန်လုံး လျှောကျကုန်ပါသတဲ့။ လမ်းဘေးက တဝါးဝါး တဟားဟားရယ်နေတဲ့ လက်သန်းလောက်သာရှိတဲ့ မှင်စာကလေး တာတေ လည်း အာလူးပုံကြီးအောက်ကို ရောက်သွားရပါသတဲ့။

## တာတေလို လူမျိုးတွေ

ငယ်ငယ် သုံးတန်းလေးတန်းလောက်က သင်ခဲ့ရတဲ့ အဲဒီပုံပြင်လေးကို ခဏ ခဏကို သတိရနေတတ်ပါတယ်။ လောကကြီးမှာ လူတွေကို တစ်မျိုးပြီးတစ်မျိုး နှိပ်စက်နေတဲ့ တာတေလိုလူစားမျိုးတွေက အများသားမဟုတ်လား။ ဘယ် နေရာကြည့်လိုက်ကြည့်လိုက် အဲဒီလိုလူမျိုးတွေ တွေ့နေရတာ။ ဒါကြောင့် တာတေကို ခဏခဏ သတိရတာဖြစ်တယ်။

## ကောင်းဘွိုင်ပီသသူ

စောစောကပြောခဲ့တဲ့ 'ကျောဘု'ပဲကြည့်။ တစ်နေ့တစ်နေ့ ဘယ်သူ့ ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



ရှာရမလဲဆိုတာပဲ ကြည့်နေတာ။ သူနဲ့ ဓလေ့စရိုက်ချင်း၊ ယဉ်ကျေးမှုချင်း၊ အတွေးအခေါ်၊ အယူအဆချင်း မတူရင် ရန်သူပဲ။ ပြောတော့ ဗဟုဝါဒ၊ လက်တွေ့ကျတော့ 'ငါနဲ့မတူ ငါ့ရန်သူပဲ'။ သူတို့ပြောလေ့ရှိတဲ့ (agree to disagree) 'သဘောထားအမြင် ကွဲပြားမှုတွေရှိနေကြောင်း သဘောတူကြသည်' ဆိုတာမျိုးတောင် လက်ခံတာမဟုတ်ဘူး။ တက္ကဆက်သားပီပီ ကောင်းဘွိုင်ဆိုမှ တကယ့်ကိုကောင်းဘွိုင်။

## လူကြမ်းကြီးတွေ

ကောင်းဘွိုင်ဆိုတာက နွားကျောင်းသား လူကြမ်းကြီးတွေပဲ။ သောက်မယ်၊ စားမယ်၊ မူးပြီးရန်ဖြစ်ရင် သေနတ်ကိုင်ဖြေရှင်းမယ်။ ဒါပဲ။ စာမတတ် ပေမတတ်ဆိုတော့ ယဉ်ကျေးမှုဆိုတာ နားမလည်ဘူး။ လူကြီးလူကောင်း စကားကိုလည်း နားမလည်ဘူး။ သူနားလည်တဲ့ဘာသာစကားက တစ်မျိုးပဲ ရှိတယ်။ သေနတ်ပြောင်းဝက ထွက်တဲ့စကား (Language of the gun) ပဲ။ ထစ်ခနဲရှိ သေနတ်ထဆွဲမယ်ဆိုတဲ့ လူစားမျိုး။

## ဗီဇမပျောက်

BURMESE CLASSIC

နှောင်းလူတွေခေတ်ကျတော့ ပညာတွေ၊ ဘာတွေတတ်လာပါတယ်။ နည်းနည်း ယဉ်လာ(refine) ပါတယ်။ ဒါပေမဲ့ သွေးကတော့ စကားပြောတာပဲ။ မျိုးရိုးဗီဇက ဘယ်တော့မှ ကွယ်ပျောက်မသွားပါဘူး။ ထစ်ခနဲဆို သေနတ်ဆွဲချင် တုန်းပါပဲ။ ဒီလိုလူမျိုးကို တရားပြဖို့ကြိုးစားရင် မိုက်ရာသာကျလိမ့်မယ်။ လူယဉ်ကျေးတွေသာ တရားစကားနားလည်တာ။ ကောင်းဘွိုင်ဆိုတာ လူယဉ်ကျေး မဟုတ်ဘူး။ လူကြီးလူကောင်း မဟုတ်ဘူး။ သူတို့ကို လူကြီးလူကောင်းလို စကားပြောရင် နားမလည်ဘူး။

ဂျော့ဘုရှ်လိုလူစားမျိုးကို ရင်ဆိုင်မယ်ဆိုရင် ပထမဦးဆုံး ကိုယ့်ခါး တစ်ဖက်တစ်ချက်မှာလည်း သေနတ်နှစ်လက်တော့ ထိုးထားဖို့လိုလိမ့်မယ်။ ဒါမှ သူကလေးစားမှာ။ လက်မဲ့ဆိုရင်တော့ သူက လက်တည့်စမ်းတာခံရမှာ သေချာတယ်လို့ပဲ သတိပေးလိုက်ချင်ပါတယ်။

၃၀၊ ၁၀၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# သတင်းသမားရဲ့ တာဝန်

အောက်တိုဘာ ၂၃ ရက်နေ့ထုတ် တိုင်းမဂ္ဂဇင်းထဲမှာ အီတာလျံလူမျိုး အမျိုးသမီး သတင်းစာဆရာမ Oriana Fallaci ဟာ အသက် ၇၇ နှစ်အရွယ်မှာ ကင်ဆာရောဂါနဲ့ ကွယ်လွန်အနိစ္စရောက်သွားတဲ့အကြောင်း သတင်းတိုလေး တစ်ပုဒ် ဖော်ပြထားတာ ဖတ်လိုက်ရပါတယ်။ အဲဒီသတင်းမှာ 'အော်ရီယာနာ' ရဲ့ သတင်းရအောင်ယူပုံဟာ 'ဆိုးဆိုးရွားရွား လွန်လွန်ကျူးကျူး' ဖြစ်တယ်လို့ နာမည်ဆိုးနဲ့ကျော်ကြားခဲ့ကြောင်း မိတ်ဆက်ပေးပြီးနောက် 'အော်ရီယာနာဟာ လူတွေက သူ့ကို မနှစ်သက်တာကိုမှ နှစ်သက်တတ်သူဖြစ်တယ်။ သူတွေ့ဆုံမေးမြန်းသူနဲ့ သူ့ကြားမှာ ရန်ဖြစ်ရတာတွေများလေလေ မေးမြန်းရတာ ပိုကောင်းလေဖြစ်တယ်လို့ ယူဆထားသူဖြစ်တယ်'လို့ ရေးထားပါသေးတယ်။

## ရှေးဖြစ်ဟောင်း အောက်မေ့

အဲဒီသတင်းကိုဖတ်ပြီးတော့ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ရာများကို ပြေးပြီး သတိရလိုက်မိပါတယ်။ ရှေးပုဂ္ဂလိကသတင်းစာတွေ အများကြီးရှိတဲ့ ခေတ်တုန်းက 'အော်ရီယာနာ'လိုသဘောထားရှိတဲ့ သတင်းစာဆရာတချို့ရဲ့ မျက်နှာများကိုလည်း ပြေးမြင်လိုက်မိပါတယ်။ စီးပွားရေးလောကမှာသာ 'ကြောင်ဖြူတာ၊ မည်းတာက အဓိကမဟုတ်ဘူး။ အမြတ်ရဖို့သာလိုရင်းပဲ' ဆိုတဲ့ အဘိဓမ္မာ ရှိတာမဟုတ်ဘူး။ သတင်းစာလောကမှာလည်း 'ဘယ်နည်းနဲ့ရရ သတင်းရဖို့အဓိက'ဆိုတဲ့ဝါဒ ကျင့်သုံးတတ်သူတွေ ရှိပါတယ်။

## ဆွတတ်တဲ့သူ

အဲဒီပုဂ္ဂိုလ်များက သတင်းသမားဟာ သတင်းရမယ်ဆိုရင် ဘယ်လိုနည်းလမ်းမျိုးမဆို ကျင့်သုံးသင့်တယ်။ တချို့ပုဂ္ဂိုလ်များက စိတ်ဆိုးအောင် ဆွပေးလိုက်ရင် အကုန်လုံးထွက်လာတတ်တာဖြစ်တယ်။ ဒါကြောင့် စိတ်ဆိုးအောင် နာနာဆွပေးရတယ်လို့ ပြောတတ်ကြပါတယ်။ သတင်းစာရှင်းလင်းပွဲလုပ်တဲ့ အခါများမှာ အဲဒီလိုပုဂ္ဂိုလ်မျိုးပါလာရင် တော်တော်စိတ်ညစ်စရာကောင်းပါတယ်။ သတင်းစာရှင်းလင်းပွဲ ဖတ်ကြားသူက ပြောလို့၊ ရှင်းလို့ မပြီးခင်ကတည်းက ထထပြီး စကားဖြတ်၊ မေးခွန်းမေးတာတွေ လုပ်လေ့ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲမစခင်ကတည်းက တစ်ဖက်ပုဂ္ဂိုလ်ကို စိတ်တိုအောင် ဆွလိုက်တဲ့သဘော ဖြစ်ပါတယ်။

### ဖွတတ်တဲ့သူ

ရှင်းတဲ့၊ ပြောတဲ့သူက နိုင်ငံရေးပါးမဝသေးသူဖြစ်ရင်တော့ သူ့ဆင်ကွက်ထဲ တိုးဝင်သွားမိပြီး ဒေါသတကြီးနဲ့ ကြိမ်းလားမောင်းလား လုပ်တတ်ပါတယ်။ နောက်တစ်နေ့မနက်ကျရင်တော့ ဒေါသနဲ့ တုံ့ပြန်ပြောခဲ့တဲ့စကားတွေကို စာလုံးမည်းကြီးတွေဖော်ပြပြီး အဲဒီပုဂ္ဂိုလ် အရှက်တကွဲဖြစ်အောင် တမင်တကာ 'ဖွ'ပြီးရေးတာတွေ ခံရပြီသာမှတ်ပါတော့။ အဲဒီလို ဖွရေးလိုက်တာကို မခံနိုင်လို့ထပ်ရှင်းရင် အဲဒီထပ်ရှင်းတာကို ထပ်ပြီး'ဖွ'ပါလိမ့်ဦးမယ်။

### ခေါင်းမဖော်ရဲအောင် ခံရ

ဒါပေမဲ့ နိုင်ငံရေးပါးဝနေတဲ့ပုဂ္ဂိုလ်မျိုးနဲ့ တွေ့ရင်တော့ အဲဒီလိုသတင်းသမား ကိုယ်တိုင် လူပုံအလယ်မှာ အရှက်တကွဲဖြစ်ပြီး ခေါင်းမဖော်ရဲလောက်အောင် ဖြစ်သွားတာမျိုးတွေလည်း အကြိမ်ပေါင်းများစွာ တွေ့ခဲ့ဖူးပါတယ်။ လူ့လောက မှာ လူကောင်း၊ လူဆိုး၊ လူပျက် စသဖြင့် လူအမျိုးမျိုး စိတ်အထွေထွေ ရှိကြသလို သတင်းစာလောကမှာလည်း သိုးမည်းတချို့ ရှိတတ်တာပါပဲ။ အဲဒီလိုပုဂ္ဂိုလ်မျိုးက သတင်းစာရောင်းကောင်းဖို့၊ ပေါ်ပြူလာဖြစ်ဖို့ ဘယ်လို 'စတန့်'မျိုး ထွင်ရထွင်ရ လုပ်တတ်ကြပါတယ်။

### ထင်ရာလုပ်ခွင့် လိုင်စင်မဟုတ်

ပိုပြီးဆိုးတာက အဲဒီလို သိုးမည်းသတင်းသမားများက သတင်းစာဆိုတာ 'လုပ်ချင်ရာ လုပ်ခွင့်လိုင်စင်'အဖြစ် ယူဆပြီး မောက်မာတတ်တာပါပဲ။ ကိုယ်တွေ့ဆုံနေတဲ့ပုဂ္ဂိုလ်ကို အမျိုးမျိုးအကျပ်ဆိုက်အောင် ချောင်ပိတ်ပြီး ကိုယ် လိုချင်တဲ့ အဖြေကို မရမကဖြေခိုင်းတာမျိုး လုပ်တတ်ကြပါတယ်။ သတင်းစာ သမားဆိုတာ နိုင်ငံသားတစ်ယောက်လည်း ဖြစ်ပါတယ်။ အခြားနိုင်ငံသား များထက် ဘာအထူးအခွင့်အရေးမှ ပိုမရှိပါဘူး။ သတင်းစာကဒ်ပြားဟာ ထင်ရာလုပ်ခွင့်လိုင်စင် မဟုတ်ပါဘူး။

### ဒုက္ခရောက်အောင်မလုပ်ရ

လူတစ်ဦးတစ်ယောက်ရဲ့ ရိုးသားမှု(အ,မှုလို့ ဆိုချင်ဆိုပါ)ကို အခွင့်ကောင်းယူပြီး အဲဒီပုဂ္ဂိုလ် ချောက်ကျအောင်၊ အခက်တွေ့အောင်လုပ်တာမျိုး၊ ဒုက္ခ ရောက်အောင်လုပ်တာမျိုးကို သာမန်လူယဉ်ကျေးများတောင် လုပ်လေ့မရှိ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ 'ဟန်ဆောင်လိမ်ညာ၍ဖြစ်စေ၊ ခြိမ်းခြောက်အကျပ်ကိုင်၍ဖြစ်စေ၊ တံစိုးလက်ဆောင်ဖြင့် ဖျားယောင်း၍ဖြစ်စေ သတင်းရယူခြင်းမပြုရ'ဆိုတဲ့ ကျင့်ဝတ်ကို စောင့်စည်းလိုက်နာရတဲ့ သတင်းသမားက ပိုပြီးမလုပ်ရပါဘူး။

## ဆွဲချ မလုပ်ရ

တချို့သတင်းထောက်များက သတင်းတစ်ပုဒ်ကိုရေးတဲ့အခါမှာ ရိုးရိုးသားသား မရေးဘဲ 'ဆွဲချ'လိုလုပ်ပြီး တစ်ဖက်သားဒုက္ခရောက်အောင် စွပ်စွဲရေးသား တာမျိုး လုပ်တတ်ကြပါတယ်။ တချို့သတင်းထောက်ကျတော့ သူ့ကိုယ်သူ တရားသူကြီးနေရာထားပြီး သတင်းထဲမှာ တစ်ခါတည်း စီရင်ချက်ချပြီး ရေး လိုက်တာမျိုးတွေ လုပ်တတ်ကြပါတယ်။ သတင်းထောက်ဆိုတာ သတင်းကို သတင်းလိုပဲ ရေးရပါတယ်။ ဘာအာဘော်မှ မထည့်ရပါဘူး။ ဘာဆုံးမစကားမှ မပြောရပါဘူး။ ဘာတရားမှ မဟောရပါဘူး။ ဆွဲချအလုပ်၊ တရားသူကြီးအလုပ် ဘယ်တော့မှ မလုပ်ရပါဘူး။ သတင်းထောက်ဆိုတာ သတင်းထောက်သာလျှင် ဖြစ်ပါတယ်။ သတင်းထောက်ဆိုတာ အယ်ဒီတာ မဟုတ်ပါဘူး။ ဆွဲချ မဟုတ် ပါဘူး။ တရားသူကြီး မဟုတ်ပါဘူး။

## လွတ်လပ်စွာမပြောဘဲ နေခွင့်ရှိ

သတင်းထောက်အလုပ်က သတင်းရေးဖို့သာဖြစ်တယ်။ အဲဒီသတင်း ထည့်သင့်၊ မထည့်သင့် အယ်ဒီတာက ဆုံးဖြတ်ပါလိမ့်မယ်။ သတင်းထောက်က သတင်း ထည့်မယ်၊ မထည့်ဘူး ဆုံးဖြတ်ပိုင်ခွင့်မရှိပါဘူး။ အဲဒါကြောင့် ဘယ်သူ့ကိုမှ ဝန်ခံကတိမပေးနိုင်ပါဘူး။ သတင်းထောက်က သတင်းဖြစ်ရင် ရေးဖို့ပဲရှိပါ တယ်။ အာဘော်ပေးဖို့လိုရင်၊ ဆုံးမဖို့လိုရင်၊ တရားဟောဖို့ဆိုရင် ခေါင်းကြီး ရေးတဲ့ အယ်ဒီတာက ရေးပေးပါလိမ့်မယ်။ ဒါမှမဟုတ် ပင်တိုင်ဆောင်းပါး ရှင်(Staff columnist)က ရေးပါလိမ့်မယ်။ သတင်းထောက်က သတင်းပဲ ရေးရပါမယ်။ သတင်းလိုက်တဲ့အခါမှာလည်း 'ဘယ်နည်းနဲ့ရရ သတင်းရဖို့ အဓိက' ဆိုတဲ့ မသမာစိတ်မျိုးနဲ့ မလိုက်ရပါဘူး။ သတင်းထောက်တစ်ယောက် မှာ သတင်းကို လွတ်လပ်စွာရေးခွင့်ရှိသလို တခြားပြည်သူပြည်သား တစ် ယောက်မှာလည်း လွတ်လပ်စွာ ပြောခွင့်၊ ဒါမှမဟုတ် လွတ်လပ်စွာ မပြောဘဲ နေခွင့်ရှိတယ်ဆိုတာ အမြဲသတိချပ်သင့်ကြောင်း ရေးလိုက်ရပါတယ်။

၇၊ ၁၁၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော် အသက်ကြီးလေ အတွေ့ကြီးလေဖြစ်လာတယ်

'ဘယ်အသက်အရွယ်ထိကို လူငယ်လို့ သတ်မှတ်ကြပါသလဲခင်ဗျ'

လူငယ်အယ်ဒီတာတစ်ယောက်က မေးလိုက်တဲ့မေးခွန်း ဖြစ်ပါတယ်။ ပိုင်းပိုင်းခြားခြား၊ သတ်သတ်မှတ်မှတ်ရှိတာ မဟုတ်တဲ့အတွက် ရုတ်တရက်တော့ ဖြေဖို့ခက်ပါတယ်။ ကိုယ်တိုင်က လူငယ်တွေအတွက် စာတွေရေးနေပေမယ့် ဘယ်အသက်အရွယ်အတွက်ဆိုတဲ့ သတ်မှတ်ချက် တိတိကျကျမရှိပါဘူး။

## လူငယ်စိတ်မပျောက်သမျှ

တစ်ခါတလေကျတော့ ၁၀ တန်းနဲ့ ကောလိပ်ကျောင်းသားအရွယ်တွေအတွက် ရည်ရွယ်ပြီးရေးပါတယ်။ တစ်ခါတလေကျတော့ ဘွဲ့ရဘွဲ့လွန်အရွယ်တွေကို လူငယ်တွေလို့သဘောထားပြီး ရေးပါတယ်။ ကောလိပ်မှာ ဆရာ၊ ဆရာမ ဖြစ်ချင်ဖြစ်နေပါလိမ့်မယ်။ ဆရာဝန်၊ အင်ဂျင်နီယာ ဖြစ်ချင်ဖြစ်နေပါလိမ့်မယ်။ ဂျာနယ်၊ မဂ္ဂဇင်းမှာ အယ်ဒီတာတို့၊ အယ်ဒီတာချုပ်တို့ ဖြစ်ချင်ဖြစ်နေပါလိမ့်မယ်။ အိမ်ထောင်နဲ့၊ ကလေးနဲ့ ဖြစ်ချင်ဖြစ်နေပါလိမ့်မယ်။ လူငယ်စိတ်မပျောက်သေးဘဲ လူငယ်လိုပြုမူကျင့်ကြံနေသမျှ အားလုံးကို လူငယ်လို့ပဲ သဘောထားပါတယ်။

## ကိုယ်ပိုင်စံ

လူငယ်စိတ်မပျောက်သမျှဆိုတော့ ဘယ်လိုဟာကိုလူငယ်စိတ်လို့ သတ်မှတ်သလဲ မေးစရာရှိပါတယ်။ လူငယ်ရဲ့သဘာဝက ဘယ်အရာမဆို စူးစမ်းလေ့လာချင်တယ်။ အသစ်အသစ်မှန်သမျှ စိတ်ဝင်စားတယ်။ သင်ယူလိုစိတ်ပြင်းပြတယ်။ ကိုယ်ကျိုးအတွက်ကိုမကြည့်ဘဲ အများအကျိုး သယ်ပိုးချင်တယ်။ စွန့်လွှတ်အနစ်နာခံဝံ့တဲ့သတ္တိနဲ့ ပြည့်စုံတယ်။ အဲဒါလူငယ်ဆိုတဲ့ ကိုယ်ပိုင်သတ်မှတ်ချက်စံ ဖြစ်တယ်။ အများနဲ့ တူကောင်းမှတူမယ်။ ကိစ္စမရှိပါဘူး။ လူတစ်ကိုယ် အမြင်တစ်မျိုးရှိတာလည်း သဘာဝပဲ။

## အသက်နဲ့ ကန့်သတ်လို့မဖြစ်

အသက်အရွယ်နဲ့ ကန့်သတ်ပြီးပြောတာ နေရာတိုင်းတော့ မှန်နိုင်မယ်မထင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

## လူထုစိန်ဝင်း

အသက်ကလေးက ၁၉ နှစ်၊ ၂၀လောက်ရှိသေးပေမယ့် ကျောက်ခေတ်က ယုံကြည်မှုမျိုးတွေဖြစ်တဲ့ ရေနတ်၊ မီးနတ်၊ မြေနတ်၊ လေနတ် စတဲ့နတ်မျိုးစုံနဲ့ စုန်း၊ ကဝေ၊ တစ္ဆေ၊ သရဲ၊ သဘက်ဆိုတာတွေကို ယုံကြည်ကိုးကွယ်နေတဲ့ လူငယ်လေးတွေရှိသလို အသက်ကသာ ၇၀၊ ၈၀၊ ၉၀ ရောက်ချင်ရောက် နေမယ်။ အခုထက်ထိ ကမ္ဘာ့အရေးအခင်းမှန်သမျှ မျက်ခြည်မပြတ် လေ့လာ စောင့်ကြည့်နေပြီး ဗိုလ်ကျအနိုင်ကျင့်၊ ကျူးကျော်တာမှန်သမျှ ဆန့်ကျင် ဝေဖန်မြဲ၊ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ လုပ်ရပ်မှန်သမျှ ရှုတ်ချမြဲ၊ အနိုင်ကျင့်ခံ၊ အဖိနှိပ်ခံ၊ အစော်ကားခံ ကံမွဲသူ(underdogs)များဘက်က အမြဲတမ်းရပ်မြဲ လူကြီးတွေလည်း ရှိတာပဲ။

## ပျိုမျစ်တဲ့ခန္ဓာနဲ့ ကျောက်ခေတ်ဦးခေါင်း

နုနယ်ပျိုမျစ်တဲ့ခန္ဓာကိုယ်ပေါ်မှာ ကျောက်ခေတ်ကခေါင်းကြီး တပ်ထားတဲ့ လူမျိုးနဲ့ အိုမင်းရွတ်တွဖြစ်နေတဲ့ ခန္ဓာကိုယ်မှာ ၂၁ ရာစုဦးခေါင်းတပ်ထား တဲ့ လူမျိုးတွေလည်းရှိတယ်လို့ ကြိမ်ဖန်များစွာရေးခဲ့ဖူးတယ်။ ကိုယ်ပိုင် ယုံကြည်ချက်၊ ကိုယ်ပိုင်ခံယူချက်၊ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်ပိုင်သိမြင်မှု ဘာ တစ်ခုမှမရှိဘဲ ရှေ့က သူများပြောတာ၊ ဟောတာ၊ ရေးတာတွေလောက်ကိုသာ ဟုတ်လှပြီထင်ပြီး 'ကောင်းလေစွ၊ ကောင်းလေစွ'လုပ်တတ်တာကို ပညာတတ် တာ၊ ခေတ်မီတာလို့ မခေါ်နိုင်ပါဘူး။ ဒီလိုလူမျိုးဟာ နုနယ်တဲ့ခန္ဓာကိုယ်မှာ ကျောက်ခေတ်က ခေါင်းကြီးတပ်ထားသူလို့သာ ဆိုရမှာပဲ။ သူများဟောထား၊ ပြောထားတာတွေကိုသာ ပြန်ပြောတတ်တာကိုး။ ကိုယ်ပိုင်ဘာရှိသလဲ မေး ကြည့်။ ဘာမှမရှိဘူး။

## အသက်ကြီးလေ အတွေးကြီးလေ

ယေဘုယျသဘောအားဖြင့် လူငယ်ဆိုတာ ကိုယ်ကျိုးကို ဦးစားမပေးတတ်ဘူး။ အများအကျိုးစီးပွားအတွက် အရာရာကိုစွန့်လွှတ်နိုင်တဲ့ သတ္တိရှိတယ်။ ချွင်းချက်အနေနဲ့ ကိုယ်ကျိုးကိုသာ ရှေ့တန်းတင်တတ်သူ လူငယ်တချို့လည်း ရှိတတ်ပါတယ်။ ဒါပေမဲ့ ခြုံငုံပြောရင် နည်းတယ်။ ဒီနေရာမှာ ကိုယ့်ကိုယ် ကိုယ်ပဲ နမူနာထားပြီးပြောပါမယ်။ အသက် ၄၀ ကျော်လာကတည်းက သတ္တိ နည်းသထက်နည်းလာတယ်။ တစ်ခုခုစဉ်းစားတိုင်း ကိုယ့်မိသားစုအရေးကို အရင်ဆုံး စဉ်းစားတတ်လာတယ်။ သားသမီးတွေရဲ့ ပညာရေးတို့၊ ရှေ့ရေး တို့ကို ဦးစားပေးတတ်လာတယ်။ ချုပ်ပြောရမယ်ဆိုရင်တော့ အသက်ကြီး လာလေ အတွေးကြီးလာလေလို့ ထင်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



## အတ္တကို ဒဿနနဲ့ဖုံးကွယ်

အဲဒါကြောင့် လူငယ်တွေကို ပိုယုံပြီး ပိုအားကိုးတာဖြစ်တယ်။ 'သိက္ခာကို ရိက္ခာနဲ့မလဲဘူး'ဆိုတဲ့ စိတ်ဓာတ်မျိုးက လူငယ်တွေဆီမှာပဲ တွေ့နိုင်တော့တယ်။ ကိုယ်တိုင်ကတော့ အသက်ကြီးလာလေ 'ရေလိုက်ငါးလိုက်'လုပ်တတ်လေ ဖြစ်လာတယ်။ ပိုဆိုးလာတာက ကိုယ့်အတ္တကြီးမှုကိုဖုံးကွယ်ဖို့ ဒဿနမျိုးစုံ ထုတ်သုံးပြီး အကာအကွယ်လုပ်တတ်ခြင်းဖြစ်တယ်။ ကိုယ့်မှာ အမြီးပြတ်သလို တခြားသူတွေလည်း အမြီးပြတ်အောင် သီဝရီတွေနဲ့ ကိုင်ကိုင်ပေါက်တတ်ခြင်း ဖြစ်တယ်။ အသက်ကလည်းကြီး၊ အတွေ့အကြုံကလည်းစုံဆိုတော့ ဒဿန စာအုပ်တွေ၊ သဘောတရားစာအုပ်တွေလည်း များများဖတ်ဖူးထားတာကိုး။ အဲဒါကြောင့် အသက်ကြီးလာလေ ကိုယ့်ကိုယ်ကိုယ် မရိုးသေချင်တော့လေ ဖြစ်လာတယ်။

## ကိုယ့်ကိုယ်ကိုယ် ကြည်ညိုဖို့ခက်တယ်

လောကမှာ လူအထင်ကြီးအောင်လုပ်ဖို့ မခက်ပါဘူး။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် တကယ်အစစ်အမှန် အထင်ကြီးဖို့၊ တကယ်ကြည်ညိုဖို့ကတော့ ခက်ပါတယ်။ ပညာခေတ်လို့ ကြွေးကြော်နေတဲ့ခေတ်ကြီးမှာ အသက်အရွယ်လည်းရ၊ အတွေ့ အကြုံလည်းစုံ၊ ပညာလည်း အသင့်အတင့်တတ်ထားသူ တစ်ယောက်အဖို့ လူအထင်ကြီးအောင်၊ လေးစားအောင်လုပ်ဖို့ အင်မတန်လွယ်ပါတယ်။ ဒါပေမဲ့ ကိုယ့်လိပ်ပြာကိုယ် အမှန်တကယ် ကြည်ညိုလေးစားဖို့ကတော့ အင်မတန်မှကို ခက်ပါတယ်။ ကိုယ်တိုင်ကတော့ အသက်ကြီးလာလေ သတ္တိနည်းလာလေ၊ အတ္တကြီးလာလေ ဆင်ခြင်ဆင်လက်တွေ များလာလေဖြစ်တာကြောင့် ကိုယ့် ကိုယ်ကိုယ် အကြည်ညိုပျက်လာလေ ဖြစ်နေရပါတယ်။

## မင်္ဂလာတစ်ပါး

တစ်ဖက်မှာလည်း ကိုယ့်သားသမီးအရွယ် လူငယ်လေးတွေ ကြိုးစားလုပ်ဆောင် နေကြတာတွေ၊ ပြောဆိုရေးသားနေကြတာတွေဟာ အံ့မခန်းတော်လွန်း ကောင်းလွန်းလို့ တစ်ခါတစ်ရံ ထိုင်ရှိခိုးချင်စိတ်ပေါက်လာအောင်ကို ကြည် ညိုလေးစား ဖြစ်ရပါတယ်လို့ရေးလိုက်ရင် ဒေါသသင့်ရာမရောက်ဘူးလို့ ထင် ပါတယ်။ • ပူဇော်ထိုက်သူကို ပူဇော်ခြင်းဆိုတာ မင်္ဂလာတစ်ပါးပဲ ဖြစ်တယ် မဟုတ်လား။

၈၊ ၁၁၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# လူငယ်တွေ သန့်သန့်ရှင်းရှင်း ကြီးပြင်းစေချင်တယ်

ရန်ကုန်ရာသီဥတုက တော်တော်စိတ်ပျက်ဖို့ကောင်းတယ်။ နိုဝင်ဘာ ၂၇ ရက်နေ့ ရောက်နေတာတောင် ဆောင်းကရောက်မလာသေးဘူး။ မနှစ်ကတော့ ဆောင်းနဲ့တူအောင်အေးလိုက်လို့ ဝမ်းသာခဲ့ရတယ်။ အေးတာမှ အနှစ် ၂၀ လောက်အတွင်းမှာ အအေးဆုံး၊ ဆောင်းနဲ့အတူဆုံးဆောင်း ဖြစ်ခဲ့တယ်။

## မလှုပ်ဝံ့ဘူး

ဒီနှစ်တော့ အေးမယ့်ပုံမပေါ်ဘူး။ နိုဝင်ဘာသာ ကုန်ကာနီးတယ်။ ပူလို့ ကောင်းတုန်းရှိသေးတယ်။ ကျန်းမာရေးအခြေအနေက ရာသီဥတုပူခြင်း၊ အေးခြင်းအပေါ်မှာ အများကြီးမူတည်နေတာဆိုတော့ ခုလို ဟိုမရောက် ဒီမရောက် ရာသီအပြောင်းအလဲ စပ်ကူးမတ်ကူးကာလမှာ တော်တော်အနေဆိုးပါတယ်။ ပူလာလေ အသက်ရှူကြပ်လေဖြစ်တာကြောင့် မီးလာနေတဲ့ တစ်ချိန်လုံး အောက်ဆီဂျင်စက်ကိုဖွင့်ပြီး ရှူနေရပါတော့တယ်။ ဒါတောင် နည်းနည်းလေးမှ မလှုပ်ဝံ့ဘူး။ ခြေနှစ်လှမ်းသာလှမ်းရတဲ့ စာအုပ်စင်က စာအုပ် ယူတာတောင် မောတဲ့အဖြစ်ပါ။

## အမေမာ့မွေးနေ့ပွဲ မသွားနိုင်တော့

ဒီနေ့နိုဝင်ဘာ ၂၇ ရက်နေ့ဆိုတော့ ရန်ကုန်စာပေလောက အသိုင်းအဝိုင်းက အများစု မန္တလေးကို သွားကြတယ်။ နိုဝင်ဘာ ၂၉ ရက် အမေမာ့မွေးနေ့မှာ နှစ်စဉ်လို နိုင်ငံအနှံ့က စာပေသမားတွေနဲ့ဆုံတွေ့ဖို့ သွားကြတာဖြစ်တယ်။ နှစ်စဉ်သွားနေကျ ဒီနှစ်တော့ မသွားနိုင်တော့ဘူး။ လေယာဉ်ကွင်းထဲမှာ ဘီးတပ်ကုလားထိုင်နဲ့တွန်းပို့ပေမယ့် လေယာဉ်ပေါ်အတက်ကျတော့ ကိုယ့်ဟာကိုယ် တက်ရတာ။ ဒီနှစ်တော့ လေယာဉ်လှေခါးကိုတောင် မတက်နိုင်တော့တာကြောင့် လက်လျှော့လိုက်ရတယ်။

## အဝေးကဆုတောင်းရ

ကိုယ်သာမဟုတ်ဘူး။ နှစ်စဉ်သွားနေကျ မြန်မာ့အလင်းဦးသန်းညွန့်လည်း ခါးနာနေလို့ မသွားနိုင်ဘူး။ ၈၀ ကျော် ၉၀ နားနီးနေပြီဖြစ်တဲ့ဦးအုန်းမြင့်တို့၊ ဦးသိန်းမောင်တို့လည်း မသွားနိုင်ကြတော့ဘူးလို့ သိရတယ်။ ဒေါ်ဒေါ်တော့



www.burmeseclassic.com

www.burmeseclassic.com



တော်တော်စိတ်မကောင်းဖြစ်ရှာမှာ။ မိတ်ဆွေရင်းချာဖြစ်တဲ့ ဆရာဒေါက်တာ သန်းထွန်းနဲ့ တော်ဘုရားလေး၊ အမြဲတမ်း ရယ်စရာမောစရာတွေ ပြောတတ်တဲ့ တူလိုသားလိုဖြစ်တဲ့ မောင်ပေါက်စည်(မန်းတက္ကသိုလ်)တို့လည်း မရှိကြတော့ဘူး။ ကျန်းမာရေးချို့တဲ့ပေမယ့် နှစ်စဉ်ကြိုးစားလာနေရှာတဲ့ စာရေးဆရာ ဦးကျော်ခေါင်တောင် မနေ့တနေ့ကလေးပဲ ကွယ်လွန်သွားခဲ့တယ်။ ဒေါ်ဒေါ် အသက်ရာကျော်ရှည်ပါစေလို့သာ အဝေးက ဆုတောင်းလိုက်ရတော့တယ်။

## စာပေတွေ့ဆုံပွဲ

နားထဲမှာတော့ ပန်တျာဒွေးဒွေးမြင့်ရဲ့ 'မယ်ရင်မာပါစေ၊ မြရင်မာပါစေ' ဆိုတဲ့ သီချင်းသံကို ကြားယောင်နေမိတယ်။ ကိုမြတ်မှိုင်းကိုလည်း သတိရလိုက်မိတယ်။ ဒေါ်ဒေါ် အသက်ရာကျော်ရှည်စေချင်တယ်။ ဒေါ်ဒေါ့်မွေးနေ့မှာမှ အနယ်နယ်အရပ်ရပ်က စာရေးဆရာ၊ ကဗျာဆရာ၊ အယ်ဒီတာတွေ၊ ဂျာနယ်၊ မဂ္ဂဇင်းထုတ်ဝေသူတွေ ရင်းရင်းနှီးနှီး ဆုံတွေ့ကြရပြီး စာကြောင်းပေကြောင်း၊ စာမူတွေအကြောင်း ပြောကြဆိုကြရတာမဟုတ်လား။ ဒီပွဲမျိုးက တခြား ဘယ်နေရာမှာမှ ရှိတာမဟုတ်ပါဘူး။ ဒါကြောင့် ဒေါ်ဒေါ့်ကို မာစေချင်တယ်။

## ဆေးလိပ်ဒဏ်

ကိုယ့်အတွက်ကိုယ်တော့ သိပ်မပူတော့ပါဘူး။ ဆရာဝန်တွေ ညွှန်ကြားတဲ့ လိုအပ်တာမှန်သမျှ လုပ်နေလိုက်ရုံပါပဲ။ လေဖြတ်ထားတဲ့ ဝေဒနာအခံရှိတဲ့ ထဲမှာ အဆုတ်နဲ့နှလုံးကပါ မကောင်းတော့ဘူးဆိုတော့ တစ်ရက်ပိုနေရရင် တစ်ရက်မြတ်တာပဲလို့ သဘောထားနေတတ်ခဲ့တာ ကြာပါပြီ။ ပြောရမယ် ဆိုရင်တော့ ဆေးလိပ်ဒဏ်တွေပေါ့။ ကောလိပ်ကျောင်းသားဘဝကစပြီး နှစ်ပေါင်းလေးဆယ်လောက် မက်မက်မောမောကြီး သောက်လာခဲ့တာကိုး။ နောင်တရနေတာ မဟုတ်ပါဘူး။ 'ဘယ်သူမပြုမိမိမှု' ဆိုတဲ့သဘောကို ကျေနပ်လက်ခံပြီးသားပါ။

## တစ်မူထူးတဲ့ စီးကရက်

ဆေးလိပ်သောက်တတ်လာပုံကို လူငယ်တွေ ဆင်ခြင်နိုင်အောင် ပြောပြချင်ပါတယ်။ မန္တလေးတက္ကသိုလ်ကိုရောက်တော့ အသက်က တော်တော်ငယ်ပါတယ်။ ဒီတော့ ပေါင်းရသင်းရတာက ကိုယ့်ထက်ကြီးတဲ့လူတွေချည်း ဖြစ်ပါတယ်။ ဘီယာသောက်တတ်တဲ့လူပါသလို စီးကရက်သောက်တတ်သူလည်း ပါပါတယ်။ အဲဒီအထဲမှာ တစ်ယောက်က သူများနဲ့မတူဘဲ Everest ဆိုတဲ့ စီးကရက် သောက်ပါတယ်။ သူ့စီးကရက်က ပရုပ်နံ့သင်းသင်းလေးနဲ့ ရှိုက်



www.burmeseclassic.com

www.burmeseclassic.com

လူထုစိန်ဝင်း

လိုက်ရင် ရင်ထဲမှာ အေးခနဲဖြစ်သွားပါတယ်။ သူက 'ကောင်းတယ်။ သောက်ကြည့်'လို့ ပြောဖန်များတော့ စမ်းဖွာကြည့်ရာက ကြိုက်သွားတာပါပဲ။ လူတိုင်းလည်း ဒီနည်းနဲ့ ဆေးလိပ်စွဲကြတာမို့ အထူးအဆန်းတော့ မဟုတ်ပါဘူး။

ဆေးပြားတွေ စမ်းသပ်ရလွယ်ကူ

လူငယ်တွေရဲ့သဘာဝက ထူးခြားတာလေးတွေဆို နှစ်သက်တတ်မြဲ ဖြစ်လေတော့ အသစ်အဆန်းလေးတွေဆိုရင် စမ်းကြည့်ချင်ပါတယ်။ ဒီခေတ်လူငယ်လူရွယ်တွေကြားမှာ အသုံးများနေတာက နာမည်မျိုးစုံနဲ့ပေါ်ထွက်နေတဲ့ ဆေးပြားတွေဖြစ်တော့ စမ်းသပ်ရတာ ပိုပြီးလွယ်ကူလာပါတယ်။ အထူးသဖြင့် လူငယ်တွေ စုစုဝေးဝေးအဆုံအတွေ့များတဲ့ အနုပညာလောကမှာ တစ်ယောက်စမိပြီဆိုရင် ခဏချင်းမှာပဲ တစ်ယောက်ပြီးတစ်ယောက် ကူးစက်သွားတတ်ပါတယ်။ အဲဒီလိုနည်းနဲ့ပဲ အရွယ်မတိုင်မီကြွေလွင့်ခဲ့ရတဲ့ အနုပညာပန်းပွင့်လေးတွေ မနည်းတော့ပါဘူး။

အမြီးပြတ်တဲ့ မြေခွေးပမာ

ဒီကိစ္စမှာ အစပျိုးပေးလိုက်သူက ဝါရင့်နေတဲ့သူတစ်ယောက် ဖြစ်ဖို့များတယ်။ သူက နောက်လူငယ်တွေကို စမ်းကြည့်ပါလား။ တကယ့် high ပဲ၊ cool ပဲ လို့ သွေးဆောင်ရာက လိုက်ပါမိကြတာပဲ။ အဲဒီလို အမြီးပြတ်မြေခွေးများရဲ့ အန္တရာယ်ကို သတိထားဖို့လိုတယ်။ ရှေး ဒေါင်းဖတ်စာမှာပါတဲ့ အမြီးပြတ်မြေခွေးပုံပြင် ကြားဖူးကြမှာပါ။ မြေခွေးတစ်ကောင်ဟာ အစာရှာထွက်ရင်း ထောင်ခြောက်မှာမိလို့ အမြီးပြတ်သွားခဲ့ရတယ်တဲ့။ ဒီတော့ သူတစ်ကောင်တည်း အမြီးပြတ်ဖြစ်ရတာကိုရှက်တာနဲ့ တခြားမြေခွေးတွေပါ အမြီးဖြတ်ကြလေအောင် ဆွယ်တရားဟောသတဲ့။ အမြီးကြီးတစ်ယမ်းယမ်းနဲ့ သားကောင်လိုက်ဖမ်းတဲ့အခါ သားကောင်တွေကို သတိပေးသလိုဖြစ်လို့ မကောင်းတဲ့အကြောင်း၊ ထောင်ခြောက်မှာမိဖို့လည်း အန္တရာယ်ရှိကြောင်း၊ အမြီးဖြတ်လိုက်ကြရင် အားလုံးကောင်းသွားမှာဖြစ်ကြောင်း လည်ပြီးပြောနေသတဲ့။

တောရပ်က မောင်းထုတ်ပစ်ကြ

မြေခွေးငယ်တချို့က ဟုတ်နိုးနိုးထင်နေကြသတဲ့။ အဲဒီအခါ မြေခွေးအိုကြီးတစ်ကောင်က 'ဟယ် ... မြေခွေးမိုက်၊ သင်အမြီးပြတ်တာနဲ့ မြေခွေးအားလုံးအမြီးပြတ်အောင် လာပြီး ဆွယ်တရားမဟောလေနဲ့'ဆိုပြီး ကြိမ်းမောင်းလိုက်တယ်တဲ့။ အဲဒီတော့မှ အမြင်မှန်ရသွားကြတဲ့ မြေခွေးတွေက အမြီးပြတ်မြေခွေးကို ဝိုင်းကိုက်ကြပြီး သူတို့တောရပ်က မောင်းထုတ်လိုက်ကြသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီခေတ်ကြီးမှာ အဲဒီလို အမြီးပြတ်မြေခွေးတွေက နေရာတကာမှာ ရှိနေတတ်တယ်။ ငယ်ရွယ်နုနယ်တဲ့လူငယ်တွေက သူတို့အန္တရာယ်ကို မြင်ကောင်းမှ မြင်တတ်မယ်။

## လူငယ်တွေသန့်ရှင်းဖို့လိုတယ်

ဒါကို လူကြီးတွေက ထောက်ပြသတိပေးဖို့ လိုပါတယ်။ ပြောလည်း အပိုပါပဲ ဆိုပြီး လစ်လျူရှုမထားသင့်ကြပါဘူး။ တစ်ယောက် သဘောပေါက်လည်း တစ်ယောက်အမြတ်ရတာပါပဲ။ နိုင်ငံရဲ့အနာဂတ်ဟာ လူငယ်တွေအပေါ်မှာ တည်နေတာမဟုတ်လား။ လူငယ်တွေ သန့်သန့်ရှင်းရှင်းလေး ကြီးပြင်းလာစေဖို့ အင်မတန်အရေးကြီးပါတယ်။ အကျင့်စရိုက်တွေ သန့်ရှင်းဖို့၊ စိတ်ဓာတ်တွေ သန့်ရှင်းဖို့၊ အတွေးအမြင်တွေ သန့်ရှင်းဖို့ လိုပါတယ်ဆိုတဲ့အကြောင်း သတိပေးနှိုးဆော်လိုက်ရပါတယ်။

၂၇၊ ၁၁၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာကြီးလှပါစေ

နှစ်ဟောင်းတစ်ခု ကုန်ခါနီးပြန်ပြီ။
နှစ်သစ်က ငြိမ်းချမ်းခြင်းကို သယ်ဆောင်လာပါစေ။
တရားမျှတခြင်းတို့ ထွန်းကားပါစေ။
လောကပါလတရားဖြင့် ခြုံလွှမ်းပါစေ။
နှစ်ဟောင်းကတော့ လွမ်းလောက်စရာမရှိပါ။
စက်ဆုပ်ဖွယ်အတိပြီးသည်ဟုပင် ကောက်ချက်ချစာရင်းချုပ်ချင်သည်။
ငြိမ်းချမ်းခြင်း ဘယ်မှာရှိသည်လဲ။
တရားမျှတခြင်း ဘယ်မှာရှိသည်လဲ။
လောကပါလတရား ဘယ်မှာရှိသည်လဲ။
ကမ္ဘာကြီး၏ လေးပြင်လေးရပ် ဘယ်မှာကြည့်ကြည့် အနိဋ္ဌာရုံတို့ သည်သာ။
အင်အားကြီးသူက အင်အားငယ်သူကို အနိုင်ကျင့်မြဲ၊ ဗိုလ်ကျမြဲ။
အာဖဂန်နစ္စတန်နိုင်ငံ ထောင်းလမောင်းကြေခဲ့ပြီ။
အိုစမာဘင်လာဒင်ကား လက်ခမောင်းခတ်နေမြဲ။
အီရတ် စိစိညက်ညက်ကြေပြီး သွေးချောင်းစီးခဲ့ပြီ။
ဒစ်ချင်နီရဲ့ ရေနံကုမ္ပဏီကြီးကား ရတနာပုံဆိုက်နေမြဲ။
ပါလက်စတိုင်းနဲ့ အစ္စရေးတို့ရဲ့ လက်တုံ့ပြန်ခြင်းကို လက်တုံ့ပြန်ခြင်း များလည်း အတောမသတ်နိုင်သေး။
ပါလက်စတိုင်းလူမျိုးများကား ဒုက္ခသည်စခန်းများမှာ ရှိနေကြမြဲ။
အကျည်းတန်သော ကမ္ဘာကြီးလို့ သတ်မှတ်ရတော့မယ်ထင်ရဲ့။
နှစ်သစ်မှာတော့ ဒီလိုအနိဋ္ဌာရုံတွေအားလုံး နှစ်ဟောင်းနဲ့အတူ ချုပ်ငြိမ်းကွယ်ပျောက်သွားပါစေတော့။
ချိုးငှက်ကူသံလေး ပြန်ပြီးကြားပါရစေတော့။
ကမ္ဘာကြီး ပြန်ပြီးလှလာပါစေတော့။



www.burmeseclassic.com

www.burmeseclassic.com



ဒီကမ္ဘာကြီးဟာ ပင်ကိုက အလွန်လှပါတယ်။ သာယာဝပြောပြီး နေချင့်စဖွယ် အလွန်ကောင်းပါတယ်။

ဒီကမ္ဘာကြီးပေါ် မှီတင်းနေထိုင်ကြတဲ့ သက်ရှိသတ္တဝါအားလုံးအနက် လူသတ္တဝါဟာ ချစ်စရာအကောင်းဆုံး ဖြစ်ပါတယ်။ အသိဉာဏ်အကြီးရင့်ဆုံး၊ ဆင်ခြင်တုံတရား နားအလည်ဆုံးလည်း ဖြစ်ပါတယ်။ လုပ်ချင်တာကို ထင်ရာမြင်ရာ လျှောက်လုပ်လေ့မရှိဘဲ လုပ်သင့်လုပ်ထိုက်တာကိုသာ ရွေးချယ်လုပ်တတ်တဲ့ တစ်ခုတည်းသောသက်ရှိသတ္တဝါ ဖြစ်ပါတယ်။ နောက်ပြီး ရှက်တတ်တဲ့ တစ်ခုတည်းသော သက်ရှိသတ္တဝါလည်း ဖြစ်ပါတယ်။ ရှက်တတ်တဲ့ စိတ်ကြောင့် လူဟာ ယဉ်ကျေးတဲ့သတ္တဝါ ဖြစ်လာတာပါ။ ယဉ်ကျေးတဲ့လူသားတို့ရဲ့ စရိုက်နဲ့ ဖြစ်စဉ်တွေကိုပေါင်းရုံးပြီး 'ယဉ်ကျေးမှု'လို့ ကင်ပွန်းတပ်ခဲ့ကြတာ ဖြစ်ပါတယ်။

ဒါပေမဲ့ ခုခေတ်ကမ္ဘာကြီးကတော့ နေချင့်စဖွယ် သာယာလှပခြင်းများဆိတ်သုဉ်းတဲ့ကမ္ဘာကြီး ဖြစ်နေပါပြီ။

လူသားများလည်း ချစ်စရာမကောင်းကြတော့ပါ။ အချင်းချင်းလည်း ကြီးနိုင်ငယ်ညှဉ်း၊ နိုင့်ထက်စီးနင်းစိတ်တွေ အားကြီးနေကြပါပြီ။ ကြမ်းကြုတ်မှုများကိုပင် ကြမ်းကြုတ်မှုဟု ထင်မြင်ယူဆမှုမရှိတော့ပါ။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဟု ကြွေးကြော်ရင်း ပိုပြီးကြီးမားတဲ့ အကြမ်းဖက်မှုကြီးတွေကို လက်ရဲဇက်ရဲ လုပ်ရဲနေကြပါပြီ။

ကမ္ဘာကြီးဟာ ဘယ်အချိန်ကစပြီး အကျည်းတန် ရုပ်ဆိုးသွားခဲ့ရတာလဲ။ လူသတ္တဝါတွေလည်း ဘယ်အချိန်ကာလကစပြီး ကြမ်းကြုတ်ရိုင်းစိုင်းသွားခဲ့ရတာလဲ။ ကုန်ဆုံးကွယ်ပျောက်ခဲ့ပြီဖြစ်တဲ့ နှစ်ဟောင်းကို ပြန်ငဲ့စောင်းကြည့်ရင်း ကမ္ဘာကြီးနဲ့ လူသားတို့ရဲ့ တိုးတက်ဖြစ်ထွန်းမှု အစဉ်ကြီးတစ်ခုလုံးကို ပြန်ငဲ့စောင်းကြည့်မိတယ်။ တစ်ချိန်က လူတစ်ယောက်ရဲ့'တန်ဖိုး'ကို သူ့'လုပ်အား'နဲ့ ပိုင်းဖြတ်ခဲ့ကြတယ်။ နောက်တော့ လူ့တန်ဖိုးဟာ 'ငွေ'ဖြစ်သွားတယ်။ တိုင်းပြည်နိုင်ငံတစ်ခုရဲ့တန်ဖိုးကိုလည်း 'ငွေပမာဏ'နဲ့ တိုင်းတာသတ်မှတ်ကြတယ်။ ကုန်ပစ္စည်းတွေ ဘယ်လောက်ထုတ်လုပ်ပြီး ဘယ်လောက်ဖိုးရောင်းချနိုင်သလဲဆိုတာကြည့်ပြီး နိုင်ငံတစ်ခုရဲ့အဆင့်အတန်းကို ခွဲခြားသတ်မှတ်ကြတယ်။ ငွေများများရှိတဲ့နိုင်ငံက အရာရာကို စိုးမိုးခြယ်လှယ်တယ်။

'ငွေ'က အရေးပါတဲ့နေရာရောက်လာတော့ ငွေများများရဖို့ အဓိကထားပြီး အရာရာကို လုပ်ဆောင်ကြတယ်။ ဒီမှာ 'လောဘ'တွေ ဝင်လာတယ်။ လောဘရဲ့နောက်က 'ဒေါသ'တို့၊ 'မောဟ'တို့ ကပ်ပါလာတယ်။ လောဘ၊ ဒေါသ၊ မောဟတရားများ ကြီးစိုးသထက်ကြီးစိုးလာတာနဲ့ တစ်ပြိုင်နက် လူမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ အသိဉာဏ်နဲ့ ဆင်ခြင်တုံတရားတွေ မှေးမှိန်သွားတယ်။ ငွေရရင် ဘာမဆို လုပ်မယ်ဆိုတဲ့စိတ်တွေ လွှမ်းမိုးလာပြီး 'ကြောင် ဖြူတာ မည်းတာ ပဓာန မဟုတ်၊ ကြွက်မိဖို့သာ အဓိက'ဆိုတဲ့စိတ်တွေ ကြီးမားသထက်ကြီးမားလာ ရတယ်။ ဒီစိတ်တွေကြီးလာတော့ 'ရသာရင် ဘနဖူး သိုက်တူးမယ်'လို့တောင် ဆိုလာခဲ့ကြတယ်။

ဒီကြောင်ဖြူ ကြောင်မည်း အဘိဓမ္မာကြောင့် လူတွေ ရိုင်းစိုင်းကြမ်းကြုတ် ခဲ့ရတယ်။ ဒီကြောင်ဖြူ ကြောင်မည်း အဘိဓမ္မာကြောင့် ကမ္ဘာကြီး အရုပ်ဆိုး အကျည်းတန်ခဲ့ရတယ်။ ဘယ်ထိ အရုပ်ဆိုး အကျည်းတန်လာခဲ့သလဲဆိုရင် အဆိပ်ငွေ့ပုံး၊ ရောဂါပိုးမွှားပုံး စတဲ့လက်နက်တွေ ထုတ်လုပ်ရောင်းချပြီး ငွေရှာတဲ့အဆင့်ထိတောင် ရောက်လာခဲ့ကြတယ်။

ဇာတ်တူသားချင်းစားလို့ ဟင်္သာကိုးသောင်း ပျက်ရတယ်ဆိုတဲ့ စကား ကြားဖူးခဲ့ကြပါတယ်။ ခုကော ဘာထူးလို့လဲ။ လူသားတွေအချင်းချင်း လူသား တွေဘာသာ ရေးဆွဲထားတဲ့ မြေပုံပေါ်က မျဉ်းကြောင်းကလေးတစ်ခုအတွက်၊ လူသားတွေဘာသာ ဖန်တီးထားတဲ့ အယူဝါဒတစ်ခုအတွက် တိုက်လိုက်ကြ ခိုက်လိုက်ကြ၊ သတ်ဖြတ်လိုက်ကြတာ ကိုးသောင်း အပြန်တစ်ရာတောင် ကရဲ့လား။

အဲဒီလို တိုက်ပွဲ၊ သတ်ပွဲတွေအတွက် လူသတ်လက်နက် အစွမ်းထက် ထက်တွေ တီထွင်ထုတ်လုပ်ရောင်းချနေကြတဲ့ 'မရဏကုန်သည်'ကြီးတွေက မီးလောင်ရာ လေပင့် လုပ်ပေးနေကြတဲ့ တီးလုံးအတိုင်း လိုက်ပြီးကနေကြတာ အသိဉာဏ်ရှိတာလို့ ခေါ်နိုင်ပါဦးမလား။ ယဉ်ကျေးမှုလို့ သတ်မှတ်နိုင်ပါဦး မလား။

ဒီလူသတ်လက်နက်တွေ ထုတ်လုပ်ရောင်းချနေကြတာ ဘယ်သူတွေပါလဲ။

ကမ္ဘာကြီး ငြိမ်းချမ်းသာယာဖို့အတွက်လို့ အကျယ်လောင်ဆုံး အော်ဟစ် နေကြတာ ဘယ်သူတွေပါလဲ။

အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက်ဆိုပြီး ပိုပြီးကြီးမားတဲ့ အကြမ်း ဖက်မှုကြီးတွေ လုပ်ဆောင်နေတာ ဘယ်သူတွေပါလဲ။

ဒီလို အပြောတစ်မျိုး၊ အလုပ်တစ်မျိုး လုပ်ရပ်မျိုးတွေဟာ 'ရှက်စရာ' ပါလားလို့ နားမလည်နိုင်တာလား။ နားလည်ပါလျက်နဲ့ 'လောဘ'ကြောင့် ရှက်စိတ်ကို သဂြိုဟ်ပစ်လိုက်ကြတာလား။ 'ရှက်စိတ်'က လူကို ယဉ်ကျေး စေတာဖြစ်တယ်။ 'ရှက်စိတ်' ဆိတ်သုဉ်းသွားပြီဆိုရင် လူ့အဖွဲ့အစည်းဟာ သားရဲတိရစ္ဆာန်တို့ရဲ့လောကနဲ့ ဘာများခြားနားတော့မှာလဲ။

'ရှက်စိတ်'ကွယ်ပျောက်သွားခြင်းဟာ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်း ကို



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ဖို့ နိဒါန်းပျိုးခြင်း ဖြစ်တယ်။ လူ့အဖွဲ့အစည်း အစွန့်ရှည်စေဖို့၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာဖို့၊ ပြဟ္မစိုရ်တရားထွန်းကားဖို့ 'ရှက်စိတ်' ဆိတ်သုဉ်း ပျောက်ကွယ်မသွားအောင် သတိရှိကြဖို့လိုပါတယ်။

ကမ္ဘာကြီးဟာ ပင်ကိုသဘာဝအားဖြင့် အင်မတန်လှပါတယ်။

ကမ္ဘာကြီးပေါ်မှာ မှီတင်းနေထိုင်ကြတဲ့ သက်ရှိသတ္တဝါအားလုံးအနက်မှာ လူသတ္တဝါဟာ ချစ်စရာအကောင်းဆုံး ဖြစ်ပါတယ်။

ကမ္ဘာကြီး ပြန်လှလာစေဖို့

လူသတ္တဝါတွေ ချစ်စရာပြန်ကောင်းလာစေဖို့

လူသားအားလုံး 'ရှက်တတ်အောင်' သင်ကြားပေးဖို့ လိုမယ်ထင်ပါတယ်။

၁၊ ၁၊ ၂၀၀၃။



www.burmeseclassic.com

www.burmeseclassic.com

# စာဖတ်ပရိသတ်ဟာ နလပိန်းတုံးတွေမဟုတ်ပါ

ဂျာနယ်သစ်တစ်စောင်ထုတ်ဝေဖို့ စိုင်းပြင်းနေတဲ့ လူငယ်တစ်စု ရောက်လာပြီး စာမူချီးမြှင့်ပါလို့ တောင်းခံပါတယ်။ ပြီးတော့ သူတို့ဂျာနယ် အောင်မြင်ဖို့ အတွက် လုပ်သင့်လုပ်ထိုက်ရာများကို အကြံပေးပါလို့လည်း မေတ္တာရပ်ခံကြ ပါတယ်။

## ပညာတတ်လူငယ်တွေ

ရောက်လာကြတဲ့ လူငယ် ၅ ယောက်စလုံးဟာ ခေတ်ပညာတတ်ကလေးတွေ ဖြစ်ပါတယ်။ တစ်ယောက်က ဆရာဝန်ဖြစ်ပြီး နှစ်ယောက်က ကွန်ပျူတာ မဟာဘွဲ့ရထားတာ ဖြစ်ပါတယ်။ ကျန်နှစ်ယောက်က ဘွဲ့ရပြီး စာနယ်ဇင်း လောကမှာ ကျင်လည်နေတာ ၃ နှစ်လောက် ရှိနေပါပြီ။ အဲဒါကြောင့် လုပ်ငန်း တစ်ခုကို ဦးစီးဆောင်ရွက်နိုင်စွမ်းရှိမှုအပေါ် သံသယဖြစ်စရာမရှိပါဘူး။ လူကြီး ဝတ္တရားအရ 'ရိုးသားမှု'ကိုသာအခြေခံထားပြီး လုပ်ကိုင်ကြပါကွယ်လို့ ပြော လိုက်ရပါတယ်။

## နောက်ဆက်တွဲတွေပါ

လူငယ်တွေကို ဆရာမလုပ်ချင်လို့ တစ်ခွန်းတည်းသောစကားကို ဆိုလိုက်တာ ဖြစ်ပေမယ်လို့ အဲဒီတစ်ခွန်းတည်းစကားမှာ နောက်ဆက်တွဲတွေ တစ်သီကြီး ပါလာတာကို အံ့သြစရာတွေ့ရပါတော့တယ်။ လူငယ်တွေဆီက ပထမဆုံး ထွက်လာတဲ့မေးခွန်းက 'အတတ်ပညာကော အရေးမကြီးဘူးလား' ဆိုတာ ဖြစ်ပါတယ်။ အတတ်ပညာဟာ အရေးကြီးပါတယ်။ ဒါပေမဲ့ မတတ်သေးရင် လည်း ဖြည်းဖြည်းချင်း သင်သွားလို့ရပါတယ်။ အဲဒါကြောင့် အတတ်ပညာကို ထည့်မပြောတာပါ။

## ဘောလုံးပွဲက စစ်ပွဲသို့

'ရိုးသားမှု'မရှိတာကတော့ ဘယ်လိုမှ သင်လို့ရနိုင်ဖွယ်မရှိပါဘူး။ စာနယ်ဇင်း လုပ်ငန်းဆိုတာ လူ့စိတ်ကို လွှမ်းမိုးနိုင်စွမ်းရှိတဲ့၊ အင်မတန် စွမ်းအားကြီးမား တဲ့လုပ်ငန်း ဖြစ်ပါတယ်။ စာနယ်ဇင်းသမား မရိုးမသားနဲ့ ခလောက်ဆန်ရင် ငါးပါးမှောက်တတ်ပါတယ်။ ခြောက်ဆယ်ခုနှစ်များအတွင်းက တောင်အမေရိက

www.burmeseclassic.com



တိုက်ရှိ အယ်လ်ဆာဗာဒိုနိုင်ငံနဲ့ ဟွန်ဒူးရပ်နိုင်ငံနှစ်ခု ဘောလုံးပွဲကစပြီး စစ်ဖြစ်ခဲ့ဖူးပါတယ်။ နှစ်ဖက်စာနယ်ဇင်းတွေက မျိုးချစ်စိတ်လွန်ကဲပြီး တစ်ဖက်ကိုတစ်ဖက် ပုတ်ခတ်ရေးသားတာတွေကိုဖတ်ပြီး နှစ်ဖက်လူထုအကြား အမုန်းတရားတွေကြီးမားရာက စစ်ဖြစ်တဲ့အခြေအနေအထိ ရောက်သွားခဲ့ရတာပါ။ လတ်တလောတရားခံကတော့ သွေးထိုးလှုံ့ဆော်ပေးတဲ့ စာနယ်ဇင်းတွေပဲ ဖြစ်ကြပါတယ်။

## ယုံကြည်မှုဟာ အသက်

စာနယ်ဇင်းတစ်စောင်ရဲ့အသက်ဟာ စာဖတ်ပရိသတ်ရဲ့ 'ယုံကြည်မှု' ဖြစ်တယ်။ မဟုတ်မမှန်တာ မရေးဘူး။ ဟုတ်တာ မှန်တာကိုသာ ရေးတယ်။ အချည်းနှီးအကျိုးမဲ့ဖြစ်တာတွေ မရေးဘူး။ လူတွေအတွက်၊ နိုင်ငံအတွက် အကျိုးရှိစေတာတွေကိုသာ ရေးတယ်။ ဘယ်လူပုဂ္ဂိုလ်၊ ဘယ်ပါတီအဖွဲ့အစည်းရဲ့လက်ကိုင်တုတ်မှ မဟုတ်ဘူး။ တုတ်ဖြစ်ခြင်းဖြစ်ရင် ပြည်သူလူထုရဲ့လက်ထဲက 'ဝါးရင်းတုတ်'သာ ဖြစ်လိမ့်မယ်။

## မီးရှူးမီးပန်း လွှတ်လို့မရ

စာဖတ်ပရိသတ်ရဲ့ 'ယုံကြည်မှု'ကိုရဖို့ တစ်ခုတည်းသောနည်းလမ်းဟာ 'ရိုးသားမှု' နည်းလမ်းသာဖြစ်တယ်။ အတတ်ပညာ မှော်စွမ်းတွေနဲ့ မီးရှူးမီးပန်းတွေ လွှတ်ပြခြင်းဟာ နာမည်ကြီး ပေါ်ပြူလာဖြစ်မှုသာ ရစေနိုင်တယ်။ ယုံကြည်မှုရစေနိုင်တာ မဟုတ်ဘူး။ ဟိတ်ဟန်ထုတ်ပြီး သမားဂုဏ်ပြ လုပ်တာဟာလည်း ခေတ္တယာယီ 'အထင်ကြီးမှု'ကိုသာ ရစေနိုင်တယ်။ အမှန်တကယ်လေးလေးစားစားရှိတဲ့ 'ယုံကြည်မှု'ကို ရစေနိုင်တာမဟုတ်ဘူး။

## နိဂုံးမလှကြ

များစွာ အောင်မြင်တယ်၊ စောင်ရေ အများကြီးထုတ်ရတယ်ဆိုပြီး နာမည်ကြီးတဲ့စာနယ်ဇင်းတွေ နောက်ဆုံးမှာ ဘယ်လိုနိဂုံးချုပ်သွားခဲ့ကြရသလဲဆိုတာ ပြန်ကြည့်ရင်သိနိုင်တယ်။ အင်မတန် နာမည်ကျော်တယ်ဆိုပြီး ပေါ်ပြူလာဖြစ်ခဲ့တဲ့ စာနယ်ဇင်းသမားများ အများကြီးပေါ်ထွက်ခဲ့ဖူးပါတယ်။ ဒါပေမယ်လို့ အများစုရဲ့နိဂုံးဟာ အကျည်းတန်ခဲ့ကြတာချည်းပါပဲ။

## ပေါ်ပြူလာဖြစ်ဖို့ လွယ်တယ်

လောကမှာ ခဏပန်းနာမည်ကြီးအောင်၊ ပေါ်ပြူလာဖြစ်အောင်လုပ်ဖို့ မခက်ပါဘူး။ လမ်းမပေါ်မှာ ရိုးရိုးသားသား လမ်းလျှောက်မသွားဘဲ ကင်းမြီးကောက်



www.burmeseclassic.com

www.burmeseclassic.com

လူထုစိန်ဝင်း

ထောင်ပြီး ပျောက်သွားပြလိုက်ပါလား။ ချက်ချင်းလက်ငင်း နာမည်ကြီး၊ ပေါ်ပြူလာဖြစ်သွားမှာပေါ့။ ဒါပေမဲ့ လူတွေက နောက်ကွယ်မှာ 'ပေါချာချာပဲ' လို့ ကောက်ချက်ချကြမယ်ဆိုတာကိုလည်း သိထားဖို့လိုတယ်လေ။ 'လေးစားမှု' မပါတဲ့ နာမည်ကြီးမှုဆိုတာ အနှစ်သာရမရှိပါဘူး။ ၂၀ ရာစုကာလ တစ်ခုလုံးမှာ 'ဟာစ်တလာ'ထက် ပိုနာမည်ကြီးတဲ့သူ ဘယ်သူရှိဦးမှာလဲ။

ဆပ်ပြာပူဖောင်းလို

ဟိတ်ဟန်ထုတ်၊ သမားဂုဏ်ပြလုပ်ပြီး စာဖတ်ပရိသတ်ကို နလပိန်းတုံးတွေလိုသဘောထားကာ ဖတ်ဖူးတဲ့စာအုပ်ကလေး သုံးလေးအုပ်ထဲက သူများရေးထားတာတွေ ရွတ်ရွတ်ပြတတ်လို့ လူအထင်ကြီးခံရတယ် ဆိုတာမျိုးကလည်း ကြာရှည်ကြာမြဲ မခံပါဘူး။ ဆပ်ပြာပူဖောင်းလို ခဏလေးနဲ့ပျောက်သွားတာပါပဲ။ ရှေ့မှာ သာဓကဆောင်စရာတွေ အများကြီးပါပဲ။ ရေးမကောင်းလို့ မရေးတော့ပါဘူး။ စာဖတ်ပရိသတ်က ဘယ်တော့မှ သည်းခံလေ့မရှိပါဘူး။ ဒဏ်ခတ်လိုက်ကြတာပါပဲ။

ပါးစပ်ဟာ အူမထိမြင်

မြန်မာစာဖတ်ပရိသတ်ဟာ မညံ့ပါဘူး။ 'ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ဖူး၊ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ဖူး'ဆိုသလို နယ်ချဲ့လက်အောက်၊ ဖက်ဆစ်လက်အောက်တွေမှာ နှစ်တွေရာနဲ့ချီပြီး နေခဲ့ဖူးလေတော့ နယ်ချဲ့တို့ရဲ့ လိမ်ညာလှည့်စားမှု၊ ဖက်ဆစ်တို့ရဲ့ ကောက်ကျစ်စဉ်းလဲမှု နည်းမျိုးစုံကို 'နောကျေအောင်' နားလည်ထားပြီးဖြစ်ပါတယ်။ ခံရပေါင်းများတော့ သိပ်ကို 'အကင်းပါး'နေပါပြီ။ လူတစ်ယောက် ပါးစပ်ဟလိုက်တာနဲ့ အူမထိအောင် မြင်တတ်နေပါပြီ။ ဖွံ့ဖြိုးမှုနောက်ကျတဲ့နိုင်ငံက လူတွေပဲဆိုပြီး သိပ်တော့အထင်မသေးနဲ့။ လိမ်တာကို လိမ်မှန်းသိတယ်။ ညာတာကို ညာမှန်းသိတယ်။

ကိုယ့်ပြည်အကြောင်း ကိုယ်သိ

ဒီမိုကရေစီစကားလုံးလေး ခဏခဏရွတ်ပြနေတိုင်းလည်း အထင်ကြီးမယ် မအောက်မေ့နဲ့။ အီရတ်မှာ ဘာတွေဖြစ်နေသလဲဆိုတာ မြန်မာတွေ ကောင်းကောင်းသိတယ်။ အာဖဂန်နစ္စတန်တစ်နိုင်ငံလုံး 'ဖွတ်ဖွတ်ညက်ညက်' ကျေခဲ့ရတာကိုလည်း ကောင်းကောင်းသိတယ်။ ဟက်ဂျ်ဖန်း(hedge fund)တွေအကြောင်း၊ ဘွန်း(bond)တွေအကြောင်း၊ စတော့တွေအကြောင်းသာ မနီးစပ်လို့ မသိရင်ရှိမယ်။ ကိုယ့်တိုင်းပြည်၊ ကိုယ့်နိုင်ငံရေးအကြောင်းတော့ ကောင်းကောင်းသိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် စာဖတ်ပရိသတ်ကို နလပိန်းတုံးတွေလို့ထင်ပြီး နိုင်ငံ့သုခမိန် မလုပ်ပါနဲ့။ စာနယ်ဇင်းလုပ်ငန်းကို ရိုးရိုးသားသားလုပ်ပါ။ စာနယ်ဇင်းလုပ်ငန်းဆိုတာ သာသနာပြုလုပ်ငန်းလို အကျိုးဆောင်လုပ်ငန်းဖြစ်တယ်။ ရိုးသားစွာနဲ့ လူ့လောကအကျိုးဆောင်သူကိုသာ စာဖတ်ပရိသတ်က လေးစားယုံကြည်တယ်။ ဒါကြောင့် 'ရိုးသားမှု'ဟာ အရေးကြီးဆုံးဖြစ်တယ်လို့ ပြောလိုက်ရတာ ဖြစ်ပါတယ်။

၂၃၊ ၁၂၊ ၁၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# စာနယ်ဇင်းဆိုတာ ပြည်စောင့်နတ်

မကြာမီက 'စာနယ်ဇင်းသမားတို့ရဲ့ ပဋိညာဉ်' ဆိုတဲ့ခေါင်းစဉ်နဲ့ ဆောင်းပါး တစ်ပုဒ်ရေးခဲ့တာ မှတ်မိကြလိမ့်ဦးမယ် ထင်ပါတယ်။ အဲဒီထဲမှာ စာရေးဆရာနဲ့ သတင်းစာဆရာ မတူတဲ့အကြောင်း၊ စာရေးဆရာက လွတ်လပ်ကြောင်း၊ ဘာအချုပ်အနှောင်မှ မရှိတဲ့အကြောင်း၊ ရေးချင်တဲ့စာကို ရေးချင်တဲ့အချိန် ကျမှ ရေးနိုင်ကြောင်း ရှင်းပြခဲ့ပါတယ်။

## သတင်းစာသမားရဲ့ ပဋိညာဉ်

သတင်းစာဆရာမှာတော့ စာဖတ်ပရိသတ်သိလိုတဲ့ သတင်းမှန်၊ အချက် အလက်မှန်များကို အချိန်မှန် စာဖတ်ပရိသတ်ထံ အရောက်ပေးဖို့ ပဋိညာဉ် ရှိကြောင်း၊ အဲဒီပဋိညာဉ်ဆိုတာဟာ စည်းကမ်းတွေ၊ စာချုပ်တွေနဲ့ ရေးသား ချုပ်ဆိုထားတာ မဟုတ်ပေမယ့် အလုပ်ရဲ့ သဘောသဘာဝအရ အလို အလျောက် သိရှိနားလည် လက်ခံရတဲ့ (take it for granted) ကိစ္စမျိုး ဖြစ်ကြောင်းလည်း ရှင်းလင်းရေးသားခဲ့ပါတယ်။

## အခွင့်ထူးတွေပေးတဲ့ကိစ္စ

အဲဒီဆောင်းပါးပါပြီး နောက်တစ်နေ့မှာပဲ လူငယ်စာနယ်ဇင်းသမားလေးတစ်စု ရောက်လာပြီး သူတို့ အကျယ်တဝင့်သိလိုတာတွေကို မေးမြန်းကြပါတယ်။ အဲဒီထဲမှာ သူတို့အထူးစိတ်ဝင်စားတဲ့ အချက်တစ်ခုကတော့ သတင်းစာ တွေကို အစိုးရဌာနဆိုင်ရာတွေက အထူးအခွင့်အရေးတွေပေးပြီး လိုက်လိုက် လျောလျော ရှိတယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။ စာပို့ခ၊ မီးရထား၊ လေယာဉ် သယ်ယူပို့ဆောင်ခ၊ တယ်လီဖုန်းပြောခတွေ အထူးနှုန်းလျှော့ပေးတယ် ဆိုတာ မျိုးနဲ့ သတင်းစာတိုက်တွေကို အစိုးရကြော်ငြာတွေ ခွဲဝေပေးတယ်ဆိုတာမျိုးကို အထူးစိတ်ဝင်တစားနဲ့ မေးမြန်းကြပါတယ်။

## ဘာကြောင့်လဲ

အဲဒီလို အထူးအခွင့်အရေးတွေ ဘာကြောင့်ပေးတာလဲဆိုတာကိုလည်း သူတို့ သိချင်ကြပါတယ်။ အင်္ဂလိပ်လက်အောက်နေခဲ့ရတဲ့ ခေတ်ကစပြီး လွတ် လပ်ရေးခေတ်ရောက်ချိန်ထိ အစိုးရဌာနဆိုင်ရာများက သတင်းစာတွေကို



www.burmeseclassic.com

www.burmeseclassic.com



အထူးအခွင့်အရေးများ ပေးခဲ့ကြခြင်းဟာ တိုင်းပြည်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ သန့်ရှင်းပြီး ထိရောက်တဲ့(clean and effective) အုပ်ချုပ်ရေးယန္တရား နိုင်မြဲစေရေးအတွက် သတင်းစာတွေရဲ့အခန်းကဏ္ဍဟာ အလွန်အရေးကြီး ကြောင်း သိရှိနားလည်တဲ့အတွက် ဖြစ်ပါတယ်။

## တိုင်ကြီးလေးလုံး

မဏ္ဍိုင်ကြီးလေးရပ်၊ တိုင်ကြီးလေးလုံးဆိုတဲ့စကား လူတိုင်းကြားဖူးကြပါတယ်။ ဥပဒေပြုမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နဲ့ စာနယ်ဇင်း မဏ္ဍိုင်တို့ ဖြစ်ကြတယ်။ ဒီမဏ္ဍိုင်လေးရပ်ဟာ သီးခြားလွတ်လပ်စွာ တည်ရှိ နေကြသလို အပြန်အလှန်လည်း အမှီသဟဲပြု(interdependent) နေကြရ ပါတယ်။ မဏ္ဍိုင်တစ်ခုချင်းဟာ သဘောသဘာဝချင်း မတူခြားနားတဲ့ တာဝန် များကို သီးခြားစီ ထမ်းဆောင်နေကြရတာဖြစ်ပေမယ့် တစ်ခုနဲ့တစ်ခု လုံးဝ ကင်းကွာနေလို့လည်း မဖြစ်ပါဘူး။ အပြန်အလှန် အမှီသဟဲပြုနေကြရပါတယ်။ တစ်ခုနဲ့တစ်ခုဆက်နွယ်မှုမှာ အထက်အောက်သဘော မရှိပါဘူး။ တန်းတူ ရည်တူသဘော ရှိပါတယ်။

## ပြည်စောင့်နတ်သဖွယ်

ပထမ၊ ဒုတိယ၊ တတိယ မဏ္ဍိုင်သုံးရပ်မှာ သီးခြားသတ်မှတ်ထားတဲ့ တာဝန် များ ကိုယ်စီရှိကြပြီး မဏ္ဍိုင်တစ်ခုက တခြားမဏ္ဍိုင်တစ်ခုရဲ့ နယ်ပယ်ကို ဝင်ရောက်စွက်ဖက်ခြင်း မပြုရပါဘူး။ ကိုယ့်ဘောင်ထဲကကိုယ်. လုပ်ကိုင်ဆောင် ရွက်ရပါတယ်။ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ စာနယ်ဇင်းမဏ္ဍိုင်ကတော့ တခြားမဏ္ဍိုင် ကြီးသုံးရပ် မယိမ်းမယိုင် တည့်တည့်မတ်မတ်ရှိအောင် စောင့်ကြပ်ကြည့်ရှု ရတဲ့(watchdog) 'ပြည်စောင့်နတ်'သဖွယ် တာဝန်ယူရတာဖြစ်လေတော့ တခြားမဏ္ဍိုင်သုံးရပ်ရဲ့ဘောင်ထဲ ဝင်ရောက်ပတ်သက်ရတာများ ရှိပါတယ်။ ခွင့်ပြုကြရပါတယ်။

## ဒုစရိုက်များ ကာကွယ်တားဆီးဖို့

လူမှာ ကိုယ်စောင့်နတ်ဆိုတာရှိပြီး မကောင်းမှုဒုစရိုက်မှုများ မပြုအောင် သတိပေးတားဆီးတယ်လို့ ဆိုကြပါတယ်။ တိုင်းပြည်တစ်ပြည်မှာလည်း မကောင်းမှုဒုစရိုက်များကို ကာကွယ်တားဆီးဖို့ (watchdog) 'ပြည်စောင့် နတ်' ရှိဖို့ အထူးလိုအပ်တယ်။ စာနယ်ဇင်းတွေက ဒီတာဝန်ကို ထမ်းဆောင် ကြတယ်လို့ ယူဆကြတာကြောင့် စာနယ်ဇင်းများကို အထူးအခွင့်အရေးများ ပေးပြီး ကူညီကြတာဖြစ်ပါတယ်။ တော်လှန်ရေးအစိုးရ တက်လာပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com

လူထုစိန်ဝင်း

စီးပွားရေးလုပ်ငန်းကြီးတွေအားလုံး ပြည်သူပိုင်သိမ်းခါစ ခေတ်ဦးကတောင် သတင်းစာတိုက်တွေကို အထူးအခွင့်အရေးအနေနဲ့ စက္ကူ ပုံနှိပ်မင်နဲ့ ပုံနှိပ်စက်သုံး ဓာတုပစ္စည်းတွေ တင်သွင်းခွင့်လိုင်စင် ချပေးခဲ့ပါသေးတယ်။

**လွတ်လပ်ပြီး အမှီခိုကင်းဖို့**

တိုင်းပြည်နိုင်ငံတစ်ခုမှ လုံးဝလွတ်လပ်ပြီး အမှီခိုကင်းတဲ့ သတင်းစာတွေ ရှိနေပါမှ သန့်ရှင်းပြီး ထိရောက်တဲ့အုပ်ချုပ်ရေးယန္တရား ရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် သတင်းစာတွေဟာ နိုင်ငံရေးပါတီအဖွဲ့အစည်းတစ်ခုရဲ့ ကူညီထောက်ပံ့မှုကို အားထားနေရတဲ့အဖြစ်၊ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေရဲ့ ပံ့ပိုးမှုကို အားကိုးနေရတဲ့အဖြစ်၊ နိုင်ငံခြားတိုင်းပြည် အဖွဲ့အစည်းများရဲ့ အထောက်အကူကို မျှော်လင့်နေရတဲ့အဖြစ်များက ကင်းလွတ်အောင် ပြည်တွင်းရှိ မဏ္ဍိုင်ကြီးသုံးရပ်က ကူညီမှုများပြုကြရပါတယ်။

**စတုတ္ထမဏ္ဍိုင် နိုင်မြဲဖို့**

ကူညီတယ်ဆိုတာက ငွေရေးကြေးရေးနဲ့ ပံ့ပိုးခြင်းကိုဆိုလိုတာ မဟုတ်ပါဘူး။ အထက်မှာပြောခဲ့တဲ့ ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးမှာ ဦးစားပေးအဆင့်သတ်မှတ်ဆောင်ရွက်ပေးခြင်းနဲ့ စာနယ်ဇင်းတွေရဲ့ လုပ်ငန်းဆောင်ရွက်ရေးမှာ အဆင်ပြေချောမောအောင် အကူအညီပေးခြင်းတို့သာ ဖြစ်ပါတယ်။ စာနယ်ဇင်းများရဲ့လုပ်ငန်းကို အဆင်ပြေအောင်ကူညီခြင်းဆိုတာဟာ စတုတ္ထမဏ္ဍိုင် နိုင်မြဲအောင် ကူညီခြင်းဖြစ်တယ်။ တိုင်းပြည်မှာ သန့်ရှင်းပြီး ထိရောက်တဲ့ အုပ်ချုပ်ရေးယန္တရားခိုင်မာအောင် ဆောင်ရွက်ခြင်းဖြစ်တယ်။

**ဥပဒေရဲ့ ကင်းလွတ်ခွင့်မရှိ**

အထူးအခွင့်အရေးပေးတယ် ဆိုခြင်းဟာ စာနယ်ဇင်းတွေကို ဥပဒေရဲ့ ကင်းလွတ်ခွင့်(above the law)အားလုံး ခံစားခွင့်ပေးခြင်းလို့ မမှတ်ယူစေချင်ဘူး။ တကယ်တော့ 'အကြွင်းမဲ့လွတ်လပ်ခွင့်'ဆိုတာ လုံးဝမရှိသင့်တဲ့အရာဖြစ်တယ်။ စာနယ်ဇင်းသမားဆိုတာ နိုင်ငံသူ နိုင်ငံသားတစ်ဦးသာ ဖြစ်တဲ့အတွက် နိုင်ငံသူနိုင်ငံသားတိုင်း လိုက်နာကြရတဲ့ ဥပဒေ(common law) မှန်သမျှကို လိုက်နာကြရမှာဖြစ်တယ်။ တစ်စုံတစ်ခုချိုးဖောက်ခဲ့ရင် ချိုးဖောက်တဲ့အလျောက် တရားဥပဒေအရ အရေးယူရမှာသာဖြစ်တယ်။

**အသရေဖျက်မှု**

ရှေးအထက်ကျော်ကာရီကလည်း သတင်းစာဆရာတွေ၊ စာနယ်ဇင်းသမား



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ သတင်းစာတိုက်တွေ ဥပဒေကြောင်းနဲ့ အရေးယူခံခဲ့ရတာတွေတော့ ဒီနေရာမှာမပြောတော့ပါဘူး။ နိုင်ငံရေးမဟုတ်တဲ့ကိစ္စနဲ့ အရေးယူခံရတာတွေမှာ အဓိကအကျဆုံးကတော့ အသရေဖျက်မှု ပုဒ်မ ၅၀၀ ဖြစ်တယ်။ သတင်းစာရဲ့ရေးသားမှုဟာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ နာမည်နဲ့ ဂုဏ်သိက္ခာကို ညစ်နွမ်းထိခိုက်စေပါတယ်ဆိုပြီး သက်ဆိုင်သူများက တရားစွဲဆိုတတ်ကြတာဖြစ်တယ်။

## ရုံးပြင်မှာ ကျေအေးကြ

တချို့က သတင်းမှားကိုရေးမိလို့ အသရေဖျက်မှုနဲ့ စွဲဆိုခံရတာဖြစ်တယ်။ တချို့ကျတော့ သတင်းကအမှန်ဖြစ်ပေမယ်လို့ ရေးသားရာမှာ တစ်ဖက်လူရဲ့ နာမည်နဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေလောက်တဲ့ အသုံးအနှုန်း၊ အရေးအသားများကြောင့် တရားစွဲဆိုခံရတာဖြစ်တယ်။ မြန်မာစာနယ်ဇင်းသမိုင်းမှာ တခြားစာနယ်ဇင်းအမှုအခင်းများနဲ့စာလျှင် အရေအတွက်ပိုတာကြောင့် အသရေဖျက်မှုဖြစ်တာ အများဆုံးလို့ဆိုရပေမယ့် အနောက်နိုင်ငံများနှင့်စာလျှင် အင်မတန်နည်းပါတယ်။ ဖြစ်လာတဲ့အမှုများမှာလည်း များသောအားဖြင့် တရားရုံးပြင်ပမှာ ကျေအေးသွားကြတာများပါတယ်။

## ကင်းလွတ်ခွင့်များရှိ

အသရေဖျက်မှုဥပဒေဟာ စာနယ်ဇင်းသမားများကို အများဆုံး ဒုက္ခပေးတဲ့ ဥပဒေဖြစ်ပေမယ့် ကင်းလွတ်ခွင့်ပေးထားတဲ့ အချက်များလည်း ရှိပါသေးတယ်။ အဓိကကျတဲ့အချက်ကတော့ လူတစ်ဦးတစ်ယောက်ကို ထိခိုက်နစ်နာသွားစေနိုင်တာဖြစ်ပေမယ်လို့ အများအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖို့ လိုအပ်တဲ့အတွက် ရေးသားကြောင်း ခိုင်လုံတဲ့အထောက်အထား တင်ပြနိုင်လျှင် အသရေဖျက်မှုမမြောက်ဘူးလို့ သတ်မှတ်ချက်ရှိပါတယ်။ ဒါ့အပြင် ပြည်သူ့ဝန်ထမ်းများ၊ တိုင်းသိပြည်သိ ထင်ပေါ်ကျော်ကြားတဲ့ နိုင်ငံရေးသမားများ၊ သဘင်သည်များ၊ စာရေးဆရာများရဲ့ လူသိရှင်ကြားပြောဆို လုပ်ကိုင်ဆောင်ရွက်ချက်များကို ဝေဖန်ပြောဆို ရေးသားခြင်းဟာလည်း အသရေဖျက်မှုမမြောက်ဘူးလို့ သတ်မှတ်ပါတယ်။

## စာကို ကြိုက်သလိုဝေဖန်နိုင်

ဥပမာ မကြာမီက စာရေးသူဟာ ဆက်ဒမ်ဟူစိန်ကို ကြိုးပေးသတ်ဖြတ်မှုဟာ လူရိုင်းတို့ရဲ့လုပ်ရပ်ဖြစ်တယ်။ အမေရိကန်သမ္မတ ဂျောဘု(ဂျော့ဘုရှ်)ရဲ့ လက်စားချေရေး ကောင်းဘွိုင်လုပ်ရပ်ဖြစ်တယ်လို့ ဝေဖန်ရေးသားခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီဆောင်းပါးကို သဘောမတူနိုင်သူတစ်ဦးက စာရေးသူရဲ့ဆောင်းပါးဟာ ဆက်ဒမ်ဟူစိန်လို အာဏာရှင်လူသတ်သမားဘက်က ရှေ့နေလိုက်ထားတာ ဖြစ်တယ်။ ဂျော့ဘုရှ်ကို မျက်မှန်စိမ်းတပ်ကြည့်ပြီး အစွဲအလမ်းကြီးကြီးနဲ့ တိုက်ခိုက်နေခြင်းဖြစ်တယ်။ စာရေးသူရဲ့ဆောင်းပါးဟာ အကြမ်းဖက်သမား တွေကို မြှောက်ပေးရာရောက်တယ်လို့ ပြင်းပြင်းထန်ထန် စကားလုံးတွေနဲ့ ဝေဖန်ရေးသားခဲ့ရင် အဲဒီဝေဖန်ရေးသားခြင်းဟာ အသရေဖျက်ရာ မရောက် ပါဘူး။

## စာကိုမရေး လူကိုရေးလျှင်

စာကိုဝေဖန်တာထက်ကျော်လွန်ပြီး စာရေးသူဟာ ဒုက္ခိတ မသန်မစွမ်းပီပီ လူမမာလို အေးအေးဆေးဆေးမနေဘဲ ဘာကြောင့် ကမ္ဘာ့အရေးထဲ ဝင်ရှုပ် နေတာလဲ။ အောက်ဆီဂျင်ပိုက်တပ်ပြီး ဖုတ်လှိုက်ဖုတ်လှိုက်နဲ့ အသက်ဆက် နေရတာဖြစ်ပါလျက်နဲ့ ဘာ့ကြောင့်အေးအေးမနေတာလဲ၊ ဒုက္ခိတက ဒုက္ခိတ လိုနေစမ်းပါလို့ ရေးလိုက်ရင်တော့ စာကို ဝေဖန်တာမဟုတ်တော့ဘဲ မဆီမဆိုင် လူကိုထိခိုက်ပြောဆိုတာဖြစ်တာကြောင့် အသရေဖျက်မှုမြောက်ပါတယ်လို့ ဥပမာပြပြီး ပြောလိုက်ရပါတယ်။ ဒီကိစ္စ နောက်အပတ် ဆက်ရေးပါဦးမယ်။

၁၀၊ ၁၊ ၂၀၀၇။



www.burmeseclassic.com

www.burmeseclassic.com

# စာနယ်ဇင်းဆိုတာ ပြည်စောင့်နတ် (၂)

'အများ၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖို့ လိုအပ်တဲ့အတွက် ရေးသားခြင်းဖြစ်ကြောင်း နိုင်လုံတဲ့အထောက်အထား တင်ပြနိုင်လျှင် အသရေဖျက်မှုမမြောက်'ဘူးလို့ ရေးသားခဲ့တာကို လူငယ်စာနယ်ဇင်းသမားတွေက အကျယ်ရှင်းပြဖို့ မေတ္တာရပ်ခံကြပါတယ်။

အသက်သုံးဆယ်ဝန်းကျင်လောက်သာ ရှိကြသေးတဲ့သူတွေဆိုတော့ ပုဂ္ဂလိကသတင်းစာတွေခေတ်ကို ဘာမှမသိရှာကြဘူး မဟုတ်လား။ ဒီတော့ ဘာလေးပဲစလိုက်စလိုက် ခုနစ်စဉ်အမျှင်တန်း မေးခွန်းတွေ မေးလို့ကို မဆုံးနိုင်ကြတော့ပါဘူး။ ဒီကိစ္စကို 'လိုတိုရှင်း'ဖြစ်အောင် သူတို့မေးကြတဲ့အတိုင်း၊ သူတို့ကို ပြန်ဖြေပေးလိုက်တဲ့အတိုင်းပဲ ရေးပြပါရစေ။

မေး။ အသရေဖျက်မှု မြောက်မမြောက် အကျယ်ရှင်းပြပေးပါ။

ဖြေ။ မြန်မာနိုင်ငံကကျင့်သုံးတဲ့ တရားဥပဒေအရ လူတစ်ဦးတစ်ယောက်ရဲ့ အသရေကို

(၁) နစ်နာစေလိုတဲ့ အကြံနဲ့ဖြစ်စေ၊

(၂) နစ်နာစေမှာကို သိလျက်နဲ့ဖြစ်စေ၊

(၃) နစ်နာလိမ့်မယ်လို့ ယုံကြည်လောက်စရာအကြောင်းများ ရှိလျက်နဲ့ ဖြစ်စေ

(က) နှုတ်နဲ့ဖြစ်စေ

(ခ) ဖတ်ရန်ရည်ရွယ်တဲ့ စာနဲ့ဖြစ်စေ

(ဂ) အမှတ်အသားနဲ့ဖြစ်စေ

(ဃ) ထင်ရှားတဲ့ ပုံသဏ္ဍာန်နဲ့ဖြစ်စေ

စွပ်စွဲချက်ပြုလျှင်၊ ကြေညာလျှင် အသရေဖျက်မှုအင်္ဂါမြောက်တယ်လို့ ယူဆပါတယ်။ သတင်းထော**က်၊ အယ်ဒီတာတို့ရဲ့ ရေးသားချက်မဟုတ်ဘဲ တစ်ဦးတစ်ယောက်က အာဃာတနဲ့ အခြားတစ်ဦးတစ်ယောက်ကို ထိခိုက်နစ်နာအောင် ရေးသားထားတဲ့ သတင်းကြေညာချက်၊ ဟောပြောချက် စတာတွေကို သတင်းစာမှာထည့်သွင်း ပုံနှိပ်ဖော်ပြခြင်းပြုတာကိုလည်း အလိုတူအလိုပါ ပြစ်မှုကျူးလွန်ရာရောက်တယ်လို့ သတ်မှတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

လူထုစိန်ဝင်း

## ခုခံချေပနိုင်စရာများ

အသရေဖျက်မှုကို ခုခံချေပနိုင်တဲ့ အချက်များကတော့–

(၁) သတင်းရေးသားရာမှာ ပါဝင်တဲ့အချက်အလက်များ မှန်ကန်ကြောင်း သက်သေပြနိုင်ခြင်း၊

(၂) အချက်အလက်များ ကွဲလွဲချွတ်ချော်မှုရှိပေမယ်လို့ ကြံရွယ်ချက်မရှိဘဲ သဘောရိုးနဲ့ မှားယွင်းမိကြောင်း ခိုင်လုံတဲ့အထောက်အထား တင်ပြနိုင်ခြင်း၊

(၃) ရေးသားပိုင်ခွင့်ရှိခြင်းတို့ ဖြစ်တယ်။

## ရေးသားပိုင်ခွင့်

ရေးသားပိုင်ခွင့်ဆိုရာမှာ–

(၁) တရားရုံး၌ စီရင်ဆုံးဖြတ်ချက်များကို မှန်ကန်စွာရေးသားခွင့်၊

(၂) အများပြည်သူလူထု၏ဝန်ကို ထမ်းဆောင်ကြတဲ့သူများရဲ့ တာဝန်ဝတ္တရား ဆောင်ရွက်မှု၊ အမူအကျင့်၊ စာရိတ္တတို့ကို အများအကျိုးငှာ ဝေဖန်ရေးသားခွင့်၊

(၃) နိုင်ငံရေးနဲ့ပတ်သက်သော ပုဂ္ဂိုလ်များရဲ့ ထင်မြင်ယူဆချက်၊ ဟောပြောချက်၊ ဆောင်ရွက်ချက်များကို ရေးသားဝေဖန်ခွင့်၊

(၄) အများပြည်သူဖတ်ရှုရန် ရေးသားထုတ်ဝေခြင်းပြုထားတဲ့ စာအုပ်စာပေများကို ဝေဖန်ခွင့်၊

(၅) အများပြည်သူအား တင်ဆက်ကပြ သီဆိုဖျော်ဖြေတဲ့ သဘင်လုပ်ငန်းများကို ဝေဖန်ခွင့် စတာတွေဖြစ်ပါတယ်။

## လွဲမှားမှုများ

မေး။ ဖော်ပြရေးသားတဲ့သတင်းဟာ အကြောင်းအရာမှန်ကန်ပေမယ့် အချက်အလက် အချို့ ကိန်းဂဏာန်းအချို့ လွဲမှားဖော်ပြမှုရှိတဲ့အခါ တရားစွဲဆိုခံရနိုင်ပါသလား။

ဖြေ။ လွဲမှားမှုကြောင့် သက်ဆိုင်ရာပုဂ္ဂိုလ်၊ ဌာနဆိုင်ရာများကို ထိခိုက်နစ်နာမှု ကြီးကြီးမားမား ရှိ၊ မရှိ ဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။ မှားယွင်းမှုဟာ သဘောရိုးနဲ့ မှားယွင်းခဲ့ခြင်းဖြစ်ပြီး ကြီးမားတဲ့နစ်နာမှုများ မရှိခဲ့လျှင် မှားယွင်းကြောင်းဝန်ခံချက်နဲ့အတူ ပြင်ဆင်ချက်ကို သတင်းစာမှာ ထည့်သွင်းဖော်ပြပေးပါက ကျေအေးနိုင်ပါတယ်။

မေး။ မကျေအေးခဲ့ရင်ကော။



www.burmeseclassic.com

www.burmeseclassic.com



ဖြေ။ ဒီတော့လည်း မလွှဲမရှောင်သာ တရားဥပဒေရဲ့ အဆုံးအဖြတ်ကို ခံယူဖို့ပဲ ရှိတော့တာပေါ့။ သဘောရိုးနဲ့မှားယွင်းကြောင်း ရုံးတော်က ယုံကြည်အောင် အထောက်အထားပြနိုင်ရင် အပြစ်ကလွတ်ကင်းနိုင်ပါတယ်။

မေး။ စာနယ်ဇင်းဆိုတာ စတုတ္ထမဏ္ဍိုင်ဖြစ်တယ် ဆိုတဲ့စကားကို တချို့က ကြီးကျယ်လိုက်တာဆိုပြီး ပြက်ရယ်ပြုကြတယ်။ အဲဒီလိုလူမျိုးတွေ လက်ခံလာအောင် ဘယ်လိုလုပ်ရမလဲ။

ဖြေ။ လုပ်စရာ နှစ်ချက်ရှိပါတယ်။ ပထမအချက်က စာနယ်ဇင်းတွေကိုယ်တိုင်က စတုတ္ထမဏ္ဍိုင်တာဝန်ကို ကျေကျေပွန်ပွန်၊ မှန်မှန်ကန်ကန် ထမ်းဆောင်ဖို့ဖြစ်တယ်။ စာနယ်ဇင်းလုပ်ငန်းဆိုတာ သာသနာပြုလုပ်ငန်းလို အများအကျိုးဆောင်တဲ့ လုပ်ငန်းမျိုးဖြစ်တယ်။ ဒီတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရင် ပြည်သူလူထုအများက ယုံကြည်ကိုးစားပြီး အလိုလို အသိအမှတ်ပြုလာကြမှာပဲ။ အများအကျိုးဆောင်ရေးမလုပ်ဘဲ ကိုယ့်သတင်းစာ ရောင်းကောင်းဖို့၊ ကိုယ်နာမည်ကြီးဖို့၊ ချမ်းသာဖို့၊ အခွင့်အရေးရဖို့ကိုသာ လုပ်ဆောင်နေရင်တော့ စာဖတ်ပရိသတ်ရဲ့ ယုံကြည်လေးစားမှု ဘယ်တော့မှမရနိုင်ပါဘူး။ အဲဒီလိုမရရင် စတုတ္ထမဏ္ဍိုင်လည်း မဖြစ်နိုင်ပါဘူး။

## ဥပဒေနဲ့ ပြဋ္ဌာန်းဖို့လိုအပ်

ဒုတိယအချက်ကတော့ စာနယ်ဇင်းဆိုတာ စတုတ္ထမဏ္ဍိုင်ဖြစ်တယ်ဆိုတဲ့ အချက်ကို နိုင်ငံရဲ့အခြေခံဥပဒေထဲမှာ အတိအလင်း ပြဋ္ဌာန်းသတ်မှတ်ပေးထားဖို့ လိုပါတယ်။ ဒါမှလည်း အုပ်ချုပ်ရေးယန္တရား နယ်ပယ်အသီးသီးက လေးစားအသိအမှတ်ပြုကြမှာဖြစ်တယ်။ ပူးပေါင်းဆောင်ရွက်ကြ၊ အားပေးကူညီကြမှာဖြစ်တယ်။

မဏ္ဍိုင်ကြီးလေးရပ်၊ တိုင်ကြီးလေးလုံးမှာ ဘယ်တိုင်ပဲ ယိုင်နဲ့သည်ဖြစ်စေ အိမ်ကြီးပါ ယိုင်နဲ့သွားမှာပါ။ အဲဒါကြောင့် တိုင်ကြီးလေးလုံးဟာ အပြန်အလှန် အထောက်အကူပြုနေဖို့ အရေးကြီးဆုံးဖြစ်ပါတယ်။

## အားလုံးမှာ တာဝန်ရှိတယ်

မေး။ စာနယ်ဇင်းဆိုတာ အနားကပ်မခံအပ်တဲ့ ကြောက်စရာသတ္တဝါကြီး big monster လို့ မြင်သူတွေက မြင်တတ်ကြပါတယ်။ အဲဒါဘာကြောင့်လဲ။

ဖြေ။ မှန်ကန်ပြီး ရိုးသားဖြောင့်မတ်တဲ့ ငွေကိုင်တစ်ယောက်ဟာ စာရင်းစစ်ကို ကြောက်စရာမရှိပါဘူး။ စာနယ်ဇင်းဆိုတာ တိုင်းပြည်မှာ မရှိမဖြစ်လိုအပ်တဲ့ 'ပြည်စောင့်နတ်' ဖြစ်ပါတယ်။ တိုင်းသူပြည်သားများကို ကာကွယ်စောင့်ရှောက်ပါတယ်။ ဝိုင်းဝန်းကူညီကြဖို့ တိုင်းသူပြည်သား အားလုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ရှိပါတယ်။ တိုင်းသူပြည်သားများရဲ့ ဝိုင်းဝန်းကူညီမှု၊ အခြေခံဥပဒေရဲ့ ကာကွယ်စောင့်ရှောက်မှု မရှိဘဲနဲ့ 'စတုတ္ထမဏ္ဍိုင်' ဖြစ်မလာနိုင်ပါဘူး။

မေး။ လူတွေကို သည်းခြေခိုက်အောင်လုပ်ပြီး ပိုက်ဆံရဖို့၊ နာမည်ကြီးဖို့လုပ်တဲ့ စာနယ်ဇင်းမျိုး မရှိဘူးလို့ ပြောနိုင်ပါသလား။

ဖြေ။ မပြောပါဘူး။ အဲဒါမျိုးတွေ ရှိကြပါတယ်။ ကမ္ဘာမှာ ဒါမျိုးတွေ အများကြီး ပါပဲ။

မေး။ ဘာကြောင့် များရတာလဲ။

ဖြေ။ ဘယ်နည်းနဲ့ရရ အောင်မြင်ဖို့၊ အမြတ်ရဖို့ အဓိကဆိုတဲ့ ကြောင်ဖြူ ကြောင်မည်း အဘိဓမ္မာကြောင့်ပါ။ ပညာရေးတို့၊ စာနယ်ဇင်းလုပ်ငန်းတို့လို သာသနာပြုလုပ်ငန်းမျိုးတွေမှာတောင် hyper commercialization အလွန်အမင်း အရောင်းအဝယ်ဆန်လွန်းမှု လွှမ်းမိုးကြီးထွားနေတယ်လေ။

၁၅၊ ၁၊ ၂၀၀၇။



www.burmeseclassic.com

www.burmeseclassic.com

# စာနယ်ဇင်းဆိုတာ ပြည်စောင့်နတ် (၃)

စာနယ်ဇင်းများ တရားတဘောင်ဖြစ်ရတဲ့ကိစ္စကို စိတ်ဝင်တစားလာပြီး ဆွေးနွေးကြတဲ့ လူငယ်စာနယ်ဇင်းသမားလေးတွေက ကိစ္စတစ်ရပ်ကို တင်ပြဆွေးနွေးပါတယ်။

## အကိုးအကားခိုင်မာ

စီးပွားရေးလုပ်ငန်းကြီးတစ်ခုက အသစ်တီထွင်ထုတ်လုပ်ရောင်းချတဲ့ ကုန်ပစ္စည်းတစ်မျိုးအကြောင်း ဂျာနယ်တစ်စောင်မှာ သတင်းပါလာပါတယ်။ အရောင်းမန်နေဂျာနဲ့ စက်ရုံမှူးတို့ကို ဂျာနယ်သတင်းထောက်က သွားရောက်မေးမြန်းပြီး ပြည့်ပြည့်စုံစုံ ရေးသားထားတာပါ။ အရောင်းမန်နေဂျာ ပေးလိုက်တဲ့ လက်ကမ်းကြော်ငြာပါ အချက်အလက်များကို ကိုးကားပြီး ရေးထားပါတယ်။ ပစ္စည်းထုပ်ပိုးရောင်းချမှုအမျိုးမျိုးရဲ့ လက်လီလက်ကား ဈေးများကိုပါ ဖော်ပြပေးထားပါတယ်။

## အများအတွက် လိုအပ်လို့

သတင်းရေးလိုက်တဲ့ ဂျာနယ်ဟာ စီးပွားရေးသမားတွေနဲ့ အရောတဝင်ပလူးပလဲလုပ်ပြီး ကြော်ငြာဆောင်းပါးရေးလေ့ရှိတဲ့ ဂျာနယ်မျိုးမဟုတ်ကြောင်း စာဖတ်ပရိသတ်က သိကြပါတယ်။ အဲဒီကုမ္ပဏီက ထုတ်လုပ်လိုက်တဲ့ ပစ္စည်းသစ်ဟာ လူအများစိတ်ဝင်စားပြီး လူအများရဲ့လိုအပ်မှုကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းရာရောက်တာကြောင့် သတင်းထောက်ကို သွားရောက်လေ့လာမေးမြန်းစေပြီး ရေးသားခဲ့တာဖြစ်ပါတယ်။ လုပ်ငန်းရှင်သူဌေးနဲ့ ဂျာနယ်အယ်ဒီတာများ၊ သတင်းထောက်များ သိကျွမ်းမှုမရှိခဲ့ပါဘူး။

## တရားစွဲဖို့ကြံ

ဂျာနယ်မှာ သတင်းပါသွားပြီး တစ်ပတ်အကြာမှာ ကုမ္ပဏီအရောင်းမန်နေဂျာက ဂျာနယ်ကို အကျိုးစီးပွားထိခိုက်နစ်နာစေမှု၊ အသရေဖျက်မှုတို့နဲ့ တရားစွဲဖို့ ရှေ့နေနဲ့ စီစဉ်နေကြောင်း သတင်းထွက်လာပါတယ်။ အကျိုးအကြောင်းမေးမြန်းဖို့ ဝတ္တရားရှိတဲ့အတိုင်း သတင်းရေးခဲ့တဲ့ သတင်းထောက်က မန်နေဂျာ

www.burmeseclassic.com

လူထုစိန်ဝင်း

ကို သွားရောက်တွေ့ဆုံပါတယ်။ အချက်အလက်များယွင်းမှု ရှိပါသလား။ ရှိပါက ဂျာနယ်မှာ အမှားပြင်ဆင်ချက် ထည့်ပေးပါမယ်လို့ ပြောပါတယ်။

**စျေးနှုန်းကွဲလွဲမှု**

အဲဒီအခါမှာ မန်နေဂျာက ဂျာနယ်မှာဖော်ပြခဲ့တဲ့ စျေးနှုန်းများ မှားနေကြောင်း၊ များစွာလျှော့နည်းပြီး ဖော်ပြထားကြောင်း၊ နယ်ကိုယ်စားလှယ်များက သူတို့ အမှန်တကယ်ပေးရတဲ့စျေးက များနေကြောင်း၊ ကုမ္ပဏီဟာ မျက်နှာလိုက်ပြီး တစ်ယောက်တစ်မျိုး စျေးနှုန်းသတ်မှတ် ရောင်းချနေတာကြောင့် နောက်ထပ် မဆက်ဆံလိုတော့ကြောင်း၊ ကုန်ပစ္စည်းအမှာလည်း ရပ်စဲလိုက်ကြောင်း၊ အဲဒါကြောင့် ကုမ္ပဏီမှာ ရက်ပိုင်းအတွင်း သိန်းပေါင်းများစွာ နစ်နာသွားရကြောင်း ပြောပြပါတယ်။

**တိတ်ခွေနဲ့ သက်သေပြနိုင်း**

ဂျာနယ်မှာဖော်ပြထားတဲ့ သတင်းများဟာ မန်နေဂျာကိုယ်တိုင် ပြောခဲ့တဲ့ အတိုင်းဖြစ်ကြောင်း သတင်းထောက်က မှတ်စုစာအုပ်ကိုကြည့်ပြီး ပြန်ရှင်းပြပါတယ်။ စက်ရုံမှူးနဲ့တွေ့စဉ်ကပြောတဲ့စျေးနှုန်းလည်း ဒီအတိုင်းပဲဖြစ်ကြောင်း သူ့မှတ်စုထဲမှာ ရေးမှတ်ထားချက်အရ သိရပါတယ်။ မန်နေဂျာက သူဌေးနဲ့ သွားတွေ့ပါ ပြောတာကြောင့် သူဌေးကိုဝင်ရောက်တွေ့ဆုံပြီး ရှင်းပြပါတယ်။ အဲဒီအခါ သူဌေးက ဂျာနယ်မှာပါတဲ့ စျေးနှုန်းဖော်ပြချက်ဟာ မန်နေဂျာ ကိုယ်တိုင်ပြောကြောင်း တိတ်ခွေနဲ့ သက်သေပြနိုင်သလားလို့ မေးပါတယ်။

**နွေးထွေးပွင့်လင်းမှု သတင်းရ**

သတင်းထောက်မှာ တိတ်ခွေနဲ့အသံဖမ်းထားတာ မရှိပါဘူး။ နှုတ်နဲ့ပဲ မေးမြန်းမှတ်သားခဲ့တာ ဖြစ်ပါတယ်။ သတင်းထောက်တစ်ယောက် သတင်းလိုက်တိုင်း အသံဖမ်းစက်နဲ့ ဖမ်းယူလေ့ရှိတာ မဟုတ်ပါဘူး။ အသံဖမ်းစက် ထုတ်လိုက်တာနဲ့ လူနှစ်ဦးအကြားဆက်ဆံရေးဟာ နွေးထွေးပွင့်လင်းမှု လျော့ပါးသွားတတ်ပါတယ်။ စကားတိုင်းကို ထိန်းထိန်းသိမ်းသိမ်း ပြောကြပါတော့တယ်။ သတင်းလိုက်တယ်ဆိုတာက တစ်ခါတစ်ရံမှာ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောကြဆိုကြရင်းမှ သတင်းရေးလောက်တဲ့ အချက်အလက်တွေ ရလာတတ်တာ ဖြစ်ပါတယ်။ တာဝန်ရှိသူတစ်ယောက်နဲ့ စကားပြောတိုင်း သတင်းရေးလောက်တဲ့ အကြောင်းအရာ၊ အချက်အလက်များ ရတာမဟုတ်ပါဘူး။ အဲဒါကြောင့် သိပ်အရေးကြီးတဲ့ စကားလုံးအသုံးအနှုန်းကစ အလွဲအမှားမခံတဲ့ကိစ္စမျိုးမှသာ သတင်းထောက်များဟာ အသံဖမ်းစက်ကို သုံးလေ့ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ဖြေရှင်းချက်ထည့်ပေးမယ်

အဲဒီသဘာဝကိုရှင်းပြပေမယ့် သူဌေးက လက်မခံဘဲ တရားစွဲမယ်ချည်း ခြိမ်းခြောက်နေတာကြောင့် သတင်းထောက်လည်း လှည့်ပြန်ခဲ့ရပါတယ်။ ကုမ္ပဏီက မှားယွင်းကြောင်း ဖြေရှင်းချက်ရေးပေးရင် ဂျာနယ်မှာထည့်ပေးပါမယ်။ ဂျာနယ် အနေနဲ့တော့ မမှားတဲ့အတွက် ဖြေရှင်းချက်မရေးနိုင်ပါဘူး။ တရားစွဲရင်လည်း တရားရုံးမှာဖြေရှင်းပါမယ်လို့ ပြောခဲ့ပါတယ်။

## အကြပ်ကိုင်မှုကြောင့်

အဲဒီကိစ္စကို နောက်ဆက်ပြီးစုံစမ်းလိုက်တော့ ကုမ္ပဏီအရောင်းမန်နေဂျာ ပြောတဲ့ဈေးအတိုင်း ရန်ကုန်ဈေးကွက်မှာဖြန့်ချိတာ မှန်ကန်ကြောင်း ဈေးသည် များဆီက စုံစမ်းသိရှိရပါတယ်။ ပိုင်ရှင်သူဌေးကိုယ်တိုင် စီမံကိုင်တွယ်တဲ့ နယ်အရောင်းဌာနက ရန်ကုန်ဈေးကွက် အရောင်းလိုက်တာကို ကြည့်ပြီး နယ်ကိုယ်စားလှယ်များကို ရောင်းတဲ့အခါ ဈေးတင်ရောင်းခဲ့တာ ဖြစ်ပါတယ်။ ဈေးတင်တာက လောဘဇောတက်ပြီး တော်တော်လေးတင်လိုက်တာဖြစ်လို့ နယ်ကိုယ်စားလှယ်များက မကျေမနပ်ဖြစ်ကြတာလို့ပါ ဆက်ပြီးသိခဲ့ရပါတယ်။ သတင်းထောက်နဲ့တွေ့ခဲ့တဲ့ အရောင်းမန်နေဂျာအနေနဲ့ သူဌေးလုပ်သူက ဖွတ်အတင်းငြင်းခိုင်းပြီး တရားစွဲခိုင်းတာကြောင့် တရားစွဲဖို့ စီစဥ်ရကြောင်းပါ သိလာရပါတယ်။

## ဈေးသည်များ သက်သေထူ

တရားဥပဒေအတိုင်းသာ ရုံးတော်မှာ ရင်ဆိုင်ဖြေရှင်းရလျှင် သတင်းထောက်နဲ့ ဂျာနယ်အဖို့ ဘယ်လိုအပြစ်မျိုးမှ ကျရောက်ဖွယ်မရှိပါဘူး။ ဒီသတင်းဟာ အသရေဖျက်မှုလည်း မဟုတ်ပါဘူး။ လူတစ်ဦးတစ်ယောက်ရဲ့ စီးပွားကို ထိခိုက်နစ်နာစေလိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ ရေးသားမှုလည်း မဟုတ်ပါဘူး။ သုံးစွဲသူများအတွက် အကျိုးရှိစေမယ်ဆိုတဲ့အသိနဲ့ ရေးသားခဲ့တာသက်သက် ဖြစ်ပေမယ်လို့ တစ်ဆက်တစ်စပ်တည်း 'ကျွဲကူးရေပါ'ဆိုသလို ကုမ္ပဏီကို လည်း အကျိုးရှိစေမှာဖြစ်ပါတယ်။ ဒါ့အပြင် ဈေးနှုန်းကွဲလွဲနေမှုဟာ သတင်း ထောက်ရဲ့အမှားမဟုတ်ဘဲ ကုမ္ပဏီကိုက ဈေးနှစ်မျိုးနဲ့ ရောင်းချခဲ့တာဖြစ် ကြောင်း ဈေးသည်များကို သက်သေထူနိုင်ပါတယ်။

## ကျင့်ဝတ်နဲ့အညီဖြစ်

အဲဒါကြောင့် တင်ပြဆွေးနွေးလာတဲ့လူငယ်တွေကို ဒီကိစ္စမှာ သတင်းထောက်နဲ့ ဂျာနယ်ရဲ့ရပ်တည်ချက်ဟာ မှန်ကန်ကြောင်း၊ ကိုယ်ကျိုးတစ်စုံတစ်ရာအတွက်



www.burmeseclassic.com

www.burmeseclassic.com

လူထုစိန်ဝင်း

ဆောင်ရွက်ခြင်းမဟုတ်သလို စာနယ်ဇင်းကျင့်ဝတ် ချိုးဖောက်ခြင်းလည်း မရှိတာကြောင့် ရုံးတော်ကသာ ရင်ဆိုင်ဖြေရှင်းသင့်ကြောင်း ရှင်းလင်းပြောပြလိုက်ရပါတယ်။

## အများအကျိုးအတွက်ဆို ကင်းလွတ်နိုင်

ဒါတင်မက တစ်ဦးတစ်ယောက်ရဲ့အသရေ၊ သို့မဟုတ် အကျိုးစီးပွားကို နစ်နာထိခိုက်စေတာဖြစ်နေသည့်တိုင် ယင်းသို့ဆောင်ရွက်ချက်ဟာ အများပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း တရားရုံးတော်က ယုံကြည်လောက်အောင် အထောက်အထား သက်သေခိုင်လုံအောင် ပြနိုင်ခဲ့ပါက အပြစ်မရှိ ကင်းလွတ်နိုင်ပါတယ်။

## နစ်ဆင်၊ ကလင်တန် ကိစ္စ

ဥပမာအနေနဲ့ သမ္မတနစ်ဆင်နဲ့ ဝါးတားဂိတ်ကိစ္စ၊ သမ္မတကလင်တန်နဲ့ မော်နီကာလူဝင်စကီးကိစ္စများကို ထောက်ပြလိုတယ်။ သမ္မတနှစ်ဦးရဲ့ အရှုတ်တော်ပုံများ စတင်ပေါ်ထွက်လာတဲ့အခါမှာ စာနယ်ဇင်းနဲ့ မီဒီယာများက နှိုက်နှိုက်ချွတ်ချွတ် တူးဆွဖော်ထုတ်ပြီး အမြစ်ကလှန် တင်ပြခဲ့ကြတယ်။ သမ္မတနှစ်ဦးစလုံးက အသရေဖျက်မှုနဲ့တရားစွဲဖို့ နာမည်ကျော် ဥပဒေပညာရှင်တွေ တစ်ယောက်ပြီးတစ်ယောက် တွေ့ဆုံညှိနှိုင်းခဲ့ကြတယ်။ ဒါပေမဲ့ ဥပဒေပညာရှင် အားလုံးလိုလိုကပဲ အများအကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းဆိုတဲ့ အခြေခံဥပဒေ ပထမပြင်ဆင်ချက်ပါ ပြဋ္ဌာန်းချက်အရ ဆောင်ရွက်တာလို့ မီဒီယာများက အခိုင်အမာပြောဆိုနိုင်တာကြောင့် ဘယ်လိုမှ အနိုင်ရစရာမရှိကြောင်း ပြန်လည်ဖြေကြားခဲ့ကြတဲ့အတွက် တရားမစွဲနိုင်ခဲ့ပါဘူး။

## ဥပဒေက ကာကွယ်လိမ့်မယ်

စာနယ်ဇင်းမီဒီယာများအတွက် အရေးကြီးဆုံးက အများပြည်သူလူထု အကျိုးစီးပွားအတွက် ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်ကြဖို့သာဖြစ်တယ်။ အဲဒီလို ဆောင်ရွက်သမျှ ကာလပတ်လုံး တရားဥပဒေက အကာအကွယ်ပေးလိမ့်မယ် ဖြစ်ကြောင်း နိဂုံးချုပ်တင်ပြလိုက်ရပါတယ်။

၂၀၊ ၁၊ ၂၀၀၇။



www.burmeseclassic.com

www.burmeseclassic.com

# လူငယ်တွေ တွေးသကြည့်စေချင်လို့

ဂျာနယ်၊ မဂ္ဂဇင်းတွေ လှန်လှောဖတ်ကြည့်ရင်းနဲ့ မြန်မာတိုင်းရင်းဆေး ကြော်ငြာတစ်ခုကိုတွေ့ပြီး စိတ်ဝင်စားသွားပါတယ်။ ကြော်ငြာကနှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှည်ကြာတဲ့ဆေးဖြစ်ကြောင်း ဂုဏ်ယူရေးသားထားတာ ဖြစ်တယ်။

နှစ်ပေါင်း ၁၀၀ ကျော်ဆိုတာ မျိုးဆက် ၄၊ ၅ ဆက်လောက် ထိန်းသိမ်း လုပ်ကိုင်တာဖြစ်လေတော့ ဂုဏ်ယူမယ်ဆို ယူလောက်ပါတယ်။ သူ့ကြော်ငြာက ကျော်အောင်ညာတဲ့'ကျော်ညာ' မဟုတ်တာတော့ သေချာတယ်။ ဒီဆေးနာမည် ကို လူမှန်းသိစအရွယ်ကတည်းက နားမှာ ရင်းရင်းနှီးနှီးရှိနေတာ ဖြစ်ပါတယ်။

မြန်မာပြည်မှာ နှစ်ပေါင်း ၁၀၀ ကျော်ထိ ဆက်လက်တည်တံ့နေတဲ့ လုပ်ငန်းမျိုး မရှိသလောက်ရှားပါတယ်။ ဒီတော့ ဂုဏ်ယူမယ်ဆို ဂုဏ်ယူသင့် ပါတယ်။ တခြားနိုင်ငံမှာတော့ ဒီလိုလုပ်ငန်းကြီးတွေကို အရှည်သဖြင့် တည်တံ့ အောင် စနစ်တကျကုမ္ပဏီကြီးတွေဖွဲ့စည်းပြီး ဆောင်ရွက်ကြတာဖြစ်လေတော့ နှစ်ပေါင်း ၁၀၀၊ ၂၀၀ ထိတည်တံ့တာမျိုးတွေ အများကြီးရှိပါတယ်။ မနှစ် လောက်ကပဲ သက်တမ်း ၃၀၀ ပြည့်အခမ်းအနားကျင်းပတဲ့ အင်္ဂလန်က စာအုပ်ဆိုင်ကြီးတစ်ဆိုင်အကြောင်း ဂျာနယ်တစ်စောင်အတွက် သတင်း ဘာသာပြန်ပေးခဲ့ဖူးသေးတာ အမှတ်ရမိတယ်။ စာဆိုတော်ကြီး ရှိတ်စပီးယားရဲ့ မွေးဇာတိက ရှိတ်စပီးယားရဲ့ အိမ်နဲ့ ပြတိုက်၊ ရှိတ်စပီးယားရဲ့ ပြဇာတ်တွေ တင်ဆက်ကပြတဲ့ လန်ဒန်ကဇာတ်ရုံကြီး စတာတွေလည်း နှစ်ပေါင်း ၂၀၀ ကောင်းကောင်းကျော်ကြပြီပေါ့။

မော်တော်ကား စတင်ပေါ်ပေါက်စဉ်ကတည်းကရှိခဲ့တဲ့ ဖို့ဒ်ကားကုမ္ပဏီ ကြီးတို့၊ မြန်မာနိုင်ငံကို ဗြိတိသျှတို့ အပြီးတိုင်မသိမ်းပိုက်မီ အချိန်ကတည်းက ရှိခဲ့တဲ့ ဘီအိုစီကုမ္ပဏီ၊ စတီးဘရားသားကုမ္ပဏီ စတာတွေလည်း ဒီနေ့ထိ တည်မြဲနေကြပါသေးတယ်။

မြန်မာနိုင်ငံမှာတော့ မင်းတုန်းမင်းတရားကြီး လက်ထက်တော်ကတည်း က တည်ရှိခဲ့တဲ့ 'ဟံသာဝတီ'ပိဋကတ်စာအုပ်တိုက်ကြီး တစ်တိုက်ကလွဲရင် ဒီလောက် သက်တမ်းရှည်ကြာတဲ့လုပ်ငန်းဆိုလို့ တိုင်းရင်းဆေးလုပ်ငန်းတွေသာ



www.burmeseclassic.com

www.burmeseclassic.com



ရှိလိမ့်မယ်ထင်ပါတယ်။ ငယ်စဉ်ကလေးဘဝကတည်းက ရင်းနှီးနေခဲ့တဲ့ မော်လမြိုင် ဦးရွှေကျေး လျက်ဆားတို့၊ ဦးချိန်တီ လျက်ဆားတို့၊ ပတ္တမြား သွေးဆေးတို့၊ ဆရာပြောင် ဆေးတို့ပတ်ကြီးတို့၊ မအုန်းမယ် သူငယ်နာ ပျောက်ဆေးတို့၊ မောရိယမန်းဆေးတို့ ဆိုတာတွေ ဒီနေ့ထိရှိနေသေးတာ တွေ့ရတယ်။ တစ်ချိန်က နာမည်ကျော် 'မအိုသေးတဲ့သူ၊ အပျိုကလေးနဲ့တူ' ဆိုတဲ့ ယောဂီသွေးဆေးဆို ဆေးတိုက်နေရာကြီးရှိနေသေးတာ တွေ့ရပေမယ့် ဆေး ဆက်လက်ထုတ်တာတော့ မတွေ့မိတော့ပါဘူး။ လွန်ခဲ့တဲ့ နှစ်အစိတ်၊ သုံးဆယ်လောက်ထိတော့ ဆေးဆက်ထုတ်နေသေးတာကို သတိထားမိတယ်။ သတိထားမိဆို ယောဂီဆေးတိုက်ကြီးက လွှစ္စလမ်း(ယခု ဆိပ်ကမ်းသာလမ်း) အထက်လမ်းမှာ ရှိနေတာဆိုတော့ လမ်းလျှောက်နိုင်နေသေးတဲ့အချိန်မို့ နေ့စဉ်နဲ့အမျှဆိုသလို အဲဒီရှေ့ကို ဖြတ်သန်းသွားလာနေခဲ့တာကိုး။ ယောဂီ ဆေးတိုက်ကြီးနဲ့ မျက်စောင်းထိုးလောက်မှာ အိုးဝေသတင်းစာတိုက်ကလည်း ရှိနေတယ်လေ။

ဂါးဒီးယန်းသတင်းစာတိုက်ကို ပြည်သူပိုင်သိမ်းလိုက်တဲ့အချိန်မှာ မူလက ဂါးဒီးယန်းသတင်းစာတိုက်မှာထားတဲ့ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ဘီဂျေအေ)လည်း ဘုံပျောက်သွားတာကြောင့် ဦးညိုမြရဲ့ အိုးဝေတိုက်မှာ ကျောက်ချရပ်နားနေရပါတယ်။ အဲဒါကြောင့် အဲဒီကို နေ့စဉ်လိုလိုရောက်ရှိ နေတာကြောင့် ယောဂီဆေးတိုက်ရှေ့ကဖြတ်နေရတာ ဖြစ်ပါတယ်။ သိပ်ပြီး နှမြောစရာကောင်းတာက ကိုလိုနီခေတ်အခါကတည်းက နိုင်ငံခြားသား မျက်နှာဖြူပိုင်လုပ်ငန်းကြီးနဲ့အပြိုင် ခေတ်မီစနစ်တကျဖွဲ့စည်းလုပ်ကိုင်ခဲ့တဲ့ အေဝမ်း ရုပ်ရှင်ကုမ္ပဏီ၊ ဗြိတသျှဘားမားရုပ်ရှင်ကုမ္ပဏီ၊ ပဲရောက်ကုမ္ပဏီ စတဲ့ကုမ္ပဏီ ကြီးတွေ မှေးမှိန်သွားရတာ ဖြစ်ပါတယ်။ အဲဒီကုမ္ပဏီတွေလောက် ကြီးကျယ် ခမ်းနားတဲ့ ရုပ်ရှင်ကုမ္ပဏီမျိုး ဒီခေတ်မှာတောင်မရှိပါဘူး။ အဲဒီကုမ္ပဏီကြီး တွေက ရောမစတူဒီယိုကြီးတွေထဲမှာ တစ်နေ့တည်း၊ တစ်ပြိုင်တည်း ရုပ်ရှင် ၂ ကား၊ ၃ ကားလောက် ရိုက်ကူးနိုင်ကြတာပါ။ နာမည်ကျော်ဒါရိုက်တာတွေ၊ စာရေးဆရာတွေ၊ ရုပ်ရှင်မင်းသားမင်းသမီးတွေကိုလည်း သူ့ခေတ်၊ သူ့အခါမှာ 'သွားရည်ယို'လောက်တဲ့လခပေးပြီး ကုမ္ပဏီပိုင်အဖြစ် ခန့်ထားခဲ့ကြတာ ဖြစ်တယ်။

ဟံသာဝတီ စာအုပ်တိုက်ကြီးဆိုတာတောင် ခုခေတ်မှာတော့ နာမည် မပျောက်ရုံလောက်သာ ရှိပါတော့တယ်။ ရှေးကလို မြန်မာစာပေလောကရဲ့ မီးရှူးတန်ဆောင်နေရာမှာ ရှိမနေတော့ပါဘူး။ ဝမ်းနည်းစရာ ကောင်းလှ ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဖြစ်ရပ်တွေကို ပြန်သုံးသပ်ကြည့်လိုက်တော့ မြန်မာလူမျိုးများဟာ အရှည်သဖြင့်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်တဲ့အပိုင်းမှာ အတော်ကြီး အားနည်းနေသလားလို့ အတွေးရောက်မိပါတယ်။ မြန်မာလူမျိုးများရဲ့ စိတ်ဓာတ်ဟာ ဟုန်းခနဲထတောက်ပြီး ချက်ချင်းငြိမ်းသွားတဲ့ ကောက်ရိုးမီးလိုပဲလို့ တချို့ ပညာတတ်အသိုင်းအဝိုင်းကလူများ ပြောဆိုကြတာ မမှားလောက်ဘူးလို့လည်း ယူဆရမလိုလို ဖြစ်ပါတယ်။

တည့်တည့်ပြောရရင်တော့ ဒီဘက်ခေတ်လူငယ်တွေဟာ သူတို့ရဲ့ မိဘဘိုးဘွားများခေတ်က လူငယ်တွေထက် ကိုယ်စွမ်းကိုယ်စည့်ဖျင်းကြလေသလားလို့တောင် တွေးနေမိပါတယ်။ စောစောကပြောခဲ့တဲ့ အေဝမ်း၊ ဗြိတိသျှဘားမား၊ ပဲရောက်၊ ဟံသာဝတီ စတဲ့လုပ်ငန်းကြီးတွေကို တည်ထောင်ခဲ့ကြသူမျိုးချစ်မြန်မာလူကျော်ကြီးများရဲ့ မျိုးဆက် သားသမီး၊ မြေးမြစ်တွေ တစ်ပုံတပင်ကြီး ကျန်ရစ်ကြပါတယ်။ ဘာတွေများ ဆက်ပြီးတိုးပွားအောင် လုပ်ဆောင်နိုင်ခဲ့ကြပါသလဲ။ ရှေးက ဘတ်စ်ကားမှတ်တိုင်တောင် ထားပေးရလို့ လူတကာပါးစပ်ဖျားမှာ 'အေဝမ်းမှတ်တိုင်ပါတယ်'လို့တောင် ပြောယူရလောက်အောင် ရွာကြီးတစ်ရွာလောက်ကြီးမားခဲ့တဲ့ အေဝမ်းခြံဝင်းကြီး ဘယ်ရောက်သွားပြီလဲ။ ပြည်လမ်းပေါ်ကို ဖြတ်သန်းသွားလာတိုင်း လှည့်ကြည့်၊ မှန်းကြည့်ပေမယ့် အေဝမ်းခြံနေရာကို မမှတ်မိ၊ မသိရှိနိုင်တော့ပါဘူး။

ကျောင်းသားတပည့်တစ်ယောက် တစ်ခါကပြောခဲ့တဲ့စကားကို ပြန်ပြီး အမှတ်ရမိပါတယ်။ အဲဒီတပည့်ရဲ့အဖေက တစ်ခေတ်က နာမည်ကျော် သူဌေးကြီးတစ်ဦးပါ။ ကန်တော်ကြီးစောင်းမှာ ကြီးမားကျယ်ပြန့်တဲ့ ခြံဝင်းကြီးနဲ့ နေတာပါ။

'အဖေ့လက်ထက်က ခြံတစ်ခြံ၊ အိမ်တစ်လုံးရှိတာကို ကျွန်တော်တို့လက်ထက်မှာ လေးငါးဆပွားအောင်လုပ်နိုင်ခဲ့တယ် ဆရာရဲ့'

တပည့်က ရယ်သလို မောသလို ပြောခဲ့တာပါ။ သူ့အဖေလက်ထက်က ကျယ်ဝန်းလှတဲ့ခြံကြီးကို ပိုင်းပိုင်းပြီး တစ်ပိုင်းပြီးတစ်ပိုင်းရောင်းလိုက်တာ နောက်ဆုံးကျတော့ အဲဒီနေရာမှာ တိုက်သစ်တာသစ်တွေ တစ်ပုံကြီးဖြစ်နေတာကို ဆိုလိုတာဖြစ်ပါတယ်။

အဲဒါကြောင့် မြန်မာလူမျိုးများဟာ အရှည်သဖြင့် တည်တံ့ခိုင်မြဲအောင်လုပ်တဲ့ဘက်မှာ အတော်ကြီးအားနည်းနေသလားလို့ အတွေးရောက်မိတာဖြစ်ပါတယ်။ လူငယ်တွေ အထူးသဖြင့် ဆင်ခြင်စဉ်းစားကြည့်ကြစေချင်ပါတယ်။ 'တို့ခေတ်ရောက်မှ ညံ့ကြတော့မှာလား'လို့လည်း တွေးဆကြပါကုန်။

၂၄၊ ၂၊ ၂၀၀၅။



www.burmeseclassic.com

www.burmeseclassic.com

# သွားနှင့်သူနှင့် ကျန်ရစ်သူ

တစ်လခွဲ၊ နှစ်လနီးပါး စာရေးဖို့ပျက်ကွက်ခဲ့ပါတယ်။ ဂျာနယ် နှစ်ပတ်လောက် ဆက်တိုက် ဆောင်းပါးမတွေ့ရရင် ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟများနဲ့ စာဖတ်ပရိသတ်များက သို့လောသို့လော တွေးထင်ကြပြီး ဖုန်းဆက်မေးကြမြန်းကြတယ်။ စာပုံမှန်ရေးနေသူတစ်ဦးအနေနဲ့ စာဖတ်ပရိသတ်ကို အကျိုးအကြောင်း အသိပေးဖို့ တာဝန်ရှိတာကြောင့် စာပြန်ရေးရေးချင်း ဦးဆုံးရေးလိုက်ရပါတယ်။

ကိုယ်ရေးကိုယ်တာ လွန်ကဲသွားလျှင် ခွင့်လွှတ်ပါ။ ပျက်ကွက်ရတဲ့ အကြောင်းကိုက ကိုယ်ရေးကိုယ်တာကိစ္စ ဖြစ်နေလို့ပါ။ မလွှဲမရှောင်သာ ရေးရပါတယ်။ ဂျာနယ်တွေမှာ ပုံမှန် အပတ်စဉ်ရေးနေသူတစ်ဦးအနေနဲ့ တာဝန်ကျေအောင် အထူးဂရုစိုက်ခဲ့ပါတယ်။ တော်ရုံတန်ရုံ နေထိုင်မကောင်းဖြစ်ရုံနဲ့ ဘယ်တော့မှ မပျက်ကွက်စေခဲ့ပါဘူး။ နွေလများ ပြင်ဦးလွင်ကိုသွား အပူရှောင်နေရတာတောင် တစ်ပတ်နှစ်ကြိမ် အမြန်ချောနဲ့ အိမ်ကို ဆောင်းပါးတွေ မှန်မှန်ပို့ပေးပါတယ်။ ခုကိစ္စကတော့ တော်ရုံတန်ရုံကိစ္စမျိုးမဟုတ်ဘဲ အလွန်ကြီးမားပြင်းထန်တဲ့ ထိုးနက်ချက်ကြီးတစ်ခုကို ရင်ဆိုင်ကြုံတွေ့လိုက်ရတာ ဖြစ်ပါတယ်။

## နိမ့်တုံနိမ့်တုံဘဝ

'ဘဝဆိုတာ တိုက်ပွဲပဲ'ဆိုတဲ့ ဆိုရိုးစကားအတိုင်း လူမှန်းသိတတ်စကတည်းက ငြိမ်းအေးတဲ့ဘဝကို ဖြတ်သန်းခဲ့ရတယ်ကို မရှိပါဘူး။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာ မွေးဖွား၊ ပြည်တွင်းစစ် အရှိန်အမြင့်မားဆုံးကာလတွေမှာ ကြီးပြင်းခဲ့ရတာကလား။ ဘယ်မှာ ငြိမ်းအေးမှုကိုသိမှာလဲ။ လောကဓံတရားဆိုတာ နိမ့်တုံမြင့်တုံရှိတတ်တယ်။ ဘယ်အရာမှ တည်မြဲမနေဘူးလို့ ဆိုကြပေမယ့် နိမ့်တုံနိမ့်တုံဘဝက ဘယ်တော့မှ လွတ်တယ်မရှိခဲ့ပါဘူး။ အသက်သာ ရဝ ချဉ်းလာတယ်။ ငြိမ်းအေးသာယာနေရတယ်လို့ မရှိပါဘူး။ လောကဓံရဲ့ အထုအထောင်း၊ အရိုက်အပုတ်ကို ခံရတဲ့ဘက်ကချည်းပါပဲ။

## သုံးကြိမ်မြောက် သေရွာပြန်

နှစ်ရက်၊ သုံးရက် သတိလစ်မေ့မျောသွားပြီး 'သေခြင်း'နယ်နိမိတ်အစပ်ကို

www.burmeseclassic.com



နှစ်ကြိမ်တိုင်ရောက်သွားခဲ့ဖူးတယ်။ ဗီဇာမပါလို့ 'သေခြင်း' နိုင်ငံက လက်မခံတာကြောင့် ပြန်ရောက်လာခဲ့တယ်။ ပြီးခဲ့တဲ့ မတ် ၅ ရက်ညက တတိယအကြိမ်မြောက် သေခြင်းတံခါးကို သွားခေါက်ပြန်တာကြောင့် ညကြီးမင်းကြီး ရွှေဂုံတိုင်က အထူးကုဆေးရုံကြီးတစ်ရုံရဲ့ အရေးပေါ်ခန်းကိုရောက်ခဲ့ရပြန်တယ်။ ငယ်ရွယ်တက်ကြွတဲ့ ဘီလပ်ပြန် အထူးကုဆရာဝန်မလေးက ငယ်ရွယ်သူပီပီ ဖျတ်ဖျတ်လတ်လတ်၊ ဆုံးဖြတ်ချက် မြန်မြန်ဆန်ဆန်နဲ့ လိုအပ်တာတွေကို ချက်ချင်းဆောင်ရွက်စေတာကြောင့် တတိယအကြိမ် 'သေရွာပြန်' ဖြစ်ခဲ့ရတယ်။

## ဆေး ၁၇ မျိုး

ဆေးရုံမှာ တစ်ပတ်ကြာတော့ ထိုးဆေးအားလုံးဖြတ်၊ သောက်ဆေးတွေပြောင်းပေးပြီး အိမ်ပြန်နိုင်ခဲ့တယ်။ ဆေးအမျိုးပေါင်း ၁၇ မျိုး၊ တစ်ခါသောက် ၂၂ လုံး၊ တစ်နေ့ ၄ ကြိမ် သည်းခံသောက်ရတာကလွဲပြီး ဘာအစာမှရှောင်စရာမလို၊ စားလို့ကောင်းတာ အကုန်စား၊ အစာဝင်ဖို့သာ အဓိကပဲတဲ့။ တစ်ခုပဲရှိတယ်။ အောက်ဆီဂျင်ပိုက်ကတော့ ညအိပ်ရာဝင်မှာပါတပ်ပါ။ ညဘက်မှာ အောက်ဆီဂျင် ပိုပြီးလိုတယ်တဲ့။ ဘယ်တတ်နိုင်မှာလဲ။ 'အသိခေါက်ခက် အဝင်နက်' ဖြစ်ပြီး ဆေးလိပ်ကို နှစ်ပေါင်းလေးဆယ်လောက် တစ်ရှိုက်မက်မက် သောက်ခဲ့တာကိုး။

## ဂရုစိုက်တဲ့ကြားက

အကုသိုလ်များဝင်ပြီဆိုရင် အပေါင်းအဖော်နဲ့ လာတတ်တယ်ဆိုတဲ့ စကားအတိုင်းပါပဲ။ ဆေးရုံကဆင်းပြီး သုံးရက်မြောက်ညကျတော့ ဇနီးသည်က ညကြီးမင်းကြီး အသက်ရှူကျပ်ပြီး အမောဆို့လာခဲ့တယ်။ ချက်ချင်း ရွှေဂုံတိုင် ဆေးရုံပို့ရပြန်တယ်။ အရေးပေါ်ခန်းမှာစစ်ဆေးတော့ ဆီးချိုက တအားတက်သွားလို့ လေဖြတ်တာတဲ့။ အံ့သြစရာကောင်းတာက ဇနီးသည်ဟာ သူ့ကျန်းမာရေးကို သိပ်ဂရုစိုက်တာ။ ဆရာဝန်ဆီ ရက်ချိန်းမှန်မှန်သွားရုံမက အိမ်မှာ နေ့စဉ် သွေးတိုးတိုင်းကြည့်၊ ဆီးချိုတိုင်းကြည့် လုပ်နေတာ။ လွန်ခဲ့တဲ့ ၆ နှစ်က ခါးကြောညပ်သွားလို့ လမ်းမလျှောက်နိုင်တာကလွဲပြီး ဘာရောဂါမှ ဆေးကုလောက်တဲ့ထိ ကြီးကြီးမားမားရှိမနေပါဘူး။ အအိပ်လည်းမပျက်၊ အစားလည်း မပျက်ပါဘူး။ ဆေးဝါးနဲ့ သမားဆိုလည်း စုံနေတာပါပဲ။ ကုလားဆရာ၊ တရုတ်ဆရာ၊ မြန်မာဆရာ၊ လက်နှိပ်အကြောပြင်ဆရာ၊ လူပြောသူပြောများသမျှ တစ်ယောက်မှမကျန်စေရပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



**ဆေးပေါင်းစုံ**

လိမ်းဆေးဆိုတာတော့ ပြောမနေနဲ့တော့။ တီဗီမှာ ကြော်ငြာသမျှ လင်ဗီးကစ ထက်လင်းထိ တစ်ခုမကျန် စမ်းတာပဲ။ ဟိုလူဒီလူညွှန်းသမျှ တောရှောက်ခါးနဲ့ မီးတောက်အရက်လို၊ ရှောက်ပေါင်းလို၊ ဆားကြပ်ထုပ်လိုလည်း မကျန်စေရဘူး။ မြန်မာလူမျိုးကလည်း ကျန်းမာရေးဗဟုသုတ အကြွယ်ဝသား မဟုတ်လား။ လူမမာမေးတစ်ယောက်လာရင် ဆရာတစ်ယောက်နဲ့ ဆေးတစ်မျိုးတော့ ညွှန်း သွားကြတာချည်းပဲ။ သူ စမ်းမသွားတဲ့ ပေါ်ပင်ဆေးမြီးတိုဆိုလို့ 'စူလာနဖာ' တစ်မျိုးပဲ ရှိထင်ပါရဲ့။ ဒါကိုတော့ အိမ်တိုင်ရာရောက် လာပေးထားကြတာ တွေတောင် သူစမ်းကြည့်ဖို့ စိတ်ဝင်စားပုံမရပါဘူး။

**ကောင်းရာက ဖောက်**

အရေးပေါ်ခန်းမှာ တစ်ညနေပြီး နောက်နေ့မနက်ကျတော့ ပုံမှန်နီးပါး ပြန်ကောင်းနေတယ်တဲ့။ နေ့လယ်ကျတော့ အခန်းရလို့ အခန်းထဲလာသမျှ ညီ့သည်တွေနဲ့ စကားပြောနေတယ်တဲ့။ 'စိတ်မပူနဲ့၊ နေကောင်းနေပြီ'လို့ တောင် ဖုန်းနဲ့လှမ်းပြောလိုက်သေးတယ်။ ဒါပေမဲ့ နောက်နေ့ညနေကျတော့ ညီ့သည်တစ်ယောက်နဲ့ စကားပြောနေရင်းက ရုတ်တရက်ငြိမ်သွားလို့ သမီး က မေးလိုက်တော့ 'ခေါင်းမူးတယ်'လို့သာ ပြောနိုင်တော့တယ်။ ခေါင်းက မထူနိုင်တော့ဘူး။ အဲဒီကစပြီး သွေးခုန်နှုန်း စမ်းမရတော့လောက်အောင် သွေးအားကျသွားလိုက်၊ အသက်ရှူကျပ်ပြီးမောလိုက်၊ သတိလစ်သွားလိုက်၊ ပြန်သတိရလိုက်နဲ့ ဖြစ်နေတော့တယ်။

**စိတ်ချင်းဆက်နေကြ**

ညတွင်းချင်း ဆေးရုံရောက်သွားပြီး ဘေးမှာသွားထိုင်တော့ မျက်စေ့ဖွင့်ကြည့် နိုင်သေးတယ်။ လက်ကိုဆုပ်ထားပြီး အတော်ကြာတော့ ဆုပ်ထားတဲ့လက်ကို ပြန်တွန်းထုတ်တယ်။ မျက်လုံးဖွင့်ပြီး စိုက်ကြည့်ရင်းနဲ့ လက်ကိုသာ တွန်းထုတ် နေတယ်။ 'နေမကောင်းဘဲနဲ့ ဘာလို့လာရတာလဲ။ အိမ်ပြန်တော့။ စိတ်မပူနဲ့'လို့ ပြောနေပုံပါပဲ။ ၄၂ နှစ်တိုင်တိုင် လက်တွဲခဲ့ကြတာဆိုတော့ ပါးစပ်ကပြောစရာ မလိုဘဲ တစ်ယောက်စိတ်ကိုတစ်ယောက် နားလည်နိုင်ကြပါ တယ်လေ။

**အပင်ပန်းဆုံး စက္ကန့်များ**

အဲဒီနောက်တော့ အခြေအနေက ဆုတ်ယုတ်သထက် ဆုတ်ယုတ်လာခဲ့တယ်။ ဦးနှောက်အာရုံကြောအထူးကု၊ ရင်ခေါင်းအထူးကု၊ နှလုံးအထူးကု ဆရာဝန် ကြီးသုံးယောက် ကြပ်မတ်ကုသနေတဲ့ကြားကပဲ သတိလုံးဝပြန်မလည်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အဆင့်ရောက်ပြီး တစ်ကိုယ်လုံး ပိုက်တွေ၊ စက်တွေ၊ ဝါယာကြိုးတွေနဲ့ ဆက်ပြီး အသက်ရှင်နေရတော့တယ်။ ကိုယ်တိုင်လည်း အိမ်မပြန်ဖြစ်တော့ဘဲ လူနာဆောင်မှာပဲ သမီးနဲ့အတူ ငုတ်တုတ်ထိုင်ရင်း မိနစ်တွေ၊ စက္ကန့်တွေကို ဖြတ်သန်းရတော့တယ်။ ဘဝမှာ အပင်ပန်းဆုံး၊ အခက်ခဲဆုံးဖြတ်ကျော်ရတဲ့ မိနစ်တွေ၊ စက္ကန့်တွေပါပဲ။

## ရုတ်တရက် မူးလဲ

ဖေဖော်ဝါရီ ၂၁ ရက် မနက် ၄ နာရီသာသာလောက်ကျတော့ လူနာဆောင်မှာ သမီးနဲ့ မျက်နှာချင်းဆိုင် တစ်ဖက်စီထိုင်ပြီး လူနာလက်ကို ကိုင်ဆုပ်ထားရင်း ရုတ်တရက် ငိုက်ခနဲမူးသွားတာကြောင့် အောက်မှာ ဖျာခင်းပြီး ထိုင်စောင့်နေကြတဲ့ အိမ်သားတွေကြားဝင်ပြီး ထိုးလဲလိုက်ရတယ်။ လူနာ ဆေးရုံရောက်စကတည်းကရောက်လာပြီး အချိန်ပြည့်စောင့်ပေးနေတဲ့ မန္တလေးက တူဆရာဝန်လေးရှိလို့ တော်သေးရဲ့။ သူနဲ့ အထူးကြပ်မတ်ခန်းက တာဝန်ကျဆရာဝန်တို့စမ်းသပ်ပြီး ချက်ချင်းဆေးနှစ်လုံးထိုးပေးလိုက်ကြတယ်။ အမူးသက်သာသွားပြီး ခဏလေး မှေးခနဲဖြစ်သွားတယ်။

## ဆုံးရှာပြီ

မျက်စိပြန်ဖွင့်လိုက်တော့ တူဆရာဝန်လေးက 'ဦး စိတ်ခိုင်ခိုင်ထား၊ အန်တီနု ၅ နာရီ ၁၅မိနစ်မှာ ဆုံးသွားတယ်'လို့ ပြောလိုက်တယ်။ နာရီကြည့်လိုက်တော့ ၅ နာရီ မိနစ် ၂၀။ ၅မိနစ်ပဲ ရှိသေးတာပေါ့။ ထကြည့်လိုက်တော့ ပိုက်တွေ၊ ဝါယာကြိုးတွေ၊ အောက်ဆီဂျင်အအုပ်တွေ မရှိတော့ဘူး။ ပကတိအိပ်ပျော်နေပုံနဲ့ ကြည်လင်နေတဲ့မျက်နှာကို တွေ့ရတယ်။ မျှော်လင့်ထားပြီး စိတ်ထဲမှာကြိုတင်ပြင်ဆင်ထားပြီးသားဖြစ်ပေမယ့် ရုတ်တရက်ကြီး ဘဝခြားသွားတာဆိုတော့ ရင်ထဲမှာတော့ဆို့နင့်မိတယ်။ အဖေ့အတွက် စိတ်ပူတဲ့သမီးက သူ့အမေလက်ကို ဆုပ်ကိုင်ထားရာက ထလာပြီး အဖေ့လက်မောင်းကို ဖက်လိုက်တယ်။ ဟုတ်တယ်။ သမီးရှိသေးတယ်။ ပူပူနွေးနွေး မိတဆိုးဖြစ်ရရှာတဲ့ သမီးအတွက် တစ်လောကလုံးမှာ အဖေတစ်ယောက်သာ ရှိတော့တာ။ သမီးအတွက် အသက်ရှင်နေရဦးမယ်။ သမီးကို အားပေးဖို့ ကိုယ်တိုင်က အားတင်းထားဖို့လိုတယ်။ သေလို့ မဖြစ်သေးဘူး။

## ပူသူတစ်ယောက်၊ ဖြစ်သူတစ်ယောက်

မသေဖို့ အလုပ်လုပ်ရမယ်။ နားလို့ မဖြစ်ဘူး။ အနားယူပြီး စိတ်လျှော့လိုက်ရင် နာလန်ထူမှာ မဟုတ်တော့ဘူး။ လုပ်ချင်တာတွေ ဘာမှဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

**လူထုစိန်ဝင်း**

မြောက်မြောက် မလုပ်နိုင်သေးဘူး။ သေခြင်းဆိုတာ ဘယ်သူမှအစိုးမရဘူး။ လုပ်နိုင်တုန်း လုပ်ထားမှ။ ဖနီးသည့်ကိုပဲကြည့်။ ဆေးရုံတက်ရတယ်ဆိုတော့ လူတွေစိုးရိမ်ကြတာက အောက်ဆီဂျင်ပိုက်တန်းလန်းနဲ့ နေရတဲ့သူ။ ဟော တကယ်ကျတော့ လမ်းမလျှောက်နိုင်တာကလွဲပြီး ဘာရောဂါမှ ကြီးကြီးမားမား မရှိဘူးဆိုတဲ့လူက ဖြုတ်ခနဲကြွေသွားတာ။

**အနားရရှာပြီ**

အနားရသွားရှာပြီလို့ ဖြေသိမ့်လိုက်ရတယ်။ နှစ်ပေါင်း ၄၀ ကျော် ဘဝ တစ်လျှောက်လုံး သူ့ခမြာ ပင်ပန်းခဲ့ရတယ်။ ၁၀ လရွယ်သားလေးကို ရင်ခွင် ပိုက်ပြီး မူလတန်းကျောင်းသားကြီးဖြစ်တဲ့ထိ တစ်ယောက်တည်း မွေးခဲ့ရတာ။ သမီးကျတော့လည်း နှစ်ခါမလည်ခင်မှာ တစ်ယောက်တည်း ရန်းကန်ရပြန် ရော။ အိမ်ထောင်သက် ၄၂ နှစ်သာဆိုရတယ်။ တစ်ခါမှ ၁၀ နှစ်ပြည့်အောင် မိသားစုစုံစုံညီညီ မနေခဲ့ရဖူးဘူး။ ကိုယ် ခရီးဝေးကပြန်ရောက်ပြီး လပိုင်း အတွင်းမှာ သူက တောင်ကြီးပြောင်းရတယ်။ တောင်ကြီးနဲ့ ကလောမှာတင် ၁၅ နှစ်တိတိကြာခဲ့တယ်။ ရန်ကုန်ပြန်ရောက်၊ နောက် ပစ်စင်ယူပြီး သမီး ကျောင်းတက်နေတဲ့ အင်္ဂလန်ကို နှစ်ခေါက်လိုက်သွား၊ သားနဲ့ မြေးရှိရာ အမေရိကန်လိုက်သွား၊ ၁၀ လကျော်ကျော်နေခဲ့ဆိုတော့ ကိုယ့်အိမ်ကိုယ့်ရာမှာ ၁၀ နှစ်ကြာအောင်တောင် သူမနေခဲ့ရရှာဘူး။ သူ့ဘဝတစ်ခုလုံး တစ်ယောက် တည်း ရုန်းကန်တိုက်ခိုက်နေခဲ့ရတယ်။ ပင်ပန်းရှာပါတယ်။ ညီတစ်ယောက် က စာရေးတယ်။ သူဟာ ဖနီးကောင်းတစ်ယောက်၊ မိခင်ကောင်းတစ်ယောက် သာ မကပါဘူး၊ ရဲဘော်ကောင်းတစ်ယောက်ပါတဲ့။

သေမှပဲ အေးချမ်းမှုကို ရတဲ့သူမို့ စိတ်တော့မကောင်းဘူး။

၁၃၊ ၃၊ ၂၀၀၇။



www.burmeseclassic.com

www.burmeseclassic.com

# လောကဓံကို ရယ်သွမ်းသွေးလိုက်ပါ

လူဆိုတာ မွေးကတည်းက ငိုပြီးမွေးလာတဲ့ အပူသည်ဖြစ်တယ်။ အကြောင်းတစ်ခုမဟုတ်တစ်ခုနဲ့ ရှာကြံပြီး မသေမချင်းပူနေတာပဲ။ ပူတတ်တာတစ်ခုပဲ လူနဲ့ တိရစ္ဆာန်ကြား ခြားနားမှုရှိတယ်လို့ ဆိုချင်တယ်။ တိရစ္ဆာန်ကတော့ ပူတတ်တယ် မထင်ဘူး။ သဘာဝရဲ့လှုံ့ဆော်မှုအတိုင်း လုပ်စရာရှိတာ လုပ်ချလိုက်တာပဲ။ ကြိုတင်လည်း ပူမနေဘူး။ လွန်ပြီးမှလည်း နောင်တရ၊ ပူပန်မနေဘူး။

လူကတော့ မလုပ်ခင်လည်းပူ၊ လုပ်နေဆဲလည်းပူ၊ လုပ်ပြီးတော့လည်းပူ၊ မပူတဲ့အချိန်ရယ်လို့ကို မရှိဘူး။ ပူတာက ပူရပါတယ်။ ဒါပေမဲ့ ပူတာနဲ့ တစ်ဆက်တည်း ကပ်ပါလာတဲ့ ပျော့ညံ့အားငယ်စိတ်တွေ၊ မပြတ်မသားနဲ့ ဒွိဟသံသယစိတ်တွေ၊ အရှုံးပေး အညံ့ခံစိတ်တွေ၊ လိမ်ညာလှည့်ဖျားစိတ်တွေ၊ ဘယ်သူသေသေ ငတေမာပြီးရောစိတ်တွေကတော့ မကောင်းဘူး။ တော်တော်ဆိုးတယ်။ လူကို အနိမ့်ဆုံး၊ အယုတ်ညံ့ဆုံးအဆင့်ထိရောက်အောင် ဆွဲချသွားနိုင်တယ်။

လောကမှာ အပူနဲ့မကြုံဖူးသူ ဘယ်မှာရှိလို့လဲ။ ဒုက္ခနဲ့မတွေ့ဖူးသူ ဘယ်မှာရှိလို့လဲ။ တံတားအောက်က စီးဆင်းသွားတဲ့ ရေအလျဉ်လိုပဲ ပြီးတော့လည်း ပြီးသွားကြတာပဲ မဟုတ်လား။ လူတိုင်း တစ်ကြိမ်တစ်ခါတော့ ခလုတ်တိုက်လဲကျဖူးကြတာပဲ။ လဲကျရာက ပြန်မထနိုင်တဲ့သူရယ်လို့ မရှိပါဘူး။ လောကဓံတရားက သူ့အလုပ်သူလုပ်မှာပဲ။ လူကလည်း လောကဓံကိုရင်ဆိုင်ဖို့ လုပ်စရာရှိတာလုပ်နေရမှာပဲ။ ဒါကြောင့် 'ဘဝဆိုတာ မဆုံးနိုင်တဲ့ တိုက်ပွဲ'လို့ ဆိုခဲ့ကြတာပေါ့။

တိုက်ပွဲဆိုတာ အညံ့မခံသရွေ့ ဘယ်တော့မှမရှုံးဘူး။ ဘာ့ကြောင့်လဲဆိုတော့ လူကိုသတ်လို့ရပေမယ့် စိတ်ဓာတ်ကို ဘယ်တော့မှသတ်လို့မရလို့ပဲ။ နှစ်ပေါင်း ၁၅၀ လောက် မျိုးဆက်တွေ တစ်ဆက်ပြီးတစ်ဆက် အညံ့မခံဘဲ သူ့ကျွန်ဘဝကလွတ်အောင် တိုက်ယူလာခဲ့ကြတာပဲ မဟုတ်ဘူးလား။ အရေးကြီးတာက ပူပင်ကြောင့်ကြစိတ် မလွန်ကဲဖို့သာဖြစ်တယ်။ အပူလွန်ရင် အလိုလိုနေရင်း ကြောက်စိတ်ဝင်လာတယ်။ ကြောက်စိတ်ဝင်လာပြီ ဆိုရင်တော့



www.burmeseclassic.com

www.burmeseclassic.com

လူထုစိန်ဝင်း

သွားပြီ။ လူဟာ ဘာမှအသုံးမကျတော့ဘူး။ အကြောက်တရားကြောင့် မဟုတ်တာ၊ မမှန်တာမှန်သမျှ အကုန်လုပ်တော့မှာပဲ။

မကြောက်ရဘူး၊ မပူရဘူးလို့ မဆိုပါဘူး။ ကြောက်တတ်တာ၊ ပူတတ်တာ လူ့သဘာဝပဲ။ တရားလက်လွတ်ဖြစ်ပြီး အကြောက်မလွန်ဖို့ အပူမလွန်ဖို့ သတိပေးချင်တာပါ။ လွန်လွန်ကဲကဲကြောက်၊ လွန်လွန်ကဲကဲပူပြီဆိုရင်တော့ ဖိုးဘိုးယားဆိုတဲ့ စိတ္တဇရောဂါ ဖြစ်သွားလေ့ရှိပါတယ်။ လူတကာကို မယုံသင်္ကာ စိတ်တွေကြီးမားပြီး မလုပ်သင့်မလုပ်ထိုက်တာတွေ လျှောက်လုပ်တတ်ပါတယ်။ နောက်ဆုံးကျတော့ ကိုယ့်ဘဝလည်း နိဂုံးမလှဖြစ်ရတာပါပဲ။

အရေးကြီးတာက ဘာမဆို ဖြစ်သင့်ဖြစ်ထိုက်တဲ့ သဘာဝထက် လွန်ကဲပြီး မပူဖို့၊ မကြောက်ဖို့ ဖြစ်တယ်။ မြန်မာတွေဆိုတော့ 'ယောနိသော မနသိကာရ' သဘောကို နားလည်ကြမှာပါ။ ဖတ်ခဲ့ဖူးတဲ့ ကဗျာလေးတစ်ပုဒ်ကို လက်ဆောင် ကမ်းလိုက်ပါတယ်။ ဖတ်ကြည့်စေချင်ပါတယ်။ ပြီးတော့ လောကဓံကို ရယ်သွမ်းသွေးပြီး ရဲရဲကြီးရင်ဆိုင်လိုက်စမ်းပါ။

ဘာပူစရာရှိသလဲ

လောကမှာ ပူစရာနှစ်ခုပဲ ရှိတယ်။
ကျန်းမာတာနဲ့ မကျန်းမာတာ ဖြစ်တယ်။
ကျန်းမာနေရင် ဘာမှ ပူစရာမရှိတော့ဘူး။
ဒါပေမဲ့ မကျန်းမာနေရင်တော့ ပူစရာနှစ်ခုရှိတယ်။
နေပြန်ကောင်းရင် ကောင်း
မကောင်းရင် သေသွားနိုင်တယ်။
နေကောင်းသွားရင် ဘာမှ ပူစရာမရှိတော့ဘူး။
သေသွားရင်လည်း ပူစရာနှစ်ခုပဲရှိတယ်။
ကောင်းကင်ဘုံရောက်ရင် ရောက်
မရောက်ရင် ငရဲရောက်ပေါ့။
ကောင်းကင်ဘုံကို ရောက်သွားရင်တော့
ဘာမှ ပူစရာမရှိတော့ဘူး။
ဒါပေမဲ့ ငရဲကိုရောက်သွားရင်လည်း
မိတ်ဟောင်းဆွေဟောင်းတွေကို လက်ဆွဲနှုတ်ဆက်ပြီး
အလုပ်ရှုပ်နေရတာနဲ့
ပူနေဖို့အချိန် ရှိမှာမဟုတ်တော့ပါဘူး။

*မူရင်းရေးသူ - ကဗျာဆရာ အမည်မသိ*



www.burmeseclassic.com

www.burmeseclassic.com



## Why Worry?

There are only two things to worry about:
Either you are well or you are sick.
If you are well, than there is nothing to worry about .
But if you are sick, there are two things to worry about:
Either you get well, or you will die.
If you well, there is nothing to worry about.
If you die, there are only two things to worry about:
Either you will go to Heaven of Hell.
If you go to Heaven, there is nothing to worry about.
But if you go to Hell, you will be so damn busy shaking hands with friends, you won't have time to worry.

*Anonymous.*



www.burmeseclassic.com

www.burmeseclassic.com

# အယ်ဒီတာဆိုတာ

'စာနယ်ဇင်းသည် ဆေးပုလင်းနှင့်တူ၏။ အယ်ဒီတာမှာ လေဘယ်ကပ်သမား မျှသာ ဖြစ်လေသည်'

အယ်ဒီတာဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ကို အလွယ်ဆုံး၊ အရှင်းဆုံးဖြစ်အောင် ဆရာကြီးပီမိုးနင်းက ဖွင့်ဆိုပေးခဲ့တာပါ။

အယ်ဒီတာဆိုတာ ဆေးဖော်စပ်သူ မဟုတ်ပါဘူး။ ဖော်စပ်တတ်ဖို့လည်း မလိုပါဘူး။ ဒါပေမဲ့ ပုလင်းထဲက ဆေးရောင်ကိုကြည့်ပြီး ဘာဆေးဖြစ်တယ်ဆိုတာကို တပ်အပ်သေချာသိနေဖို့တော့ လိုပါတယ်။ လေဘယ်အကပ်မှားရင် ဒုက္ခရောက်တတ်ပါတယ်။ အယ်ဒီတာအလုပ်မှားရင်လည်း ငါးပါးကြီးမက သံဃာစင်ပါ မှောက်တတ်ပါတယ်။

ဆေးဝါးဆိုတာ ရောဂါဝေဒနာတွေ ပျောက်ကင်းဖို့အတွက် အရေးကြီးသလို နိုင်ငံတစ်ခု၊ လူမျိုးတစ်မျိုး စိတ်ဓာတ်ကျန်းမာဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့အရာက စာနယ်ဇင်းဖြစ်ပါတယ်။

'လူ့အဖွဲ့အစည်းတစ်ရပ်မှာ လောင်စာရယ်၊ စားစရာနဲ့ ဝတ်စရာရယ် လိုအပ်သလို သတင်းစာကိုလည်း လိုအပ်တာပဲ။ လူတစ်ယောက်မှာ ကိုယ်ဘယ်ကိုသွားနေတာလဲဆိုတာကိုကြည့်ဖို့ မျက်စိလိုအပ်သလို သတင်းကိုလည်း လိုအပ်တာပဲ'

ကမ္ဘာကျော် စာရေးဆရာမကြီး ရီဘက်ကာဝက်စ်ပြောခဲ့တဲ့ စကားပါ။ စာနယ်ဇင်းလို့ခြုံပြီးခေါ်လိုက်တဲ့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းဆိုတာတွေဟာ နိုင်ငံတစ်နိုင်ငံကို မားမားမတ်မတ်ရပ်နေနိုင်အောင် ထောက်မပေးထားရတဲ့ မဏ္ဍိုင်ကြီးလေးခုထဲက တစ်ခုပါ။ အဲဒါကြောင့် စာနယ်ဇင်းတွေကို စတုတ္ထမဏ္ဍိုင်လို့ ခေါ်ကြတာပါ။ တခြားမဏ္ဍိုင်ကြီး သုံးခုကတော့ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ ဥပဒေပြုရေးမဏ္ဍိုင်များ ဖြစ်ပါတယ်။

စတုတ္ထမဏ္ဍိုင်ဆိုတဲ့စကားကို ဗြိတိသျှပါလီမန်အမတ် 'အက်ဒမန်ဗတ်' (၁၇၂၉–၁၇၉၇)က စပြီးသုံးစွဲခဲ့တာပါ။ စာနယ်ဇင်းဆိုတာ တိုင်းပြည်ရဲ့ နား၊ မျက်စိ ဖြစ်တယ်လို့လည်း ပြောလေ့ရှိပါတယ်။ ဝန်ကြီးရာထူးက နုတ်ထွက်ပြီး သတင်းစာဆရာလုပ်ခဲ့တဲ့ ဆရာကြီး ဦးထွန်းဖေကတော့ 'သတင်းစာဆရာဆိုတာ ပြည်ကြီးပခုံး၊ ပြည်ကြီးမျက်လုံးဖြစ်တယ်'လို့ ဆိုခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'မြန်မာနိုင်ငံရဲ့ သမိုင်းစဉ်တစ်လျှောက်လုံးမှာ သတင်းစာဆရာ၊ သတင်းထောက် ခေါင်းဆောင်မှုမပါခဲ့တဲ့ခေတ်ဆိုလို့ တစ်ခေတ်မှမရှိပါဘူး။ အမြဲတမ်း ခေါင်းဆောင်မှုပေးနေတာပဲဆိုတာ ရဲရဲကြီးပြောချင်ပါတယ်'လို့လည်း ပြောခဲ့ဖူးပါတယ်။

စာနယ်ဇင်းလောကရဲ့ 'အော်စကာဆု'ဖြစ်တဲ့ ပူလစ်ဇာဆုကို ဖန်တီးပေးခဲ့တဲ့ အမေရိကန် သတင်းစာဆရာကြီး ဂျိုးဇက်ပူလစ်ဇာရဲ့ စာနယ်ဇင်းဆိုတာဘာလဲလို့ ရှင်းပြလိုက်တဲ့စကားတွေဟာလည်း တန်ဖိုးရှိလှတဲ့စကားတွေပါ။ ပူလစ်ဇာဟာ ၁၈၈၃ ခုနှစ်မှာ နယူးယောက်က The World သတင်းစာကို ဝယ်ယူထုတ်ဝေခဲ့ပါတယ်။ အဲဒီ ၁၈၈၃ ခုနှစ်၊ မေလ ၁၁ ရက်နေ့မှာ စတင်ထုတ်ဝေတဲ့သတင်းစာမှာ သတင်းစာရဲ့မူဝါဒကို ပူလစ်ဇာက ဒီလို ထုတ်ဖော်ကြေညာခဲ့ပါတယ်။

'ကြီးကျယ်ပြီး ဂုဏ်ရောင်ပြောင်တဲ့ ဒီမြို့တော်ကြီးမှာ ဈေးနှုန်းချိုသာရုံမက တောက်ပြောင်တဲ့၊ တောက်ပြောင်ရုံမက ကြီးကျယ်တဲ့၊ ကြီးကျယ်ရုံမက စစ်မှန်တဲ့၊ ဒီမိုကရေစီကျတဲ့၊ ငွေရှင်ကြေးရှင်တို့ရဲ့ အကျိုးစီးပွားထက် ပြည်သူလူထုရဲ့အကျိုးစီးပွားကို ဦးထိပ်ထားတဲ့၊ ကမ္ဘာဟောင်းရဲ့သတင်းတွေထက် ကမ္ဘာသစ်ရဲ့သတင်းတွေကို ဦးစားပေးတဲ့၊ လိမ်ညာလှည့်ဖျားမှုတွေ၊ အတုအယောင်တွေကို ဖော်ထုတ်ဖွင့်ချတဲ့၊ မကောင်းမှုဒုစရိုက်မှန်သမျှကို ဖော်ထုတ်ဖွင့်ချတဲ့၊ ပြည်သူလူထုအကျိုးကိုသည်ပိုးပြီး ပြည်သူ့အတွက်ရိုးသားစွာတိုက်ပွဲဝင်တဲ့ သတင်းစာတစ်စောင်အတွက် နေရာရှိပါတယ်။ အဲဒီအကျိုးစီးပွားတွေအတွက်သက်သက် The World သတင်းစာဟာ ယခုပေါ်ထွက်လာပါပြီ'

စစ်မှန်တဲ့သတင်းစာသမားဆိုတာ တိုင်းပြည်ရဲ့ ကြီးလေးတဲ့တာဝန်ကို ထမ်းဆောင်နေတဲ့ 'ပြည်ကြီးပခုံး' ဖြစ်တယ်။ 'ပြည်ကြီးမျက်လုံး' ဖြစ်တယ်လို့ ပြောလိုက်တာပါပဲ။ နိုင်ငံတစ်နိုင်ငံအဖို့ စာနယ်ဇင်းတွေဟာ အဓိကအရေးပါတဲ့ နေရာမှာ ရှိနေလေတော့ အဲဒီစာနယ်ဇင်းတွေကို ဦးဆောင်ဦးရွက်ပြုနေတဲ့ စာနယ်ဇင်းသမားတွေရဲ့တာဝန်ဟာ အင်မတန်မှကို ကြီးမားပါတယ်။ ဖြစ်ကတတ်ဆန်း ပေါ့ပေါ့ဆဆသဘောထားလို့ မဖြစ်ပါဘူး။

ဒီနေရာမှာ ၁၉၃၀ ခုနှစ်များအတွင်းကထုတ်ဝေတဲ့ 'သုတရတနာဂျာနယ်'မှာ 'ဗမာနဲ့ အယ်ဒီတာ'ဆိုတဲ့ခေါင်းစဉ်နဲ့ ဆရာကြီးပီမိုးနင်းရေးခဲ့တာလေးကို ပြန်ပြီးဖောက်သည်ချချင်ပါတယ်။ ဆရာကြီးရဲ့ဆောင်းပါးမှာ–

'အခြားသော တိုင်းပြည်ကြီးများ၌ အယ်ဒီတာအလုပ်သည် အထမြောက်ဖို့ရန် လွန်စွာခက်ခဲသောအလုပ် ဖြစ်လေသည်။ စင်စစ်အားဖြင့် ထိုတိုင်းပြည်များ၌ အယ်ဒီတာအဖြစ်သို့မရောက်မီ ရီပို့တာအဖြစ်နှင့်လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



လက်ထောက်စာပြင်ဆရာ၊ စာရေးဆရာအဖြစ်များနှင့်လည်းကောင်း နှစ်ပေါင်းများစွာ အန္တအတာခံ၍ သင်ကြားကြရလေသည်။ သို့ပင် သင်ကြားလုပ်ကိုင်ကြရသော်လည်း အယ်ဒီတာတစ်ယောက်အဖြစ် အောင်မြင်ဖြစ်ထွန်းဖို့ရန် မျှော်လင့်ချက်မျိုးမဟုတ်ပေ'

'ကျွန်ုပ်တို့ မြန်မာပြည်မှာမူကား အယ်ဒီတာဖြစ်ဖို့ရန် များစွာလွယ်ကူလေသည်။ ထိုကဲ့သို့သောလွယ်ကူခြင်းသည် မြန်မာလူမျိုးတို့မှာ မွေးကတည်းက အယ်ဒီတာသွေး ပါ၍လာကြလို့ပေလား၊ သို့မဟုတ် မြန်မာလူမျိုးများမှာ လူတတ်လူလိမ္မာဖြစ်ဖို့ရန် လွယ်ကူသောကြောင့်လား၊ သို့တည်းမဟုတ် မြန်မာပြည် စာနယ်ဇင်းအလုပ်သည် ဖြစ်ကတတ်ဆန်းအလုပ် ဖြစ်သောကြောင့် မည်သူမဆို အယ်ဒီတာဖြစ်နိုင်ပေသလား၊ သို့တည်းမဟုတ် ရဟန်းလူထွက်များသောတိုင်းပြည် ဖြစ်သောကြောင့်လားဟု တွေးတောဖွယ်ရာအချက်တွေများစွာရှိလေသည်။ အချို့က ပထမကျော်အောင်လျှင် အယ်ဒီတာဖြစ်သည်၊ အချို့က တေးထပ်၊ လေးချိုးရေးတတ်လျှင် အယ်ဒီတာဖြစ်သည်၊ အချို့က သတ်ပုံတတ်လျှင် အယ်ဒီတာဖြစ်သည်၊ အချို့က ဝတ္ထု၊ ဆောင်းပါးရေးတတ်လျှင် အယ်ဒီတာဖြစ်သည်ဟု တွေးထင်တတ်ကြလေသည်။ စင်စစ်သော်ကား ပထမကျော်၊ ဘီအေအောင်၍ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာရေးတတ်လျှင် ထိုသို့သောဆရာတို့သည် အယ်ဒီတာမဖြစ်ဘဲ စာရေးဆရာဖြစ်သည့်အပြင် သတ်ပုံသတ်ညွှန်းနားလည်၍ အပင့်၊ အရစ်၊ အသတ်၊ လုံးကြီးတင် ပြင်ဆင်တတ်လျှင်လည်း သတ်ပုံဆရာတို့မှာ အယ်ဒီတာမဖြစ်ဘဲ စာပြင်ဆရာမျှသာဖြစ်ရကား အယ်ဒီတာနှင့် စာရေးဆရာ၊ စာပြင်ဆရာများသရုပ်ကို အထူးကွဲဖို့လိုပေသည်'

'အယ်ဒီတာဆိုသည်မှာ ဘီအေအောင်ဖို့လည်း မလို၊ ပထမကျော်နှင့်လည်း မသက်ဆိုင်၊ သူတစ်ပါးရေးသည့် များစွာသောအမှိုက်ပုံကြီးများထဲမှ မိမိဉာဏ်ကိုအသုံးပြုကာ ရှေ့အစွန်း၊ နောက်အစွန်းဆင်ခြင်လျက် တော်၏၊ မတော်၏၊ သင့်၏၊ မသင့်၏ ချင့်ကာကြည့်ပြီးနောက် ဤစာကို ခြင်းထဲသို့ ဆုတ်ချ၊ ဟိုစာကို ဖိုင်မှာတွဲ၊ ထိုစာစုကို ထိုလူထံပြန်ပို့၊ ရာဇဝတ်မှုအရေးတို့ကို ဖယ်ရှား၊ အဘယ်စာများက အဘယ်လူစုအတွက် ဘယ်လိုအကျိုးများပြီး အဘယ်စာမျိုးတို့ကို စာနယ်ဇင်းဖတ်သူတို့သဘောကျမယ်ဟု ဆင်ခြင်ကာ နယ်ကို အမြီးတပ်၊ အသတ်ကို ထင်အောင်ရေး၊ သေးသေးတင်ပါ မကျန်ရစ်ရအောင် လျော်သလိုပြုပြင်ပြီး ဖြတ်တန်ဖြတ်၊ ဖြည့်တန်ဖြည့်၊ ပြောင်းတန်ပြောင်းပြီး ကောင်းအောင် အကန့်အကန့်ခွဲ၊ အခန်းအခန်းတို့မှာ နေရာချထားပြီးလျှင် စာနယ်ဇင်းတည်းဟူသော စာအမျိုးမျိုး ပွဲကြီးပွဲရုံကြီးမှာ ဆော



www.burmeseclassic.com

www.burmeseclassic.com



ကလေး၊ ချတ်တနီးကလေးများနှင့် ဖွေးဖွေးကြိုင်ကြိုင်၊ မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်အောင် အငွေ့တထောင်းထောင်းနှင့် မြင်ရလျှင် သွားရည်ယိုလောက်အောင် စီမံတတ်သော 'စာအိုးသူကြီး' ဉာဏ်မျိုးရှိသူတို့ကိုသာ အယ်ဒီတာဟု ခေါ်ဝေါ် သမုတ်အပ်ပေကြောင်း'

'အယ်ဒီတာဆိုသည်မှာ (Edere-to give out) အပြင်သို့ထုတ်ပေး သည် ဟူသော လက်တင်စကားမှ ဆင်းသက်လာလေသည်။ စင်စစ်အားဖြင့် အယ်ဒီတာသည် စာနယ်ဇင်းမှစ၍ စာအုပ်တို့ကိုထုတ်ခြင်းနှင့် ကြီးကြပ်ပြုပြင် သူဖြစ်လေရာ ပိဋကတ်သုံးပုံ၌ ကြီးကြပ်သောဆရာကြီးများသည် အယ်ဒီ တာအစစ်ကြီးများ ဖြစ်ကြလေသည်။ အယ်ဒီတာချုပ်ကြီးမှာ ဘယ်အတတ် ပညာကိုမှ အခေါင်အဖျားတတ်ဖို့ ဝတ္တရားမရှိချေ။ ဤကမ္ဘာလောကကြီး၏ အခြေအနေကို ဉာဏ်မျက်လုံးဖြင့် ချိန်၍ ငုံ၍ ကြည့်ပြီး ခေါင်းကြီးရေးသူ၏ အပြစ်၊ ဝတ္ထုရေးသူ၏ အပြစ်၊ ဆောင်းပါးရေးသူ၏ ချို့ယွင်းချက်၊ မသမာသူ၏ စိတ်သဘောထား ကောင်း မကောင်း၊ သင့် မသင့်၊ တော် မတော် အရာများ ကို ခွဲခြားတတ်ပြီး ပြုတတ်ပြင်တတ်၊ တန်ဆာဆင်တတ်သော အသိဉာဏ်ကြီး ဖို့သာ လိုပေသည်။ တိုတိုပြောရလျှင် အဆဲတတ်ရုံနှင့်လည်း အယ်ဒီတာမဖြစ်၊ ထုတ်ဝေနိုင်ရုံနှင့်လည်း အယ်ဒီတာမဟုတ်၊ စာနယ်ဇင်းနှင့် ဆိုင်သူကိုသာ အယ်ဒီတာဟု ခေါ်သည်'လို့ အကျယ်တဝင့် ရှင်းလင်းရေးသားထားတာကို တွေ့ရပါတယ်။

စာနယ်ဇင်းကောင်းတစ်ခုဖြစ်ဖို့ တာဝန်အရှိဆုံးသူတွေက အယ်ဒီတာ တွေပါ။ အယ်ဒီတာကောင်းရင် စာနယ်ဇင်းကောင်း ဖြစ်လာမှာပါပဲ။ အယ်ဒီတာ ညံ့ရင် ညံ့သလောက် စာနယ်ဇင်းလည်း လိုက်ညံ့ဖျင်းသွားမှာ ဖြစ်ပါတယ်။ စာနယ်ဇင်းတွေညံ့ဖျင်းရင် တိုင်းပြည်လည်း ညံ့ဖျင်းတဲ့တိုင်းပြည် ဖြစ်သွားမှာပါ။ စာနယ်ဇင်းတွေကြောင့် လူ့လောကကြီးအတွင်းက မသမာမှုတွေ၊ အဓမ္မမှုတွေ၊ အနိဋ္ဌာရုံတွေ ချုပ်ငြိမ်းကွယ်ပျောက်ပြီး အမှန်တရားတွေ ထွန်းကားလာနိုင် ပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ဘဝ၊ မိသားစုတစ်စုရဲ့ဘဝကို ချီးမြှင့် မြှောက်စားပေးနိုင်သလို အဖတ်ဆယ်မရအောင်လည်း ပျက်စီးသွားစေနိုင်ပါ တယ်။ နိုင်ငံအချင်းချင်း၊ လူမျိုးအချင်းချင်း ရင်းနှီးချစ်ကြည်အောင် လုပ်ပေး နိုင်သလို အာဃာတတွေကြီးထွားပြီး စစ်မီးတွေ ထတောက်အောင်လည်း ဖန်တီးနိုင်ပါတယ်။

စာနယ်ဇင်းဆိုတာ အမျိုးမျိုးအစားစား မြောက်မြားလှစွာရှိပေမယ့် ချုပ်လိုက်ရင် နှစ်မျိုးတည်းသာရှိတယ်လို့ အင်္ဂလိပ်သတင်းစာဆရာကြီး ဖရန်စစ် ဝီလျံက ဆိုပါတယ်။ ပထမတစ်မျိုးက လေးလေးနက်နက် စဉ်းစားတွေးခေါ်



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ ပရိသတ်မျိုးအတွက် ကမ္ဘာ့အရေး၊ နိုင်ငံ့အရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အနုပညာ စတဲ့နယ်ပယ်အမျိုးမျိုး၊ ဘာသာရပ်အထွေထွေကို စေ့စေ့စပ်စပ် လေ့လာတင်ပြပြီး စာဖတ်သူရဲ့ ထင်မြင်ယူဆချက်၊ အဆုံးအဖြတ်ပြုချက်တွေကို ဖွဲ့စည်းတည်ဆောက်ပေးတဲ့ 'အရည်အသွေး သတင်းစာ' ဖြစ်ပြီး ဒုတိယအမျိုးအစားကတော့ လူထုရဲ့သည်းခြေကြိုက် အကြောင်းအရာမျိုးတွေကိုသာ အဓိကထားရေးသားတဲ့ လူကြိုက်အများဆုံး၊ စောင်ရေအများဆုံးဆိုတဲ့ 'အရေအတွက်သတင်းစာ'မျိုးဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီလို 'သည်းခြေခိုက်'စာနယ်ဇင်းတွေကို 'အဝါရောင်စာနယ်ဇင်း'လို့ ခေါ်ကြပါတယ်။

'အရည်အသွေးသတင်းစာ'၊ 'အရေအတွက်သတင်းစာ'စတာတွေကို ခုခေတ်တော့ 'ပေါ်လစီသတင်းစာ'၊ 'ပေါ်ပြူလာသတင်းစာ'လို့ ခပ်လွယ်လွယ် ခေါ်တတ်ကြပါတယ်။ ပေါ်ပြူလာစာနယ်ဇင်းတွေကတော့ လူအများကြိုက်ကို လိုက်လုပ်တာဆိုတော့ လူကြိုက်များပါတယ်။ စောင်ရေများပါတယ်။ လူအများကြိုက်ရာနောက်ကို လိုက်ပြီးရေးတာကြောင့် ဘာမူ၊ ဘာဝါဒမှ မရှိတတ်ပါဘူး။ ပေါ်ပင်နောက်ကို အသာလေး မျှောပြီးလိုက်ကြပါတယ်။ 'နောက်မြီးဆွဲ စာနယ်ဇင်း'လို့ ခေါ်ရမှာပေါ့။ ခေတ်ရထားကြီးကို နောက်မြီးကခိုလိုက်နေကြ တာပါ။ ဒီစာနယ်ဇင်းမျိုးတွေက ရောင်းကောင်းတယ်၊ စောင်ရေများတယ်။ ဒါပေမဲ့ 'ပွဲဝင်'တဲ့စာနယ်ဇင်းတော့ မဟုတ်ပါဘူး။ ဘယ်သူကမှ သိပ်အလေး အနက်ထားကြတာ မဟုတ်လေတော့ ဘယ်နယ်ပယ်မှာမှ ဩဇာတိက္ကမ မရှိလှ ပါဘူး။ 'ပွဲဝင်စာနယ်ဇင်း'ဆိုတာက ခေတ်ရဲ့နောက်မြီးဆွဲမလုပ်ဘဲ ခေတ်ကို ရှေ့ဆောင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မူဝါဒတစ်ခုကိုင်စွဲပြီး အဲဒီမူဝါဒအပေါ်မှာ ခိုင်ခိုင်မြဲမြဲ ရပ်တည်ရေးသားတဲ့စာနယ်ဇင်းမျိုးကို ခေါ်တာပါ။ လူတွေကြိုက်တာ သူက မပေးဘူး။

ကောင်းတာနဲ့ မှန်တာကိုသာ ပေးတယ်။ ဒီတော့ လူကြိုက်နည်းတယ်။ ဒါပေမဲ့ ဩဇာတိက္ကမအရာမှာတော့ တိုင်းပြည်တစ်ခုရဲ့ ခေါင်းဆောင်ဖြစ်တဲ့ သမ္မတတွေ၊ ဝန်ကြီးချုပ်တွေ၊ ဘုရင်တွေကတောင်လေးစားသမှု ပြုကြရပါ တယ်။ စာနယ်ဇင်းတစ်ခုရဲ့နေရာကို ပြဋ္ဌာန်းသတ်မှတ်ရသူက အယ်ဒီတာပါ။ အယ်ဒီတာက သိက္ခာရှိ၊ အရည်အသွေးရှိရင် စာနယ်ဇင်းလည်း သိက္ခာရှိ၊ အရည်အသွေးရှိမှာပါ။ အယ်ဒီတာကဝါရင်တော့ စာနယ်ဇင်းလည်း အဝါရောင် စာနယ်ဇင်းပဲ ဖြစ်ရတော့မှာပေါ့။ အယ်ဒီတာရဲ့ တာဝန်ဟာ အင်မတန်ကြီးလေး ပါတယ်။ အယ်ဒီတာဆိုတာ 'ပြည်ကြီးပခုံး'၊ 'ပြည်ကြီးမျက်လုံး' ဖြစ်ပါတယ်။

၃၀၊ ၈၊ ၁၉၉၄။

www.burmeseclassic.com

# ယသောဓရာအား ပူဇော်ခြင်း

ဂျာမနီနိုင်ငံသား မိတ်ဆွေတစ်ဦးဆီက အီးမေးလ်တစ်စောင် ပြီး ၈ ရက်နေ့က ရောက်လာပါတယ်။ ကဗျာတစ်ပုဒ်ကို ဘာသာပြန်ပေးဖို့ မေတ္တာရပ်ခံတာ ဖြစ်ပါတယ်။ သူ့ဇနီးက ဂျာမန်လိုဘာသာပြန်ပြလို့ အကြမ်းဖျင်းတော့ သဘော ပေါက်ကြောင်း၊ ဒါပေမဲ့ အပြည့်အဝနားမလည်ကြောင်း၊ မူရင်းရေးသူကိုယ်တိုင် ဘာသာပြန်ရင်ပိုသင့်တော်ကြောင်း စသဖြင့် ရှင်းလင်းရေးသားထားပါတယ်။

## ဂျာမန်ဘာသာပြန်ဆရာ

ဂျာမန်မိတ်ဆွေက မြန်မာဝတ္ထုတို၊ ဝတ္ထုရှည်နဲ့ ဆောင်းပါးတချို့ကို ဂျာမန်လို ပြန်ဆိုပြီး ဂျာမနီကစာနယ်ဇင်းများမှာ ထည့်သွင်းဖော်ပြနေသူ ဖြစ်ပါတယ်။ စာတစ်ချို့ကို အင်္ဂလိပ်လိုဘာသာပြန်ဆို ဖော်ပြထားတာကတစ်ဆင့် ဂျာမန်လို ပြန်ဆိုတာဖြစ်ပြီး စာတချို့ကိုတော့ မြန်မာလိုတတ်တဲ့သူ့ဇနီးက ဖတ်ပြီး ဘာသာပြန်ပြတာကတဆင့် ပြန်ရေးတာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ လေးငါးလက မြန်မာပြည်ရောက်လာပြီး စာရေးသူရေးခဲ့တဲ့ စာတချို့ကို ဘာသာပြန်ဖော်ပြ ထားတဲ့စာအုပ်များ လက်ဆောင်ပေးပါတယ်။

## သုံးလေးနှစ်က စာ

အခုလည်း လွန်ခဲ့တဲ့သုံးလေးနှစ်က မြန်မာမဂ္ဂဇင်းတစ်စောင်မှာ စာရေးသူ ရေးခဲ့တဲ့ ဆောင်းပါးတစ်ပုဒ်ကို ဘာသာပြန်ရင်း အထဲမှာပါတဲ့ကဗျာကို ဘာသာ ပြန်ဖို့ အခက်တွေ့နေတာကြောင့် မူရင်းရေးသူကိုယ်တိုင် ဘာသာပြန်ပေးဖို့ မေတ္တာရပ်ခံလိုက်တာ ဖြစ်ပါတယ်။ သူ့စာကိုဖတ်ပြီးတော့ ဘာသာစကား တစ်ခုက အခြားဘာသာစကားတစ်ခုကို ဘာသာပြန်ရာမှာ ကြုံတွေ့ရလေ့ရှိတဲ့ အခက်အခဲများကို ဆက်နွှယ်စဉ်းစားနေမိပါတယ်။

## ဘာသာပြန်အခက်အခဲများ

ကိုယ်တိုင်ကလည်း ဝတ္ထုတွေ၊ ဆောင်းပါးတွေ၊ သတင်းတွေ ဘာသာပြန်နေ တာဆိုတော့ ဘာသာပြန်အခက်အခဲများကို ကောင်းကောင်းသဘောပေါက် ပါတယ်။ ဘာသာပြန်တဲ့အခါ ဘာသာစကားနှစ်ဖက်စလုံး ပိုင်နိုင်ကျွမ်းကျင်မှု၊



www.burmeseclassic.com

www.burmeseclassic.com

## လူထုစိန်ဝင်း

ဓလေ့ထုံးစံ ယဉ်ကျေးမှုများနဲ့ ရင်းနှီးဆက်နွှယ်မှု၊ မူရင်းဘာသာစကားလာ လူမျိုးနဲ့ နိုင်ငံရဲ့ သမိုင်းအစဉ်အလာကို သိရှိမှုတို့အပြင် မူရင်းစာအုပ်ပါ အကြောင်းအရာကို ပိုင်ပိုင်နိုင်နိုင်သိရှိနားလည်မှုတို့ လိုအပ်ကြောင်း စာသမား တိုင်း သိကြပါတယ်။

### အရှေ့အနောက်ကွာခြားမှု

ဖော်ပြပါအကြောင်းအရာတွေအားလုံးနဲ့ ညီညွတ်နေတာတောင်မှ ဘာသာပြန် ဖို့ခက်ခဲတာတွေ အများကြီးတွေ့နိုင်ပါသေးတယ်။ အဲဒီအခက်အခဲတွေထဲမှာ 'အရှေ့အနောက်ကွာခြားမှု'အခက်က အကြီးမားဆုံးလို့ထင်ပါတယ်။ ဂလိုဘယ် လိုက်ဇေးရှင်းတို့၊ ကမ္ဘာ့ရွာတို့ ဘယ်လောက်ပဲရွတ်လို့ ကောင်းနေကောင်းနေ အရှေ့က အရှေ့၊ အနောက်က အနောက်ပါပဲ။ တစ်သားတည်းဖြစ်အောင် ပေါင်းစပ်လို့မရသေးပါဘူး။ ဘယ်တော့မှလည်း ရလိမ့်မယ်မထင်ပါဘူး။

### အဖေကို နာမည်တပ်ခေါ်တာ

အနောက်လူ့အဖွဲ့အစည်းရဲ့ စားဓလေ့၊ သောက်ဓလေ့၊ နေဓလေ့၊ ဝတ်ဓလေ့၊ ပြောဓလေ့များနဲ့ အရှေ့လူ့အဖွဲ့အစည်းရဲ့ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုများကြားမှာ ကြီးမားများပြားလှတဲ့ မတူခြားနားမှုတွေ ရှိပါတယ်။ တချို့ဆိုရင် ဖြောင့်ဖြောင့် ကြီးကို ဆန့်ကျင်ဖက်ဖြစ်နေလေ့ ရှိပါတယ်။ အနောက်လူ့အဖွဲ့အစည်းမှာ သားသမီးက မိဘကို နာမည်အဖျားဆွတ်ခေါ်တာဟာ ချစ်ခင်မှု၊ နွေးထွေးမှုလို့ ယူဆလေ့ရှိပါတယ်။ ဥပမာ ရော်နယ်ရေဂန်ကို သူ့သမီးမိုရင်းက ဖုန်းဆက် တဲ့အခါ၊ ဒါမှမဟုတ် စာရေးတဲ့အခါများမှာ 'ဟဲလို ရွန်'(Hello Ron)လို့ ပြောတတ်၊ ရေးတတ်ပါတယ်။ မြန်မာမိန်းကလေးတစ်ယောက်က သူ့အဖေကို နာမည်ခေါ်ရဲပါ့မလား။ နာမည်ခေါ်ဖို့နေနေသာသာ စကားပြောရာမှာ အဖေလို့ ရည်ညွှန်းမပြောဘဲ 'သူ'ဆိုတဲ့နာမ်စား သုံးပြောရင်တောင် 'ရိုင်းစိုင်းလိုက်တာ'လို့ ကောက်ချက်ချတတ်ကြတာ မဟုတ်လား။

### ဆရာကို ဆရာလို့ မခေါ်ကြ

ပြီးတော့ သူတို့နိုင်ငံတွေက တက္ကသိုလ်၊ ကောလိပ်တွေမှာ ကျူတာတွေ၊ ကထိကတွေ၊ ပါမောက္ခတွေကို ဆရာတို့၊ ဆရာကြီး၊ ဆရာမကြီးတို့ မခေါ် လေ့ဘူး။ နာမည်ကိုသာ ခေါ်လေ့ရှိကြတယ်။ ဒါကို ရိုင်းပြတယ်လို့လည်း ဘယ်သူမှမယူဆဘူး။ မြန်မာပြည်မှာတော့ မူလတန်းဆရာမလေးကို ကျောင်း သူကျောင်းသားများက ဆရာမ၊ တီချာ၊ အခုခေတ်တော့ တော်တော်များ များက တီချယ်လို့ခေါ်ကြတယ်။ တက္ကသိုလ်ရောက်တော့လည်း ကျူတာတွေ၊



www.burmeseclassic.com

www.burmeseclassic.com



ကထိကတွေ၊ ပါမောက္ခတွေကို တီချယ်လို့ခေါ်ကြ၊ ဒါမှမဟုတ် ဆရာလို့ ခေါ်ကြတာပါပဲ။ အရှေ့တိုင်းလူ့အဖွဲ့အစည်းက ဆရာဆိုတာ မိဘနဲ့ တစ်ဂိုဏ်း တည်းထားကြတာ မဟုတ်လား။ ဘယ်နာမည် ခေါ်ရမှာလဲ။

## ကဗျာကို ပြန်ရတာ အခက်ဆုံး

ဘာသာပြန်ခက်ခဲမှုတွေ အမျိုးမျိုးရှိတဲ့ထဲမှာမှ ကဗျာကိုဘာသာပြန်ရတာက အားလုံးထက်ပိုပါတယ်။ မဖြစ်နိုင်သလောက်နီးပါးလို့တောင် ဆိုကြပါတယ်။ ကဗျာဆိုတာက ဇာတိကိုက ဂမ္ဘီရဆန်ဆန် အင်မတန်နက်နဲတဲ့အရာဖြစ်တော့ မိခင်ဘာသာစကားပြောသူတွေတောင် နားလည်အောင် ကျားကုပ်ကျားခဲ ကြိုးစားကြရတာ ဖြစ်ပါတယ်။ ဥပမာ ဥပစာတွေ၊ နိမိတ်ပုံ၊ နိမိတ်ပြတွေနဲ့ ရေးထားတာမျိုးဆိုရင် ဘာသာပြန်ဖို့နေနေသာသာ နားလည်ဖို့တောင် မနည်း ကြီး ကြိုးစားအားထုတ်ရတာမျိုးပါ။

## ယသောဓရာလို ဇနီးများ

ဂျာမန်မိတ်ဆွေ ဘာသာပြန်ခိုင်းတဲ့ ကဗျာကလည်း အနောက်နိုင်ငံသားတွေ နားလည်အောင် ဘာသာပြန်ဖို့မလွယ်လှတဲ့အမျိုးအစား ဖြစ်ပါတယ်။ သိပ်ပြီး နက်နဲလွန်းလို့တော့ မဟုတ်ပါဘူး။ ဘာသာရေးနောက်ခံသမိုင်းကို အခြေခံ ထားတာဖြစ်လို့ ဗုဒ္ဓဝင်နဲ့မရင်းနှီးသူများ နားလည်ဖို့ခက်ပါလိမ့်မယ်။ ဗုဒ္ဓဝင်မှာ သိဒ္ဓတ္ထရဲ့ မြောက်သားတော် ယသောဓရာဒေဝီကို ချီးကျူး အမွှမ်းတင်ပြီး ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သားဘုရားကို လျှောက်ထားတဲ့အခန်း ပါပါတယ်။ သားဘုရား တောဝင်ပြီး လျှော်တေသင်္ကန်းကိုသာ ဝတ်ဆင်တယ် ကြားရကတည်းက ချစ်သမီး ယသောဓရာလည်း ဖန်ရေစွန်းသော အဝတ် ကိုသာ ဝတ်ဆင်ခဲ့ကြောင်း၊ သားဘုရားသည် ဆွမ်းတစ်နပ်သာ ဘုဉ်းပေး သည်ဟု ကြားရကတည်းက ချစ်သမီး ယသောဓရာသည်လည်း တစ်နပ် တည်းသောပွဲတော်ကိုသာ သုံးဆောင်ခဲ့ကြောင်း စသဖြင့်ပြောဆိုပြီး ကျန်ရစ်သူ ယသောဓရာရဲ့ကျေးဇူးကို ထောက်ပြလျှောက်ကြားသွားတာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၁၉၇၀ ခုနှစ်ကတည်းက ယသောဓရာလို ကျန်ရစ်သူဇနီးများရဲ့ ဂုဏ်ကျေးဇူးကို ချီးကျူးပူဇော်သောအားဖြင့် ရေးဖြစ်ခဲ့တာဖြစ်ပါတယ်။

### ယသောဓရာအား ပူဇော်ခြင်း

၁။ ချစ်သခင်သည်
လောကီငြိငြင်၊ တောဝင်မွေ့ပျော်
လျှော်တေညစ်ညမ်း၊ ဖန်ရည်စွန်းသာ



www.burmeseclassic.com

www.burmeseclassic.com



ဆင်မြန်းဝတ်ရုံ၊ ဆိုတုံကြားရ
သည့်ခနမှာ၊ နုလှချောညက်
အိစက်ညှံ့ထွေး၊ သိုးမွေးကတ္တီပါ
ရွှေချည်ပိုးဖဲ၊ ဆင်မြဲစွန့်လွှတ်
ဖန်ရည်ဝတ်ခဲ့ ...။
၂။ ချစ်သခင်သည်
မြင့်မြတ်ညောင်စောင်း၊ မလျောင်းမစက်
မြေထက်မွေ့လျော်၊ ရှိသော်ကြားရ
သည့်ခဏမှာ၊ ပန်းမွေ့ရာကျင်း
ကော်ဇောခင်းဖြန့်၊ ညှံ့သက်နုလွ
ခြုံးကြွကြာရုံ၊ သဥ္ဇာစွန့်လျက်
မြေ၌စက်ခဲ့ ...။
၃။ ချစ်သခင်သည်
တစ်နေ့တာမှ၊ တစ်ခါမျှသာ
အစာမှီဝဲ၊ ခြိုးခြံမြဲတဲ့
ကြားခဲ့သည်က၊ ချို့မြဲခဲဖွယ်
ပွဲတော်ထူးထူး၊ ဆီဦးထောပတ်
တပ်မက်စွန့်ပစ်၊ သစ်သီးသစ်ရွက်
တစ်ရက်တစ်ခါ၊ မှီဝဲလာခဲ့
ဘယ်မှာနှိုင်းဆ၊ တုမရသော
ယသောဓရာ၊ မေတ္တာဘုရား
ကိုယ့်ဘုရားကို ...
ဝပ်တွားပူဇော်လိုက်ပါ၏။ (၁၁၊ ၆၊ ၁၉၇၀)

ကဗျာကိုဘာသာပြန်ရတာက ပြဿနာမဟုတ်လောက်ပါဘူး။ ကဗျာကို နားလည်သဘောပေါက်အောင် ရှင်းလင်းဖွင့်ဆိုရတဲ့ နိဒါန်းကတော့ဖြင့် တော်တော် ရှည်ရှည်ဝေးဝေးရေးရလိမ့်မယ် ထင်ပါတယ်။ ကြိုးစားတော့ ရေးပေးရပါဦးမယ်။

၉၊ ၄၊ ၂၀၀၇။



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်ကြိုက်တာကိုယ်လုပ်ပါ၊ အများကိုမစော်ကားပါနဲ့

ဒီကိစ္စကို အပ်ကြောင်းထပ်သလို ရေးပေါင်းများလှပါပြီ။ ဒါပေမယ့် ထပ်ရေးဖို့လိုအပ်ကြောင်း ခဏခဏတွေ့နေရတာကြောင့် ရေးလိုက်ရပြန်ပါပြီ။ ဖတ်ဖူးသူများ ခွင့်လွှတ်ကြပါ။

## သန်ရာလုပ်ကြတာပဲ

ကိစ္စကတော့ ဂျာနယ်၊ မဂ္ဂဇင်း ဦးစီးထုတ်ဝေနေသူတွေက စာဖတ်ပရိသတ်ကို အထင်သေးပြီး စော်ကားမော်ကား ပြောဆိုရေးသားနေကြတဲ့အကြောင်းဖြစ်ပါတယ်။ ကိုယ့်ဟာကိုယ်ပိုက်ဆံရှိလို့ ဂျာနယ်၊ မဂ္ဂဇင်း ထုတ်တယ်။ ထုတ်ဝေတဲ့ငွေရှင်နဲ့ အကြောင်းအပေါင်းသင့်လို့ အယ်ဒီတာဖြစ်တယ်။ ငွေရှင်နဲ့ အယ်ဒီတာ သဘောကျတဲ့လိုင်းကို လုပ်တယ်။ ပေါ့ပ်ဖြစ်ဖြစ်၊ မှုခင်းဖြစ်ဖြစ်၊ ဂမ္ဘီရဖြစ်ဖြစ် ကိုယ်ကြိုက်တာ ကိုယ်လုပ်ခွင့်ရှိပါတယ်။ လူဆိုတာ ကိုယ်သန်ရာသန်ရာ လုပ်ကြတာပါပဲ။

## ဆင်ခြေအကျိုးအပဲ့တွေ

ကိုယ်သန်ရာကိုယ်လုပ်တာကို အေးအေးဆေးဆေးမလုပ်ဘဲ ဆင်ခြေ အကျိုးအပဲ့တွေ လျှောက်ပြောနေတာကတော့ စာဖတ်သူကို စော်ကားရာကျနေတာကြောင့် ပြောစရာဖြစ်လာပါတယ်။

'ရသလိုင်းသန့်သန့်လေး၊ ဒါမှမဟုတ် ပညာရပ်ဆိုင်ရာသန့်သန့်လေး လုပ်ချင်ပေမယ့် စာဖတ်ပရိသတ်အလိုလိုက်ပြီး ပေါ့ပ်တွေ၊ ဂမ္ဘီရတွေ မထည့်ချင်ပေမယ့် ထည့်နေရတယ်။ ဒီနေ့ စာဖတ်ပရိသတ်က ကိုရီးယားမင်းသား၊ မင်းသမီးပုံတွေ များများပါရင် ကောက်ဝယ်လိုက်တာပဲ' ဒါက ဒီကနေ့ဂျာနယ်၊ မဂ္ဂဇင်းထုတ်သူ အတော်များများ ပြောလေ့ပြောထရှိတဲ့ ဆင်ခြေအကျိုးအပဲ့ဖြစ်ပါတယ်။

## စာပေအကြောင်း သိပုံမရ

ဒီဆင်ခြေအကျိုးအပဲ့က စာဖတ်ပရိသတ်ကို အထင်သေး စော်ကားရာရောက်တယ်ဆိုတာ သိပုံမရပါဘူး။ 'စကားထဲက ဇာတိပြ'ဆိုတဲ့စကား ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## လူထုစိန်ဝင်း

စကားပြောသူရဲ့အရည်အချင်း ဘယ်လောက်ရှိတယ်ဆိုတာကို သူပြောတဲ့ စကား နားထောင်ရုံနဲ့ အကဲခတ်လို့ရပါတယ်။ စောစောကစကား ပြောသူတွေဟာ အမှန်တော့ မြန်မာစာဖတ်ပရိသတ်အကြောင်း၊ မြန်မာစာပေလောက အကြောင်း ကောင်းကောင်းသိပုံ မရပါဘူး။

## အတွေ့အကြုံများတယ်

မြန်မာစာဖတ်ပရိသတ်ဟာ နှယ်နှယ်ရရမဟုတ်ပါဘူး။ ကောင်းတာကို ကောင်းမှန်းသိ၊ ဆိုးတာကို ဆိုးမှန်းသိတဲ့ ပရိသတ်ပါ။ ဘာကြောင့်လဲဆိုတော့ 'ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ဖူး၊ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ဖူး'လို့ပါ။ သူ့ကျွန်ဘဝမှာ ရာစုနှစ်တစ်ခုမက နေခဲ့ဖူးရုံမက ကမ်းကုန်အောင်ဆိုးရွားလှတဲ့ ဖက်ဆစ်စနစ်အောက်မှာလည်း ကျောကော့အောင်ခံခဲ့ရဖူးတဲ့ အတွေ့အကြုံရှိပါတယ်။ အဲဒါကြောင့် အင်မတန်ပါးနပ်ပါတယ်။

## ထင်းခနဲ ရှင်းခနဲ

အတွေ့အကြုံများတော့ ဘယ်နေရာမဆို အင်မတန် အကင်းပါးပါတယ်။ လူတစ်ယောက် စကားပြောလိုက်တာနဲ့ 'ပါးစပ်ဟရင် အူမအထိမြင်' ဆိုတဲ့ အတိုင်း အဲဒီလူရဲ့ အတိမ်အနက်၊ အဲဒီစကားရဲ့နောက်ကွယ်က ရည်ရွယ်ချက်ဆိုတာတွေကို ထင်းခနဲ၊ ရှင်းခနဲ မြင်နိုင်စွမ်းရှိပါတယ်။ မြန်မာတွေဟာ လူနုံလူညံ့တွေ မဟုတ်ကြပါဘူး။

## အုပ်ရေ ၁၀၀ တောင် မရောင်းရ

ဒီနေ့ စာအုပ်ဈေးကွက် အနေအထားကို စောင်းငဲ့ကြည့်လိုက်ရုံနဲ့တင် မြန်မာစာဖတ်ပရိသတ်ဟာ လူနုံလူညံ့တွေမဟုတ်ကြဘူးဆိုတာ သိနိုင်ပါတယ်။ ထွက်ရှိနေတဲ့ခေတ်ပေါ်စာအုပ်တွေ၊ ဂျာနယ်တွေ၊ စာနယ်ဇင်းတွေ အုပ်ရေဘယ်လောက် ရောင်းရသလဲ၊ ဘယ်နှကြိမ်များ ပြန်ရိုက်နိုင်ကြရသလဲ။ စောင်ရေ ၁၀၀၀ ရိုက်တာ တစ်ပြည်လုံး ၂၀၀ တောင်ကုန်အောင် မရောင်းရတဲ့ ဂျာနယ်တွေ၊ အုပ်ရေ ၅၀၀ ရိုက်တာ ၂၀၀ မကုန်တဲ့ မဂ္ဂဇင်းတွေ၊ အုပ်ရေ ၁၀၀ တောင်ပြည့်အောင် မရောင်းရတဲ့လုံးချင်းစာအုပ်တွေ အများကြီးရှိနေတာ တွေ့နေကြရတာပဲ။

## ကျူလယာဆိုင်လို

အဲဒီအခြေအနေမှာ လွန်ခဲ့တဲ့နှစ်ပေါင်း ငါးဆယ်၊ ခြောက်ဆယ်က စာရေးဆရာကြီးတွေရေးခဲ့တဲ့စာအုပ်တွေ အကြိမ်ကြိမ်အခါခါ ပြန်ရိုက်နေကြပြီး



www.burmeseclassic.com

www.burmeseclassic.com



ရိုက်တိုင်းလည်း ရောင်းကောင်းနေကြတာကိုကြည့်လိုက်ရင် မြန်မာစာဖတ်ပရိသတ်ရဲ့ 'စာဖတ်ရည်ဝမှု'ကို ခန့်မှန်းနိုင်လောက်ပါတယ်။ ပေါ့ပ်တွေရော၊ ကိုရီးယားမင်းသား၊ မင်းသမီးပုံတွေရော၊ နိုင်ငံတကာ သတင်းဆောင်းပါးတွေရော၊ 'ကျူလယာဆိုင်လို' စုံစီနဖာမျိုးစုံပါတဲ့မဂ္ဂဇင်းတွေ သုံးလေးအုပ်လောက်ထုတ်ပြီး ရပ်ရပ်သွားတာ များလှပါပြီကော။

## အတွေးအမြင်ကို စံထား

ကိုရီးယားမင်းသား၊ မင်းသမီးပုံထား။ ရိုးရိုးသရုပ်ဖော်ပုံတောင် တစ်ပုံမှမပါ၊ လေးအောက်ဒီဇိုင်း မိတ်ကပ်ဆိုတာ နတ္ထိ၊ ပေါ့ပ်တွေ၊ ဂမ္ဘီရတွေ၊ မှုခင်းတွေမရှိ၊ အဖုံးနဲ့ အတွင်းစက္ကူကလည်း သာမန်သတင်းစာရိုက်စက္ကူကိုသာ သုံးထားတဲ့ 'အတွေးအမြင်'မဂ္ဂဇင်းဟာ နှစ်ပေါင်းနှစ်ဆယ်လောက် ကွာခြွေရရထုတ်ဝေနေနိုင်တာ ကြည့်ခြင်းအားဖြင့် မြန်မာစာဖတ်ပရိသတ်ရဲ့ အရည်အချင်းကို ခန့်မှန်းလို့ရပါတယ်။

## တောင်းပန်ပါတယ်

မြန်မာစာဖတ်ပရိသတ်တွေ မညံ့သလို မြန်မာစာရေးဆရာတွေ၊ သတင်းစာဆရာတွေလည်း မညံ့ပါဘူး။ ခေတ်တိုင်းခေတ်တိုင်းမှာ စာဖတ်ပရိသတ် ပြည်သူလူထုရဲ့ရှေ့က ကလောင်ကို လက်နက်သဖွယ်သုံးပြီး မားမားရပ်တည်ခဲ့ကြတာချည်းပါပဲ။ အဲဒါကြောင့် ဒီနေ့ ခေတ်ပေါ်ဂျာနယ်၊ မဂ္ဂဇင်း လုပ်ကိုင်နေကြသူများဟာ ကိုယ်လုပ်တတ်တဲ့လိုင်းလုပ်တာ အေးအေးဆေးဆေးလုပ်ကြပါ။ လူတိုင်းမှာ ကြိုက်ရာလုပ်ခွင့်ရှိပါတယ်။ စာဖတ်သူကိုတော့ မစော်ကားပါနဲ့လို့ တောင်းပန်ပါတယ်။

၁၁၊ ၄၊ ၂၀၀၇။



www.burmeseclassic.com

www.burmeseclassic.com

# ဆရာမနိုင် နှစ်သောင်းပြိုင်

မြန်မာပြည်မှာ ကျောင်းဆရာလုပ်ရတာ တော်တော်ကောင်းပါတယ်။ ငွေမချမ်းသာပေမယ့် ငွေချမ်းသာတဲ့လူတွေထက် စိတ်ချမ်းသာရပါတယ်။ တခြားအသက်မွေးဝမ်းကျောင်း အလုပ်အကိုင်တွေဆိုရင် အလုပ်လုပ်နေတုန်း၊ ရာထူးလက်ကိုင်ရှိနေတုန်းတော့ 'ညွှန်မှူးကြီးခင်ဗျား၊ ညွှန်ချုပ်ကြီးခင်ဗျား' နဲ့ အနားမှာ ပျာနေသူတွေ ဝိုင်းဝိုင်းလည်နေလေ့ရှိပေမယ့် ပင်စင်ယူပြီး သုံးလေးနှစ်လောက်ကြာသွားတာနဲ့ ဘယ်သူကမှ 'ဖုတ်လေတဲ့ငါးပိ၊ ရှိတယ်လို့မအောက်မေ့' ကြတော့ပါဘူး။

## ပေးသမျှ ပြန်ရ

ကျောင်းဆရာ၊ ဆရာမများမှာတော့ ပင်စင်ယူပြီး ဆယ့်လေးငါးနှစ်၊ အနှစ်နှစ်ဆယ်ကြာသွားလည်း အသိအမှတ်ပြုခံရဆဲ၊ အကန်တော့ခံရဆဲပါပဲ။ ငွေမချမ်းသာပေမယ့် မေတ္တာတွေကတော့ အလျှံပယ် ကြွယ်ဝိုးကြွယ်ဝ ရှိလှပါတယ်။ 'မေတ္တာရောင်ပြန်ဟပ်တယ်'ဆိုတဲ့ စကားအတိုင်း ကိုယ်ပေးခဲ့တဲ့ မေတ္တာကြီးမားရင် ကြီးမားသလောက် ကိုယ်ပြန်ပြီးခံစားရရှိပါတယ်။ ကျောင်းဆရာ၊ ဆရာမများဟာ လူဆင်းရဲပေမယ့် စိတ်မဆင်းရဲပါဘူး။ အရပ်တကာမှာ တစ်ခု၊ တစ်ကောင်၊ တစ်ယောက်ဖြစ်နေတဲ့ တပည့်တပန်းတွေအကြောင်း ကြားသိ၊ မြင်တွေ့ရတိုင်း ပီတိတွေ အထပ်ထပ်ပွားပြီး အမြဲတမ်းတပြုံးပြုံးနဲ့ ကျေနပ်အားရ စိတ်ချမ်းသာရာရနေလေ့ရှိပါတယ်။

## မိဘအပူလွှဲယူရ

အကောင်းနဲ့အဆိုး ဒွန်တွဲရှိမြဲဓမ္မတာအတိုင်း မကောင်းတဲ့အချက်ကလေးတွေလည်း ရှိပါတယ်။ အဆိုးဆုံးအချက်ကတော့ လူတကာရဲ့ အပူတွေကို အမြဲတမ်း မျှဝေခံစားနေရခြင်းပဲ ဖြစ်ပါတယ်။ ဆရာသမားကို မိဘနဲ့ တစ်ဂိုဏ်းတည်းထားပြီး ရှိသေလေးစားတဲ့ အရှေ့တိုင်းသားတို့ ထုံးစံအတိုင်း တပည့်တပန်းများဟာ သူတို့ကြုံတွေ့ရတဲ့ အခက်အခဲ၊ ပြဿနာမှန်သမျှ၊ ခံစားရတဲ့ အပူမှန်သမျှကို မိဘတွေ စိတ်မချမ်းမသာဖြစ်မှာစိုးလို့ဆိုပြီး ချစ်ခင်လေးစားတဲ့ ဆရာ၊ ဆရာမများဆီ အရင်ဆုံး ဖွင့်ဟတိုင်တည်တတ်ကြပါတယ်။ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆရာဆိုတာက ဘယ်ဥပက္ခာပြုနေနိုင်တော့မှာလဲ။ တတ်သမျှ မှတ်သမျှ အားပေးနှစ်သိမ့်ရ၊ အကြံပေးရ လုပ်ရတော့တာပေါ့။

**ခေါင်းမရှောင်တတ်**

ဒီလိုနဲ့ ပြေလည်သွားတော့လည်း တပည့်တွေနဲ့အတူ စိတ်ချမ်းသာရပြီး မပြေလည်တော့လည်း တပည့်တွေနဲ့အတူ စိတ်မချမ်းမသာဖြစ်ကြရတယ်။ တပည့်တပန်းတွေနဲ့ပတ်သက်ရင် ဆရာဆိုတာ ဘယ်တော့မှ ခေါင်းရှောင်နေလေ့မရှိပါဘူး။ တတ်စွမ်းသမျှ ဘေးကနေပြီး ဖေးဖေးမမလုပ်ကြတာချည့်ပါပဲ။ ဒါပေမဲ့ တချို့ကိစ္စများကျတော့ ဘယ်လိုမှကို မတတ်နိုင်တော့တာကြောင့် လက်မှိုင်ချပြီး ခေါင်းရှောင်နေလိုက်ရတတ်ပါတယ်။ စိတ်တော့ ဘယ်ကောင်းနိုင်မှာလဲ။

**မောင်နှမငါးယောက်ကြားက ဆရာ**

နမူနာအနေနဲ့ မောင်နှမငါးယောက်ကြားမှာ ဗျာများရတဲ့ ဆရာရဲ့အဖြစ်တစ်ခုကို ထုတ်ပြချင်ပါတယ်။ လွန်ခဲ့တဲ့နှစ်အစိတ်လောက်က မောင်နှမငါးယောက် ကျောင်းလာတက်ကြပါတယ်။ အကြီးဆုံးမိန်းကလေးက ဆေးကျောင်းသူ၊ အငယ်ဆုံးမောင်လေးက ဆယ်တန်းဖြေပြီးစ၊ အားလုံး တစ်နှစ်ကြီး၊ တစ်နှစ်ငယ်အရွယ်တွေ ဖြစ်ကြပါတယ်။ အငယ်ဆုံးတစ်ယောက်ကျောင်းပြီးလို့ အင်ဂျင်နီယာဖြစ်တဲ့အထိ အကြာကြီးတက်ခဲ့ကြတာဆိုတော့ အင်မတန်မှကို ရင်းနှီးပါတယ်။ မိဘနဲ့ သားသမီးသဖွယ် ဖြစ်နေပါတော့တယ်။ သူတို့ကလည်း ဘာကိစ္စမဆို တိုင်ပင်ပါတယ်။ မောင်တွေ ပြောရဆိုရ ခက်ခဲတဲ့အခါမျိုးတွေမှာ အစ်မကြီးဖြစ်သူက မိဘတွေ စိတ်မဆင်းရဲစေချင်လို့ဆိုပြီး ဆရာ့ကိုပဲ တိုင်ပင်ပါတယ်။ သူတို့ပညာရေး၊ ဘဝရေ့ရေးနဲ့ပတ်သက်လို့လည်း ဆရာကိုပဲ အကြံဉာဏ်တောင်းပါတယ်။ အားလုံးက ပညာကို လိုလိုချင်ချင်ကြီး ကြိုးစားသင်ယူနေကြတာကြောင့် ဆရာကလည်း သဘောကျပါတယ်။

**အိမ်ကြီးရောင်းပြီး အမွေခွဲချင်**

ဒီလိုနဲ့ပဲ သူတို့အားလုံး အလုပ်တွေရ၊ အိမ်ထောင်ကိုယ်စီကျပြီး ကျောင်းသားဘဝ နိဂုံးချုပ်သွားပါတယ်။ ရံဖန်ရံခါလောက်ပဲ တွေ့ရပါတော့တယ်။ တစ်ခါသားမှာတော့ မောင်နှမငါးယောက်စလုံး စုံစုံညီညီ ရောက်ရှိလာကြပါတယ်။ စုံစုံညီညီရောက်လာကြပေမယ်လို့ မျက်နှာတွေကတော့ ကြည်သာရွှင်ပျ မရှိကြပါဘူး။ လိုတိုရှင်းချုပ်ပြောရရင် မောင်နှမငါးယောက် အမွေကိစ္စလာတိုင်ပင်တာပါ။ မိဘနှစ်ပါးကွယ်လွန်သွားတော့ အတူနေသမီးကြီး ဆရာဝန်မ



www.burmeseclassic.com

www.burmeseclassic.com

## လူထုစိန်ဝင်း

မိသားစုက မိဘအိမ်မှာနေမြဲနေပါတယ်။ မောင်လေးယောက်က သူတို့ အိမ်ထောင်တွေနဲ့ သီးခြားစီနေကြပါတယ်။ လွန်ခဲ့တဲ့သုံးနှစ်လောက်က မောင်တွေက အိမ်ကြီးကိုရောင်းပြီး အမွေခွဲကြဖို့ စတင်ပြောဆိုပါတယ်။ အစ်မကြီးက ဘိုးဘွားများလက်ထက်ကတည်းကရှိခဲ့တဲ့ အမွေအနှစ်ဖြစ်လို့ မပျောက်မပျက်စေချင်တာကြောင့် မရောင်းဘူးဆိုပြီး တင်းခံပါတယ်။ ဒီကစပြီး မောင်နှမတွေကြား သွေးကွဲစပြုလာခဲ့ပါတယ်။

## ထိုးကြိတ်ကြ

မကြာမီ တစ်ရက်မှာတော့ ကုန်းပေါ်ပြန်ရောက်နေတဲ့ နံပါတ်သုံးမောင် သဘော်သားက အရက်ကလေးထွေထွေနဲ့ရောက်လာပြီး 'အောက်ကလိအာ' စကားတွေပြောရာက အကြီးအကျယ် စကားများကြပါတယ်။ နောက်တော့ ဆရာဝန်မရဲ့ ယောက်ျားနဲ့ သားတွေဝင်ပါလာပြီး အပြန်အလှန်ထိုးကြိတ်ကြတွေဖြစ်ကုန်ကြပါတယ်။ သဘော်သားက ရိုက်မှုနဲ့အမှုဖွင့်ပါတယ်။ ဒီတော့ ဆရာဝန်မကလည်း ပိုင်နက်ကျူးလွန်မှုနဲ့ အမှုဖွင့်ပါတယ်။ ဒီအခြေအနေမှာ ဆရာ့ဆီရောက်လာ၊ တိုင်တောကြတာ ဖြစ်ပါတယ်။

## သန်းထောင်ချီတန်တာ

ဆရာရော ဘာတတ်နိုင်မှာလဲ။ လတ်တလော နှစ်သိမ့်စကားပြော၊ ပြန်လွှတ်လိုက်ပြီး ရက်အတော်ကြာစဉ်းစားခဲ့ပေမယ့် အားလုံးကျေနပ်မယ့် အဖြေရှာမရခဲ့ပါဘူး။ ရှေးကလို မောင်နှမငါးယောက်ကိစ္စသက်သက် မဟုတ်တော့ဘူးလေ။ အိမ်ထောင်တွေနဲ့ သူစိမ်းတွေ ပါဝင်ပတ်သက်နေကြပြီ။ ပြီးတော့ ငွေရေးကြေးရေးကိစ္စ။ ငွေကြေးကလည်း နည်းနည်းမဟုတ်ဘူး။ ရန်ကုန်မြို့ နေရာကောင်းမှာ တစ်ဧလောက်ကျယ်တဲ့ ခြံဝင်းကြီးထဲက ကြီးမားခိုင်ခံ့တဲ့ ဘန်ဂလိုပုံစံ တိုက်အိမ်ကြီး။ နောက်ဖေးက အလုပ်သမားတန်းလျားကတောင် ငါးခန်းတွဲတိုက်တန်းဖြစ်တယ်။ ကာလပေါက်ဈေး သန်းထောင်နဲ့ချီ တန်ဖိုးရှိနေတယ်လေ။

## တရားစွဲမယ်တဲ့

အရင်က မောင်နှမတွေပြဿနာဖြစ်ရင် မျက်နှာစုံညီခေါ်တွေ့ပြီး နှစ်ဖက်စလုံး စိတ်ထဲရှိတာတွေပြောကြစမ်းဆို ပြောခိုင်း၊ နားထောင်ပြီးတော့ နှစ်ဖက်ကျေနပ်နိုင်တဲ့ နည်းလမ်းတစ်ခု စဉ်းစားပေးလိုက်ရုံပဲ။ ခုတော့ ဒီလိုမရတော့ဘူး။ တစ်ဖက်ကလည်း အိမ်ထဲထိဝင်ပြီး ရန်လုပ်သလို တစ်ဖက်ကလည်း လူအင်အားနဲ့ ထိုးကြိတ်ရိုက်နှက်တဲ့အထိတောင် တုံ့ပြန်လာကြပြီလေ။ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ကျတော့ မောင်လေးယောက်က တရားစွဲမယ်ဆိုတာကို မတားတော့ဘဲ ဥပဒေနဲ့ စကားပြောကြတာပဲကောင်းပါတယ်လို့ ပြောလိုက်ရတော့တယ်။

## ရုံးနဲ့ ခပ်ကင်းကင်း

ညီအစ်ကို မောင်နှမတွေချင်း တရားတဘောင်ဖြစ်ကြတာကို သာမန်အားဖြင့်တော့ သဘောမကျပါဘူး။ ဒါပေမဲ့ ခုကိစ္စမှာတော့ တုတ်တစ်ပြက်၊ ဓားတစ်ပြက် အကြမ်းဖက်ဖြေရှင်းကြမှာထက် ဥပဒေကြောင်းအရ ဖြေရှင်းကြတာက ပိုသင့်တော်မယ်လို့ ထင်ပါတယ်။ 'ငွေများတရားနိုင်'ဆိုတဲ့ အစွဲကြီးက လွှမ်းမိုးနေတာကြောင့် မြန်မာလူမျိုးများဟာ တရားရုံးတို့၊ ဥပဒေတို့နဲ့ ခပ်ကင်းကင်းနေချင်ကြပါတယ်။ ပြဿနာကို ကိုယ့်နည်းကိုယ့်ဟန်နဲ့သာ ဖြေရှင်းလိုကြပါတယ်။ ကိစ္စတစ်ခုဖြစ်လာခဲ့ရင် တရားဥပဒေနဲ့ စကားပြောတာက တုတ်တို့၊ ဓားတို့နဲ့ စကားပြောတာထက် အန္တရာယ်ပိုကင်းပါတယ်။ အဲဒါကြောင့် မောင်လေးယောက်က တရားစွဲမယ်ဆိုတာကို မတားလိုက်တာ ဖြစ်ပါတယ်။ ဥပဒေနဲ့ စကားပြောတဲ့အကျင့်ကလေး ရသွားစေနိုင်တယ်လေ။

၂၃၊ ၄၊ ၂၀၀၇။



www.burmeseclassic.com

www.burmeseclassic.com

# ဘာတွေကိုလွမ်းနေတာလဲ

'ဘာတွေများ ဒါလောက်လွမ်းစရာကောင်းနေလို့လဲ ဆရာရယ်။' လွန်ခဲ့တဲ့ ၂၁ နှစ်လောက်က နိုင်ငံခြားထွက်သွားတဲ့ တပည့်မလေးတစ်ယောက်က ဖုန်းဆက်လာပါတယ်။ ကျန်းမာရေး ပိုပြီးယိုယွင်းလာလို့ အောက်ဆီဂျင်ပိုက် တန်းလန်းနဲ့ နေရတဲ့အကြောင်းသိလို့ ဖုန်းဆက်တာပါ။ ဆေးကုဖို့ နိုင်ငံခြားကိုလာခဲ့ပါ။ နိုင်ငံတိုင်းမှာ တပည့်တွေဒါလောက်များတာ ဘာကြောင့် ပေပြီး ခံနေရတာလဲလို့ ပြောပါတယ်။ ပြောမရတဲ့အဆုံးကျတော့ အထက်မှာရေးခဲ့တဲ့ အတိုင်း ညည်းညူရေရွတ်လိုက်ပါတော့တယ်။

သူ့စကားဆုံးတာနဲ့ချက်ချင်းပဲ သားဖြစ်သူကို ပြေးသတိရလိုက်တယ်။ သားဖြစ်သူ မကွယ်လွန်မီတစ်နှစ်က ပင်စင်ယူပြီးစသူ့အမေ သားရှိရာကို သွားပါတယ်။ မြေးငယ်လေးကို တွေ့ချင်ဖောနဲ့ပေါ့။ အမေလုပ်သူက ပြန်ချင် ပြီဆိုတော့ သားက အမေကို မပြန်ဖို့တားပါတယ်။ အဖေ့ကို ဒီအရောက် ခေါ်လိုက်ရင် သားတို့မိသားစု သိုက်သိုက်ဝန်းဝန်းနေလို့ရပြီလို့ပြောပြီး အဖေကို ဖုန်းဆက်တိုင်း ခေါ်ရာတယ်။ သားပြောတာ မှန်တော့မှန်နေတာပဲ။ အဲဒီအချိန် မှာ သမီးဖြစ်သူလည်း အင်္ဂလန်က အောက်စ်ဖို့မှာ ကွန်ပျူတာမဟာတန်း တက်နေတာဆိုတော့ မြန်မာပြည်မှာ အဖေတစ်ယောက်ပဲ ကျန်ရစ်တယ်လေ။ 'သားက အဖေ့အကြိုက် အိမ်အကျယ်ကြီး၊ ခြံအကျယ်ကြီး ဝယ်ထားတာ အဖေရဲ့။ အဖေ စိုက်ချင်သလောက် ပန်းပင်၊ သစ်ပင်တွေစိုက်နိုင်တယ်' လို့ ဖုန်းထဲကပြောရုံမက သူ့ခြံအကျယ်ကြီးနဲ့ အိမ်အကျယ်ကြီးကို ဗီဒီယို ရိုက်ပြီးတောင် ပို့လိုက်သေးတယ်။ မြန်မာပြည်မှာလည်း သားအမိ သားအဖ သုံးယောက်၊ သားတို့မှာလည်း သားအမိသားအဖ သုံးယောက်ဆိုတော့ အတူ နေကြရင် အဆင်ပြေတယ်ပေါ့လေ။ ဒါက သားနဲ့ သမီးချွေးမတို့အမြင်ပဲ။ ချွေးမဆိုတာကလည်း ချွေးမဖြစ်မလာခင်ကတည်းက သမီးအရင်းလေးလို ချစ်ခင်ခဲ့၊ ဂရုစိုက်ခဲ့ရသူ တပည့်လေးဖြစ်လေတော့ အားနာစရာမရှိဘူးပေါ့။ သမီးနဲ့အမေကလည်း အဖေ့သဘောတစ်ခုပါပဲတဲ့။

'မြေးလေးကိုကြည့်ဖို့ အဖေ လာဖြစ်အောင်လာမှာပါ။ ဒါပေမဲ့ အခုတော့ မဟုတ်သေးဘူး' အဖေ့အဖြေကိုကြားတော့ သားက စိတ်ပျက်လက်ပျက်



www.burmeseclassic.com

www.burmeseclassic.com



သံကြီးနဲ့ စောစောကပြောခဲ့တဲ့ တပည့်မလေး ညည်းသလို ညည်းရှာပါတယ်။ 'ဘာတွေများ ဒါလောက်လွမ်းစရာကောင်းနေလို့လဲ အဖေရယ်'တဲ့။ မမြင်ဖူးသေးတဲ့မြေးလေးကိုလည်း တကယ်တော့ တွေ့ချင်ပါတယ်။ ၁၂ နှစ်လုံးကြီးကို မတွေ့ရတဲ့ သားကြီး လူတစ်လုံးသူတစ်လုံးဖြစ်နေတာလည်း တွေ့မြင် ပီတိဖြစ်ချင်ပါတယ်။ ဒါပေမဲ့ မတွေ့လိုက်ရတော့ပါဘူး။ တစ်နှစ်နီးပါးနေခဲ့တဲ့ သူ့အမေ ပြန်ရောက်ပြီး ဘာမှမကြာသေးခင်မှာပဲ သား ကွယ်လွန်သွားပါတော့တယ်။

အခုဖုန်းဆက်တဲ့ တပည့်မလေးကလည်း 'ဘာတွေများ ဒါလောက် လွမ်းစရာကောင်းနေလို့လည်း ဆရာရယ်'တဲ့။ ဟုတ်တာပေါ့လေ။ သူတို့ လူငယ်တွေကတော့ ဘယ်လွမ်းတတ်မှာလဲ။ လူငယ်ဆိုတော့လည်း အပေါ်ယံ ပြည့်စုံကြွယ်ဝမှုတွေကို သာယာမှာပေါ့။ နိုင်ငံခြားရောက်နေသူတွေ မဆိုထားနဲ့။ ရန်ကုန်မှာအတူနေတဲ့သမီးကတောင် 'အဖေ့မန္တလေးကလည်း ရတနာ ဖုန်ထူ၊ နေပူခြင်ကိုက်၊ အလွန်အိုက်၊ ဗွက်ပေါပဲ။ ဘာများ အဖေက လွမ်းနေ တာလဲ'လို့ မေးတတ်သေးတာ။ ရန်ကုန်မှာမွေးပြီး တောင်ကြီးမှာကြီးခဲ့ကြရတဲ့ သားတို့၊ သမီးတို့က မန္တလေးကို ဘယ်ချစ်တတ်၊ ဘယ်လွမ်းတတ်မှာလဲ။ မန္တလေးအလှ၊ မန္တလေးရန့်ဆိုတာကို ရှာနေပြည်ပေါက်တွေကသာ ခံစားနိုင် ကြတာလေ။ 'မန္တလေးမြို့မ၊ မန္တလေးမြို့မနဲ့ မွှမ်းလိုက်ကြတာ။ တကယ်တွေ့ တော့လည်း ဘာမှမဟုတ်ပါဘူး။ ဂေါ်ဂွီ ဂေါ်ဂွီနဲ့ နားငြီးရုံပါပဲ' ရန်ကုန်က သူငယ်ချင်းတွေ ပြောလေ့ရှိတဲ့စကားပါ။ ဟုတ်တာပေါ့။ သူတို့အတွက်တော့ ဘာထူးမှာလဲ။ မန္တလေးသားတွေ မြို့မကိုမွှမ်းကြတာဟာ မြို့မက ရန်ကုန်အဖွဲ့ တွေထက် ထူးထူးခြားခြား သာလွန်ကောင်းမွန်နေလို့ မဟုတ်ပါဘူး။ အပြင် လူတွေ နားလည်ရခက်တဲ့ သံယောဇဉ်အနှောင်အဖွဲ့ကြောင့် ဖြစ်ပါတယ်။ မြို့မအဖွဲ့ဆိုတာ မြို့ခံဝါသနာရှင်တွေ စုပေါင်းလုပ်ကိုင်ကြတဲ့ အပျော်တမ်းအဖွဲ့ ဖြစ်ပါတယ်။ ရှေ့ကဦးဆောင်ကြတဲ့ ဓားတန်းဦးသန်းတို့၊ ဆရာငြိမ်းတို့ကလည်း အင်မတန်ခေတ်မီကြတဲ့ပညာရှင်တွေ ဖြစ်ကြလေတော့ စည်းစနစ်နဲ့ အုပ်ချုပ် ထိန်းသိမ်းမှုတွေ ကောင်းပါတယ်။ အဲဒါကြောင့် အချိန်တိုအတွင်းမှာ အောင် မြင်မှုရခဲ့တာဖြစ်တယ်။ ပြီးတော့ ပါဝင်တီးမှုတ်သီဆိုကြသူ လူငယ်များကလည်း သူ့ဆွေမျိုး၊ ကိုယ့်ဆွေမျိုး၊ သူ့သူငယ်ချင်း၊ ကိုယ့်သူငယ်ချင်းတွေ ဖြစ်ကြလေ တော့ မြို့မနဲ့ လူထုနဲ့ တစ်သားတည်းကို ဖြစ်နေကြတော့တယ်။ အဲဒီတစ်သား တည်းဖြစ်မှုက မြို့မကို မန္တလေးသားများ သံယောဇဉ်ကြီးစေခဲ့တာသာ ဖြစ်ပါ တယ်။ ရန်ကုန်ကလူတွေထက် သာတယ်ဆိုပြီး အခြောက်တိုက် ဘဝင်မြင့်ပြီး မွှမ်းနေကြတာမဟုတ်ပါဘူး။ ရန်ကုန်ထက် သာတယ်ဆိုတာ ရှိခဲ့ရင်လည်း အဲဒီ'တစ်သားတည်းဖြစ်မှု' တစ်ခုသာ ရှိပါလိမ့်မယ်။ ရန်ကုန်မှာကတော့



www.burmeseclassic.com

www.burmeseclassic.com



မြို့ကြီး၊ လူတွေကများလေတော့ ဘယ်အဖွဲ့နဲ့မှ မြို့လူထုက တစ်သားတည်း ဖြစ်မှုဆိုတာ ရှိမနေနိုင်ဘူးလေ။ မြို့လူထုဆိုတာကိုက ရွာခံပြည်နေက နည်းပါးပြီး ဒေသပေါင်းစုံက စုဝေးရောက်ရှိနေကြတာ မဟုတ်လား။

မန္တလေးကိုလွမ်းတာက အဲဒီ'တစ်သားတည်းဖြစ်မှု'ကို လွမ်းတာပါ။ Oneness လို့ ပြောရမလား။ communal spirit လို့ ပြောရမလား မသိပါဘူး။ မြန်မာလူမျိုးက မြန်မာပြည်ကို သံယောဇဉ်ကြီးတာလည်း အဲဒီ communal spirit ကြောင့်ပါပဲ။ ဒီဘက်အိမ်မှာ စားနေရင်း ထမင်းကုန်သွားရင် ဟိုဘက်အိမ်မှာ တစ်ဖွန်း၊ တစ်ယောက်မ သွားတောင်းလို့ရနိုင်တာ၊ ဒီဘက်အိမ်မှာ မုန့်လုပ်စားရင် ဟိုဘက်အိမ်ကိုပို့ပေးတာ။ ဟိုဘက်အိမ်မှာ လုပ်စားရင်လည်း ဒီဘက်အိမ်ကိုပို့ပေးတာဆိုတဲ့ ဓလေ့စရိုက်မျိုး ဘယ်နိုင်ငံမှာ ရနိုင်မှာလဲ။ မြန်မာနိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှုက စက်ကွန့်မိနစ်နဲ့အမျှ မနားတမ်း ပြေးလွှားလှုပ်ရှားနေရတဲ့ စက်ရုပ်ဆန်တဲ့အဆင့်မျိုး မရောက်သေးဘူးလေ။ အဲဒါကြောင့် လူမှုစိတ်ဓာတ်တွေ မခေါင်းပါးကြသေးဘူး။

ပြီးတော့ နိုင်ငံရဲ့တည်နေမှု ပထဝီအနေအထားကလည်း အင်မတန်ထူးခြားပါတယ်။ ရာသီဥတုက မပူလွန်း၊ မအေးလွန်းပါဘူး။ အပူလွန်လို့၊ အအေးလွန်လို့ လူတွေ ရာနဲ့ချီသေကြရတယ်ဆိုတာမျိုး မရှိပါဘူး။ မိုးရွာလို့၊ ရေကြီးလို့၊ မုန်တိုင်းမိလို့၊ ဒါမှမဟုတ် မိုးခေါင်လို့ လူတွေရာထောင်ချီ သေကြရတယ်ဆိုတာ မရှိပါဘူး။ အနီးကပ်ဆုံး သာဓကပြရရင် ဆူနာမီကိုကြည့်ပါ။ သူများနိုင်ငံတွေမှာ လူတွေသောင်းနဲ့ သိန်းနဲ့ သေကြရတယ်။ မြန်မာပြည်မှာတော့ ထိတယ်ဆိုရုံလေးလောက်ပဲ ရှိတယ်။ အခုလည်း ကြက်ငှက်တုပ်ကွေးတဲ့။ အိမ်နီးချင်းနိုင်ငံအားလုံးမှာ ကျရောက်ခဲ့ကြတယ်။ အခုဆို ဥရောပကိုတောင် ရောက်သွားပြီ။ ရှေးကလည်း နွားရူးရောဂါ၊ ဝက်ရူးရောဂါတွေ ဖြစ်ခဲ့ကြသေးတယ်။ မြန်မာနိုင်ငံမှာတော့ ကျရောက်မလာခဲ့ဘူး။ ကဲ ...၊ ဒါတွေဟာ လွမ်းစရာတွေ မဟုတ်ဖူးလား။

ဒီလောက် ဘူမိနက်သန်မှန်နေတဲ့နေရာ၊ ဒီလောက် ချစ်စရာကောင်းတဲ့လူမျိုးကို မလွမ်းသူ၊ မချစ်သူ ဘယ်မှာရှိနိုင်ပါ့မလဲ။ ယဉ်တုန်းရွယ်တုန်းတော့ ဒါတွေ ဘယ်နားလည်မှာလဲ။ ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ သာယာပျော်ရွှင်မှုတွေကိုသာ မက်မောသာယာမှာပေါ့။ နည်းနည်းလေး အသက်အရွယ်ရလာတော့မှ လောကမှာ ငွေနဲ့ဝယ်လို့မရနိုင်တဲ့အရာတွေ အများကြီးရှိနေပါသေးလားဆိုတာကို သိလာကြမှာပေါ့။ 'ရပ်ဆွေရပ်မျိုး'ဆိုတာ ငွေနဲ့ဝယ်လို့မရနိုင်ဘူးလေ။ ရပ်ဆွေရပ်မျိုးစိတ်ဓာတ် communal spirit ဒါမှမဟုတ် oneness ဆိုတဲ့စိတ်မျိုးကို တခြားဘယ်နိုင်ငံမှာမှ မရနိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါလေးတွေကိုလွှမ်းလို့ ဒီမြေဒီရေက မခွာနိုင်တာဖြစ်တယ်။ မြေးကလေးကို တစ်နေ့နေ့တော့ သွားတွေ့ဦးမှာပါ။ ဒါပေမဲ့ အခုတော့ မဟုတ်သေးပါဘူး။

၂၈၊ ၄၊ ၂၀၀၆။



www.burmeseclassic.com

www.burmeseclassic.com

# ဂလိုဘယ်မလို၊ ဂလိုကယ်သာလိုတယ်

မဂ္ဂဇင်းတစ်စောင်က လူငယ်အယ်ဒီတာတစ်ယောက် တစ်ညနေမှာ ရောက်လာပါတယ်။ မာကြောင်းသာကြောင်း လောကဝတ်စကားများ ပြောဆိုပြီးတဲ့အခါကျတော့ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကရေးခဲ့တဲ့ ဆောင်းပါးတစ်ပုဒ်ကို ပြန်သုံးချင်လို့ ခွင့်ပြုပါလို့ဆိုပါတယ်။

**အိမ်ထောင်ပြိုကွဲရတဲ့အကြောင်း**

သူ့မဂ္ဂဇင်းက အလေးအနက်ဖတ်စရာမဂ္ဂဇင်း ဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းတွင်းက လူမှုရေးကိစ္စရပ်မျိုးစုံကို ဘက်စုံတင်ပြ သုံးသပ်လေ့ရှိပါတယ်။ လစဉ်အကြောင်းအရာတစ်ခုသတ်မှတ်ပြီး မျက်နှာဖုံးဆောင်းပါး၊ အထူးဆောင်းပါး၊ နယ်ပယ်အလိုက် ကျွမ်းကျင်သူပုဂ္ဂိုလ်များနဲ့ တွေ့ဆုံမေးမြန်းခန်း စသဖြင့် ရှုထောင့်မျိုးစုံတင်ပြလေ့ရှိပါတယ်။ မဂ္ဂဇင်း နောက်တစ်ပတ်မှာ အိမ်ထောင်ပြိုကွဲရတဲ့အကြောင်း တင်ပြမှာဖြစ်တဲ့အတွက် လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က ရေးခဲ့တဲ့ အနောက်နိုင်ငံများရဲ့ အိမ်ထောင်ပျက် ပြဿနာ(broken families) ဆောင်းပါးကို ပြန်သုံးချင်တာလို့ ပြောပြပါတယ်။

**အရေးကြီးတဲ့ကိစ္စလား**

သူ့စကားဆုံးသွားတဲ့အခါကျတော့ အိမ်ထောင်တွေပြိုကွဲရတဲ့ လင်ကွာ၊ မယားကွာကိစ္စဟာ မဂ္ဂဇင်း မျက်နှာဖုံးဆောင်းပါးတစ်ပုဒ်အဖြစ် အလေးထား ဆွေးနွေးရလောက်အောင် အရေးကြီးတဲ့အဆင့်ကိုရောက်နေပြီလို့ ယူဆထားလို့လားလို့ မေးလိုက်မိပါတယ်။

'အဲဒီလိုယူဆလို့တော့ မဟုတ်ပါဘူး။ တစ်လောက တိုင်းမဂ္ဂဇင်း တစ်အုပ်မှာ လူမှုရေးပညာရှင်တွေရဲ့ ဆွေးနွေးချက်တွေ၊ ဆောင်းပါးတွေနဲ့ မျက်နှာဖုံးဆောင်းပါး လုပ်ထားတာတွေ့မိလို့ ကျွန်တော်တို့ဆီမှာလည်း လေ့လာကြည့်ရင် ကောင်းမလားထင်လို့ပါ' သူ့အဖြေကိုကြားရတော့ သူ့မှာ တစ်ထစ်ချပိုင်းဖြတ်ထားတဲ့ 'အစွဲ' မရှိကြောင်း အကဲခတ်လို့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## လေပုပ်ထုတ်ဆေးလည်း ဂလိုဘယ်တဲ့လား

လူငယ်အယ်ဒီတာလေးနဲ့က လူချင်း အင်မတန်ရင်းနှီးရုံမျှမက သူ့မဂ္ဂဇင်းကို လည်း သံယောဇဉ်ရှိထားတာကြောင့် သူနဲ့ ဆက်ပြီးဆွေးနွေးဖြစ်ပါတယ်။ သူကိုယ်တိုင်ကလည်း အမြဲတမ်းလိုလိုလာပြီး တိုင်ပင်တာ၊ အကြံဉာဏ်တောင်း တာမျိုး လုပ်လေ့ရှိတာကြောင့် ပွင့်ပွင့်လင်းလင်းပဲ ပြောဆိုဆွေးနွေးဖြစ်ပါတယ်။ အထူးသဖြင့် ဒီနေ့ မြို့သားပညာတတ်တွေ ရွတ်ကောင်းကောင်းနဲ့ 'နင်းကန်' ရွတ်နေကြတဲ့ 'ဂလိုဘယ်လိုက်ဖေးရှင်း'ကိစ္စကို အဓိကထား ပြောဖြစ်ကြ ပါတယ်။ ခုနှစ်ပိုင်းတွေအတွင်းမှာ စာတွေပဲဖတ်ဖတ်၊ ပြောစကားတွေပဲ နား ထောင်ထောင်၊ ဂလိုဘယ်ဆိုတဲ့စကားကို နားကလောလောက်အောင် ကြားနေ ရပါတယ်။ လေပုပ်ထုတ်ဆေးနဲ့ သနပ်ခါးခဲ ကြော်ငြာတာတောင်မှ နိုင်ငံတကာ အဆင့်မီတို့၊ ဂလိုဘယ်တို့ ISO တို့ ဆိုတာတွေပါမှ ဟုတ်တယ်ထင်နေကြတာ။

## မရောင်ရာ ဆီမလူးနဲ့

ဘယ်ကိစ္စမဆို နိုင်ငံတကာမျက်စိနဲ့ကြည့်တာ ကောင်းပါတယ်။ လိုလည်း လိုအပ်ပါတယ်။ ဒါပေမဲ့ ကိုယ့်နိုင်ငံရဲ့ လက်ရှိရောက်နေတဲ့ အခြေအနေ၊ ဖွံ့ဖြိုးတိုးတက်မှု အဆင့်နေရာကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ နိုင်ငံ တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးရဲ့လိုအပ်ချက်ဆိုတာ ရောက်ရှိနေတဲ့ အခြေအနေ ပေါ်မှာ မူတည်တာဖြစ်ပါတယ်။ လျှပ်စစ်မီးတောင်မရှိသေးတဲ့ အမေဇုန်တော နက်ကြီးထဲမှာ ကယ်လီဖိုးနီးယားလို ဆီလီကွန်မြို့တော်ကြီး သွားတည်ထောင် လို့မရနိုင်တာ သိဖို့လိုပါတယ်။ နိုင်ငံတစ်ခုအတွက် အရေးကြီးဆုံး ပြဿနာ တစ်ရပ်ဟာ အခြားနိုင်ငံတစ်ခုအတွက် ဘာမှအရေးမပါတဲ့ကိစ္စမျိုး ဖြစ်ချင် ဖြစ်ပါလိမ့်မယ်။ သူများနိုင်ငံမှာ အရေးကြီးတယ်ဆိုတိုင်း ကိုယ်ပါလိုက်ပြီး အရေးကြီးနေတယ်ဆိုရင်တော့ 'မရောင်ရာဆီလူး'သလို အချိန်ကုန်လူပန်းသာ ဖြစ်ပြီး ဘာမှအကျိုးရှိမှာမဟုတ်ပါဘူး။

## အိမ်ထောင်ပြိုကွဲမှု

ခပ်စောစောကပြောခဲ့တဲ့ အိမ်ထောင်ပြိုကွဲမှု ပြဿနာတို့၊ ဆယ်ကျော်သက် အရွယ်ကလေးများ ကိုယ်ဝန်ဆောင်မှုပြဿနာတို့၊ ကိုယ်ဝန်ဖျက်ချမှု ပြဿနာ တို့ ဆိုတာတွေဟာ အနောက်လူ့အဖွဲ့အစည်းများမှာ အလွန်အမင်း ဆိုးရွားတဲ့ အခြေအနေမျိုးအထိ ရောက်ရှိနေတာပါ။ ရွေးကောက်ပွဲတွေမှာ အလေးထား ဆွေးနွေးငြင်းခုံရတဲ့ အမျိုးသားရေးပြဿနာကြီးတောင် ဖြစ်နေကြပါတယ်။ အိမ်ထောင်ပြိုကွဲမှုဆိုပါတော့။ အနောက်လူ့အဖွဲ့အစည်းရဲ့ အခြေအနေကို ကြည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**လူထုစိန်ဝင်း**

| | |
|---|---|
| ဘယ်လာရုစ်နိုင်ငံ | ၆၈ ရာနှုန်း ပြိုကွဲ |
| ဆွီဒင် | ၆၄ |
| ချက်နိုင်ငံ | ၆၁ |
| ဘယ်လ်ဂျီယန် | ၅၆ |
| ဗြိတိန် | ၅၃ |
| အမေရိကန် | ၄၉ |
| ကနေဒါ | ၄၅ |
| ပြင်သစ် | ၄၃ |
| ဂျာမနီ | ၄၁ |
| နယ်သာလန် | ၄၁ |
| ဆွစ်ဇာလန် | ၄၀ |

ဒီစာရင်းက ၁၉၉၆ ခုနှစ်က ကောက်ယူခဲ့တဲ့စာရင်း ဖြစ်ပါတယ်။ အိမ်ထောင် ၁၀၀ မှာ ၆၈ ခုလောက်ပြိုကွဲတယ်ဆိုတာ နည်းသလားလို့။

**ဆယ်ကျော်သက်ကိုယ်ဝန်**

ဆယ်ကျော်သက်ရွယ် ကျောင်းသူကလေးများ ကလေးမွေးဖွားမှုနှုန်းမှာလည်း

| | | |
|---|---|---|
| အမေရိကန် | ၁၀၀၀ မှာ | ၄၉ ယောက် |
| ဗြိတိန် | | ၃၁ ယောက် |
| ကနေဒါ | | ၂၀ ယောက် |
| ပြင်သစ် | | ၉ ယောက် |
| ဆွီဒင် | | ၇ ယောက် |

ဒါက မွေးခဲ့တဲ့နှုန်းပါ။ ကိုယ်ဝန်ကို ဖျက်ချပစ်လိုက်တာတွေ မပါပါဘူး။ ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်မှုအနေနဲ့တော့-

| | | |
|---|---|---|
| အမေရိကန် | ၁၀၀၀ မှာ | ၈၄ ယောက် |
| ကနေဒါ | | ၃၈ ယောက် ရှိပါတယ်။ |

အဲဒီတော့ အနောက်စာနယ်ဇင်းတွေမှာ ဒီကိစ္စ ရေးကြီးခွင့်ကျယ်လုပ်ပြီး ဆွေးနွေးဆန်းစစ်ကြတာ ရွေးကောက်ပွဲတွေမှာ စကားအခြေအတင် ပြောဆိုကြတာ သဘာဝကျပါတယ်။ လုပ်သင့်တဲ့ကိစ္စ လုပ်ကြတာဖြစ်ပါတယ်။

**လမ်းလွှဲပို့သလိုဖြစ်**

ဒီနေ့မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေ၊ ဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းအနေနဲ့က လင်ကွာ၊ မယားကွာကိစ္စ၊ ကိုယ်ဝန်ဖျက်ချသင့် မသင့်ကိစ္စ၊ မိန်းမလျာတို့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျား၊ ယောက်ျားလျာနဲ့ မိန်းမ တရားဝင်မင်္ဂလာဆောင်ခွင့် ပြုသင့် မပြုသင့် ကိစ္စမျိုးတွေ ဆွေးနွေးငြင်းခုံပြီး အရေမရအဖတ်မရနဲ့ အချိန်ကုန်ခံ မနေသင့်ပါဘူး။ ဒါတွေကို ရေးကြီးခွင်ကျယ်လုပ်နေခြင်းဟာ လုပ်သင့်လုပ်ထိုက် တာတွေကို အာရုံမစိုက်နိုင်အောင်လုပ်နေသလို ဖြစ်စေပါတယ်။ အန္တရာယ် ရှိပါတယ်။ ဒီနေ့မီဒီယာတွေနဲ့ စာနယ်ဇင်းသမားတွေရဲ့တာဝန်က နိုင်ငံအတွက် အရေးတကြီးလိုအပ်ချက်တွေနဲ့ အဓိကဦးစားပေးလုပ်ရမယ့် အလုပ်တွေကို ပြည်သူတွေ မျက်ခြည်မပြတ်အောင် မီးမောင်းထိုးပြနေဖို့၊ သတိပေးနှိုးဆော် နေဖို့သာ ဖြစ်ပါတယ်။

အဲဒါကြောင့် ဂလိုဘယ်၊ ဂလိုဘယ်နဲ့ အော်နေမယ့်အစား 'ဂလိုကယ်' လို့ ကြွေးကြော်ကြပါလို့ တိုက်တွန်းချင်ပါတယ်။ Look globally but think locally. 'ကမ္ဘာနဲ့ချီကြည့် ကိုယ့်နိုင်ငံအခြေအနေနဲ့စဉ်းစား'လို့လည်း ပြောချင်ပါတယ်။ ဂလိုဘယ်နဲ့ ကျွန်တော်တို့ အလှမ်းဝေးပါသေးတယ်။ Glocal (ဂလိုကယ်)ကိုသာ အရင်ဆုံး စဉ်းစားသင့်ကြတယ်ဆိုတဲ့အကြောင်း ဆော်သြ လိုက်ချင်ပါတယ်။

၇၊ ၅၊ ၂၀၀၅။



www.burmeseclassic.com

www.burmeseclassic.com

# အာရှခေတ်ဖြစ်အောင်လုပ်

'စီးပွားရေးသမားတွေဟာ ရရှိတဲ့အောင်မြင်မှုကလေးနဲ့တင် ကျေနပ်နေပြီး အိမ်ကောင်းကောင်းနဲ့နေဖို့၊ ကားကောင်းကောင်းစီးဖို့နဲ့ မိန်းမအလိုလိုက်ဖို့ လောက်ကိုသာ လုပ်မနေသင့်ကြဘူး။ အောင်မြင်မှုကနေ ပိုပြီးကြီးမားတဲ့ အောင်မြင်မှုရအောင် လုပ်ဆောင်သင့်ကြတယ်။'

## ဘီလေးလုံး နောက်ကိုလိုက်

တစ်နေ့က သတင်းစာဖတ်ရင်း တွေ့ရတဲ့စကား ဖြစ်ပါတယ်။ ပြောသူက မလေးရှားဒုတိယဝန်ကြီးချုပ် Datuk Seri Najib Razak ပါ။ ကုန်စည်ပြပွဲ တစ်ခု တက်ရောက်ဖွင့်လှစ်ပေးရင်း မလေးရှားလုပ်ငန်းရှင်တွေကို ပြောကြား ခဲ့တာ ဖြစ်ပါတယ်။ မလေးရှားစီးပွားရေးသမားတွေဟာ အတော်အသင့် အောင် မြင်မှုလေးရရင် ဟုတ်လှပြီထင်ပြီး ကျေနပ်နှစ်သိမ့်နေကြတယ်။ ရှေ့ဆက် တိုးရမယ့်အစား 'ဘီလေးလုံး'နောက်ကိုသာ လိုက်နေကြတော့တယ်လို့လည်း ဒုတိယဝန်ကြီးချုပ်က ပြောသွားပါသေးတယ်။

## ဂုဏ်တုဂုဏ်ပြိုင်

သူပြောတဲ့ 'ဘီလေးလုံး'ဆိုတာက (Bungalow, Boat, Benz, Beemer) ဘန်ဂလိုပုံစံ အိမ်ကောင်းကောင်း၊ ဖိမ်ခံသင်္ဘောကောင်းကောင်း၊ မာစီးဒီး ဘင့်ဇ်ကားကောင်းကောင်း၊ BMW ကားကောင်းကောင်းတို့ ဖြစ်ကြပါတယ်။ ဒီလေးမျိုးဟာ မလေးရှားနိုင်ငံမှာ အဆင့်အတန်းပြယုဂ်(status symbol) ဖြစ်နေပါတယ်။ လူချမ်းသာများဟာ တစ်ဦးနဲ့တစ်ဦး ဂုဏ်တုဂုဏ်ပြိုင်လုပ် တာနဲ့ပဲ အချိန်ကုန်နေကြပါတယ်။

## ဖွံ့ဖြိုးဆဲမျှားနဲ့ဆိုင်

ဒီအချက်ကို ဒုဝန်ကြီးချုပ်ကထောက်ပြပြီး ကျေနပ်ရောင့်ရဲမနေကြပါနဲ့။ ဒီနှစ် ၁၀ သန်းမြတ်ရင် နောက်နှစ်သန်း ၁၀၀ မြတ်အောင် တိုးချဲ့လုပ်ကိုင်ကြပါ။ ကမ္ဘာနဲ့ယှဉ်ပြီးလုပ်နိုင်အောင် ကြိုးစားကြပါလို့ တိုက်တွန်းနှိုးဆော်သွားပါတယ်။ ဒီစကားဟာ မလေးရှား စီးပွားရေးသမားများနဲ့သာ ပတ်သက်နေတာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ စီးပွားရေးတိုးတက်စ ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းက စီးပွားရေးသမားအားလုံးနဲ့ သက်ဆိုင်တယ်လို့ ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ မလေးရှားစီးပွားရေး သမားတွေ 'ဘီလေးလုံး'နောက်လိုက်နေကြသလို တခြား ဖွံ့ဖြိုးဆဲနိုင်ငံများက ခေတ်သစ်သူကြွယ်များလည်း အလားတူဖြစ်နေကြလို့ပါပဲ။

**အငယ်အနှောင်းထား**

တစ်လောကပဲ သတင်းစာတွေထဲမှာ တရုတ်နိုင်ငံက အစိုးရအရာရှိတွေ အငယ် အနှောင်း အဆွယ်အပွားထားကြတာကို အရေးယူနှိမ်နင်းတော့မယ်ဆိုတဲ့ သတင်းတွေ ဖတ်လိုက်ရပါသေးတယ်။ တရုတ်နိုင်ငံမှာလည်း ခေတ်သစ်သူဌေး လူတန်းစားတစ်ရပ် ပေါ်ထွန်းလာလေတော့ မလေးရှားမှာလိုပဲ 'ဘီလေးလုံး' နောက်လိုက်ရုံမက အငယ်အနှောင်းထားတာပါ ခေတ်စားလာခဲ့ပါတယ်။ လွန်ခဲ့တဲ့ဆယ့်လေးငါးနှစ်က ဂျပန်နိုင်ငံမှာလည်း အလားတူပါပဲ။ စီးပွားရေး တိုးတက်လာပြီးနောက်ပိုင်းမှာ ဂျပန်လုပ်ငန်းရှင်သူဌေးတွေနဲ့ အစိုးရ အရာရှိ ကြီးတွေ အသိုင်းအဝိုင်းမှာ တိတ်တိတ်ပုန်း အငယ်အနှောင်းထားတာ 'ဖက်ရှင်' လိုဖြစ်နေခဲ့ပါတယ်။

**ဝါးလုံးခေါင်းထဲ လသာ**

ဆင်းရဲခြင်းလွတ်ကင်းစ ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းမှာ ဒီကိစ္စမျိုးဟာ ဖြစ်မြဲဓမ္မတာလို့ပဲ ယူဆရမလိုဖြစ်နေပါတယ်။ 'မမြင်ဖူး မူးမြစ်ထင်'ဆိုတဲ့ စကားအတိုင်းပဲ ထင်ပါရဲ့။ မြစ်ထင်ပြီး မူးထဲမှာကူးနေရတာကိုပဲ ပျော်မြူးနေရင်တော့ မြစ်မဆို ထားနဲ့ ချောင်းကိုတောင် မြင်ဖူးလိမ့်မယ်မဟုတ်ဘူး ဆိုတာကိုတော့ သတိချပ် သင့်ကြတယ်။ လွတ်လပ်တဲ့စီးပွားရေးဖုန်တွေ ထူထောင်ပြီး ကမ္ဘာတစ်ခုလုံး အတားအဆီးမဲ့ အရောင်းအဝယ်ပြုလုပ်နေကြတဲ့ ခေတ်ကြီးမှာ 'ဝါးလုံးခေါင်း ထဲ လသာ'တဲ့ စိတ်ဓာတ်မျိုးနဲ့ ဘယ်နည်းနဲ့မှ ဝင်တိုးနိုင်မှာမဟုတ်ဘူး။

**ကမ္ဘာအထိဆန့်**

မလေးရှား ဒုဝန်ကြီးချုပ် ပြောသွားသလို ဆယ်သန်းမြတ်ရာက သန်းတစ်ရာ မြတ်အောင် ဆက်လုပ်ဖို့လိုပါတယ်။ နိုင်ငံတွင်း ရောင်းဝယ်ဖောက်ကားလုပ် ရာက ဒေသတွင်း ကူးလူးဆက်သွယ်နိုင်တဲ့အထိ တိုးချဲ့နိုင်အောင် လုပ်ကြရ ပါမယ်။ ဒေသတွင်းလုပ်နိုင်ပြီဆိုရင် ဒေသကိုကျော်ပြီး ကမ္ဘာအထိ ခြေဆန့် ရပါမယ်။ ဒီနေ့ခေတ်က နိုင်ငံစုံကော်ပိုရေးရှင်းကြီးများ(multinational corporations)ခေတ် ဖြစ်လေတော့ 'ဝါးလုံးခေါင်းထဲ လသာ'တဲ့ စိတ်ဓာတ် မျိုးနဲ့ မအပ်စပ်တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာ့ကျားဖြစ်နိုင်

အာရှကျားတွေပေါ်ပေါက်လာတာ ဆယ်စုနှစ်နှစ်ခုလောက် ရှိခဲ့ပါပြီ။ ဒါပေမဲ့ အာရှကျားများအဆင့်မှာပဲ ရပ်နေကြပါသေးတယ်။ 'ကမ္ဘာ့ကျား' အဆင့်ထိ ရောက်သင့်ပြီဖြစ်ပါလျက်နဲ့ မရောက်ကြသေးပါဘူး။ ခုလောလောဆယ်ဆိုရင် ရောမနိုင်ငံကြီးနှစ်ခုဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယတို့ရဲ့ လောင်းရိပ်အောက်မှာ အရောင်အဆင်းခပ်မှိန်မှိန်တောင် ဖြစ်နေပါတယ်။ ဖြစ်ရတဲ့ အကြောင်းရင်းကတော့ မလေးရှား ဒုဝန်ကြီးချုပ်ပြောသလို 'ဘီလေးလုံး'နောက်ကိုသာ လိုက်နေကြလို့ ဖြစ်လိမ့်မယ်လို့ပဲ ယူဆပါတယ်။ အာရှကျားတွေမှာ ကမ္ဘာ့ကျား ဖြစ်နိုင်တဲ့အခြေအနေတွေ ပြည့်စုံပါတယ်။ 'ဝါးလုံးခေါင်းထဲ လသာ'တတ်တဲ့ စိတ်ခါတ်ကလေးသာ စွန့်လွှတ်နိုင်ရင် နှစ်ဆယ့်တစ်ရာစုရဲ့ ဒုတိယဆယ်စုနှစ်ဟာ 'အာရှခေတ်'ဖြစ်နိုင်ပါတယ်လို့ နှိုးဆော်လိုက်ချင်ပါတယ်။

၁၂၊ ୨၊ ၂၀၀၇။



www.burmeseclassic.com

www.burmeseclassic.com

# ရဲရဲကြီးစိတ်ကူးယဉ်လိုက်စမ်းပါ

မန္တလေးက မိတ်ဟောင်းဆွေဟောင်းတစ်ယောက် သူ့သားနဲ့အတူ ရောက်လာ နှုတ်ဆက်ပါတယ်။ သားက မန္တလေးတက္ကသိုလ်ကဘွဲ့ရပြီးလို့ စင်ကာပူသွား ပိုလီတက်ဖို့ကြိုးစားနေတာလို့ ဆိုပါတယ်။ ပိုလီဝင်ခွင့်ဖြေဖို့ ကျူရှင်ကောင်း ကောင်း လမ်းညွှန်ပေးပါလို့လည်း ဆိုပါတယ်။

## ဘာကြောင့် မြင့်မြင့်မမှန်းတာလဲ

ဘွဲ့တစ်ခုရပြီးရင် ဘွဲ့လွန် မဟာတန်းတက်ဖို့မကြိုးစားဘဲ ဘာကြောင့် ဘွဲ့ အောက်နိမ့်တဲ့၊ ဒီပလိုမာပဲရမယ့် ပိုလီတက်ချင်ရတာလဲလို့ မေးကြည့်တော့ ပိုလီက စကောလားရှစ်ပေးလို့ပါ၊ ကိုယ့်စရိတ်နဲ့ကိုယ် ဘယ်တတ်နိုင်မှာလဲလို့ အဖေရော သားပါ ပြိုင်တူဖြေကြပါတယ်။ စင်ကာပူတက္ကသိုလ်ကြီးဖြစ်တဲ့ NUS တို့၊ NTU တို့မှာလည်း စကောလားရှစ်အစီအစဉ်တွေ ရှိပါတယ်။ ထိုင်းက ချူလာလောင်ကွန်တို့၊ ထမာဆက်တို့၊ အေအိုင်တီတို့မှာလည်း စကော လားရှစ်အစီအစဉ်တွေ ရှိပါတယ်။ အင်္ဂလန်၊ အမေရိကန်၊ နယူးဇီလန် စတဲ့ နိုင်ငံကြီးတွေကလည်း ပေးကြပါတယ်။ နိုင်ငံစုံမှာသွားတက်နေကြတဲ့ မြန်မာ ကျောင်းသားတွေလည်း ရှိကြပါတယ်လို့ ရှင်းပြလိုက်ပါတယ်။

## မမှန်းရဲဘူး

အဲဒီလိုရှင်းပြတော့ သားဖြစ်သူက မာစတာတက်ဖို့ဆိုရင် ဝင်ခွင့်စာမေးပွဲက တော်တော်ခက်မှာ၊ မမှန်းရဲဘူးလို့ ပြောပါတယ်။ ကြိုးစားကြည့်ဖူးလား၊ တိုဖဲလ် တွေ ဘာတွေဖြေဖူးလားဆိုတော့ မမှန်းရဲလို့ တစ်ခါမှလည်း မကြိုးစားဖူးဘူး လို့ ပြောပါတယ်။ သူက ရူပဗေဒနဲ့ ဘွဲ့ရထားတာပါ။ ဒီခေတ်ကျောင်းသားများ ထုံးစံအတိုင်း ကွန်ပြူတာ အိုင်တီဒီပလိုမာလည်း ရထားပါတယ်။ NUS တို့၊ NTU တို့မှာ အိုင်တီနဲ့ မာစတာဘွဲ့ဖြစ်စေ၊ ရူပဗေဒနဲ့ မာစတာဘွဲ့ဖြစ်စေ လျှောက်သင့်တယ်။ တစ်နှစ်တက်တာနဲ့ မာစတာဘွဲ့ရမှာဖြစ်ပြီး တိုဖဲလ်အမှတ် ကောင်းရင် စကောလားရှစ် အပြည့်ရနိုင်တယ်။ အဲဒီလိုသာရရင် ကျောင်း စရိတ်၊ နေစရိတ်၊ စားစရိတ်၊ စာအုပ်စာတမ်းဖိုး၊ အသွားအပြန် လေယာဉ် လက်မှတ်တွေ အလုံအလောက်ပေးတဲ့ပြင် လစဉ်မုန့်ဖိုးပါ ထည့်ပေးသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ပညာသင်ချေးငွေ

စကောလားရှစ်မရခဲ့ရင်လည်း အစိုးရက ပညာသင်ချေးငွေ ထုတ်ချေးတဲ့ အစီအစဉ်တွေ ရှိတယ်။ ကျောင်းပြီးသွားမှ အလုပ်လုပ်ပြီးပြန်ဆပ်ရတယ်လို့ သေသေချာချာ ရှင်းပြလိုက်ပါတယ်။ အဲဒီလိုရှင်းပြတော့ အဖေဖြစ်သူက တစ်ခါမှမကြားဖူးတဲ့ပုံစံနဲ့ တအံ့တသြ ပါးစပ်ဟောင်းလောင်း ဖြစ်နေပါတယ်။ သားဖြစ်သူကလည်း သေသေချာချာ သိပုံမပေါ်ပါဘူး။ ပိုလီခေတ်စားတော့ သူများတွေ ပိုလီဆိုတာနဲ့ လိုက်ပြီးပိုလီလိုက်ပုံပါပဲ။ မန္တလေးမှာနေပြီး ဒါလောက်ထိ ဖအေရောသားပါ ဗဟုသုတနည်းကြတာ စိတ်မကောင်းစရာ ကောင်းလှပါတယ်။

## ကျွမ်းကျင်လုပ်သား

ပိုလီတက္ကနစ်ဆိုတာက မြန်မာနိုင်ငံမှာ ရှေးကရှိတဲ့ ဂျီတီအိုင်လိုကျောင်းပါ။ သုံးနှစ်တက်ရပြီး ဒီပလိုမာပေးပါတယ်။ ကျွမ်းကျင်လုပ်သား သိပ်လိုနေတဲ့ စင်ကာပူမှာ ကျောင်းပြီးတာနဲ့ အလုပ်ရနိုင်ပါတယ်။ စင်ကာပူပိုက်ဆံ ၁၅၀၀၊ ၂၀၀၀ လောက် ရပါလိမ့်မယ်။ တက္ကသိုလ်ကြီးတွေမှာ တစ်နှစ်တက်ပြီး မာစတာဘွဲ့ရရင် ကနဦးလစာ ၂၅၀၀၊ ၃၀၀၀ လောက် စပြီးရနိုင်ပါတယ်။ ရှေ့တက်လမ်းကျတော့လည်း ဒီပလိုမာနဲ့ မာစတာဆိုတော့ အများကြီးကွာပါတယ်။ မာစတာပြီးသွားလို့ ပညာရေးကိုစိတ်ထက်သန်ရင်လည်း ပါရဂူတန်းဆက်တက်နိုင်တဲ့ စကောလားရှစ်အစီအစဉ်အမျိုးမျိုး ရှိပါသေးတယ်။

## မမှန်းရဲဘူးတဲ့

မိတ်ဆွေရဲ့သား လူငယ်လေးက မြင့်မြင့်မမှန်းရဲပါဘူး။ ပိုလီတက်ပြီး စင်ကာပူမှာ အလုပ်လုပ်ခွင့်ရရင်ပဲ တော်ပါပြီ။ အလုပ်လုပ်လို့ရတဲ့ငွေနဲ့ မိဘကျေးဇူး ဆပ်ချင်တယ်လို့ ဆိုပါတယ်။ မြင့်မြင့်မမှန်းရဲဘူးလို့ လူငယ်လေးတစ်ယောက်ပါးစပ်က ထွက်လာတာ အံ့သြလိုက်တာ။ မြင့်မြင့်မမှန်းရဲသူဟာ ဘယ်လိုလုပ်ပြီး မြင့်မြင့်ရောက်နိုင်မှာလဲ။ တစ်သက်လုံး သူများလက်အောက်မှာ ကျွမ်းကျင်လုပ်သားအဆင့်လောက်နဲ့တင် ကျေနပ်နေတော့မှာလား။

## ကျွမ်းကျင်ပညာရှင်လိုတယ်

နိုင်ငံတိုင်းမှာ ကျွမ်းကျင်လုပ်သားတွေ အများကြီးလိုအပ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ကျွမ်းကျင်လုပ်သားတွေကို စနစ်တကျစီမံခန့်ခွဲနိုင်တဲ့ ကျွမ်းကျင်ပညာရှင်တွေလည်း လိုအပ်ပါတယ်။ လတ်တလောအခြေအနေမှာတော့ လူငယ်အများစုဟာ ပိုလီလောက်ကိုအဟုတ်ထင်ပြီး ဝိုင်းကြိုးစားနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရပါတယ်။ နိုင်ငံခြားတက္ကသိုလ်တွေမှာ မဟာဘွဲ့၊ ပါရဂူဘွဲ့အတွက် သင်ယူနေသူ အလွန်နည်းပါးပါသေးတယ်။ ကြိုးစားကြစမ်းပါလို့ တိုက်တွန်းချင်တယ်။

## စိတ်ကူးယဉ်စမ်းပါ

မမှန်းရဲဘူးလို့ မပြောပါနဲ့။ ကြိုးစားရင် မဖြစ်နိုင်တာ ဘာမှမရှိပါဘူး။ လူငယ်တွေမှာ အစွမ်းရှိပါတယ်။ အားမာန်ပြည့်ဝပါတယ်။ ရဲရဲကြီးသာ မှန်းလိုက်စမ်းပါ။ စိတ်ကူးယဉ်ရဲ၊ အိပ်မက်မက်ရဲမှ လူငယ်ပီသပါတယ်။ စိတ်ကူးယဉ်တယ်ဆိုတာ အရူးအလုပ်မဟုတ်ပါဘူး။ အသိဉာဏ်ရှိသူများသာ စိတ်ကူးယဉ်တတ်ပါတယ်။ စိတ်ကူးမယဉ်တတ်၊ အိပ်မက်မမက်တတ်ရင် လူမပီသပါဘူး။ လူမှန်ရင် မျှော်မှန်းချက်ရှိရတယ်။ အိပ်မက်ရှိရတယ်။ ရှေးကလူတွေသာ စိတ်ကူးမယဉ်တတ်ခဲ့ကြဘူးဆိုရင် လေယာဉ်ပျံဆိုတာ ဘယ်ရှိမှာလဲ၊ လပေါ်ကို ဘယ်လိုလုပ်ရောက်မှာလဲ။

အဲဒါကြောင့် လူငယ်တိုင်း ရဲရဲကြီး စိတ်ကူးယဉ်ကြစမ်းပါ။ ရဲရဲကြီး အိပ်မက်မက်ကြစမ်းပါ။ မျှော်မှန်းချက်မြင့်မြင့်ကြီးတွေ ထားကြစမ်းပါလို့ တိုက်တွန်းနှိုးဆော်လိုက်ချင်ပါတယ်။

၂၁၊ ၅၊ ၂၀၀၇။



www.burmeseclassic.com

www.burmeseclassic.com

# သဘာဝတရားရဲ့ဟန်ချက်ညီမှု မပျက်စီးပါစေနဲ့

ခုတလော စာနယ်ဇင်းတွေ ဖတ်ဖတ်၊ ရုပ်မြင်သံကြားကိုပဲ ကြည့်ကြည့် စိတ်မချမ်းမြေ့စရာသတင်းမျိုးတွေပဲ မြင်တွေ့နေရပါတယ်။ အီရတ်မှာ နေ့စဉ်နဲ့အမျှ လူတွေသေကြေနေကြတဲ့သတင်းနဲ့ ဓာတ်ပုံတွေပဲ မြင်တွေ့နေရလို့ စိတ်နှလုံး မသာမယာရှိနေရတဲ့အထဲမှာ ရုရှားနိုင်ငံက ကျောင်းသူ၊ ကျောင်းသား ကလေး သူငယ်လေးတွေ ရက်ရက်စက်စက်အသတ်ခံရတဲ့ သတင်းကြီးက ပေါ်ပေါက်လာပြန်ပါတော့တယ်။

ကိုယ်တိုင်က သတင်းသမားဖြစ်လေတော့ တော်ရုံတန်ရုံ သွေးထွက်သံယိုကိစ္စလောက်ကို စိတ်ခြောက်ခြောက်ခြားခြား မဖြစ်တော့ပါဘူး။ ရိုးနေပြီလို့ ဆိုနိုင်ပါတယ်။ ရထားကြိတ်လို့ ခန္ဓာကိုယ်နှစ်ပိုင်းပြတ်ပြီး အသားတစ်တွေ အတုံးလိုက်ပြန့်ကျဲနေတာမျိုးလည်း မြင်ဖူးခဲ့ပါတယ်။ မီးလောင် သေဆုံးလို့ တစ်ကိုယ်လုံး မီးသွေးတုံးဖြစ်သွားတာမျိုးလည်း တွေ့ဖူးပါတယ်။ ရေခဲတိုက်ထဲမှာ အလောင်းတွေတန်းစီထားတာလည်း ကြည့်ဖူးပါတယ်။ ရထားမှောက်လို့ လူတွေ လေးငါးဆယ် မြင်မကောင်း ရှုမကောင်းဖြစ်နေတာလည်း ကိုယ်တိုင်လိုက်ပြီး ဓာတ်ပုံရိုက်ဖူးပါတယ်။ ကြည့်နေမြင်နေခိုက်မှာ မမြင်ရက် မရှုရက်ဖြစ်ပေမယ့် သတင်းစာတိုက်ကိုပြန်ရောက်ပြီး သတင်းရေးချိန်မှာတော့ ရေးနေတဲ့ထဲ စိတ်ရောက်သွားပြီး နှလုံးမသာဖြစ်တာ မေ့ပျောက်သွားတော့တာပါပဲ။ အခုတော့ အသက်ကြီးလာလို့ပဲလား၊ နှလုံးရောဂါကြောင့်ပဲလား မသိပါဘူး။ သွေးထွက်သံယိုဓာတ်ပုံတွေ မြင်ရ၊ ကလေးသူငယ်လေးတွေ သေဆုံးနေတာတွေတွေ့ရရင် ရင်ထဲမကောင်းဖြစ်လာပြီး ဆက်ကြည့်ချင်စိတ်၊ ဆက်ဖတ်ချင်စိတ် မရှိတော့အောင်ကို ဖြစ်သွားလေ့ရှိပါတယ်။ အဲဒါကြောင့် ရုရှားမှာဖြစ်တဲ့သတင်းကို ပထမဆုံးနေ့မှာပဲ ကြည့်မိဖတ်မိပြီး နောက်နေ့တွေ မကြည့်ချင်၊ မဖတ်ချင်တော့ပါဘူး။ ၉/၁၁ ကိစ္စကြီးတုန်းကလည်း အလားတူပါပဲ။ ရှင်းလင်းရေးလုပ်တဲ့သတင်းတွေကို လုံးဝမကြည့်တော့ပါဘူး။

မီဒီယာတွေကလည်း လွန်ခဲ့တဲ့အနှစ် ၂၀၊ ၃၀ လောက်ကလို မဟုတ်တော့ပါဘူး။ ကင်မရာကောင်းကောင်းကြီးတွေနဲ့ အနီးကပ်ရိုက်ယူတဲ့ပုံတွေကို အသားပေးပြီး ဖော်ပြလာကြပါတယ်။ ရေးက မမြင်ဝံ့၊ မကြားဝံ့ဆိုတာမျိုး

www.burmeseclassic.com



တွေဟာ ခုခေတ်မှာတော့ ရှိုးနေပါပြီ။ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးလေးဆယ်က စာဖတ်ပရိသတ်နဲ့ ဒီခေတ်စာဖတ်ပရိသတ်လည်း မတူကြတော့ပါဘူး။ ရှေး စာဖတ်ပရိသတ်များကတော့ ကားတိုက်ခံရလို့သေသွားတဲ့ ကလေးရဲ့ဓာတ်ပုံ ကို သတင်းစာထဲထည့်တာကိုတောင် ဝိုင်းပြီး ဝေဖန်ကန့်ကွက်ကြတာပါ။ ဒီပုံကိုမြင်ရတဲ့ မိဘများအဖို့ ပိုပြီး စိတ်ဆင်းရဲခြင်း ဖြစ်ရပေလိမ့်မယ်လို့ စာလှမ်းရေးကြတာပါ။

ဒီခေတ်ကျတော့ 'မြင်ပါများတော့ ငယ်၊ နမ်းပါများတော့ ပြယ်'ဆိုတဲ့ စကားအတိုင်းပါပဲ။ အနိဋ္ဌာရုံတွေ နေ့စဉ်နဲ့အမျှ မီဒီယာတွေမှာ တွေ့မြင်နေရ လေတော့ မမြင်ဝံ့၊ မကြားဝံ့ရယ်လို့ မရှိတော့ပါဘူး။ ပုံကောင်း မကောင်း ဆိုတာကိုသာ အယ်ဒီတာက ရွေးပါတော့တယ်။ မြင်မကောင်း၊ ရှုမကောင်း ဆိုတာ စဉ်းစားမနေတော့ပါဘူး။ မီဒီယာတွေမှာ၊ ရုပ်ရှင်တွေထဲမှာ နေ့စဉ် မြင်တွေ့နေရတော့လည်း ပရိသတ်ကပါ ဒါမျိုးတွေ ရှိုးသွားကြပါတော့တယ်။ ဝေဖန်ကန့်ကွက်တာတွေ မလုပ်ကြတော့ပါဘူး။

ငယ်ငယ်က ခရစ်ယာန်ဘုန်းကြီးတွေနဲ့ ရုပ်ရှင်သွားကြည့်ရတာ ပြန် အမှတ်ရမိပါတယ်။ ငယ်စဉ်နေရတဲ့ ကက်သလစ်ဘာသာ ကျောင်းက ဘုန်းကြီး တွေဟာ တော်တော်စည်းကမ်းတင်းကျပ်တဲ့ဂိုဏ်းက ဖြစ်ကြပါတယ်။ သူတို့ ကိုယ်တိုင်လည်း ရုပ်ရှင်တွေ ဘာတွေ ကြည့်လေ့မရှိပါဘူး။ ဝိုင်အရက်တို့၊ ဆေးလိပ်တို့လည်း မသောက်ကြပါဘူး။ ဒါပေမယ်လို့ မန္တလေးမှာ 'ပညတ် တော်ဆယ်ပါး' ရုပ်ရှင်နဲ့ The Robe ရုပ်ရှင်ပြတော့ ဖာသာတွေကိုယ်တိုင် လိုက်ပြပါတယ်။ ရုပ်ရှင်ထဲမှာ မင်းသား၊ မင်းသမီး ပွေ့ဖက်နမ်းရှုပ်ခန်းပြရင် ကျောင်းသားတွေရဲ့ခေါင်းကို ဆွဲနှိမ့်ပြီးထားပါတယ်။ လက်လှမ်းမမီတဲ့ ကျောင်း သားတွေကိုတော့ 'ခေါင်းငုံ့၊ ခေါင်းငုံ့'လို့ပြောပြီး ငုံ့ထားခိုင်းပါတယ်။ အလားတူ ပဲ စစ်တိုက်ကြတဲ့အခါ ဓားနဲ့ထိုးတာ၊ ခုတ်တာတွေပြရင်လည်း ခေါင်းငုံ့ထားခိုင်း ပါတယ်။ သွေးသံရဲရဲ သတ်တာဖြတ်တာမျိုးတွေ ကလေးတွေကြည့်မှာ တော် တော်စိုးရိမ်ကြပါတယ်။ ငယ်စဉ်က ဘာ့ကြောင့်ရယ်လို့ မသိပါဘူး။ မေးလည်း မမေးခဲ့ဖူးပါဘူး။ ကြီးလာမှ အကြောင်းရင်းကို စဉ်းစားမိပါတော့တယ်။ ရက် စက်ကြမ်းကြုတ်တာတွေကို ကလေးတွေယဉ်ပါးသွားမှာ စိုးရိမ်ကြတာကိုး။ ခုခေတ်ကျတော့လည်း သတ်တာဖြတ်တာ၊ ရက်စက်ကြမ်းကြုတ်တာတွေကို 'မြင်ပါများတော့ ငယ်'ဆိုသလို ကြောက်လန့်စရာ၊ ခြောက်ခြားစရာလို့ မထင်ကြတော့ပါဘူး။ ရုပ်ရှင်ထဲမှာ လူ့ဦးခေါင်းကို ဓားနဲ့ တိခနဲပိုင်းချ ဖြတ်ချလိုက်တာမျိုးကို ရိုက်ချက်သိပ်ကောင်းတာပဲလို့တောင် ချီးကျူးကြပါ သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးလေးဆယ်က အမေရိကန်ရုပ်ရှင်တွေပဲ ကြည့်ပါဦး။ မင်းသမီးတွေဟာ ဂါဝန်ပွပွကြီးတွေ မြေကြီးဒရွတ်ဆွဲပြီး သွားလာနေကြတာပါ။ မိန်းကလေးတစ်ယောက် အိမ်ထောင်မရှိဘဲ ကိုယ်ဝန်ရှိတာမျိုးဆိုရင်လည်း အများတံတွေးခွက်မှာ ပက်လက်မျောတော့တာပါ။ မိန်းကလေးတိုင်းဟာ သူတို့ရဲ့သန့်ရှင်းမှုကို အသက်နဲ့လဲပြီး ကာကွယ်ကြတာပါ။

ခုတော့လည်း ပြောတောင်မပြောချင်တော့ပါဘူး။ ဘယ်ကဏ္ဍမှာပဲကြည့်ကြည့် မယုံနိုင်လောက်အောင်ကို ပြောင်းကုန်ကြပြီ။ 'တန်ဖိုး'ထားမှုတွေ အကြီးအကျယ်ပြောင်းကုန်ကြပြီ။ ရှေးက တန်ဖိုးထားတာက 'သန့်ရှင်း စင်ကြယ်မှု'၊ ခုခေတ်တန်ဖိုးထားတာက 'ပွင့်လင်းလွတ်လပ်မှု'။ ရှေးက တန်ဖိုးထားတာက 'မိသားစုအဝန်းအဝိုင်း'၊ ခုခေတ်တန်ဖိုးထားတာက အနှောင်အဖွဲ့မှန်သမျှဆန့်ကျင်တဲ့ 'ပုဂ္ဂလိက လွတ်လပ်မှု'။

ခုလို တန်ဖိုးတွေပြောင်းလဲသွားရတာ အရင်းခံအကြောင်းတရား အများကြီးရှိပါတယ်။ စီးပွားရေးစနစ်၊ နိုင်ငံရေးစနစ်တွေက အဓိကကျတာပေ့ါ။ ဒါပေမယ်လို့ စာနယ်ဇင်းတို့၊ ရုပ်ရှင်တို့ စတဲ့မီဒီယာတွေလည်း အများကြီးတာဝန်ရှိပါတယ်။ ရက်စက်ကြမ်းကြုတ်မှုတွေ၊ လျှပ်ပေါ်လော်လီမှုတွေကို 'မြင်ပါများတော့ ငယ်'ဆိုသလို မျက်စိထဲ ယဉ်ပါးသွားအောင် လုပ်ပေးနေကြတာကိုး။ ဒါကြောင့်လည်း မီဒီယာတွေကို 'ကြောက်စရာ ဘီလူးကြီး'လို့ တချို့က ကင်ပွန်းတပ်ကြတာနေမှာပ။

လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်၊ အစိတ်က 'ကျင့်ဝတ်'နဲ့ 'သိက္ခာ'ကို အထူးအလေးထားကြပါတယ်။ စာနယ်ဇင်းသမားက စာနယ်ဇင်းကျင့်ဝတ်သိက္ခာကို ဦးထိပ်ပန်ဆင်သလို ဆရာဝန်ကလည်း ဆရာဝန်ကျင့်ဝန်သိက္ခာကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲပါတယ်။ ကျောင်းဆရာကလည်း 'အာစရိယဂုဏော အနန္တော' ဆိုတာနဲ့ညီဖို့ အထူးဂရုစိုက်ပါတယ်။

ဒီခေတ်ကျတော့ ကျင့်ဝတ်တို့၊ သိက္ခာတို့အကြောင်း တယ်ပြီး အလေးထား မပြောကြတော့ပါဘူး။ 'အောင်မြင်မှု'ရဖို့တစ်ခုတည်းသာ ကြည့်ကြပါတော့တယ်။ 'ကြောင်ဖြူတာ၊ မည်းတာက အဓိကမဟုတ်ဘူး၊ ကြွက်မိဖို့သာလိုရင်းပဲ'ဆိုတဲ့ ဖောက်ပြန်ရေးသမားတို့ ဆောင်ပုဒ်ကြီးအတိုင်း 'အောင်မြင်မှု' ရဖို့ ဘယ်နည်းပဲသုံးသုံး နောက်ဆုံးမှာ အောင်မြင်ဖို့ပဲအရေးကြီးတယ်လို့ ဖြစ်ကုန်ကြပါတော့တယ်။

ဘယ်အရာမဆို ခေတ်အလိုက်ပြောင်းလဲနေကြတဲ့ သဘာဝကို နားလည်သဘောပေါက်ပါတယ်။ ခေတ်နဲ့မကိုက်ညီတော့တာတွေကို စွန့်ပစ်ကျောခိုင်းပြီး ခေတ်နဲ့လိုက်တာတွေကို ပြောင်းလဲလက်ခံကြရမှာပေ့ါ။ ကိုယ်က လက်မခံ



www.burmeseclassic.com

www.burmeseclassic.com



ချင်လည်း မရပါဘူး။ အပြောင်းအလဲကတော့ ဖြစ်ကိုဖြစ်နေရမှာပဲ။ ဒါပေမဲ့ ခေတ်တွေ ဘယ်လောက်ပဲပြောင်းပြောင်း ကျောင်းဆရာကစာသင်ပြီး ဆရာဝန်က ဆေးကုရမှာပဲမဟုတ်လား။ ကျောင်းဆရာကဆေးသွားကုပြီး ဆရာဝန်က စစ်သွားတိုက်ရင်တော့ ငါးပါးမှောက်ကုန်တော့မှာပေါ့။ ခေတ်တွေပြောင်းလို့ နည်းစနစ်တွေ၊ လုပ်နည်းလုပ်ဟန်တွေက ခေတ်နဲ့အညီ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ကြရပေမယ့် ကျောင်းဆရာက စာသင်၊ ဆရာဝန်က ဆေးကုဆိုတဲ့ အခြေခံသဘောတရားကတော့ မပြောင်းမလဲတည်ရှိနေမှာပဲ ဖြစ်ပါတယ်။ ဒါကို ဇွတ်အတင်းကြီးပြောင်းပစ်ဖို့ ကြိုးစားရင် 'သဘာဝတရားရဲ့ ဟန်ချက်ညီမှု' ပျက်စီးသွားပါလိမ့်မယ်။ 'လုပ်အားခွဲဝေမှု'ဆိုတာကတော့ ဘယ်ခေတ်ရောက်ရောက် ရှိနေမှာပါ။ ကျွမ်းကျင်ရာ လိမ္မာဆိုတဲ့စကား အရှိသားပဲ။ ကိုယ့်အလုပ် ကိုယ်လုပ်၊ သူ့အလုပ် သူလုပ်ပေါ့။

လူ့အသက်ကယ်တဲ့ အလုပ်လုပ်တဲ့ ဆရာဝန်ကမှ 'လူ့အဖိုးတန်'လို့ သတ်မှတ်လို့မရပါဘူး။ ဆရာဝန်ဖြစ်အောင် စပြီးပညာသင်ပေးတဲ့ မူလတန်း ဆရာမလေးတွေလည်း အဖိုးတန်တာပါပဲ။ ဆရာဝန်ကြီးကို လူ့လောကထဲ ချောချောမောမောရောက်ရှိလာအောင် မွေးဖွားပေးတဲ့ ဝမ်းဆွဲဆရာမလည်း အဖိုးတန်တာပါပဲ။ ဆရာဝန်ကြီးရဲ့အိမ်က ရေချိုးခန်းပိုက် ပိတ်ဆို့နေတာကို ပြုပြင်ပေးမယ့် ပိုက်ပြင်သမားလည်း မရှိမဖြစ်လိုအပ်တာပါပဲ။ အရေးကြီးတာက ဘာအလုပ်ပဲလုပ်လုပ် အဲဒီအလုပ်ကို ရိုသေလေးစား တန်ဖိုးထားပြီး ကျေကျေပွန်ပွန်လုပ်ဖို့သာဖြစ်တယ်။ ကိုယ့်အလုပ်ကိုယ် လေးစားတန်ဖိုးထား သလို သူ့အလုပ်ကိုလည်း လေးစားတန်ဖိုးထားရမယ်။ ကိုယ့်အလုပ်ကမှ သာလွန်မြင့်မြတ်တယ်လို့ မယူဆပါနဲ့။ ကိုယ့်အလုပ် ကိုယ်လုပ်၊ သူ့အလုပ် သူလုပ်နေကြဖို့သာ အရေးကြီးပါတယ်။ 'သဘာဝတရားရဲ့ ဟန်ချက်ညီမှု'ကို ဖျက်ဆီးရင် လူ့လောကကြီးပါ ပျက်စီးသွားနိုင်ကြောင်း သတိပေးလိုက်ချင်ပါ တယ်။

၁၅၊ ၉၊ ၁၀၀၄။



www.burmeseclassic.com

www.burmeseclassic.com

# လူနဲ့ ကျင့်ဝတ်

ပညာသည်များ ပညာသည်ပီသဖို့၊ ကိုယ့်အလုပ်ကိုယ် တန်ဖိုးထားဖို့၊ ပညာသည် ကျင့်ဝတ်သိက္ခာကို လေးစားရှိသေဖို့ စတဲ့အကြောင်းအရာနဲ့ ပတ်သက်ပြီး တော်တော်များများ ရေးခဲ့ဖူးပါတယ်။ အဲဒီဆောင်းပါးတချို့ကို ဖတ်ခဲ့ဖူးတဲ့ လူငယ်တစ်ယောက်က ပညာသည်တွေမှာပဲလား၊ လူသာမန်တွေမှာရော တန်ဖိုးထားရမယ့်အရာ မရှိဘူးလားလို့ မေးခွန်းထုတ်လာပါတယ်။

## ပညာနဲ့ အသက်မွေးသူ

'ပညာသည်'ဆိုတဲ့ အသုံးအနှုန်းကို အရင်ဆုံး ရှင်းပြဖို့လိုအပ်ပါတယ်။ မြန်မာစကားမှာ ဈေးရောင်းပြီး အသက်မွေးဝမ်းကျောင်းပြုသူကို 'ဈေးသည်'၊ ပဲပြုတ်ရောင်းပြီး အသက်မွေးဝမ်းကျောင်းပြုသူကို 'ပဲပြုတ်သည်'၊ ဆံပင်ညှပ်ပြီး အသက်မွေးဝမ်းကျောင်းပြုသူကို 'ဆတ္တာသည်' စသဖြင့် ခေါ်ဝေါ်လေ့ရှိပါတယ်။ ဆန်သည်၊ ဆီသည်၊ ခဝါသည်၊ ဝက်သားသည်၊ ငါးသည် စသဖြင့် သုံးကြပါတယ်။ အဲဒီသဘောအတိုင်း အတတ်ပညာတစ်ခုခုနဲ့ အသက်မွေးဝမ်းကျောင်းပြုသူအားလုံးကို 'ပညာသည်'(Professional)လို့ သုံးလိုက်တာဖြစ်ပါတယ်။

## ကြေးစားက ရင့်သီးပါတယ်

အားကစားနယ်ပယ်မှာတော့ 'အပျော်တမ်း'(amateur)နဲ့ 'ကြေးစား' (Professional)လို့ သုံးတတ်ကြပါတယ်။ အပျော်တမ်း ဂေါက်သီးသမား၊ ကြေးစား ဂေါက်သီးသမား စသဖြင့် ခေါ်လေ့ရှိပါတယ်။ Professional ကို ကြေးစားလို့သုံးတာ နည်းနည်းရင့်သီးတယ်ယူဆလို့ 'ပညာသည်'လို့ သုံးတာဖြစ်ပါတယ်။ အတတ်၊ ဒါမှမဟုတ် ပညာတစ်ခုခုနဲ့ 'အသက်မွေးဝမ်းကျောင်းပြုသူ' လို့ ဆိုလိုတာပါ။ ဒီတော့ စားဝတ်နေရေးအတွက် အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုခု လုပ်ကိုင်နေသူအားလုံး အကျုံးဝင်ပါတယ်။

## ပညာရှင်

အတတ်၊ ဒါမှမဟုတ် ပညာတစ်ခုခုကို အသက်မွေးဝမ်းကျောင်း ပြုရုံမျှမကဘဲ 'ထုံးလိုချေ ရေလိုနှောက်' တစ်ဖက်ကမ်းခတ် ကျွမ်းကျင်တတ်မြောက်သူများ



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ အသက်မွေးဝမ်းကျောင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ 'ပညာရှင်' လို့ ခေါ်ချင်ပါတယ်။ ပညာရှင်ကျတော့ ပညာသည်လို လူတိုင်း အကျုံးမဝင်ပါဘူး။ ဒိတ်ဒိတ်ကြဲ(ထိတ်ထိတ်ကြဲ) ထူးချွန်တတ်မြောက်သူများသာ အကျုံးဝင်ပါတယ်။ ဒါကြောင့် ဘယ်အတတ်ပညာနယ်ပယ်မှာမဆို ဦးရေအနည်းငယ်သာ ရှိနိုင်ပါတယ်။ အနုပညာသည်တိုင်း အနုပညာရှင်မဖြစ်နိုင်သလို စာရေးဆရာတိုင်းလည်း စာပေပညာရှင်မဖြစ်နိုင်ပါဘူး။

## အလုပ်တိုင်းမှာ ကျင့်ဝတ်ရှိ

ပညာရှင်ဖြစ်စေ၊ ပညာသည်ဖြစ်စေ ကိုယ့်ပညာကိုယ် လေးစားတန်ဖိုးထားရပါတယ်။ အတတ်ပညာတိုင်း၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်တိုင်းမှာ ဆိုင်ရာဆိုင်ရာကျင့်ဝတ်တွေ၊ စည်းကမ်းတွေ ရှိပါတယ်။ ဆရာဝန်က ဆရာဝန်နဲ့ဆိုင်တဲ့ ကျင့်ဝတ်စည်းကမ်း၊ ဘတ်စ်ကားမောင်းသမားမှာလည်း သူနဲ့ဆိုင်တဲ့ ကျင့်ဝတ်စည်းကမ်း၊ စပယ်ယာမှာလည်း သူလိုက်နာရမယ့် ကျင့်ဝတ်စည်းကမ်း စသဖြင့် အသီးသီးရှိကြပါတယ်။ ပုဂ္ဂိုလ်အသီးသီးက ကိုယ့်ခွင်ကိုယ့်နယ်ပယ်ရဲ့ ကျင့်ဝတ်တွေကို လေးစားလိုက်နာ စောင့်ထိန်းကြမယ်ဆိုရင် ပြီးတာပါပဲ။ ဘာပြဿနာမှ မရှိနိုင်တော့ပါဘူး။

## ပြဿနာများရဲ့ အခြေခံ

လူ့ဘောင်၊ လူ့လောကမှ ပြဿနာပေါင်းစုံနဲ့ သပွတ်အူလိုက် ရှုပ်ထွေးနေတာ၊ ပဋိပက္ခတွေ ဖြစ်ပွားနေတာ၊ လူသူလေးပါးရဲ့ ရိုသေလေးစားမှု မခံရတာ၊ ယုံကြည်မှုကင်းမဲ့တာ၊ မုန်းတီးရွံရှာတာ စတဲ့ကိစ္စအားလုံး ဖြစ်ပွားပေါ်ပေါက်လာရခြင်းရဲ့ အဓိကအကြောင်းတရားဟာ ကျင့်ဝတ်သိက္ခာ စောင့်စည်းမှု ပျက်ယွင်းလာခြင်းပင်ဖြစ်တယ်။ ကျောင်းဆရာက ကျောင်းဆရာရဲ့ ကျင့်ဝတ်သိက္ခာကို စောင့်ထိန်းမယ်ဆိုရင် လူကြည်ညိုတဲ့ ဆရာကောင်း ဖြစ်မှာပဲ။ ဆရာဝန်ကလည်း ဆရာဝန်ကျင့်ဝတ်အတိုင်း လိုက်နာကျင့်ကြံရင် သမားကောင်း၊ ဆရာဝန်ကောင်း ဖြစ်မှာပဲ။

## ခက်ခက်ခဲခဲကြီးလား

ကျင့်ဝတ် ကျင့်ဝတ်နဲ့ပြောတော့ ကြီးကြီးကျယ်ကျယ်၊ ခက်ခက်ခဲခဲ လိုက်လုပ်ရမယ့်ကိစ္စကြီးလို့ ထင်စရာရှိတယ်။ ထွေပြားရှုပ်ထွေးပြီး အပန်းတကြီး နာယူမှတ်သားရမယ့်ကိစ္စလို့လည်း ယူဆသွားနိုင်တယ်။ တကယ်တော့ ဘာမှ ရှုပ်ရှုပ်ထွေးထွေးမရှိဘူး။ ဆရာဝန်ကျင့်ဝတ်ပဲဖြစ်ဖြစ်၊ တရားသူကြီးနဲ့ ရှေ့နေတို့ရဲ့ ကျင့်ဝတ်ပဲဖြစ်ဖြစ်၊ စစ်သည်တော်ကျင့်ဝတ်ပဲဖြစ်ဖြစ်၊ စာနယ်ဇင်းကျင့်ဝတ်ပဲ



www.burmeseclassic.com

www.burmeseclassic.com

**လူထုစိန်ဝင်း**

ဖြစ်ဖြစ် အားလုံး အခြေခံအဖြစ်ထားရှိကြတာက 'ကျင့်ဝတ်'ပဲဖြစ်ပါတယ်။

**လူနဲ့ တိရစ္ဆာန် ဘာကွာသလဲ**

လူ့ကျင့်ဝတ်ဆိုတာ ဘာတွေလဲလို့ အကျယ်ချဲ့စဉ်းစားရင် နံပါတ်စဉ်ထိုးလို့ ကုန်နိုင်ဖွယ်မရှိပါဘူး။ အကျဉ်းဆုံးဖြစ်အောင်ချုပ်ပြီး စဉ်းစားလိုက်ရင် တစ်ချက်တည်းနဲ့တင် လုံလောက်ပါတယ်။ ပထမဆုံး လူဆိုတာဘာလဲဆိုတဲ့ အချက်ကို စဉ်းစားကြည့်ရအောင်။ လူဟာ စားတယ်၊ အိပ်တယ်၊ မျိုးဆက်ပြန့်ပွားရေး ကိစ္စ ဆောင်ရွက်တယ်။ တောတွင်းက သားရဲတိရစ္ဆာန်များလည်း စားခြင်း၊ အိပ်ခြင်း၊ မျိုးဆက်ပြန့်ပွားရေးဆောင်ရွက်ခြင်းတို့ လုပ်ကြတယ်။ ဒီနေရာမှာ လူနဲ့ တိရစ္ဆာန် အားလုံးတူကြတယ်။ ခြားနားချက်မရှိဘူး။

**ကိုယ်ကျိုးမကြည့်တာ လူ**

လူနဲ့ တိရစ္ဆာန်ကြားမှာ ခြားနားချက်တစ်ချက်တည်းပဲရှိတယ်။ တိရစ္ဆာန်က သူ့အလိုဆန္ဒအတိုင်းသာ လုပ်တယ်။ တခြား ဘာမှမကြည့်ဘူး။ လူကတော့ သူ့အလိုဆန္ဒရှိတိုင်း မလုပ်ဘူး။ သူများတွေအတွက် ငဲ့ကွက်စဉ်းစားတယ်။ အများအကျိုးကို ဆောင်တယ်။ ကိုယ်ကျိုးကို စွန့်နိုင်တယ်။ ရှင်းအောင်ပြောရရင် ကိုယ်ကျိုးတစ်ခုတည်းသာကြည့်တတ်တာ တိရစ္ဆာန်။ အများအကျိုးကို သယ်ပိုးဆောင်ရွက်တာ လူ။ လွယ်လွယ်လေးပါပဲ။

**လူ့တိရစ္ဆာန်**

လူ့ကျင့်ဝတ်ဆိုတာ အများအကျိုးကို သယ်ပိုးရွက်ဆောင်ခြင်းဖြစ်တယ်။ အများအကျိုးကိုမကြည့်ဘဲ ကိုယ်ကျိုးစီးပွားတစ်ခုတည်းကိုသာ ကြည့်ပြီး 'ဘယ်သူသေသေ ငတေမာပြီးရော' လုပ်တတ်သူများကိုတော့ လူလို့မသတ်မှတ်နိုင်ဘူး။ အင်္ဂလိပ်စကားမှာတော့ ဒီလိုလူစားတွေကို manimal လို့ ခေါ်တယ်။ man နဲ့ animal နှစ်ခုကိုရောပြီး စကားလုံးသစ် ထွင်လိုက်တာဖြစ်တယ်။ မြန်မာလိုတော့ 'လူ့တိရစ္ဆာန်'လို့ ခေါ်သင့်တယ်ထင်တာပဲ။

၂၀၊ ၆၊ ၂၀၀၇။



www.burmeseclassic.com

www.burmeseclassic.com

# အဆင့်မြင့်လူဖြစ်ဖို့

ပြီးခဲ့တဲ့အပတ်က 'လူ့တိရစ္ဆာန်' (manimal) ဆိုတဲ့ စကားလုံးတစ်လုံး ရေးခဲ့တာနဲ့ပတ်သက်ပြီး လူငယ်တစ်ယောက်က အင်္ဂလိပ်စကား ရှိရင်းစွဲဖြစ်တဲ့ တိရစ္ဆာန်အရိုင်းစိတ်(animal instinct)ဆိုတာနဲ့ အတူတူပဲမဟုတ်လားလို့ မေးလာပါတယ်။

## မွေးရာပါစိတ်

မေးသူရှိလာမှပဲ ဒီအကြောင်းကို သေသေချာချာ စဉ်းစားကြည့်မိပါတယ်။ တိရစ္ဆာန်စိတ်၊ ဒါမှမဟုတ် အရိုင်းစိတ်ဆိုတာက လူတိုင်းလူတိုင်းမှာ မွေးကတည်းကပါလာတယ်လို့ ဆိုကြပါတယ်။ လူရဲ့ ဆင်ခြင်တုံတရားနဲ့ ထိန်းချုပ်မှုကြောင့် စိတ်မိုက်စိတ်ရိုင်းများ ငုပ်လျှိုးနေတာဖြစ်တယ်။ ဆင်ခြင်တုံတရားနဲ့ ထိန်းချုပ်မှုကင်းလွတ်သွားတာနဲ့ တစ်ပြိုင်နက် အရိုင်းစိတ်တွေ ဝင်ရောက်လာလေ့ရှိတယ်လို့လည်း ဆိုပါတယ်။ လူသားတိုင်းမှာ အရိုင်းစိတ်ရှိတယ်။ ဆင်ခြင်တုံတရားကြောင့်သာ အားလုံးလူရိုင်းတွေ ဖြစ်မသွားကြတာလို့လည်း မှတ်သားနာယူခဲ့ဖူးပါတယ်။

## ခံစားမှုအတိုင်းပြု

မွေးရာပါအရိုင်းစိတ်ကို အင်္ဂလိပ်လို animal instinct လို့ ခေါ်တာကတော့ ဖြစ်ပေါ်လာတဲ့ခံစားမှုအတိုင်း ရုတ်တရက် တုံ့ပြန်တတ်တဲ့ တိရစ္ဆာန်တို့ရဲ့ သဘာဝနဲ့ တူတဲ့အတွက်လို့ ယူဆပါတယ်။ တိရစ္ဆာန်ဆိုတာက သူ ဆာလောင်မွတ်သိပ်လာရင် ဦးဆုံးတွေ့ရတဲ့သက်ရှိသတ္တဝါကို ဖမ်းယူစားသောက်လိုက်မှာဖြစ်တယ်။ သင့်မသင့်၊ တော်မတော်ဆိုတာ စဉ်းစားနေမှာမဟုတ်ဘူး။ သူ့ဝမ်းမီးငြိမ်းဖို့သာ အဓိကဖြစ်ပါတယ်။ အလားတူပဲ သူအိပ်ချင်ပြီဆိုရင်လည်း တွေ့တဲ့နေရာ ထိုးအိပ်လိုက်တာပါပဲ။ သဘာဝတရားအရ မျိုးဆက်ပြန့်ပွားရေးကိစ္စဆောင်ရွက်ချိန်ရောက်ရင်လည်း အလျဉ်းသင့်သလို ဆောင်ရွက်လိုက်တာပါပဲ။

## ဆင်ခြင်တုံတရားနဲ့

ဖြစ်ပေါ်လာတဲ့ အာရုံခံစားမှုအတိုင်း တုံ့ပြန်တဲ့စိတ်ဟာ လူမှာလည်း ရှိပါတယ်။ ဆာရင် အစာစားတယ်။ ဝမ်းသာရင် ရယ်မောတယ်။ ဝမ်းနည်းရင် ငိုကြွေး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒေါသထွက်ရင် 'တက်ထောင်မောင်းနှင်း' ပြောဆိုတယ်။ ဒါ သဘာဝ ဖြစ်တယ်။ ဒါပေမဲ့ တိရစ္ဆာန်နဲ့မတူတာက လူဟာ ကိုယ့်ဝမ်းမီးငြိမ်းရင်ပြီးရော သဘောမထားဘူး။ စာသင့် မစားသင့် ဆင်ခြင်တုံတရားနဲ့ စဉ်းစားပြီး စားသင့်တာကို စားတယ်။ မစားသင့်တာကို မစားဘူး။ လုပ်သင့်တာကို လုပ်တယ်။ မလုပ်သင့်တာကို မလုပ်ဘူး။ မွေးရာပါ ဗီဇစိတ်ဖြစ်တဲ့ စိတ်မိုက်စိတ်ရိုင်းကို ဆင်ခြင်တုံတရားနဲ့ ထိန်းချုပ်ထားနိုင်တယ်။

## လူလိမ္မာနဲ့ လူမိုက်

အဲဒီလို ထိန်းချုပ်ထားနိုင်တဲ့လူမျိုးကို လူလိမ္မာ၊ လူယဉ်ကျေးလို့ သတ်မှတ်ပြီး ထိန်းချုပ်ခြင်းမပြုနိုင်တဲ့လူမျိုးကို လူမိုက်၊ လူရိုင်းလို့ သတ်မှတ်ကြတယ်။ လူလိမ္မာ၊ လူယဉ်ကျေးတို့မှာ စိတ်မိုက်စိတ်ရိုင်းမရှိဘူးလို့ ဆိုလိုတာမဟုတ်ဘူး။ အာသဝေါမကုန်ခန်းသေးတဲ့ လူသားမှန်သမျှမှာ အရိုင်းစိတ်ရှိမြဲဖြစ်တယ်။ အရိုင်းစိတ်ကို ဆင်ခြင်တုံတရားနဲ့ ထိန်းချုပ် သိမ်းဆည်းထားနိုင်ခြင်းသာ ဖြစ်တယ်။ ဆင်ခြင်တုံတရား လက်ကိုင်ထားသူဟာ လူလိမ္မာ၊ လူယဉ်ကျေး။ ဆင်ခြင်တုံတရား လက်ကိုင်မထားသူက လူမိုက်၊ လူရိုင်း။

## လူယုတ်မာ မဟုတ်

ဒါပေမဲ့ လူယုတ်မာတော့ မဟုတ်ဘူး။ ဆင်ခြင်တုံတရား အားနည်းလို့ လူမိုက်၊ လူရိုင်းဖြစ်နေတာပဲ ရှိတယ်။ တမင်သက်သက် ယုတ်မာချင်စိတ်နဲ့ ပြုလုပ်ဆောင်ရွက်တာ မဟုတ်သမျှ လူယုတ်မာမဟုတ်သေးဘူး။ အင်္ဂုလိမာလဆိုတာ ဆင်ခြင်တုံတရားအားနည်းတဲ့အတွက် လူမိုက်၊ လူရိုင်းကြီးဘဝ ရောက်ခဲ့ရတာဖြစ်ပေမယ့် သူ့မှာ တမင်သက်သက် ယုတ်မာချင်တဲ့စိတ်ခံ မရှိဘူး။ အဲဒါကြောင့် အသိတရားရရှိသွားတဲ့အခါမှာ သူတော်စင်၊ သူတော်မြတ်တစ်ပါး ဖြစ်သွားခဲ့ရတာပဲ။ တရုတ်ပြည်တော်လှန်ရေးကာလမှာ အင်မတန် ထင်ရှားကျော်ကြားခဲ့တဲ့ ဗိုလ်ချုပ်ကြီးတစ်ယောက် ရှိပါတယ်။ ဥက္ကဋ္ဌကြီး မော်စီတုန်း ကိုယ်တိုင် အားကိုးအားထားပြုခဲ့တဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။ မာရှယ်ချူတေး ဆိုပြီး ထင်ရှားကျော်ကြားပါတယ်။ ဥက္ကဋ္ဌမော်တို့နဲ့ မတွေ့ခင်ကာလက မာရှယ်ချူးတေးဟာ ဘိန်းပြအကြီးစား၊ စစ်ဘုရင်ကြီးတစ်ယောက် ဖြစ်ခဲ့ပါတယ်။ နောက်တော့ တရုတ်ပြည်ရဲ့ တော်လှန်ရေးသူရဲကောင်းကြီးတစ်ယောက်အဖြစ် အလေးအမြတ်ပြုခြင်းခံရတဲ့သူ ဖြစ်သွားပါတယ်။

## လူ့တိရစ္ဆာန်

လူ့တိရစ္ဆာန်(manimal)ဆိုတာကျတော့ မွေးရာပါအရိုင်းစိတ်ထက် လွန်ကဲပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့စိတ်နဲ့ တမင်သက်သက် တစ်ဖက်သားကို ယုတ်မာရက်စက်စွာ ပြုကျင့်တာဖြစ်တယ်။ သူ့ကျတော့ လူမိုက်၊ လူရိုင်းဆိုတာနဲ့တင် မလုံလောက်တော့ဘူး။ လူယုတ်မာလို့ကို သတ်မှတ်ရတော့မှာဖြစ်တယ်။ လူ့တိရစ္ဆာန်ဆိုတဲ့စကားနဲ့ အလိုက်ဖက်ဆုံးဖြစ်တယ်။

## အဆင့်မြင့် လူသား

လူမိုက်၊ လူရိုင်း၊ လူယုတ်မာတွေ လောကမှာ အများကြီးရှိသလို လူလိမ္မာ၊ လူယဉ်ကျေးတွေလည်း အများကြီးရှိပါတယ်။ သိပ်အများကြီး မရှိတာကတော့ 'သူတော်စင်'လို အဆင့်မြင့်လူသားမျိုး ဖြစ်ပါတယ်။ ဒီအဆင့်မြင့်လူသားမျိုးက လိမ္မာရုံ၊ ယဉ်ကျေးရုံသာ မကပါဘူး။ သူတစ်ပါးအကျိုးအတွက် ကိုယ့်အသက်၊ ကိုယ့်ဘဝကိုတောင် စွန့်နိုင်တဲ့ စိတ်ဓာတ်မျိုးထိရှိသူတွေ ဖြစ်ပါတယ်။ ဒီအဆင့်မြင့် လူသားမျိုးက ကိုယ့်အသက်စွန့်ရမှာထက် လောကကို စောင့်ရှောက်ရာ တရားနှစ်ပါးကျိုးပျက်မှာကို ပိုလို့စိုးရိမ်တတ်ကြပါတယ်။

## အရှက်နဲ့ အကြောက်

လောကကိုစောင့်ရှောက်ရာ တရားနှစ်ပါးဆိုတာ ဟိရိနဲ့ ဩတပ္ပလို့ဆိုတဲ့ မကောင်းမှုပြုရမှာကို ရှက်ခြင်း၊ မကောင်းမှုပြုရမှာကို ကြောက်ခြင်းဆိုတာများဖြစ်ပါတယ်။ လူသားအားလုံး လိမ္မာယဉ်ကျေးအောင်၊ လူ့လောကကြီး ငြိမ်းချမ်းသာယာအောင် ဖန်တီးပေးတာက အရှက်နဲ့ အကြောက်ဆိုတဲ့ လောကပါလတရားနှစ်ပါး ဖြစ်တယ်။ မကောင်းမှုပြုရမှာ ရှက်တဲ့၊ ကြောက်တဲ့အတွက် အဆင့်မြင့်လူသားဟာ မကောင်းမှုအားလုံးအရင်းခံရာ စိတ်ခံစားမှုနဲ့ စိတ်လှုပ်ရှားမှုအရ တုံ့ပြန်မှုမျိုးကို ရှောင်ကြဉ်နိုင်ဖို့ ကြိုးစားပါတယ်။

## အကျိုးဆက်ကို စဉ်းစား

စိတ်လှုပ်ရှားခံစားရတဲ့အတိုင်းသာ တုံ့ပြန်ဆောင်ရွက်ရင် အမှားဖြစ်ဖို့ချည်းများပါတယ်။ ကိစ္စတစ်ခုမဆောင်ရွက်မီမှာ ရှေ့နောက်ပြန်လှန်သုံးသပ်ဖို့၊ ကွင်းဆက်အကျိုးဆက် အဆိုး အကောင်းများကို စဉ်းစားဆင်ခြင်ဖို့ လိုအပ်ပါတယ်။ အဲဒီလို ဆင်ခြင်တုံတရားလက်ကိုင်ထားပြီး လူလိမ္မာ၊ လူယဉ်ကျေးဖြစ်ရာကနေ တစ်ဆင့်တက်ပြီး အများအတွက် ကိုယ်ကျိုးအားလုံး စွန့်နိုင်စွမ်းရှိတဲ့ အဆင့်မြင့်လူသားဖြစ်ဖို့ ကြိုးပမ်းအားထုတ်ကြဖို့ လိုပါတယ်။

၂၇၊ ၆၊ ၂၀၀၇။



www.burmeseclassic.com

www.burmeseclassic.com

# သူများဖိနပ်စွပ်ပြီး စဉ်းစားပါ

တစ်နေ့က 'ရောသမမွှေ'ဆိုတဲ့ အဆိုတော် သားစိုးရဲ့ သီချင်းစာသားတွေကို သေသေချာချာ ဂရုစိုက်နားထောင်နေဆဲမှာ ခေတ်ပေါ်ဂျာနယ်လစ် လူငယ်လေး သုံးလေးယောက် ရောက်လာကြပါတယ်။ သီချင်းကို အာရုံစိုက်နေမှန်းသိလို့ ငြိမ်သက်စွာ ထိုင်စောင့်နေကြပါတယ်။

### ထူးမခြားနားမှ ကြိုက်မယ်ထင်

'ဆရာက ဒီသီချင်းတွေလည်း နားထောင်လား'

ခေတ်ပေါ် ဂျာနယ်လစ်မိန်းကလေးက မေးလိုက်တာပါ။ တခြားလူငယ်လေးတွေကလည်း ပြုံးစေ့စေ့နဲ့ ကြည့်နေကြပါတယ်။

'ဂီတဆိုရင် ဘာမဆို နားထောင်ပါတယ်'

'ဒီသီချင်းကိုကော ကြိုက်ပါသလားခင်ဗျာ'

'ကောင်းသားပဲ၊ ကြိုက်ပါတယ်'

သူတို့လူငယ်တစ်စု အံ့သြနေပုံရပါတယ်။ သူတို့စိတ်ထဲမှာ 'ဒီဘိုးတော်ကြီး'က ထူးမခြားနားတို့၊ ဘာတို့လောက်သာ ကြိုက်မှာပါလို့ ထင်ထားပုံရပါတယ်။

### ဂီတမှာ နယ်နမိတ်မရှိ

'တချို့က ဒီသီချင်းကို မကြိုက်ကြဘူးခင်ဗျ'

'သူက အနောက်တိုင်းဂီတနဲ့ ရိုးရာ မြန်မာ့ဂီတကိုပေါင်းစပ်ဖို့ စမ်းသပ်ထားတာပဲ။ ဒါလုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စမျိုးပဲ။ ပထမ စုမယ်၊ နောက် တုပြီး လုပ်ကြည့်မယ်။ နောက်ဆုံးကျတော့ ကိုယ်ပိုင်ဟန်တစ်ခုနဲ့ ပြုစုမယ်။ ဒါ လမ်းရိုးအတိုင်း လိုက်တာပဲလေ။ ပြီးပြည့်စုံမှုမရှိသေးပေမယ်လို့ ဒါမှန်ကန်တဲ့ ပထမခြေလှမ်းဖြစ်တယ်။ ဒီလိုလုပ်မှ ရိုးရာဂီတ တိုးတက်စည်ပင်လာမှာပေါ့'

အဲဒီနောက်တော့ ထူးမခြားနားကြိုက်သလို ရစ်ကီမာတင်၊ ဂျွန်လင်နွန်၊ ကာပင်တားစ်တို့လည်း ကြိုက်တဲ့အကြောင်း၊ ဂီတဆိုတာ နယ်နိမိတ်မရှိ၊ ဘာသာစကား မရှိတဲ့အကြောင်း၊ ဂီတစစ်မှန်ရင် လူမျိုးမရွေး ခံစားလို့ရတဲ့ အကြောင်းများကို ဆက်ပြီးပြောပြဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## မျိုးဆက်ကိစ္စ

လူငယ်လေးတစ်စု စိတ်ထဲမှာ မတင်မကျဇဝေဇဝါနဲ့ ပြန်သွားကြတယ်လို့ပဲ ထင်ပါတယ်။ သူတို့စိတ်ထဲမှာ အသက် ၇၀ နီးပါး 'ဘိုးတော်ကြီး'တစ်ယောက်က သူတို့လူငယ်တွေနဲ့သာဆိုင်တယ်လို့ သူတို့ဟာသူတို့ သတ်မှတ်ထားတဲ့ ခေတ်ပေါ် ဂီတတွေကို နှစ်ခြိုက်လက်ခံတယ်ဆိုတာ ယုံရခက်နေကြတယ်လို့ ထင်ပါတယ်။ ဒီကနေဆက်ပြီး လူကြီးလူငယ် အမြင်ချင်းမတူ၊ အကြိုက်ချင်း မတူတဲ့ကိစ္စနဲ့ လူတကာပြောဆိုနေကြတဲ့ မျိုးဆက်ကွာဟမှုကိစ္စ ဆိုတဲ့အကြောင်းတွေကို တွေးနေမိပါတယ်။

## ကိုယ့်အမြင်နဲ့ကိုယ်

လူကြီးလူငယ် အကြိုက်ချင်း၊ အမြင်ချင်းမတူ ကွဲပြားတာ၊ ကွဲပြားရာကနေပြီး ပဋိပက္ခအဖြစ် ကူးပြောင်းရောက်ရှိသွားရတာမျိုး မိသားစုတိုင်း၊ အိမ်ထောင်စုတိုင်းမှာ ရှိမြဲဖြစ်ပါတယ်။ အဲဒီပြဿနာဖြစ်ရတဲ့ အကြောင်းတွေထဲမှာ စောစောကပြောခဲ့တဲ့ လူကြီးတွေဟာ ခေတ်မမီတော့ဘူး၊ အဟောင်းအမြင်းတွေကိုသာ ဖက်တွယ်နေကြတယ်လို့ လူငယ်တွေက လေ့နံ့ခါးထစ် စွဲမှတ်ထားကြတဲ့ ကိစ္စလည်း တစ်ခုအပါအဝင်ဖြစ်တယ်။ တစ်ဖက်ကျတော့လည်း လူကြီးမိဘတွေက ဘယ်ကိစ္စမဆို ကြည့်မြင်သုံးသပ်တဲ့အခါမှာ ကိုယ်လက်ရှိရောက်နေတဲ့ အသက်အရွယ်၊ အတွေ့အကြုံနဲ့သာ ရှုမြင်သုံးသပ်ခြင်း ပြုလေ့ရှိကြတယ်။

အကြိုက်တို့၊ အတွေးအမြင်တို့ဆိုတာ အသက်အရွယ်အပိုင်းအခြားကို လိုက်ပြီး ပြောင်းလဲတတ်တဲ့ သဘာဝရှိတယ်ဆိုတာကို လူကြီးတွေ ထည့်စဉ်းစားဖို့ မေ့လျော့နေလေ့ရှိကြတယ်။

## အရှူးချေးပန်းအကတဲ့

ကျွန်တော်တို့ ၉ တန်း၊ ၁၀ တန်း ကျောင်းသားအရွယ်က ကင်နီရောဂျားတို့၊ ဖရန့်ဆီနာထရာတို့ကို မကြိုက်ပါဘူး။ ပရက်စလေ၊ ပက်ဘွန်း၊ ကလစ်ရစ်ချတ်တို့ကို ကြိုက်ခဲ့တာပါ။ ခန်းမဆောင်အက ဖောက်စ်ထရောထက် ရော့ခ်အင်ရိုးနဲ့ ချာချာချာကို ပိုကြိုက်ခဲ့တာပါ။ အဲဒီတော့ ဒီခေတ်ကလေးတွေ သတ္တုသံတေးဂီတတွေကို စွဲမက်တာမျိုး၊ မြူးမြူးကြွကြွ၊ ဆူဆူညံညံ တေးသီချင်းတွေကို နှစ်ခြိုက်တာမျိုးကို အပြစ်မတင်သင့်ပါဘူး။ ဖင်လိမ်ကွင်းအကဆိုတာ ကျွန်တော်တို့ခေတ်က စခဲ့တာပါ။ ဒါကို လူကြီးမိဘတွေ သတိရသင့်ပါတယ်။ ဒီနေ့ ဂန္ထဝင်နေရာရောက်နေပြီဖြစ်တဲ့ ရော့ခ်အင်ရိုးကို တစ်ချိန်က 'အရှူးချေးပန်း'အကလို့ ကင်ပွန်းတပ်ခဲ့ကြတာကို မမေ့သင့်ကြပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



## ကိုယ်နဲ့ နှိုင်းပြီးဆုံးမပါ

လူကြီးတွေဟာ ကိစ္စတစ်ခုကိုရှုမြင်တဲ့အခါမှာ ဒီနေ့အသက်အရွယ်နဲ့ မရှုမြင်သင့်ပါဘူး။ ကိုယ်ခပ်ငယ်ငယ်၊ သားသမီးများအရွယ်က ဘာတွေလုပ်ခဲ့တယ်၊ ဘာတွေကြုံက်ခဲ့တယ်ဆိုတာတွေ ပြန်စဉ်းစားပြီးမှ သားသမီးတွေကို ဆုံးမသင့်တယ်။ ဒီခေတ်သဘာဝအလျောက် ကလေးတွေ လက်ဖက်ရည်ဆိုင် ထိုင်တာမျိုး၊ အပြင်းစားဂီတတွေ နားထောင်တာမျိုးတွေကို အကျင့်စာရိတ္တပျက်ယွင်းမှုကြီးတစ်ခုအဖြစ် မရှုမြင်သင့်ပါဘူး။ ဒီခေတ်လူငယ်တွေ ဂစ်တာတစ်လက်နဲ့ လမ်းထိပ်ထွက်ထိုင်ကြသလို ကိုယ်ငယ်ငယ်ကလည်း မယ်ဒလင်တစ်လက်နဲ့ မိန်းကလေးဆောင်တွေရှေ့မှာ ညဉ့်နက်သန်းခေါင်ထိ အချိန်ကုန်ခဲ့ကြတာပါလားလို့ ပြန်ပြီးတွေးသင့်ပါတယ်။

## မော်ဒန် ကျောက်ခေတ်လူသား

တစ်ဖက်ကလည်း ခေတ်မီတယ်၊ ခေတ်နောက်ကျတယ်ဆိုတာ အသက်အရွယ်နဲ့ မဆိုင်ဘူး၊ အသက်ကြီးတိုင်း ခေတ်ဆွေးကြီးဖြစ်နေတာ မဟုတ်ဘူးဆိုတဲ့ အချက်ကို လူငယ်တွေ နားလည်သဘောပေါက်သင့်ပါတယ်။ ဘွဲ့ရ ပညာတတ်၊ အသက်ငယ်ငယ်ရွယ်ရွယ်လေးနဲ့ နတ်ကတော်ဖြစ်နေသူတွေ ဘယ်လောက်များသလဲဆိုတာ မကြာမီကျင်းပတော့မယ့် တောင်ပြုန်းပွဲ၊ ရတနာ့ဂူပွဲတွေကို သွားကြည့်ရင် သိပါလိမ့်မယ်။ ဒီလူငယ်မျိုးတွေကတော့ နုပျိုတဲ့ခန္ဓာကိုယ်ပေါ်မှာ ကျောက်ခေတ်ကခေါင်းကြီးတပ်ထားတဲ့ 'မော်ဒန် ကျောက်ခေတ်လူသားများ' လို့ ခေါ်သင့်တာဖြစ်တယ်။

## ပို့စ်မော်ဒန် လူအိုကြီးများ

ဒါပေမဲ့ အသက်သာကြီးလာတယ်၊ ခေတ်မီမီ ကမ္ဘာကြည့်ကြည့် မြင်နိုင်စွမ်းရှိတဲ့ အမြဲတမ်းနုပျိုသစ်လွင်နေတဲ့ ဘကြီးမိုးလို အင်တာနက်ခေတ် ကာလသားကြီးတွေလည်း အများကြီးရှိပါတယ်။ သူတို့ကတော့ အိုမင်းရင့်ရော်တဲ့ ခန္ဓာကိုယ်ပေါ်မှာ နုပျိုသစ်လွင်တဲ့ဦးခေါင်း တပ်ထားတဲ့ 'ပို့စ်မော်ဒန် လူအိုကြီးများ'လို့ ခေါ်သင့်ပါတယ်။ အိုတယ်ဆိုတာ အသက်အရွယ်နဲ့ မဆိုင်ပါဘူး။ အတွေးအခေါ်နဲ့သာ ဆိုင်ပါတယ်။ ဒါကို လူကြီးရော လူငယ်ပါ သဘောပေါက်ထားသင့်ပါတယ်။

## သူများနွား အလကားမကျောင်းဘူး

လူကြီးတိုင်း အသိဉာဏ်ပြည့်ဝတာမဟုတ်သလို လူငယ်တိုင်းလည်း ခေတ်မီတိုးတက်နေတာ မဟုတ်ပါဘူး။ တိုးတက်ပြီး ရဲရင့်ပြတ်သားတဲ့ လူငယ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိသလို ပရမ်းပတာနဲ့ ရမ်းကားတဲ့လူငယ်တွေလည်း ရှိပါတယ်။ မိုက်ရူးရဲ လုပ်တတ်တာဟာ သတ္တိမဟုတ်ပါဘူး။ ရိုက်မယ်၊ နှက်မယ်၊ သတ်မယ်နဲ့ တစ်ကြိမ်းတည်းကြိမ်းနေသူဟာ တကယ်တော့ သတ္တိကြောင်သူသာဖြစ်တယ်။ ကြောက်လို့ ခြောက်တာဖြစ်တယ်။ စတန့်လုပ်တာကို အသစ်ထွင်တာလို့ အထင် ရောက်နေတဲ့ လူငယ်တွေလည်း ရှိပါတယ်။ အများအကျိုးအတွက် ကိုယ့် အသက်ကိုပင် မငဲ့ကွက်တဲ့လူငယ်တွေရှိသလို 'ကိုယ့်ထမင်း ကိုယ်စားပြီး သူများနွား အလကားမကျောင်းဘူး' ဆိုတဲ့ စိတ်မျိုးနဲ့ အရာရာကို ကိုယ်ကျိုး နဲ့သာ တိုင်းတာလေ့ရှိတဲ့ လူငယ်တွေလည်း ရှိပါတယ်။

## အတွေ့အကြုံဆိုတာ ပညာမဟုတ်

လူကြီးတွေထဲမှာလည်း အတွေ့အကြုံကို ပညာလို့ယူဆပြီး လူငယ်မှန်သမျှကို ငုံ့ကြည့်ချင်တဲ့သူမျိုးတွေ အများကြီးရှိပါတယ်။ အတွေ့အကြုံများတိုင်း ပညာ ရှိတာမဟုတ်ဘူးဆိုတာကို လူကြီးတွေ သဘောပေါက်ဖို့လိုပါတယ်။ အတွေ့ အကြုံများတိုင်းသာ ပညာရှိဖြစ်ရင် သဘင်သမားတွေ၊ ၁၂ ပွဲ ဈေးသည်တွေ၊ သင်္ဘောသားတွေအားလုံး ပညာရှိတွေချည်း ဖြစ်ကုန်ကြမှာပေါ့။ အတွေ့ အကြုံကို ပိုင်းခြားဝေဖန်ပြီး ဆင်ခြင်သုံးသပ်နိုင်တဲ့ အသိဉာဏ်ရှိမှ ပညာအဖြစ် ပြောင်းလဲနိုင်တယ်ဆိုတာ လူကြီးတွေ သတိပြုဖို့လိုပါတယ်။ အချုပ်ကတော့ ဘယ်ကိစ္စမျိုးမဆို စဉ်းစားတဲ့အခါမှာ ကိုယ့်လက်ရှိနေရာ တစ်ခုတည်းက မကြည့်ဘဲ သူများနေရာက သူများဖိနပ်ကိုစွပ်ပြီးလည်း စဉ်းစားဖို့လိုတယ် ဆိုတာပါပဲ။

၁၇၊ ၇၊ ၂၀၀၇။



www.burmeseclassic.com

www.burmeseclassic.com

# မန်နေဂျာဆိုတာ ဘာလုပ်ဖို့လဲ

လာနေကျ ကျောင်းသားဟောင်း တပည့်တစ်ယောက် တစ်ညနေမှာ ရောက်လာပါတယ်။ သူက အောင်မြင်နေတဲ့ လုပ်ငန်းရှင်တစ်ယောက် ဖြစ်ပါတယ်။ အထည်ချုပ်လုပ်ငန်း၊ ဂျုံစက်လုပ်ငန်းနဲ့ ဆပ်ပြာစက်လုပ်ငန်းများ လုပ်ပါတယ်။

## သူ့ငွေးပုံပေါက်

ညာဘက်လက်ကောက်ဝတ်မှာ ပတ်တီးစည်းထားတာတွေ့လို့ မေးကြည့်တော့ မနေ့ညက အထည်ချုပ်စက်ရုံသွားရင်း ချောင်မှာခိုးအိပ်နေတဲ့ ညဘက်လုံခြုံရေးတစ်ယောက်ကို ဒေါသဖြစ်ဖြစ်နဲ့ထိုးလိုက်တာ အဆစ်လွဲသွားလို့ တရုတ်ဆေးစည်းထားတာဖြစ်ကြောင်း ရှင်းပြပါတယ်။

'လူတွေဟာ ဆင်းရဲတာလည်း မပြောနဲ့ဆရာ။ အလုပ်ကို လေးလေးစားစား လုပ်ချင်ကြတာမဟုတ်ဘူး။ လစ်ရင်လစ်သလို လုပ်ကြတာ'

တကယ့်သူ့ငွေးပုံပေါက်နေတဲ့ တပည့်ဟောင်းကိုကြည့်ရင်း သင်တန်းလာတက်နေစဉ်က အမျိုးမျိုးရှုတ်နောက်နေတတ်တဲ့ တက္ကသိုလ်ကျောင်းသားလေးနဲ့ လုံးလုံးကိုမတူတော့ပါလားလို့ တွေးလိုက်မိပါတယ်။

## အမှားကို ထောက်ပြ

သူက ကျောင်းပြီးတော့ အဲဒီအချိန်ကခေတ်စားတဲ့ ဂျပန်ကိုသွားပြီး ဟိုမှာ ခြောက်နှစ်လောက် အလုပ်မျိုးစုံလုပ်ရင်း နေခဲ့ပါတယ်။ ပြန်လာတော့ မိဘလက်ငုတ် ဂျုံစက်လုပ်ငန်းကို ဦးစီးလုပ်ကိုင်ရင်း တစ်ခုပြီးတစ်ခု တိုးချဲ့လုပ်ကိုင်လာခဲ့တာ ဖြစ်ပါတယ်။ အခုဆိုရင် သူဦးစီးလုပ်ကိုင်နေတဲ့ လုပ်ငန်းပေါင်း ဒါဇင်ဝက်တောင် မကတော့ဘူးထင်ပါတယ်။ သူလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ အမ်ဒီကြီး၊ စီအီးအိုကြီးနဲ့ အခေါ်ခံနေရပါပြီ။ အမြဲတမ်း ရင်လာဖွင့်နေကျ၊ တိုင်ပင်နေကျ လူရင်းဖြစ်တာကြောင့် သူ့လုပ်ရပ်များကြောင်း ပွင့်ပွင့်လင်းလင်း ပြောလိုက်ပါတယ်။ အလုပ်သမားတစ်ယောက်ကို ကိုယ်ထိလက်ရောက် လက်သီးနဲ့ထိုးတာလည်း မှားကြောင်း၊ စက်ရုံထဲကကိစ္စကို စက်ရုံ



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာ မဖြေရှင်းစေဘဲ သူဌေးကိုယ်တိုင် ဝင်ရှင်းတာလည်း မှားကြောင်း ထောက်ပြလိုက်ပါတယ်။

## သူဌေးအလုပ်က ဘာလဲ

အဲဒီအခါ သူက လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ သူ့လုပ်ငန်းထဲမှာ ဖြစ်နေတဲ့ပြဿနာကို ဝင်ပြီးကိုယ်တွယ်တာ ဘာကြောင့်မှားတယ်လို့ ဆိုရပါသလဲလို့ စောဒကတက်ပါတယ်။

'လုပ်ငန်းရှင်သူဌေးရဲ့အလုပ်က လုံခြုံရေးအစောင့် ခိုးအိပ်တာ ဖမ်းဖို့လားကွဲ့'

ရုတ်တရက် သူဘာမှပြန်မဖြေဘဲ စဉ်းစားနေပါတယ်။ အဲဒီတော့မှ သူ့ကို စက်ရုံတစ်ခုလုံးကို အုပ်ချုပ်ဖို့ မန်နေဂျာခန့်ထားတာရှိကြောင်း သူ့ဝန်ထမ်းတွေကိစ္စ အပါအဝင် စက်ရုံတစ်ခုလုံးရဲ့ လုပ်ငန်းဆောင်တာအဝဝကို မန်နေဂျာက တာဝန်ခံရမှာဖြစ်ကြောင်း၊ မန်နေဂျာရဲ့ လက်အောက်မှာလည်း အဆင့်ဆင့်တာဝန်ယူရတဲ့ ဝန်ထမ်းကြီးငယ်တွေရှိကြကြောင်း သူဌေးလုပ်သူက နေရာတကာ ဝင်ပါဖို့မလိုကြောင်းများကို ရှင်းပြရပါတယ်။

## ကိုယ့်အလုပ် ကိုယ်မသိ

ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ကြီးကြီးမားမားတွေလုပ်တဲ့ အတွေ့အကြုံ မရှိခဲ့လေတော့ လုပ်ငန်းရှင်တွေမှာ စီမံခန့်ခွဲရေးအလုပ်ကို စနစ်တကျ မှန်မှန်ကန်ကန်လုပ်ဖို့ အားနည်းကြပါတယ်။ ကိုယ့်ဟာကိုယ် အမ်ဒီတို့၊ စီအီးအိုတို့ နာမည်တွေသာ တပ်ထားကြတာ။ အဲဒီရာထူးကြီးတွေဟာ ဘာအဓိပ္ပာယ်ရှိတယ်၊ ဘာလုပ်ရတယ်ဆိုတာ သေသေချာချာသိကြတာ မဟုတ်ပါဘူး။ အဲဒီတော့ သူဌေးဆိုပြီး၊ စီအီးအိုဆိုပြီး ညစောင့်ခိုးအိပ်တာ လာဖမ်းတဲ့အလုပ်ဝင်လုပ်လိုလုပ်၊ ဂိုဒေါင်မိုးယိုလို့ပြင်တာ လာပြီးဆရာလုပ်လိုလုပ်နဲ့ 'မရောင်ရာ ဆီလူး'တာမျိုးပဲ လုပ်နေကြပါတယ်။

## မန်နေဂျာရဲ့အလုပ်

စက်ရုံ၊ အလုပ်ရုံတိုင်းမှာ မန်နေဂျာဆိုတဲ့ရာထူး ခန့်ထားမြဲဖြစ်တယ်။ စက်ရုံ၊ အလုပ်ရုံရဲ့ ကုန်ထုတ်လုပ်မှု၊ စီမံထိန်းသိမ်းအုပ်ချုပ်မှု တာဝန်လည်း ယူရပါတယ်။ မန်နေဂျာက ဆိုင်ရာလုပ်ငန်းဌာနအသီးသီးရှိ တာဝန်ခံများကတစ်ဆင့် လုပ်ငန်းတစ်ခုလုံးကို ထိန်းချုပ်ရပါတယ်။ ညစောင့်အလုပ်သမား ခိုးအိပ်တဲ့ကိစ္စကို မန်နေဂျာတောင်မှ ဖြေရှင်းဖို့မလိုပါဘူး။ ဆိုင်ရာလုံခြုံရေးဌာနက တာဝန်ခံနဲ့တင် ပြီးရမယ့်ကိစ္စမျိုးပါ။ အထည်ချုပ်စက်ရုံ မန်နေဂျာရဲ့



www.burmeseclassic.com

www.burmeseclassic.com

### လူထုစိန်ဝင်း

အဓိကတာဝန်က သတ်မှတ်ထားတဲ့ပမာဏအတိုင်း အရည်အသွေး စံချိန်မီ အထည်များ ထုတ်လုပ်ပေးနိုင်ဖို့သာ ဖြစ်ပါတယ်။

### လုပ်ငန်းခွင် သာယာဖို့

အရည်အသွေးမီကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ဖို့အတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ လုပ်ငန်းခွင်သာယာရေး၊ အလုပ်သမားများ ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွရှိနေရေး ကိစ္စတွေကို ဆောင်ရွက်ပေးဖို့လည်း မန်နေဂျာရဲ့ တာဝန်ပဲဖြစ်ပါတယ်။ ဒီကိစ္စများဆောင်ရွက်ဖို့အတွက် မန်နေဂျာဟာ သတ်မှတ်ထားတဲ့ဘောင်အတွင်းက ဘဏ္ဍာငွေကြေးကို သုံးစွဲနိုင်ခွင့်ရှိပါတယ်။ ကိစ္စပေါ်တိုင်း လုပ်ငန်းရှင်သူဌေးကို တင်ပြ၊ ခွင့်ပြုချက်တောင်းခံနေရမယ်ဆိုရင် လုပ်ငန်းတွင်ကျယ်မှာ မဟုတ်တော့ပါဘူး။ သူဌေးရဲ့တာဝန်က မူဝါဒ ပေါ်လစီချမှတ်ဖို့နဲ့ ဘတ်ဂျက်ကိုထိန်းချုပ်ဖို့သာ ဖြစ်ပါတယ်။

### သူ့စည်း ကိုယ့်စည်း သိဖို့

သူဌေးလုပ်သူက စက်ရုံတစ်ခုချင်းစီရဲ့ အောက်ခြေသိမ်းလုပ်ငန်းတွေထဲ ဝင်ပါနေတယ်ဆိုရင် တခြားစက်ရုံတွေနဲ့ လုပ်ငန်းကြီးတစ်ခုလုံးကို ဘယ်လိုလုပ်ပြီး စီမံခန့်ခွဲနိုင်တော့မှာလဲ။ စက်ရုံတစ်ခုချင်းစီကို စီမံခန့်ခွဲဖို့အတွက် မန်နေဂျာခန့်ထားတာဖြစ်တယ်။

စက်ရုံ ပုံမှန်လည်ပတ်နိုင်ရေးအတွက် မန်နေဂျာကို လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝပေးထားရပါမယ်။ အဲဒီလုပ်ပိုင်ခွင့်ဘောင်ထဲကို ပိုင်ရှင်သူဌေးတောင် ဝင်မစွက်ဖက်သင့်ဘူး။ လုပ်ပိုင်ခွင့် အပြည့်အဝပေးထားပါလျက်နဲ့ လုပ်ငန်းကို အောင်မြင်အောင်မလုပ်နိုင်ဘူးဆိုရင်တော့ မန်နေဂျာကို အရေးယူနိုင်ပါတယ်။ ပိုင်ရှင်သူဌေးအနေနဲ့ မန်နေဂျာကို ဖြုတ်ချင်လည်း ဖြုတ်ပစ်နိုင်ပါတယ်။ ဒါပေမဲ့ မန်နေဂျာရဲ့အလုပ်ထဲကိုတော့ ဝင်ပြီးမစွက်ဖက်ရပါဘူး။ သူ့စည်း ကိုယ့်စည်း အပြန်အလှန်သိထားဖို့ လိုပါတယ်။

### ကိုယ့်နေရာကိုယ်သိ

သူဌေးက သူဌေးနေရာနေပြီး သူဌေးအလုပ်လုပ်၊ မန်နေဂျာက မန်နေဂျာနေရာနေပြီး မန်နေဂျာအလုပ်လုပ်ဆိုတဲ့အတိုင်းသာ တိတိကျကျ၊ မှန်မှန်ကန်ကန် ကျင့်သုံးကြရင် လုပ်ငန်းခွင်သာယာပြီး လုပ်ငန်းလည်း အောင်မြင်မှာဖြစ်တယ်။ အဓိကအရေးကြီးတာက လုပ်ငန်းရှင်သူဌေးပါ။ မန်နေဂျာကို စိတ်ချရတဲ့ အရည်အချင်းပြည့်ဝသူ ရွေးခန့်ထားဖို့လိုတယ်။ ခန့်ပြီးပြီဆိုရင်လည်း တကယ် စိတ်ချလက်ချနဲ့ လုပ်ပိုင်ခွင့်တွေပေးထားဖို့ လိုပါတယ်။ သူဌေးလုပ်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



ညစောင့်နိုးအိပ်တာ ဖမ်းနေဖို့၊ ဂိုဒေါင်မိုးယိုတာ ဝင်ဖာနေလို့တော့ ဘယ်ဖြစ်မလဲ။ ကိုယ့်နေရာ ကိုယ်သိ၊ ကိုယ့်အလုပ် ကိုယ်နားလည်ဖို့ လိုတာပေါ့။

၈၊ ၈၊ ၂၀၀၇။



www.burmeseclassic.com

www.burmeseclassic.com

# ပီဇနဲ့ စရိုက်ဆိုတာ ပျောက်ခဲ့တယ်

နှစ်ပေါင်းနှစ်ဆယ်ကျော် ကိုယ့်အိမ်မှာကိုယ် ကျောင်းကလေးဖွင့်ပြီး ဆရာလုပ်ခဲ့လေတော့ ကျောင်းသူ၊ ကျောင်းသား တပည့်တွေ ပေါများပါတယ်။ ကျန်းမာရေးကြောင့် ကျောင်းကလေးပိတ်လိုက်ရပေမယ့် ကျောင်းသူ၊ ကျောင်းသားတွေကတော့ အဝင်အထွက်မပျက်ပါဘူး။ ကြုံရင်ကြုံသလို ရောက်လာတတ်ကြပါတယ်။

### အဖိုးတန်တဲ့အရာ

အနယ်နယ်အရပ်ရပ်၊ အလှူအသီးသီးက ကျောင်းသူ၊ ကျောင်းသားတွေနဲ့ အထိအတွေ့မပျက်တော့ သတင်းမျိုးစုံလည်း ကြားရပါတယ်။ အိမ်ထဲက အိမ်ပြင်မထွက်နိုင်သူ တစ်ဦးအဖို့တော့ ဒီအချက်ဟာ အင်မတန် အဖိုးတန်လှပါတယ်။ ၉/၁၁ ကိစ္စကြီးဖြစ်တုန်းကဆို ဖြစ်ပြီး မိနစ်ပိုင်းအတွင်းမှာပဲ နယူးယောက်က တပည့်မလေးတစ်ယောက် ဖုန်းဆက်ပြီး မျက်မြင်ကိုယ်တွေ့တွေ ပြောပြတာကြောင့် အသံလွှင့်ဌာနတွေ အသံမလွှင့်ခင်ကပဲ သိခဲ့ရပါတယ်။ ဒါကြောင့် တပည့်တွေကို ကျေးဇူးတင်ရပါတယ်။

### ဦးနှောက်ခြောက်ရ

တစ်ခါတလေကျတော့လည်း ဦးနှောက်ခြောက်ရတာမျိုးတွေ ကြုံရလေ့ရှိပါတယ်။ တပည့်တွေက ဆရာကို ချစ်ခင်ရင်းနှီးလေတော့ သူတို့ပြဿနာတွေ၊ သူတို့ရင်ဖွင့်ချင်တာတွေကို ပုဏ္ဏားတိုင်လုပ်ပြီး လာရောက်တိုင်ပင်တတ်ကြပါတယ်။ အဲဒီအခါ စိတ်ရှည်လက်ရှည်နဲ့ နားထောင်ပေးရပါတယ်။ နှစ်ရှည်လများဆိုတော့ လူတွေရဲ့သဘောသဘာဝကို တော်တော်လေး နားလည်စပြုလာရပါတယ်။ ဒီအတွက်လည်း တပည့်တွေကို ကျေးဇူးတင်ရပြန်ပါတယ်။

### သူများ လက်ညှိုးထိုး

လူအတော်များများ၊ အားလုံးလောက်နီးပါးကိုပါပဲ။ ကိုယ့်မှာ ပြဿနာတစ်ခု၊ အဆင်မပြေတာတစ်ခု ကြုံလာရတဲ့အခါမျိုးမှာ အကြောင်းကိစ္စကို ယထာဘူတကျကျ ခွဲခြမ်းစိတ်ဖြာ သုံးသပ်ခြင်းမပြုဘဲ သူတစ်ပါးကိုသာ လက်ညှိုးထိုး



www.burmeseclassic.com

www.burmeseclassic.com



အပြစ်တင်လေ့ရှိကြတယ်ဆိုတဲ့ သဘောသဘာဝကိုလည်း သိလာရတယ်။ မိဘနဲ့သားသမီး၊ လူကြီးနဲ့လူငယ် အိမ်တွင်းရေးကိစ္စတွေပဲဆိုပါစို့။ ပြဿနာ တစ်ခုဖြစ်လာရင် လူငယ်ကလည်း ကိုယ်လုပ်ချင်တာတစ်ခုတည်း ကြည့်ပြီး လူကြီးတွေကို အပြစ်တင်ကြတယ်။ ကိုယ်လုပ်ချင်တာတွေ ကိုယ်လုပ်နေ တာတွေ မှန်မမှန်၊ သင့်မသင့်ဆိုတာတော့ ဘယ်တော့မှ မစဉ်းစားပါဘူး။ ကိုယ်လုပ်ချင်တာ မလုပ်ရတာနဲ့ ဂျီကျပြီး ဂျစ်တိုက်တော့တာပါပဲ။

## နှိုင်းယှဉ်ချက်ဖြတ်ပါ

လူကြီးမိဘတွေဘက်ကလည်း အလားတူပါပဲ။ ကိစ္စတစ်ခုကို ကြည့်တဲ့အခါမှာ လက်ရှိ ကိုယ့်အသက်အရွယ် ကိုယ့်အသိဉာဏ်နဲ့ပဲ ကြည့်ပြီး ဆုံးဖြတ်တတ် ကြပါတယ်။ ကိုယ်ကိုယ်တိုင် သားသမီးတွေအရွယ်က ဘာကြိုက်တတ်တယ်၊ ဘာတွေလုပ်တတ်တယ်၊ ဘယ်လိုနေခဲ့ထိုင်ခဲ့တယ် ဆိုတာတွေနဲ့ နှိုင်းယှဉ် စဉ်းစားလေ့ မရှိပါဘူး။ သူ့အကြိုက်နဲ့ လူ့စရိုက်ဆိုတာ အသက်အရွယ် အပိုင်း အခြားကိုလိုက်ပြီး ပြောင်းလဲတတ်တဲ့ သဘာဝကိုလည်း လူကြီးတွေက လစ်လျူရှုတတ်ကြပါတယ်။

## ဇစ်မြစ်ကိုမရှာ

အိမ်တွင်းရေးကိစ္စမဟုတ်ဘဲ စီးပွားရေး၊ လူမှုရေးကိစ္စတွေမှာလည်း အလား တူပါပဲ။ ပြဿနာတစ်ရပ်ဖြစ်လာတဲ့အခါ အကြောင်းရင်းဇစ်မြစ်ကို စနစ်တကျ လေ့လာသုံးသပ်မှုပြုမယ့်အစား အလွယ်တကူပဲ သူများကို လက်ညှိုးထိုး အပြစ်ပုံချလိုက်ကြပါတယ်။ ဒီတော့ ပြဿနာဟာ ဘယ်တော့မှပြေလည်သွား မှာ မဟုတ်တော့ပါဘူး။ ကျောင်းသားတပည့်တစ်ယောက်ကို နမူနာထား ပြောပြပါမယ်။ သူဟာ လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ဆီစက်ကြီးတစ်စက်ကို မူလပိုင်ရှင်ဆီက ဝယ်လိုက်ပါတယ်။ တော်တော်ကြီးတဲ့ လုပ်ငန်းကြီးပါ။ ပုံးကြီး၊ ပုံးငယ်တွေ၊ ပုလင်းကြီး၊ ပုလင်းငယ်တွေနဲ့ တစ်နိုင်ငံလုံးအနှံ့ ဖြန့်ချိနေတဲ့ လုပ်ငန်းကြီးတစ်ခု ဖြစ်ပါတယ်။

## လုပ်ငန်းကြီးပြဿနာများ

လုပ်ငန်းကကြီးတော့ ပြဿနာတွေလည်း များတာပေါ့။ အလုပ်သမား ပြဿနာတွေလည်း မကြာခဏဖြစ်လေ့ရှိပါတယ်။ အဲဒီအခါမှာ တပည့်ဖြစ်သူ က အရင်ပိုင်ရှင်လက်ထက်က စည်းမရှိကမ်းမရှိ လွှတ်ချင်တိုင်းလွှတ်ထား ခဲ့လို့ စည်းနဲ့ကမ်းနဲ့ ကြပ်မတ်လိုက်တာကို မလိုလားကြတာလို့ ကောက်ချက် ချပါတယ်။ ကိုယ့်ပစ္စည်း ရောင်းအားကျတဲ့အခါမှာလည်း အရင်ပိုင်ရှင် လက်



www.burmeseclassic.com

www.burmeseclassic.com



ထက်က စားအုံးဆီတွေ မတန်တဆရောရောင်းခဲ့လို့ ဈေးလျှော့ရောင်းနိုင်တာလို့ အဖြေထုတ်ပါတယ်။

## သုံးဘက် သုံးပြဿနာ

နယ်က ပဲကုန်သည်၊ နှမ်းကုန်သည်တွေနဲ့ ဆက်ဆံတဲ့အခါမှာလည်း အရင်ပိုင်ရှင်က အလျှော့ပေးလွန်းလို့ ရောင့်တက်ပြီး ကြိုတင်ပေးငွေကိုပဲ တိုးတိုးပြီး တောင်းနေကြတယ်လို့ ဆိုပါတယ်။ ဆီစက်ကြီး သူ့လက်ထဲရောက်တာ ၁၀ နှစ်ကျော်ပိုပြီး တိုးတက်လာရမယ့်အစား ဖြည်းဖြည်းချင်း ကျဆင်းလာနေပါတယ်။ ပြဿနာတွေနဲ့လည်း ဆက်ပြီးလုံးချာလိုက်နေပါတယ်။ သူ့အနေနဲ့ ဆက်ဆံရတဲ့ ဘက်သုံးဘက် ရှိပါတယ်။ အလုပ်သမား၊ စားသုံးသူ ဖောက်သည်တွေနဲ့ နယ်ကုန်သည်တွေ ဖြစ်ပါတယ်။ အဲဒီသုံးဘက်စလုံးနဲ့ သူ ဆက်ဆံရေး ချောချောမောမောမရှိပါဘူး။

## သူများကိုပဲ လက်ညှိုးထိုးနေ

ခဏခဏလာငြီးတွားနေလို့ တစ်ခါတော့ သူ့ကို ပွင့်ပွင့်လင်းလင်းပြောလိုက်ပါတယ်။ ဆီစက်ကြီး သူ့လက်ထဲရောက်တာ ဆယ်နှစ်ကျော်နေပြီ။ ပြဿနာတိုင်းကို အရင်ပိုင်ရှင်ကိုချည်း လက်ညှိုးထိုး၊ အပြစ်တင်နေတာ နည်းလမ်းမကျဘူး။ ကိုယ့်လက်ထက်မှာဖြစ်တဲ့ ပြဿနာကို ကိုယ်ပဲ တာဝန်ယူရမယ်။ ပြဿနာတွေကို စဉ်းစားတဲ့အခါမှာ ဖြစ်ပေါ်လာရတဲ့ဇစ်မြစ်ကို မှန်မှန်ကန်ကန် ရှာဖွေဖို့လိုတယ်။ အကြောင်းရင်း ဇစ်မြစ်ကိုသိရင် ဖြေရှင်းတဲ့ နည်းလမ်းကိုလည်း သိလာလိမ့်မယ်။ အရေးကြီးတာက စဉ်းစားတဲ့အခါတိုင်းမှာ ကိုယ့်ဘက်ကချည်းမစဉ်းစားဘဲ သူ့ဘက်က၊ သူ့နေရာကနေပြီး စဉ်းစားဖို့ဖြစ်တယ်ဆိုတဲ့ အကြောင်းများကို စိတ်ရှည်လက်ရှည် ရှင်းပြလိုက်ပါတယ်။

## စရိုက်မပျောက်နိုင်

နောက်တစ်နှစ်လောက်အကြာမှာ ဆီစက်ကြီးကို အရှုံးခံပြီး ရောင်းပစ်လိုက်ရပါတယ်။ တပည့်ဖြစ်သူဟာ ထက်မြက်တဲ့လူငယ်တစ်ယောက်ပါ။ သူ့ကို ရှင်းလင်းထောက်ပြခဲ့တာတွေကိုလည်း ကောင်းကောင်းနားလည်နိုင်ပါတယ်။ နားမဝေးပါဘူး။ ဒါပေမဲ့ သူ့ပင်ကိုတော့ မဖျောက်နိုင်ရှာပါဘူး။ အလိုလိုက်အကြိုက်ဆောင်ခံလာရတဲ့ သူဌေးသားဆိုတော့ နေရာတကာမှာ ငါကြိုက်တာ၊ ငါလုပ်ချင်တာပဲ သိတယ်။ ငါပြောသမျှ အားလုံးလိုက်နာကြရမယ်။ 'ဘောင်းတော်ညိတ် စိတ်တော်သိ'ဖြစ်ရမယ်လို့ပဲ နေရာတကာကျင့်သုံးတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ပြဿနာဖြေရှင်းရာမှာ

လူဆိုတာ အသက်ဘယ်လောက်ကြီးကြီး၊ ပညာတွေ ဘယ်လောက်တတ်တတ် မွေးရာပါဗီဇစရိုက်ကို ဖျောက်နိုင်ခဲပါတယ်။ ဆင်ခြင်တုံတရား အားကောင်းသူများသာ ဖျောက်နိုင်စွမ်းပါတယ်။ အဲဒါကြောင့် ပြဿနာတစ်ရပ် ဖြေရှင်းရာမှာ ပြဿနာရဲ့ အကြောင်းရင်းဖစ်မြစ်ကို ရှာဖွေရုံသာမက ကာယကံရှင်များရဲ့ ဇစ်မြစ်နဲ့ စရိုက်တို့ကိုပါ သိအောင်လုပ်ဖို့လိုပါတယ် ဆိုတဲ့အကြောင်း တင်ပြလိုက်ပါတယ်။

၆၊ ၈၊ ၂၀၀၇။



www.burmeseclassic.com

www.burmeseclassic.com

# လူနုပ်၊ လူမိုက်နဲ့ လူကောင်း

မကြာမီက သိဟောင်းကျွမ်းဟောင်း ချက်နိုင်ငံက သတင်းစာဆရာမလေး တစ်ယောက် ရောက်လာပါတယ်။ ပြန်ကာနီးတော့ ဘာစာအုပ်တွေမှာချင်သလဲ လို့ မေးပါတယ်။ သူလာတိုင်းလည်း ကောင်းနိုးရာရာစာအုပ် လေးငါးအုပ် ယူလာမြဲဖြစ်ပါတယ်။ အများအားဖြင့် စာနယ်ဇင်းအတတ်ပညာဆိုင်ရာနဲ့ ကျင့်ဝတ်ဆိုင်ရာစာအုပ်များ ဖြစ်ပါတယ်။

## ဟယ်ရီပေါ်တာကြိုက်သူ

လူကြုံကောင်းရင် ဟယ်ရီပေါ်တာနောက်ဆုံးထုတ် ထည့်ပေးပါလို့ ပြောလိုက်တော့ သူက ဝမ်းသားအားရနဲ့ သူဝယ်ထားတာရှိတယ်။ ဖတ်တော့ မဖတ်ရသေးဘူး။ ခရီးထွက်ပြီး ပြန်မှဖတ်မယ်ဆိုဝယ်ထားကာ အဲဒီစာအုပ် ပို့ပေးမယ်လို့ ပြောပါတယ်။ ပြီးတော့ ဟယ်ရီပေါ်တာတွေကြိုက်လားလို့ မေးပြီး အဖြေတောင်မစောင့်တော့ဘဲ သူတော့သိပ်ကြိုက်တယ် ထွက်ထွက်ချင်း ဝယ်ဖတ်တာပဲလို့ ဆက်ပြောတယ်။ သူလိုပဲ ဟယ်ရီပေါ်တာ တစ်အုပ်မကျန် ဖတ်ဖူးကြောင်း၊ အထူးသဖြင့် နေထိုင်မကောင်းဖြစ်လို့ အိပ်ရာထဲလှဲနေရတဲ့ အချိန်တွေမှာ အဲဒီလိုပျော်စရာစာအုပ်တွေကိုပဲ ဖတ်ချင်ကြောင်း ပြောပြလိုက်ပါတယ်။

## ဦးနှောက်ကြောလျှော့ဖို့

ခန္ဓာကိုယ် ကျန်းမာဖို့အတွက်၊ အကြောအခြင်တွေ ပြေလျှော့ဖို့အတွက် လေ့ကျင့်ခန်းလုပ်ရသလိုပဲ ဦးနှောက်ကအကြောအခြင်တွေ ပြေလျှော့စေဖို့ အတွက်လည်း အကြောလျှော့လေ့ကျင့်ခန်းတွေ လုပ်ဖို့လိုအပ်ပါတယ်။ ကိုယ့်ဝါသနာအလျောက် စိတ်ပေါ့ပါး ပျော်ရွှင်စရာ ဘာလုပ်လုပ်ရပါတယ်။ တချို့က ရုပ်ရှင်ကြည့်တယ်။ တချို့က အားကစားတစ်ခုခု လုပ်တယ်။ တချို့က ငါးမျှားတယ်။ ကိုယ်တိုင်ကတော့ နေကောင်းရင် တီဗီကဘောလုံးပွဲကြည့်တယ်။ နည်းနည်းနေမကောင်းဖြစ်ရင်တော့ အိပ်ရာထဲမှာနေရင်း ကာတွန်းဖတ်မယ်၊ ပြီးရင် ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီးဒဂုန်ရွှေမျှားတို့ ဘာသာပြန်ခဲ့ကြတဲ့ စာအုပ်တွေဖတ်မယ်။ ဟယ်ရီပေါ်တာလိုစာအုပ်တွေ ဖတ်မယ်ပေါ့။

www.burmeseclassic.com



**စာအုပ် သန်း ၃၀၀ ရောင်းရ**

ကိုယ်နဲ့မတိမ်းမယိမ်းအရွယ်တွေက ဟယ်ရီပေါ်တာဖတ်နေတာတွေ့ရင် ပြုံးကြတယ်။ ကလေးစာအုပ်တွေဖတ်နေတယ်လို့ ထင်ကြတယ် အောက်မေ့မိတယ်။ ဟယ်ရီပေါ်တာဇာတ်လမ်းတွဲတွေဟာ ကလေးကြိုက်စွန့်စားခန်းတွေနဲ့ လျှို့ဝှက်သဲဖိုစရာ စုန်းကဝေဇာတ်လမ်းမျိုးတွေ ဖြစ်တယ်။ ဒါပေမဲ့ ကလေးတွေသာမက လူကြီးတွေပါ နှစ်ခြိုက်ကြတယ်။ ကမ္ဘာအနှံ့ သူ့စာအုပ်တွဲတွေအားလုံး ထုတ်ဝေရောင်းချထားတာ သန်း ၃၀၀ လောက်ရှိနေတာကိုထောက်ရင် သူ့ပရိသတ်ကို ခန့်မှန်းနိုင်တယ်။ စာအုပ်ရေးတဲ့ စာရေးဆရာမလေးလည်း ဗြိတိန်နိုင်ငံရဲ့ အချမ်းသာဆုံး အမျိုးသမီးစာရင်းဝင် ဖြစ်နေပြီ။

**စုန်း၊ ကဝေ ယုံသူတွေများ**

ဟယ်ရီပေါ်တာ ဇာတ်လမ်းတွဲတွေကို ဘာ့ကြောင့် ဒါလောက်ကြိုက်နေကြတာလဲ။ အပျင်းပြေ၊ ပျော်စရာတွေကြောင့်လား။ စွန့်စားခန်းနဲ့ လျှို့ဝှက်သဲဖိုတွေကြောင့်လား၊ ဂမ္ဘီရ တန်ခိုးစွမ်းအင်တွေကြောင့်လား စသဖြင့် စသဖြင့် တွေးကြည့်လိုက်တော့ ဒါတွေကြောင့်သက်သက်တော့ဖြင့် ဟုတ်ဟန်မတူဘူးလို့ ကောက်ချက်ချမိတယ်။ သူတို့အနောက်နိုင်ငံတွေမှာ အဲဒီလိုစာအုပ်အမျိုးအစားတွေ အလျှံပယ်ပေါလှပါတယ်။ စုန်းကဝေနဲ့ ဂမ္ဘီရစွမ်းအင်တွေကို စွဲလန်းယုံကြည်သူတွေလည်း အထောင်အသောင်းရှိပါတယ်။ ဒါပေမဲ့ ဘယ်စာအုပ်မှ ဟယ်ရီပေါ်တာလောက် အုံးအုံးကျွက်ကျွက်ဖြစ်ပြီး ဟိုးလေးတကျော် အောင်မြင်မှု မရခဲ့ဖူးပါဘူး။

**အဘိဓမ္မာပါတယ်**

ဟယ်ရီပေါ်တာတွေဟာ ကလေးကြိုက်၊ ကလေးဇာတ်လမ်းတွေဖြစ်ပေမယ့် ဇာတ်ကောင်စရိုက်တွေဟာ တကယ့်လူတွေရဲ့ စရိုက်သဘာဝအတိုင်း ရိုးသားဖြူစင်တာတွေ၊ ကောက်ကျစ်စဉ်းလဲတာတွေ၊ မနာလိုဝန်တိုဖြစ်တာတွေ၊ သဘောထားပြည့်ဝတာတွေ၊ ချစ်ခင်ကြင်နာတာတွေ၊ ရက်စက်ယုတ်မာတာတွေ၊ ဖြောင့်မတ်တည်ကြည်တာတွေ၊ လိမ်ညာလှည့်ဖျားတာတွေကို ဖော်ကျူးထင်ဟပ်နေစေတယ်။ အဲဒါအပြင် နက်နက်နဲနဲတွေးယူရမယ့် အဘိဓမ္မာတွေလည်းပါတယ်။ အဲဒါကြောင့်သာ ဒါလောက်အောင်မြင်ခဲ့တာလို့ ယူဆမိပါတယ်။

**ဖတ်ညွှန်းမဟုတ်ပါ**

ဟယ်ရီပေါ်တာစာအုပ်အကြောင်း ရေးပြနေတာက 'ဖတ်ညွှန်း' လုပ်ချင်လို့ မဟုတ်ပါဘူး။ လူအများစုရဲ့ လေ့လာမှုပြုပုံအကြောင်း ပြောပြချင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com

## လူထုစိန်ဝင်း

တချို့က ဟယ်ရီပေါ်တာစာအုပ်မူရင်းကို မြင်ဖူးပုံတောင် မရပါဘူး။ ကလေးတွေအတွက်၊ စာသင်သားတွေအတွက် အနှစ်ချုပ်၊ အကျဉ်းချုံးပြီး ရေးထုတ်ထားတဲ့ စာအုပ်ကလေးတွေလောက်ဖတ်ပြီး ကောင်းတယ်၊ ဆိုးတယ် ဝေဖန်ချက်တွေ ရေးသား၊ ပြောဆိုနေတာမျိုးတွေ အတော်များများတွေ့နေရလို့ပါ။ ကွန်မြူနစ်ဝါဒရဲ့ ရေသောက်မြစ်ဖြစ်တဲ့ ကားလ်မတ်ရဲ့ 'အရင်းကျမ်း' (Das Capital)ဆိုတဲ့ စာအုပ်ကြီးကို တစ်ခါမှမမြင်ဖူးဘဲနဲ့ အနောက်နိုင်ငံကလူတွေရေးတဲ့ ကွန်မြူနစ်ဝါဒအကြောင်းဆိုတဲ့ စာအုပ်တွေ၊ ဆိုဗီယက်က၊ တရုတ်က ထုတ်တဲ့ စာအုပ်တွေလောက်သာဖတ်ဖူးပြီး ကွန်မြူနစ်ဝါဒ ကောင်းတယ်၊ မကောင်းဘူး အော်ကြီးဟစ်ကျယ် ပြောဆို ငြင်းခုံနေကြတာတွေလည်း အများကြီး တွေ့မြင်ခဲ့ရဖူးပါတယ်။

## သူ့အာဘော်နဲ့သူ

ဆိုဗီယက်ကထုတ်တဲ့ ကွန်မြူနစ်ဝါဒစာအုပ်တွေဟာ ဆိုဗီယက်ကွန်မြူနစ်ခေါင်းဆောင်တွေရဲ့ အာဘော်သာဖြစ်ပါတယ်။ အလားတူပဲ တရုတ်ကထုတ်တဲ့စာအုပ်တွေဟာလည်း တရုတ်ကွန်မြူနစ်ခေါင်းဆောင်တွေရဲ့ အာဘော်တွေသာ ဖြစ်ပါတယ်။ ကားလ်မတ်ရဲ့အယူအဆတွေလို့ မဆိုနိုင်ပါဘူး။ ကားလ်မတ်ရဲ့အယူအဆ၊ ကားလ်မတ်ရဲ့အတွေးအခေါ်ကို သိချင်ရင် သူကိုယ်တိုင်ရေးခဲ့တဲ့စာအုပ်တွေ ဖတ်ဖို့လိုပါတယ်။ အလားတူပဲ ဘယ်အကြောင်းကိစ္စဖြစ်ဖြစ် အပေါ်ယံလေးရှုပ်ကြည့်၊ သာမန်ကာလျှံကာလေး လေ့လာပြီး ကောက်ချက်ချဖို့ မသင့်ပါဘူး။

## အပေါ်ယံလေး မကြည့်နဲ့

လူတွေကိုလေ့လာတဲ့အခါမှာလည်း သူပြောတဲ့စကားတွေနဲ့ လတ်တလော သူလုပ်ပြနေတာတွေကိုသာကြည့်ပြီး အကဲဖြတ်လို့မရပါဘူး။ အရင်တုန်းက သူ့လုပ်ရပ်တွေကိုလည်း ပြန်ကြည့်ဖို့လိုပါတယ်။ အခု သူပြောနေတဲ့ စကားတွေဟာလည်း အလိမ်အညာဟုတ်မဟုတ်၊ အခု သူလုပ်ပြနေတာတွေကလည်း အမှန်တကယ် သူ့စိတ်ရင်းဟုတ်မဟုတ်၊ 'အကျိုးလိုလို့ ညောင်ရေလောင်း' ပြနေတာမျိုးဟုတ်မဟုတ် ဆိုတာတွေကို သေသေချာချာ စောင့်ကြည့် အကဲခတ်ကြည့်ဖို့ လိုပါတယ်။ အပေါ်ယံလေး ရှုပ်ကြည့်၊ ရှုပ်လေ့လာရုံမျှနဲ့တော့ အမှန်ကို ဘယ်တော့မှသိနိုင်မှာ မဟုတ်ပါဘူး။

## ပုတ်သင်ညိုလား၊ ပဲပြားပင်လား

လူ့စိတ်ဟာ အပြောင်းအလဲမြန်ပါတယ်။ တချို့က ပုတ်သင်ညို အရောင်ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



သလို ခဏာခဏာပြောင်းလဲတတ်ပါတယ်။ တချို့က ပဲပြားပင်လို လေတိုက်ရာ လိုက်ပြီး ယိမ်းတတ်ပါတယ်။ တချို့ကတော့ ညောင်ပင်ကြီးလို မြေမှာ အမြစ်တွေနိုင်နိုင်တွယ်ပြီး မယိမ်းမယိုင်နေတတ်ပါတယ်။ ဒါမျိုးကတော့ ရှားပါတယ်။ အများစုကတော့ ပထမနှစ်မျိုးလို ပုတ်သင်ညိုလို၊ ပဲပြားပင်လိုအစားတွေ ဖြစ်တယ်။ ဒီခေတ်မှာတော့ ပထမအမျိုးအစားနှစ်ခုကို 'လူနပ်'တွေ၊ 'လူနပ်ချမ်းသာ'တွေလို့ ခေါ်လေ့ရှိပြီး တတိယအမျိုးအစားကိုတော့ 'လူမိုက်'တွေလို့ ခေါ်လေ့ရှိတယ်။

## ဘယ်သူ လူကောင်းလဲ

ဘယ်သူတွေဟာ 'လူနပ်'လဲ၊ ဘယ်သူတွေဟာ 'လူမိုက်'တွေလဲ ဆိုတာကို အပေါ်ယံလေးရုပ်ကြည့်လို့ မသိနိုင်ဘူး။ လတ်တလော လုပ်ရပ်ကလေး ကြည့်ပြီး ပြောလို့လည်းမရဘူး။ ပြောတဲ့စကားနားထောင်ပြီး အကဲခတ်လို့လည်း မရဘူး။ သူတို့ရဲ့ သမိုင်းကြောင်းတစ်ခုလုံးကို ပြန်ကြည့်ဖို့လိုတယ်။ နောက်ပြီးတော့ 'လူနပ်'နဲ့ လူမိုက်'မှာ ဘယ်အမျိုးအစားက လိုလားအပ်တဲ့ 'လူကောင်း'ဖြစ်သလဲဆိုတာကို မှန်မှန်ကန်ကန် ဆုံးဖြတ်တတ်ဖို့ကတော့ အရေးကြီးဆုံး ဖြစ်ပါတယ်။

၂၈၊ ၈၊ ၂၀၀၇။



www.burmeseclassic.com

www.burmeseclassic.com

# မာရာဒိုနာရဲ့ ဘုရားပေးသောလက်နဲ့ ငန်းငန်းတက်သူများအကြောင်း

ကမ္ဘာကျော်ဘောလုံးသမား မာရာဒိုနာက ကမ္ဘာ့ဖလားဗိုလ်လုပွဲမှာ အနိုင်ဂိုး သွင်းယူခဲ့တဲ့ သူ့ရဲ့ 'ဘုရားပေးသောလက်'အကြောင်းကို နိုင်ငံတစ်ခုရဲ့ ခေါင်းဆောင်ဖြစ်သူကို ရှင်းပြနေတဲ့သတင်းကို ဘောလုံးဂျာနယ်တွေမှာ ဖတ်လိုက်မိတော့ 'ဩော် ... လောက လောက၊ တယ်လည်းခက်ပါလား'လို့ နှုတ်ကထွက်အောင် ရေရွတ်လိုက်မိပါတော့တယ်။

## ရှက်စရာမှန်း မသိတာလား

ကိုယ်လုပ်ခဲ့တဲ့ မသမာမှုတစ်ခုအတွက် အရှက်ရဖို့နေနေသာ ဒါကိုပဲ ကိုယ်တော်တာ၊ နပ်တာ၊ လျင်တာလို့သဘောထားပြီး ဂုဏ်ယူဝင့်ကြွားနေကြတာများ နေရာတကာမှာ မြင်တွေ့နေရပါတယ်။ မာရာဒိုနာက သူ့လုပ်ရပ်ဟာ မှန်တယ်လို့ တကယ်ပဲယူဆနေတာလား၊ ဒီကိစ္စဟာရှက်စရာလို့ အမှန်တကယ်ကို မသိတာလားဆိုတာတော့ သူကိုယ်တိုင်မှပဲ သိပါလိမ့်မယ်။ ဘောလုံးကစားတာကို အင်မတန်နှစ်သက် ဝါသနာကြီးသူတစ်ယောက်အနေနဲ့ ပြောရရင်တော့ တော်တော်ဝမ်းနည်းစရာကောင်းလှပါတယ်။ အားကစားပွဲများရဲ့ ရည်ရွယ်ချက်နဲ့ အားကစားစိတ်ဓာတ်ဆိုတာ လုံးဝပျောက်ကွယ်သွားပြီလားလို့ စိတ်မချမ်းမြေ့စွာ တွေးလိုက်မိပါတော့တယ်။

## နားရွက်ဖမ်းကိုက်တဲ့ထိ

မာရာဒိုနာမှ မဟုတ်ပါဘူး။ ဒီနေ့ဘောလုံးပွဲအပါအဝင် အားကစားလောကတစ်ခုလုံးမှာ အားကစားစိတ်ဓာတ်ဆိုတာ မြင်တွေ့ရဖို့ တော်တော်ခဲယဉ်းနေပါပြီ။ ဒိုင်လူကြီးနဲ့ ကစားသမားတွေ လောင်းကစားဒိုင်တွေနဲ့ ညှိပြီး မသမာမှုလုပ်ကြတာ၊ တားမြစ်ဆေးသုံးတာ၊ အသက်လိမ်ပြီး ဝင်ပြိုင်တာမျိုးတွေ နေ့စဉ်ကြားသိ မြင်တွေ့နေရပါတယ်။ ကစားကွင်းထဲမှာလည်း ရှက်စရာကောင်းလောက်အောင်ကို 'ညစ်'နည်းပေါင်းစုံသုံးပြီး ကစားနေကြတာတွေ စိတ်ပျက်စရာကောင်းလှအောင်ကို မြင်တွေ့နေရပါတယ်။ လက်ဝှေ့ပွဲမှာ ပြိုင်ဘက်လက်ဝှေ့သမားရဲ့နားရွက်ကို ဖမ်းကိုက်တာမျိုးထိတောင် လုပ်လာကြပါတယ်။

www.burmeseclassic.com



## တက္ကသိုလ်ဆိုင်ခွဲတွေ

အားကစားလောကတစ်ခုတည်း ဒီလိုဖြစ်နေတာလားဆိုတော့ မဟုတ်ပါဘူး။ ကျန်တဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ နယ်ပယ်အသီးသီး မှာလည်း မမှန်မကန် ဖောက်လွဲဖောက်ပြန်ပြုမူမှုတွေ ဒင်းကြမ်း(တင်းကြမ်း) ပြည့်နေတာပါပဲ။ ဒီနေ့စာနယ်ဇင်းတွေ လှန်လှောကြည့်လိုက်ရင် ကမ္ဘာ့ထိပ်သီး ဆိုတဲ့ တက္ကသိုလ်ကြီးတွေတောင် ကမ္ဘာလှည့်ပြီး ပါမောက္ခဆရာကြီးတွေ ကိုယ်တိုင် ဈေးရောင်းသလို မားကက်တင်းလုပ်နေကြတာမျိုးတွေ မမြင်ချင် အဆုံးပါပဲ။ ကုန်တိုက်ကြီးတွေက ကမ္ဘာအနှံ့ဆိုင်ခွဲတွေဖွင့်သလို တက္ကသိုလ် တွေကလည်း နိုင်ငံအနှံ့အပြားမှာ ကျောင်းခွဲတွေထောင်ပြီး စီးပွားရှာနေ ကြပါတယ်။

## နေရာတကာ ပိုက်ဆံရှာ

ပါမောက္ခဆိုတာ စာပေပညာ သင်ကြားပေးတဲ့အလုပ်နဲ့ သုတေသနအလုပ် တွေသာလုပ်တာလို့ ထင်မှတ်ထားတာ ခုခေတ်တော့ ဟုတ်ပေါင်။ သူတို့ အနောက်နိုင်ငံတွေမှာ နှစ်ဖက်စလုံးကပွဲခယူပြီး နိုင်ငံရေးပွဲစားယောင်ယောင်၊ စီးပွားရေးပွဲစားယောင်ယောင် လုပ်နေတဲ့သူမျိုးတွေ ရှိနေကြသေးတော့တယ်။ အလားတူပါပဲ။ ကျန်းမာရေးနယ်ပယ်မှာလည်း လူ့အသက်ကယ်တဲ့ ဆရာဝန်၊ ကျန်းမာရေးစောင့်ရှောက်ပေးတဲ့ ဆရာဝန်တွေရှိသလို ဟစ်တလာ့လက်ထက် က ဒေါက်တာမင်းဂလိုလို လူသတ်ဖို့ ဓာတုအဆိပ်လက်နက်၊ ရောဂါပိုးမွှား လက်နက်တွေ တီထွင်ထုတ်လုပ်ပေးတဲ့ ဆရာဝန်မျိုးတွေလည်း သူတို့ဆီမှာ ရှိကြပါတယ်။ ပြီးတော့ လူနာတစ်ယောက်ကို တစ်မိနစ်နှုန်းကြည့်ပြီး တစ်နေ့ ကို လူနာ ၂၀၀ လောက်ကြည့်တဲ့ စီးပွားရေးသမား အသပြာဆရာဝန်မျိုး တွေလည်း ရှိတာပါပဲ။

## မသိလို့မဟုတ်ပါ

ကမ္ဘာတစ်ခုလုံးမှာ ဒီလို သီလယွင်းပျက်၊ ဖောက်လွဲဖောက်ပြန် ပြုနေကြတာ များနဲ့ပတ်သက်ပြီး တချို့က မသမာမှုပြုနေကြသူများဟာ မကောင်းမှုကို မကောင်းမှုလို့မသိလို့ ပြုနေကြတာလား၊ ဒါမှမဟုတ်လည်း သူတို့မျက်နှာ တွေဟာ shame proof ဖြစ်ပြီး မရှက်တတ်ကြတော့လို့လားလို့ တွေးနေမိ ကြတယ်။ အသေအချာ ဆန်းစစ်ကြည့်တော့ ဒီပုဂ္ဂိုလ်တွေ ပြုလုပ်နေကြတဲ့ အကျင့်ပျက် မသမာမှုများဟာ မကောင်းမှုတွေဖြစ်တယ်ဆိုတာ သာမန်လူ့အသိ ဉာဏ်(common sense)ကလေး ရှိရုံမျှနဲ့တောင် သိနိုင်ကြပါတယ်။ ပြိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ရဲ့ နားရွက်ကို ဖမ်းကိုက်တာ၊ တစ်ဖက်သားရဲ့မျက်နှာကို တံတောင်နဲ့ တွက်ချလိုက်တာ၊ ခြေကျိုးအောင် ဆောင့်နင်းလိုက်တာ၊ စာမေးပွဲမှာ ခိုးချတာ၊ လူစားဝင်ဖြေတာ၊ ဓာတုအဆိပ်လက်နက်၊ ရောဂါပိုးမွှားလက်နက်တွေ ထုတ်လုပ်ပေးတာ၊ လူတွေနေကြတဲ့ကျေးရွာနဲ့ မြို့ပြတွေထဲကို အဝေးကြီးကလှမ်းပြီး ဒုံးကျည်နဲ့ ဘယ်သူတွေသေသေ လူတွေသေရင် ပြီးတာပဲ၊ လူ ၁၀၀ သေတဲ့ထဲမှာ အကြမ်းဖက်သမားတစ်ယောက် ပါတယ်ဆိုရင် မြတ်တာပဲဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့ပစ်တာ စတဲ့စတဲ့လုပ်ရပ်မျိုးတွေဟာ မကောင်းဘူးဆိုတာ မူလတန်းပညာသင်နေတဲ့ ကလေးတောင် သိပါတယ်။

**ငမ်းဖမ်းခံရတာ**

သိသိကြီးနဲ့ မကောင်းမှုပြုနေတာ ဘာကြောင့်လဲ။ မကြောက်တတ်၊ မရှက်တတ်လို့လား။ အမှန်ကတော့ မရှက်တတ်တာမဟုတ်ဘူး။ အရှက်ဆိုတာကို ဘာမှန်းမသိကြတာ။ ဘာကြောင့်မသိတာလဲဆိုတော့ သူတို့ဟာ 'ငမ်းဖမ်း' ခံထားရတဲ့အတွက် သူတို့ဦးနှောက်တွေဟာ ပုံမှန်မဟုတ်ကြတော့ဘူး။ အနည်းနဲ့အများ 'သွပ်ချောင်ချောင်'ဖြစ်နေကြတယ်။ စိန်ရွှေငွေတွေကို၊ ဒါမှမဟုတ် ဩဇာအာဏာကို၊ ရာထူးဌာနန္တရကို 'ငမ်းငမ်းတက်'ဖြစ်နေတာကြောင့် ဆင်ခြင်တုံတရား ခေါင်းထဲမှာ မရှိကြတော့ဘူး။ ကလင်တန်ဟာ သူ့သမီးအရွယ် ကျောင်းသူလေးကို နေ့ခင်းကြောင်တောင် ရုံးခန်းကြီးထဲမှာ မဖွယ်မရာမပြုမူသင့်ဘူးဆိုတဲ့ လူသာမန်တို့ရဲ့ အသိဉာဏ်လေးမျှတောင် မရှိခဲ့တာက 'အာဏာငမ်း'ကြောင့် ဖြစ်တယ်။ သူ့ကိုသူ 'ငါ အမေရိကန်သမ္မတ၊ နံပါတ်ဝမ်းဖြစ်တယ်။ ငါလုပ်သမျှ ဘယ်သူမှမပြောဝံ့ဘူး'ဆိုတဲ့ မာန်ကြောင့်ဖြစ်တယ်။ နံပါတ်ဝမ်းဆိုတဲ့မာန်၊ အိမ်ဖြူတော်ဆိုတဲ့မာန်၊ သမ္မတကုလားထိုင်ဆိုတဲ့မာန်၊ ကမ္ဘာကြီးတစ်ခုလုံးမှာ တစ်ဦးတည်းသော 'စူပါပါဝါ'ဆိုတဲ့မာန်တွေကြောင့် နစ်ဆင်၊ ရေဂန်၊ ကလင်တန်၊ ဘုရှ်သားအဖတစ်တွေ မကောင်းမှုမျိုးစုံ ပြုလုပ်ခဲ့ကြတာ ဖြစ်တယ်။ ဒီမာန်တွေကို 'အာဏာငမ်း'က မွေးထုတ်ပေးလိုက်တာဖြစ်တယ်။

**ဒုစရိုက်သုံးပါး**

ကမ္ဘာတစ်ခုလုံးကလူတွေ အရှက်ကင်းမဲ့လာတာ၊ ရိုင်းစိုင်းပြီး ရက်စက်ကြမ်းကြုတ်တာ၊ အကျင့်ပျက်တာ၊ ကိုယ်ကျင့်သိက္ခာကျဆင်းတာ၊ သီလခေါင်းပါးတာ စတာတွေအားလုံးရဲ့ အရင်းအမြစ်က လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ဒုစရိုက်သုံးပါးရဲ့ငမ်းဖမ်းတာကို ခံကြရခြင်းကြောင့်ဖြစ်တယ်။ လူတွေ



www.burmeseclassic.com

www.burmeseclassic.com

ပထမတန်းစားစိတ်ဓာတ်

ပြန်လည်ယဉ်ကျေးလာစေဖို့၊ လောကကြီးသာယာလှပဖို့ ဒုစရိုက်သုံးပါးကို ချိုးနှိမ်ပယ်သတ်ဖို့လိုအပ်ကြောင်း နှိုးဆော်လိုက်ပါရစေ။

၃၊ ၉၊ ၂၀၀၇။



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်အလုပ်ကိုယ်လုပ် ဇာတ်မရှုတ်ဘူး

တစ်နေ့မှာ အားကစားဂျာနယ်တစ်စောင်က လူငယ်အယ်ဒီတာတစ်ယောက် ရောက်လာပြီး သူတို့ဂျာနယ်မှာ အပတ်စဉ် အားကစားဆောင်းပါးရေးပေးပါလို့ ဆိုပါတယ်။ ယူရို ၂၀၀၄ ပြိုင်ပွဲကြီး ကျင်းပနေစဉ်နဲ့ ကျင်းပပြီးစမှာ ဘောလုံးပွဲနဲ့ဆိုင်တဲ့ အင်တာဗျူးတစ်ခု ဖြေကြားပေးခဲ့တာရယ်၊ ခြုံငုံသုံးသပ်ချက် ဆောင်ပါးတစ်ပုဒ် ရေးပေးခဲ့ဖြစ်တာရယ်ကြောင့် သူက တောင်းဆိုလာတာပါ။ မြန်မာပြည်မှာ ဝယ်လို့ရသမျှ နိုင်ငံခြားကသတင်းစာတွေ နေ့စဉ်ဝယ်ဖတ် နေရုံမက အင်တာနက်နဲ့ ချိတ်ဆက်ပြီးတော့လည်း သတင်းတွေကို မျက်ခြည် မပြတ် စောင့်ဖတ်နေသူဖြစ်ကြောင်း သိထားတာကြောင့် အခုလို တောင်းဆို လာတာဖြစ်ပါတယ်။ အားကစားဂျာနယ် ဆိုပေမယ့်လည်း သူတို့က ဘောလုံး ကို အဓိကအားပြုပြီး လုပ်နေကြတာပါ။ ကိုယ်တိုင်ကလည်း ငယ်စဉ်က တည်းက ဘောလုံးဝါသနာကြီးခဲ့သူဖြစ်တာကြောင့် ဘောလုံးပွဲကြီးတွေ ကျင်းပနေချိန်မျိုးဆိုရင် ဒီခေတ်လူငယ်တွေနဲ့ ဘောလုံးအကြောင်းတွေလည်း ပြောဖြစ်ကြပါတယ်။

လူငယ်တွေ လာပြီးအကူအညီတောင်းကြရင် စိမ်းစိမ်းကျက်ကျက် ငြင်းခဲပါတယ်။ တတ်နိုင်သလောက် ကူညီခဲ့တာပါပဲ။ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ ဝင်လုပ်နေကြတဲ့ လူငယ်လူရွယ်တွေ အားလုံးလောက်နီးပါးဟာ စီးပွားရေး အမြင်နဲ့ ငွေရှာဖို့ရည်ရွယ်ချက်နဲ့ ဝင်လုပ်ကြတာမဟုတ်ပါဘူး။ ဝါသနာ၊ ဒါမှ မဟုတ် ယုံကြည်ချက်ကြောင့် ဝင်လာကြတာချည်းပါ။ အဲဒါကြောင့် သူတို့ရဲ့ စိတ်က သန့်ရှင်းပါတယ်။ ငွေရဖို့တို့၊ ပေါ်ပြူလာဖြစ်ဖို့တို့ ဂရုမစိုက်သေးပါဘူး။ သူတို့ ယုံကြည်စွဲလမ်းရာအတိုင်း၊ သူတို့စိတ်ကူးအိပ်မက်တွေအတိုင်း လက် တွေ့ဖြစ်လာအောင် အကောင်အထည်ဖော် ဖန်တီးနေရတာကိုပဲ ကြည်နူးနှစ် သိမ့်နေတတ်ကြတာပါ။ ဒါကြောင့် လူငယ်တွေကို အမြဲအားပေးကူညီပါတယ်။ ဒီဘက်ခေတ် ဂျာနယ်၊ မဂ္ဂဇင်းမျိုးစုံမှာ ရေးခဲ့သမျှစာတွေကို စုပေါင်းထုတ်တဲ့ စာအုပ်ပေါင်း နှစ်ဆယ်၊ အစိတ်လောက်ရှိပါပြီ။ အားလုံးကို လူငယ် စာသမား ပေသမား ထုတ်ဝေသူအသစ်ကလေးတွေကိုချည်း ပေးခဲ့တာပါ။ မေတ္တာ၊ စေတနာဆိုတာ ဘယ်တော့မှ အချည်းနှီးမဖြစ်ဘူးဆိုတဲ့ မြန်မာလူမျိုးတို့ရဲ့ အစဉ်အလာယုံကြည်ချက် အင်မတန်မှန်ပါတယ်။ ထုတ်ဝေသူ လူငယ်၊

www.burmeseclassic.com



လုံမငယ်လေးတွေနဲ့ ဆက်ဆံရတာ စိတ်ချမ်းသာရပါတယ်။ စိတ်အနှောင့် အယှက်ဖြစ်စရာ တစ်ခုမှမတွေ့ရပါဘူး။ ဒီလိုဆိုတော့ ဒီခေတ်စာနယ်ဇင်း သမားမှန်သမျှ သူတော်ကောင်းတွေချည်းလားဗျာလို့ မေးစရာရှိပါတယ်။ ဒီလိုတော့လည်း မဟုတ်ပါဘူး။ မူလက ဝါသနာ၊ ယုံကြည်ချက်တို့နဲ့လုပ်ခဲ့တဲ့ သန့်ရှင်းတဲ့စိတ်ကလေးဟာ လုပ်ရင်းကိုင်ရင်း အကြောင်းအမျိုးမျိုးတွေကြောင့် ညစ်ထေးသွားတာတွေ ရှိပါတယ်။ 'သူလည်းလေ လောကီသားပေမို့'လို့သာ အောက်မေ့ကြရမှာပ။

လူငယ်တွေနားပူသမျှ မငြင်းတမ်း ရေးပေးခဲ့ပေမယ့် ဒီတစ်ကြိမ်တော့ ငြင်းလိုက်ရပါတယ်။ ကိုယ့်အလုပ်မှ မဟုတ်တာပဲကိုး။ ကိုယ့်အလုပ်မဟုတ်လို့ မလုပ်တတ်ဘူးပြောတာကို လူငယ်အယ်ဒီတာလေးက လက်ခံချင်ပုံမရဘူး။ ဘောလုံးပွဲတွေကြည့် ဘောလုံးပွဲတွေအကြောင်း ပြောနေတာပဲလို့ စောဒက တက်ပါတယ်။ ကြည့်တာ၊ ပြောတာက လူတိုင်းလုပ်လို့ရသကွဲ့။ ဘောလုံး စာစောင်တစ်ခုမှာ ဘောလုံးအကြောင်း သုံးသပ်ဝေဖန်တာမျိုးရေးဖို့ဆိုတာ ကျတော့ လူတိုင်းလုပ်လို့မဖြစ်ဘူး။ သေသေချာချာကို လေ့လာထားတဲ့လူမျိုးမှ လုပ်နိုင်တယ်။ ဘောလုံးရဲ့ သမိုင်းကြောင်း၊ ဘောလုံးကစားခြင်းဆိုင်ရာ ဥပဒေ စည်းကမ်းသတ်မှတ်ချက်တွေ ထဲထဲဝင်ဝင်သိထားဖို့ လိုအပ်ရုံတင်မက ဘော လုံးအသင်းတွေနဲ့ ဘောလုံးသမားတွေရဲ့အကြောင်း ထွေလာသောင်းပြောင်း တွေပါမကျန် သိထားဖို့လိုအပ်တယ်။ အဲဒီလိုသိထားဖို့အတွက် နှစ်ပေါင်း များစွာ စိုက်လိုက်မတ်တပ်လုပ်နေရတယ်။ ခုလုပ်ခုဖြစ်ဆိုတာမျိုး မဟုတ်ဘူး။ ဘောလုံးပွဲအကြောင်း ပြောတယ်၊ ရေးတယ်ဆိုတာက ဝါသနာရှင် ပွဲကြည့် ပရိသတ်တစ်ယောက်အနေမျိုးနဲ့ ပြောတာ၊ ရေးတာ။ ဟိုရေးက ဘောလုံးပွဲ တွေအကြောင်း သတင်းကိုရေးတာ။ ဘောလုံးပွဲ ဘယ်လိုကစားကြတယ် ဆိုတာ စာဖတ်ပရိသတ်အနေနဲ့ ကိုယ်တိုင် ဘောလုံးပွဲသွားကြည့်နေရသလိုလို မျက်စိထဲမြင်လာအောင် ကြိုးစားရေးတာ။ ဘောလုံးပွဲသတင်းကို ရေးတာ။ ဝေဖန်သုံးသပ်ချက် commentony ရေးတာမဟုတ်ဘူး။ ဝေဖန်သုံးသပ် ချက်ရေးတာက ဝေဖန်သုံးသပ်သူ commentator ရဲ့အလုပ်။ ဒီအလုပ် နှစ်မျိုးဟာ တူသလိုလိုနဲ့ မတူပါဘူး။ သူ့အလုပ်နဲ့သူ။ သူ့တာဝန်နဲ့သူ။ အလား တူပဲ၊ နိုင်ငံရေးသတင်းထောက်ဟာလည်း နိုင်ငံရေးပါတီမှန်သမျှ ဝင်ထွက် သွားလာပြီး နိုင်ငံရေးပါတီများရဲ့ သဘောထားကြေညာချက်တွေ စည်းဝေး ဆုံးဖြတ်ချက်တွေကို စာဖတ်ပရိသတ်သိအောင် ရေးသားတင်ပြရပါတယ်။ ဒီမှာတင် သူ့တာဝန်ပြီးဆုံးပါပြီ။ ကြေညာချက်တွေ၊ ဆုံးဖြတ်ချက်တွေကို မှားတယ် မှန်တယ်၊ ကောင်းတယ် ဆိုးတယ် သူဝင်ပြီး ဘာမှစောကြော



www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်စရာ မလိုပါဘူး။ ဒါက နိုင်ငံရေးသုံးသပ်ဝေဖန်သူရဲ့ အလုပ်။ သူက ဆက်လုပ်လိမ့်မယ်။ သတင်းထောက်က ဝေဖန်သုံးသပ်လုပ်နေရင် ဘယ်သူက သူ့ကို သတင်းပေးချင်တော့မှာလဲ။

သတင်းထောက်ရော သုံးသပ်ဝေဖန်သူပါ နိုင်ငံရေးပါတီတွေကို ဝင်ထွက်သွားလာပြီး နိုင်ငံရေးသမားတွေနဲ့ ပေါင်းသင်းဆက်ဆံတာ၊ သူတို့ ကြေညာချက်တွေ၊ ဆုံးဖြတ်ချက်တွေကို ဖတ်ရှုလေ့လာတာ အမြဲတစေ လုပ်နေရပါတယ်။ ဒါပေမဲ့ သူတို့ဟာ ဘယ်တော့မှ နိုင်ငံရေးသမား ဖြစ်မသွားကြပါဘူး။ သတင်းသမားက သတင်းအလုပ်ကိုပဲ လုပ်ပါတယ်။ အလားတူပဲ နိုင်ငံရေးသမားကလည်း နိုင်ငံရေးအလုပ်ကိုပဲ လုပ်ပါတယ်။ ရင်းရင်းနှီးနှီး အကျွမ်းတဝင် ပေါင်းသင်းဆက်ဆံနေကြပေမယ့်လို့ သူ့အလုပ်သူလုပ်ပြီး ကိုယ့်အလုပ်ကိုယ်လုပ်ကြပါတယ်။ သူ့စည်း၊ ကိုယ့်စည်း ခွဲခြားတတ်ပါတယ်။

'ပရဲ့ဖက်ရှင်နယ်လစ်ဇင်'(Professionalism)စိတ်ဓာတ်ကို နားလည်သူမှန်သမျှ ကိုယ့်အလုပ်မဟုတ်တာကို ဝင်ရောက်စွက်ဖက်ခြင်း ဘယ်တော့မှ မပြုပါဘူး။ ကိုယ့်အလုပ်ထဲကို သူများကဝင်စွက်တာကိုလည်း မနှစ်မြို့ပါဘူး။ အဲဒါကြောင့် တကယ့်'ပရဲ့ဖက်ရှင်နယ်'မှန်ရင် ကိုယ့်အလုပ်ကို ရိုသေတန်ဖိုးထားသလို သူ့အလုပ်ကိုလည်း ရိုသေတန်ဖိုးထားပါတယ်။ ငါ့အလုပ်က ပိုကောင်းတယ်၊ ပိုတန်ဖိုးရှိတယ်။ ဒါကြောင့် ငါက ပိုတန်ဖိုးရှိတယ်ဆိုတဲ့ စိတ်ဓာတ်မျိုး ဘယ်တော့မှထားလေ့မရှိပါဘူး။ သတင်းစာတိုက်ကြီးတစ်တိုက်မှာ အယ်ဒီတာဆိုတာ သင်္ဘောတစ်စင်းရဲ့ မာလိန်မှူးလိုပါပဲ။ အားလုံး သူ့အဆုံးအဖြတ်ကို နာခံကြရပါတယ်။ ဒါပေမဲ့ သူက သတင်းထောက်တွေထက် ပိုပြီး အရေးပါတယ်လို့တော့ မဆိုနိုင်ပါဘူး။ သတင်းထောက်မရှိဘဲနဲ့ သတင်းစာ မရှိနိုင်ပါဘူး။ အယ်ဒီတာက သတင်းလိုက်တတ်ချင်မှ လိုက်တတ်မှာဖြစ်သလို သတင်းထောက်ကလည်း အယ်ဒီတာလုပ်တတ်ချင်မှ လုပ်တတ်မှာပါ။ မလုပ်တတ်ကြလို့လည်း ဘာမှမဖြစ်ပါဘူး။ အယ်ဒီတာက အယ်ဒီတာအလုပ်လုပ်ပြီး သတင်းထောက်က သတင်းထောက်အလုပ် လုပ်နေရင် ပြီးတာပါပဲ။

အဲဒီလို သူ့အလုပ်နဲ့သူ၊ ကိုယ့်အလုပ်နဲ့ကိုယ် ကျွမ်းကျင်ရာလိမ္မာဆိုတဲ့ သဘောကို ရှင်းပြလိုက်မှ အားကစားဂျာနယ်အယ်ဒီတာလေးက ဘဝင်ကျကျ လက်ခံသွားပါတယ်။ ဆရာပြောသလိုသာ ကိုယ့်အလုပ်ကိုယ်လုပ်ပြီး သူ့အလုပ်သူလုပ်နေကြရင် လောကကြီးမှာ ဘာမှ ဇာတ်ရှုပ်စရာရှိမှာ မဟုတ်ဘူးနော်လို့လည်း နောက်ဆုံး မှတ်ချက်ချသွားပါတယ်။

၁၇၊ ၈၊ ၂၀၀၄။



www.burmeseclassic.com

www.burmeseclassic.com

# တိကျပြတ်သားတဲ့ရည်မှန်းချက် ရှိဖို့လိုတယ်

ဒီအကြောင်းကို ရေးပေါင်းများလို့ ထပ်နေပါပြီ။ အကြောင်းအရာပေါင်းစုံကို အခြေခံပြီး ပုံစံအမျိုးမျိုးနဲ့ရေးခဲ့တာတွေ အပ်ကြောင်းထပ်မှုဖြစ်နေလို့ စာဖတ်ပရိသတ်ကိုတောင် အားနာလှပါပြီ။ အကြောင်းကတော့ လမ်းပေါ်မှာ လမ်းပျောက်ပြီး ဟိုယောင်ယောင်ဒီယောင်ယောင်ဖြစ်နေတဲ့ လူငယ်တွေ အကြောင်းပါ။

## အတိုင်ပင်ခံဖြစ်ရ

ရေးပေါင်းများလွန်းလို့ မရေးချင်တော့ပေမယ့် ရေးစရာက ဖြစ်ဖြစ်လာတာ ကြောင့် ရေးရပြန်ပါပြီ။ စာနယ်ဇင်းသမားတစ်ပိုင်း၊ ကျောင်းဆရာတစ်ပိုင်း ဖြစ်နေလေတော့ ကျောင်းသူ ကျောင်းသား တပည့်တပန်းတွေသာမက စာဖတ် သူ လူငယ် လုံမငယ်များပါ ရောက်ရောက်လာပြီး ရင်ဖွင့်ကြ၊ နှီးနှောတိုင်ပင် ကြ လုပ်လေ့ရှိပါတယ်။ နယ်က လူငယ် လုံမငယ်များက စာရေးပြီးရင်ဖွင့်ကြ ပါတယ်။ အဓိကရင်ဖွင့်ကြတဲ့ အကြောင်းအရာများကတော့ မိဘနဲ့ သားသမီး အကြား ဖြစ်လေ့ဖြစ်ထရှိတဲ့ပြဿနာ၊ ပညာရေးနဲ့ အနာဂတ်ပြဿနာ၊ အလုပ် အကိုင်နဲ့ စီးပွားရေးပြဿနာ စတာတွေဖြစ်ပါတယ်။ ကျောင်းသူ ကျောင်း သား တပည့်တွေကျတော့ တစ်ခါတစ်ရံမှာ သူတို့ လူငယ်ကိစ္စ အချစ်ရေး၊ အိမ်ထောင်ရေးတွေပါ တိုင်ပင်၊ အကြံဉာဏ်တောင်းတတ်ကြပါတယ်။

## မြည်တွန်တောက်တီးရ

သင်တန်းလေးဖွင့်နေစဉ်က နေ့စဉ်နဲ့အမျှ လူငယ်လေးတွေကို မြည်တွန် တောက်တီး လုပ်နေရတဲ့အကြောင်းဟာ ကိုယ်ဘာရည်ရွယ်ချက်နဲ့ ဘာတွေ လုပ်နေတာလဲဆိုတဲ့အချက်ကို ရေရေရာရာမသိဘဲနဲ့ လုပ်နေကြတဲ့ကိစ္စ ဖြစ်တယ်။ အင်္ဂလိပ်စကားပြောသင်တန်း လာတက်နေကြတာ ဘာအတွက် လဲလို့ မေးလိုက်ရင် အများစု(တော်တော်များတဲ့ အများစု)က တိတိကျကျ မဖြေတတ်ကြဘူး။ လွန်ခဲ့တဲ့ နှစ်အစိတ် သုံးဆယ်လောက်က သင်တန်း လာတက်ကြသူအများစုဟာ ဘွဲ့ရပြီးစ လူငယ်၊ လုံမငယ်လေးတွေဖြစ်ပါတယ်။ ဘွဲ့ကြိုနဲ့ ဆယ်တန်းအောင်ပြီးစ လူငယ်လေးတွေလည်း ပါကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



## သင်္ဘောသားနဲ့ ဂျပန်သွား

အထက်တန်းကျောင်း ပြီးလာတဲ့အရွယ်တွေက ၁၈ နှစ်ဝန်းကျင် ရှိကြပြီး ဘွဲ့ရပြီးအရွယ်တွေက နှစ်ဆယ်နဲ့ သုံးဆယ်ဝန်းကျင်ရှိနေကြပြီ ဖြစ်ပေမယ့် သူတို့ဘဝရည်မှန်းချက်က ဘာလဲ၊ ဘာလုပ်မှာလဲလို့ မေးကြည့်။ ယောင်ဝါးဝါးသာ ဖြေနိုင်ကြပါတယ်။ အဲဒီခေတ်က သင်္ဘောသားနဲ့ ဂျပန်သွား ခေတ်စားတော့ အားလုံးနီးပါးက သင်္ဘောတက်ဖို့၊ ဂျပန်သွားဖို့ဆိုတာလောက်ပဲ စိတ်ကူးယဉ်ခဲ့ကြပါတယ်။ ဆရာဝန်ကလည်း ဂျပန်သွားဖို့၊ ကျူတာမလေးကလည်း ဂျပန်သွားဖို့၊ ဆယ်တန်းအောင်ပြီးစ ကျောင်းသူလေးကလည်း ဂျပန်သွားဖို့လောက်ကို အဆုံးစွန်ရည်မှန်းချက်အဖြစ် ထားရှိနေကြပါတယ်။

## နောင်ခါလာ နောင်ခါစျေး

ဟုတ်ပါပြီ။ ဂျပန်သွားပြီး ဘာလုပ်မှာလဲ။ နောင်တစ်နေ့နေ့ ပြန်လာတော့ ဘာလုပ်စားမှာလဲလို့ ဆက်မေးလိုက်ရင် သူတို့မှာ အဖြေမရှိတော့ပါဘူး။ အခြေအနေအရပဲ၊ မီးစဉ်ကြည့်ကရမှာပဲ၊ နောင်ခါလာ နောင်ခါစျေးပဲလို့သာ မရေမရာ ပြောကြပါတယ်။ အဲဒီလို နောင်ခါလာ နောင်ခါစျေးသမားတွေ ဟိုရောက်သွားတော့ 'အိုက်တိုး ပဂေးဆန်'တွေ ဖြစ်သွားကြတာများပါတယ်။ အဲဒီလိုဘဝနဲ့ အချိန်အတန်ကြာနေပြီး အကြောင်းအမျိုးမျိုးကြောင့် နေမဖြစ်တော့လို့ ပြန်ရောက်လာကြတဲ့အခါမှာလည်း ရောက်စ တစ်နှစ်၊ နှစ်နှစ်တော့ ပါလာတဲ့ တိုယိုတာလေး ဟိုင်းလပ်လေးနဲ့ တမော်မော်တကြွားကြွားပေါ့လေ။

## သူဌေးလေး စတိုင်ဖမ်း

နှစ်နှစ် သုံးနှစ်လောက်ကြာသွားတော့ ဂျပန်ကပါလာတဲ့ ပိုက်ဆံလေးက ကုန်သလောက်ရှိသွားပြီ။ ပြန်ရောက်ကတည်းက ဘာမှမလုပ်မကိုင်ဘဲ သူဌေးလေး စတိုင် ဖမ်းနေခဲ့တာကိုး။ အဲဒီတော့မှ အလုပ်လုပ်ဖို့ စဉ်းစားရတော့တယ်။ စဉ်းစားပေမယ့်လည်း ဘာလုပ်နိုင်မှာလဲ။ ဂျပန်မှာနေခဲ့တဲ့ ကိုးနှစ် ဆယ်နှစ်မှာ အသက်မွေးဝမ်းကျောင်းပညာတွေ သင်ခဲ့ရတာမှမဟုတ်ပါပဲ။ ကြိုရာကျပန်း လုပ်ကိုင်နေခဲ့ရတာလေ။ ဒီတော့ ဘာမှမလုပ်တတ်ဘူးပေါ့။ နောက်ဆုံးတော့ ပတ်စ်ပို့ပွဲစားလိုလို၊ ကားပွဲစားလိုလိုနဲ့ပဲ ယောင်ဝါးဝါးနေရင်း အသက်က ကြီးလာခဲ့ရပါတော့တယ်။

## မျိုးဆက်ခြားသွားပေမယ့်

အဲဒီ ရှေး နှစ်အစိတ်၊ သုံးဆယ်ကလူငယ်တွေလိုပဲ ဒီခေတ်လူငယ်တွေလည်း ကိုရီးယားသွားဖို့၊ မလေးနဲ့ စင်ကာပူသွားဖို့၊ ဒူဘိုင်းနဲ့ ကာတာသွားဖို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးတွေယဉ်ရင်း ကိုရီးယားစကား၊ တရုတ်စကား၊ မလေးစကား၊ အာရဗီစကား စတဲ့မှိုလိုပေါက်နေတဲ့ ဘာသာစကားသင်တန်းတွေမှာ တိုးဝှေ့တက်ရောက်နေကြပါတယ်။ သူတို့တစ်တွေကို ဘာသွားလုပ်မှာလဲ၊ ပြန်လာတော့ ဘာလုပ်စားမှာလဲ မေးကြည့်။ ရှေး နှစ်အစိတ်၊ သုံးဆယ်က လူငယ်တွေလိုပဲ မီးစဉ်ကြည့်ကရမှာပဲတို့၊ အခြေအနေအရပေါ့တို့၊ နောင်ခါလာ နောင်ခါချေးပေါ့တို့လို့ ဖြေကြဦးမှာပါပဲ။ မျိုးဆက်တစ်ခု ကွာခြားသွားပေမယ့် လူငယ်တွေရဲ့ ဘဝနဲ့ အခြေအနေကတော့ ဘာမှ ကွာခြားပြောင်းလဲမသွားပါဘူး။ ဒုံရင်း ဒုံရင်းပါပဲ။

## အကြောင်းနှစ်ရပ်

ဒီလိုအခြေအနေမျိုးဖြစ်ရတဲ့ အကြောင်းရင်းကို တွေးဆဆန်းစစ်ကြည့်တော့ ဖြစ်နိုင်ဖွယ်ရာရှိတဲ့ အကြောင်းနှစ်ရပ် သွားတွေ့မိပါတယ်။

(၁) တိကျပြတ်သားတဲ့ ရည်မှန်းချက်ပန်းတိုင်မရှိခြင်း၊

(၂) ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု အားနည်းခြင်း ဆိုတဲ့အကြောင်းများ ဖြစ်ပါတယ်။

## အိပ်မက်မက်တတ်အောင်

ငယ်စဉ် မူလတန်း၊ အလယ်တန်း ကျောင်းသားအရွယ်လောက်ကတည်းက ဘာဖြစ်ချင်တယ်၊ ဘာလုပ်ချင်တယ်ဆိုတဲ့ ဘဝရည်မှန်းချက်(ambition)၊ ဒါမှမဟုတ် အိပ်မက်(dream)တွေ စတင်ဖြစ်ထွန်းလာအောင် ပြုစုပျိုးထောင်ပေးရပါမယ်။ အထက်တန်းကျောင်းသားအရွယ်ရောက်ရင် အဲဒီအိပ်မက်တွေ၊ ရည်မှန်းချက်တွေဟာ အခိုင်အမာ အမြစ်တွယ်နေပြီး ဖြစ်ရပါမယ်။ တက္ကသိုလ်ကျောင်းသားအရွယ်ဟာ အဲဒီအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော် တည်ဆောက်နေတာ ဖြစ်စေရပါမယ်။ ပညာရေးဆိုတာ လူငယ်တွေ အိပ်မက်မက်တတ်အောင်အားပေးတဲ့ လမ်းညွှန်တဲ့သဘော ဖြစ်စေရပါမယ်။

## ကြားလူအားမကိုးနဲ့

အိပ်မက်မက်နေရုံနဲ့လည်း မပြီးသေးပါဘူး။ အဲဒီအိပ်မက်တွေကို မဖြစ်ဖြစ်အောင် အကောင်အထည်ဖော်နိုင်စွမ်း ကိုယ့်မှာရှိတယ်ဆိုတာကို လူငယ်တိုင်း ယုံကြည်မှုအခိုင်အမာရှိဖို့ လိုပါတယ်။ ကျူရှင်တွေအားကိုး၊ သူတစ်ပါး(ကြားလူပွဲစား) အားကိုးလုပ်နေကြတာက လူငယ်တွေ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အားနည်းလို့ ဖြစ်ရတာပါ။ ကိုယ့်ရည်မှန်းချက်အောင်မြင်ဖို့ ကိုယ့်ဟာကိုယ် လုပ်မှရမယ်။ ဘယ်သူကမှ လုပ်ပေးလို့ရမှာမဟုတ်ဘူး ဆိုတာကို ရှင်းရှင်း



www.burmeseclassic.com

www.burmeseclassic.com

## လူထုစိန်ဝင်း

လင်းလင်း၊ ပြတ်ပြတ်သားသားသိထားဖို့ လိုပါတယ်။ ကြားလူဝင်လာရင် နာပြီသာမှတ်ပါ။ ကြားလူပွဲစားဆိုတာက သူ့အကျိုးစီးပွားအတွက် သူလုပ်မှာ ပဲလေ။ ဒါသဘာဝပဲ။ ကိုယ့်အစွမ်းကိုယ် အမှန်တကယ် နိုင်နိုင်မာမာ ယုံကြည် ရင် ဘယ်ကြားလူကိုမှ အားကိုးစရာမလိုပါဘူး။

## မဖြစ်နိုင်တာ ဘာမှမရှိ

အဲဒါကြောင့် လူငယ်တွေကို ဘာပဲလုပ်လုပ်၊ ဘာကြောင့်လုပ်တာလဲ၊ ဘယ်ထိ ရောက်အောင် လုပ်မှာလဲဆိုတဲ့ ရည်မှန်းချက်ပန်းတိုင် တိတိကျကျ၊ ပြတ်ပြတ် သားသားရှိဖို့ အရေးကြီးကြောင်း အမြဲတမ်းပြောမြဲဖြစ်ပါတယ်။ ဝေဝေဝါးဝါးနဲ့ မသဲမကွဲ၊ မပြတ်မသားဖြစ်နေရင်တော့ ဘယ်မှလည်း ရောက်မှာမဟုတ်ဘူး။ ဘာမှလည်း ဖြစ်လာမှမဟုတ်ဘူးလို့ ထပ်ပြောချင်ပါတယ်။ အိပ်မက် ရဲရဲမက် တတ်မှ လူငယ်ပီသပါတယ်။

အိပ်မက်တွေကို လက်တွေ့ဖြစ်လာအောင်လုပ်နိုင်စွမ်း ကိုယ့်မှာရှိတယ် ဆိုတဲ့ ယုံကြည်ချက်ခိုင်မာဖို့လည်း လိုပါတယ်။ အဲဒီလို ယုံကြည်ချက်ခိုင်မာရင် လောကကြီးမှာ မဖြစ်နိုင်တာဘာမှမရှိပါဘူး။ တခြားသူ ကြားလူပွဲစားကို အားမကိုးပါနဲ့။ ကိုယ့်အားကိုယ်ကိုးပြီး လုပ်စရာရှိတာ ကိုယ့်ဟာကိုယ်လုပ်ပါ။

## ခေတ်နဲ့ညီဖို့လို

နောက်ဆုံးတစ်ချက် ပြောချင်တာကတော့ ဘာပဲလုပ်လုပ် ခေတ်အခြေအနေ နဲ့ကိုက်ညီအောင်လုပ်ဖို့ လိုတယ်ဆိုတဲ့အကြောင်း ဖြစ်ပါတယ်။ အိပ်မက်ကို လည်း ခေတ်မီအောင်မက်တတ်ဖို့ လိုပါတယ်။ ပညာခေတ်၊ 'နက်တီဇင်ခေတ်' ကြီးထဲမှာ 'အိုက်တိုးပငေးဆန်'သွားလုပ်ဖို့၊ သူများနိုင်ငံမှာ 'အို'သွားလုပ်ဖို့ လောက်သာ စိတ်ကူးနေလို့မရတော့ပါဘူး။ ဒီခေတ်က မလေး၊ စင်ကာပူ လောက်၊ ဂျပန်လောက်သာ မကပါဘူး။ အင်္ဂလန်၊ အမေရိကန်ဆိုတဲ့ နိုင်ငံကြီး တွေထိတောင် ပညာသင်ဖို့ ကျောင်းသားဗီဇာနဲ့ ခေါင်းမော့ရင်ကော့ပြီး သွား နိုင်တဲ့လမ်းတွေ အများကြီးပွင့်လန်းနေတဲ့ခေတ် ဖြစ်နေပါပြီ။ ပညာနဲ့ EP တွေ၊ SP တွေ တရားဝင်ရနိုင်တဲ့ခေတ် ဖြစ်နေပါပြီ။

## ကိုယ်လုပ်မှ ကိုယ်ရ

အဓိကအရေးကြီးဆုံးက တိကျပြတ်သားတဲ့ ရည်မှန်းချက်ပန်းတိုင်ရှိဖို့နဲ့ ကိုယ်စွမ်းကိုယ်စကိုသာ ယုံကြည်အားထားဖို့ ဖြစ်ပါတယ်။ ဘေးလူ ဘယ်သူ ကမှ အလကားသက်သက် လာပြီးမကူပါဘူး။ ကိုယ်လုပ်မှ ကိုယ်ရပါတယ်။ ပန်းတိုင်ရောက်ဖို့ ကြိုးစားအားထုတ်ရတာ ပင်ပန်းတာတော့ ရှိမှာပေါ့။ လောက



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘယ်အရာမှ အလကားမရပါဘူး။ ထိုက်တန်တဲ့တန်ဖိုး ပေးရတာချည်းပါပဲ။ တန်ဖိုးရှိတဲ့အရာကို လိုချင်တယ်ဆိုရင် ထိုက်တန်တဲ့တန်ဖိုး ပေးရမှာကို တွန့်ဆုတ်နေလို့ ဘယ်ရမှာလဲ။ ဒါသဘာဝပဲ။ အိပ်မက်တွေ ရဲရဲမက်လိုက်ကြစမ်းပါ။ ပြီးတော့ အဲဒီအိပ်မက် အကောင်အထည်ပေါ်လာအောင် ခါးတောင်းကျိုက်ပြီး ကြိုးစားလိုက်ကြစမ်းပါ။

၂၅၊ ၉၊ ၂၀၀၇။



www.burmeseclassic.com

www.burmeseclassic.com

# ကောက်ရိုးမီးစိတ်ဓာတ်

မတွေ့တာကြာပြီဖြစ်တဲ့ ကျောင်းသားဟောင်း ရောက်လာနှုတ်ဆက်ပါတယ်။ ရောက်တာနဲ့ ဒီခေတ်လူငယ်တွေရဲ့ဝသီအတိုင်း 'ခိုသံ'ပေးပြီး ညည်းပါတယ်။ အလုပ်တွေ တစ်မျိုးပြီးတစ်မျိုးပြောင်းလုပ်ခဲ့တာ တစ်ခုမှအဆင်မပြေလို့ ဘာဆက်လုပ်ရမှန်းမသိအောင် လမ်းစပျောက်နေတဲ့အကြောင်း ရင်ဖွင့်ပါတယ်။

## အဖုအထစ် အငြင်းအခုံ

သူ ဘွဲ့ရပြီးစက အဲဒီအချိန်မှာခေတ်စားနေတဲ့ 'စည်ဘီယာ'ဆိုင်ဖွင့်ဖို့အတွက် ဆိုင်နာမည်ရွေးပေးခဲ့ရတာကို မှတ်မိနေပါသေးတယ်။ ဆိုင်တွေကို အင်္ဂလိပ်နာမည်မှည့်ကြတာ ခေတ်စားစအချိန်ကပေါ့။ ခေတ်စားစအချိန်ဖြစ်လို့ ပထမတစ်နှစ်ကျော် နှစ်နှစ်လောက်တော့ ဆိုင်က အတော်လေးအောင်မြင်ခဲ့ကြောင်း သိရပါတယ်။ နောက်တော့ နေရာတကာမှာ 'စည်ဘီယာ'ဆိုင်တွေချည်း ဖြစ်လာကြတာကြောင့် အရောင်းကျလာပါတယ်။ အရောင်းကျလာတော့ ထုံးစံအတိုင်း တွဲလုပ်တဲ့သူငယ်ချင်းတွေနဲ့ အဖုအထစ်၊ အငြင်းအခုံတွေ မကြာခဏဖြစ်လာပါတော့တယ်။

## နားလည်မှုနဲ့လုပ်

သူတို့လုပ်ငန်းက သူငယ်ချင်းငါးယောက် အစုစပ်လုပ်ကြတဲ့ လုပ်ငန်းဖြစ်ပါတယ်။ မြန်မာတို့ထုံးစံ ဘာစာချုပ်စာတန်းမှမရှိဘဲ နားလည်မှုနဲ့ လုပ်ခဲ့ကြတာပါ။ အဲဒီတော့ လုပ်ငန်းလုပ်ရင်းနဲ့ အဖုအထစ်ကလေးတွေ ဖြစ်လာတဲ့အခါမှာ စည်းကမ်းနည်းလမ်းနဲ့ဖြေရှင်းလို့ မရနိုင်တော့ဘဲ စကားများကြ၊ ရန်ဖြစ်ကြနဲ့ချည်း အဆုံးသတ်နေကြရပါတော့တယ်။ နောက်ဆုံးတော့ ထုံးစံအတိုင်း ကွဲကြပြဲကြဖြစ်ပြီး လုပ်ငန်းရပ်ဆိုင်းသွားရပါတယ်။

## ငွေကို ဆာလာအိတ်နဲ့ထည့်သုံး

လုပ်ငန်းရပ်ဆိုင်းရုံမျှ မကပါဘူး။ ကျောင်းသားဘဝကတည်းက ညီရင်းအစ်ကိုလို ပေါင်းသင်းလာခဲ့ကြတဲ့သူတွေ ရန်သူကြီးများသဖွယ် မျက်နှာချင်းမဆိုင်ချင်လောက်တဲ့အထိ ဖြစ်သွားကြပါတော့တယ်။ အခုရောက်လာတဲ့ ကျောင်းသား

www.burmeseclassic.com



ဟောင်းက စည်ဘီယာဆိုင်ပိတ်ပြီးနောက်မှ တစ်ယောက်တည်း ဂိမ်းဆိုင်ဖွင့်ပါတယ်။ တစ်နှစ်လောက်ကြာတော့ စက်တွေအကုန်လုံး ရောင်းပစ်လိုက်ပြီး မိုင်းရှူးဘက် တက်သွားပါတယ်။ နှစ်နှစ်လောက်ကြာတော့ ငှက်ဖျားမိပြီး အရိုးပေါ်အရေတင်နဲ့ ပြန်ရောက်လာပါတယ်။ 'သိန်းလေးငါးဆယ်လောက်နဲ့ ဟိုမှာ ဘာမှလုပ်လို့မရဘူး ဆရာရဲ့။ သူတို့က ငွေတွေကို 'ဆာလာအိတ်'နဲ့ ထည့်ပြီး သုံးနေကြတာ'လို့ ရောက်စက သူပြောပြခဲ့တာကို အမှတ်ရနေမိပါသေးတယ်။

### ကားသယ်ပို့ ရောင်းချ

မိုင်းရှူးကပြန်ရောက်ပြီး ဆေးကုရင်း နှစ်နှစ်လောက် သူနားနေပါသေးတယ်။ အဲဒီနောက်တော့ အဲဒီအချိန်မှာခေတ်စားနေတဲ့ မူဆယ်ဘက်က ကားတွေသယ်ပြီး ရန်ကုန်၊ မန္တလေးမှာရောင်းတဲ့အလုပ် လုပ်ပါတယ်။ မိဘကျောထောက်နောက်ခံကောင်းပြီး ငွေရင်းတတ်နိုင်လေတော့ တစ်ခေါက်ကို ကားကိုးစင်း ဆယ်စင်းအထိ သယ်ယူရောင်းချပါတယ်။ ဒါပေမဲ့ ဒီလုပ်ငန်းလည်း နှစ်နှစ်လောက်ကြာတော့ လမ်းစပိတ်ပြီး ရပ်ဆိုင်းသွားပြန်ပါတော့တယ်။

### အစုံလုပ်ပွဲစား

ကားသယ်ပို့လုပ်ငန်း ရပ်သွားတော့ အဆက်ရပြီးသား ကားပွဲစားအလုပ်ကို ဆက်လုပ်ပါတယ်။ ကားဝယ်ရောင်းလုပ်လိုက်၊ ပွဲစားလုပ်လိုက် လုပ်ရင်းကနေ အိမ်ပွဲစား၊ ဖုန်းပွဲစားအလုပ်တွေလည်း အလျဉ်းသင့်သလို လုပ်ပါတယ်တဲ့။ တစ်ခါတလေ ချိတ်ဆက်မိရင် ဘိလပ်မြေပွဲစားပါ လုပ်ပါသေးတယ်တဲ့။ အခုရောက်လာချိန်မှာတော့ ဝယ်ရောင်းနဲ့ ပွဲစားလုပ်ငန်းလည်း သိပ်မဟန်တော့တာကြောင့် 'လိုင်း'ပြောင်းဖို့စဉ်းစားနေတယ်လို့ ပြောပြပါတယ်။ အကြံဉာဏ်လေး ဘာလေး ပေးပါဦး၊ လမ်းကြောင်းလေး ပြပေးပါဦးလို့ အပူကပ်ပါတယ်။

### ထကြွလုံ့လရှိပေမယ့်

သင်တန်းလာတက်နေစဉ်ကတည်းက သူဟာ လက်ကြောတင်းအောင် မလုပ်ချင်သူ မဟုတ်တာကို သိပါတယ်။ ထကြွလုံ့လလည်း ရှိပါတယ်။ ဘွဲ့ရပြီးကတည်းက အလုပ်တွေတစ်ခုပြီးတစ်ခု လုပ်ခဲ့ပါတယ်။ မအောင်မြင်တာသာ ဖြစ်တယ်။ မလုပ်ချင်တာ၊ မလုပ်တာ မဟုတ်ပါဘူး။ ခေတ်စားတဲ့ ပေါ်ပင်လုပ်ငန်းမှန်သမျှ သူမလုပ်ဖူးတာ မရှိသလောက်လို့တောင် ဆိုနိုင်ပါတယ်။ စည်ဘီယာ၊ ဂိမ်းဆိုင်၊ 'ဝစ်သောက်'ဝယ်ရောင်း၊ ကားဝယ်ရောင်း၊ အစုံပွဲစား စတာတွေကနေ မိုင်းရှူးတောင် မကျန်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



## အပူမှန်သမျှ ခွဲယူရ

အဲဒီလို အလုပ်လုပ်ရမှာလည်း မပျင်း၊ မကြောက်၊ အလုပ်မျိုးစုံလည်း လုပ်ခဲ့ဖူး ပါလျက်နဲ့ ဘာကြောင့် ခုအသက်အရွယ်ထိ အခြေတကျမဖြစ်ရတာလဲ ဆိုတဲ့ အကြောင်းကို တော်တော်လေးအချိန်ယူ စဉ်းစားချင်တာကြောင့် နောက် တစ်ပတ်လောက်နေမှ လာခဲ့ကွာ။ သေသေချာချာ စဉ်းစားဦးမယ်လို့ ပြောပြီး ပြန်လွှတ်လိုက်ပါတယ်။ ကျောင်းဆရာဆိုတာ အဲဒီလိုပါပဲ။ ကျောင်းသူ၊ ကျောင်း သား တပည့်တွေရဲ့ အပူမှန်သမျှကို ခွဲဝေခံစားရမြဲ ဖြစ်ပါတယ်။ ရှောင်လွှဲနေလို့ မရပါဘူး။

## ဘာမှားနေတာလဲ

ဒီပြဿနာကို 'အနုလုံ ပဋိလုံ' အပြန်ပြန်အလှန်လှန် စဉ်းစားသုံးသပ်ပါတယ်။ သူဟာ ဘွဲ့ရလူငယ်တစ်ယောက်ဖြစ်တယ်။ အတွေးအခေါ် ခေတ်မမီတာ လည်း မဟုတ်ဘူး။ ခေတ်စားတဲ့ ပေါ်ပင်လုပ်ငန်းမှန်သမျှ အားလုံးလိုလို လုပ်ဖူးတယ်။ ထကြွလုံ့လ ဝီရိယလည်းရှိတယ်။ ဘာလိုနေတာလဲ။ ဘာမှား နေလို့လဲ။ အထပ်ထပ်အခါခါစဉ်းစားတော့မှ ဘာမှားနေတာလဲဆိုတဲ့အဖြေကို ရေးတေးတေး မြင်ယောင်လာခဲ့ရပါတယ်။

## နှစ်နှစ်ခံလုပ်ငန်း

သူဟာ ခေတ်နဲ့လိုက်လျောညီထွေဖြစ်တဲ့ အလုပ်မှန်သမျှ လုပ်ခဲ့တယ်။ ဘာ အလုပ်မှာမဆို ခေတ်ဦးခေတ်ကောင်းကိုတောင် မိခဲ့တယ်လို့ ဆိုနိုင်တယ်။ ဒါပေမဲ့ သေသေချာချာသုံးသပ်ကြည့်တော့ အလုပ်တိုင်း၊ အလုပ်တိုင်းကို သူဟာ နှစ်နှစ်စီလောက်သာ လုပ်ခဲ့တယ်ဆိုတာကို သတိပြုမိခဲ့တယ်။ ဂိမ်းဆိုင် ခေတ်၊ စည်ဘီယာခေတ် တိမ်ကောသွားတာမဟုတ်ဘူး။ ဆိုင်တွေများများလာ လို့ အရောင်းနည်းနည်းကျသွားတာပဲ ရှိတယ်။ မိုင်းရှူးခေတ်လည်း ရှိနေဆဲပဲ။ ဖားကန့်ခေတ်လည်း ရှိနေဆဲပဲ။ ကားဝယ်ရောင်းဈေးကွက်ကြီးလည်း ရှိနေဆဲပဲ။

## သူလိုလူစား အများကြီးပဲ

သူမအောင်မြင်ရတဲ့ အကြောင်းရင်းက 'နှစ်နှစ်ခံစိတ်ဓာတ်'ပဲ။ ဘာအလုပ် လုပ်လုပ် အစသာကောင်းပြီး အနှောင်းမသေချာ ဖြစ်ခဲ့တာချည်းပဲ။ လုပ်ငန်း တစ်ခုကျဆင်းရင် ကျဆင်းရတဲ့အကြောင်းကိုရှာ၊ ပြုပြင်ပြီး ဆက်သွားဖို့ မလုပ်တော့ဘဲ တစ်ခါတည်းရပ်ပစ်လိုက်တော့တယ်။ ပြီးတော့ နောက်တစ်ခု စပြန်တယ်။ နှစ်နှစ်ခံပဲ။ သူ့စိတ်ဓာတ်က တကယ်တော့ သူတစ်ယောက်တည်း သာ ရှိနေဖြစ်နေတာမျိုး မဟုတ်ဘူး။ သူလိုလူတွေ အများကြီးပါ။ မရေမတွက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်လောက်အောင်ကို များပါတယ်။ အမျိုးသားစရိုက်လက္ခဏာများလားလို့တောင် ထင်မှတ်ရတယ်။

## ဝုန်းခနဲတောက် ဟုတ်ခနဲငြိမ်း

မြန်မာလူမျိုးများဟာ အပူပိုင်းဒေသသားပီပီ သွေးပူသွေးဆူလွယ်တယ်။ ထစ်ခနဲဆိုတာနဲ့ ထောင်းခနဲ ဒေါသကထွက်လာတယ်။ ဒါပေမဲ့ ကောက်ရိုးမီးလိုခဏာပါပဲ။ ဝုန်းခနဲထတောက်ပြီး ဟုတ်ခနဲငြိမ်းသွားလေ့ရှိပါတယ်။ စိတ်ဆိုးလွယ်သလောက် စိတ်ပြေမြန်ပါတယ်။ ဖက်ဆစ်ဂျပန်တွေ နိုင်ငံတွင်းဝင်ရောက်လာပြီး တစ်နှစ်တောင်မကြာခင်မှာပဲ အမုန်းကြီးမုန်းပြီး စက်ဆုပ်ရွံရှာသွားပါတယ်။ သုံးနှစ်မကြာခင်မှာပဲ ဖက်ဆစ်တော်လှန်ရေးကြီး ဆင်နွှဲပြီး ဂျပန်မှန်သမျှ တွေ့ရာသင်္ချိုင်းဓားမဆိုင်း ချေမှုန်းသုတ်သင်ခဲ့ကြတယ်။ စစ်ကြီးပြီးသွားလို့ သိပ်မကြာခင်မှာပဲ မေ့မေ့ပျောက်ပျောက် ဖြစ်သွားပါတော့တယ်။ ကောင်းတယ်လို့ပြောရလည်း အခက်၊ ဆိုးတယ်ပြောရလည်း အခက်။

## စိတ်အပြောင်းအလဲ မမြန်နဲ့

ဝုန်းခနဲထတောက်ပြီး ဟုတ်ခနဲငြိမ်းတတ်တဲ့ 'ကောက်ရိုးမီးစိတ်ဓာတ်'ကြောင့် တပည့်ကျောင်းသားများ ဘာလုပ်လုပ် ဖြစ်ဖြစ်မြောက်မြောက်၊ ပေါက်ပေါက်ရောက်ရောက် အောင်မြင်မှုများ မရခဲ့တာဖြစ်ပါတယ်။ စိတ်အပြောင်းအလဲဒါလောက်မမြန်ဘဲ လုပ်လက်စအလုပ်ကိုပဲ ပြုပြင်သင့်တာပြုပြင်၊ မွမ်းမံသင့်တာမွမ်းမံပြီး စိတ်ရှည်လက်ရှည် ဆက်လုပ်သွားမယ်ဆိုရင် မအောင်မြင်နိုင်စရာ မရှိပါဘူး။

## ဖြစ်ချင်တာဖြစ်နိုင်

ဒီအပတ် သူပြန်လာရင်တော့ ဒီအချက်ကိုပဲ ထောက်ပြလိုက်ရပါမယ်။ ထက်မြက်တဲ့ လူငယ်တစ်ယောက်ဖြစ်တော့ သူ သဘောပေါက်လက်ခံနိုင်လိမ့်မယ် ထင်ပါတယ်။ သူ့မှာ လုပ်ချင်ကိုင်ချင်စိတ်လည်းရှိ၊ လုပ်နိုင်ကိုင်နိုင်တဲ့ အရည်အချင်းလည်း ရှိပြီးဖြစ်လေတော့ 'ကောက်ရိုးမီးစိတ်ဓာတ်'ကလေးကိုသာ ပြုပြင်လိုက်နိုင်ရင် သူဖြစ်ချင်တဲ့အတိုင်း တစ်ခု၊ တစ်ကောင်၊ တစ်ယောက် ဖြစ်လာနိုင်မှာ သေချာပါတယ်။

၁၆၊ ၁၀၊ ၂၀၀၇။



www.burmeseclassic.com

www.burmeseclassic.com

# ရှေ့က ဦးဆောင်လမ်းပြသူလိုတယ်

မန္တလေးက ကျောင်းနေဖက်ငယ်သူငယ်ချင်းတစ်ယောက် ဆိုင်းမဆင့် ဗုံမဆင့် ပေါက်ချလာပါတယ်။ မတွေ့ရတာ ဆယ့်ငါးနှစ်၊ အနှစ်နှစ်ဆယ်လောက်တောင် ရှိပြီထင်ပါတယ်။ မျက်နှာကြီးအစ်၊ ဗိုက်ကြီးရွှဲနေတာကလွဲပြီး ငယ်ရုပ်မပျောက်လေတော့ တွေ့တွေ့ချင်းမှတ်မိပြီး ဝမ်းသာအားရ နှုတ်ဆက်လိုက်ရပါတယ်။

## သူဌေးဖြစ်နေကြတယ်

သူငယ်ချင်းနဲ့အတူ သားနဲ့သမီး ပါလာပါတယ်။ သမီးကဆရာဝန်၊ သားက အင်ဂျင်နီယာပါတဲ့။ နှစ်ယောက်စလုံး ကိုယ်ပိုင်လုပ်ငန်းတွေပဲ လုပ်ကြပါတယ်။ သမီးက ကြီးဒေါ်တွေနဲ့အတူ ရွှေဆိုင်လိုက်ထိုင်ပြီး သားကတော့ ဆောက်လုပ်ရေးလုပ်ငန်းတွေ လုပ်ပါတယ်။ သူ့ဟာနဲ့သူ အဆင်ပြေကြတယ်လို့ ဆိုပါတယ်။ သူငယ်ချင်းကတော့ ဓာတုဗေဒဌာနမှာ ကထိကလုပ်နေရာက ကျန်းမာရေးကြောင့် စောစောစီးစီး ဆေးပင်စင်ယူခဲ့ပြီး ဇနီးရဲ့ မိဘလက်ငုတ် ပိုးထည်ရက်လုပ်တဲ့လုပ်ငန်းလုပ်ပြီး သူဌေးဖြစ်နေပါတယ်။

## နိုင်ငံခြားကျောင်း တက်ချင်တဲ့ရောဂါ

လုပ်ငန်းကိုယ်စီနဲ့ မန္တလေးမှာ အေးအေးဆေးဆေး နေနေကြရာက ဒီတစ်နှစ်၊ နှစ်နှစ်အတွင်းမှာ သမီးရော သားပါ နိုင်ငံခြားထွက်ပြီး ဘွဲ့လွန်ဆက်တက်ချင်တဲ့ရောဂါ တက်လာကြပါတယ်တဲ့။ ရန်ကုန်မှာနေတဲ့ သူတို့အမေရဲ့ အစ်မ၊ အိုဂျီဆရာဝန်မကြီးရဲ့ သားသမီးသုံးယောက်စလုံး အင်္ဂလန်နဲ့ စင်ကာပူမှာ ဘွဲ့လွန်တွေသွားတက်နေတဲ့အကြောင်း အဒေါ်ဖြစ်သူ မန္တလေးလာတိုင်း တဖွဖွ ပြောလွန်းတာကြောင့် အားကျနေကြတာလို့ ဆိုပါတယ်။ 'သူတို့အဒေါ်က ကြွားလွန်းလို့ မခံချင်ဖြစ်နေကြတာပါကွာ'လို့ သူငယ်ချင်းကတော့ ပြောပါတယ်။

## ဟိုမေး၊ ဒီမေးနဲ့

သားနဲ့သမီးက ပူဆာလွန်းတော့ စီးပွားရေး၊ လူမှုရေးလုပ်ငန်းတွေထဲမှာပဲ နှစ်ပေါင်းများစွာ နှစ်မြှုပ်နေတဲ့ ကထိကကြီးခမျာ ဟိုမေးဒီစမ်းနဲ့ နည်းလမ်း



www.burmeseclassic.com

www.burmeseclassic.com



ရှာရပါတော့တယ်။ ကလေးတွေက သူတို့အဒေါ်ဆီက အကြံဉာဏ်တို့၊ အကူအညီတို့ လုံးဝကို မယူချင်ပါဘူးတဲ့။ ကိုယ့်အစွမ်းနဲ့ကိုယ် သွားနိုင်တယ်ဆိုတာ ပြချင်ကြတယ်လို့ ဆိုပါတယ်။ ဒီလိုနဲ့ပဲ အချိန်တွေ အတော်လေးကြာသွားပြီးတော့မှ သားဖြစ်သူက ရန်ကုန်မှာ အဖေ့သူငယ်ချင်းရှိတယ်မဟုတ်လားလို့ ပြောတာကြောင့် သတိရပြီး ရောက်လာကြတာပါတဲ့။ 'ဒီကောင်က မင်းစာတွေကို သိပ်ဖတ်တာကွ'လို့လည်း သူငယ်ချင်းက ပြောပါတယ်။

## သိပ်တော်တဲ့ကလေးတွေ

ကလေးတွေနဲ့ စကားပြောလိုက်တော့ သိပ်ကိုတော်တဲ့ကလေးတွေဖြစ်ကြောင်း သိရပါတယ်။ နှစ်ယောက်စလုံး ဆယ်တန်းမှာ ဘာသာစုံဂုဏ်ထူးတွေနဲ့ အောင်ခဲ့ကြပြီး ဆေးတက္ကသိုလ်နဲ့ စက်မှုတက္ကသိုလ်တက်ကြတော့လည်း နှစ်စဉ် အဆင့်တစ်နဲ့ တစ်ဆယ်ကြားမှာချည်း ရှိခဲ့ကြပါတယ်။ ကျောင်းပြီးသွားတဲ့ အခါကျတော့ အလုပ်ထဲဝင်ရင် နယ်တွေရောက်သွားမယ်၊ အိုးမကွာ အိမ်မကွာ မန္တလေးမှာပဲနေပါလို့ နှစ်ဖက်ဆွေမျိုးတွေက ဝိုင်းပြောတာနဲ့ အလုပ်မဝင်ကြတော့ပါဘူး။ ဘွဲ့ရပြီးအရွယ် သားသမီးတွေကိုတောင် ရင်အုပ်မကွာ ထားချင်ကြတဲ့ စိတ်ဓာတ်တွေက ခုထိမပျောက်သေးပါဘူး။

## အအုပ်အထိန်းလွန်ကဲ

အခုပဲကြည့်လေ။ သားသမီးရဲ့ ပညာသင်ကြားရေး တိုင်ပင်ဆွေးနွေးဖို့ သမီး ဆရာဝန်နဲ့ သားအင်ဂျင်နီယာကို ဖအေလုပ်သူက မူကြိုကျောင်းသားတွေလို လက်ဆွဲပြီးလာပို့ရသတဲ့။ တကယ်ဆို စာလေးတစ်စောင်ရေးပြီး သမီးနဲ့သားကို လွှတ်လိုက်ရင် ဖြစ်တာပဲမဟုတ်လား။ စာမရေးဘဲနဲ့ ကလေးတွေချည်းလာပြီး မန္တလေးက ဘယ်သူ့ဘယ်ဝါ သားသမီးပါလို့ မိတ်ဆက်လိုက်ရင်လည်း ရတာပဲလေ။ မြန်မာလူငယ်လေးတွေ ရင့်ကျက်မှုနှောင့်နှေးရတဲ့ အကြောင်းတွေထဲမှာ မိဘများရဲ့ အအုပ်အထိန်းလွန်ကဲမှု(over protective)လည်း တစ်ကြောင်း အဖြစ်ပါဝင်တယ်လို့ ထင်ပါတယ်။

## ကမ္ဘာပတ်တဲ့ ၁၅ နှစ်သမီး

သင်တန်းဖွင့်စာသင်နေစဉ်အခါက အသက် ၁၅ နှစ်အရွယ် ဂျပန်မလေး နှစ်ယောက်ရောက်လာပြီး နှုတ်ဆက်ပါတယ်။ အဲဒီထဲက တစ်ယောက်ရဲ့ အမေက မြန်မာပြည်မှာ ခင်ပွန်းအလုပ်နဲ့လာနေရင်း သုံးနှစ်လောက် သင်တန်းတက်သွားခဲ့ဖူးပါတယ်။ ဆရာကို အင်မတန်ရိုသေတဲ့ ဂျပန်လူမျိုးတို့ စရိုက်အတိုင်း၊ ရိုသေလေးစားရုံမက သံယောဇဉ်လည်း ကြီးမားပါတယ်။ ဂျပန်ပြန်



www.burmeseclassic.com

www.burmeseclassic.com



သွားတော့လည်း အဆက်အသွယ်မပြတ်ပါဘူး။ မြန်မာပြည်မှာနေစဉ်က ခုလာလည်တဲ့ ကလေးမလေးက သုံးလေးနှစ်သမီးလေးပဲ ရှိပါသေးတယ်။

**ပါးစပ်ဟောင်းလောင်းဖြစ်ကြ**

ကလေးချစ်တတ်တဲ့ စိတ်ကိုသိတာကြောင့် တပည့်ဂျပန်မက တစ်ခါတလေမှာ သမီးငယ်လေးကို ကျောင်းခေါ်လာတတ်ပါတယ်။ အဲဒီအခါကျရင် စာမသင်တော့ဘဲ ကလေးနဲ့ပဲ ဆော့ကစားနေလေ့ရှိပါတယ်။ အခု အဲဒီကလေးမလေးက ၁၅ နှစ်သမီး ရှိနေပါပြီ။ ကျောင်းပိတ်ရက်မှာ သူငယ်ချင်းမလေးနဲ့အတူ ကျောပိုးအိတ်လွယ်ပြီး ခရီးထွက်လာခဲ့ကြတာပါ။ ထိုင်းနဲ့ ကမ္ဘောဒီးယားတို့ကို ရောက်ခဲ့ပြီးပြီလို့ ဆိုပါတယ်။ ဒီ ၁၅ နှစ်သမီး ကလေးမနှစ်ယောက်ကို ကြည့်ပြီး အတန်းထဲကလူငယ်တွေနဲ့ လူကြီးကလေးတွေမှာ ပါးစပ်ဟောင်းလောင်းနဲ့ တအံ့တဩဖြစ်နေကြပါတော့တယ်။ အတန်းထဲက မိန်းကလေးတော်တော်များများဟာ ဘွဲ့ရပြီးတာတောင် မိဘ၊ ဒါမှမဟုတ် အဖော်မပါဘဲ ရန်ကုန်က မန္တလေးခရီးလောက်ကိုမှ မသွားရဲကြ၊ မသွားဖူးကြတာတွေ ဖြစ်တတ်တယ်လေ။

**မသိ၊ ဘာမှမသိ**

သူငယ်ချင်းရဲ့ သမီးနဲ့သားကို ဘွဲ့လွန်မှာ ဘာတွေတက်ချင်တာလဲ။ ဘယ်လိုပြင်ဆင်ထားပြီးပြီလဲလို့ မေးစမ်းကြည့်တော့ ဘာမှရေရေရာရာ မပြောတတ်ပါဘူး။ TOEFL တို့၊ IELTS တို့ ဖြေဖို့လိုအပ်တယ်ဆိုတာ သိထားကြတာကလွဲပြီး တခြားဘာမှမသိပါဘူး။ တိုဖဲလ်အမှတ် ကောင်းကောင်းရရင်၊ ထိုင်းက AIT တို့၊ ချူလာလွန်ကွန်တို့၊ စင်ကာပူက NUS၊ NTU တို့မှာ စကောလားရှစ် အပြည့်နဲ့ ကျောင်းစရိတ်၊ နေစရိတ်၊ စားစရိတ်အားလုံး စရိတ်ငြိမ်းရနိုင်တယ်ဆိုတာလည်း မသိကြပါဘူး။ စင်ကာပူတက္ကသိုလ် ဘွဲ့လွန်ကျောင်းသားတွေဆိုရင် စကောလားရှစ် မရခဲ့ရင်တောင် အစိုးရဆီက ချေးငွေယူပြီး တက်နိုင်ခွင့်ရှိတယ်ဆိုတာလည်း မသိကြပါဘူး။

**သင်ချင်ရာ သင်ခွင့်ရှိ**

ဆရာဝန်တစ်ယောက်အနေနဲ့ MPH လိုခေါ်တဲ့ 'ပြည်သူ့ရေးရာ ဆေးပညာမဟာဘွဲ့' တက်ချင်တက်၊ ဒါမှမဟုတ် လူမှုရေးနဲ့ ဖွံ့ဖြိုးရေးမဟာဘွဲ့ ဆိုတာမျိုးတွေ တက်ချင်တက်၊ အင်ဂျင်နီယာဆိုရင်လည်း အင်ဂျင်နီယာ M.Sc. ဘွဲ့တစ်ခုခုတက်ချင်တက်၊ ဒါမှမဟုတ် လုံးဝလိုင်းပြောင်းပြီး တခြား M.Sc. ဘွဲ့တွေ တက်ချင်တက်၊ ကြိုက်ရာတက်နိုင်ကြောင်း အသေးစိတ်ရှင်းပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရပါတယ်။ ဘွဲ့လွန်တက်ရာမှာ ပထမဘွဲ့နဲ့ ဘာမှမပတ်သက်တဲ့ တခြားဘာသာရပ်တွေ တက်နိုင်တယ်ဆိုတာ သူတို့လုံးဝမသိပါဘူး။ အင်ဂျင်နီယာဘွဲ့ရသူဟာ မာစတာဘွဲ့မှာ ကိုယ်စိတ်ဝင်စားစရာသာသာရပ်ကို တက်နိုင်ပါတယ်။ TOEFL ဒါမှမဟုတ် IELTS အမှတ်ကောင်းကောင်းရဖို့ပဲ လိုပါတယ်။

## မျက်စိမပွင့်၊ နားမပွင့်

သူငယ်ချင်းရဲ့သမီးနဲ့သားဟာ စာသိပ်တော်တယ်ဆိုတဲ့အဆင့်မှာ ရှိပါတယ်။ မိဘကျောထောက်နောက်ခံလည်း ကောင်းပါတယ်။ ပြီးတော့ မြန်မာပြည်ရဲ့ ဒုတိယ(အခုတော့ တတိယ)မြို့တော်ကြီးမှာ နေထိုင်ကြီးပြင်းခဲ့ပါတယ်။ ဒါပေမဲ့ ဘဝရည်မှန်းချက် မြင့်မြင့်မားမား မရှိခဲ့ကြပါဘူး။ မျက်စိပွင့်၊ နားပွင့်လည်း တယ်ပြီးမရှိလှပါဘူး။ အဲဒါကြောင့် စိတ်ရှည်လက်ရှည်နဲ့ သေသေချာချာ ရှင်းပြရပါတယ်။ နိုင်ငံခြားကျောင်းတွေက စာရွက်စာတမ်းတွေ ဘာသာရပ်တွေ၊ ဝင်ခွင့်လိုအပ်ချက်တွေကိုလည်း 'အွန်လိုင်း'က ထုတ်ယူပေးလိုက်ရပါတယ်။ ခုလောလောဆယ်တော့ TOEFL ဖြစ်စေ၊ IELTS ဖြစ်စေ အမှတ်ကောင်းကောင်းရအောင်ဖြေဖို့ ပြင်ဆင်ပါလို့ မှာကြားလိုက်ရပါတယ်။

## စားပြီးရင်းစာ

လူငယ်တွေ မျက်စိမပွင့်၊ နားမပွင့်ဖြစ်ရတဲ့ကိစ္စကို သေသေချာချာ စဉ်းစားကြည့်တော့ သူတို့တစ်တွေရဲ့အပြစ်မဟုတ်တာကို သတိပြုမိပါတယ်။ ဒီခေတ်ကလေးတွေဟာ စာကြိုးစားကြပါတယ်။ နားချိန်မရှိအောင်ကို 'တစာစာ'နဲ့ စားပြီးရင်းစာ လုပ်နေကြရရှာပါတယ်။ သူငယ်ချင်းရဲ့ သမီးနဲ့သားဆိုရင် ဘာသာစုံဂုဏ်ထူးနဲ့ ဆယ်တန်းအောင်ပြီး ဆရာဝန်၊ အင်ဂျင်နီယာ ဖြစ်လာခဲ့တာပါ။ သူတို့ ဘဝရည်မှန်းချက် မြင့်မြင့်မားမားမရှိတာ၊ မျက်စိမပွင့်၊ နားမပွင့်တာ၊ ရှေ့က ဦးဆောင်လမ်းပြမယ့်သူ မရှိလို့ဖြစ်တာလို့ ယူဆပါတယ်။

## တာဝန်မကျေဘူး

မိဘ၊ ဒါမှမဟုတ် ဆရာသမားများရဲ့တာဝန်က ကျောင်းထားပေးရုံ၊ စာသင်ပေးရုံလောက်မကဘူး ထင်ပါတယ်။ ကလေးတွေကို မျက်စိပွင့်၊ နားပွင့်အောင်လည်း လုပ်ပေးရပါမယ်။ လူ့ဘဝကို အချည်းနှီးမကုန်ဆုံးစေဘဲ ရန်မှန်းချက် မြင့်မြင့်မားမားထားတတ်အောင်လည်း လမ်းညွှန်ပေးရပါမယ်။ ဒီလိုမလုပ်နိုင်ရင်တော့ ကျွန်တော်တို့လူကြီးတွေ တာဝန်ကျေပြီလို့ မယူဆနိုင်ပါဘူး။ ကလေးတွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့ အစဉ်အလာပုံစံတွေနဲ့ အစဉ်အလာ သင်ကြားမှုစနစ်တွေကိုလည်း ပြုပြင်ကြဖို့လိုလိမ့်မယ် ထင်ပါ



www.burmeseclassic.com

www.burmeseclassic.com

လှုထုစိန်ဝင်း

တယ်။ ၁၅ နှစ်သမီးလေးကို ကျောပိုးအိတ်တစ်လုံးနဲ့ လျှောက်လည်ခွင့်ပေးတဲ့ ဂျပန်လူမျိုးမိဘတွေကို အတုယူသင့်ကြတယ် ထင်ပါတယ်။

လမ်းပြသူမရှိ

သူငယ်ချင်းရဲ့ သမီးနဲ့သားဟာ စာလည်းတော်၊ လိမ္မာရေးခြားလည်း ရှိပါတယ်။ ဒါပေမဲ့ ဘွဲ့ရပြီးတာနဲ့ သူတို့ဘဝ လမ်းဆုံးရောက်သွားသလို ဖြစ်နေပါတော့တယ်။ ဒါကို သူတို့သိတဲ့အချိန်မှာ ပြုပြင်ပြီး ရှေ့ခရီးဆက်ချင်ကြတယ်။ ဒါပေမဲ့ အနီးကပ်ရှိနေကြတဲ့ လူကြီးတွေက သူတို့ကို ခေတ်နဲ့အညီ လမ်းညွှန်မပေးနိုင်ကြပါဘူး။ ဒီတော့ လူငယ်တွေဟာ ဘာဆက်လုပ်ရမှန်း မသိတော့ဘူး။ လမ်းပျောက်နေကြတော့တယ်။ ရှေ့က ဦးဆောင်လမ်းပြပေးမယ့်သူသာ ရှိလို့ကတော့ လူငယ်လေးတွေဟာ မိုးစွန်းထိပ်ဖျားထိ တက်ရဲကြပါတယ်။ လူငယ်တွေ လမ်းပျောက်နေကြတာ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့က ရှေ့က ဦးဆောင်ဦးရွက်ပြုရမယ့်တာဝန် မကျေပွန်ခဲ့ကြပါဘူး။ အရေးကြီးဆုံးက ရှေ့ကဦးဆောင်လမ်းပြသူသာ ဖြစ်ပါတယ်။

၂၃၊ ၁၀၊ ၂၀၀၇။



www.burmeseclassic.com

www.burmeseclassic.com

# ခေတ်သစ် စီးပွားရေးအမြင် သဘောတရား

တိုင်းပြည်လွတ်လပ်ရေး မရခင်အချိန်အခါက မြန်မာတိုင်းရင်းသား စီးပွားရေးလောကကို လူကြီးများက ဦးဆောင်ဦးရွက်ပြုခဲ့ကြတယ်။ ဆန်စက်ပိုင်၊ သစ်စက်ပိုင်၊ အထည်စက်ပိုင်၊ ဆီစက်ပိုင် စတဲ့စက်မှုလုပ်ငန်းပိုင်ရှင်ကြီးများဟာ အများအားဖြင့် အသက်လေးဆယ်ကျော် ငါးဆယ်အရွယ်များ ဖြစ်ကြတာကို တွေ့ရတယ်။

## လူကြီးခေတ်

တိုင်းပြည်လွတ်လပ်ရေးရပြီးနောက် အမျိုးသားစီးပွားရေးကို မြန်မာအမျိုးသားများကိုယ်တိုင် ဝင်ရောက်လုပ်ကိုင်လာကြပြီး ခေတ်နဲ့အညီ ကုမ္ပဏီလုပ်ငန်းအမျိုးမျိုး ထူထောင်လာခဲ့ကြတယ်။ ရှေ့က ဦးဆောင်လုပ်ကိုင်ကြသူများဟာ အထက်မှာပြောခဲ့တဲ့ စက်ပိုင်ကြီးများပင် ဖြစ်ကြတယ်။ အများအားဖြင့် အသက်ငါးဆယ်ဝန်းကျင်များ ဖြစ်ကြတယ်။

## လူငယ်ခေတ်

ဒီနေ့ မျက်မှောက်ခေတ်ကာလမှာတော့ စီးပွားရေးနယ်ပယ်အသီးသီးမှာ ဝင်ရောက်လုပ်ကိုင်နေကြသူ အများစုဟာ ခေတ်ပညာတတ် လူငယ်များဖြစ်တာကို တွေ့ရတယ်။ အသက်အရွယ်အားဖြင့် သုံးဆယ်ဝန်းကျင်များ ဖြစ်ကြတယ်။ အလွန်ဆုံးကြီးလှမှ လေးဆယ်၊ လေးဆယ့်ငါးထက် မပိုပါဘူး။ ပညာလည်းတတ်၊ အသက်အရွယ်ကလည်း 'တက်လူ'အရွယ် ဖြစ်တာကြောင့် လုပ်ငန်းဆောင်ရွက်ရာမှာ ခေတ်မီပြီး တက်တက်ကြွကြွ၊ ထက်ထက်မြက်မြက် ရှိကြတယ်။ ဘယ်ကိစ္စမျိုးမဆို တုံ့ဆိုင်းဖင့်နှေးခြင်းမရှိဘဲ အဆုံးအဖြတ်မြန်ပြီး တိကျပြတ်သားကြတယ်။ အဲဒါကြောင့် လုပ်ငန်းကြီးထွားတိုးတက်မှုနှုန်း အင်မတန်မြန်တယ်။ ဝမ်းသာအားရဖွယ်ဖြစ်တယ်။

## အတက်မြန်၊ အကျမြန်

တစ်ချိန်တည်းမှာပဲ စိတ်မကောင်းစရာကိစ္စများလည်း မကြာမကြာတွေ့ရလေ့ရှိတယ်။ အရှိန်အဟုန်နဲ့ မြန်မြန်ဆန်ဆန် တိုးတက်လာတဲ့ လုပ်ငန်းများဟာ



www.burmeseclassic.com

www.burmeseclassic.com

## လူထုစိန်ဝင်း

အရှိန်အဟုန်နဲ့ပဲ မြန်မြန်ဆန်ဆန် ယုတ်လျော့ကျဆင်းသွားကြတာကို တွေ့ရခြင်းဖြစ်တယ်။ စီးပွားရေးလုပ်ရာမှာ တက်ချိန်ရှိသလို ကျချိန်လည်းရှိတတ်တာသဘာဝမို့ အထူးအဆန်းမဟုတ်ပေမယ့် ကျသွားပြီဆိုရင် ပြန်ပြီးတက်လာတာအင်မတန်ရှားပါးတာကတော့ အံ့သြဖွယ်ရာဖြစ်တယ်။

## လူမညံ့ပေမယ့်

ဒီလို လုပ်ငန်းကျဆင်းသွားရာက ပြန်ပြီးဦးမော့လာအောင် မဆောင်ရွက်နိုင်ကြတာဟာ ဦးဆောင်ဦးရွက်ပြုကြသူများ အရည်အချင်းညံ့ဖျင်းခြင်းကြောင့်လား၊ ကြိုးစားအားထုတ်မှု အားနည်းခြင်းကြောင့်လားလို့ ဆန်းစစ်ကြည့်တော့ မြန်မာလူငယ်တွေရဲ့ အရည်အချင်း မနိမ့်ကျလှတာကို သတိပြုမိပါတယ်။ လူငယ်တွေရဲ့ ကြိုးစားအားထုတ်မှုကလည်း ဘယ်နိုင်ငံသားနဲ့ယှဉ်ယှဉ် အားမနည်းပါဘူး။ မညံ့ပါဘူး။

## ဘာမှားနေသလဲ

ဒါဖြင့် ဘာကြောင့် ကျရာကနေ ပြန်မထနိုင်ကြတာလဲလို့ သုံးသပ်ကြည့်မိပါတယ်။ လူလည်း မညံ့ဘူး၊ အားထုတ်မှုလည်း အားမနည်းဘူး။ ဘာလိုနေလို့လဲ၊ ဘာမှားနေလို့လဲ။ သေသေချာချာ၊ အထပ်ထပ်စဉ်းစားကြည့်တော့ လိုနေတာက ကျောထောက်နောက်ခံအင်အား၊ မှားနေတာက စီးပွားရေးလုပ်ငန်းအပေါ် ထားရှိတဲ့အမြင်သဘောတရားလို့ သုံးသပ်မိပါတယ်။ စေ့စေ့စပ်စပ် စဉ်းစားဆင်ခြင်ကြည့်ကြစေလိုပါတယ်။

## အားလိုတယ်

လဲနေရာကပြန်ထဖို့ 'အား'လိုပါတယ်။ စီးပွားရေးကို ပြန်လည်ထူမတ်ဖို့လိုတဲ့အားက အရင်းအနှီး(Capital) ဖြစ်ပါတယ်။ လက်ထဲမှာ ငွေမရှိဘဲနဲ့ ဘယ်လိုမှ ပြန်'မတ်'မလာနိုင်ဘူး။ ကျနေတာကိုပြန်ဆည်ဖို့က မူလ စထောင်ရတာထက် ပိုခက်ပါတယ်။ ဒီနေ့ စီးပွားရေးလုပ်ငန်းအများစုက မိသားစုစီးပွားရေးပုံစံ ဖြစ်ကြလေတော့ ယိုင်လဲနေတဲ့လုပ်ငန်းကြီးကို ပြန်ထူဖို့ ငွေလုံးငွေရင်း လုံလုံလောက်လောက်ရှိဖို့ မလွယ်ပါဘူး။ ငွေလုံးငွေရင်းများများရဖို့ မိသားစုပိုင်ပုံစံကနေ ရှယ်ရာတွေထုတ်ရောင်းတဲ့ အများပိုင်ပုံစံကို ပြောင်းမှပဲဖြစ်ပါလိမ့်မယ်။ တစ်ဦးတည်းပိုင်၊ ဒါမှမဟုတ် မိသားစုပိုင်ပုံစံမျိုးနဲ့တော့ နိုင်ငံတကာ စီးပွားရေးနယ်ပယ်ကြီးထဲ ဘယ်လိုမှ ဝင်တိုးနိုင်ဖွယ်မရှိပါဘူး။ တစ်ယောက်အားနဲ့ ယူလို့မရတာကို အများအားနဲ့ ယူလို့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ပေါင်းစည်းခေတ်

နောက်တစ်ခု။ စီးပွားရေးအပေါ် အမြင်သဘောထား။ သမားရိုးကျမျက်စိနဲ့ ကြည့်ရင် လုပ်ငန်းတူလုပ်သူကို ပြိုင်ဖက်အဖြစ်မြင်လေ့ရှိတယ်။ တချို့များ ရန်ဖက်အဖြစ်တောင် မြင်လေ့ရှိတယ်။ ဒီနေ့ခေတ်မှာ ဒီအမြင်၊ ဒီသဘော တရားတွေဟာ အလုပ်မဖြစ်တော့ပါဘူး။ ပြိုင်ဖက်ကို မိတ်ဖက်အဖြစ် ပူးပေါင်း လုပ်ဆောင်ဖို့ ကြိုးစားတဲ့ခေတ် ဖြစ်နေပါပြီ။ အမေရိကန် ဂျီအမ်ကုမ္ပဏီကြီးက ဂျပန် တိုယိုတာကုမ္ပဏီကြီးနဲ့ ပူပေါင်းလုပ်ဆောင်သလို ဂျပန် ဆိုနီကုမ္ပဏီ ကြီးကလည်း ဟောလီးဝုဒ်က ကိုလံဘီယာကုမ္ပဏီကြီးနဲ့ ပူပေါင်းလုပ်ဆောင် နေပါပြီ။

## အခြေခံကစပြောင်း

စီးပွားရေးနဲ့ပတ်သက်တဲ့ အမြင်၊ သဘောတရားတွေနဲ့ လုပ်နည်းလုပ်ဟန် ပုံစံတွေကို အခြေခံကစပြီး ပြုပြင်ပြောင်းလဲမပစ်ဘဲနဲ့တော့ ယိုင်လဲကျဆင်း နေတဲ့ စီးပွားရေးလုပ်ငန်းကို ဘယ်နည်းနဲ့မှ ပြန်ပြီးထူမတ်နိုင်မှာ မဟုတ်ပါဘူး။ တစ်ယောက်အားနဲ့မရတာကို အများအားနဲ့ယူရင် ရပါတယ်။ ဂျီအမ်နဲ့ တိုယို တာ ပူးပေါင်းတာ၊ ဆိုနီနဲ့ ကိုလံဘီယာ ပူးပေါင်းတာများကို နမူနာယူပြီး ပြိုင်ဖက်ကို မိတ်ဖက်အဖြစ်ပြောင်းဖို့ ကြိုးစားကြဖို့လိုပြီထင်ပါတယ်။

၆၊ ၁၁၊ ၀၇။



www.burmeseclassic.com

www.burmeseclassic.com

# ကြောက်စိတ် ဘယ်ကလာသလဲ

ကျောင်းသူဟောင်းတစ်ယောက် သီတင်းကျွတ်က လာကန်တော့ပါတယ်။ ထုံးစံအတိုင်း အချိန်အားမရှိတာကြောင့် မရောက်နိုင်တဲ့အကြောင်း ပြောပါတယ်။ စနေ၊ တနင်္ဂနွေ အလုပ်အားရက်မှာ သင်တန်းတက်နေရတာကြောင့် အချိန်ပို လုံးဝမရှိတော့ဘူးလို့လည်း ဆက်ရှင်းပြပါတယ်။

## လူငယ်နဲ့ ကျူရှင်သံသရာ

ဘာသင်တန်းတွေများ တက်နေတာလဲလို့ မေးလိုက်တော့ နိုင်ငံခြားသားတွေ ကိုယ်တိုင်သင်တယ်ဆိုတဲ့ ကျောင်းတစ်ကျောင်းအမည်ကို ပြောပါတယ်။ ကျောင်းလခဈေးကြီးလှတယ်လို့ နာမည်ကြီးတဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ သူကလေးက တက္ကသိုလ်တစ်ခုမှာ အင်္ဂလိပ်စာဆရာမ လုပ်နေပေမယ့် အင်္ဂလိပ်စကား ကောင်းကောင်းမပြောတတ်လို့ သင်တန်းသွားတက်နေတာ လို့ ပြောပါတယ်။ ကြားနေကျစကားပါပဲ။ လူငယ်တွေနဲ့ ကျူရှင်သံသရာ ဘယ်တော့များမှ ဆုံးမှာလဲလို့ တွေးလိုက်မိပါတယ်။

## ကြောက်လို့ မပြောရဲတာ

အင်္ဂလိပ်စကား မပြောတတ်ဘူး၊ မပြောတတ်ဘူးနဲ့ တညည်းတည်း ညည်းနေတဲ့ လူငယ်တွေကို ဘယ်တုန်းက အင်္ဂလိပ်စကားပြောဖူးလို့ မပြောတတ်ဘူး ဆိုနေရတာလဲလို့ မေးကြည့်။ မျက်လုံးပုတ်ခတ်ပုတ်ခတ်နဲ့ ဘာမှပြန်မဖြေတတ် မှာ မဟုတ်ပါဘူး။ တစ်ခါမှ လက်တွေ့ပြောမကြည့်ဖူးပါပဲနဲ့ ကိုယ့်ဟာကိုယ် ကြောက်ပြီး မပြောရဲ မဆိုရဲဖြစ်နေတာကို မပြောတတ်ဘူးလို့ ထင်နေတာ ဖြစ်ပါတယ်။ တကယ်တော့ မြန်မာပြည်က ၁၀ တန်းအခြေခံလောက် ရှိပြီး သူဟာ နိုင်ငံခြားသားတွေနဲ့ 'မိတ်ဝတ် ဆွေဝတ်စကား'လောက်တော့ ပြောဆို ဆက်ဆံနိုင်စွမ်း ရှိပါတယ်။ ၁၀ တန်းလောက်နဲ့ မလေးနဲ့ စင်ကာပူတို့မှာ အလုပ်သွားလုပ်တဲ့လူတွေ ကြည့်ပါလား။ အလုပ်ဖြစ်ရုံလောက်ကတော့ သိပ် အားမထုတ်ရဘဲ ပြောနိုင်ဆိုနိုင် ဖြစ်နေကြတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



## လူတောမတိုးရဲအောင်

ပြောကျင့်မရှိလို့ လူရှေ့သူရှေ့မှာ မပြောရဲ မဆိုရဲ ဖြစ်နေတာပါ။ မဖြစ်မနေ ရင်ဆိုင်ရတဲ့အခါကျရင်တော့ ပြောတတ်သွားတာပါပဲ။ အရေးကြီးတာက 'ကြောက်စိတ်'ပဲ။ ကြောက်ပြီး နှုတ်ဆွံ့နေတာ၊ မပြောတတ်တာ မဟုတ်ဘူး။ အဲဒီ'ကြောက်စိတ်'ဟာ မြန်မာလူငယ်လေးတွေကို လူတောသူတော မတိုးရဲအောင် လုပ်နေတာဖြစ်တယ်။ ကျန်းမာရေးသိပ်မဆိုးခင် သင်တန်းဖွင့် စာသင်နေစဉ်က ဒလဘက်ကို ကူးတို့သင်္ဘောစီးပြီးသွားတာ မလိုက်ရဲတဲ့ ယောကျ်ားလေး၊ မိန်းကလေးတွေ အများကြီးတွေ့ဖူးပါတယ်။ ဘွဲ့ရပြီး အရွယ်ရောက်တာတောင် ရန်ကုန်နဲ့ မန္တလေးကို အဖော်မပါရင်မသွားရဲတဲ့ မိန်းကလေးတွေလည်း ရှိနေကြပါတယ်။

## ယုံကြည်မှုအားနည်းလို့

'ကြောက်စိတ်'ပျောက်အောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့အမေးကို ဆရာဘဝမှာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ဖြေခဲ့ရပါတယ်။ တချို့က ကြောက်စိတ်ဆိုတာ မွေးရာပါဖြစ်လို့ ဖျောက်မရဘူးတောင် ထင်နေကြတယ်။ လူဟာ မွေးကတည်းက 'ကြောက်စိတ်'တို့၊ 'ရဲစိတ်'တို့ ပါလာတာမဟုတ်ကြောင်း တော်တော်ရှင်းပြရပါတယ်။ 'ကြောက်စိတ်'ကို ပျောက်အောင်လုပ်ချင်ရင် ကြောက်စိတ်ရဲ့ မူလအစဇာစ်ကို ရှာရပါမယ်။

ကြောက်စိတ်ကို စတင်မွေးဖွားပေးလိုက်တာက self confidence လို့ခေါ်တဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအားနည်းခြင်း ဖြစ်တယ်။ ယုံကြည်မှုအားနည်းရာကနေပြီး အားငယ်စိတ်တို့၊ သိမ်ငယ်စိတ်တို့ ဝင်လာပါတယ်။ အဲဒီ အားငယ်စိတ်၊ သိမ်ငယ်စိတ်ကြောင့် သူများတွေဟာ ကိုယ့်ထက် နေရာတကာမှာ သာနေ၊ တော်နေမှာပဲဆိုတဲ့ အထင်ကြီးစိတ်တွေ ဝင်လာပါတယ်။ အဲဒီတော့ လူတောသူတော မတိုးချင်တော့ မတိုးရဲတော့ဘူး။ အဲဒီလို မတိုးရဲတာကြာတော့ အလိုလိုနေရင်း ကြောက်စိတ်တွေ လွှမ်းကဲလာပါတော့တယ်။

## နှိမ့်တဲ့ လုပ်ရပ်

အင်္ဂလိပ်တွေ မြန်မာနိုင်ငံကိုသိမ်းပိုက်ပြီးတော့ ပထမဆုံးလုပ်ခဲ့တာက မြန်မာတွေကြောက်သွားအောင် မျိုးချစ်တော်လှန်သူတွေကို လူမြင်ကွင်းမှာ ရက်ရက်စက်စက်သတ်ပြခဲ့ခြင်း ဖြစ်တယ်။ နောက်တော့ မြန်မာတွေ သိမ်ငယ်စိတ်ဝင်သွားအောင် နှိမ့်တဲ့အနေနဲ့ သူတို့ကို သခင်အခေါ်ခိုင်းပြီး လက်အုပ်ချီ ဘုရားထူးခိုင်းတယ်။ ဒူးတုပ် ခစားခိုင်းတယ်။ ဒီနည်းနဲ့ ကျွန်သက်ရှည်အောင်



www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုးခဲ့တယ်။ အခုခေတ်ထိ မျက်နှာဖြူတွေကို 'ဘိုကြီး၊ ဘိုမ'လို့ ခေါ်နေကြဆဲဖြစ်တာကိုကြည့်ရင် နယ်ချဲ့သမားတွေရဲ့နည်းဗျူဟာ ဘယ်လောက်ထိအောင် ထိရောက်မှုရှိတယ်ဆိုတာ သိနိုင်တယ်။ ဖက်ဆစ်ဂျပန်တွေ ဝင်လာတော့လည်း နှိမ်ခံထားရပြီးသား မြန်မာတွေက 'မာစတာ၊ မာစတာ'နဲ့ ပါးထိုးပေးကြရတာပဲ မဟုတ်လား။

**ဝါးလုံးခေါင်းထဲ လမသာနဲ့**

ကြောက်စိတ်ပျောက်အောင်ဖျောက်ဖို့ သူများကို လွှန်လွှန်မင်းမင်း အထင်ကြီးတဲ့စိတ်ကို အရင်ဆုံးဖျောက်ဖျက်ပစ်ရမယ်။ အဲဒီလိုဖျောက်ဖို့ ကိုယ့်ကိုယ်ကိုယ်စိတ်ချယုံကြည်မှု အပြည့်အဝရှိဖို့လိုတယ်။ ဘာမဆို ကိုယ်လုပ်နိုင်ကိုင်နိုင်တယ်၊ ရင်ဆိုင်ဖြေရှင်းနိုင်တယ် ဆိုတဲ့စိတ် မွေးမြူထားရမယ်။ တကယ်လက်တွေ့လည်း ဘာကိစ္စပဲဖြစ်ဖြစ်၊ ဘယ်လိုအခက်အခဲပဲကြုံကြုံ ဘယ်သူ့အကူအညီမှမပါဘဲ ကိုယ့်ဟာကိုယ် ရင်ဆိုင်ကျော်ဖြတ်နိုင်ရအောင် လုပ်ရမယ်။ အရေးကြီးတာက 'ဝါးလုံးခေါင်းထဲ လသာ'မနေဘဲ ပြင်ပလောကနဲ့ အထိအတွေ့(exposure) များသထက်များစေဖို့ပဲ ဖြစ်တယ်။

**အထိအတွေ့များများလို**

မြန်မာလူငယ် ပညာတတ်ကလေးတွေ အင်္ဂလိပ်စကား မပြောရဲ မဆိုရဲ၊ လူတောမတိုးရဲဖြစ်နေတာ ပပျောက်အောင်လည်း နိုင်ငံခြားသားမျိုးစုံနဲ့ အထိအတွေ့များများရှိအောင် လုပ်ပေးဖို့လိုပါတယ်။ စီးပွားရေးသမားတွေ၊ ကမ္ဘာလှည့်ခရီးသွားတွေ များများဝင်လာသလို လူငယ်လေးတွေကိုလည်း နိုင်ငံခြားခရီးသွားတယ်ဆိုတာ ရန်ကုန်က စစ်တွေကိုသွားတဲ့ ခရီးစဉ်လောက်တောင် မပင်ပန်းပါလားဆိုတဲ့အသိမျိုးတွေ ရှိလာအောင်လုပ်ပေးဖို့ လိုပါတယ်။

၂၁၊ ၁၁၊ ၂၀၀၇။



www.burmeseclassic.com

www.burmeseclassic.com

# "ငါ့ဟိုပြုစိတ်" ပျောက်ပစ်ပါ

'အရှုံးထဲက သင်ခန်းစာထုတ်ယူပြီး ကမ္ဘာ့ဖလားပွဲမှာ ခြေစစ်ပွဲအောင်ဖို့ ပြင်ဆင်ရမယ်'

ဘောလုံးဂျာနယ်တစ်စောင်ဖတ်ရင်း စကော့တလန်အသင်း မန်နေဂျာ ပြောလိုက်တဲ့စကားကို တွေ့လိုက်ရတာဖြစ်ပါတယ်။ ကမ္ဘာ့ချန်ပီယံ အီတလီနဲ့ ယူရို ၂၀၀၈ ခြေစစ်ပွဲမှာ ၂–၁ ဂိုးနဲ့ ရှုံးနိမ့်ခဲ့ရလို့ ယူရိုပြိုင်ပွဲက ထွက်ခဲ့ရပြီးနောက် ပြောလိုက်တာဖြစ်ပါတယ်။

## အကျည်းတန်လောကကြီးမှာ

ဒီသတင်းကိုဖတ်မိတော့ စကော့တလန်သင်းမန်နေဂျာကို လေးစားသွားပါတယ်။ လုပ်ပွဲတွေ၊ ညစ်ပွဲချပွဲတွေ၊ တရားဝင်လူကုန်ကူးမှုတွေ၊ ပွဲစားတွေ၊ အလံရှူးတွေ၊ ဒလန်တွေရဲ့ ကလီကမာ'လံကြုပ်'စကားတွေ စတာတွေနဲ့ အရုပ်ဆိုး အကျည်းတန်နေတဲ့ ကမ္ဘာ့ဘောလုံးလောကကြီးထဲမှာ စကော့သင်းမန်နေဂျာလို လူကြီးလူကောင်းဆန်တဲ့လူမျိုးလည်း ရှိပါသေးလားဆိုပြီး စိတ်သက်သာလည်း ရသွားပါတယ်။ ငွေက အရာရာကိုစိုးမိုးနေတဲ့ ခေတ်ကြီးမှာ လူကြီးလူကောင်းစိတ်ဓာတ်ဆိုတာ တကယ့်ကို ပျောက်ကွယ်လုမတတ် (endangered specie) ဖြစ်နေတဲ့အရာတစ်ခုလို့တောင် သတ်မှတ်ရတော့မယ့် အန္တရာယ်ရှိနေပါပြီ။

## ချီးကျူးလေးစားထိုက်တာ

ဘောလုံးပွဲတစ်ပွဲ ကစားတဲ့အခါမှာ ကွင်းထဲမှာ ညစ်တာ၊ ချတာ၊ ထိုးတာ၊ ကန်တာ၊ နင်းတာ၊ တွက်တာတွေကတော့ ရိုးနေပြီဖြစ်လို့ မပြောတော့ပါဘူး။ ပွဲပြီးသွားတဲ့အခါမှာ ရှုံးတဲ့သူတိုင်းက အရှုံးကို ဂုဏ်သိက္ခာရှိရှိ၊ လူကြီးလူကောင်းဆန်ဆန် လက်မခံတတ်ကြဘဲ ဒိုင်လူကြီးတွေကို လက်ညှိုးထိုးအပြစ်တင်လေ့ရှိတာလည်း ထုံးစံလိုဖြစ်နေလို့ မပြောတော့ပါဘူး။ ဒါပေမယ်လို့ တစ်ခါတလေမှာတော့ ကြိုတောင့်ကြိုခဲ ရှားရှားပါးပါး လူကြီးလူကောင်းပီသတာလေးတွေ တွေ့ရတတ်နေတော့ ပြောချင်စိတ်ပေါ်လာမိပါတယ်။ စကော့အသင်းမန်နေဂျာက ဘယ်သူ့ကိုမှ လက်ညှိုးထိုးအပြစ်တင်မနေဘဲ အရှုံးကို



www.burmeseclassic.com

www.burmeseclassic.com

## လူထုစိန်ဝင်း

သိက္ခာရှိရှိ လက်ခံသွားတာက တကယ့်ကို ချီးကျူးလေးစားထိုက်တာဖြစ်တယ်။

## အထက်တန်းနှင့် အောက်တန်းစိတ်

အောင်မြင်မှုရတဲ့အခါမှာ 'ငါ့ကြောင့်၊ ငါလုပ်လို့'ဆိုပြီး ရင်ကော့ ခေါင်းမော့ တတ်တာ၊ ရှုံးတဲ့အခါမှာတော့ 'သူ့ကြောင့်၊ သူမကောင်းလို့'ဆိုပြီး သူများကို လက်ညှိုးထိုး အပြစ်ပုံချတတ်တာ စိတ်ဓာတ်အောက်တန်းကျသူတွေရဲ့ သဘာဝ တစ်ခုဖြစ်တယ်။ 'ငါ ဘာများမှားခဲ့လို့လဲ၊ ငါ ဘာများလိုနေသေးလဲ'လို့ စဉ်းစားသူ အင်မတန်ရှားတယ်။ တော်တော်လေးကို စိတ်ဓာတ်အထက်တန်း ကျသူများသာ အဲဒီလိုစဉ်းစားနိုင်တယ်။ လူကြီးလူကောင်းဆိုတာ စိတ်ဓာတ် အထက်တန်းကျသူကို ခေါ်တာဖြစ်တယ်။

## ငါဗဟိုပြုစိတ်

'သူ့ကြောင့်၊ ငါ့ကြောင့်' လက်ညှိုးထိုးမှုကနေ ပေါ်ပေါက်လာတဲ့ ပြဿနာ ပေါင်းများစွာကို ကျောင်းဆရာဘဝမှာ တော်တော်လေး ကြုံတွေ့ခဲ့ဖူးပါတယ်။ တပည့် ကျောင်းသူကျောင်းသားတွေ လေးငါးယောက်စုပေါင်းပြီး စီးပွားရေး အတူလုပ်ကြတဲ့အခါမှာ အောင်မြင်တော့လည်း ပြဿနာပေါ်တတ်ပါတယ်။ ရှုံးနိမ့်တော့လည်း ပြဿနာပေါ်တတ်ပါတယ်။ အောင်မြင်နေတာပဲ ဘာ ပြဿနာ ပေါ်စရာရှိလဲလို့ မထင်နဲ့။ ပေါ်ပါတယ်။ 'ငါ့ကြောင့်'ပေါ်တဲ့ ပြဿနာ ပါ။ အောင်မြင်တဲ့အခါကျတော့ အစုစပ်ပါဝင်သူအားလုံးက 'ငါတော်လို့'၊ 'ငါလုပ်လို့'၊ 'ငါအပေါင်းအသင်းကောင်းလို့'ဆိုတဲ့ အတွေးမျိုးရောက်ပြီး ဝင့်ဝါ ချင်လာပါတယ်။ တစ်ခါတလေကျတော့လည်း 'ငါ့ကြောင့်'ဖြစ်တာ 'ငါသာ' ဦးဆောင်နေရာက နေရမယ်ဆိုတဲ့စိတ်တွေ ဝင်လာပါတယ်။ အဲဒီ 'ငါဗဟို ပြုစိတ်'ဝင်လာတာနဲ့ အချင်းချင်းညီညွတ်မှု စတင်ပြိုကွဲတော့တာပါပဲ။

## လွန်ကဲကြီးမားတဲ့စိတ်

ရှုံးတဲ့အခါ သူ့ကြောင့်၊ ငါ့ကြောင့် လက်ညှိုးတွေထိုး၊ အပြစ်တွေပုံချ လုပ်ကြ တာကတော့ မဆန်းတော့လို့ ပြောမနေတော့ပါဘူး။ အားလုံးကတော့ 'ငါဗဟိုပြုစိတ်'ကြောင့်ပါပဲ။ ဘီးတဲလ်အဖွဲ့ ပျက်သွားတာ၊ ပလေးဘွိုင်းအဖွဲ့၊ စပိုက်ဂဲလ်အဖွဲ့ ပြိုကွဲသွားတာ၊ ဒေးဗစ်ဘက်ခမ်းနဲ့ ဖာဂူဆန် ပြဿနာတက် တာ၊ ရွိုင်ကင်းနဲ့ ဖာဂူဆန် အိုးစားကွဲတာ၊ ချယ်လ်ဆီးပိုင်ရှင် ရုရှား ခေတ်ပျက် သူဌေးနဲ့ လေလုံးထွားထွား ပေါ်တူဂီသားမန်နေဂျာ အစေးမကပ်ဖြစ်တာ အားလုံးဟာ အဲဒီ'ငါဗဟိုပြုစိတ်' လွန်လွန်ကဲကဲကြီးမားလွန်းလို့ ဖြစ်ပေါ် လာကြတာပါ။



www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံစုံလုပ်ငန်းခေတ်

ရှုံးရှုံးနိုင်နိုင် ပြဿနာဖြစ်စေတဲ့ အရင်းခံအကြောင်းတရား 'ငါဗဟိုပြုစိတ်'ကို ဖျောက်ပစ်နိုင်မှသာ ပြဿနာတွေလျော့ပါးသွားမှာ ဖြစ်ပါတယ်။ စီးပွားရေးလောကသားတွေက ဒီအချက်ကို အရင်ဆုံးသဘောပေါက်သွားတာကြောင့် ရှေးအစဉ်အလာကရှိခဲ့တဲ့ 'ငါ'ဆိုတဲ့ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ ဒါမှမဟုတ် 'မိသားစုတစ်ခု'ပိုင် လုပ်ငန်းကြီးတွေကို 'အများပိုင်'လုပ်ငန်းကြီးတွေအဖြစ် ပထမအဆင့် ပြောင်းလဲပစ်ခဲ့ပါတယ်။ ဝေါ့ဒစ္စနေ၊ ဖို့ဒ်ကားလုပ်ငန်း၊ ရော့ကဖဲလားဘဏ်လုပ်ငန်း စတဲ့လုပ်ငန်းကြီးတွေအားလုံးဟာ အများပိုင်ကုမ္ပဏီကြီးတွေ ဖြစ်သွားခဲ့ပါတယ်။ နောက်တော့ တစ်ဆင့်တက်ပြီး အများပိုင်လုပ်ငန်းကနေပြီး နိုင်ငံတကာလုပ်ငန်းကြီးတွေ(Multi National corporations: MNCs) အဖြစ် ပြောင်းလဲသွားကြပါတယ်။

## ကျောခိုင်းနေလို့မရ

အခုတော့ ရိုးရာအစဉ်အလာကို တင်းတင်းကြပ်ကြပ်လိုက်နာ စောင့်ထိန်းလေ့ရှိတဲ့ ဂျပန်၊ ကိုရီးယားလိုနိုင်ငံတွေမှာတောင် မိသားစုပိုင်ကုမ္ပဏီကြီးတွေ အဆင့်ကနေ MNC တွေအဆင့်ကို ပြောင်းလဲသွားခဲ့ကြပါပြီ။ ဒီဖြစ်ပေါ်တိုးတက်မှုလမ်းကြောင်းကို ဘယ်လိုမှ ကျောခိုင်းနေလို့မရတော့ပါဘူး။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ အောင်မြင်ဖြစ်ထွန်းဖို့အတွက် နိုင်ငံအားလုံး လိုက်ကိုလိုက်ကြရတော့မှာပါ။ MNC တွေရဲ့အခြေခံက 'တစ်ယောက်အားနဲ့ မယူနိုင်တာ အများအားနဲ့ရအောင်ယူမယ်'ဆိုတဲ့ သဘောတရားဖြစ်တယ်။ အဲဒီလို အများအားကိုရဖို့အတွက် စီးပွားပြိုင်ဖက်ကုမ္ပဏီကြီးတွေချင်း မိတ်ဖက်အဖြစ် ပေါင်းစည်းလုပ်ကိုင်ခဲ့ကြတယ်။

## ကမ္ဘာ့ရွာခေတ်

ကမ္ဘာကြီးတစ်ခုလုံးဟာ 'ရွာကြီး'တစ်ရွာအဆင့်လောက်သာ ရှိတော့တဲ့ ဒီခေတ်ကြီးမှာ 'ငါဗဟိုပြုစိတ်'တွေလွန်ကဲပြီး သွေးနားထင်ရောက်နေရင်တော့ 'ဝါးလုံးခေါင်းထဲ လသာ'သလိုသာ ဖြစ်နေလိမ့်မယ်။ ဓားလှံကိုင် အလယ်ခေတ်လူစွမ်းကောင်းတွေခေတ်၊ ဓားလွတ်ကိုင် ဆာမူရိုင်းတွေခေတ်တို့ဟာ သမိုင်းရဲ့ အမှိုက်ပုံကြီးထဲမှာ ကျန်ရစ်ခဲ့ပါပြီ။ လွမ်းမနေပါနဲ့တော့။ ကမ္ဘာ့ရွာခေတ်ကြီးထဲမှာ MNC တွေရဲ့ ဝါးမြိုပစ်တာမခံရဘဲနဲ့ အလိုက်သင့် အလျားသင့် မိတ်ဖက်အဖြစ် ဂုဏ်သိက္ခာရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ဖို့ ဆိုရင်တော့ 'ငါဗဟိုပြုစိတ်' ကြီးမားစေတဲ့ အတွေးအခေါ်တွေကို လုံးဝပြောင်းလဲပစ်ဖို့ လိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## အမှိုက်ပုံထဲ ကျန်ရစ်လိမ့်မယ်

သူကောပြောင်းမှာလား၊ ဘယ်တော့ပြောင်းမှာလဲဆိုတာတွေ မေးမနေပါနဲ့။ သူမပြောင်းရင် သမိုင်းရဲ့အမှိုက်ပုံထဲမှာ သူကျန်ရစ်လိမ့်မယ်။ သမိုင်းရဲ့ အမှိုက်ပုံထဲမှာ ကိုယ်မကျန်ရစ်ချင်ရင် ကိုယ်ပြောင်းပါ။ ဒါပါပဲ။ ရှင်းရှင်းလေးပါ။ 'သူ့ကြောင့်၊ ငါ့ကြောင့်'ဆိုတာတွေနဲ့ ရှုပ်အောင်လုပ်မနေပါနဲ့။ စကော့တလန် ဘောလုံးသင်းမန်နေဂျာလို လူကြီးလူကောင်းဆန်ဆန် တွေးခေါ်တတ်ဖို့သာ ကြိုးစားကြဖို့လိုပါတယ်။

၂၀၊ ၁၁၊ ၂၀၀၇။



www.burmeseclassic.com

www.burmeseclassic.com

# သင့်ကိုယ်သင် ရှိသေရဲ့လား

အင်္ဂလိပ်စကားပြော သင်တန်းလေးတစ်ခုဖွင့်ပြီး စာသင်နေစဉ်က အကြောင်းအရာတစ်ခုကိုမူတည်ပြီး အပြန်အလှန် ဆွေးနွေးငြင်းခုံတာမျိုး၊ တိုင်းမ်၊ နယူးစ်ဝိခ်၊ ရီးဒါးဒိုင်ဂျက် စတဲ့စာစောင်တွေထဲက စိတ်ဝင်စားစရာ ဆောင်းပါး၊ ဝတ္ထုတွေဖတ်ပြီး သင်ကြားတာမျိုး၊ ကဗျာသီချင်းတွေဖတ်ပြီး သင်ကြားတာမျိုးတွေ လုပ်လေ့ရှိသလို တစ်ခါတလေကျတော့လည်း ဘာမှမသင်ဘဲ သင်တန်းသားတွေချင်း လွတ်လွတ်လပ်လပ် ပြောချင်ရာပြောပြီး စကြ၊ နောက်ပြောင်ကြနဲ့ တဝါးဝါးတဟားဟားလုပ်နေကြတာမျိုးလည်း ရှိပါတယ်။

## တစ်သက်လုံးတက်လို့ရတဲ့ကျောင်း

သင်တန်းမှာ အချိန်ဇယားသတ်မှတ်ချက် မရှိပါဘူး။ မနက် ၉ နာရီက ည ၉ နာရီအတွင်း လာချင်တဲ့အချိန်လာ၊ ပြန်ချင်တဲ့အချိန်ပြန်၊ တစ်နေကုန် နေချင်လည်းနေ။ လေးငါးဆယ်နှစ် တက်ချင်သလောက်တက်ဆိုတဲ့ ပုံစံမျိုး ဖြစ်လေတော့ မြို့လယ်က ရုံးဝန်ထမ်းတွေအတွက် အဆင်ပြေတာကြောင့် ဝန်ထမ်းတွေ အတက်များပါတယ်။ စာသင်ရာမှာလည်း ပြဋ္ဌာန်းစာအုပ်မရှိ၊ သင်ချင်တဲ့ဟာ ကောက်သင်တာမျိုးဖြစ်ပြီး ကျောင်းသားကလည်း မေးချင်တာ၊ သိချင်တာ မေးချင်တိုင်းမေးလို့ရပါတယ်။ တစ်ခုတည်းသောစည်းကမ်းကတော့ အခန်းထဲရောက်တာနဲ့ အင်္ဂလိပ်လိုပဲ ပြောရမယ်။ မြန်မာစကား မပြောရ ဆိုတာပဲဖြစ်တယ်။

## ဆွေးနွေးငြင်းခုံတာ အကြိုးကျများ

အကြောင်းအရာတစ်ခုသတ်မှတ်ပြီး အပြန်အလှန် ဆွေးနွေးငြင်းခုံတဲ့ အချိန်ကို ကျောင်းသားတွေ သဘောအကျဆုံး ဖြစ်ပါတယ်။ အင်္ဂလိပ်စကား ပြောခွင့်ရသလို အကျိုးနဲ့အကြောင်း ဆက်စပ်စဉ်းစားတွေးခေါ်တဲ့ အကျင့်လည်း ရစေပါတယ်။ ဒါ့အပြင် ရွေးချယ်တဲ့အကြောင်းအရာအလိုက် ဗဟုသုတလည်း ရစေပါတယ်။ ဆံပင်ရှည်ထားတာ အပြစ်လား၊ လက်ဖက်ရည်ဆိုင်ထိုင်တာ အပြစ်လား စတဲ့ ပေါ့ပေါ့ပါးပါးနဲ့ ရယ်မောရတဲ့ အကြောင်းအရာမျိုးတွေပါသလို



www.burmeseclassic.com

www.burmeseclassic.com

**လူထုစိန်ဝင်း**

ရောဂါဝေဒနာခံစားနေရတာ ကင်းဝေးသွားအောင် သေချင်တဲ့သူရဲ့ဆန္ဒကို ဖြည့်ဆည်းပေးတဲ့ Euthanasia ခေါ် Mercy killing လုပ်တာ ခွင့်ပြုသင့်၊ မသင့်ဆိုတဲ့ ပညာရပ်ဆိုင်ရာ အဆင့်မြင့်ဆွေးနွေးတာမျိုး၊ ပါရမီဆိုတာ အလေ့အကျင့်လုပ်ယူလို့ မရဘူး၊ မွေးရာပါဖြစ်တယ်ဆိုတဲ့ အယူအဆမှန်သလား ဆိုတာမျိုး၊ ကြောက်စိတ်ဘယ်ကလာသလဲ ဆိုတာမျိုးတွေလည်း ပါလေ့ရှိပါတယ်။

**လူ့တန်ဖိုးများ ကျဆင်းသွား**

အဲဒီလို ဆွေးနွေးငြင်းခုံကြတဲ့ အကြောင်းအရာတွေထဲက 'လူနဲ့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမှု'ဆိုတဲ့အကြောင်းကို ပြောပြချင်ပါတယ်။ နှစ်ဆယ်ရာစုဦးပိုင်းကာလလောက်ကစပြီး ကမ္ဘာတစ်ခုလုံးမှာ လူသားတွေရဲ့တန်ဖိုးဟာ အကြီးအကျယ် ယုတ်လျော့ကျဆင်းလာခဲ့ပါတယ်။ ပိုက်ဆံက အရာရာကို ဖန်တီးတဲ့ လူနေမှုစနစ်ကြီး ထွန်းကားလာတာနဲ့အမျှ လူသားတွေရဲ့ဘဝဟာလည်း ပိုက်ဆံရဲ့ ခြယ်လှယ်ခံဖြစ်သွားပါတယ်။ လူက ပိုက်ဆံကို အသုံးချတာ မဟုတ်တော့ဘဲ ပိုက်ဆံက လူကို အသုံးချခိုင်းစေသွားတဲ့ဘဝမျိုး ရောက်ရှိသွားပါတယ်။

**အခိုင်းခံသူတွေကများ**

အဲဒီအခါမှာ ပိုက်ဆံရှိသူက ပိုက်ဆံမရှိသူကို ပိုက်ဆံပေးပြီး စေခိုင်း ခြယ်လှယ်ပါတယ်။ လောကမှာ ပိုက်ဆံရှိသူက အနည်းစုဖြစ်ပြီး ပိုက်ဆံမရှိသူက အများစုဖြစ်လေတော့ ပိုက်ဆံမရှိသူများဟာ အခိုင်းခံရဖို့အရေးကိုတောင် ပိုက်ဆံရှိသူကို မျက်နှာချိုသွေးကြရပါတယ်။ အခိုင်းခံချင်သူတွေက တစ်နေ့တခြား တိုးပွားသထက် တိုးပွားလာတဲ့အခါမှာတော့ မျက်နှာချိုသွေးရုံနဲ့တင် မလုံလောက်တော့ပါဘူး။ ပိုက်ဆံရှိသူကို ရှိခိုးဦးတင် ခယဝပ်တွားလုပ်ကြရပါတော့တယ်။ ဒီလိုနဲ့ပဲ လူသားတွေရဲ့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားလေးစားရှိသေမှုစိတ်ဓာတ်(Self-esteem)ဟာ ပါးလျားသထက် ပါးလျားသွားရပါတယ်။

**စိတ်ချဉ်ပေါက်သွားရ**

စိတ်ဖိစီးမှုတွေများပြီး မပျော်နိုင်မရွှင်နိုင်ဖြစ်တာ၊ စိတ်ဝေဒနာတစ်ခုခု စွဲကပ်တာ၊ ညည်းအိပ်မပျော်တဲ့ ရောဂါရတာတွေရဲ့ အရင်းအမြစ်ဟာ Self-esteem ပျောက်ဆုံးသွားခြင်း ဖြစ်ပါတယ်။ လူတိုင်းဟာ လွတ်လပ်စွာ မွေးဖွားလာခဲ့ကြတာချည်း ဖြစ်တယ်။ ဒါပေမဲ့ အရွယ်ရောက်ကာမှ ငွေထုပ်ပိုက်ထားတဲ့ ငွေရှင်ကြေးရှင်ရဲ့ အခိုင်းခံ၊ အခြယ်လှယ်ခံဘဝနဲ့ ရှိခိုးဦးတင် ခယ



www.burmeseclassic.com

www.burmeseclassic.com



ဝပ်တွားလုပ်နေရတာကို ဘယ်လူသားမှ ကျေနပ်နိုင်မယ်မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီဘဝကလည်း ဘယ်လိုမှ ရုန်းမထွက်နိုင်တဲ့အခါကျတော့ စိတ်ထဲမှာ မခံချည့် မခံသာဖြစ်ရတာတွေများလာပြီး 'စိတ်ချဉ်ပေါက်'သွားလေ့ရှိပါတယ်။

## လိပ်ပြာမလုံတဲ့အခါ

Self-esteem ပျောက်ဆုံးမှုဆိုတာ အနိုင်းခံ၊ အခြယ်လှယ်ခံများချည့် ဖြစ်တတ်တာ မဟုတ်ပါဘူး။ နိုင်းသူ၊ ခြယ်လှယ်သူ ငွေရှင်ကြေးရှင်များလည်း ဖြစ်လေ့ရှိတာပါပဲ။ လောကမှာ သူများရှိသေအောင်လုပ်ဖို့ မခက်ပါဘူး။ ငွေနဲ့ စည်းစိမ်ချမ်းသာနဲ့၊ ရာထူးအာဏာနဲ့ လုပ်လို့ရပါတယ်။ ကိုယ့်ကိုယ်ကိုယ် ရှိသေလေးစား တန်ဖိုးထားနိုင်ဖို့ဆိုတာကတော့ အင်မတန်မှကို ခက်ပါတယ်။ အမှန်တကယ်ကို ကိုယ်ကျင့်သီလသန့်ရှင်းဖြူစင်သူမှ ဖြစ်နိုင်တာပါ။ လူဟာ မိမိရဲ့ဖြစ်တည်နေမှုအပေါ် စိတ်ထဲမသိုးမသန့်၊ လိပ်ပြာမလုံ ဖြစ်လာတဲ့အခါမျိုးမှာ မိမိရဲ့လာရာနဲ့ လားရာကို မနှစ်မြို့နိုင်ဖြစ်လာရပါတယ်။ ဒီမှာတင် ကိုယ့်ကိုယ်ကိုယ် ရှိသေလေးစားတန်ဖိုးထားမှု Self-esteem ပျောက်ကွယ်သွားပါတော့တယ်။

## ဘာမဆို လုပ်မယ့်လူ

ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားမှု ပျောက်ကွယ်သွားတာနဲ့တစ်ပြိုင်နက် လူဟာ အယုတ်ညံ့ဆုံးအခြေအနေကို ရောက်သွားပြီလို့ ဆိုနိုင်ပါတယ်။ သူဟာ သူ့လိုဘပြည့်ဝဖို့အတွက် ဘာမဆိုလုပ်တော့မှာ ဖြစ်ပါတယ်။ ကိုယ့်ကို ကျွန်ပြုထားတဲ့ မျက်နှာဖြူတွေကို လက်အုပ်ချီရှိခိုးပြီး သခင်ကြီးခေါ်တာ၊ ကိုယ့်ကို ပါးနားရိုက်၊ လက်သည်းခွာပြီး နှိပ်စက်ညှဉ်းပန်းတဲ့ ဖက်ဆစ်တွေကို 'မာစတာ မာစတာ'နဲ့ မျက်နှာလိုအားရလုပ်တာမျိုးတွေဟာ အဲဒီစိတ်ဓာတ်အခြေအနေကြောင့် ဖြစ်တယ်။ အခြယ်လှယ်ခံဘဝမှာ ဘာမဆိုလုပ်ဖို့ ဝန်မလေးသူဟာ သူက အကြောင်းသင့်လို့ ခြယ်လှယ်သူနေရာရောက်သွားခဲ့ရင်လည်း ဘာမဆို လုပ်ဖို့ ဝန်လေးနေမှာမဟုတ်တော့ပါဘူး။

## လိပ်ပြာမလုံမှုတွေ

မဟုတ်မမှန်တာတစ်ခု လုပ်မိပြီဆိုရင် အဲဒီမဟုတ်မမှန်တာကို ဖုံးကွယ်ဖို့အတွက် နောက်ထပ် မဟုတ်မမှန်တာတွေ ဆင့်ကဲဆင့်ကဲလုပ်ရလေ့ရှိပါတယ်။ အဲဒီလိုနဲ့ပဲ လူရဲ့အတွင်းစိတ်မှာ (guilty Conscious)လိပ်ပြာမလုံမှုတွေ ကြီးမားသထက် ကြီးမားလာပြီး၊ စိတ်ဖိစီးမှုတွေ၊ စိတ်မချမ်းမသာဖြစ်ရမှုတွေကြောင့် ညညအိပ်မပျော်နိုင်တော့ပါဘူး။ အဲဒီအတွင်းစိတ်တွေဟာ မျက်နှာမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြနေပါတယ်။ ပိုက်ဆံတွေ၊ စည်းစိမ်ချမ်းသာတွေ၊ ရာထူးအာဏာတွေနဲ့ ဘယ်လိုပဲဖုံးကွယ်ထားထား အထင်းသားပေါ်လွင်နေတာ တွေ့မြင်နိုင်ကြပါတယ်။

## ရှိသေမှု တန်ဖိုးထားနိုင်

လူ့ဘဝဟာ တိုတောင်းပါတယ်။ အဲဒီတိုတောင်းတဲ့ အချိန်ကာလလေးကို စိတ်ချမ်းချမ်းသာသာနဲ့ ဖြတ်သန်းနိုင်ဖို့ အရေးကြီးပါတယ်။ လူချမ်းသာဖို့ လုပ်ရတာက မခက်လှပါဘူး။ အမှန်တကယ် စိတ်ချမ်းသာဖို့ကတော့ များစွာခက်ခဲပါတယ်။ လိပ်ပြာသန့်သန့်နေနိုင်မှ စိတ်ချမ်းသာစွာနဲ့ ညညအိပ်ပျော်နိုင်မှာ ဖြစ်ပါတယ်။ လိပ်ပြာသန့်နိုင်ဖို့ဆိုရင် ကိုယ်ကျင့်သီလ အင်မတန်သန့်ရှင်းဖို့လိုပါတယ်။ ကိုယ့်သီလကိုယ် စိတ်ချလက်ချ ယုံကြည်နိုင်သူများမှ ကိုယ့်ကိုယ်ကိုယ် ရှိသေနိုင်ပါတယ်။ ရှိသေမှ တန်ဖိုးထားပါတယ်။ တန်ဖိုးထားမှ မြတ်နိုးပါတယ်။ အဲဒါကြောင့် အမှန်တကယ် စိတ်ချမ်းချမ်းသာသာနေနိုင်ဖို့အတွက် လူတိုင်းလူတိုင်းဟာ ကိုယ့်ကိုယ်ကိုယ် ရှိသေလေးစား တန်ဖိုးထားနိုင်အောင်ကြိုးစားကြဖို့ အရေးကြီးကြောင်း နှိုးဆော်လိုက်ချင်ပါတယ်။

၂၅-၁၂-၂၀၀၇



www.burmeseclassic.com

www.burmeseclassic.com

# လူငယ်တွေ သိမ်ငယ်စိတ်ပျောက်ဖို့လိုတယ်

တစ်နေ့က လူငယ်လေးတစ်ယောက်ရောက်လာပြီး ထောက်ခံစာတစ်စောင် ရေးပေးပါလို့ ပြောပါတယ်။ သူ့မိဘများနဲ့ ခင်မင်ရင်းနှီးနေတာကြောင့် အကျိုးအကြောင်းမေးကြည့်ပြီး ရေးပေးတာပေါ့လို့ ကတိပေးလိုက်ပါတယ်။

## လိုက်နိုင်မယ်မထင်လို့

လူငယ်လေးက နိုင်ငံကြီးတစ်ခုမှာ တက္ကသိုလ်ဝင်ခွင့်လျှောက်ချင်လို့ပါ။ လိုအပ်တဲ့ ELTS အင်္ဂလိပ်စာအရည်အချင်းစာမေးပွဲလည်း ဖြေပြီးပါပြီ။ ကျောင်းက လက်ခံနိုင်လောက်တဲ့အမှတ်လည်း ရပါတယ်။ တော်တယ်လို့ ခေါ်ရမှာပါပဲ။ ဒါပေမဲ့ သူ့လျှောက်လွှာတွေ လှန်လှောကြည့်လိုက်တဲ့အခါကျတော့ ဘဝင်မကျစရာ သွားတွေ့ရပါတယ်။ သူက ပထမနှစ်ဝင်ခွင့်လျှောက်ထားတာ ဖြစ်တယ်။ သူက ဘွဲ့ရပြီးသားပါ။ ထုံးစံအတိုင်း ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်း စတာတွေလည်း တက်ထားပြီးဖြစ်ပါတယ်။ အဲဒါကြောင့် ဘွဲ့လွန်တန်းတက်ဖို့ ဘာကြောင့်မလျှောက်တာလဲလို့ မမေးဘဲမနေနိုင်လို့ မေးလိုက်မိတယ်။ သူ့အဖြေကြားရတော့ တော်တော်ကြီးကို စိတ်မကောင်းဖြစ်သွားရပါတော့တယ်။ 'ဘွဲ့လွန်အဆင့်ကို လိုက်နိုင်မယ်မထင်လို့ပါ' တဲ့လေ။

## ထိပ်သီးကျောင်းကြီးက

ဒီလူငယ်လေးဟာ ရန်ကုန်မြို့က ထိပ်သီးဆိုတဲ့ ကျောင်းကြီးတစ်ကျောင်းမှာ သူငယ်တန်းက ဆယ်တန်းအောင်တဲ့ထိ နေလာခဲ့တာဖြစ်ပါတယ်။ အကောင်းဆုံးကျူရှင်တွေလည်း တက်ခဲ့ရပါတယ်။ ဆယ်တန်းအောင်တော့လည်း ရမှတ်မဆိုးလှပါဘူး။ အလယ်အလတ်က လိုက်ပါတယ်။ ဆယ်တန်းဖြေပြီးတာနဲ့ တစ်ပတ်တောင်မကြာခင်မှာ အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာသင်တန်းတွေ လိုက်တက်ပါတယ်။ အနေအထိုင်လည်း ပိပိပြားပြားနဲ့ ဣန္ဒြေရှိပါတယ်။ မိဘအရှိန်အဝါကို ခုတုံးလုပ်ပြီးတော့ ဟော့ရမ်းနေတတ်သူမျိုး မဟုတ်ပါဘူး။ ဘွဲ့လွန် ၂မာစတာတန်းတက်နိုင်လောက်တဲ့ အရည်အချင်းရှိသူလို့ ထင်ပါတယ်။ အဲဒါကြောင့် ဘွဲ့လွန်လျှောက်ပါလားလို့ တိုက်တွန်းလိုက်ပါတယ်။ ဘွဲ့လွန်တန်း



www.burmeseclassic.com

www.burmeseclassic.com

လူထုစိန်ဝင်း

တွေအတွက် စကောလားရှစ်ပေးတဲ့ အဖွဲ့အစည်းတော့ မရှိသလောက် ရှားပါး ကြောင်း၊ မိဘပိုက်ဆံတတ်နိုင်လို့ ကိုယ့်စရိတ်နဲ့ကိုယ် တက်ရင်လည်း မာစတာ တန်းဆိုတော့ တစ်နှစ်၊ တချို့ဘာသာရပ်မျိုးမှ နှစ်နှစ်သာ တက်ရမှာဖြစ်ပြီး ဘွဲ့ကြိုစတက်မယ်ဆိုရင် အနည်းဆုံး လေးနှစ်တက်ရမှာဖြစ်လို့ ကုန်ကျစရိတ် အများကြီးကွာကြောင်း ရှင်းပြပါတယ်။

အဖြေမရတော့

လူငယ်လေးက ဘာမှပြန်မဖြေပါဘူး။ ပထမနှစ်ကပဲ စတက်ဖို့ သူ့စိတ်ထဲမှာ ပိုင်းဖြတ်ထားပြီး ဖြစ်ဟန်ရှိပါတယ်။ သူ့အရိပ်အကဲကိုကြည့်ပြီး တိုက်တိုက် တွန်းတွန်း ထပ်မလုပ်တော့ဘဲ နောက်နေ့မှာ ထောက်ခံစာလာယူလို့ပဲ ပြော လိုက်ပါတယ်။ စိတ်ထဲမှာတော့ တော်တော်လေးကို မချင့်မရဲဖြစ်ကျန်ရစ် ပါတယ်။ အသက်နှစ်ဆယ်ကျော်စ လူငယ်လေးတစ်ယောက် ဖြစ်ပါလျက်နဲ့ အားမရှိလိုက်တာ၊ ယုံကြည်မှုကင်းမဲ့လိုက်တာလို့ အောက်မေ့လိုက်မိတယ်။ နှစ်ပေါင်းနှစ်ဆယ်ကျော် ကျောင်းဆရာလုပ်ခဲ့တာဆိုတော့ ဒီလိုလူငယ်လေး တွေ အများကြီးပဲတွေ့ခဲ့ဖူးတယ်။ ကိုယ့်အစွမ်းအစကိုမှ ကိုယ်ယုံကြည်မှုမရှိတဲ့ လူငယ်မျိုးတွေ သိပ်များနေတာ မကောင်းဘူးလို့ထင်တယ်။

လူချင်းယှဉ်စမ်းပါ

တကယ်တော့ မြန်မာလူငယ်လေးတွေ မညံ့ပါဘူး။ လူရည်လူသွေး၊ ဉာဏ်စွမ်း ဉာဏ်စမှာ ဘယ်သူနဲ့ယှဉ်ယှဉ် နောက်ကျန်မနေရစ်ပါဘူး။ နောက်ပြီး သူငယ် တန်းကတည်းက စာကိုအလွတ်ကျက်တဲ့အကျင့်က စွဲနေတာဆိုတော့ ဘယ် နိုင်ငံရောက်ရောက်၊ စာတွေဘယ်လောက်များများ စာကျက်၊ စာဖတ်ရမှာ မကြောက်ပါဘူး။ ဖြတ်ထိုးဉာဏ်ကောင်းတဲ့နေရာမှာလည်း မြန်မာတွေကို အာရှတိုက်က ဘယ်နိုင်ငံသားမှ မမီပါဘူး။ မြန်မာလူငယ်လေးတွေက တစ်ထွာ ပြရင် တစ်လံမြင်တတ်ကြပါတယ်။ ခေတ်မီပစ္စည်းကရိယာ(gadgets)တွေ မပါဘဲ လူချင်းသာယှဉ်လို့ကတော့ ဆရာဝန်ချင်းယှဉ်မလား၊ အင်ဂျင်နီယာချင်း ယှဉ်မလား၊ အထက်တန်းကျောင်းသားချင်း ယှဉ်မလား၊ ဈေးသည်ချင်း ယှဉ် မလား ကောင်းကောင်းကြီးယှဉ်နိုင်ပါတယ်။ နိုင်ငံခြားကို ကျောင်းသွားတက်တာ စာမလိုက်နိုင်လို့ ပြန်ပို့ခံရတယ်ဆိုတဲ့အဖြစ်မျိုး တော်တော်နည်းပါတယ်။

ငှက်ဖျားမသိတဲ့နိုင်ငံ

လွန်ခဲ့တဲ့နှစ် ၂၀ လောက်က ကျောင်းသားဟောင်းတစ်ယောက် ကြုံခဲ့ရ တာလေးကို ပြောပြချင်ပါတယ်။ ကျောင်းသားဟောင်းက အရှေ့ဖျားနိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှာ သွားအလုပ်လုပ်နေရင်း ခဏခဏဖျားလို့ ဆေးရုံတက်ရတဲ့အကြိမ်တွေ မနည်းတော့ပါဘူး။ တစ်ခါမှာတော့ ဆေးရုံပေါ်မှာ နှစ်လလောက်ကြာပါတယ်။ အဖျားကပျောက်မသွားဘဲ တက်လိုက်၊ ကျလိုက် ဖြစ်နေပါတယ်။ ခေတ်မီနည်းစံနစ်တွေနဲ့ အမျိုးမျိုးစမ်းသပ်လည်း သူ့ရောဂါကို ဘာမှန်းမသိကြပါဘူး။

နောက်ဆုံးတော့ အဲဒီခေတ်က ဖိလစ်ပိုင်မှာရှိတဲ့ အမေရိကန်စစ်စခန်းက ဆေးရုံကို သွေးနမူနာပို့ပြီး စစ်ကြည့်လိုက်တော့ နေ့ချင်းပဲ အဖြေပြန်ရပါတယ်။ ငှက်ဖျားပိုးရှိနေတာပါပဲ။ အဲဒီနိုင်ငံမှာ အဲဒီခေတ်ရောက်တော့ ငှက်ဖျားဆိုတာ ကြားတောင်မကြားဖူးကြတော့ပါဘူး။ ဒီတော့ ငှက်ဖျားရောဂါလက္ခဏာတွေကို ဆရာဝန်တွေမသိပါဘူး။ ဆေးကျောင်းသင်ရိုးတွေမှာလည်း အလေးထားသင်ကြားခြင်း မရှိတော့ပါဘူး။ အဲ . . . ငှက်ဖျားဆိုတာ သိသွားကြပြန်တော့လည်း ငှက်ဖျားပျောက်ဆေး မရှိပါဘူးတဲ့။ ဒါကြောင့် ဖိလစ်ပိုင်ရှိကလပ်လေတပ်စခန်း ဆေးရုံကိုပဲလှမ်းပြီး အကူအညီတောင်းရပါတယ်။ အဲဒီဆေးရမှာပဲ တပည့်ဖြစ်သူ အဖျားလုံးဝပြတ်ပြီး ဆေးရုံမတက်ရတော့ပါဘူးတဲ့။

## ငှက်ဖျားလောက်တော့ ရိုးနေပြီ

တိုးတက်တဲ့ အဲဒီနိုင်ငံက ဆရာဝန်တွေ ငှက်ဖျားမှန်း ၂ လလောက်ကြာတာတောင် မသိကြပေမယ့် မြန်မာနိုင်ငံ၊ တောမြို့ဆေးရုံလေးတစ်ရုံက ဆရာဝန်တစ်ယောက်ဟာ နေ့တစ်ဝက်လောက် လူနာကိုစောင့်ကြည့်လိုက်ရုံနဲ့ ဒါငှက်ဖျားပဲဆိုတာ တပ်အပ်ပြောနိုင်စွမ်းရှိပါတယ်။ ဘာစမ်းသပ်မှုတွေမှ မလုပ်ဘဲကို ပြောနိုင်ပါတယ်။ ငှက်ဖျားရောဂါဆိုတာက မြန်မာဆရာဝန်တွေအဖို့တော့ ကြုံဖူးပေါင်းများလို့ ရိုးနေပြီလေ။ အဲဒါကြောင့် gadget တွေဘေးဖယ်ထားပြီး လူချင်းသာယှဉ်လိုက်တော့ မြန်မာတွေဟာ ဘယ်သူနဲ့မဆို ယှဉ်နိုင်တယ်လို့ ပြောရဲတာဖြစ်တယ်။ ဝါးရင်းတုတ်နဲ့ ဒိုင်နက်စတီထူထောင်ခဲ့တဲ့ မြန်မာလူမျိုးပါ။

## မမြင်ဖူး မူး မြစ်ထင်

လူငယ်တွေ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုမရှိ ဖြစ်နေရတာက ရွယ်တူတန်းတူနိုင်ငံခြားသားတွေနဲ့ ထိတွေ့ဆက်ဆံမှုနည်းနေလို့ ဖြစ်တာပါ။ မမြင်ဖူး မူး မြစ်ထင်ဆိုသလို အဝေးကနေပဲကြည့်နေရလို့ အထင်ကြီးနေတာဖြစ်တယ်။ တကယ်ထိတွေ့မှု(exposure)ရှိခဲ့မယ်ဆိုရင် ၄၅ ပြားဖိုးဝယ်ပြီး တစ်ကျပ်တန်ပေးတာကို ဂဏန်းတွက်စက်မရှိရင် ဘယ်လောက်ပြန်အမ်းရမှန်းမသိတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးတွေ၊ စူပါပါဝါနိုင်ငံကြီးရဲ့ သမ္မတတစ်ဦးဖြစ်နေတာတောင် သတင်းစာမျက်နှာဖုံးမှာ နေ့စဉ်သတင်းပါနေလောက်အောင်ကို ပြဿနာတွေ ရှုပ်ထွေးနေတဲ့ ကိုယ့်မဟာမိတ်နိုင်ငံကြီးတစ်ခုရဲ့သမ္မတ ဘယ်သူဘယ်ဝါဆိုတာကို မသိဘူးဆိုတဲ့ကိစ္စမျိုးတွေကို ထိတွေ့သိရှိနေရင် သူများတွေကို အထင်ကြီးစရာလို့ မြင်မှာမဟုတ်တော့ပါဘူး။ သူများကိုအထင်မကြီးရင် ကိုယ့်ဟာကိုယ် သိမ်ငယ်နေစရာ မလိုတော့ဘူး။ အားငယ်စိတ်၊ သိမ်ငယ်စိတ်မရှိရင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပြန်ရလာမှာဖြစ်တယ်။ အဲဒါကြောင့် လူငယ်တွေ သိမ်ငယ်စိတ် ပျောက်ပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေရှိလာအောင် ပြင်ပလောကနဲ့ထိတွေ့မှု(exposure)များများရအောင် ဆောင်ရွက်ပေးဖို့လိုပါတယ်။ မီဒီယာတွေက ဒီတာဝန်ကို တစ်ဖက်တစ်လမ်း ဖြည့်ဆည်းပေးနေတာဖြစ်တယ်။ မီဒီယာအားကောင်းရင်ကောင်းသလောက် လူငယ်တွေ မျက်စိပွင့်၊ နားပွင့်ဖြစ်လာမှာပါ။ အဲဒါကြောင့် မီဒီယာတွေကြွံနိုင်အောင်လုပ်ခြင်းဟာ လူငယ်တွေကို ပျိုးထောင်ပေးခြင်းလည်းဖြစ်ကြောင်း ရေးလိုက်ရပါတယ်။

၂၈၊ ၁၊ ၂၀၀၈။



www.burmeseclassic.com

www.burmeseclassic.com

# စိတ်ယဉ်ကျေးမှု ချွတ်ခြုံကျခြင်း

## လူ့ယဉ်ကျေးမှုဆိုတာ ဘာလဲ

ကျောင်းဖွင့်စာသင်နေစဉ်က ဒီမေးခွန်းကို ကျောင်းသူ၊ ကျောင်းသားတွေ မကြာခဏ မေးတတ်ကြတယ်။ အကြိမ်ကြိမ်ဆွေးနွေး ရှင်းပြခဲ့ရတယ်။ စာမသင်နိုင်တော့လို့ စာတွေပဲဖောက်ချရေးသားနေတော့လည်း စာဖတ်ပရိသတ်လူငယ်တွေ လူကိုယ်တိုင်ရောက်လာပြီးတစ်မျိုး၊ အဝေးကစာရေးပြီးတစ်ဖုံ မေးမြန်းတတ်ကြလို့ အကြိမ်ကြိမ်ဆွေးနွေးခဲ့ရပါတယ်။

## တိုးတက်မှုဆိုင်းဘုတ် တပ်ထားလို့

ဆုတ်ကပ်ခေတ်ကြီးမှာ သိသိသာသာကို ဆုတ်ယုတ်ပျက်ယွင်းသွားရတာက လူတွေရဲ့စိတ်ဓာတ်ဖြစ်တယ်။ တခြားအရာတွေက သိပ်ပြီးမသိသာလှဘူး။ တိုးတက်မှုဆိုတဲ့ ဆိုင်းဘုတ်တပ်ထားတာကိုး။ အဏုမြူဗုံးကို ရူပဗေဒ ပွင့်ထွက်တိုးတက်မှု(break through)ဆိုင်းဘုတ် တပ်ထားသလိုမျိုးပေါ့။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ လူသားမျိုးနွယ်တစ်ခုလုံး ပျက်သုဉ်းကွယ်ပျောက်သွားမယ့်အန္တရာယ်ကြီး ကျရောက်လာဖွယ်ရှိတာကို မသိချင်ယောင်ဆောင်နေကြတယ်။ လွန်ခဲ့တဲ့အနှစ် လေးငါးခြောက်ဆယ်က အင်္ဂတေဘေးပပျောက်ဖို့ ဆင်းရဲမွဲတေမှုတိုက်ဖျက်ဖို့ သီးနှံတွေအထွက်တိုးအောင် ဓာတ်မြေသြဇာနဲ့ ပိုးသတ်ဆေးတွေ များများသုံးဖို့ ပညာပေးလှုံ့ဆော်မှုတွေ လုပ်ခဲ့ကြတယ်။ ဒါပေမဲ့ အခုတော့ ပိုးသတ်ဆေးတွေကြောင့် လူတွေမှာ ရောဂါဘယမျိုးစုံဖြစ်ပွားရတာကို သိလာကြပြီး ပိုးသတ်ဆေးတွေမသုံးဖို့ သတိပေးလာကြရတယ်။ ပိုးသတ်ဆေးနဲ့ ဓာတ်မြေသြဇာတွေ မြေကြီးထဲစိမ့်ဝင်မှုကြောင့် မြေအောက်ရေအရင်းအမြစ်တွေ အဆိပ်သင့်နေပြီလို့ အလန့်တကြား အော်ဟစ်လိုက်တဲ့ နောင်တသံတွေလည်း ကျယ်ကျယ်လောင်လောင်ကြားနေရတယ်။

## မျိုးသုဉ်းပျောက်ကွယ်လုနီး လူ့ယဉ်ကျေး

ဒါပေမဲ့ တိုးတက်မှုရဲ့ ခဏပန်းအကျိုးခံစားရမှုလေးတွေကို သာယာနှစ်သိမ့်ပြီးနေကြလေတော့ အဆုံးစွန်မှာ ရင်ဆိုင်ကြုံတွေ့ရမယ့် ဘေးအန္တရာယ်ဆိုးကြီးတွေ လစ်လျူရှုနေကြပါတယ်။ တကယ်တော့ လူတွေဟာ 'ငရဲပန်းကို ရွှေပန်း



www.burmeseclassic.com

www.burmeseclassic.com



ထင်'နေကြသူတွေသာ ဖြစ်တယ်။ ရေပန်းက တိုးတက်မှုဆိုတဲ့ ဆိုင်းဘုတ်ကိုင်ထားလေတော့ အန္တရာယ်က မြင်သာထင်သာမရှိလှဘူး။ စိတ်ဓာတ်တွေယိုယွင်းပျက်စီးမှုကတော့ ကိုယ့်မှာ၊ သူ့မှာ လူတိုင်းမှာဖြစ်နေကြပြီး မြင်သာထင်သာရှိလွန်းတဲ့အတွက် စိုးရိမ်ရလောက်တဲ့ အခြေအနေဖြစ်နေပြီဆိုတာ လူတိုင်းသိနေကြတယ်။ 'လူယဉ်ကျေး'ဆိုတာ ခုခေတ်မှာ မျိုးသုဉ်းကွယ်ပျောက် လုနီးဖြစ်နေတဲ့ endanger specie ဆိုတော့ လူငယ်အများစုဟာ လူယဉ်ကျေးဆိုတာ မတွေ့ဖူးကြဘူး၊ မကြုံဖူးကြဘူး။ အဲဒါကြောင့် 'လူယဉ်ကျေး' ကို စိတ်ဝင်စားကြတာ။

## မကောင်းသူထိပ် ကောင်းသူထိပ်

ဒီနေ့ အသက် ၂၀ ဝန်းကျင် လူငယ်လုံမငယ်လေးတွေ ကြီးပြင်းလာရတာက ခရီးသည်တင်လေယာဉ်ပျံကြီးတွေကို အပိုင်စီးပြီး လူတွေ ထောင်သောင်းချီရှိနေတဲ့ မိုးထိတိုက်ကြီးတွေကို ဝင်တိုက်တဲ့ခေတ်၊ ခန္ဓာကိုယ်မှာ ဗုံးတွေချိတ်ပြီး လူစည်းကားရာနေရာရောက်မှ ကိုယ်ပါအသေခံပြီး ဗုံးခွဲလူသတ်တဲ့ခေတ်၊ ကိုယ်နဲ့ဆန့်ကျင်ဖက် လူတစ်ယောက်၊ လူတစ်စုကို သေစေလိုတဲ့အတွက် မိုင်ပေါင်းများစွာဝေးတဲ့ နေရာကနေပြီး 'မကောင်းသူထိပ် ကောင်းသူထိပ်'ဆိုတဲ့သဘောနဲ့ ဒုံးကျည်တွေ တစ်စင်းပြီးတစ်စင်း ပစ်လွှတ်တဲ့ခေတ်၊ ကိုယ့်ကို ဘာမှပြန်ရန်မပြုနိုင်ဘူးဆိုတာ အသေအချာသိထားတဲ့ ဆင်းရဲတဲ့နိုင်ငံလေးတစ်ခုကို လက်နက်အင်အား၊ လူအင်အားနဲ့ဖိပြီး ကျူးကျော်တိုက်ခိုက်တဲ့ခေတ်၊ မူလတန်းကျောင်းသူ၊ ကျောင်းသား ကလေးငယ်တွေရှိတဲ့စာသင်ကျောင်းထဲကို မောင်းပြန်သေနတ် ကျည်ကပ်မကုန်မချင်း လက်တည့်စမ်းတဲ့ခေတ်၊ ရမ်ဘိုခေတ်၊ အာနိုးခေတ်ဖြစ်လေတော့ 'ယဉ်ကျေးခြင်း'ဆိုတာကိုတောင် သူတို့လေးတွေ ရေရေရာရာ မသိရှာကြတော့ဘူးလေ။

## ယဉ်ကျေးခြင်းအမြင်များ

တချို့လူငယ်လေးတွေက ပုဆိုးနဲ့တိုက်ပုံဝတ်တာကို၊ အဝတ်အစား သပ်သပ်ယပ်ယပ် ဝတ်စားဆင်ယင်တာ၊ အပြောအဆို ချိုသာတာလောက်ကို 'ယဉ်ကျေးခြင်း'လို့ ထင်မှတ်နေရှာကြတာ။ ခုခေတ်က နည်းပညာခေတ် ဖြစ်နေလေတော့ နည်းပညာဆိုင်ရာတွေကိုချည်း အလေးထားသင်ယူနေကြရတယ်။ လူကျင့်ဝတ်သိက္ခာတို့၊ ပြည်သူ့နီတိတို့လို 'စိတ်ယဉ်ကျေးမှု' ပြုစုပျိုးထောင်တဲ့ ဘာသာရပ်တွေ သင်ကြားခြင်းမပြုနိုင်ကြတော့ဘူးလေ။ ရှေးကတော့ ခုခေတ်လောက် သင်ယူစရာနည်းပညာတွေက မများလှသေးတော့ မူလတန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးအရွယ်ကတည်းက ပြည်သူ့နီတိလို ဘာသာရပ်မျိုးကို သင်ယူနိုင်ခဲ့ကြတယ်။ ဖတ်စာအုပ်တွေမှာလည်း လိမ္မာယဉ်ကျေးမှုကိုဦးတည်တဲ့ ပုံပြင်ဇာတ်လမ်းတွေ၊ ကဗျာလင်္ကာတွေ၊ ဆုံးမစာသံပေါက်တွေကို အဓိကထား ထည့်သွင်းဖော်ပြထားကြတယ်။ အလယ်တန်း၊ အထက်တန်းရောက်တော့လည်း ဝေသန္တရာတို့၊ မဟောသဓာတို့၊ သုဝဏ္ဏသာမတို့လို စာကြီးပေကြီးတွေ သင်ကြရတယ်။ အင်္ဂလိပ်စာဘက်ကလည်း စိတ်ကိုယဉ်ကျေးစေတဲ့ ကဗျာတစ်အုပ်နဲ့ ဂန္ထဝင်ဝတ္ထုကြီးတစ်ပုဒ်ကို မသင်မနေရ သင်ကြားကြရတယ်။

## ရော်ဘင်ဟုဒ်စိတ်ဓာတ်မျိုး

ဆာဝါလ်တာစကော့၊ အလဇန္ဒားဒူးမား စတဲ့စာရေးဆရာကြီးတွေ ရေးခဲ့တဲ့ ဝတ္ထုကြီးတွေကို စာသင်သားနဲ့လိုက်ဖက်အောင် အတိုချုံးရေးသားထားတဲ့ စာတွေ ဖတ်ရှုသင်ယူရတာများဟာ စိတ်ဝင်စားဖွယ်ကောင်းသလို ယဉ်ကျေးခြင်းဆိုတာ ဘယ်လို၊ သူရဲကောင်းဆိုတာ ဘယ်သို့၊ လူကြီးလူကောင်းဆိုတာ ဘယ်ပုံဆိုတာမျိုးတွေ ခေါင်းထဲမှာရော ရင်ထဲမှာပါ စွဲသွားစေနိုင်ခဲ့တယ်။ ရော်ဘင်ဟုဒ်ဆိုပါတော့ မတရားတဲ့ နယ်စားပယ်စားကြီးတွေရဲ့ရန်က တောသူတောင်သား ဆင်းရဲသားတွေကို ကာကွယ်စောင့်ရှောက်ပေးတာမျိုးတွေ၊ နယ်စားကြီးတွေရဲ့ပစ္စည်းကို တိုက်ခိုက်ရယူပြီး ဆင်းရဲသားတွေကို ဝေငှပေးတာမျိုးတွေလုပ်တဲ့ ပြည်သူ့သူရဲကောင်းအဖြစ် ရင်ထဲမှာစွဲနေစေခဲ့တယ်။ အိုင်ဗင်ဟိုဆိုရင်လည်း အာဏာရှိနယ်စားပယ်စားကြီးတွေက မတရားအနိုင်ကျင့်တာခံရရှာတဲ့ ဂျူးမလေးရီဘက်ကာနဲ့ သူ့ဖခင် ဂျူးကြီးကို ကိုယ်နဲ့ ရင်းနှီးကျွမ်းဝင်သူမဟုတ်ပါဘဲနဲ့ အသက်ပေးပြီး ကာကွယ်စောင့်ရှောက်တဲ့ မြင့်မြတ်သူအဖြစ် ကလေးတွေရဲ့ရင်ထဲမှာ စွဲနေစေခဲ့တယ်။

## ကောင်းမှုနဲ့ မကောင်းမှု

အဲဒီခေတ် စွန့်စားခန်းဝတ္ထုကြီးတွေက ခုခေတ် အာနိုးကားတွေလို စွမ်းအားပြင်းလက်နက်ကြီးတွေနဲ့ တွေ့ရာမြင်ရာ လျှောက်သတ်နေတာမျိုး မဟုတ်ဘူး။ ခုခေတ်ကတော့ ဘယ်နည်းနဲ့နိုင်ရနိုင်ရ နိုင်ရင်ပြီးရောပဲ။ တောင်ကိုတောင် ဖောက်နိုင်တဲ့ ဒုံးကျည်ကြီးနဲ့လည်း လူတွေရှိတဲ့တဲပုတ်ထဲကို လှမ်းပစ်ထည့်လိုက်တာပဲ။ ရှေးကတော့ ဓားချင်းယှဉ်ခုတ်နေရင်းနဲ့ ရန်သူက ဓားလွတ်ကျသွားခဲ့ရင်တောင် ပြန်ကောက်ခွင့်ပေးပြီးမှ ဆက်တိုက်ကြတာမျိုးကို ရေးဖွဲ့ပြရင်းနဲ့ 'လူကြီးလူကောင်း'ဆိုတာ ဒါမျိုးပဲလို့ လူငယ်တွေခေါင်းထဲကို စွဲမှတ်သွားစေခဲ့တာ။ ၇ တန်း၊ ၈ တန်းအရွယ်တွေမှာသင်ခဲ့ရတဲ့ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

## လူထုစိန်ဝင်း

အိုင်ဗင်ဟိုတို့၊ ရော်ဘင်ဟုဒ်တို့လို အင်္ဂလိပ်ဝတ္ထုကြီးတွေ၊ ဝေသန္တရာတို့၊ မဟောသဓာတို့၊ ဝိဇယတို့၊ ပါပဟိန်တို့လို မြန်မာဇာတ်ဝတ္ထုကြီးတွေနဲ့ ပြဇာတ်တွေဟာ ကောင်းမှုနဲ့ မကောင်းမှု၊ သူရဲကောင်းနဲ့ လူဆိုးလူမိုက်၊ လူကြီးလူကောင်းနဲ့ လူယုတ်မာ၊ ယဉ်ကျေးခြင်းနဲ့ ရိုင်းစိုင်းခြင်းတို့ကို ကလေးတွေသိအောင် ရေးသားထားကြတာ။ ဒါမျိုးတွေနဲ့ ကြီးပြင်းလူလားမြောက်ခဲ့ရတာကြောင့် ရှေးက လူတွေ ဒီလောက်မရိုင်းစိုင်း၊ မကြမ်းတမ်းကြသေးတာလို့ပဲ ယူဆမိတယ်လေ။

## ချွတ်ခြုံမကျအောင်

နည်းပညာခေတ်မှာ နည်းပညာတွေတတ်အောင် လုပ်ကြရမှာပဲ။ ရှောင်လွှဲလို့ မဖြစ်ပါဘူး။ ဒါပေမဲ့ နည်းပညာတွေကိုချည်း ဦးစားပေးလွန်းတဲ့ နိုင်ငံကြီးတွေမှာ ရုပ်ပိုင်းဆိုင်ရာတွေ ပျက်စီးခြင်းမက ပျက်စီးနေကြပုံတွေကို လစ်လျူရှုထားလို့ မဖြစ်ပါဘူး။ အိမ်ထောင်တွေရဲ့ ၈၀ ရာခိုင်နှုန်းမကဟာ ပြိုကွဲပျက်စီးသွားကြတာ၊ အရွယ်မတိုင်မီ သန္ဓေဆောင်ကလေးမွေးတဲ့ဖြစ်ရပ်တွေ တစ်နေ့တခြား များပြားလာတာ စာပေ၊ ဂီတ၊ ရုပ်ရှင် စတဲ့အနုပညာလောကထဲမှာ မူးယစ်ဆေးတစ်မျိုးမျိုး မသုံးတဲ့သူ မရှိသလောက်ဖြစ်နေတာ၊ မူလတန်းကျောင်းကလေးထဲကို မောင်းပြန်သေနတ်ကြီးနဲ့ဝင်ပစ်တာ စတဲ့ စတဲ့ဖြစ်ရပ်တွေဟာ စိတ်ယဉ်ကျေးမှုချွတ်ခြုံကျမှုရဲ့ သင်္ကေတတွေဖြစ်တယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့က ဒီအချက်တွေကိုသင်ခန်းစာယူပြီး စိတ်ယဉ်ကျေးမှုချွတ်ခြုံကျခြင်းမဖြစ်ရလေအောင် လူ့ကျင့်ဝတ်၊ လူ့ဂုဏ်သိက္ခာ၊ လူ့တန်ဖိုးတို့ကို အလေးထားတဲ့ ပညာရေးမျိုးဖြစ်အောင် ဂရုပြုဖို့လိုကြောင်း ထောက်ပြလိုက်ရပါတယ်။

၅၊ ၂၊ ၂၀၀၈။



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်ညှိနေတာ ရှက်တတ်ကြစမ်းပါ

တစ်နေ့မှာ ကျောင်းသားဟောင်းတစ်ယောက် ဝင်လာပြီး နှုတ်ဆက်ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ လောက်ကတပည့်ဆိုပေမယ့် သူ့ကို ဝင်လာလာချင်း မှတ်မိပြီး အားရပါးရ နာမည်ခေါ်နှုတ်ဆက်လိုက်ပါတယ်။ ချက်ချင်းမှတ်မိတာ မြင်ရတော့ သူတော်တော်ဝမ်းသာသွားပါတယ်။

'ဆရာက တပည့်တွေဘယ်လောက်များများ မှတ်မိနေတယ်နော်' ဝမ်းသာပီတိတစ်ဝက်၊ အံ့ဩခြင်းတစ်ဝက်နဲ့ သူက ပြောလိုက်ပါတယ်။ အသက်အရွယ်အရ ခါးတုတ်ပြီးဗိုက်ထွက်လာတာကလွဲလို့ သူ့မျက်နှာကမပြောင်းလဲပါဘူး။ ကျောင်းလာတက်စဉ်က သူ ကောလိပ်ကျောင်းသားပဲ ရှိသေးတာ။ ခုတော့လည်း အသက် ၄၀ ကျော် လူလတ်ပိုင်းအရွယ်ရောက်ပြီး အိုးနဲ့အိမ်နဲ့ အလုပ်အကိုင်နဲ့ အတည်တကျဖြစ်နေရောပေါ့။ မေးမြန်းကြည့်လိုက်တော့ သူ့ဇာတိ ပြည်မြို့မှာပဲ အိမ်ထောင်ကျပြီး ကလေး ၃ ယောက်ရနေပြီ။ အကြီးဆုံးသားတောင် ၁၂ နှစ်သားအရွယ်ရောက်ပြီလို့ ပြောပြပါတယ်။ ကျောင်းပြီးကတည်းက ပြည်မှာပဲ ဆေးခန်းလေးဖွင့်ပြီး 'ဂျီပီ' လုပ်နေကြောင်း၊ ရန်ကုန်ကိုမရောက်တာ ၁၀ နှစ်ရှိပြီဖြစ်ကြောင်း၊ အခုမှ ဖခင်ဖြစ်သူ ဆေးလာကုတာ အဖော်လိုက်ရင်း ပြုစုစောင့်ရှောက်နေကြောင်း စတာတွေကို သူက ဇာတ်ကြောင်းပြန်ပြောပါတယ်။

စကားပြောရင်းနဲ့ သူက ဆွဲလာတဲ့အိတ်ကိုဖွင့်ပြီး အထဲကစာရွက်လေးတစ်ရွက် ထုတ်ယူလိုက်ပါတယ်။ လှမ်းပေးလို့ ဝါကျင်ကျင်စာရွက်ကလေးကို ကြည့်လိုက်တော့ လက်နှိပ်စက်ရိုက်ထားတဲ့ အင်္ဂလိပ်အက်ဆေးလေးဖြစ်တာ တွေ့ရပါတယ်။ 'My Country' ဆိုတဲ့ခေါင်းစဉ်နဲ့ ကျောင်းသားတွေကို အင်္ဂလိပ်စာအရေးသင်ရာမှာ နမူနာပြပြီးသင်ပေးခဲ့တာလေး ဖြစ်ပါတယ်။ နှစ်ပေါင်း ၂၀ လောက်ကြာခဲ့တာတောင် သူက မပျောက်မပျက် သိမ်းထားသေးတာကိုး။

'ဆရာက အခုစာမသင်တော့ဘဲ စာတွေပဲရေးနေတာဆိုတော့ ဒီအက်ဆေးလေးအကြောင်း ရေးချင်ရင်ရေးရအောင် အိမ်မှာရှိတဲ့စာရွက်ကို မိတ္တူကူးပြီးယူလာခဲ့တာ ဆရာရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'အေးကွယ်။ ဒီအက်ဆေးလေးမြင်ရတော့ ရှေးကတပည့်တွေကို ပြန်အမှတ်ရမိတယ်'

ကျန်းမာရေးအခြေအနေကြောင့် စာမသင်နိုင်တော့တာတောင် အတော်လေးကြာသွားပြီ။ ဒါပေမဲ့ ကျောင်းဆရာတိုင်းဖြစ်မြဲ စာပြန်သင်ချင်စိတ်ကတော့ ခုထိရှိနေဆဲပါပဲ။ တပည့်ဖြစ်သူက ရန်ကုန်မရောက်လို့ လူချင်းလာမတွေ့နိုင်ပေမယ့် စာတွေဖတ်နေရလို့ ဆရာ့ကို အမြဲသတိရနေကြောင်း ပြောပါတယ်။ ပြီးတော့ ဆရာရေးတဲ့အက်ဆေးကို အိမ်ကသားသမီးတွေကို သင်ပေးတော့ ကလေးတွေက ဟားကြတယ်ဆရာရဲ့လို့လည်း ပြောပြပါတယ်။

'ဆရာ့အက်ဆေးထဲမှာ မြန်မာနိုင်ငံဟာ ကိုလိုနီခေတ်အခါကတည်းက အာရှတိုက်မှာ အချမ်းသာဆုံးနိုင်ငံဖြစ်တဲ့အကြောင်း၊ ဆန်စပါး၊ ကျွန်းသစ်၊ ရေနံနဲ့ ကျောက်သံပတ္တမြားတို့ကြောင့် အထူးထင်ရှားကျော်ကြားကြောင်း၊ စာတတ်မြောက်မှုနှုန်းကလည်း အာရှတိုက်မှာ အမြင့်မားဆုံးဖြစ်ကြောင်း၊ ဒါကြောင့် မြန်မာနိုင်ငံဟာ အင်္ဂလိပ်ရှင်ဘုရင်ရဲ့ သရဖူထိပ်က စိန်ပွင့်ကြီးဟု တင်စားခေါ်ဝေါ်ခဲ့ကြကြောင်း စတာတွေရေးထားတယ် မဟုတ်လား။ အဲဒါကျွန်တော့်ကလေးတွေက 'အဖေကလည်း ပုံလာလာပြောနေပြီ' လို့ပြောတာခံရတယ် ဆရာရဲ့လို့ သူကပြောပါတယ်။ ပြောရင်းလည်း သူက ရယ်ပါတယ်။ နောက်ဆုံးကျတော့ 'ကျွန်တော်တို့ကိုယ်က ညံ့ပါတယ်ဆရာရယ်' လို့ စိတ်ပျက်လက်ပျက်လေသံနဲ့ ကောက်ချက်ချလိုက်ပါတယ်။

'ဆရာသာ အခု စာသင်နေတုန်းဆိုရင် ဒီအက်ဆေးအတိုင်းပဲ မပြုမပြင်ဆက်သင်နေဦးမှာပဲ'

'ခေတ်နဲ့ညီအောင် ပြင်မရေးတော့ဘူးလား ခင်ဗျ'

သူ့ကလေးတွေမပြောနဲ့ သူကိုယ်တိုင်ကတောင် မြန်မာနိုင်ငံဟာ အာရှတိုက်မှာအချမ်းသာဆုံးဆိုတာကို သံသယဖြစ်နေပြီထင်ပါရဲ့။ ဒီလိုထင်တာ သူတစ်ယောက်တည်းမဟုတ်ပါဘူး။ လူများစုကြီးကကို ထင်နေကြတာပါ။

တကယ် သေသေချာချာတွေးကြည့်တော့ မြန်မာနိုင်ငံဟာ အင်မတန်မှကို နေချင့်စဖွယ်ရှိတဲ့ နိုင်ငံပါ။ အိမ်နီးချင်းနိုင်ငံတွေ အားလုံးလိုလိုမှာ မိုးကြီးရေလျှံလို့ ရွာတွေပျက်၊ လူတွေ ရာထောင်ချီသေကြရတာနဲ့၊ တစ်နှစ်ပတ်လုံးမိုးမရွာလို့ လယ်ယာတွေပျက်ပြီး လူတွေ၊ ကျွဲ နွားတွေ ရာထောင်ချီသေကြရတာနဲ့၊ တော်ကြာ မုန်တိုင်းကြောင့်၊ တော်ကြာ လျှော်ကြောင့်၊ တော်ကြာ တောမီးလောင်လို့၊ မီးတောင်ပေါက်ကွဲလို့ လူတွေသေကြ၊ မြို့ရွာတွေပျက်ကြ၊ အငတ်ဘေးကြောင့် လူတွေ ထောင်နဲ့သောင်းနဲ့ ဒုက္ခရောက်ကြရနဲ့ နေ့တိုင်းကြားသိ မြင်တွေ့နေရတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံမှာတော့ ဒီလိုအဖြစ်မျိုး ဘယ်ခေတ်ဘယ်အခါကမှ မကြားခဲ့ဖူး၊ မဖတ်ခဲ့ဖူးပါဘူး။ မကြာမီဖြစ်ခဲ့တဲ့ 'ဆူနာမီ'ဘေးကြီးမှာ အိမ်နီးချင်းနိုင်ငံအားလုံးလိုလို စိတ်မကောင်းစရာအဖြစ်ဆိုးကြီး ကြုံကြရပြီး စုစုပေါင်း လူ ၂ သိန်းကျော်သေခဲ့ရတာတောင် မြန်မာနိုင်ငံအတွင်းမှာတော့ သိပ်ပြီးများများစားစား မကြုံခဲ့ရပါဘူး။ သဘာဝမိခင်ကြီးက မြန်မာနိုင်ငံအပေါ်မှာ အင်မတန်မှကို ကရုဏာကြီးမားခဲ့တာပါ။ ရာသီဥတုကလည်း မျှတတယ်။ စားရေးဝတ်ရေးအတွက် ဆန်ရေစပါး၊ ငါးသားလည်း ပေါများကြွယ်ဝတယ်။ ဝါချည်လည်း ထွက်တယ်။ နေစရာအိမ်အတွက် သစ်ဝါးကလည်း ပေါမှပေါ။ ဒါ့အပြင် မြေအောက်သတ္တုသိုက်တွေ၊ ရတနာကျောက်မျက်သိုက်တွေအပြင် ရေနံကြောတွေတောင် ရှိသေး။

ဒီနေ့ အာရှမှာ ထိပ်ဆုံးရောက်နေတဲ့ ဂျပန်ဆိုတာ မြေအောက်မှာ ငလျင်ကြောကြီးတွေပဲပေါတာ။ ဆန်စပါး၊ ကောက်ပဲသီးနှံလည်း ပြင်ပကတင်သွင်းရ၊ ဝက်သား၊ အမဲသားလည်း နိုင်ငံခြားကဝယ်ရ၊ ရေနံဆိုလည်း သူများကို လုံးလုံးကြီးမှီခိုနေရတာ၊ အာရှကျားတစ်ကောင်ဖြစ်တဲ့ စင်ကာပူဆိုလည်း သောက်စရာရေတောင် သူများဆီက ဝယ်သောက်နေရတာ။ မြို့ကလေးက သေးသေးမို့ စက်မှုလုပ်ငန်းတွေအတွက် အလုပ်လုပ်မယ့် အလုပ်သမား မရှိဘူး။ ဒီတော့ သူများနိုင်ငံတွေက ခေါ်ယူခိုင်းစေနေရတာ။

မြန်မာနိုင်ငံလိုနိုင်ငံက တကယ်ဆို ကမ္ဘာမှာတောင်ရှားမှရှားပါ။ လူဦးရေနဲ့ သယံဇာတ မျှတရုံမက ပိုလျှံတောင်နေတယ်။ ကိုလိုနီခေတ်ကတောင် လူနေမှုအဆင့်အတန်းနဲ့ ပညာအဆင့်အတန်းမှာ တခြားအာရှနိုင်ငံတွေထက် နာတစ်ဖျားသာတာချည်းပဲ။

ရှေးက သင်္ဘောဆိပ်၊ ဘူတာရုံတို့မှာ ကူလီအလုပ်လုပ်တဲ့ မြန်မာလူမျိုး မရှိဘူး။ ကော်ရင်ဂျီနဲ့ ခေါ်တောတွေပဲလုပ်ကြတာ။ လန်ချားဆွဲ၊ မြင်းလှည်းမောင်းဆိုလည်း တရုတ်နဲ့ကုလားတွေချည်းပဲ။ ခုခေတ်ကလေးတွေက 'ရှဲ့ရှဲ့'တို့၊ 'ကွေ့ပူချိ'တို့၊ 'မေးယိုကွမ်းစီး'တို့ သွက်သွက်ပြောတတ်နေကြသလို ရှေးက မြန်မာလူမျိုးတိုင်း 'ဒိုင်းနားဂျောင်း၊ ဘာယာဂျောင်း'တို့၊ 'ကြာယေ'တို့၊ 'ရိုတီး'တို့လောက်တော့ မတတ်မဖြစ် တတ်ကိုနေကြရတာဖြစ်တယ်။ ရှေးက လက်ဖက်ရည်ဆိုင်ဆို ကာကာဆိုင်နဲ့ ပေါက်ဖော်ဆိုင်တွေချည်း ရှိကြတာလေ။

မြန်မာလူမျိုးက အောက်ထစ် ရုံးစာရေးလေးလောက်၊ မူလတန်းဆရာမလေးလောက်ကို အနိမ့်ဆုံးထားလုပ်ကြတာ။ အမှန်ပြောရရင် ခုခေတ်ကျမှ ညံ့နေကြတာပါ။ ရှေးကဘိုးဘေးတွေကို ရှက်ဖို့ကောင်းလှပါတယ်။ နိုင်ငံညံ့ဖျင်းနေတာ မဟုတ်ပါဘူး။ လူတွေညံ့နေကြတာပါ။ ဒီပြဿနာကို အလွယ်



www.burmeseclassic.com

www.burmeseclassic.com



လမ်းလိုက်ပြီး ဖြေရှင်းနေကြလေတော့ အိမ်နီးချင်းနိုင်ငံတွေမှာ 'တရားမဝင်လုပ်သားများ'အဖြစ် သွားသူတွေ တစ်နေ့တခြား များသထက်များလာတယ်လို့ ဆိုပါတယ်။

ပညာတတ်အသိုင်းအဝိုင်းကျတော့လည်း ဂျပန်၊ အမေရိကန်၊ စင်ကာပူစတဲ့နိုင်ငံတွေသွားပြီး အိုးတိုက်ပန်းကန်ဆေးလုပ်လိုလုပ်၊ စားပွဲထိုးလုပ်လိုလုပ်၊ အရောင်းစျေးသည်လုပ်လိုလုပ်နဲ့ ကျပန်းလုပ်နေကြပါတယ်။

ဒီလိုဖြေရှင်းတာ မမှန်ပါဘူး။ တကယ်တော့ ကိုယ့်တိုင်းပြည်တိုးတက်အောင် ကိုယ်ကိုယ်တိုင်လုပ်ကြရမှာပါ။ မြန်မာတွေမှာ အရည်အချင်းရှိပါတယ်။ သမိုင်းခေတ်အဆက်ဆက်ကို ပြန်ကြည့်ရင် သိပါတယ်။ မင်းတုန်းမင်းတရားကြီး လက်ထက်မှာကတည်းက ကြေးသွန်းစက်၊ ဒင်္ဂါးစက်တွေ၊ မဲနယ်စက်ရုံ၊ ဆပ်ပြာစက်ရုံတွေ၊ လက်နက်စက်ရုံတွေ တည်ဆောက်လုပ်ကိုင်နိုင်နေကြပြီမဟုတ်လား။ ဒီခေတ်ရောက်မှ ချိုချဉ်နဲ့ ရောက်သီးဆေးပြားထုပ်ကအစ သူများနိုင်ငံက မှောင်ခိုသွင်းယူနေရတာ ရှက်စရာကောင်းလှပါတယ်။ စဉ်းစားကြပါကုန်။ ရှက်တတ်ကြပါကုန်။

၁၆၊ ၉၊ ၂၀၀၅။



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်ရောစိတ်ပါပွင့်ဖြိုးတဲ့ လူငယ်ဖြစ်ဖို့

'ကလေးတွေကို အချိန်မတိုင်မီကျောင်းထားခြင်းဟာ ကလေးတို့ရဲ့ ပညာရေးအတွက် ဘာအထောက်အကူမှမဖြစ်စေဘူး'

ကလေးနဲ့ပညာရေး၊ လူငယ်နဲ့ပညာရေးအကြောင်းတွေချည်း ခုတလော စဉ်းစားမိနေချိန်မှာ သတင်းစာထဲပါတဲ့ သတင်းတစ်ပုဒ်မှာ အဲဒီလိုဖတ်လိုက်ရပါတယ်။ ဖတ်ကြည့်တော့ အင်္ဂလန်နိုင်ငံ၊ ကိန်းဘရစ်တက္ကသိုလ် ပညာရေးသုတေသီအဖွဲ့တစ်ဖွဲ့ရဲ့ လေ့လာတွေ့ရှိချက်ဖြစ်တယ်ဆိုတာ သိရပါတယ်။

## လေးနှစ်သားကစတဲ့ပညာရေး

ပညာရှင်များလေ့လာချက်အရ သူတို့အင်္ဂလန်နိုင်ငံမှာ ကျောင်းစတင်အပ်နှံတဲ့ အသက်အပိုင်းအခြားကို ငါးနှစ်ပြည့်ပြီးဖြစ်ရမယ်လို့ သတ်မှတ်ထားပေမယ့် အများစုက လေးနှစ်အရွယ်က စတင်နေကြတယ်။ တချို့ဥရောပနိုင်ငံတွေထက် နှစ်နှစ်လောက်စောနေတယ်။ ဒီလိုကျောင်းထားတာစောပေမယ့် ကလေးပညာရေးအတွက်တော့ အထောက်အကူမပြုလှပါဘူးလို့ ကောက်ချက်ချကြပါတယ်။ ဖင်လန်၊ ဒိန်းမတ် စတဲ့တချို့ဥရောပနိုင်ငံတွေမှာဆိုရင် ကလေးကို ၆ နှစ်ပြည့်မှ ကျောင်းစထားရကြောင်း ထောက်ပြကြပါတယ်။ ဒါ့အပြင် အင်္ဂလန်ကကျောင်းတွေမှာ စာမေးပွဲတွေ များလွန်းအားကြီးနေတယ်။ စာမေးပွဲတွေများလွန်းတာကြောင့် ကလေးတွေအပေါ်မှာ ဖိအားတွေသိပ်များနေရတယ်လို့လည်း ဝေဖန်ထားပါသေးတယ်။

## ကျောင်းကြော်ငြာတွေကလွှမ်း

ဒီသတင်းကိုဖတ်မိတော့ စောစောကတည်းက အပြန်ပြန်အလှန်လှန် စဉ်းစားနေမိတဲ့ ကလေးနဲ့ပညာရေး၊ လူငယ်နဲ့ပညာရေးအကြောင်းတွေကိုပဲ ထပ်ပြီးစဉ်းစားမိပြန်တယ်။ ဇန်နဝါရီရောက်ကတည်းက သတင်းစာနဲ့ ဂျာနယ်တွေအားလုံးလိုလိုမှာ ကျောင်းကြော်ငြာ၊ ကျူရှင်ကြော်ငြာတွေက လွှမ်းမိုးနေရာယူထားကြတာကို တွေ့နေရတယ်။ မူကြိုကြော်ငြာကအစ၊ နိုင်ငံခြားကျောင်းကြော်ငြာအဆုံး ဖြစ်တယ်။ နှစ်လ၊ သုံးလလောက်အတွင်းမှာ နွေကျောင်းပိတ်ရက်ရှည် ရောက်တော့မှာကိုး။ နွေကျောင်းပိတ်ရက် နှစ်လကလေးကိုတောင်



www.burmeseclassic.com

www.burmeseclassic.com

လူထုစိန်ဝင်း

ကျူူရှင်ခ ၂ သိန်း၊ ၃ သိန်းပေးရတဲ့ မူလတန်းကျူူရှင်တွေ ရှိသတဲ့၊ အံ့ရော။ ကျောင်းထောင်စားသူများက ဒီလိုအချိန်မှာ 'မိုးရွာတုန်း ရေခံ' သဘောထားပြီး မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ကြော်ငြာနေကြတာကို ဈေးကွက်စီးပွားခေတ်ဆိုတော့ နားလည်နိုင်ပါတယ်။ မိဘများက သားသမီးတွေကို ပညာတတ်ကြီးတွေဖြစ်စေချင်လွန်းလို့ နာမည်ကြီးကျောင်းတွေမှာ အလုအယက် အပ်နှံနေကြတာလည်း နားလည်နိုင်ပါတယ်။ 'ပညာခေတ်'ဆိုတဲ့ အသံက ကျယ်လောင်နေတာကိုး။ အများမိုးခါးရေသောက်နေချိန်မှာ ကိုယ်က မသောက်ဘဲနေရင် ကိုယ်သာမိုက်ရာကျမှာမဟုတ်လား။ ဒါကြောင့် ဘယ်သူ့ကိုမှ အပြစ်မတင်မိပါဘူး။

### ပညာရှင်များ သတ်မှတ်ချက်

ခေတ်ရေစီးကြောင်းကို တားဆီးလို့မရနိုင်ဘူးဆိုတာ သဘောပေါက်ပါရဲ့။ ဒါပေမဲ့ 'ကောင်းကျိုးဆိုးပြစ်'တွေကိုတော့ မစဉ်းစားဘဲမနေနိုင်ဘူး။ ကလေးချစ်တတ်သူ ဖြစ်နေတာကိုး။ ကလေးတွေကို ၅ နှစ်ပြည့်မှ ကျောင်းစထားရမယ်ဆိုတာ ဘယ်အချိန်မှာ ဘယ်နိုင်ငံကစခဲ့တယ်ဆိုတာ မသိပါဘူး။ ဒါပေမဲ့ စိတ်ကူးနဲ့ရမ်းသမ်းပြီး သတ်မှတ်ထားတာမဟုတ်ဘူး။ ကလေးပညာရေးကျွမ်းကျင်သူတွေ၊ ဆရာဝန်ကြီးတွေ၊ စိတ်ပညာရှင်တွေ ညှိနှိုင်းဆွေးနွေးပြီး သတ်မှတ်ခဲ့တာလို့တော့ လူကြီးသူမများပြောတာ ကြားဖူးခဲ့ပါတယ်။ ပညာရေးကိစ္စမှာ ဆရာဝန်တွေ၊ စိတ်ပညာရှင်တွေပါရတဲ့အကြောင်းက ကလေးများရဲ့ ဦးနှောက်ဖွံ့ဖြိုးမှုအနေအထားနဲ့ မိဘရင်ခွင်က ရုတ်တရက်ခွာပြီး မျက်နှာစိမ်းတွေကြားထဲရောက်သွားရတဲ့ ကလေးသူငယ်များရဲ့ စိတ်ခံစားပြောင်းလဲမှုအခြေအနေတွေကို သိရှိဖို့ဖြစ်တယ်လို့ ယူဆပါတယ်။ ကျောင်းထားချိန်ကိုသာမက ဘယ်အသက်အရွယ်မှာ ဘာစာမျိုးတွေသင်ရမယ်ဆိုတဲ့ သင်ရိုးညွှန်းတမ်းကိုလည်း အထက်ကပြောခဲ့တဲ့ ပညာရှင်တွေကပဲ ရေးဆွဲညွှန်ကြားပေးကြတာဖြစ်တယ်။ မူလတန်းပညာရေးဟာ အရေးကြီးဆုံးဖြစ်တယ်လို့ ကျွမ်းကျင်သူပညာရှင်တိုင်းက ယူဆထားကြပါတယ်။

### သုံးမရတဲ့ သားလိမ္မာလေးတွေ

မွေးကတည်းက ကျင့်သားရလာတဲ့ အနေအထားကနေပြီး ရုတ်တရက်ကြီး အပြောင်းအလဲဖြစ်သွားတဲ့ရိုက်ခတ်ချက်ကို နုနယ်လှသေးတဲ့ ကလေးများရဲ့ ဦးနှောက်က ဘယ်လောက်အတိုင်းအတာအထိ လက်ခံနိုင်မလဲ၊ ဘယ်လိုထိခိုက်မှုမျိုးတွေ ဖြစ်နိုင်သလဲဆိုတဲ့အချက်တွေကို ပညာရှင်များက ထည့်သွင်း



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြတာကြောင့် မူလတန်းကလေးများရဲ့ ပညာရေးကို အရေးကြီးဆုံးလို့ သတ်မှတ်ကြတာဖြစ်တယ်။ မိဘများအနေနဲ့ ဒီအချက်ကို အလေးအနက်ထား စဉ်းစားသင့်ကြပါတယ်။ ကလေးရဲ့နုနယ်လှသေးတဲ့ ဦးနှောက်ကလေးကို ဖိအားတွေသိပ်များများပေးရင် ဝန်နဲ့အားမမျှဖြစ်ပြီး ဦးနှောက်ထိုင်းမှိုင်းသွားတတ်ပါတယ်။ 'ထိုင်း'တာကတစ်ဆင့်တက်ရင် 'ထုံ'သွားတတ်ပါတယ်။ 'ထုံ' ရာက 'အ'သွားပြီး နောက်ဆုံးမှာ 'ကြောင်'သွားနိုင်ပါတယ်။ နှစ်ပေါင်း ၂၀ ကျော် ကျောင်းဆရာလုပ်တဲ့ သက်တမ်းတစ်လျှောက်မှာ စာအလွန်တော်တဲ့ သားလိမ္မာလေးတွေ အတော်များများတွေ့ခဲ့ဖူးပါတယ်။ တွေ့ဖူးသမျှမှာ အများ စုက စာတော်ပြီး မိုင်းကောင်းကျောက်ဖိ အလိမ္မာလေးတွေဖြစ်တာကလွဲလို့ ကျန်တာကတော့ ဘယ်နေရာမှ သုံးစားလို့မရကြပါဘူး။ ပျော့စိစိနဲ့ အရှက် လွန်ပြီး လူတောမတိုးပါဘူး။ ဘယ်နေရာမှ ဦးဆောင်နိုင်တဲ့အရည်အချင်း မရှိပါဘူး။ ကျောင်းသင်စာကလွဲရင် တခြားဗဟုသုတမှ မရှိပါဘူး။ မိဘ၊ ဆရာခိုင်းတာပဲ လုပ်တတ်တယ်။ မခိုင်းရင် မလုပ်တတ်ပါဘူး။

**သဘာဝအတိုင်းရှိပါစေ**

မိဘများဟာ ကိုယ့်သားသမီးတွေကို လူတောမတိုးတဲ့၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်နိုင်တဲ့၊ ဘဝခရီးကြမ်းကို ရဲရဲရင့်ရင့် ရင်ဆိုင်ဖြတ်သန်း မပြုနိုင်၊ မပြုရဲတဲ့ 'ကြောင်စီစီ'လူငယ်လေးတွေဖြစ်လာတာကို မြင်တွေ့ချင်ကြလိမ့် မယ် မထင်ပါဘူး။ အဲဒီလိုမဖြစ်စေချင်ရင် ငယ်စဉ်ကတည်းက ကလေးတွေရဲ့ ဦးနှောက်ကို ဝန်နှင့်အားမမျှအောင် မခိုင်းကြဖို့လိုပါတယ်။ ကလေးတွေကို သဘာဝအတိုင်း ကြီးပြင်းခွင့်ပြုပါ။ ဆော့ချိန်ဆော့၊ ကစားချိန်ကစား၊ ပူဆာ ချိန်ပူဆာ၊ ပူဆာလို့မရရင် ငိုချတဲ့သဘာဝအတိုင်း ငိုကြပါစေ။ ဆယ်ကျော် သက်ရွယ် လူငယ်ဘဝမှာလည်း ကျူရှင်ပြီးကျူရှင် မဖြစ်ပါစေနဲ့။ လူငယ် သဘာဝ တက်တက်ကြွကြွ၊ ပျော်ပျော်ရွှင်ရွှင် နေခွင့်ပြုပါ။ ကျောင်းဆိုတာ ပျော်စရာလို့မြင်အောင် ကိုယ့်ကျောင်းကိုယ် ဂုဏ်ယူစရာလို့ထင်အောင် ဆောင်ရွက်ပေးကြပါ။ စာတော်စေချင်လို့၊ လိမ္မာစေချင်လို့ဆိုပြီး တင်းကျပ်တဲ့ စည်းကမ်းကြီးတွေနဲ့ ဘောင်ခတ်မထားဘဲ ကလေးကို ကလေးအလျောက်၊ လူငယ်ကို လူငယ်အလျောက် သူတို့သဘာဝအတိုင်း ကြီးပြင်းလာခွင့်ပြုပါ။ ဒါမှ ကိုယ်ရောစိတ်ပါဖွံ့ဖြိုးတဲ့ လူငယ်တွေ ဖြစ်လာကြမှာပါ။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကိုယ်ရောစိတ်ပါဖွံ့ဖြိုးတဲ့ လူငယ်တွေက 'အခရာ'ဖြစ်တယ်။ စိတ်ဓာတ်ဖွံ့ဖြိုးမှုဆိုတာက ကိုယ့်အတွက်၊ ကိုယ့်မိသားစုအတွက်လောက်သာကြည့်တတ်တဲ့ တစ်ကိုယ်ကောင်းသမား



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဖို့၊ မှားတာနဲ့ မှန်တာ၊ တရားတာနဲ့ မတရားတာကို ခွဲခြားစဉ်းစားခြင်း မပြုဘဲ၊ ဘယ်သူသေသေ ငတေမာပြီးရောသမားမဖြစ်ဖို့ အလေးအနက်ထား ခြင်းကို ဆိုလိုတာဖြစ်တယ်။ ကိုယ့်ရှိသမျှ စည်းစိမ်ချမ်းသာအားလုံးကိုစွန့်ပြီး ခိုကိုးရာမဲ့ ဘိုးဘွားတွေကို ဘဝတစ်ခုလုံး နှစ်မြုပ်ဆောင်ရွက်ခဲ့တဲ့ 'ဘွားဦးဖွန်း' လို စိတ်ဓာတ်၊ နိုင်ငံရပ်ခြားမှာ လာရောက်နေထိုင်ပြီး သွေးမတော်သားမစပ် သူစိမ်းပြင်ပြင် လူသားများအတွက် ဘဝတစ်လျှောက်လုံး လုပ်ဆောင်သွားတဲ့ 'မာသာထရီဇာ'လို စိတ်ဓာတ်မျိုးတွေကို တန်ဖိုးထားလေးစားရကောင်းမှန်း သိတဲ့ လူငယ်တွေဖြစ်လာဖို့ကို ဆိုလိုတာဖြစ်တယ်။ ဒီလိုဖြစ်လာဖို့အတွက် ကလေးတိုင်းဟာ သဘာဝအတိုင်း လွတ်လပ်ပျော်ရွှင်စွာ ကြီးပြင်းလာဖို့ လိုအပ်တယ်ဆိုတဲ့အကြောင်း မီးမောင်းထိုးပြလိုက်ရပါတယ်။

၁၉၊ ၂၊ ၂၀၀၈။



www.burmeseclassic.com

www.burmeseclassic.com

# ငရဲပန်းကို ရွေ့ပန်းထင်သူ

ခုတလော တိုင်းမ်၊ နယူးစ်ဝိစ် စတဲ့နိုင်ငံခြားသတင်းမဂ္ဂဇင်းတွေ ဖတ်ရတာ တော်တော်စိတ်ဝင်စားစရာကောင်းတယ်။ သမ္မတလောင်းဖြစ်ဖို့ အခြေခံ ပါတီ ရွေးချယ်ပွဲတွေအကြောင်း ပြည့်ပြည့်စုံစုံရေးကြလို့ သမ္မတလောင်း ဖြစ်လာဖွယ်ရှိသူတွေရဲ့အကြောင်း လေ့လာခွင့်ရတယ်။ တစ်နေ့က သတင်းတွေ ဖတ်နေရင်းနဲ့ ပွဲဦးထွက် ပထမဆုံးကျင်းပတဲ့ အိုင်အိုးဝါးပြည်နယ်ရွေးကောက်ပွဲ မနက်မှာ ဟီလာရီကလင်တန်ဟာ ညက တစ်ညလုံးအိပ်ပျက်ထားလို့ တသမ်း သမ်းတဝေဝေနဲ့ မျက်ရည်တွေကျနေကြောင်းရေးထားတာ ဖတ်လိုက်ရတယ်။

## သနားစရာလူသားတွေ

နောက်တစ်နေရာမှာတော့ တစ်နေရာကတစ်နေရာအကူး မဲဆွယ်ပွဲကားကြီး ပေါ်မှာထိုင်ရင်း အိပ်ပျော်နေတဲ့ အိုဘားမားရဲ့ဖုန်းပုံကို တွေ့လိုက်ရတယ်။ အခြေခံရွေးကောက်ပွဲဆိုတာက ပြည်နယ် ၅၀ စလုံးမှာ ကျင်းပတာဆိုတော့ ကိုယ်စားလှယ်လောင်းတွေဟာ ပြည်နယ်အားလုံးကို လှည့်လည်သွားလာပြီး စည်းရုံးဟောပြော မဲဆွယ်ရပါတယ်။ တစ်နေ့တည်းကို အရေးပါတဲ့မြို့ကြီး လေးငါးမြို့လောက် ရောက်အောင်သွား ဟောပြောရတာဆိုတော့ အိပ်ချိန်၊ စားချိန်ရယ်လို့ မရှိတော့ပါဘူး။ တစ်နေရာကတစ်နေရာအကူး ကားပေါ်မှာ ထိုင်ရင်းအိပ်ရတာပဲ များပါတယ်။ သနားစရာကောင်းလှတဲ့ လူသားတွေပဲလို့ ကောက်ချက်ချလိုက်မိတယ်။

## အသက်တွေ စတေးကြရ

ကင်ညာနိုင်ငံမှာဆို သမ္မတရွေးပွဲကြောင့် အဓိကရုဏ်းတွေဖြစ်ပြီး လူတွေ နေ့စဉ်ရာချီသေဆုံးနေကြတယ်။ မနေ့တစ်နေ့ကပဲ ဘင်နာဇီယာဘူတို လုပ်ကြံ ခံရပြီး သေဆုံးသွားခဲ့သေးတယ်။ သူ့ဖခင် အလီဘူတိုဆိုတာက ၆၀ ခုနှစ်များ အတွင်းမှာ အင်မတန်ထင်ရှားကျော်ကြားတဲ့ နိုင်ငံရေးခေါင်းဆောင်တစ်ဦး ဖြစ်တယ်။ နိုင်ငံခြားရေးဝန်ကြီးအဖြစ် နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့ပြီး နောက် သမ္မတဖြစ်သွားတယ်။ မကြာခင် အာဏာသိမ်းဖြုတ်ချခံရပြီး ထောင်ထဲ ရောက်သွားတယ်။ နောက်တော့ ကြိုးပေးကွပ်မျက်ခံလိုက်ရတယ်။ ဘင်နာဇီယာ



www.burmeseclassic.com

www.burmeseclassic.com

## လူထုစိန်ဝင်း

ဝန်ကြီးချုပ်ဖြစ်နေစဉ်မှာ အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲအတွင်း ပုလိပ်ရဲ့သေနတ်နဲ့ ပစ်ခတ်မှုကြောင့် သူ့မောင်အကြီး သေဆုံးခဲ့ရတယ်။ မောင်အငယ်ကတော့ ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့က အိမ်ခန်းအတွင်း ပစ်သတ်ခံ သေဆုံးသွားခဲ့တယ်။ လက်သည်မပေါ်ဘူး။ နိုင်ငံရေးလုပ်ကြံမှုလို့ အကဲခတ်များက ဆိုကြတယ်။

## တန်ရဲ့လား

သမ္မတတို့၊ ဝန်ကြီးချုပ်တို့လုပ်ရတာ ဘာများကောင်းလို့လဲလို့ ဟီလာရီတို့ အိုဘားမားတို့ကို မေးစမ်းကြည့်ချင်လိုက်တာ။ လူတကာ့ထိပ်ခေါင် နံပါတ်ဝမ်း၊ တစ်ဂဏန်းနေရာကနေပြီး အာဏာပါဝါတွေပြနိုင်လို့၊ ကိုယ့်ပါးစပ်ကထွက်သမျှ ဗျာဒိတ်တော်အလား လူတွေကလိုက်နာရလို့ တစ်သက်လုံး စိတ်ကူးယဉ်ခဲ့သမျှတွေကို လက်တွေ့လုပ်နိုင်လို့ စတဲ့စတဲ့အဖြေမျိုးတွေ ပြန်ပြီးကြားရကောင်းကြားရနိုင်ပါတယ်။ ဒါပေမဲ့ အဲဒီတန်ခိုးဩဇာတွေ၊ အာဏာပါဝါတွေကြောင့် ကိုယ့်ဘဝတစ်ခုလုံး အဖတ်ဆယ်မရအောင် မကောင်းမှုန္တံတောထဲမှာ နစ်ပြီးရင်းနစ်သွားရတာဟာ တန်ရဲ့လားလို့ ဆန်းစစ်မိကြရဲ့လား မသိပါဘူး။ သမ္မတနစ်ဆင်ဟာ လူတော်ကြီးတစ်ယောက်ပါ။ ဒါပေမဲ့ သမိုင်းမှာတော့ ဝါးတားဂိတ်အဖြစ်ဆိုးကြီးကြောင့် လူလိမ်လူကောက်အဖြစ် တွင်ကျန်ရစ်ခဲ့ပါတယ်။ သမ္မတရေဂန်ရဲ့ နောက်ဆုံးအချိန်တွေမှာလည်း 'အီရန်ဂိတ်'တစ္ဆေကြီး ခြောက်လှန့်တာကို ခံစားသွားခဲ့ရပါတယ်။

## တစ္ဆေခြောက်သလို

အခုလက်ရှိသမ္မတဂျော့ဘုရှ် သက်တမ်းနှစ်ကြိမ်အတွင်းမှာ အမေရိကန်နိုင်ငံသားတွေအတွက် ကမ္ဘာသူ၊ ကမ္ဘာသားတွေအတွက် ကောင်းကျိုးပြုခဲ့တာရယ်လို့ ဘာတစ်ခုမှကြည့်မမြင်ပါဘူး။ အာဖဂန်နစ္စတန်ကို ထောင်းလမောင်းကြေသွားအောင် လုပ်ပစ်ခဲ့တာ၊ အီရတ်မှာ လူတွေသိန်းချီသေဆုံးအောင် ပြောင်ပြောင်တင်းတင်း ဝင်ရောက်တိုက်ခိုက်ခဲ့တာ စတဲ့ရောမမကောင်းမှုဒုစရိုက်ကြီးနှစ်ခုကတော့ ဂျော့ဘုရှ်ရဲ့သက်တမ်းတစ်လျှောက်လုံး တစ္ဆေခြောက်သလို ခြောက်လှန့်တာကိုခံနေရမှာ သေချာပါတယ်။ မကောင်းမှုဒုစရိုက်ဆိုတာ ဘယ်တော့မှ ပျောက်ကွယ်သွားမှာမဟုတ်ပါဘူး။ ဂျော့ဘုရှ်သာ သမ္မတမဖြစ်ခဲ့ဘူးဆိုရင် အခုလို အစုလိုက်အပြုံလိုက် လူသတ်မှုကြီးတွေကို ကျူးလွန်ဖို့ အကြောင်းမရှိပါဘူး။ သမိုင်းမှာ သူဟာ ကျောင်းဆရာကောင်းတစ်ယောက်၊ ခင်ပွန်းကောင်းတစ်ယောက်၊ ဖခင်ကောင်းတစ်ယောက်အဖြစ် မှတ်တမ်းတင်ကျန်ရစ်ခဲ့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



**မိတ္တဝိန္ဒကပမာ**

ဒါနဲ့တောင် လူတွေဟာ ဘာကြောင့်များ ဒီအာဏာပါဝါတွေကို ဖက်နေကြပါလိမ့်။ စားချင်တာမှ ရဲရဲမစားဝံ့၊ သွားချင်ရာကိုမှ ရဲရဲမသွားဝံ့၊ အိပ်ကောင်းခြင်းမအိပ်ရ၊ နေကောင်းခြင်းမနေရနဲ့ စိတ်ပျက်စရာချည်းပါပဲ။ ငယ်ငယ်က ဘိုးဘွားမိဘတွေ ညအိပ်ရာဝင်ပြောပြလေ့ရှိတဲ့ နိပါတ်တော်လာ ဇာတ်ဝတ္ထုတစ်ပုဒ်ကို မကြာခဏသတိရမိပါတယ်။ မိတ္တဝိန္ဒကဆိုတဲ့ လူမိုက်ကြီးတစ်ယောက်ဟာ ရွှေပြာသာဒ်၊ ငွေပြာသာဒ်၊ ပတ္တမြားပြာသာဒ်၊ ဖန်ပြာသာဒ်ဆိုတဲ့ ဖိတ်ဖိတ်လက်တောက်ပနေတဲ့ ပြာသာဒ်ကြီးတွေကို မမက်မောပါဘဲနဲ့ ငရဲပြည်မှာ ငရဲသားတစ်ယောက်ရဲ့ ဦးခေါင်းပေါ်မှာရွက်ထားတဲ့ အရှိန်တညီးညီး မီးအိုးကင်းကြီးကိုတော့ ရွှေပန်းတွေလို့ထင်ပြီး သူ့ကိုပေးဖို့ မရမကတောင်းဆိုပါသတဲ့။ ငရဲသားကြီးက အဲဒါရွှေပန်းမဟုတ်ဘဲ ငရဲပန်းဖြစ်ကြောင်း ပြောပေမယ့် မိတ္တဝိန္ဒကကို လွှဲပေးလိုက်ပါသတဲ့။ မီးအိုးကင်းကြီး ခေါင်းပေါ်ရောက်မှ မခံမရပ်နိုင်လောက်အောင် လောင်မြိုက်ခံရပြီး ပြန်ယူပါတော့၊ ပြန်ယူပါတော့နဲ့ တစာစာအော်ဟစ်မြည်တမ်းပေမယ့် အရာမရောက်တော့ပါဘူးတဲ့။

**အသိခေါက်ခက်**

ဘိုးဘွားမိဘတွေက အသိဉာဏ်ပညာမရှိရင် မိတ္တဝိန္ဒကလိုပဲ 'ငရဲပန်းကို ရွှေပန်းထင်'တတ်တယ်လို့ ဆိုဆုံးမလေ့ရှိပါတယ်။ ဒီစကားကို ခဏခဏ ပြန်ပြီး သတိရမိ၊ တွေးမိပါတယ်။ ဘာကြောင့်လဲဆိုတော့ အရာရာကို ငွေနဲ့ အာဏာက အဆုံးအဖြတ်ပေးတဲ့ ဒီခေတ်ကြီးမှာ ဂျော့ဘုရှ်လို ငရဲပန်းကိုရွှေပန်း ထင်နေကြသူတွေက အများသားမဟုတ်လား။ လူတွေဟာ 'အသိခေါက်ခက် အဝင်နက်'ဆိုသလိုပဲ တော်တော်မိုက်လုံးကြီးကြတယ်။ မကောင်းမှန်း၊ မလုပ်အပ်မှန်းသိရက်နဲ့ ငွေကြောင့်၊ တန်ခိုးဩဇာကြောင့် မကောင်းမှုတွေကို ဖွတ်တိုးပြီးကျူးလွန်နေကြတယ်။ အလောင်းတော် တေမိမင်းသားဟာ မင်းဖြစ်ရမှာကြောက်လွန်းလို့ စကားမပြောဘဲ အ,ချင်ယောင်ဆောင်နေခဲ့တာမျိုးကို နှလုံးသွင်းဆင်ခြင်ကြဖို့ကောင်းတယ်။ ခိုးတာဝှက်တာ၊ လိမ်ညာလှည့်စားတာ၊ လူသတ်တာမျိုးတွေကို ဘာသာတရားတိုင်းက အပယ်လားမယ့် မကောင်းမှု ဒုစရိုက်တွေအဖြစ် သတ်မှတ်ကြတာချည့်ပါပဲ။ ဒါနဲ့များတောင် ဘဝအဆက်ဆက် ငရဲကျခံပြီး 'သမုဒ္ဒရာ ရေမျက်နှာထက်၊ ခဏတတ်သည့်၊ ရေပွက်ပမာ' စည်းစိမ်ချမ်းသာ၊ ဩဇာတွေနောက်ကို အငမ်းမရလိုက်နေကြတာ တန်ပါရဲ့လားလို့သာ မေးခွန်းထုတ်လိုက်ချင်ပါတော့တယ်။

၂၁၊ ၁၊ ၂၀၀၈။



www.burmeseclassic.com

www.burmeseclassic.com

# သိမှေ့၊ သိမှေ့ လူ့ဂုဏ်သိက္ခာ

မလေးမှာ ငါးနှစ်လောက်ကြာအောင် အလုပ်သွားလုပ်နေတဲ့ ကျောင်းသား ဟောင်းတစ်ယောက် ပြန်လာပြီး နှစ်ရက်၊ သုံးရက်အကြာမှာ လာနှုတ်ဆက် ပါတယ်။ ရောက်ရောက်ချင်း ထိုင်ကန်တော့တာကြောင့် ထုံးစံအတိုင်း ဆုပေး ရပါတယ်။ 'ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ အန္တရာယ်ကင်း ဘေးရှင်းပြီး လိုအင်ဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်ပါစေ' လူကြီးသူမ ဆုပေးတဲ့အတိုင်းပဲ ရွတ်ဆိုလိုက်ပါတယ်။

## လူဖြစ်ချင်တဲ့ဆန္ဒ

'လိုအင်ဆန္ဒတစ်ခုပဲ ပြည့်စေချင်ပါတယ်ခင်ဗျာ'

'ဘာလိုချင်တာလဲကွယ့်။ ပြည့်ဝပါစေကွယ်'

'လူဖြစ်ရပါလို၏ဆိုတဲ့ ဆန္ဒတစ်ခုတည်းပါ ဆရာရယ်'

သူ့ဆန္ဒကိုကြားလိုက်ရတော့ မျက်လုံးပြူးပြီး ကြည့်နေမိပါတယ်။ မေးခွန်း ထုတ်နေတဲ့သဘောကို ကောင်းကောင်းနားလည်တဲ့ တပည့်ဖြစ်သူက ဆက်ပြီး ပြောပြပါတယ်။ နိုင်ငံခြားမှာ တရားမဝင်(အို)နဲ့နေရသူများရဲ့ ဒုက္ခတွေကို စီတန်းပြီးရွတ်ပြပါတယ်။ သူက စက်ရုံမှာလုပ်ရတာ ဖြစ်ပါတယ်။ တရားမဝင် တောင်ကျော်ပြီးသွားရတာဖြစ်လေတော့ စက်ရုံပိုင်ရှင်ပေးတဲ့လုပ်ခကိုပဲ မကျေနပ်ပေမယ့် လက်ခံပြီးလုပ်ရပါတယ်။ စက်ရုံထဲမှာပဲ နေစရာပေးထားပါ တယ်။ အိုနဲ့နေရတာဆိုတော့ အပြင်မှာနေဖို့လည်း မလွယ်ဘူးလေ။ အလုပ် အသွား၊ အပြန် အဖမ်းခံရမှာကလည်း ကြောက်ရသေးတာကိုး။

## နည်းမျိုးစုံနဲ့ အနိုင်ကျင့်ခံရ

'မညစ်ပတ်တဲ့သူဌေးဆိုတာ မရှိဘူးဆရာရဲ့'

သူက ငါးနှစ်အတွင်းမှာ အလုပ်ပေါင်းတစ်ဒါဇင်မက ပြောင်းလုပ်ခဲ့ရတာ တွေကိုလည်း ရှင်းပြပါတယ်။ စရောက်ရောက်ချင်း လုပ်တဲ့စက်ရုံက နှစ်နှစ် အကြာမှာပိတ်သွားလို့ ပြောင်းခဲ့ရတာဖြစ်ပြီး ကျန်အလုပ်တွေကတော့ သူက မလုပ်ချင်လို့ ပြောင်းခဲ့တာ။ တစ်ခုမှာဆိုရင် သုံးရက်ပဲလုပ်ပြီး ထွက်ခဲ့တာလို့ ပြောပါတယ်။ အလုပ်ရှင်သူဌေးတွေက နည်းအမျိုးမျိုးနဲ့ အလုပ်သမားတွေကို



www.burmeseclassic.com

www.burmeseclassic.com



အနိုင်ကျင့်တာတွေကိုလည်း ရှင်းပြပါတယ်။ လုပ်ခကို အနိမ့်ဆုံးပေးပြီး အိုဗာတိုင် မတန်တဆခိုင်းတတ်ကြတဲ့အကြောင်း၊ အချိန်ပိုကြေးကို ဥပဒေအတိုင်း ဘယ်တော့မှမပေးဘဲ ပုံမှန်လုပ်ခအတိုင်းသာပေးတာတောင် နာရီပိုသလောက် ပေးလေ့မရှိကြောင်း တစ်နေ့ကို ၁၆ နာရီလောက်ခိုင်းပြီး အိုတီကျတော့ သုံးနာရီစာလောက်သာ ပေးတတ်ကြောင်း စတာတွေလည်း ပြောပြပါတယ်။ တရားသဖြင့် လုပ်တဲ့သူဌေး၊ မညစ်ပတ်တဲ့သူဌေးဆိုတာ လုံးလုံးမရှိဘူးလို့လည်း ကောက်ချက်ချပါတယ်။

### အနိုင်ကျင့်ခံ "အို"ဘဝ

တချို့ လူမဆန်တဲ့အလုပ်ရှင်များက လုပ်ခငွေကို တစ်နှစ်စာစုထားပြီးမှ ထုတ်ဆိုပြီး လစဉ်အသေးသုံးလောက်သာ ထုတ်ပေးလေ့ရှိတယ်။ နှစ်ကုန်တဲ့အခါကျတော့ တစ်လုံးတစ်ခဲ ငွေကိုမပေးရအောင် ပုလိပ်ကိုပိုက်ဆံပေးပြီး ဖမ်းခိုင်းတာကြောင့် ပိုက်ဆံလည်းဆုံး၊ လူလည်းထောင်ထဲရောက်ဖြစ်ရတဲ့ကိစ္စမျိုးတွေ ရာနဲ့ချီရှိခဲ့တယ်။ အလုပ်ရှင်တွေ ဘယ်လောက်ပဲ မတရားလုပ်လုပ်ကိုယ်က တရားမဝင် (အို)နဲ့နေရတာဆိုတော့ ဘယ်သူ့မှလည်းမတိုင်ရဲဘဲ ငုံ့ခံနေကြရတယ်ဆိုတာတွေလည်း သူက ဆက်ပြောပါသေးတယ်။

### ခိုသံပေါက်နေ

'ပုလိပ်တွေကလည်း အများစုက အမြီးရအမြီးစား၊ ခေါင်းရခေါင်းစား ဆိုတာမျိုးတွေချည်းပဲခင်ဗျ'

အလုပ်ရှင်အကြောင်းပြီးတော့ တပည့်က သူတို့အမြဲမကင်းနိုင်တဲ့ ပုလိပ်တွေအကြောင်း ဆက်ပြောပါတယ်။ အလုပ်ရှင်ပေးတဲ့ ပိုက်ဆံယူပြီး စက်ရုံထဲဝင်၊ မှတ်ပုံတင်တွေစစ်၊ အိုတွေအကုန်ဖမ်းလုပ်ကြရုံမက တစ်ခါတစ်ရံ ပုလိပ်တွေ ပိုက်ဆံရှာချင်ပြီဆိုရင် ညသန်းခေါင်သန်းလွဲမှာ မြန်မာတွေစုနေကြတဲ့ ရပ်ကွက်တွေထဲဝင်ပြီး လူဖမ်းလေ့ရှိကြတယ်လို့လည်း ပြောပြပါတယ်။

'သူများနိုင်ငံမှာ တရားမဝင်သွားနေရတာ ဘာတစ်ခုမှမကောင်းပါဘူး။ အလုပ်ရှင်အနှိမ်ခံရ၊ ပုလိပ်ကြောက်ရ၊ ညသန်းခေါင်သန်းလွဲမှာ တံခါးလာခေါက်မှာ ကြောက်ရနဲ့ လူတိုင်းကိုကြောက်နေရတာပါပဲ ဆရာရယ်' တပည့်ဖြစ်သူက စိတ်ပျက်လက်ပျက်နဲ့ ညည်းချင်းထုတ်ပါတယ်။ ခိုသံပေါက်နေတာပါပဲ။

### ငွေရှင်ကြေးရှင်သဘာဝ

'အဆိုးတကာ့အဆိုးဆုံးကတော့ လူ့သိက္ခာတွေ နှစ်ပြားမှမတန်တော့တဲ့အဖြစ်ရောက်ရတာပဲဆရာရဲ့'



www.burmeseclassic.com

www.burmeseclassic.com

## လူ့ထုစိန်ဝင်း

တရားမဝင်နေရတာဆိုတော့ အလုပ်ရှင်အနိုင်ကျင့်သမျှ ခေါင်းငုံ့ခံကြရပါတယ်။ ငွေရှင်ကြေးရှင် သူဌေးဆိုတာက သူများခြေထောက်ဖက်ပြီး ရှိခိုးဦးတင်လုပ်ဖို့ ဝန်မလေးသလို ကိုယ်နိုင်တဲ့သူတွေအပေါ်မှာလည်း လူမဆန်စွာကို နိုင့်ထက်စီးနင်း နှိပ်စက်ညှဉ်းပန်းပြုလုပ်ဖို့ ဝန်မလေးတတ်ကြပါဘူး။

'ကျွန်တော်တို့လို အလုပ်သမားတွေကို အလုပ်ရှင်တွေနဲ့ ပုလိပ်တွေက လူလို့ကိုသဘောမထားကြဘူး ခင်ဗျ။ သူတို့အိမ်က ခွေးကလေးတွေ၊ ကြောင်ကလေးတွေ နည်းနည်းမှိုင်နေတာတွေ့ရင် ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ပြီး ချက်ချင်း တိရစ္ဆာန်ဆရာဝန်ဆီပြေးကြပေမယ့် ကျွန်တော်တို့အလုပ်သမားတွေ စက်နဲ့ခိုက်မိလို့ ခြေကျိုးလက်ပြတ် ဒဏ်ရာရသွားရင်တော့ ဂရုစိုက်ဖို့ နေနေသာသာ နမော်မဲ့ နမာမဲ့နိုင်ရကောင်းလားလို့တောင် အပြစ်တင်သေးတာ'

## လူဖြစ်ခြင်းဆိုတဲ့ဂုဏ်

တပည့်ဖြစ်သူရဲ့ရင်ထဲက နာနာကျည်းကျည်း ပေါက်ကွဲထွက်လာတဲ့ ငိုချင်းသံကို နားထောင်ပြီးဆုံးသွားတဲ့အခါကျတော့ သူပြောခဲ့တဲ့ 'လူဖြစ်ရပါလို၏'ဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ကို ကောင်းကောင်းသဘောပေါက်သွားပါတယ်။ လူရယ်လို့ ဖြစ်လာရင် ဂုဏ်သိက္ခာဆိုတာရှိပါတယ်။ လူ့အဖြစ်ဆိုတာ ရခဲလှတယ်လို့ ဆိုကြတယ်မဟုတ်လား။ အစဉ်အဆက် ရှေးကသိလ်ထူးလို့သာလျှင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ ဘုံတွေမရောက်ဘဲ လူ့ဘုံမှာ လူလာဖြစ်ရတာကိုက နည်းတဲ့ဂုဏ်သိက္ခာလား။ လူမှန်ရင် မင်းဖြစ်ဖြစ်၊ သူဌေးဖြစ်ဖြစ်၊ တောင်သူလယ်သမား ဆင်းရဲသားဖြစ်ဖြစ်၊ ယုတ်စွအဆုံး သူဖုန်းစားပဲဖြစ်ဖြစ်၊ 'လူဖြစ်ခြင်း'ဆိုတဲ့ဂုဏ် ရှိပါတယ်။ လူအတန်းအစား 'ဇာတ်'ခွဲခြားတဲ့အယူအဆတွေကို ဗုဒ္ဓရှင်တော်မြတ်ကစွန့်ပယ်ခဲ့တာဟာ 'လူဖြစ်ချင်း'ကို တန်ဖိုးထားခြင်းပဲ မဟုတ်ဘူးလား။ စိတ်ယဉ်ကျေးမှုအဆင့်မြင့်တဲ့ လူမှန်သမျှ လူသားတိုင်းကို တန်ဖိုးထားလေးစားပါတယ်။ ရန်သူဖြစ်တဲ့ ခင်ဦးစား'ငချစ်ညို'ကို တန်ဖိုးထားတဲ့ အလောင်းဘုရားရဲ့စိတ်ဓာတ်၊ မင်းရဲကျော်စွာကို တန်ဖိုးထားပြီး သမီးတော်နဲ့ထိမ်းမြား၊ အိမ်ရှေ့စံရာထူးပါပေးမယ်လို့ဆိုခဲ့တဲ့ ရာဇာဓိရာဇ်ရဲ့ စိတ်ဓာတ်တို့ဟာ အင်မတန်မှကို အဆင့်မြင့်တဲ့စိတ်ဓာတ်မျိုး ဖြစ်ပါတယ်။

## သိမ့်မှု၊ သိမ့်စိတ်

ဒါပေမဲ့ 'လူဖြစ်ခြင်း'နဲ့ 'လူ့ဂုဏ်သိက္ခာ'ကို အကြိမ်ကြိမ်အခါခါ နင်းချေဖျက်ဆီးခံရဖန်များတော့ လူ့စိတ်တွေဟာ 'ထုံ'လာတတ်ပါတယ်။ ထုံတာက ထုံတာမှာတင်ရပ်နေလေ့မရှိပါဘူး။ 'ထုံ'တာကြာတော့ 'တုံး'သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်လူလူတက်နေရမယ့် 'လူညွှန့်'ကလေး 'တုံး'သွားပြီဆိုရင်တော့ လူဟာ မိမိရဲ့'ဂုဏ်သိက္ခာ'ကို တန်ဖိုးထားစိတ် ပျောက်ကွယ်သွားပါတယ်။ အဲဒီ နောက်တော့ မိမိရဲ့'လူဖြစ်ခြင်း'ဆိုတာကိုတောင် သိတဲ့အခါသိလိုက်၊ မေ့တဲ့ အခါ မေ့လိုက်နဲ့ 'သိမေ့၊ သိမေ့' ဖြစ်နေတတ်ပါတယ်။ တပည့်ဖြစ်သူဟာ သူ့ရဲ့ 'လူဖြစ်ခြင်း'ကို မေ့ပျောက်နေတဲ့အခါကျတော့ ဖြစ်ချင်ရာဖြစ် ပိုက်ဆံ ရရင်ပြီးရောဆိုတဲ့စိတ် ဝင်လာတာကြောင့် နိုင်ငံရပ်ခြားမှာ ငါးနှစ်လုံးလုံး သိက္ခာကို ရိက္ခာနဲ့လဲပြီး နေနိုင်ခဲ့တာဖြစ်တယ်။ ဒါပေမဲ့ သူ့ရဲ့'လူဖြစ်ခြင်း'ကို ပြန်လည်သတိရလာတဲ့အခါကျတော့ 'နာကျည်းခံခက်'ဖြစ်လာခဲ့ရတယ်။ အဲဒါ ကြောင့် နောက်ဆုံးမှာ သူဟာ မိခင်နိုင်ငံကို ပြန်လာခဲ့ခြင်းဖြစ်ပါတယ်။

'လူအဖြစ်ကို ရပါလို၏'ဆိုတဲ့သူ့ဆန္ဒ ပြည့်ဝပါစေ။

၁၄-၁-၂၀၀၈။



www.burmeseclassic.com

www.burmeseclassic.com

## ငှက်ပျောသီးကို ဘောင်းဘီချွတ်၍ စားပွဲပေါ်မှာထိုင်ထားပါ

ဒီဖင်ဘာပထမပတ်ထဲမှာ ထူးခြားတဲ့ နိုင်ငံခြားဧည့်သည်နှစ်ယောက် ရောက်လာပါတယ်။ သိဟောင်းကျွမ်းဟောင်းများ ဖြစ်ပါတယ်။ ထူးခြားတယ်လို့ ဆိုလိုက်ရတာက နှစ်ယောက်စလုံး မြန်မာစကားကို ပီပီသသကြီး ပြောနိုင်ကြလို့ဖြစ်ပါတယ်။

### မြန်မာစကားတတ် နိုင်ငံခြားသူ

ပထမရောက်လာသူက လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်က သိကျွမ်းခဲ့ရတဲ့ အင်္ဂလိပ်အမျိုးသမီးတစ်ယောက် ဖြစ်ပါတယ်။ စတင်သိကျွမ်းစဉ်က မြန်မာစာ လာရောက်သင်ယူနေတဲ့ ကျောင်းသူတစ်ယောက်အဖြစ်နဲ့ပေါ့။ ခုတော့ ကလေးသုံးယောက်မိခင် ဖြစ်နေပါပြီ။ ရောက်ကတည်းက မြန်မာလိုပဲ သွက်သွက်လက်လက် ပီပီသသပြောပါတယ်။ အနှစ်နှစ်ဆယ်လောက် ကြာသွားတာတောင် မြန်မာစကားတွေ သွက်သွက်ကြီး ပြောနိုင်နေသေးပါလားဆိုပြီး အံ့ဩမိရပါတယ်။ မြန်မာပြည်မှာ ၅ ရက်ကြာ နေသွားတဲ့အတွင်း နှစ်ကြိမ်ရောက်လာပြီး စကားပြောပါတယ်။ အနှစ်နှစ်ဆယ်လောက်ကြာမှ ပြန်တွေ့ကြရတာဆိုတော့ နှစ်ဦးစလုံး သိကျွမ်းခင်မင်ကြတဲ့ မြန်မာမိတ်ဆွေတွေအကြောင်း၊ နိုင်ငံခြားမိတ်ဆွေတွေအကြောင်း ပြောစရာတွေအများကြီး ရှိကြတာပလေ။

### ရှိန်းဦးချတဲ့ နိုင်ငံခြားသူ

ဒုတိယအခေါက်ရောက်လာပြီး ပြန်တော့မယ်နှုတ်ဆက်တော့ သူက ကြမ်းပြင်ပေါ်မှာ ကြို့ကြို့ကလေးထိုင်တဲ့ပြီး ဦးချကန်တော့ပါတယ်။ မြန်မာစကားတွေ လှိုင်လှိုင်ပြောပြီး မြန်မာဆန်ဆန်ရှိခိုးဦးချတဲ့ အင်္ဂလိပ်မလေးကို ပါးစပ်အဟောင်းသားနဲ့ပဲ ငေးကြည့်နေလိုက်မိလေတော့ ထုံးစံအတိုင်း သာဓုခေါ်ဖို့ ‘ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ’ဆိုဖို့တောင် မေ့လျော့သွားပါတယ်။ တအောင့်လောက်ကြာမှသတိရပြီး ကမန်းကတမ်း သာဓုလိုက်ရပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



## မြန်မာစကားတတ် ဂျပန်လူငယ်

ဒုတိယရောက်လာတာက ဂျပန်လူငယ်တစ်ယောက် ဖြစ်ပါတယ်။ သူလည်းပဲ အရင်လာဖူးတဲ့ သိဟောင်းကျွမ်းဟောင်းပါပဲ။ သူကျတော့ မြန်မာစကား ပြောရုံမက မြန်မာပုဆိုးကို သပ်သပ်ရပ်ရပ် ဝတ်ထားလိုက်ပါသေးတယ်။ မြန်မာစကားပြောတာ ဘယ်လောက်ပီသသလဲဆိုတော့ ညှိသည့်ရှိလို့ အပြင်မှာ စောင့်နေကြတဲ့မိတ်ဆွေတွေက 'ဆရာတပည့် တရုတ်ကလေးတစ်ယောက်လို့ပဲ ထင်နေတာ'လို့ သူပြန်သွားတော့ ပြောကြတဲ့အထိပါပဲ။ သူအပြန်နှုတ်ဆက်တော့ အနောက်တိုင်းသူလေးလို ကျုံ့ကျုံ့ယုံ့ယုံ့လေးထိုင်ပြီး ရှိခိုးဦးချမလုပ်ပေမယ့် မတ်တပ်ရပ်ရင်းက ဂျပန်ထုံးစံ ခါးကလေးညွတ်ပြီး လက်အုပ်ချီ နှုတ်ဆက်သွားပါတယ်။

## မြန်မာစကားမပီတဲ့ မြန်မာတွေ

နိုင်ငံခြားသားမိတ်ဆွေနှစ်ဦး ပြန်သွားတော့ လေးငါးဆယ်နှစ်လောက် နိုင်ငံခြားမှာနေလိုက်တာနဲ့ မွေးကတည်းကပြောလာတဲ့ မိခင်ဘာသာစကားကို မပီကလာ ပီကလာနဲ့ ပြောနေကြတဲ့ မြန်မာများအကြောင်းကို အတွေးက ရောက်သွားပါတယ်။ ကျောင်းသားတပည့်တွေအများကြီး နိုင်ငံခြားထွက်သွားကြပြီး ဆယ့်ငါးနှစ်၊ အနှစ်နှစ်ဆယ်ကြာမှ ပြန်လာလည်ဖြစ်ကြလည်း မြန်မာစကားကို ပီပီသသ သွက်သွက်လက်လက် ပြောနိုင်ကြတာပါပဲ။ မပီတော့ဘူး မေ့သွားတယ်ဆိုတာ မရှိသလောက်ပါပဲ။

## ဘိုသံနဲ့ မြန်မာစကား

ဒါပေမဲ့ ဒီဘက်ပိုင်းမှာ တော်တော်တွင်ကျယ်လာတဲ့ ရေဒီယို မေးဖြေခန်းတွေမှာကြားရတဲ့ မြန်မာစကားပြောသံတွေကတော့ မြန်မာဆိုတာ ယုံဖို့တောင် ခပ်ခက်ခက်ပဲလို့ ပြောရပါလိမ့်မယ်။ 'ဘို'နိုင်ငံမှာနေကြတဲ့လူတွေ မြန်မာစကားပြောတာက ကိုလိုနီခေတ်က မျက်နှာဖြူ 'ဘိုကြီး'တစ်ယောက် မြန်မာစကားသင်ခါစမှာ ပြောသလို ထစ်အထစ်အနဲ့ ဖြစ်နေလေ့ရှိပါတယ်။ ဒါ့အပြင် မျက်နှာဖြူ'သခင်ကြီး'က သူ့ဘဏ္ဍာလာကိုပြောသလိုမျိုး 'ငှက်ပျောသီးကို ဘောင်းဘီချွတ်၍ စားပွဲပေါ်မှာထိုင်ထားပါ' ဆိုတဲ့ ကမောက်ကမ အပြောမျိုးတွေလည်း တစ်ခါတစ်ရံ ကြားရလေ့ရှိပါတယ်။

ဂျပန်မှာ အနေကြာသူတွေ ပြောတာကတစ်မျိုး။ သူတို့က မြန်မာစကားကို ဂျပန်ပုံစံနဲ့ ပြောကြတယ်။ ဂျပန်စကားပြောတဲ့အခါ စကားလုံးပုဒ်ဖြတ်နဲ့ စကားအဆုံးမှာသံရှည်ဆွဲပြီး မြင့်တက်သွားလေ့ရှိပါတယ်။ မြန်မာစကားကို



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ဖြတ်ပြီး သံရှည်ဆွဲပြောတဲ့အခါကျတော့ မြန်မာတစ်ယောက် ပြောနေတာ ပါလို့ ဘယ်လိုမှ မယုံနိုင်တော့ဘူးပေါ့။

## နိုင်ငံခြားသား မြန်မာများ

သင်တန်းလေးဖွင့် စာသင်နေစဉ်က ခရီးသွားဆောင်းပါးတစ်ပုဒ် ကျောင်းသားတွေကိုရေးပြခဲ့တာ အမှတ်ရမိတယ်။ ချောင်းသာကို ကျောင်းသားတွေနဲ့ သွားကြတော့ အပြန်ကျရင် 'ခရီးသွားမှတ်တမ်း'တစ်ပုဒ် အင်္ဂလိပ်လိုရေးရမယ်လို့ တာဝန်ပေးထားခဲ့တယ်။ အပြန်ကျတော့ ကျောင်းသားတွေ ရေးသလို ဆရာကလည်း နမူနာပြတစ်ပုဒ်ရေးပြခဲ့တယ်။ အဲဒီဆောင်းပါးရဲ့ ခေါင်းစဉ်ကို

'နိုင်ငံခြားသား မြန်မာများ၏ မိခင်နိုင်ငံအတွင်း အလည်အပတ် (Alien Burmans' Visit into Motherland) လို့ ခေါင်းစဉ်တပ်ထားခဲ့တယ်။ (လွန်ခဲ့တဲ့နှစ် ၂၀ ကျော်ကရေးခဲ့တာကို ပြန်ပြောတာမို့ Burman လို့ ရေးတာပါ။ ခုခေတ်တော့ Myanmar ပါ)

## အင်းဝမသိ၊ ပင်းယမသိ

'နိုင်ငံခြားသား မြန်မာများ'လို့ခေါ်လိုက်တာက ဒီဘက်ခေတ် မြန်မာလူငယ်တွေဟာ စင်ကာပူ အလည်သွားလိုက်၊ ဘန်ကောက် ဈေးဝယ်ထွက်လိုက်၊ စန်ဖရန်စစ္စကိုအကြောင်းပြောလိုက်၊ လန်ဒန်အကြောင်းဟောလိုက် လုပ်နေကြပေမယ့် ကိုယ့်တိုင်းပြည်ထဲက ဗိဿနိုးသိလား၊ အင်းဝတို့၊ ပင်းယတို့ သိလား မေးကြည့်။ ရောက်ဖူးလားမမေးနဲ့။ ကြားဖူးလားပဲ မေးပါ။ အများစုက ကြားတောင်မကြားဖူးတာကို တွေ့ရပါလိမ့်မယ်။ အဲဒါကြောင့် မြန်မာပြည်တွင်းမှာ နေတဲ့ အဲဒီမြန်မာတွေကို 'နိုင်ငံခြားသား မြန်မာများ'လို့ ခေါ်လိုက်တာ ဖြစ်တယ်။

## အမေ့လွယ်လို့လား

အဲဒါကြောင့် 'ရေချမ်းချမ်းတစ်ခွက် ယူခဲ့ပါ'ဆိုတဲ့ ဘိုသံနဲ့စကားပြောတဲ့၊ ဂျပန်စကားလို သံရှည်ဆွဲပြီး အသံမြှင့်ပြောတဲ့သူများကို 'နိုင်ငံခြားသား မြန်မာများ' လို့ပဲ ခေါ်လိုက်ချင်ပါတယ်။ အနှစ်နှစ်ဆယ်လောက်က သင်ခဲ့တဲ့ မြန်မာစကားကို မမေ့ဘဲ သွက်သွက်လက်လက်၊ ပီပီသသနဲ့ နိုင်ငံခြားသူတစ်ယောက်က ပြောနိုင်ပါလျက်နဲ့ နိုင်ငံခြားမှာနေတဲ့မြန်မာတွေက မြန်မာစကားကို ဘာကြောင့် အထစ်ထစ်ဖြစ်နေကြတာလဲ။ မြန်မာတွေဟာ အမေ့လွယ်တဲ့လူမျိုး ဖြစ်နေလို့လား။ မြန်မာစကားကိုယ်နှိုက်က ကိုယ်ခံအားမကောင်းလို့ အလွယ်တကူ အရောအနှောခံရတာလား ဆက်ပြီးတွေးနေမိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## အမေ့လွယ်စိတ်ပျောက်ပစ်

မေ့လွယ်ပျောက်လွယ်စိတ်ဆိုတာ မကောင်းပါဘူး။ လေးလေးနက်နက်၊ စွဲစွဲမြဲမြဲ၊ ခိုင်ခိုင်မာမာမရှိတဲ့သဘော ဆောင်ပါတယ်။ အကြောင်းအရာတစ်ခုအပေါ်မှာ လေးနက်ခိုင်မာမှုမရှိရင် ဘယ်တော့မှ ဖြစ်ထွန်းအောင်မြင်ဖွယ် မရှိပါဘူး။ မေ့လွယ်ပျောက်လွယ်နဲ့ ပေါ့ပေါ့နေ၊ ပေါ့ပေါ့တွေးတတ်သူများဟာ သူတစ်ပါးရဲ့ လိမ်ညာလှည့်ဖျားမှုခံရဖို့ အလွယ်ဆုံးသူများဖြစ်တယ်။ ဘဝမှာ ဖြစ်ထွန်း အောင်မြင်ချင်သူဟာ အမေ့လွယ်စိတ်ကိုဖျောက်ပစ်ဖို့ အရေးကြီးဆုံးဖြစ်ပါတယ်။

၁၊ ၁၊ ၂၀၀၈။



www.burmeseclassic.com

www.burmeseclassic.com

# စာပေလောက ဦးနှောက်ယိုစီးမှု

လွန်ခဲ့တဲ့ လေးငါးခြောက်နှစ်က 'ပျင်းရိခြင်းမှာ တန်ဖိုးရှိတယ်' ခေါင်းစဉ်နဲ့ ဆောင်းပါးတစ်ပုဒ် ရေးဖူးပါတယ်။ ဘာမှလုပ်စရာအလုပ်မရှိလို့ အချိန်တွေပိုပြီး ပျင်းရိနေသူများအတွက် ပရဟိတလုပ်ငန်းလုပ်စရာတွေ အများကြီးရှိနေတဲ့အကြောင်း ပျင်းရိခြင်းကို တန်ဖိုးရှိတဲ့အလုပ်အဖြစ် ပြောင်းလဲပစ်သင့်ကြောင်း စတာတွေရေးထားတာပါ။

## လူမမာဖြစ်ရတဲ့ ကောင်းကျိုး

ဒီတစ်ခါတော့ 'မကျန်းမာခြင်းမှာလည်း တန်ဖိုးရှိတယ်' ဆိုတဲ့အကြောင်း ရေးချင်ပါတယ်။ မကျန်းမမာဖြစ်တာ မကောင်းပါဘူး။ ဒါပေမဲ့ မကျန်းမာလို့ဆိုပြီး ညည်းညူနေလို့ ကျန်းမာလာမှာမှမဟုတ်တာ။ ဒီတော့ မကျန်းမာတဲ့ အခြေအနေကို တန်ဖိုးရှိအောင်လုပ်တတ်ဖို့ပဲ စဉ်းစားရမှာပေါ့။ ဟုတ်တယ်မဟုတ်လား။ အထက်မှာပြောခဲ့သလို ပရဟိတလူမှုရေးလုပ်ငန်းတွေ လိုက်လုပ်နိုင်လောက်အောင် ကျန်းမာရေးအခြေအနေက မပေးဘူးဆိုရင်လည်း အိပ်ရာထဲမှာနေရင်း လုပ်လို့ရတာတွေရှိပါတယ်။ ဥပမာ ဘာသာရေး လိုက်စားသူဆိုပါတော့။ မကျန်းမာတာကို စိတ်ဓာတ်ကျနေမယ့်အစား အိပ်ရာပေါ်မှာနေရင်း ဝေဒနာကိုရှုမှတ်နေရင် စိတ်သက်သာရာ ရမသွားဘူးလား။ အိပ်လည်းမှတ်၊ ထိုင်လည်းမှတ်၊ ထလည်းမှတ်၊ နာလည်းမှတ်၊ စားလည်းမှတ်လို့ ဆရာတော်ကြီးများ သွန်သင်ကြတဲ့အတိုင်းသာ အမှန်တကယ်လိုက်နာရင် လူမမာဖြစ်နေရတာ ကောင်းကျိုးတွေအများကြီးရနိုင်ပါတယ်။

## စာအကြွေးတွေဆပ်

ပြီးခဲ့တဲ့နွေရာသီကတည်းက အပူဒဏ်ကြောင့် အသက်ရှူမဝဖြစ်ပြီး မောတဲ့ဝေဒနာ ခံစားနေရပါတယ်။ ခြေနှစ်လှမ်းလောက် လှမ်းလိုက်တာနဲ့ မော၊ တယ်လီဖုန်းလာလို့ စကားပြောလိုက်တာနဲ့ မော၊ စာအုပ်ကလေး သုံးလေးအုပ်ကိုင်လိုက်တာနဲ့ မော၊ တစ်မောတည်းမောပြီး ဟောဟဲလိုက်နေတာကြောင့် အိပ်ရာပေါ် ပက်လက်ကလေးနေပြီး အောက်စီဂျင်ပိုက် အချိန်ပြည့်တပ်ထားရပါတယ်။ ဒီနှစ် နွေဦးပေါက်တဲ့အထိ တိုးတက်မလာဘဲ ပူလေ ပိုဆိုးလေပ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖို့ ရှိပါတော့တယ်။ နေမကောင်းဖြစ်နေတယ်၊ အောက်စီဂျင်ပိုက်မဖြုတ်ဘဲ နေရတယ်ဆိုတာ သိကြလေတော့ 'တဂျီဂျီ'နဲ့ နားပူနေကျ ဂျာနယ်တိုက်တွေက အလိုက်သိစွာနဲ့ နားမပူရှာကြပါဘူး။ ဒါကြောင့် တာဝန်တော်တော်ပေါ့သွားပါတယ်။ ဒီလို တာဝန်ပေါ့နေချိန်မှာ စာအုပ်တွေတစ်အုပ်ပြီးတစ်အုပ် ဖတ်ဖြစ်ပါတယ်။ ဖတ်စရာစာအုပ်ကြွေးတွေက တစ်ပုံကြီးပါ။ စာမဖတ်နိုင်တာ အတော်ကြာပါပြီ။ ဂျာနယ်လေးငါးခြောက်စောင်အတွက် အပတ်စဉ် အလျဉ်မိအောင် စာတွေရေးနေရလေတော့ နိုင်ငံခြားသတင်းစာတွေ သုံးလေးမျိုးနဲ့ တိုင်းမ်၊ နယူးစ်ဝိခ်၊ အီကော်နောမစ်တို့လို သတင်းမဂ္ဂင်းမျိုးတွေသာ နေ့စဉ် ဖတ်နေရပါတယ်။ တခြားစာတွေဖတ်ဖို့ အချိန်မရတော့ပါဘူး။ ခုလို နေမကောင်းဖြစ်ပြီး အိပ်ရာထဲလဲနေတော့မှပဲ ဖတ်ချင်တဲ့စာအုပ်တွေ ဖတ်နိုင်ပါတော့တယ်။

## ရှားပါးပစ္စည်း ဝတ္ထုရှည်

ဒီတစ်နှစ်ကာလအတွင်းမှာ မဖတ်ရသေးတဲ့ စာအုပ်တွေအားလုံး ဖတ်ဖြစ်ပါတယ်။ သမ္မတကတော်ဟောင်း ဟီလာရီကလင်တန်ရဲ့ သုံးလက်မလောက်ထူပြီး ပျင်းစရာကောင်းလှတဲ့ စာအုပ်ကြီးကို သည်းခံပြီး ဆုံးအောင်ဖတ်ဖြစ်သလို 'ကမ္ဘာပြုမှုအကြောင်း' အဆိုး၊ အကောင်းရေးကြတဲ့ စာအုပ်မျိုးစုံလည်း ဖတ်ဖြစ်ပါတယ်။ ခေါင်းပူလာတဲ့အခါကျတော့ 'ဟယ်ရီပေါ်တာ'နောက်ဆုံးစာအုပ်ကို ကောက်ကိုင်ပြီး ဦးနှောက်အကြောအခြင်ပြေအောင် လုပ်ပါတယ်။ လူ့ဦးနှောက်ဆိုတာ သုံးချင်တိုင်းသုံးနေလို့ မဖြစ်ပါဘူး။ အနားပေးရပါသေးတယ်။ ဦးနှောက်ကိုအနားပေးဖို့၊ အကြောအခြင်ပြေစေဖို့ အကောင်းဆုံးနည်းလမ်းက Mad လို ကာတွန်းစာအုပ်တွေနဲ့ ကဗျာတို့၊ ဝတ္ထုတို့လို ရသစာပေတွေဖတ်ခြင်းဖြစ်တယ်။

ဝတ္ထုဖတ်ချင်လို့ရှာတော့ ဒီနေ့ မြန်မာစာပေမှာ ဖတ်စရာဝတ္ထုစာအုပ်တော်တော်ရှားပါးတာကို သတိပြုမိပါတယ်။ ဝတ္ထုတိုလေးတွေက မဂ္ဂဇင်းများမှာ အတန်အသင့် တွေ့ရသေးပေမယ့် ဝတ္ထုရှည်နဲ့ လုံးချင်းဝတ္ထုကြီးများကတော့ ရှားပါးပစ္စည်းဖြစ်နေပါတယ်။ တစ်လတစ်လမှာ ဖတ်စရာ ၁၀ အုပ်ပြည့်အောင် ရှာမတွေ့ရပါဘူး။ ဒီတော့ အိမ်တွင်းစာအုပ်စင်က အဟောင်းတွေကို ဆွဲထုတ်ပြီး ပြန်ဖတ်ရပါတယ်။ အရှေ့ကနေဝန်းထွက်သည့်ပမာတို့၊ လွမ်းရစ်တော့ သက်လှယ်ရယ်တို့၊ မွေးတို့၊ ရင်နင့်အောင်မွေးတို့၊ မုန်း၍မဟူ တို့လို အကြိမ်ကြိမ်အထပ်ထပ် ဖတ်ပြီးသားတွေပဲ ပြန်ဖတ်ရပါတော့တယ်။

## အခုခေတ်မှာတော့ရှား

အထပ်ထပ်ဖတ်ပြီးသား ဝတ္ထုကြီးတွေဆိုပေမယ့် ခုပြန်ဖတ် ခုလက်ကမချနိုင်



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် အရသာတွေ တွေ့တာပါပဲ။ ရှုပနန္ဒီ၊ ရှုပကလျာဏီ၊ စုံထောက်ကြီးဦးစံရှား၊ စုံထောက်ကြီးဦးထင်ကျော်၊ အလန်ကွာတာမိန်း စတဲ့စာအုပ်ကြီးများဟာ ဘယ်နှခေါက်ဖတ်ဖတ် ငြီးငွေ့တယ်လို့ မရှိပါဘူး။ ဒီလို စစ်မဖြစ်ခင်နဲ့ စစ်ပြီးစခေတ်စာအုပ်တွေဖတ်မိတော့ အဲဒီစာအုပ်ကြီးတွေလို တစိမ့်စိမ့်အရသာခံဖတ်ပြီး လက်ကမချချင်အောင် စွဲမက်ဖွယ်ကောင်းတဲ့ ဝတ္ထုမျိုး ဒီခေတ်မှာ မရှိသလောက်ရှားပါးနေတာကို သတိပြုမိပါတယ်။ ဝတ္ထု ဘာသာပြန်တချို့ ထွက်တော့ထွက်ပါရဲ့။ ဒါပေမယ့် ဆရာကြီးရွှေဥဒေါင်းတို့၊ ဆရာကြီးဒဂုန်ရွှေမျှားတို့ ဘာသာပြန်ခဲ့သလို ဘာသာပြန်လို့မထင်ရဘဲ မြန်မာဝတ္ထုကြီးတစ်ပုဒ် ဖတ်နေရသလို ထင်မြင်လာစေတဲ့ ဘာသာပြန်မျိုးက ရှားပါတယ်။ စုံထောက်ကြီးဦးစံရှား၊ စုံထောက်ကြီးဦးထင်ကျော်တို့ဆိုရင် စာဖတ်ပရိသတ်က တကယ့်မြန်မာလူမျိုး စုံထောက်ကြီးတွေလို့ကို ထင်ခဲ့ကြတာပါ။ ပထမံဆရာသိန်းဝတ္ထုမှာပါတဲ့ 'တူဝေလွေလွေ၊ တူဝေလွေလွေ'ဆိုတဲ့ လားမားဘုန်းကြီးတွေရဲ့ ကြေးစည်သံကို နှစ်ပေါင်း ၃၀၊ ၄၀ ကြာတဲ့အထိ နားထဲကြားနေရသလို ထင်နေမိပါသေးတယ်။ ရှုပနန္ဒီ၊ ရှုပကလျာဏီတို့ကို ကြည့်ဦးမလား။ ဝတ္ထုနာမည်က မြန်မာပီသရုံမကဘူး။ ဇာတ်လမ်းဇာတ်ကွက် တစ်ခုလုံးကပါ မြန်မာပီပီသသကြီး မဟုတ်လား။ အမှီးဝတ္ထုလို့ကို ထင်စရာမရှိပါဘူး။

## ဈေးကွက်နောက်လိုက်တာလား

အဲဒီလိုဝတ္ထုမျိုးတွေ ဖတ်ချင်ပါတယ်။ ဒါပေမဲ့ အတော်ရှားပါးနေပါတယ်။ ရေးသူမရှိတာလား၊ မရေးနိုင်တာလား၊ ထုတ်ဝေသူမရှိတာလားဆိုတာ စဉ်းစားကြဖို့ကောင်းပါတယ်။ ဈေးကွက်ထဲမှာတော့ ဝတ္ထုရေးဆရာတွေရေးတဲ့ တက်ကျမ်းတွေ၊ စီးပွားရေး မဟာဗျူဟာစာအုပ်တွေ၊ နိုင်ငံတကာရေးရာဘာသာပြန်တွေ၊ ခုနောက်ဆုံး ပေါ်ပင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစာအုပ်တွေပဲ ပလူပျံအောင်တွေ့နေရပါတယ်။ စာရေးဆရာတွေက ဈေးကွက်နောက် လိုက်ကြတာလား။ ဒါမှမဟုတ် ရသစာပေဝတ္ထုရှည်ကြီးတွေပဲ မရေးနိုင်ကြလို့လား မသိတော့ပါဘူး။

ကျောင်းဆရာတွေမှာ ကျောင်းသားတွေကိုစာသင်ပေးဖို့ တာဝန်ရှိပါတယ်။ ဆရာဝန်တွေမှာ လူနာတွေကိုဆေးကုဖို့ တာဝန်ရှိပါတယ်။ အလားတူပါပဲ စာရေးဆရာမှာလည်း စာဖတ်ပရိသတ်အတွက် စာတွေရေးပေးဖို့ တာဝန်ရှိပါတယ်။ စာဖတ်ပရိသတ်ရဲ့ 'ချင်ခြင်းတပ်မှု'ကို ဖြည့်ဆည်းပေးဖို့ လိုအပ်ပါတယ်။ သတင်းပေးတဲ့အလုပ်က သတင်းသမားတွေရဲ့ အလုပ်ပါ။ ပညာပေးတဲ့အလုပ်က ကျောင်းဆရာတွေရဲ့အလုပ်ပါ။ သတင်းသမားက စာဝင်သင့်ဖို့



www.burmeseclassic.com

www.burmeseclassic.com



မရသလို၊ ကျောင်းဆရာက အယ်ဒီတာသွားလုပ်လို့ မရပါဘူး။ ဝတ္ထု၊ ကဗျာစတဲ့ ရသစာပေရေးတဲ့ စာရေးဆရာက သတင်းပေးတဲ့အလုပ်၊ ပညာပေးတဲ့ အလုပ်တွေလိုက်လုပ်နေရင် ဝတ္ထုတွေ၊ ကဗျာတွေ ဘယ်သူကရေးမှာလဲ။ သတင်းထောက်က မရေးနိုင်ပါဘူး။ ကျောင်းဆရာကလည်း မရေးနိုင်ပါဘူး။

## ဦးနှောက်ယိုစီးမှု

လောကမှာ လူတိုင်းလူတိုင်း ကိုယ့်အလုပ်ကိုယ် လုပ်ဖို့လိုပါတယ်။ ကဗျာဆရာက ကဗျာရေးပါ။ ဆရာဝန်က ဆေးကုပါ။ သတင်းထောက်က သတင်းလိုက်ပါ။ ဝတ္ထုရေးဆရာက ဝတ္ထုရေးပါ။ ဒါမှ အစစအရာရာ အဆင်ပြေချောမွေ့မှာပါ။ ကဗျာဆရာ၊ ဝတ္ထုရေးဆရာက သတင်းပေးတဲ့အလုပ်၊ ပညာပေးတဲ့ အလုပ်လုပ်လို့ ဖြစ်မြောက်လာမှာမဟုတ်ပါဘူး။ ဒါမျိုးကိုလည်း 'ဦးနှောက်ယိုစီးမှု'(Brain Drain) လို့ ခေါ်ပါတယ်။ ဦးနှောက်ယိုစီးမှု သိပ်လွန်ကဲသွားရင် 'ဦးနှောက်ခြောက်ခန်းမှု'(Brain Dry) ဖြစ်သွားနိုင်ပါတယ်။ အဲဒါကို အထူးသတိပြုဖို့လိုပါတယ်။ အရေးကြီးတာ ကိုယ့်အလုပ်မဟုတ်တာကို ဝင်မစွက်ပါနဲ့။ ကိုယ့်အတွက်လည်း အကျိုးမရှိ။ သူတစ်ပါးအတွက်လည်း ထိခိုက်စေပါတယ်။ ဒါကြောင့် စာရေးဆရာတွေကို ရသစာပေဖန်တီးရေးမှာသာ အာရုံစိုက်စေချင်ပါတယ်။ ကျွန်တော်တို့ ရသစာပေ'ချင်ခြင်းတပ်'နေကြပါတယ်။

၅၊ ၃၊ ၂၀၀၈။



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်ခံအားကောင်းဖို့ပဲ လိုပါတယ်

'ကိုရီးယားကားတွေထဲမှာ မိန်းကလေးကစပြီး ရည်းစားစကားပြောတာမျိုးတွေ သိပ်များတာပဲ။ ကလေးတွေ အတုယူမှာမှာ စိုးရိမ်ရပါတယ်။ နည်းနည်းပါးပါး ရေးပါဦး'

'မိန်းကလေးတွေ အရက်မူးတာလည်း သိပ်ပါတယ်။ အဲဒါ မကောင်းပါဘူး။ ရေးပါဦး'

မိတ်ဆွေတချို့ ရောက်လာတဲ့အခါ ပြောတတ်တဲ့စကားများ ဖြစ်ပါတယ်။

## ဆွဲဆောင်အားကောင်း

သူတို့က ရေးပါဦးလို့ ပြောတာဖြစ်တယ်။ မပြပါနဲ့လို့ ပြောတာမဟုတ်ပါဘူး။ ဒါကိုကြည့်ခြင်းအားဖြင့် သူတို့လည်း ကိုရီးယားကားတွေ အမြဲတမ်းစောင့်ကြည့်နေသူများ ဖြစ်ပုံရပါတယ်။ ကိုရီးယားကားတွေဟာ မြန်မာပရိသတ်ကို တော်တော်ဆွဲဆောင်နိုင်စွမ်း ရှိပါတယ်။ လူကြီးလူငယ်မရွေး ည ၇ နာရီထိုးတာနဲ့ ရုပ်မြင်သံကြားရှေ့ ရောက်ကုန်ကြတာပါပဲ။ မြန်မာနိုင်ငံမှာသာ မဟုတ်။ တခြားအာရှနိုင်ငံတွေမှာပါ လူကြိုက်များကြတယ်။ နေရာတကာ ရှေ့တန်းရောက်နေတဲ့ ဂျပန်နိုင်ငံမှာတောင် ကိုရီးယားဇာတ်လမ်းတွဲတွေ ရေပန်းစားလှတယ်လို့ သိရပါတယ်။

BURMESE CLASSIC

## အားလုံးလှတယ်

လေ့လာအကဲခတ်ကြည့်တော့ ကိုရီးယားဇာတ်လမ်းတွဲတွေရဲ့ ဆွဲဆောင်မှုက 'အလှ'ဖြစ်တာကို သတိပြုမိပါတယ်။ ရှုခင်းတွေလှတယ်။ ရိုက်ကွင်းရိုက်ကွက်တွေ လှတယ်။ တင်ပြပုံ လှတယ်။ နောက်ပြီးတော့ သရုပ်ဆောင်လေးတွေက ငယ်ရွယ်နုပျိုတယ်။ ချောလှန်းဆန်းတယ်။ ဒါပေမဲ့ အရွယ်လေး၊ ရုပ်ကလေး ပြစားရုံသက်သက် မဟုတ်ဘူး။ သရုပ်ဆောင်မှုအတတ်ပညာ နားလည် ကျွမ်းကျင်ကြတယ်။ ခြုံပြီးပြောရင် ကိုရီးယားကားတွေ ကြည့်ကောင်းတယ်လို့ပဲ ပြောရပါမယ်။



www.burmeseclassic.com

www.burmeseclassic.com



## အန္တရာယ်မရှိပါ

ဟောလိဝုဒ်ကရိုက်တဲ့ကားတွေ ဒီလိုအခန်းဆက်ပြကြည့်၊ ဒီလိုစွဲမက်ကြလိမ့်မယ် မထင်ဘူး။ ဘာကြောင့်လဲဆိုတော့ ယဉ်ကျေးမှုအခြေခံချင်း၊ အတွေးအခေါ်ချင်းက အများကြီးကွာဟနေတာကိုး။ ကိုရီးယားကားတွေကျတော့ အရှေ့တိုင်းသားချင်းဖြစ်တော့ ယဉ်ကျေးမှုချင်း၊ ဓလေ့ထုံးစံချင်း နီးစပ်တယ်။ အတွေးအခေါ်ကွာဟချက် သိပ်မကြီးမားဘူး။ ဒါကြောင့် စွဲစွဲမက်မက်ဖြစ်နေကြတာ။ အန္တရာယ်အဆိပ်အတောက် ဖြစ်နိုင်လောက်စရာ သိပ်မရှိဘူးလို့ပဲထင်ပါတယ်။

## ဟောလိဝုဒ်ကားတွေလောက်မဆိုးပါ

မိန်းကလေးကစပြီး ရည်းစားစကားပြောတာတို့၊ မိန်းကလေးတွေ အရက်မူးတာတို့ ကားတိုင်းလိုလိုမှာပါတတ်တာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ဟောလိဝုဒ်ကကားတွေလို အဖော်အချွတ်ကြမ်းတာ၊ သတ်တာဖြတ်တာ ကြမ်းတာမျိုးတွေတော့ တယ်ပြီးမရှိလှပါဘူး။ ဒီအဖော်အချွတ်၊ အသတ်အဖြတ်တွေက လူတွေရဲ့စိတ်ကို ပိုပြီးရက်စက်ကြမ်းကြုတ်လာစေနိုင်တာကြောင့် ပိုပြီးအန္တရာယ်ကြီးပါတယ်။ ဒါကြောင့် အနောက်တိုင်းကကားတွေပြတာထက်တော့ ကိုရီးယားကားတွေပြတာက ပိုကောင်းတယ်လို့ပဲ ယူဆပါတယ်။

## အိမ်နီးနားချင်းတွေနဲ့မတူ

BURMESE CLASSIC

မိန်းကလေးကစပြီး ရည်းစားစကားပြောတာ၊ မိန်းကလေးအရက်မူးတာမျိုးတွေကလည်း မြန်မာ့လူ့အဖွဲ့အစည်းမှာ သိပ်စိုးရိမ်လောက်စရာ မဟုတ်ဘူးထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာမိန်းကလေးတွေဟာ တခြားအာရှနိုင်ငံများက မိန်းကလေးတွေလို မျက်နှာငယ်ငယ်နဲ့နေရတဲ့ အနိမ့်ခံဘဝမျိုး မရောက်ရှိခဲ့ကြလို့ဖြစ်ပါတယ်။ အိမ်နီးချင်း အိန္ဒိယ၊ တရုတ်နဲ့ ကိုရီးယား၊ ဂျပန် စတဲ့နိုင်ငံများမှာတော့ ရှေးခေတ်က သမီးမိန်းကလေးမွေးလာခြင်းဟာ ကံဆိုးတာပဲလို့ ယူဆခဲ့ကြတာဖြစ်ပါတယ်။ ဒါကြောင့် ငယ်စဉ်ကတည်းက စပ်ဟပ်ပြီး သူများလက်ထဲထည့်လိုက်ကြတာပဲ ဖြစ်ပါတယ်။

## ဗီဇသိမ်ငယ်စိတ်မရှိ

အခုခေတ်မှာ သူတို့ဆီက မိန်းကလေးများဟာ အနိမ့်ခံဘဝက လွတ်မြောက်ခဲ့ကြပြီဆိုပေမဲ့ အစဉ်အလာနဲ့ စွဲလာတဲ့အစွဲတွေက ခေါင်းထဲမှာတော့ ကျန်ရှိနေကြသေးတာဖြစ်တယ်။ ဒီတော့ မသိစိတ်ရဲ့လှုံ့ဆော်မှုကြောင့် မိန်းကလေးများဟာ သူတို့ခေါင်းထဲကအစွဲတွေကို ချွတ်ပစ်ဖို့ သူတို့မှာလည်း ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com

### လူထုစိန်ဝင်း

တွေနဲ့တန်းတူ အခွင့်အရေးရှိတယ်ဆိုတာပြဖို့ ဒီလိုလုပ်ကြတာဖြစ်မယ်လို့ ယူဆပါတယ်။ မြန်မာမိန်းကလေးများမှာတော့ ဗီဇမှာကိုက ဒီလိုသိမ်ငယ်စိတ်မျိုးရှိတာမဟုတ်လေတော့ ဘာမှလုပ်ပြ၊ သက်သေထူပြစရာ မလိုပါဘူး။

### ကိုယ်ခံအားကောင်းဖို့လို

သူတို့ဆီမှာ ဆောင်းဆိုရင် အင်မတန်အေးတာဆိုတော့ အအေးဒဏ်ကာကွယ်ဖို့ ကျား၊ မ၊ လူကြီး၊ လူငယ်မရွေး အရက်သောက်လေ့ရှိပါတယ်။ ကျွန်တော်တို့ဆီက တောင်ပေါ်ဒေသတွေမှာ ခေါင်ရည်သောက်တဲ့သဘောမျိုးပါပဲ။ အပူကဲတဲ့ ဒေသတွေမှာတော့ သိပ်ပြီးမသောက်ကြပါဘူး။ နောက်ပြီးတော့ ကျွန်တော်တို့ယဉ်ကျေးမှုက ထေရဝါဒဗုဒ္ဓဘာသာ သြဇာလွှမ်းတဲ့ ယဉ်ကျေးမှုဖြစ်ပါတယ်။ ဘာသာရေးအရ အရက်သောက်တာမကောင်းမှုလို့ သတ်မှတ်ထားလေတော့ စိုးရိမ်လောက်စရာ မရှိဘူးထင်ပါတယ်။

### အစားထိုးပေးစရာ ဘာရှိလဲ

စိုးရိမ်စိတ် သိပ်လွန်ကဲတာ မကောင်းပါဘူး။ ကိုရီးယားကားတွေထဲကလို ကိုယ့်သမီး၊ ကိုယ့်တူမတွေက ရည်းစားစကား စပြောမှာစိုးလို့ဆိုပြီး မကြည့်ရဘူးလို့ ပိတ်ပင်တားဆီးရင် ကိုယ့်ဘက်က အဲဒီအစားဘာပေးမှာလဲ။ အစားထိုးပေးစရာမရှိဘဲနဲ့ ပိတ်ပင်တားဆီးတော့ သူတို့တစ်တွေမှာ စိတ်ဖျော်ဖြေမှုအတွက် ဘာလုပ်ရတော့မှာလဲ။ ကျွမ်းပဲထိုးနေကြရတော့မှာလား။ လူတိုင်းအတွက် ဖျော်ဖြေမှုတစ်ခုခု မရှိမဖြစ်လိုအပ်ပါတယ်။ လူကြီးတွေမှာ စားဝတ်နေရေးအတွက် ပူပင်ကြောင့်ကြရတဲ့ စိတ်ဖိစီးမှုတွေရှိသလို လူငယ်တွေမှာလည်း ကျောင်းစာတွေနဲ့နပမ်းလုံးနေရတဲ့ စိတ်ဖိစီးမှုတွေ ရှိမြဲဖြစ်ပါတယ်။ အဲဒီစိတ်ဖိစီးမှုတွေ ပြေလျော့စေဖို့အတွက် ရုပ်ရှင်၊ ဂီတ၊ ပြဇာတ် စတဲ့ ဖျော်ဖြေမှုမျိုးတွေရှိအောင် လုပ်ပေးရပါတယ်။

BURMESE CLASSIC

### ပန်းခြံအငြိမ့်တွေ

ရှေးရှေးတုန်းက အခုဆူးလေပန်းခြံထဲမှာ အမိုးပိုင်းနဲ့ အုတ်ခုံစင်မြင့်တစ်ခု ရှိပါတယ်။ ဘေးက ဟာလာဟင်းလင်းပါ။ အဲဒီစင်မြင့်မှာ စနေနေ့ညတိုင်း အငြိမ့်ကြည့်ကြရပါတယ်။ ပုဇွန်တောင် လိပ်ကန်ပန်းခြံနဲ့ အလုံပန်းခြံမှာလည်း ရှိပါတယ်။ လွတ်လပ်ရေးခေတ်ဦးပိုင်းအထိ ရှိနေပါသေးတယ်။ လူတွေပိုက်ဆံမကုန်ဘဲနဲ့ အပန်းဖြေနိုင်အောင် စီစဉ်ပေးတာပါ။ နည်းပညာတွေတိုးတက်လာတဲ့ ဒီဘက်ခေတ်ရောက်တော့ ဖျော်ဖြေမှုအတွက် 'သဘင်'သာမကတော့ဘဲ သတင်းပေးရင်း ဖျော်ဖြေမှုပါရောပေးတာ၊ ပညာပေးရင်း ဖျော်



www.burmeseclassic.com

www.burmeseclassic.com



ဖြေမှုပါ ညှပ်ထည့်လာတာတို့ လုပ်လာကြပါတယ်။ ဒါကြောင့် Infortainment, Edutainment ဆိုတဲ့ ဝေါဟာရသစ်တွေ ပေါ်လာရတာဖြစ်တယ်။

## ကမ္ဘာကြီးကို ချုံ့ပစ်လိုက်ပြီ

နည်းပညာတွေ အံ့မခန်းတိုးတက်လာနေတဲ့ အင်တာနက်ခေတ်ကြီးမှာ နိုင်ငံတစ်ခုနဲ့တစ်ခု၊ လူမျိုးတစ်မျိုးနဲ့တစ်မျိုး ယဉ်ကျေးမှုတွေ ကူးလူးယှက်နွယ်နေတာကို တားဆီးလို့မရနိုင်ပါဘူး။ အင်တာနက်က လူတွေဖန်တီးထားတဲ့ နယ်နိမိတ်သတ်မှတ်ချက်တွေကို ကျော်ဖြတ်ပြီး ကမ္ဘာကြီးကိုချုံ့ပစ်လိုက်ပါပြီ။ ရောဂါတစ်ခုကူးစက်တယ်ဆိုတာက ကိုယ်ခံအားမကောင်းလို့ပါ။ မကူးစက်စေချင်ရင် ကိုယ်ခံအားကောင်းအောင် လုပ်ဖို့လိုပါတယ်။ ယဉ်ကျေးမှုအမျိုးမျိုး ကူးလူးယှက်နွယ်နေကြတာကိုတော့ တားဆီးလို့မရနိုင်ပါဘူး။ အရေးကြီးတာက ကျွန်တော်တို့ ကိုယ်ခံအားကောင်းနေဖို့သာ ဖြစ်တယ်။

၁၆၊ ၂၊ ၂၀၀၈။



www.burmeseclassic.com